# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဟေတုပစ္စယော

ဟေတုသင်္ဂဟေ ဟေတူ နာမ လောဘော ဒေါသော မောဟော အလောဘော အဒေါသော အမောဟော စာတိ ဆဗ္ဗိဓာ ဘဝန္တိ။ (အဘိဓမ္မတ္ထသင်္ဂဟပါဠိ–၄၁)

ဟေတုသင်္ဂဟေ–ဟေတုသင်္ဂဟ၌(လဗ္ဘမာနာ–ရထိုက်ကုန်သော) ဟေတူနာမ–ဟိတ်တို့မည်သည်၊ လောဘော–လောဘငှင်း၊ ဒေါသော–ဒေါသငှင်း၊ မောဟော–မောဟငှင်း၊ အလောဘော–အလောဘငှင်း၊ အဒေါသော–အဒေါသငှင်း၊ အမောဟော–အမောဟငှင်း၊ ဣတိ–ဤသို့၊ ဆဗ္ဗိဓာ–ခြောက်ပါးအပြားရှိကုန်သည်၊ ဘဝန္တိ–ဖြစ်ကုန်၏။ (အခြေပြုသင်္ဂြိုဟ်နိဿယ–၁၃၁)

## ဟိတ် ၆–ပါး

လောဘ၊ ဒေါသ၊ မောဟ(အကုသိုလ်)<br>
အလောဘ၊ အဒေါသ၊ အမောဟ(ကုသိုလ်/အဗျာကတ)

## စိတ် ၈၉–ပါးကို ဟိတ် ၆–ပါးဖြင့် ဝေဖန်ပုံ

| | | |
|---|---|---|
| ဧကဟိတ်စိတ် | မောဟမူစိတ် ၂–ပါး | ပေါင်း(၂) |
| ဒွိဟိတ်စိတ် | လောဘမူစိတ် ၈–ပါး၊ ဒေါသမူစိတ် ၂–ပါး၊<br>ကာမသောဘန ဉာဏဝိပ္ပယုတ်စိတ် ၁၂–ပါး၊ | ပေါင်း(၂၂) |
| တိဟိတ်စိတ် | ကာမသောဘန ဉာဏသမ္ပယုတ်စိတ် ၁၂–ပါး<br>မဟဂ္ဂုတ်စိတ် ၂၇–ပါး၊ လောကုတ္တရာစိတ် ၈–ပါး | ပေါင်း(၄၇) |

ဤစိတ် သုံးမျိုးပေါင်း ၇၁–ပါးကို ၎င်းတို့၏ ယှဉ်ဘက်စေတသိက်တွင် ဟိတ်တရားများပါ၍ သဟိတ်စိတ်ဟု ခေါ်သည်။ အဟိတ်စိတ် ၁၈–ပါး၏ ယှဉ်ဘက်စေတသိက်တွင် ဟိတ်တရားများ မပါ၍ ယင်းစိတ်များကို အဟိတ်စိတ်ဟု ခေါ်သည်။

စိတ်–၈၉၊ စေတသိက်–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်၊ ပညတ်

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| လောဘ၊ ဒေါသ၊ မောဟ<br>အလောဘ၊အဒေါသ၊အမောဟ | သဟိတ်စိတ်–၇၁ +<br>မောဟမူဒွေး၌ မောဟကြဉ်သော<br>စေ–၅၂<br>သဟိတ်စိတ္တဇရုပ်၊<br>သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | အဟိတ်စိတ်–၁၈၊ ဆန္ဒကြဉ် အည<br>သမာန်း စေ–၁၂၊ မောဟမူဒွေး၌<br>မောဟ၊<br>အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ<br>ကမ္မဇရုပ်၊ဗာဟိရရုပ်၊ အာဟာရဇရုပ်၊<br>ဥတုဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊<br>ပဝတ္တိကမ္မဇရုပ် |

♠ စိတ္တဇရုပ်ကို (က) သဟိတ်စိတ္တဇရုပ် = သဟိတ်စိတ်ကြောင့် ဖြစ်သောရုပ်
(ခ) အဟိတ်စိတ္တဇရုပ် = အဟိတ်စိတ်ကြောင့် ဖြစ်သောရုပ် ဟု နှစ်မျိုးခွဲသည်။

ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ
ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ
ပဋိသန္ဓေ ပဝတ္တိ

အဟိတ် အကုဝိ ဥ တီ + စေ + ကမ္မဇကလာပ် (အပါယ် ၄–ပါး)
အဟိတ် ကုဝိ ဥ တီ + စေ + ကမ္မဇကလာပ် (လူ+စာတုမဟာရာဇ်)
မဟာဝိ ၈–ပါးတွင် တပါးပါး + စေ + ကမ္မဇကလာပ် (လူ+နတ်–၆)
ရူပဝိပါက် ၅–ပါးတွင် တပါးပါး + စေ + ကမ္မဇကလာပ် (ရူပဗြဟ္မာ)

ဇ ဇ ဇ ဇ ဇ စုတိ – ရုပ်ပဋိသန္ဓေသာ, စိတ်+စေတသိက် မဖြစ်(အသညသတ်ဗြဟ္မာဘဝစပုံ)
ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ
ပဋိသန္ဓေ ပဝတ္တိ
(ပဋိသန္ဓေအခါ ကမ္မဇကလာပ်ဖြစ်ပုံများကို အဘိဓမ္မာပို့ချချက် စာမျက်နှာ ၂၂၀ ၌ ကြည့်ပါ)

♠ အကျိုးတရားကို ဖြစ်စေသော အကြောင်းတရားကို ပစ္စည်းဟု ခေါ်သည်။ အကြောင်းကြောင့်ဖြစ်သော အကျိုးကို ပစ္စယုပ္ပန်ဟု ခေါ်သည်။ အကျိုးတရား၌ မပါဝင်သော တရားကို ပစ္စနိက်ဟု ခေါ်သည်။

♠ ဘဝတခု၏ နောက်ဆုံး ဇ ဇ ဇ ဇ ဇ စုတိ–ပဋိသန္ဓေ ဘ ဘ ဘ ဟု ဖြစ်ရာတွင် ပဋိသန္ဓေခဏ၌ အဟိတ် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်+စေတသိက်နှင့် ကမ္မဇကလာပ်များ ပေါ်၍ အပါယ်လေးပါးဘဝ စရာတွင် ပါဝင်သော ကမ္မဇကလာပ်များကို အဟိတ်ပဋိသန္ဓေကမ္မဇရုပ်ဟု ခေါ်သည်။

ဘဝတခု၏ နောက်ဆုံး ဇ ဇ ဇ ဇ ဇ စုတိ–ပဋိသန္ဓေ ဘ ဘ ဘ ဟု ဖြစ်ရာတွင် ပဋိသန္ဓေခဏ၌ အဟိတ် ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်+စေတသိက်နှင့် ကမ္မဇကလာပ်များ ပေါ်၍ အင်္ဂါချို့သော လူနှင့် ဘုန်းနည်းသော စာတုမဟာရာဇ်နတ်ဘဝ စရာတွင် ပါဝင်သော ကမ္မဇကလာပ်များကို အဟိတ်ပဋိသန္ဓေကမ္မဇရုပ်ဟု ခေါ်သည်။

ဘဝတခု၏ နောက်ဆုံး ဇ ဇ ဇ ဇ ဇ စုတိ–ပဋိသန္ဓေ ဘ ဘ ဘ ဟု ဖြစ်ရာတွင် ပဋိသန္ဓေ ခဏ၌ မဟာဝိပါက် ၈–ပါးတွင် တပါးပါးသောစိတ်+စေတသိက်နှင့် ကမ္မဇကလာပ်များ ပေါ်၍ ပုံမှန် လူနှင့် နတ်ခြောက်ဘုံဘဝ စရာတွင် ပါဝင်သော ကမ္မဇကလာပ်များကို သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ဟု ခေါ်သည်။

ဘဝတခု၏ နောက်ဆုံး ဇ ဇ ဇ ဇ ဇ စုတိ–ပဋိသန္ဓေ ဘ ဘ ဘ ဟု ဖြစ်ရာတွင် ပဋိသန္ဓေခဏ၌ ရူပဝိပါက် ၅–ပါးတွင် တပါးပါးသောစိတ်+စေတသိက်နှင့် ကမ္မဇကလာပ်များ ပေါ်၍ ရူပဗြဟ္မာဘဝစရာတွင် ပါဝင်သော ကမ္မဇကလာပ်များကို သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ဟု ခေါ်သည်။

♠ ပဋိသန္ဓေကမ္မဇရုပ်ကို (က) အဟိတ်ပဋိသန္ဓေကမ္မဇရုပ်
(ခ) သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ဟု နှစ်မျိုးခွဲသည်။

♠ ကမ္မဇရုပ်ကို (က) ပဋိသန္ဓေကမ္မဇရုပ်
(ခ) ပဝတ္တိကမ္မဇရုပ်(ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ နောက်နောက် ခဏတိုင်း ဖြစ်သမျှ ကမ္မဇရုပ်)
(က) အသညသတ်ကမ္မဇရုပ် (အသညသတ်ဗြဟ္မာ၏ ပဋိသန္ဓေပဝတ္တိ ကမ္မဇရုပ်အားလုံး) ဟု သုံးမျိုးခွဲသည်။

♠ ဥတုဇရုပ်ကို (က) ဗာဟိရရုပ် (သစ်ပင်တောတောင်စသည့် ဥတုဇရုပ်)
(ခ) ဥတုဇရုပ် (သက်ရှိသတ္တဝါရှိ ဥတုဇရုပ်) ဟု နှစ်မျိုးခွဲသည်။

♠ ပဋိသန္ဓေကမ္မဇရုပ်များသည် စိတ်နှင့်အတူဖြစ်ရတည်ရသဖြင့် တကွဖြစ်ဘက် ဟိတ်၏ ကျေးဇူးအပြုခံရသည်။ ပဝတ္တိကမ္မဇရုပ်ကား ရှေးကံနှင့်သာ ဆက်၍ ဟိတ်၏ ကျေးဇူးအပြုမခံရ။

♠ နိဗ္ဗာန်နှင့်ပညတ်သည် အပစ္စယတရားဖြစ်၍ ၂၄ ပစ္စည်း၏ ပစ္စယုပ္ပန်မှ အမြဲလွတ်သဖြင့် ရောထွေးစရာ မလို၍ ပစ္စယုပ္ပန်တွင် မပါသော်လည်း ပစ္စနိက်ထုတ်ပြစရာမလို။ (ပဋ္ဌာနသာရဝိဘာဝနီ ပတွဲ နှာ–၄၂)

## ပစ္စယုဒ္ဒေသပါဠိ

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

## ပစ္စယနိဒ္ဒေသပါဠိ

ဟေတုပစ္စယောတိ ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

♠ အကျဉ်းဟောရာ၌ “ဟေတုပစ္စယော” ဟု ဟော၍၊ မကျဉ်းမကျယ် ဟောရာ၌ “ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော” ဟူ၍ ဟောတော်မူသည်။

ဟေတူ–ဟိတ်၆–ပါးတို့သည်၊ ဟေတုသမ္ပယုတ္တကာနံ–ဟိတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သဟိတ်စိတ် ၇၁–ခု, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ၅၂–ပါးတရားတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ–ထိုဟိတ်, ဟိတ်နှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း၊ ဟေတုပစ္စယေန–ဟေတုပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ (ပဋ္ဌာန်းအရကောက် နှာ ၃)

♠ ဟေတူ,ဖြင့် အကြောင်းတရားကို ပြသည်။ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ, တံသမုဋ္ဌာနာနဉ္စ ရူပါနံ, ဖြင့် အကျိုးတရားကို ပြသည်။ ‘ဟေတုပစ္စယေန ပစ္စယော’ ဖြင့် ဟေတုသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)

ဝ ဝ ဝ

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း

အလောဘ, အဒေါသ, အမောဟ(အဗျာကတဟိတ်)

♠ ဤဖြစ်စဉ်တွင် အလောဘ အဒေါသ အမောဟ ဟိတ်တို့ကို ဟေတူ ဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေတသိက် ၃၃ ကို ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ ကာယ, ဘာဝ, ဟဒယကမ္မဇကလာပ် သုံးစည်းကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)

ဝ ဝ ဝ

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + စိတ္တဇကလာပ်စည်း + (ဥတုဇ,ကမ္မဇ)

အလောဘ, အဒေါသ, အမောဟ(အဗျာကတဟိတ်)

♠ ဤဖြစ်စဉ်တွင် အလောဘ အဒေါသ အမောဟ ဟိတ်တို့ကို ဟေတူ ဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေတသိက် ၃၃ ကို ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။ ဥတုဇကလာပ်နှင့်ကမ္မဇကလာပ်တို့သည် ဟိတ်၏ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ်သည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ ဏ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ)

လောဘ,မောဟ(အကုသိုလ်ဟိတ်)

♠ ဤဖြစ်စဉ်တွင် လောဘ မောဟ ဟိတ်တို့ကို ဟေတူ ဟု ဆိုသည်။ သော ဒိသံ အ လောဘမူစိတ်နှင့် စေတသိက် ၁၉ ကို ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို 'တံသမုဋ္ဌာနာနံ ရူပါနံ'ဟုဆိုသည်။ ဥတုဇကလာပ်နှင့်ကမ္မဇကလာပ်တို့သည် ဟိတ်၏ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ်သည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo

|

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ)

|

ဒေါသ,မောဟ(အကုသိုလ်ဟိတ်)

♠ ဤဖြစ်စဉ်တွင် ဒေါသ မောဟ ဟိတ်တို့ကို ဟေတု ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ်နှင့် စေတသိက် ၁၇ ကို ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကေလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟုဆိုသည်။ ဥတုဇကလာပ်နှင့်ကမ္မဇကလာပ်တို့သည် ဟိတ်၏ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ်သည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo

|

ဥ ဝိစိ–သံ မောဟမူစိတ် + စေ ၁၅ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ)

|

မောဟ(အကုသိုလ်ဟိတ်)

♠ ဤဖြစ်စဉ်တွင် မောဟ ဟိတ်တို့ကို ဟေတု ဟု ဆိုသည်။ ဥ ဝိစိ–သံ မောဟမူစိတ်နှင့် စေတသိက် ၁၄ ကို ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကေလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။ ဥတုဇကလာပ်နှင့်ကမ္မဇကလာပ်တို့သည် ဟိတ်၏ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ်သည်။

♠ ဤ၌ မောဟသည်လည်း ဟိတ်တပါးတည်းဖြစ်၍ **အကြောင်းသာဖြစ်၍ အကျိုးမဖြစ်နိုင်**ရကား ပစ္စနိက်ဖြစ်သည်။ ဟိတ် ၂–ပါး ပါက တပါးအကြောင်း, တပါးအကျိုး ဖြစ်နိုင်သည်။ ဥပမာ–လောဘ ဒေါသ နှစ်ပါးတွင် လောဘအကြောင်း ဒေါသအကျိုး၊ ဒေါသအကြောင်း လောဘအကျိုး နေနိုင်သည်။ အလောဘ, အဒေါသ နှစ်ပါးပါက အလောဘ အကြောင်း, အဒေါသအကျိုး၊ အဒေါသ အကြောင်း, အလောဘ အကျိုး ဖြစ်နိုင်သည်။ အလောဘ, အဒေါသ, အမောဟ သုံးမျိုးပါက အလောဘအကြောင်း အဒေါသ,အမောဟ အကျိုး စသည်ဖြင့် ဖြစ်နိုင်သည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

|

သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ)

|

အလောဘ, အဒေါသ, အမောဟ (ကုသိုလ်ဟိတ်)

♠ ဤဖြစ်စဉ်တွင် အလောဘ, အဒေါသ, အမောဟ ဟိတ်တို့ကို ဟေတူ ဟု ဆိုသည်။ သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ တို့ကို ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။ ဥတုဇကလာပ်နှင့်ကမ္မဇကလာပ်တို့သည် ဟိတ်၏ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ်သည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

|

သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ)

|

အလောဘ, အဒေါသ, အမောဟ (အဗျာကတဟိတ်)

♠ ဤဖြစ်စဉ်တွင် အလောဘ, အဒေါသ, အမောဟ ဟိတ်တို့ကို ဟေတူ ဟု ဆိုသည်။ သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ တို့ကို ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။ ဥတုဇကလာပ်နှင့်ကမ္မဇကလာပ်တို့သည် ဟိတ်၏ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ်သည်။

## ပဋ္ဌာဝါရပါဠိ

## ဟေတုပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

(အနုဝါဒ) ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။

(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

(အနုဝါဒ) ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

(အနုဝါဒ) ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

(အနုဝါဒ) အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။

(ဝိဓိ) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

(အနုဝါဒ) အကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

(အနုဝါဒ) အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

(ဝိဓိ) အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

(အနုဝါဒ) ဝိပါကာဗျာကတာ ကြိယာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

♠ အစီအရင်ကို ပါဠိလို ဝိဓိ ဟု ခေါ်သည်။ ကုသိုလ်တရားသည် ကုသိုလ်တရားကို ကျေးဇူးပြု၏ စသည်ဖြင့် အစီအစဉ်ကို ပြတတ်သောကြောင့် ဝိဓိဟု ခေါ်သည်။ လမ်းမကြီးကို ဝီထိဟု ခေါ်သည်။ ရုပ်နာမ်အစဉ်ကိုလည်း ဝီထိဟုခေါ်သည်။ ဤ၌ "ကုသိုလ်တရားသည် ကုသိုလ်တရားကို ကျေးဇူးပြု၏" စသည်ဖြင့် လမ်းညွှန်ဒေသနာဖြစ်၍ ဝီထိ ဟုလည်း ခေါ်နိုင်သည်။

အနု(ဝီထိဒေသနာတော် အစဉ်လျှောက်၍) + ဝါဒ (တဆင့်ဟောတဲ့ ဒေသနာတော်) လမ်းပေးတဲ့ အတိုင်း ဟောထားသော ဒေသနာတော်ကို အနုဝါဒဟု ခေါ်သည်။ (ဝိဓိ သို့မဟုတ် ဝီထိ က အကျဉ်းချုပ် ဟောသော တရားဖြစ်၍ အနုဝါဒက အကျယ်ထပ်ရှင်းပြသောတရား ဖြစ်သည်ဟု မှတ်ပါ)

(ပဋ္ဌာန်းသိပ္ပံကျမ်း ပထမတွဲ ၈၅-၈၈)

# ကု ကု နိဿယ

ကုသလော–အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော၊ ဓမ္မော[၁]–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားသည်၊ ကုသလဿ–အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော၊ ဓမ္မဿ–သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်သော သဘောတရားအား၊ ဟေတုပစ္စယေန–ဟေတုပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ဟေတူ–ဟိတ်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနံ–စိတ်စေတသိက်ခန္ဓာတို့အား၊ ဟေတုပစ္စယေန–ဟေတုပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

# ကု ကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

|

သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

|

အလောဘ, အဒေါသ, အမောဟ (ကုသိုလ်ဟိတ်)

♠ ဤဖြစ်စဉ်တွင် အလောဘ, အဒေါသ, အမောဟ ဟိတ်တို့ကို ကုသလာ ဟေတူ ဟု ဆိုသည်။ သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ ဟေတုသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ဟေတုပစ္စယေန ပစ္စယောဟု ဆိုသည်။

---

၁ မိစ္ဆာဝါဒီတို့သည် ပျက်စီးတတ်သော ခန္ဓာကိုယ်မှ အလွတ်ဖြစ်သောအရာ ဇီဝ ခေါ် အတ္တသည် ရှိဟု ထင်မှတ်ကြသည်။ ဇီဝခေါ် အတ္တကောင်သည် ခန္ဓာကိုယ်အတွင်းတည်ရှိပြီး ခန္ဓာကိုယ်ပျက်သော်လည်း ဇီဝအတ္တသည် မပျက်ဟု ယူဆကြသည်။ ဇီဝအတ္တသည် မြင်ခြင်း ကြားခြင်း နမ်းခြင်း လျက်ခြင်း တွေ့ထိခြင်း သိခြင်း ကိစ္စတို့ကို ဆောင်ရွက်ဟု ယူဆကြသည်။ ဇီဝအတ္တသည် ထိုထိုဘဝတို့၌ ကုသိုလ်အကုသိုလ်အကျိုးကို ခံစားသည်, အမြဲတည်သော နိစ္စတရား အမာခံအနှစ် ဓုဝတရား အခါခပ်သိမ်းထင်ရှားရှိသော သဿတတရား ဟုလည်း ယူဆကြသည်။

## ကု ဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–အား၊ ဟေတုပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ဟေတူ–ဟိတ်တို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–ရုပ်တို့အား၊ ဟေတုပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

## ကု ဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

|

သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

|

အလောဘ, အဒေါသ, အမောဟ (ကုသိုလ်ဟိတ်)

♠ ဤဖြစ်စဉ်တွင် အလောဘ, အဒေါသ, အမောဟ ဟိတ်တို့ကို ကုသလာ ဟေတူ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ဟု ဆိုသည်။ ဟေတုသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ဟေတုပစ္စယေန ပစ္စယောဟု ဆိုသည်။

## ကု ကုဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿစ–အားလည်းကောင်း၊ ဟေတုပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ဟေတူ–ဟိတ်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ ဟေတုပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

## ကု ကုဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ နှ ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

|

<u>သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ</u> + (ဉတုဇ,ကမ္မဇ,အာဟာရဇ)

|

<u>အလောဘ, အဒေါသ, အမောဟ</u> (ကုသိုလ်ဟိတ်)

♠ ဤဖြစ်စဉ်တွင် အလောဘ, အဒေါသ, အမောဟ ဟိတ်တို့ကို ကုသလာ ဟေတူ ဟု ဆိုသည်။ သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ဟု ဆိုသည်။ ဟေတုသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ဟေတုပစ္စယေန ပစ္စယောဟု ဆိုသည်။

## အကု အကု နိဿယ

အကုသလော–အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိသော၊ ဓမ္မော–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားသည်၊ အကုသလဿ–အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိသော၊ ဓမ္မဿ–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားအား၊ ဟေတုပစ္စယေန–ဟေတုပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ဟေတူ–ဟိတ်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနံ–စိတ်စေတသိက်ခန္ဓာတို့အား၊ ဟေတုပစ္စယေန–ဟေတုပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## အကု အကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

|

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

|

ဒေါသ,မောဟ(အကုသိုလ်ဟိတ်)

♠ ဤဖြစ်စဉ်တွင် ဒေါသ မောဟ ဟိတ်တို့ကို အကုသလာ ဟေတူ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ်နှင့် စေတသိက် ၁၇ ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ ဟေတုသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ဟေတုပစ္စယေန ပစ္စယောဟု ဆိုသည်။

## အကု ဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–အား၊ ဟေတုပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ဟေတူ–ဟိတ်တို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–ရုပ်တို့အား၊ ဟေတုပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

## အကု ဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

|

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

|

ဒေါသ,မောဟ(အကုသိုလ်ဟိတ်)

♠ ဤဖြစ်စဉ်တွင် ဒေါသ မောဟ ဟိတ်တို့ကို အကုသလာ ဟေတူ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ဟု ဆိုသည်။ ဟေတုသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ဟေတုပစ္စယေန ပစ္စယောဟု ဆိုသည်။

## အကု အကုဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿစ–အားလည်းကောင်း၊ ဟေတုပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ဟေတူ–ဟိတ်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ ဟေတုပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

## အကု အကုဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

|

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

|

ဒေါသ,မောဟ(အကုသိုလ်ဟိတ်)

♠ ဤဖြစ်စဉ်တွင် ဒေါသ, မောဟ ဟိတ်တို့ကို အကုသလာ ဟေတူ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ဟု ဆိုသည်။ ဟေတုသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ဟေတုပစ္စယေန ပစ္စယောဟု ဆိုသည်။

## ဗျာ ဗျာ နိဿယ

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ ဟေတုပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

ဝိပါကာဗျာကတာ–ဝိပါက်အဗျာတဖြစ်ကုန်သော၊ ကြိယာဗျာကတာ–ကြိယာအဗျာကတဖြစ်ကုန်သော၊ ဟေတူ–ဟိတ်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ ဟေတုပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

ပဋိသန္ဓိက္ခဏေ–ပဋိသန္ဓေခဏ၌၊ ဝိပါကာဗျာကတာ–ဝိပါက်အဗျာတဖြစ်ကုန်သော၊ ဟေတူ–ဟိတ်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ ကဋတ္တာ စ ရူပါနံ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ ဟေတုပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

## ဗျာ ဗျာ အရကောက်/အစိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo

|

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

|

အလောဘ, အဒေါသ, အမောဟ (အဗျာကတဟိတ်)

♠ ဤဖြစ်စဉ်တွင် အလောဘ, အဒေါသ, အမောဟ ဟိတ်တို့ကို ဝိပါကာဗျာကတာ ဟေတူ ဟု ဆိုသည်။ သော ဉာ သံ အ မဟာဝိပါက်စိတ် + စေ ၃၃ တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

|

သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

|

အလောဘ, အဒေါသ, အမောဟ (အဗျာကတဟိတ်)

♠ ဤဖြစ်စဉ်တွင် အလောဘ, အဒေါသ, အမောဟ ဟိတ်တို့ကို ကြိယာဗျာကတာ ဟေတူ ဟု ဆိုသည်။ သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃ တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)

ဝ ဝ ဝ

|

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း

|

အလောဘ, အဒေါသ, အမောဟ(အဗျာကတဟိတ်)

♠ ဤဖြစ်စဉ်တွင် အလောဘ အဒေါသ အမောဟ ဟိတ်တို့ကို ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ ဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေတသိက် ၃၃ ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ ကာယ, ဘာဝ, ဟဒယကမ္မဇကလာပ် သုံးစည်းကို ကဋတ္တာ စ ရူပါနံ ဟု ဆိုသည်။

## ဟေတုပစ္စည်း(ပစ္စယနိဒ္ဒေသ)

| အပေါင်း | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|
| အပေါင်း | ဟိတ် ၆-ပါး | သဟိတ်စိတ် ၇၁၊ စေ-၅၂၊ သဟိတစိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | | | | |
| | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| | ဟိတ် ၆-ပါး | သဟိတ်စိတ် ၇၁၊ စေ-၅၂၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ | တ | ယ | ဟေ.ဓိ.သ.ည.နိ.ဝိ. ကွံ.မဂ်.သံ.ဝိပ်.တ္ထိ.အဝိ | ၁၂ |

## ဟေတုပစ္စည်း(ပဥ္စဝါရ)

| | | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|---|---|
| အပေါင်း | | | ဟိတ် ၆-ပါး | သဟိတ်စိတ် ၇၁၊ စေ-၅၂၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | | | | |
| သင်္ချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| ၁ | ကု | ကု | ကုဟိတ်-၃ | ကု-၂၁၊ စေ-၃၈ | တ | ယ | ဟေ.ဓိ.သ.ည.နိ.ကွံ.မဂ်.သံ.တ္ထိ.အဝိ | ၁၀ |
| ၂ | ကု | ဗျာ | ကုဟိတ်-၃ | စိတ္တဇရုပ် | တ | ယ | ဟေ.ဓိ.သ.နိ.ကွံ.မဂ်.ဝိပ်.တ္ထိ.အဝိ | ၉ |
| ၃ | ကု | ကုဗျာ | ကုဟိတ်-၃ | ကု-၂၁၊ စေ-၃၈၊ စိတ္တဇရုပ် | တ | ယ | ဟေ.ဓိ.သ.နိ.ကွံ.မဂ်.တ္ထိ.အဝိ | ၈ |
| ၄ | အကု | အကု | အကုဟိတ်-၃ | အကု-၁၂၊ စေ-၂၇ | တ | | ဟေ.သ.ည.နိ.သံ.တ္ထိ.အဝိ | ၇ |
| ၅ | အကု | ဗျာ | အကုဟိတ်-၃ | စိတ္တဇရုပ် | တ | | ဟေ.သ.နိ.ဝိပ်.တ္ထိ.အဝိ | ၆ |
| ၆ | အကု | အကုဗျာ | အကုဟိတ်-၃ | အကု-၁၂၊ စေ-၂၇၊ စိတ္တဇရုပ် | တ | | ဟေ.သ.နိ.တ္ထိ.အဝိ | ၅ |
| ၇ | ပဝတ္တိ ဗျာ | ဗျာ | ဗျာဟိတ်-၃ | ဝိ-၂၁၊ ကြိ-၁၇၊စေ-၃၈၊စိတ္တဇရုပ် | တ | ယ | ဟေ.ဓိ.သ.ည.နိ.ဝိ.ကွံ.မဂ်.သံ.ဝိပ်. တ္ထိ.အဝိ | ၁၂ |
| | ပဋိ ဗျာ | ဗျာ | ဗျာဟိတ်-၃ | ပဋိ-၁၇၊ စေ-၃၈၊ သဟိတ်ပဋိကမ္မဇ | တ | ယ | ဟေ.သ.ည.နိ.ဝိ.ကွံ.မဂ်.သံ.ဝိပ်. တ္ထိ.အဝိ | ၁၁ |

♠ ပဒါနသည် ပဒါဝသာန၏ အတိုကောက် ဖြစ်သည်။ 'ပဒ'က မူလတည်ပုဒ်၊ 'ပဒါဝသာန'မူလီလို့ အဓိပ္ပါယ်ရသည်။ (ပဒ-ပုဒ်+အဝသာန-အဆုံး)

## ပစ္စယနိဒ္ဒေသပါဠိ

ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

ဟေတုဟူသော ကတ္တားဖြင့် ဟိတ်၆-ပါး ပစ္စည်းတရားကို ပြတော်မူ၏။ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟူသော သမ္ပဒါန်ပါဠ်ဖြင့် သဟိတ်စိတ်စေတသိက်တို, မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်ဒွေပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ဟေတုပစ္စယေနဟူသော ကရိဏ်းပါဠ်ဖြင့် တပြိုင်နက် ယထာရဟတပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤတဆဲ့နှစ်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

## ပဉှာဝါရပါဠိ

## ဟေတုပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

(အနုဝါဒ) ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။

### ကုသလော ကုသလဿ

“ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော”ဟူ၍ ဟောတော်မူအပ်သော ဝိဓိပါဠိတော်၌ “ကုသလောဓမ္မော”ဟူသော ကတ္တားပုဒ်၏အရကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော ကုသိုလ်စိတ်စေတသိက်အဋ္ဌတ္တိံသ၊ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရားရ၏။ “ကုသလဿဓမ္မဿ”ဟူသော သမ္ပဒါန်ပုဒ်၏အရကား ကုသိုလ်စိတ်စေတသိက်အဋ္ဌတ္တိံသ သမ္ပယုတ္တက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ “ဟေတုပစ္စယေန”ဟူသော ကရိဏ်းပါဠ်အရကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော ကုသိုလ်ဟိတ်သုံးပါးဖြစ်အံ့၊ တပြိုင်နက် ယထာရဟတပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤဆယ်ပစ္စသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ခန္ဓာဝါရကား –

"ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်၌ ဒွိဟိတ်ဖြစ်အံ့၊ "ကုသလာ ဟေတူ"၏ အရကို အလောဘယူ၍ "သမ္ပယုတ္တကာနံ ခန္ဓာနံ"အရကို သမ္ပယုတ္တက္ခန္ဓာ ယူ၍ တဝါရ၊ ထို့အတူ အဒေါသ သမ္ပယုတ္တက္ခန္ဓာယူ၍ တဝါရ၊ အမောဟ သမ္ပယုတ္တက္ခန္ဓာယူ၍ တဝါရ၊ အလောဘ, အဒေါသ သမ္ပယုတ္တက္ခန္ဓာယူ၍ တဝါရ၊ အလောဘ, အမောဟ သမ္ပယုတ္တက္ခန္ဓာယူ၍ တဝါရ၊ အဒေါသ, အမောဟ သမ္ပယုတ္တက္ခန္ဓာယူ၍ တဝါရ၊ အလောဘ, အဒေါသ, အမောဟ သမ္ပယုတ္တက္ခန္ဓာယူ၍ တဝါရ၊ ဤသို့ ဒွိဟိတ်ဖြစ်အံ့ သုံးဝါရ၊ တိဟိတ်ဖြစ်အံ့၊ ခုနစ်ဝါရလျှင် သမ္ပယုတ္တက္ခန္ဓာအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ကို "ဟေတုပစ္စယေန ပစ္စယော"ဟူ၍ ဟောတော်မူသည်။

(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

## ကုသလော အဗျာကတဿ

ဝိဓိပါဠိတော်ပါဠ်၌ "ကုသလောဓမ္မော"ဟူသော ကတ္တားပုဒ်၏ အရကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ကေဝီသ စေတသိက်အဋ္ဌတ္တိံသ၊ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရားရ၏။ "အဗျာကတဿ ဓမ္မဿ"ဟူသော သမ္ပဒါန်ပုဒ်၏အရကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရား ရ၏။ "ဟေတုပစ္စယေန"ဟူသော ကရိုဏ်းပါဠ်အရကား စိတ္တဇရုပ်အားတပ်သော ကုသိုလ်ဟိတ်သုံးပါးဖြစ်အံ့၊ တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤကိုးပစ္စယသတ္တိတို့ တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿစ အဗျာကတဿစ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယော။

## ကုသလော ကုသလာဗျာကတဿ

ဝိဓိပါဠိတော်ပါဠ်၌ "ကုသလောဓမ္မော"ဟူသော ကတ္တားပုဒ်၏ အရကား သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ကေဝီသ စေတသိက်အဋ္ဌတ္တိံသ၊

စိတ္တက္ခဏတခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရားရ၏။ "ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ" ဟူသော သမ္ပဒါန်ပုဒ်၏အရကား ကုသိုလ်စိတ်ဇကေဝီသ စေတသိက်အဌတ္တိံသ သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ "ဟေတုပစ္စယေန"ဟူသော ကရိဏ်းပါဠ်အရကား သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ဟိတ်သုံးပါးဖြစ်အံ့၊ တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။

## အကုသလော အကုသလဿ

ဝိဓိပါဠိတော်၌ "အကုသလောဓမ္မော"ဟူသော ကတ္တားပုဒ်၏အရကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော အကုသိုလ်စိတ်ဒွါဒသ စေတသိက်သတ္တဝီသ၊ စိတ္တက္ခဏ တခုတခု၌ရှိသော လောဘမူဖြစ်အံ့ လောဘ,မောဟ၊ ဒေါသမူဖြစ်အံ့ ဒေါသ, မောဟ၊ မောဟမူဖြစ်အံ့ မောဟ၊ ဤဟိတ်တပါး, နှစ်ပါး ပစ္စည်းတရားရ၏။ "အကုသလဿဓမ္မဿ"ဟူသော သမ္ပဒါန်ပုဒ်၏အရကား အကုသိုလ်စိတ်ဒွါဒသ၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ၊ သမ္ပယုတ္တက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ "ဟေတုပစ္စယေန" ဟူသော ကရိဏ်းပါဠ်အရကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော အကုသိုလ်ဟိတ်သုံးပါးဖြစ်အံ့၊ တပြိုင်နက် တပ်ကောင်းသော ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤခုနစ်ပစ္စသတ္တိတို့ တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ခန္ဓာဝါရကား –

"အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်၌ လောဘမူဖြစ်အံ့၊ "အကုသလာ ဟေတူ"၏ အရကို လောဘယူ၍ "သမ္ပယုတ္တကာနံ ခန္ဓာနံ"အရကို သမ္ပယုတ္တက္ခန္ဓာယူ၍ တဝါရ၊ ထို့အတူ မောဟ သမ္ပယုတ္တက္ခန္ဓာယူ၍ တဝါရ၊ လောဘ မောဟ သမ္ပယုတ္တက္ခန္ဓာယူ၍ တဝါရ။ ဒေါသမူဖြစ်အံ့၊ "အကုသလာ ဟေတူ"၏ အရကို ဒေါသယူ၍ "သမ္ပယုတ္တကာနံ ခန္ဓာနံ"အရကို သမ္ပယုတ္တက္ခန္ဓာယူ၍ တဝါရ၊ ထို့အတူ မောဟ သမ္ပယုတ္တက္ခန္ဓာယူ၍ တဝါရ၊ ဒေါသ မောဟ သမ္ပယုတ္တက္ခန္ဓာယူ၍ တဝါရ။ မောဟမူဖြစ်အံ့၊ "အကုသလာ ဟေတူ"၏ အရကို မောဟယူ၍ "သမ္ပယုတ္တကာနံ ခန္ဓာနံ"အရကို သမ္ပယုတ္တက္ခန္ဓာယူ၍ တဝါရ။ ဤသို့ လောဘမူဖြစ်အံ့ သုံးဝါရ၊ ဒေါသမူဖြစ်အံ့ သုံးဝါရ၊ မောဟမူဖြစ်အံ့ တဝါရ၊ ဤသို့လျှင် သမ္ပယုတ္တက္ခန္ဓာအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(ဝိဓိ) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

## အကုသလော အဗျာကတဿ

ဝိဓိပါဠိတော်ပါဠ်၌ "အကုသလောဓမ္မော"ဟူသော ကတ္တားပုဒ်၏ အရကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ် ၁၂ပါးဒသ၊ စေတသိက် သတ္တဝီသ၊ စိတ်တခုတခု၌ရှိသော လောဘမူဖြစ်အံ့၊ လောဘ မောဟ။ ဒေါသမူဖြစ်အံ့၊ ဒေါသ မောဟ။ မောမူဖြစ်အံ့၊ မောဟ။ ဤဟိတ် တပါး, နှစ်ပါး ပစ္စည်းတရား ရ၏။ "အဗျာကတဿ ဓမ္မဿ"ဟူသော သမ္ပဒါန်ပုဒ်၏ အရကား အကုသိုလ်သည်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရား ရ၏။ "ဟေတုပစ္စယေန"ဟူသော ကရိဏ်းပါဠ်အရကား စိတ္တဇရုပ်အားတပ်သော အကုသိုလ်ဒွါဒသ၌ရှိသော အကုသိုလ်ဟိတ်သုံးပါးဖြစ်အံ့၊ တပြိုင်နက် တပ်ကောင်းသော ဟေတု၊ သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿစ အဗျာကတဿစ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယော။

## အကုသလော အကုသလာဗျာကတဿ

ဝိဓိပါဠိတော်ပါဠ်၌ "အကုသလောဓမ္မော"ဟူသော ကတ္တားပုဒ်၏ အရကား သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ၊ စိတ်တခုတခု၌ရှိသော လောဘမူဖြစ်အံ့၊ လောဘ မောဟ။ ဒေါသမူဖြစ်အံ့၊ ဒေါသ မောဟ။ မောမူဖြစ်အံ့၊ မောဟ။ ဤဟိတ် တပါး, နှစ်ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ပုဒ်၏အရကား အကုသိုလ်ဒွါဒသ၊ မောဟမူဒွေး၌မောဟကြဉ်သော စေတသိက်သတ္တဝီသ သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ "ဟေတုပစ္စယေန"ဟူသော ကရိဏ်းပါဠ်အရကား သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အားတပ်သော အကုသိုလ်ဟိတ်သုံးပါးဖြစ်အံ့၊ တပြိုင်နက် တပ်ကောင်းသော ဟေတု၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊ ဤငါးပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

(ဝိဓိ) အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။
(အနုဝါဒ) ဝိပါကာဗျာကတာ ကြိယာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

## အဗျာကတော အဗျာကတဿ

ဝိဓိပါဠိတော်ပါဌ်၌ အဗျာကတသည် ပဝတ္တိ ပဋိသန္ဓေအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် **ပဝတ္တိအခါ** အဗျာကတော ကတ္တာကား သမ္ပယုတ္တက္ခန္ဓာအားလည်းကောင်း, သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် အားလည်းကောင်း တပ်သော သဟိတ်ဝိပါက် ဇကေဝီသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက် အဋ္ဌတ္တိံသ၊ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရား ရ၏။ "အဗျာကတဿ ဓမ္မဿ"ဟူသော သမ္ပဒါန်ပုဒ်၏ အရကား သဟိတ်ဝိပါက် ဇကေဝီသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက်အဋ္ဌတ္တိံသ သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ "ဟေတုပစ္စယေန"ဟူသော ကရိဏ်းပါဌ်အရကား သမ္ပယုတ္တက္ခန္ဓာအားငှ်း, သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် အားငှ်း တပ်သော ဝိပါက်ကြိယာဟိတ်သုံးပါးဖြစ်အံ့, တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့နှစ်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

**ပဋိသန္ဓေအခါ** "အဗျာကတော" ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားငှ်း, သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ် ငှ်း တပ်သော သဟိတ်ပဋိသန္ဓေ သတ္တရသ၊ စေတသိက်ပဉ္စတိံသ၊ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရားရ၏။ "အဗျာကတဿ ဓမ္မဿ"ဟူသော သမ္ပဒါန်ပုဒ်၏ အရကား သဟိတ်ပဋိသန္ဓေ သတ္တရသ၊ စေတသိက်ပဉ္စတိံသ သမ္ပယုတ္တက္ခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ "ဟေတုပစ္စယေန" ဟူသော ကရိဏ်းပါဌ်အရကား သမ္ပယုတ္တက္ခန္ဓာအားငှ်း, သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ် အားငှ်း တပ်သော သဟိတ်ပဋိသန္ဓေ သတ္တရသ၌ရှိသော ဟိတ်သုံးပါးဖြစ်အံ့, တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့တပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

(ပဋ္ဌာန်းအရကောက် ၃၃၂-၃၃၃)

## အဓိပတိပစ္စယော

စတ္တာရော အဓိပတီ ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိ။

(အဘိဓမ္မတ္ထသံဂဟပါဠိ-၁၂၁)

အဓိပတီ-အဓိပတိတို့သည်၊ ဆန္ဒာဓိပတိ-ဆန္ဒာဓိပတိ၄င်း၊ ဝီရိယာဓိပတိ-ဝီရိယာဓိပတိ၄င်း၊ စိတ္တာဓိပတိ-စိတ္တာဓိပတိ၄င်း၊ ဝီမံသာဓိပတိ-ဝီမံသာဓိပတိ၄င်း၊ (ဣတိ-ဤသို့) စတ္တာရော-လေးပါးတို့တည်း။

(အခြေပြုသင်္ဂြိုဟ်နိဿယ-၄၃၀)

ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ ယထာသမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ။

(အဘိဓမ္မတ္ထသံဂဟပါဠိ-၁၂၂)

ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ-ဒွိဟိတ်ဇော တိဟိတ်ဇောတို့၌သာလျှင်၊ အဓိပတိ-အဓိပတိကို၊ ဧကောဝ-တပါးတည်းသာလျှင်၊ လဗ္ဘတိ-ရအပ်၏။

ဒွိဟိတ်ဇော တိဟိတ်ဇော၌ရှိသော ဆန္ဒစသည်တို့သာ "အဓိပတိ" ဖြစ်ထိုက်သည်။ အခြားစိတ်များ၌ ယှဉ်သော ဆန္ဒစသည်တို့ကား အဓိပတိမဖြစ်ထိုက်။

ထိုထိုကိစ္စ၌ အကြီးဆုံးအချုပ်ဆုံးဖြစ်သူသည် တယောက် တည်းသာ ရှိရသကဲ့သို့ ထို့အတူမဟာကုသိုလ်ပထမစိတ်၌ ဆန္ဒစသော လေးပါးလုံးရှိရာ တပါးပါးသာ အဓိပတိဖြစ်ရမည်။ ကျန်သုံးပါးကား နောက်လိုက်ငယ်သားသာတည်း။ ဥပမာ-"ဆန္ဒာဓိပတိဖြစ်ခိုက် ဝီရိယ စသည်တို့က သာမန်နောက်လိုက်တရားများဖြစ်ရမည်"ဟူလို။

ထိုလေးပါးတွင် ဖြစ်သင့်သောတရား တပါးပါးက အဓိပတိဖြစ်လိမ့်မည်။ ဆန္ဒထက်သန်သောအခါ ဆန္ဒသည် အဓိပတိဖြစ်သင့်၏။ ဝီရိယထက်သန်သောအခါ ဝီရိယသည်, စိတ်ထက်သန်သောအခါ စိတ်သည်, ပညာထက်သန်သောအခါ ပညာ(ဝီမံသ)သည် အဓိပတိဖြစ်သင့်၏။ (အခြေပြုသင်္ဂြိုဟ်နိဿယ ၄၃၄-၅)

လောကီဝိပါက်စိတ်တို့သည် ရှေးကံကြောင့်ဖြစ်ရကား ဗျာပါရရှိသောစိတ်များ မဟုတ်ကြ။ ဗျာပါရကင်းမဲ့လျှင် အဘယ်မှာ အဓိပတိခေါ်လောက်သော အကြီးအချုပ် ဖြစ်ထိုက်ပါတော့အံ့နည်း။ ဖိုလ်ဝိပါက်များကား မဂ်အားလျော်စွာ ကိလေသာအပူငွေ့များကို တဖန်ငြိမ်းစေရသော ပဋိပ္ပဿမ္ဘနဗျာပါရ ရှိကြ၏။ ထို့ကြောင့် ဇောတို့၌သာ အဓိပတိရထိုက်သည်။ ဇောတို့တွင်လည်း အဟိတ်ဇော (ဟသိတုပ္ပါဒ်) နှင့် ဧကဟိတ်ဇော မောဟမူဒွေးတို့လည်း "ဆန္ဒရှိလျှင် ဘာကြောင့် ယုံမှားမှု ဝိစိကိစ္ဆာမဖြစ်ဘဲ ရှိအံ့နည်း, ဘာကြောင့် ပြုံးရယ်မှု ဟသိတုပ္ပါဒ်မဖြစ်ဘဲ ရှိအံ့နည်း"ဟု ပုဗ္ဗာဘိသင်္ခါရဖြင့် ထက်သန်လာအောင်ပြုပြင်၍ မရနိုင်။ ထိုသို့ ပြုပြင်၍မရလျှင် အဘယ်မှာအကြီးအချုပ် အဓိပတိလုပ်နိုင်တော့အံ့နည်း။ ထို့ကြောင့် ဧဟိတ်ဇော အဟိတ်ဇောတို့၌ အဓိပတိမရထိုက်ဘဲ ဒွိဟိတ်ဇောတိဟိတ်ဇောတို့၌သာ အဓိပတိရထိုက်ပေသည်။

(အခြေပြုသင်္ဂြိုဟ်နိဿယ-၅၇၈)

## ဇော ၅၅

| | | |
|---|---|---|
| လောဘမူ | – ၈ | ဒွိ |
| ဒေါသမူ | – ၂ | ဒွိ |
| မောဟမူ | – ၂ | (ဧကဟိတ်ဇော) |
| ဟသိတုပ္ပါဒ် | – ၁ | (အဟိတ်ဇော) |
| မဟာကု/ကြိ | – ၁၆ | ဒွိ/တိ |
| ရူပကု/ကြိ | – ၁၀ | တိ |
| အရူပကု/ကြိ | – ၈ | တိ |
| လောကုတ္တရာ | – ၈ | တိ |

စိတ်–၈၉၊ စေတသိက်–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်၊ ပညတ်

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| သာဓိပတိဇော ၅၂–ခုနှင့် ယှဉ်သည့်<br>၁။ ဆန္ဒ<br>၂။ ဝီရိယ<br>၃။ ဝီမံသ(ပညာ)<br>၄။ သာဓိပတိဇော ၅၂–ခုဟူသော စိတ် | အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂–ခု, ဝိစိကိစ္ဆာကြဉ်သော စေ–၅၁–ခု၊ သာဓိပတိစိတ္တဇရုပ် | **(လောဘမူ–၈၊ဒေါသမူ–၂၊ မဟာကု/ကြိ–၁၆)** မောဟမူစိတ်–၂၊အဟိတ်–၁၈၊မဟာဝိ–၈၊ မဟဂ္ဂုတ်ဝိ–၉၊ စေ–၅၂၊ အဓိပတိပစ္စည်းတပ်နေသောတရား သာဓိပတိစိတ္တဇရုပ်မှတပါး ကျန်ရုပ်များ |

### ပစ္စည်း,ပစ္စယုပ္ပန်ဖြစ်ပုံ

လောဘမူ သော ဒိသံ အ စိတ်နှင့် စေ ၁၉, စိတ္တဇရုပ် ဖြစ်ရာတွင် စိတ်ထက်သန်သောအခါဖြစ်မှု စိတ်သည် အဓိပတိပစ္စည်း၊ ဆန္ဒ ဝီရိယနှင့်တကွ စေ ၁၉, စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။

ကုသိုလ်ပြုသောအခါ သော ဉ သံ အ စိတ်နှင့် စေ ၃၃ ခု, စိတ္တဇရုပ်ဖြစ်ရာတွင် စိတ်ထက်သန်သောအခါစိတ်သည်ပစ္စည်း၊ ဆန္ဒဝီရိယဝီမံသနှင့်တကွ စေ ၃၃, စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။

ဆန္ဒထက်သန်သောအခါ ဆန္ဒသည် ပစ္စည်း၊ ဝီရိယထက်သန်သောအခါ ဝီရိယသည် ပစ္စည်း၊ ပညာ ထက်သန်သောအခါ ပညာသည် ပစ္စည်း၊ ကျန် စိတ်, စေ, စိတ္တဇရုပ်သည် ပစ္စယုပ္ပန်

(ဆန္ဒ ဝီရိယ စိတ် ပညာ မထက်သန်သည့်အခါ အဓိပတိပစ္စည်းဖြင့် ကျေးဇူးမပြု)

မှတ်ချက်။ ကာမဇောနာမက္ခန္ဓာတွင် ပါဝင်သည့် ဆန္ဒ ဝီရိယ ပညာ စိတ်တို့သည် တခါတရံ အဓိပတိတပ်၏။ တခါတရံ မတပ်။ အပ္ပနာဇောနာမက္ခန္ဓာတွင် ပါဝင်သည့် ဆန္ဒ ဝီရိယ ပညာ စိတ်တို့သည် အမြဲ အဓိပတိတပ်၏။

## ပစ္စယနိဒ္ဒေသပါဠိ

အဓိပတိပစ္စယောတိ

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။
ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။
စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။
ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဆန္ဒာဓိပတိ–ဆန္ဒဟုဆိုအပ်သော အဓိပတိသည်၊ ဆန္ဒသမ္ပယုတ္တကာနံ–ဆန္ဒနှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သာဓိပတိဇော ၅၂–ခု, ဆန္ဒ,ဝိစိကိစ္ဆာကြဉ်သော စေတသိက်ပညာသတို့အားငှင်း၊ တံသမုဋ္ဌာနာနံ–ထို ဆန္ဒ, ဆန္ဒနှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–သာဓိပတိစိတ္တဇရုပ်တို့အားငှင်း၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဝီရိယာဓိပတိ–ဝီရိယဟုဆိုအပ်သော အဓိပတိသည်၊ ဝီရိယသမ္ပယုတ္တကာနံ–ဝီရိယနှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သာဓိပတိဇော ၅၂–ခု, ဝီရိယ,ဝိစိကိစ္ဆာကြဉ်သော စေတသိက်ပညာသတို့အားငှင်း၊ တံသမုဋ္ဌာနာနံ–ထို ဝီရိယ, ဝီရိယနှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–သာဓိပတိစိတ္တဇရုပ်တို့အားငှင်း၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

စိတ္တာဓိပတိ–စိတ်ဟုဆိုအပ်သော အဓိပတိသည်၊ စိတ္တသမ္ပယုတ္တကာနံ–စိတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဧကပညာသတို့အားငှင်း၊ တံသမုဋ္ဌာနာနံ–ထို စိတ္တာဓိပတိနှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–သာဓိပတိစိတ္တဇရုပ်တို့အား ငှင်း၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဝီမံသာဓိပတိ–ဝီမံသဟုဆိုအပ်သော အဓိပတိသည်၊ ဝီမံသသမ္ပယုတ္တကာနံ–ဝီမံသနှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သာဓိပတိတိဟိတ်ဇော ၃၄–ခု, ဝီမံသကြဉ်သော စေတသိက်သတ္တတိံသတို့အားငှင်း၊ တံသမုဋ္ဌာနာနံ–ထိုဝီမံသ, ဝီမံသနှင့်ယှဉ်သော စိတ်,စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–သာဓိပတိစိတ္တဇရုပ်တို့အားငှင်း၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

**စက္ခုဒွါရိကဝီထိ**

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + သာဓိပတိစိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

စိတ်,ဝီရိယ,ဆန္ဒ(အဓိပတိတရားများ)

♠ ဤဖြစ်စဉ်တွင် စိတ်,ဝီရိယ,ဆန္ဒတို့ကို အဓိပတိ ဟု ဆိုသည်။ ထိုသုံးမျိုးတွင် တမျိုးမျိုးကသာ အဓိပတိဖြစ်နိုင်သည်။ အကယ်၍ 'စိတ်' က အဓိပတိဖြစ်မူ စိတ်ကို စိတ္တာဓိပတိဟုဆိုသည်။ စိတ်မှတပါးသော စေတသိက်တို့ကို စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ အကယ်၍'ဝီရိယ'က အဓိပတိဖြစ်မူ ဝီရိယကို ဝီရိယာဓိပတိဟုဆိုသည်။ ဝီရိယမှတပါးသော စိတ်နှင့်စေတသိက်တို့ကို ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆို သည်။ အကယ်၍ 'ဆန္ဒ'က အဓိပတိဖြစ်မူ ဆန္ဒကို ဆန္ဒာဓိပတိဟုဆိုသည်။ ဆန္ဒမှတပါးသော စိတ်နှင့် စေတသိက်တို့ကို ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို 'တံသမုဋ္ဌာနာနံ ရူပါနံ'ဟုဆိုသည်။

ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိဖြင့် ပစ္စည်းတရားကို ပြသည်။ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ, ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ, စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ တို့ဖြင့် ပစ္စယုပ္ပန်တရားကို ပြတော်မူသည်။ အဓိပတိပစ္စယေန ပစ္စယော ဖြင့် အဓိပတိပစ္စည်းဖြင့် အကြောင်းအကျိုး ကျေးဇူးပြုသည်ဟု ပြသည်။

ဥတုဇကလာပ်,ကမ္မဇကလာပ်နှင့် အာဟာရဇရုပ်ကလာပ်တို့သည် အဓိပတိတရားများ၏ ကျေးဇူးအပြု မခံရ၍ ပစ္စနိက်ဖြစ်သည်။ အဓိပတိဖြစ်နေသော စိတ်,ဝီရိယ,ဆန္ဒ,ပညာတို့လည်း ပစ္စည်းသာဖြစ်ပြီး ပစ္စယုပ္ပန် မဖြစ်၍ ပစ္စနိက်သာ ဖြစ်ရသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အဟာရဇ)

စိတ်,ဝီရိယ,ဆန္ဒ(အဓိပတိတရားများ)

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

သော ဉာ ဝိ အ မဟာကုသိုလ်စိတ် + စေ ၃၂ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

စိတ်,ဝီရိယ,ဆန္ဒ(အဓိပတိတရားများ)

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

|

သော ဃာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

|

စိတ်,ဝီရိယ,ဆန္ဒ,ပညာ(အဓိပတိတရားများ)

ပထဝီကသိုဏ်း

ဈာနဝီထိပုံစံ။ ဘ န ဒ မ ပ ဥ နု ဂေါ ဈာန် ဘ ဘ

၀၀၀

|

ပထမဈာန်ကုသိုလ်စိတ်+စေ ၃၃၊ စိတ္တဇရုပ် (ဥတုဇ,ကမ္မဇ,အာဟာရဇ)

|

စိတ်,ဝီရိယ,ဆန္ဒ,ပညာ(အဓိပတိတရားများ)

သင်္ခါရ | နိဗ္ဗာန်

မဂ္ဂဝီထိပုံစံ။ ဘ န ဒ မ ပ ဥ နု | ဂေါ မဂ် ဖိုလ် ဖိုလ် ဘ ဘ

၀၀၀

|

ပထမဈာန်သောတပတ္တိမဂ်စိတ်+စေ ၃၆၊စိတ္တဇရုပ် (ဥတုဇ,ကမ္မဇ,အာဟာရဇ)

|

စိတ်,ဝီရိယ,ဆန္ဒ,ပညာ(အဓိပတိတရားများ)

## ပဉ္စဝါရပါဠိ
## အဓိပတိပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။

(အနုဝါဒ) ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။

(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။

(အနုဝါဒ) ကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။

(အနုဝါဒ) ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။

(အနုဝါဒ) အကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။

(ဝိဓိ) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။

(အနုဝါဒ) အကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿစ အဗျာကတဿစ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။

(အနုဝါဒ) အကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

(ဝိဓိ) အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။

(အနုဝါဒ) ဝိပါကာဗျာကတာ ကြိယာဗျာကတာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

## ကု ကု နိဿယ

ကုသလော–အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော၊ ဓမ္မော–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားသည်၊ ကုသလဿ–အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော၊ ဓမ္မဿ– သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်သော သဘောတရားအား၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာဓိပတိ–ကုသိုလ်ဆိုအပ်သော အဓိပတိသည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ် ဖြစ်ကုန်သော၊ ခန္ဓာနံ–စိတ်စေတသိက်ခန္ဓာတို့အား၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ကု ကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo

|

<u>သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ</u> + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

<u>ဆန္ဒ, ဝီရိယ, ပညာ</u> (ကုသိုလ်အဓိပတိ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဆန္ဒ, ဝီရိယ, ပညာ တခုခုကို ကုသလာဓိပတိဟု ဆိုသည်။ အဓိပတိဖြစ်နိုင်သော တရားလေးပါးတွင် အဓိပတိဖြစ်သော တရားတပါးပါးမှ အခြားစိတ်နှင့်စေတသိက်တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆို သည်။ အဓိပတိသတ္တိဖြင့် ကျေးဇူးပြုခြင်းကို အဓိပတိပစ္စယေန ပစ္စယောဟု ဆိုသည်။

## ကု ဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–အား၊ အဓိပတိပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

ကုသလာဓိပတိ–ကုသိုလ်ဆိုအပ်သော အဓိပတိသည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–ရုပ်တို့အား၊ အဓိပတိပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

## ကု ဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo

သော ည သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

|

ဆန္ဒ, ဝီရိယ, ပညာ (ကုသိုလ်အဓိပတိ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဆန္ဒ, ဝီရိယ, ပညာ တခုခုကို ကုသလာဓိပတိဟု ဆိုသည်။ အဓိပတိဖြစ်နိုင်သော တရားလေးပါးတွင် အဓိပတိဖြစ်သော တရားတပါးပါးကြောင့်ဖြစ်သော (သာဓိပတိ)စိတ္တဇရုပ်တို့ကို စိတ္တသမုဋ္ဌာနာနံ ဟု ဆိုသည်။

## ကု ကုဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo

သော ည သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဆန္ဒ, ဝီရိယ, ပညာ (ကုသိုလ်အဓိပတိ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဆန္ဒ, ဝီရိယ, ပညာ တခုခုကို ကုသလာဓိပတိဟု ဆိုသည်။ အဓိပတိဖြစ်နိုင်သော တရားလေးပါးတွင် အဓိပတိဖြစ်သော တရားတပါးပါးမှ အခြားစိတ်နှင့်စေတသိက်တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ အဓိပတိဖြစ်နိုင်သောတရားလေးပါးတွင် အဓိပတိဖြစ်သော တရားတပါးပါးကြောင့်ဖြစ်သော (သာဓိပတိ)စိတ္တဇရုပ်တို့ကို စိတ္တသမုဋ္ဌာနာနံ ဟု ဆိုသည်။

## အကု အကု နိဿယ

အကုသလော–အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိသော၊ ဓမ္မော–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားသည်၊ အကုသလဿ–အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်းလက္ခဏာရှိသော၊ ဓမ္မဿ–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားအား၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာဓိပတိ–အကုသိုလ်ဆိုအပ်သော အဓိပတိသည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ် ဖြစ်ကုန်သော၊ ခန္ဓာနံ–စိတ်စေတသိက်ခန္ဓာတို့အား၊ အဓိပတိပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–ဖြစ်၏။

## အကု အကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဂု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

<u>ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ</u> + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

/

ဆန္ဒ, ဝီရိယ, (အကုသိုလ်အဓိပတိ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဆန္ဒ, ဝီရိယ, တခုခုကို အကုသလာဓိပတိဟု ဆိုသည်။ အဓိပတိဖြစ်နိုင်သော တရားလေးပါးတွင် အဓိပတိဖြစ်သော တရားတပါးပါးမှ အခြားစိတ်နှင့်စေတသိက်တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ အဓိပတိသတ္တိဖြင့် ကျေးဇူးပြုခြင်းကို အဓိပတိပစ္စယေန ပစ္စယောဟု ဆိုသည်။

## အကု ဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဂု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

<u>ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ</u> + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

/

ဆန္ဒ, ဝီရိယ, (အကုသိုလ်အဓိပတိ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဆန္ဒ, ဝီရိယ, တခုခုကို အကုသလာဓိပတိဟု ဆိုသည်။ အဓိပတိဖြစ်နိုင်သော တရားလေးပါးတွင် အဓိပတိဖြစ်သော တရားတပါးပါးကြောင့်ဖြစ်သော (သာဓိပတိ)စိတ္တဇရုပ်တို့ကို စိတ္တသမုဋ္ဌာနာန် ဟု ဆိုသည်။

## အကု အကုဇျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

/

ဆန္ဒ, ဝီရိယ, (အကုသိုလ်အဓိပတိ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဆန္ဒ, ဝီရိယ, တခုခုကို အကုသလာဓိပတိဟု ဆိုသည်။ အဓိပတိဖြစ်နိုင်သော တရားသုံးပါးတွင် အဓိပတိဖြစ်သော တရားတပါးပါးမှ အခြားစိတ်နှင့်စေတသိက်တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ အဓိပတိဖြစ်နိုင်သော တရားသုံးပါးတွင် အဓိပတိဖြစ်သော တရားတပါးပါးကြောင့်ဖြစ်သော (သာဓိပတိ)စိတ္တဇရုပ်တို့ကို စိတ္တသမုဋ္ဌာနာန် ဟု ဆိုသည်။

## ဇျာ ဇျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo

သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

/

ဆန္ဒ, ဝီရိယ, ပညာ (ကြိယာဇျာကတာဓိပတိ)

သင်္ခါရ | နိဗ္ဗာန်

မဂ္ဂဝီထိပုံစံ။ ဘ န ဒ မ ပ ဥ နု | ဂေါ မဂ် ဖိုလ် ဖိုလ် ဘ ဘ

ooo

သောပတ္တိဖိုလ်စိတ်+စေ ၃၆၊ စိတ္တဇရုပ် (ဥတုဇ,ကမ္မဇ,အာဟာရဇ)

/

ဝီရိယ,ဆန္ဒ,ပညာ(ဝိပါကာဇျာကတာဓိပတိ)

အဓိပတိပစ္စည်း (ပစ္စယနိဒ္ဒေသ)

| | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| အပေါင်း | အဓိပတိ တရားကိုယ် ၄-ပါး | သာဓိပတိဇော ၅၂၊ ဝိစိကိစ္ဆာကြဉ်သော စေ ၅၁၊ စိတ္တဇရုပ် |

| ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
|---|---|---|---|---|---|
| ဆန္ဒာဓိပတိ | သာဓိပတိဇော ၅၂၊ ဆန္ဒ,ဝိစိကိစ္ဆာကြဉ် စေ ၅၀၊ စိတ္တဇရုပ် | တ | ယ | ဓိ.သ.ည.နိ.ဝိ. သံ.ဝိပ်.တ္ထိ.အဝိ | ၉ |
| ဝီရိယာဓိပတိ | သာဓိပတိဇော ၅၂၊ ဝီရိယ,ဝိစိကိစ္ဆာကြဉ် စေ ၅၀၊ စိတ္တဇရုပ် | တ | ယ | ဓိ.သ.ည.နိ.ဝိ.ဣ.မဂ်. သံ.ဝိပ်.တ္ထိ.အဝိ | ၁၁ |
| သာဓိပတိဇော ၅၂၊ | ဝိစိကိစ္ဆာကြဉ် စေ ၅၁၊ စိတ္တဇရုပ် | တ | ယ | ဓိ.သ.ည.နိ.ဝိ.ဟာ.ဣ. သံ.ဝိပ်.တ္ထိ.အဝိ | ၁၁ |
| ဝီမံသာဓိပတိ | သာဓိပတိတိဟိတ်ဇော ၃၄၊ ဝီမံသကြဉ် စေ ၃၇၊ စိတ္တဇရုပ် | တ | ယ | ဓိ.ဟေ.သ.ည.နိ.ဝိ.ဣ.မဂ်. သံ.ဝိပ်.တ္ထိ.အဝိ | ၁၂ |

အဓိပတိပစ္စည်း (ပဥှာဝါရ)

| | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| အပေါင်း | အဓိပတိ ၃-၄ ပါး | သာဓိပတိဇော ၅၂၊ ဝိစိကြဉ် စေ-၅၁၊ သာဓိပတိစိတ္တဇရုပ် |

| သင်္ချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ကု | ကု | ၃-၄ ပါး | မဟာကု-၈၊ မဟဂ္ဂုတ်ကု-၉၊ မဂ်-၄၊ စေ-၃၈ | တ | ယ | ဓိ.ဟေ.သ.ည.နိ.အာ. ဣ.မဂ်.သံ.တ္ထိ.အဝိ | ၁၁ |
| ၂ | ကု | ဗျာ | ၃-၄ ပါး | သာဓိပတိစိတ္တဇရုပ် | တ | ယ | ဓိ.ဟေ.သ.နိ.အာ. ဣ.မဂ်.ဝိပ်.တ္ထိ.အဝိ | ၁၀ |
| ၃ | ကု | ကုဗျာ | ၃-၄ ပါး | မဟာကု-၈၊ မဟဂ္ဂုတ်ကု-၉၊မဂ်-၄၊ စေ-၃၈၊ သာဓိပတိစိတ္တဇရုပ် | တ | ယ | ဓိ.ဟေ.သ.နိ.အာ. ဣ.မဂ်.တ္ထိ.အဝိ | ၉ |
| ၄ | အကု | အကု | ဆန္ဒ,ဝီရိယ,စိတ္တ ၃ | လောဘမူ-၈၊ ဒေါသမူ-၂၊စေ-၂၆ | တ | ယ | ဓိ.သ.ည.နိ.အာ. ဣ.မဂ်.သံ.တ္ထိ.အဝိ | ၁၀ |
| ၅ | အကု | ဗျာ | ဆန္ဒ,ဝီရိယ,စိတ္တ ၃ | သာဓိပတိစိတ္တဇရုပ် | တ | ယ | ဓိ.သ.နိ.အာ. ဣ.မဂ်.ဝိပ်.တ္ထိ.အဝိ | ၉ |
| ၆ | အကု | အကုဗျာ | ဆန္ဒ,ဝီရိယ,စိတ္တ ၃ | လော-၈၊ ဒေါ-၂၊စေ-၂၆၊စိတ္တဇရုပ် | တ | ယ | ဓိ.သ.နိ.အာ. ဣ.မဂ်.တ္ထိ.အဝိ | ၈ |
| ၇ | ဗျာ | ဗျာ | ၃-၄ ပါး | မဟာကြိ-၈၊မဟဂ္ဂုတ်ကြိ-၉၊ဖိုလ်-၄၊ စေ-၃၈၊သာဓိပတိစိတ္တဇရုပ် | တ | ယ | ဓိ.ဟေ.သ.ည.နိ.ဝိ.အာ. ဣ.မဂ်.သံ.ဝိပ်.တ္ထိ.အဝိ | ၁၃ |

## ပစ္စယနိဒ္ဒေသပါဠိ

အဓိပတိပစ္စယောတိ

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။
ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။
စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။
ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

## ဆန္ဒာဓိပတိ

"ဆန္ဒာဓိပတိ"ဟူသော ကတ္တားပါဌ်ဖြင့် သာဓိပတိဇော ၅၂–ခု၌ရှိသော ဆန္ဒာဓိပတိပစ္စည်းတရားကို ပြတော်မူ၏။ "ဆန္ဒသမ္ပယုတ္တကာနံ။ပ။ရူပါနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့် သာဓိပတိဇော ၅၂–ခု၊ ဆန္ဒ,ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပညာသ၊ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "အဓိပတိပစ္စယေန" ဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤကိုးပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

## ဝီရိယာဓိပတိ

"ဝီရိယာဓိပတိ"ဟူသော ကတ္တားပါဌ်ဖြင့် သာဓိပတိဇော ၅၂–ခု၌ရှိသော ဝီရိယာဓိပတိပစ္စည်းတရားကို ပြတော်မူ၏။ "ဝီရိယသမ္ပယုတ္တကာနံ။ပ။ရူပါနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့် သာဓိပတိဇော ၅၂–ခု၊ ဝီရိယ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပညာသ၊ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "အဓိပတိပစ္စယေန" ဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့တပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

## စိတ္တာဓိပတိ

'စိတ္တာဓိပတိ"ဟူသော ကတ္တားပါဌ်ဖြင့် သာဓိပတိဇော ၅၂-ဟုဆိုအပ်သော စိတ္တာဓိပတိပစ္စည်းတရားကို ပြတော်မူ၏။ "စိတ္တသမ္ပယုတ္တကာနံ။ပ။ရူပါနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဧကပညာသ၊ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "အဓိပတိပစ္စယေန" ဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့တပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

## ဝီမံသာဓိပတိ

"ဝီမံသာဓိပတိ"ဟူသော ကတ္တားပါဌ်ဖြင့် သာဓိပတိ တိဟိတ်ဇော ၃၄-ခု၌ရှိသော ဝီမံသာဓိပတိ ပစ္စည်းတရားကို ပြတော်မူ၏။ "ဝီမံသသမ္ပယုတ္တကာနံ။ပ။ရူပါနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့် သာဓိပတိ တိဟိတ်ဇော ၃၄-ခု၊ ဝီမံသကြဉ်သော စေတသိက် သတ္တတိံသ၊ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "အဓိပတိပစ္စယေန" ဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့နှစ်ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

## ပဉှာဝါရပါဠိ
## အဓိပတိပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။

## ကုသလော ကုသလဿ

ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်ရှစ်ခု၊ ဇကန်ရသော မဟဂ္ဂုတ်ကုသိုလ် ကိုးခု၊ မဂ်လေးခု၊ စေတသိက်အဋ္ဌတ္တိံသ၊ စိတ္တက္ခဏတခုတခု၌ရှိသော အဓိ ပတိတရားကိုယ် သုံးပါးလေးပါးတို့တွင် တပါးပါး ပစ္စည်းတရား ရ၏။

သမ္ပဒါန်ကား အဓိပတိတရားကိုယ်ကြဉ်သော သမ္ပယုတ္တက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းကား တပြိုင်နက်ယထာရဟတပ်ကောင်းသော အဓိပတိ၊ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့တပစ္စယသတ္တိတို့တွင် သဟဇာတာဓိပတိသတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

## ကုသလော အဗျာကတဿ

ကတ္တားကား သာဓိပတိစိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်ရှစ်ခု၊ ဇောန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ စေတသိက်အဋ္ဌတ္တိံသ၊ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါးလေးပါးတို့တွင် တပါးပါး ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ ဟေတု၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတစ်ဆယ်ပစ္စယ သတ္တိတို့တွင် သဟဇာတာဓိပတိသတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

## ကုသလော ကုသလာဗျာကတဿ

ကုသလော ကုသလာဗျာကတဿ၌ ကတ္တားပုဒ်၏ အရကား သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ် အား တပ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်ရှစ်ခု၊ ဇောန်ရသော မဟဂ္ဂုတ်ကုသိုလ်ကိုးခု၊ မဂ်လေးခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါးလေးပါးတို့တွင် တပါးပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အဓိပတိတရားကိုယ်ကြဉ်သော သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ ဟေတု၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ၊ ဤကိုးပစ္စယ သတ္တိတို့တွင် သဟဇာတာဓိပတိသတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။

## အကုသလော အကုသလဿ

ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော အဓိပတိပစ္စည်းကို ရသောအခါ လောဘမူစိတ်ရှစ်ခု၊ ဒေါသမူဒွေး၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဆဖွိုသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါးတို့တွင် တပါးပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အဓိပတိတရားကိုယ်ကြဉ်သော သမ္ပယုတ္တက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤဆယ်ပစ္စယ သတ္တိတို့တွင် သဟဇာတာဓိပတိသတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

## အကုသလော အဗျာကတဿ

ကတ္တားကား သာဓိပတိစိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ လောဘမူစိတ်ရှစ်ခု၊ ဒေါသမူဒွေး၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဆဖွိုသ၊ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါးတို့တွင် တပါးပါး ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤကိုးပစ္စယ သတ္တိတို့တွင် သဟဇာတာဓိပတိသတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿစ အဗျာကတဿစ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

## အကုသလော အကုသလာဗျာကတဿ

အကုသလော အကုသလာဗျာကတဿ၌ ကတ္တားပုဒ်၏ အရကား အဓိပတိပစ္စည်းကို ရသောအခါ လောဘမူစိတ်ရှစ်ခု၊ ဒေါသမူဒွေး၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဆဗ္ဗီသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် သုံးပါးတို့တွင် တပါးပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အဓိပတိတရားကိုယ်ကြဉ်သော သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက်ယထာရဟတပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယ သတ္တိတို့တွင် သဟာဇာတာ ဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

(ဝိဓိ) အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။
(အနုဝါဒ) ဝိပါကာဗျာကတာ ကြိယာဗျာကတာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

## အဗျာကတော အဗျာကတဿ

ကတ္တားကား သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ်အား တပ်သော အဓိပတိပစ္စည်းကို ရသောအခါ မဟာကြိယာရှစ်ခု၊ ဇောနရသော မဟဂ္ဂုတ်ကြိယာကိုးခု၊ ဖိုလ်လေးခု၊ စေတသိက် အဋ္ဌတ္တိံသ၌ရှိသော အဓိပတိတရားကိုယ် သုံးပါး,လေးပါးတို့တွင် တပါးပါး ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား အဓိပတိတရားကိုယ်ကြဉ်သော သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက်ယထာရဟတပ်ကောင်းသော အဓိပတိ၊ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့သုံးပစ္စယ သတ္တိတို့တွင် သဟာဇာတာဓိပတိသတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ကမ္မပစ္စယော

၁။သဟဇာတကမ္မ
၂။နာနက္ခဏိကကမ္မ

**သဟဇာတကမ္မပစ္စယော**။ ။ ကိုယ်၏အမူအရာအထူးသည် ကာယဝိညတ်ဖြစ်၍ နှုတ်၏အမူအရာ အထူးသည် ဝစီဝိညတ်ဖြစ်သကဲ့သို့ ထို့အတူ စိတ်၏အမူအရာအထူးကို "ပယောဂဗျာပါရ"ဟုခေါ်၏၊ တရားကိုယ်အားဖြင့် စေတနာပင်တည်း။ ထို့ကြောင့် စေတနာကို လုံ့လကြောင့်ကြဗျာပါရ အားကြီးသော တပည့်ကြီးစသည်နှင့်တူ၏–ဟု ဥပမာပြသည်။ ထိုစေတနာ၏ ထူးခြားသော အမူအရာ ဗျာပါရသတ္တိ[၁]သည် ကမ္မပစ္စည်းမည်၏။ ကမ္မနှစ်မျိုးတွင် တကွဖြစ်ဘက်တရာစုအား ကျေးဇူးပြုသော စေတနာသည် သဟဇာတကမ္မပစ္စည်းဖြစ်ရကား သူသည် ပစ္စယုပ္ပန်မဖြစ်နိုင်တော့သဖြင့် ပစ္စနိက်မှာ ပါဝင်ရပြန်သည်။

သဟဇာတကမ္မ

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| စိတ် ၈၉–ခုရှိ စေတနာ ၈၉ | စိတ် ၈၉၊ စေတနာကြဉ် စေတသိက် ၅၁၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် | စိတ် ၈၉ရှိ စေတနာ ၈၉–ခု၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ |

**ပစ္စည်း ပစ္စယုပ္ပန်**။ ။လောဘမူပဌမစိတ်, စေတသိက်ဖြစ်ရာ၌ ထို၌ပါသော စေတနာသည် ပစ္စည်း, လောဘမူပဌမစိတ်, စေတနာမှကြွင်းသောစေတသိက်၁၈, လောဘမူစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။(ဤ၌ ပစ္စည်းထိုက်သော စေတနာမှာ ပစ္စနိက်ဖြစ်ရတော့သည်၊ ဤနည်းအတိုင်း အရဟတ္တဖိုလ်စိတ်တိုင် အောင် သိလေ) ပဋိသန္ဓေကိစ္စတပ်၍ မဟာဝိပါက် ပဌမစိတ်စေတသိက်ဖြစ်ရာ ထို၌ပါသော စေတနာသည် ပစ္စည်း, မဟာဝိပါက်ပဌမစိတ်, စေတနာမှကြွင်းသော စေတသိက်ဗာတ္တိံသ, ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန်၊ ပဋိသန္ဓေစိတ်ဟူသမျှ ဤနည်းအတိုင်းသိလေ၊ အရူပဘုံ၌ဖြစ်ခိုက်မှာ ပစ္စယုပ္ပန်၌ ရုပ်မပါခြင်းသာ ထူး၏။

---

၁ မိမိကိစ္စကို ပြီးစေသကဲ့သို့, သမ္ပယုတ်တရားတို့၏ကိစ္စလည်း ပြီးစေတတ်သော စေတနာကို စိတ်၏ ဗျာပါရဟု ဆိုသည်။ (ပဋ္ဌာန်အနုဋီကာ–၂၈၁၊ ပဋ္ဌာနသာရဝိဘာဝနီကျမ်း ဒု–၁၉၇)
စေတနာဖြစ်မှ စိတ်အင်္ဂါဖြစ်သော ဝိတက် ဝီရိယ လောဘ ဒေါသ သဒ္ဓါ ပညာ စသော ဓာတ်တို့ ကိုယ်ကိစ္စကို လုပ်နိုင်ကြ၍ ကိုယ်မှုနှုတ်မှု ကြံစည်မှု ပြီးသည်။(နိယာမဒီပနီ လယ်တီပေါင်းချုပ် ပတွဲ ၅၀၈)

## ပစ္စယနိဒ္ဒေသပါဠိ

**ကမ္မပစ္စယောတိ** စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ကမ္မပစ္စယောတိ–ကမ္မပစ္စယောဟူသည်ကား၊ စေတနာ–စေတနာသည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ဓမ္မာနဉ္စ–စိတ်တခုယုတ်ကိုးဆယ်, စေတနာကြဉ်သော စေတသိက် ဧကပညာသတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနာနံ–ထိုစေတနာ, စေတနာနှင့်ယှဉ်သောစိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

♠ 'စေတနာ' ဖြင့် အကြောင်းတရားကို ပြသည်။ 'သမ္ပယုတ္တကာနံ ဓမ္မာနံ, တံသမုဋ္ဌာနာနဉ္စ ရူပါနံ' ဖြင့် အကျိုးတရားကို ပြသည်။ 'ကမ္မပစ္စယေန ပစ္စယော' ဖြင့် ကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြသည်။

ပုံစံ။ ဓ ဓ ဓ ဓ ဓ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)

ဝ ဝ ဝ

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း

စေတနာ(အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စေတနာကို စေတနာဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေတနာကြဉ်သော စေတသိက် ၃၂ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ ကာယ, ဘာဝ, ဟဒယကမ္မဇကလာပ် သုံးစည်းကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)

ဝ ဝ ဝ

|

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + စိတ္တဇကလာပ်စည်း + (ဥတုဇ,ကမ္မဇ)

/

စေတနာ(အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စေတနာကို စေတနာဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေတနာကြဉ်သော စေတသိက် ၃၂ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။ ဥတုဇကလာပ်နှင့်ကမ္မဇကလာပ်တို့သည် စေတနာ၏ ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ်သည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

|

သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

|

စေတနာ(အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စေတနာကို စေတနာဟု ဆိုသည်။ သော ဒိသံ အ လောဘမူစိတ်နှင့် စေတနာကြဉ်သော စေတသိက် ၁၈ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို ‘တံသမုဋ္ဌာနာနံ ရူပါနံ’ ဟုဆိုသည်။ ဥတုဇကလာပ်,ကမ္မဇကလာပ်နှင့်အာဟာရဇကလာပ်တို့သည် စေတနာ၏ ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ် သည်။

## ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ(အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စေတနာကို စေတနာဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ်နှင့် စေတနာကြဉ်သော စေတသိက် ၁၆ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟုဆိုသည်။ ဥတုဇကလာပ်,ကမ္မဇကလာပ်နှင့်အာဟာရဇကလာပ်တို့သည် စေတနာ၏ ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ် သည်။

## ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

ဥ ဝိစိ–သံ မောဟမူစိတ် + စေ ၁၅ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ(အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စေတနာကို စေတနာဟု ဆိုသည်။ ဥ ဝိစိ–သံ မောဟမူစိတ်နှင့် စေတနာကြဉ်သော စေတသိက် ၁၄ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။ ဥတုဇကလာပ်,ကမ္မဇကလာပ်နှင့်အာဟာရဇကလာပ်တို့သည် စေတနာ၏ ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ်သည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

သော ည သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စေတနာကို စေတနာဟု ဆိုသည်။ သော ည သံ အ မဟာကုသိုလ်စိတ် + စေတနာကြဉ်သော စေ ၃၂ တို့ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။ ဥတုဇကလာပ်,ကမ္မဇကလာပ်နှင့်အာဟာရဇကလာပ်တို့သည် စေတနာ၏ ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ်သည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

သော ည သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စေတနာကို စေတနာဟု ဆိုသည်။ သော ည သံ အ မဟာကြိယာစိတ် + စေတနာကြဉ်သော စေ ၃၂ တို့ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။ ဥတုဇကလာပ်,ကမ္မဇကလာပ်နှင့်အာဟာရဇကလာပ်တို့သည် စေတနာ၏ ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ်သည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ပဉ္စဒွါရာဝဇ္ဇန်းစိတ် + စေ ၁၀ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စေတနာကို စေတနာဟု ဆိုသည်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ် + စေတနာကြဉ်သော စေ ၉–ခု တို့ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။ ဥတုဇကလာပ်,ကမ္မဇကလာပ်နှင့်အာဟာရဇကလာပ်တို့သည် စေတနာ၏ ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ်သည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

စက္ခုဝိညာဏ်စိတ် + စေ ၇ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စေတနာကို စေတနာဟု ဆိုသည်။ စက္ခုဝိညာဏ်စိတ် + စေတနာကြဉ်သော စေ ၆–ခု တို့ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ ဥတုဇကလာပ်, ကမ္မဇကလာပ်နှင့် အာဟာရဇကလာပ်တို့သည် စေတနာ၏ ကျေးဇူးအပြုမခံရ၍ ပစ္စနိက်ဖြစ်သည်။

## ပဉ္စာဝါရပါဠိ
## ကမ္မပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။
(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။
(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။
(ဝိဓိ) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။
(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။
(ဝိဓိ) အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) ဝိပါကာဗျာကတာ ကြိယာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ စေတနာ ဝတ္ထုဿ ကမ္မပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် - ၁၅၄)

## ကု ကု နိဿယ

ကုသလော–အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော၊ ဓမ္မော–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားသည်၊ ကုသလဿ–အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော၊ ဓမ္မဿ–သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်သော သဘောတရားအား၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်သော၊ စေတနာ–စေတနာသည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ် ဖြစ်ကုန်သော၊ ခန္ဓာနံ–စိတ်စေတသိက်ခန္ဓာတို့အား၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ကု ကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စေတနာကို ကုသလာ စေတနာ ဟု ဆိုသည်။ သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေတနာကြဉ်သော စေ ၃၂–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ ကမ္မသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ကမ္မပစ္စယေန ပစ္စယောဟု ဆိုသည်။

## ကု ဇျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–အား၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြု သည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်သော၊ စေတနာ–စေတနာသည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–ရုပ်တို့အား၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ကု ဇျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

<u>စေတနာ</u> (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စေတနာကို ကုသလာ စေတနာ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။ ကမ္မသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ကမ္မပစ္စယေန ပစ္စယောဟု ဆိုသည်။

## ၈ ကုဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿစ–အားလည်းကောင်း၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြု သည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်သော၊ စေတနာ–စေတနာသည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ် ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်း ရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြု သည်၊ ဟောတိ–ဖြစ်၏။

## ၈ ကုဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဂု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
/ ၀၀၀

<u>သော ဉ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ</u> + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စေတနာကို ကုသလာ စေတနာ ဟု ဆိုသည်။ သော ဉ သံ အ မဟာကုသိုလ်စိတ် + စေတနာကြဉ်သော စေ ၃၂–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံဟု ဆိုသည်။ ကမ္မသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ကမ္မပစ္စယေန ပစ္စယောဟု ဆိုသည်။

## အကု အကု နိဿယ

အကုသလော–အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိသော၊ ဓမ္မော–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားသည်၊ အကုသလဿ–အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိသော၊ ဓမ္မဿ–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားအား၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြု သည်၊ ဟောတိ–ဖြစ်၏။

အကုသလာ–အကုသိုလ်ဖြစ်သော၊ စေတနာ–စေတနာသည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ် ဖြစ်ကုန်သော၊ ခန္ဓာနံ–စိတ်စေတသိက်ခန္ဓာတို့အား၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## အကု အကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ ၀၀၀

<u>ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ</u> + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ(အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စေတနာကို အကုသလာ စေတနာ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ်နှင့် စေတနာကြဉ်သော စေ ၁၆–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ ကမ္မသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ကမ္မပစ္စယေန ပစ္စယောဟု ဆိုသည်။

## အကု ဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–အား၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြု သည်၊ ဟောတိ–ဖြစ်၏။

အကုသလာ–အကုသိုလ်ဖြစ်သော၊ စေတနာ–စေတနာသည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက် လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–ရုပ်တို့အား၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## အကု ဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

ဒေါ ပဥ္စသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ(အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စေတနာကို အကုသလာ စေတနာ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။ ကမ္မသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ကမ္မပစ္စယေန ပစ္စယောဟု ဆိုသည်။

## အကု အကုဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿစ–အားလည်းကောင်း၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာ–အကုသိုလ်ဖြစ်သော၊ စေတနာ–စေတနာသည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## အကု အကုဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

ဒေါ ပဥ္စသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ(အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စေတနာကို အကုသလာ စေတနာ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေတနာကြဉ်သော စေ ၁၆–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## ဗျာ ဗျာ နိဿယ

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဝိပါကာဗျာကတာ–ဝိပါက်အဗျာကတဖြစ်သော၊ ကြိယာဗျာကတာ–ကြိယာအဗျာကတဖြစ်သော၊ စေတနာ–စေတနာသည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ ကမ္မ ပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပဋိသန္ဓိက္ခဏေ–ပဋိသန္ဓေခဏ၌၊ ဝိပါကာဗျာကတာ–ဝိပါက်အဗျာကတဖြစ်သော၊ စေတနာ–စေတနာသည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ ကဋတ္တာ စ ရူပါနံ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ စေတနာ–စေတနာသည်၊ ဝတ္ထုဿ–ဟဒယဝတ္ထုအား၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ဗျာ ဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ဝဝဝ

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စေတနာကို ဝိပါကာဗျာကတာ စေတနာ ဟု ဆို သည်။ သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတနာကြဉ်သော စေ ၃၂–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဂု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စေတနာကို ကြိယာဗျာကတာ စေတနာ ဟု ဆိုသည်။ သော ဉာ သံ အ မဟာကြိယာစိတ် + စေတနာကြဉ်သော စေ ၃၂-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ - ပဋိသန္ဓေ ဘ ဘ (လူ့ဘ၀အတွက်)

၀ ၀ ၀

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း

/

စေတနာ(အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စေတနာကို ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ စေတနာဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေတနာကြဉ်သော စေ ၃၂-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ ကာယ, ဘာဝ, ဟဒယကမ္မဇကလာပ် သုံးစည်းကို ကဋတ္တာ စ ရူပါနံ ဟု ဆိုသည်။

♠ ဤဖြစ်စဉ်တွင် 'စေတနာ'က ဟဒယဝတ္ထုအား ကမ္မပစ္စည်းဖြင့် ကျေးဇူးပြုခြင်းကို စေတနာ ဝတ္ထုဿဟု ဆိုသည်။

## "စေတနာ ဝတ္ထုဿ"ဟု ထပ်၍ ဟောရခြင်းအကြောင်း

"ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ" ဟောတော်မူရာတွင် 'စေတနာ'အကြောင်း ဟဒယဝတ္ထုရုပ်က အကျိုးဟု စေတနာနှင့် ဟဒယဝတ္ထုရုပ်ကို အကြောင်းအကျိုး ဆက်စပ်ပြပြီး ဖြစ်ပါသော်လည်း ပဋိသန္ဓေအခါ ဟဒယဝတ္ထုရုပ်သည် နာမ်တရားအား သဟဇာတစသော ပစ္စည်းဖြင့် ကျေးဇူးပြု၏။ ထို့အပြင် "စေတနာ"ကလည်း ဟဒယဝတ္ထုအား သဟဇာတကမ္မဖြင့် ကျေးဇူးပြုသည်ကို သိစေလို၍ "စေတနာ ဝတ္ထုဿ"ဟု ထပ်၍ ဟောရသည်။ (ပဋ္ဌာန်းအရကောက်-၄၃၀)

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ပဉ္စဒွါရာဝဇ္ဇန်းစိတ် + စေ ၁၀ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ (အဗျာကတဟိတ်)

♠ ဤဖြစ်စဉ်တွင် စေတနာကို ကြိယာဗျာကတာ စေတနာဟု ဆိုသည်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ် + စေတနာကြဉ်သော စေ ၉–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

စက္ခုဝိညာဏ်စိတ် + စေ ၇ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

စေတနာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စေတနာကို ဝိပါကာဗျာကတာ စေတနာဟု ဆိုသည်။ စက္ခုဝိညာဏ်စိတ် + စေတနာကြဉ်သော စေ ၆–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။

ကမ္မပစ္စည်း(ပစ္စယနိဒ္ဒေသ)

| အပေါင်း | ပစ္စည်း | ပစ္စယုပ္ပန် | | | ကရိုဏ်း | ပေါင်း |
|---|---|---|---|---|---|---|
| | စေတနာ | စိတ် ၈၉၊ စေတနာကြဉ်<br>စေ ၅၁၊ စိတ္တဇရုပ်၊<br>ပဋိသန္ဓေကမ္မဇရုပ်၊ | တ | ယ | ကံ.သ.ည.နိ.ဝိ.ဟာ.သံ.ဝိ.<br>တ္ထိ.အဝိ | ၁၀ |

ကမ္မပစ္စည်း(ပဥှာဝါရ)

| သင်္ချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | | | ကရိုဏ်း | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ကု | ကု | စေတနာ | ကု ၂၁၊ စေ ၃၇ | တ | | ကံ.သ.ည.နိ.ဟာ.သံ.<br>တ္ထိ.အဝိ | ၈ |
| ၂ | ကု | ဇျာ | စေတနာ | စိတ္တဇရုပ် | တ | | ကံ.သ.နိ.ဟာ.ဝိပ်.<br>တ္ထိ.အဝိ | ၇ |
| ၃ | ကု | ကုဇျာ | စေတနာ | ကု ၂၁၊ စေ ၃၇<br>စိတ္တဇရုပ် | တ | | ကံ.သ.နိ.ဟာ.<br>တ္ထိ.အဝိ | ၆ |
| ၄ | အကု | အကု | စေတနာ | အကု ၁၂၊ စေ ၂၆ | တ | | ကံ.သ.ည.နိ.ဟာ.သံ.<br>တ္ထိ.အဝိ | ၈ |
| ၅ | အကု | ဇျာ | စေတနာ | စိတ္တဇရုပ် | တ | | ကံ.သ.နိ.ဟာ.ဝိပ်.<br>တ္ထိ.အဝိ | ၇ |
| ၆ | အကု | အကုဇျာ | စေတနာ | အကု ၁၂၊ စေ ၂၆<br>စိတ္တဇရုပ် | တ | | ကံ.သ.နိ.ဟာ.<br>တ္ထိ.အဝိ | ၆ |
| ၇ | ဇျာ | ဇျာ | စေတနာ | ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၇<br>စိတ္တဇရုပ် | တ | ယ | ကံ.သ.ည.နိ.ဝိ.ဟာ.သံ.<br>ဝိပ်.တ္ထိ.အဝိ | ၁၀ |

## ပစ္စနိဒ္ဒေသပါဠိ

**ကမ္မပစ္စယောတိ** စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ ကမ္မပစ္စယေန ပစ္စယော။

'စေတနာ'ဟူသော ကတ္တားပါဌ်ဖြင့် စိတ်တခုယုတ်ကိုးဆယ်၌ ရှိသော စေတနာ ပစ္စည်းတရားရ၏။ 'သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ'ဟူသော သမ္ပဒါန်ပါဌ်ဖြင့် စိတ်တခုယုတ်ကိုးဆယ်, စေတနာကြဉ်သော စေတသိက် ဧကပညာသဟုဆိုအပ်သော သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ 'ကမ္မပစ္စယေန' ဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်ယထာရဟ တပ်ကောင်းသော ကမ္မ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤဆယ်ပစ္စယသတ္တိတို့တွင် ကမ္မပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

(ပဋ္ဌာန်းအရကောက် ၄၂)

## ပဉှာဝါရပါဠိ
### ကမ္မပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။

ကုသလော ကုသလဿ၌ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော ကုသိုလ်ဇေတီသ၌ရှိသော စေတနာ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်ဇေတီသ၊ စေတနာကြဉ်သော စေတသိက်သတ္တတိံသ ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက်တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် ကမ္မပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ကုသလော အဗျာကတဿ၌ ကတ္တားကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဇေတီသ၌ ရှိသော စေတနာ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက်တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊

ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် ကမ္မပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ကုသလော ကုသလာဗျာကတဿ၌ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဇေဝီသ၌ ရှိသော စေတနာ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ အတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် ကမ္မသတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။

အကုသလော အကုသလဿ၌ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော အကုသိုလ်ဒွါဒသ၌ရှိသော စေတနာပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ စေတနာကြဉ်သော စေတသိက် ၂၆၊ ပစ္စယုပ္ပန် တရား ရ၏။ ကရိဏ်းကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် ကမ္မပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

အကုသလော အဗျာကတဿ၌ ကတ္တားကား စိတ္တဇရုပ်အားတပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၌ ရှိသော စေတနာ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက်တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် ကမ္မပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

အကုသလော အကုသလာဗျာကတဿ၌ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၌ရှိသော စေတနာပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ စေတနာကြဉ်သော စေတသိက် ဆဗ္ဗီသ သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ အတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် ကမ္မသတ္တိဝိသေသ ရ၏။

(ဝိဓိ) အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
(အနုဝါဒ) ဝိပါကာဗျာကတာ ကြိယာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ စေတနာ ဝတ္ထုဿ ကမ္မပစ္စယေန ပစ္စယော။

အဗျာကတော အဗျာကတဿ၌ **ပဝတ္တိအခါ** ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားငှင်း၊ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အားငှင်း တပ်သော ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ် ဝီသ၌ ရှိသော စေတနာပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ် ဝီသ, စေတနာကြဉ်သော စေတသိက်သတ္တတိံသ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား သမ္ပယုတ္တက္ခန္ဓာအားငှင်း၊ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အားငှင်း တပ်သော ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ် ဝီသ၌ ရှိသော စေတနာပစ္စည်းတရား ဖြစ်အံ့, တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤဆယ်ပစ္စယသတ္တိတို့တွင် ကမ္မသတ္တိဝိသေသ ရ၏။

**ပဋိသန္ဓေအခါ** ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားငှင်း၊ သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်အားငှင်း တပ်သော ပဋိသန္ဓေ ဇကူနဝီသ၌ ရှိသော စေတနာ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ပဋိသန္ဓေ ဇကူနဝီသ, စေတနာကြဉ်သော စေတသိက် စတုတ္တိံသ သမ္ပယုတ္တက္ခန္ဓာ၊ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤဆယ်ပစ္စယသတ္တိတို့တွင် ကမ္မသတ္တိဝိသေသ ရ၏။

(ပဋ္ဌာန်းအရကောက် ၄၂၈–၄၃၁)

## ပိဋကတ်တော်လာ ဂဏန်းများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဧက | ၁ | ဆဗ္ဗီသတိ | ၂၆ | ဧကပညာသ | ၅၁ | အသီတိ | ၈၀ |
| ဒွိ | ၂ | သတ္တဝီသတိ | ၂၇ | ဒွေပညာသ | | ဧကာသီတိ | ၈၁ |
| တိ | ၃ | အဋ္ဌဝီသတိ | ၂၈ | ဒွိပညာသ | ၅၂ | ဒွေအသီတိ | ၈၂ |
| စတု | ၄ | ဧကူနတိံသ | ၂၉ | တေပညာသ | ၅၃ | တေအသီတိ | ၈၃ |
| ပဉ္စ | ၅ | တိံသ | | စတုပညာသ | ၅၄ | စတုရာသီတိ | ၈၄ |
| ဆ | ၆ | တိံသတိ | ၃၀ | ပဉ္စပညာသ | ၅၅ | ပဉ္စအသီတိ | ၈၅ |
| သတ္တ | ၇ | ဧကတ္တိံသ | ၃၁ | ဆပ္ပညာသ | ၅၆ | ဆအသီတိ | ၈၆ |
| အဋ္ဌ | ၈ | ဒွတ္တိံသ | | သတ္တပညာသ | ၅၇ | သတ္တအသီတိ | ၈၇ |
| နဝ | ၉ | ဗာတ္တိံသ | ၃၂ | အဋ္ဌပညာသ | ၅၈ | အဋ္ဌအသီတိ | ၈၈ |
| ဒသ | ၁၀ | တေတ္တိံသ | ၃၃ | ဧကူနသဋ္ဌိ | ၅၉ | ဧကူနနဝုတိ | ၈၉ |
| ဧကာ ဒသ | | စတုတ္တိံသ | ၃၄ | သဋ္ဌိ | ၆၀ | နဝုတိ | ၉၀ |
| ဧကာ ရသ | ၁၁ | ပဉ္စတ္တိံသ | ၃၅ | ဧကသဋ္ဌိ | ၆၁ | ဧကနဝုတိ | ၉၁ |
| ဒွါဒသ | | ဆတ္တိံသ | ၃၆ | ဒွါသဋ္ဌိ | ၆၂ | ဒွေနဝုတိ | ၉၂ |
| ဗာရသ | ၁၂ | သတ္တတိံသ | ၃၇ | တေသဋ္ဌိ | ၆၃ | တေနဝုတိ | ၉၃ |
| တေရသ | ၁၃ | အဋ္ဌတ္တိံသ | ၃၈ | စတုသဋ္ဌိ | ၆၄ | စတုနဝုတိ | ၉၄ |
| စုဒ္ဒသ | | ဧကူနစတ္တာလီသ | ၃၉ | ပဉ္စသဋ္ဌိ | ၆၅ | ပဉ္စနဝုတိ | ၉၅ |
| စတုဒ္ဒသ | ၁၄ | စတ္တာလီသ | | ဆသဋ္ဌိ | ၆၆ | ဆနဝုတိ | |
| ပန္နရသ | ၁၅ | စတ္တာရီသ | ၄၀ | သတ္တသဋ္ဌိ | ၆၇ | ဆန္နဝုတိ | ၉၆ |
| သောဠသ | ၁၆ | ဧကစတ္တာလီသ | ၄၁ | အဋ္ဌသဋ္ဌိ | ၆၈ | သတ္တနဝုတိ | ၉၇ |
| သတ္တရသ | ၁၇ | ဒွေစတ္တာလီသ | ၄၂ | ဧကူနသတ္တတိ | ၆၉ | အဋ္ဌနဝုတိ | ၉၈ |
| အဋ္ဌာရသ | ၁၈ | တေစတ္တာလီသ | ၄၃ | သတ္တတိ | ၇၀ | ဧကူနသတံ | ၉၉ |
| ဧကူနဝီသတိ | ၁၉ | စတုစတ္တာလီသ | ၄၄ | ဧကသတ္တတိ | ၇၁ | သတ | ၁၀၀ |
| ဝီသတိ | ၂၀ | ပဉ္စစတ္တာလီသ | ၄၅ | ဒွါသတ္တတိ | ၇၂ | သဟဿ | တထောင် |
| ဧကဝီသတိ | ၂၁ | ဆစတ္တာလီသ | ၄၆ | တေသတ္တတိ | ၇၃ | ဒသသဟဿ | တသောင်း |
| ဒွါဝီသတိ | | သတ္တစတ္တာလီသ | ၄၇ | စတုသတ္တတိ | ၇၄ | သတသဟဿ | တသိန်း |
| ဗာဝီသတိ | ၂၂ | အဋ္ဌစတ္တာလီသ | ၄၈ | ပဉ္စသတ္တတိ | ၇၅ | ဒသသတသဟဿ | |
| ဒွေဝီသတိ | | ဧကူနပညာသ | ၄၉ | ဆသတ္တတိ | ၇၆ | | တသန်း |
| တေဝီသတိ | ၂၃ | ပညာသ | | သတ္တသတ္တတိ | ၇၇ | ကောဋိ | ကုဋေ |
| စတုဝီသတိ | ၂၄ | ပဏ္ဏာသ | ၅၀ | အဋ္ဌသတ္တတိ | ၇၈ | | |
| ပဉ္စဝီသတိ | ၂၅ | ပညာသတိ | | ဧကူနာသီတိ | ၇၉ | | |

## အာဟာရပစ္စယော

၁။ရုပ်အာဟာရ
၂။နာမ်အာဟာရ

စတ္တာရော အာဟာရာ ကဗဠီကာရော အာဟာရော, ဖဿော ဒုတိယော, မနောသဉ္စေတနာ တတိယာ, ဝိညာဏံ စတုတ္ထံ။ (အဘိဓမ္မတ္ထသင်္ဂဟ ပါဠိ ၁၂၀)

အာဟာရာ–အာဟာရတို့သည်၊ ကဗဠီကာရော အာဟာရော–ကဗဠီကာရာဟာရ၄င်း၊ ဒုတိယော–ဒုတိယဖြစ်သော၊ ဖဿော–ဖဿာဟာရ၄င်း၊ တတိယာ–တတိယဖြစ်သော၊ မနောသဉ္စေတနာ–မနောသဉ္စေတနာဟာရ၄င်း၊ စတုတ္ထံ–စတုတ္ထဖြစ်သော၊ ဝိညာဏံ–ဝိညာဏာဟာရ၄င်း၊ ဣတိ–ဤသို့၊ စတ္တာရော– လေးပါးတို့တည်း။ (အခြေပြုသင်္ဂြိုဟ်–၄၃၀)

မိမိဆိုင်ရာ ပစ္စယုပ္ပန်တရားတို့ကို လွန်စွာဆောင်တတ်သောကြောင့် အာဟာရမည်၏။ ဟိတ်အာရုံစသော ပစ္စည်းတို့လည်း မိမိဆိုင်ရာ ပစ္စယုပ္ပန်တရားများကို ဆောင်ကြပေ၏။ သို့သော် အဇ္ဈတ္တသန္တာန်မှာ (ခန္ဓာအစဉ်မှာ) လွန်စွာကျေးဇူးများသည့်အတွက် ကဗဠီကာရစသော ၄–ပါးကိုသာ "အာဟာရ"ဟု ခေါ်သည်။ "လွန်စွာဆောင်"ဟူရာ၌ ဆောင်ဟူသည်ကား အကျိုးပစ္စယုပ္ပန်တရားစုကို အခွန့်ရှည်စွာ ဆက်လက်တည်တန့်အောင် ထောက်ပန့်မှု ဥပတ္ထမ္ဘနသဘောပင်တည်း။ "သူဆောင်နေလို့ သည်အလုပ်ကြီး တည်တန့်နိုင်တယ်, သူမရှိရင်ပျက်မှာဘဲ"ဟူသော လောကပြောရိုးစကား၌ တည်တန့်အောင်ဆောင်ရွက်မှုကို "ဆောင်" ဟု သုံးနိုင်သကဲ့သို့တည်း။ ထို့ကြောင့် "ဤအာဟာရပစ္စည်းကို အိမ်စသည်၌ မယိမ်းမယိုင် ခိုင်မြဲအောင် ထောက်ထားသည့် "ကျား"ခေါ်သော ထောက်တိုင်နှင့်တူ၏"ဟု ဥပမာပြကြလေသည်။

ဆက်ဦးအံ့–"ဤအာဟာရပစ္စည်းတရားတို့၌ ထောက်ပံ့မှု ဥပတ္ထမ္ဘနသတ္တိသာ ရှိ၏, ပစ္စယုပ္ပန်တရားကို ဖြစ်စေနိုင်သောသတ္တိကားမရှိ"ဟု ထင်မှားတတ်၏။ စင်စစ်မှာ ဇနကသတ္တိလည်း ရှိပါ၏။ ဇနကသတ္တိဖြင့် ဖြစ်စေသည့်အရာဝယ် (အခြားပစ္စည်းများလို ဖြစ်စေရုံမျှမဟုတ်, သွားရင်းဟန်လွဲဆိုသလို) အဆက်မပြတ်အောင် ထောက်ပံ့လျက် ဖြစ်စေသောကြောင့် "ထောက်ပံ့တတ်သည်"ဟု ဆိုသည်။ ထင်ရှားစေအံ့–အစာစားလိုက်သည့်အခါ ထိုအစာအာဟာရကြောင့် အာဟာရဇရုပ်ဖြစ်ရုံသာမက တကိုယ်လုံး၌ရှိသော ကမ္မဇ စိတ္တဇ ဥတုဇရုပ်များလည်း တောင့်တောင့်တင်းတင်း လန်းလန်းဆန်းဆန်း ရှိကြ၏။ ထိုကဲ့သို့ လန်းလန်းဆန်းဆန်းရှိကြသဖြင့် ထိုကမ္မဇ စသောရုပ်တို့ မပြတ်စဲနိုင်ဘဲ ဆက်လက်ဖြစ်ပွား ကြပြန်လေသည်။ **နာမ်အာဟာရတို့ကလည်း တကွဖြစ်ဘက်တရားတို့ကို ဖြစ်လဲဖြစ်စေ၏, နာမ်တရားတို့ အဆက်ဆက် တိုးပွားအောင် ထောက်လည်း ထောက်ပံ့လေသည်။**

## နာမ်အာဟာရများ ကျေးဇူးပြုပုံ

နာမ်အာဟာရ သုံးပါးတို့တွင် ဖဿသည် အာရုံ၏အရသာ အကောင်းအဆိုးကို ထုတ်ယူလျက် သမ္ပယုတ်တရားတို့ကို ထိုအာရုံသို့ ရှေးရှုပို့ဆောင်၏။ မှန်၏။ တွေ့ထိခြင်း ဖဿမရှိခဲ့သော် အာရုံ၏ အရသာကို ခံစားခြင်း ဝေဒနာသည် မဖြစ်ပေါ်ပေရာ။ ဝေဒနာမဖြစ်ပေါ်ကလည်း လောဘ, ဒိဋ္ဌိစသော အကုသိုလ်တရားတို့သည်လည်းကောင်း သဒ္ဓါ, သတိစသော ကုသိုလ်တရားတို့သည်လည်းကောင်း ဖြစ်ပေါ်ရန် အခွင့်မရှိချေ။ ထို့ကြောင့် ဖဿာဟာရသည် အစာကို ယူပေးသော ငှက်သတ္တဝါတို့၏ နှုတ်သီးနှင့် တူပေသည်။

စေတနာသည် သတ္တဝါတို့၏ ကိုယ်မှုနှုတ်မှုစိတ်မှုတို့၌ အားထုတ်ခြင်းကို ဖြစ်စေလျက် သမ္ပယုတ်တရား တို့ကို ဆောင်ထား၏။ ကံကြီးကံငယ် အသွယ်သွယ်တို့ကို ပြီးမြောက်စေရန် စေတနာသည် အစဉ်မပြတ် စေ့ဆော်တိုက်တွန်း အားပေးခြင်းကို ပြု၏။ ထို့ကြောင့် စေတနာသည် တနေရာမှ တနေရာသို့ ပျံသန်းသွားလာသော ငှက်တို့၏ အစဉ်မပြတ်လှုပ်ရှားနေသော တောင်ပန်နှင့် တူပေသည်။

ဝိညာဏာဟာရခေါ်သော စိတ်သည်ကား အာရုံကို ယူမှုသိမှု၌ ရှေ့ဆောင်ရှေ့သွားပြုလျက် သမ္ပယုတ် တရားတို့ကို အာရုံသို့ဆောင်၏။ မှန်၏။ ဝိညာဏ်က အာရုံကို ယူပေးခြင်းကြောင့်သာ တွေ့ထိခြင်း ဖဿ, ခံစားခြင်း ဝေဒနာ စသော တရားတို့သည် ဖြစ်ပေါ်ရကုန်၏။ အာရုံကို ယူပေးမည့် ဝိညာဏ်မရှိခဲ့သော် ထိုတရားများလည်း ဖြစ်ပေါ်ရန် အခွင့်မရှိတော့ပေ။ ထို့ကြောင့် ဝိညာဏာဟာရသည် ပျံသန်းသွားလာရန် အရပ်ကို ညွှန်ပြပေးသည့် ငှက်သတ္တဝါ၏ မျက်စိနှင့် တူပေသည်။

ဤသို့လျှင် မိမိတို့ဆိုင်ရာ ပစ္စယုပ္ပန်တရားတို့အား အခြားတရားများနှင့် မတူပဲ ထူးကဲသော အကြောင်း အထောက်အပန့်အနေအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် စိတ်, ဖဿ, စေတနာ ဟူသော နာမ်တရား သုံးမျိုးတို့ကို **အာဟာရ** ဟု ခေါ်ဆိုပေသည်။

(ပရမတ္ထသံခိပ်ဋီကာ ဒုတိယတွဲ ၅၁၀)

## လယ်တီဒီပနီမှ အာဟာရနှင့်စပ်၍ သိမှတ်စရာ စာပိုဒ်များ

အာဟာရဆိုသည်ကား မိမိနှင့်ဆိုင်ရာ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကို လွန်စွာဆောင်ရွက်နိုင်သောစွမ်းအား ဗလ ကြီးကျယ်လှသော တရားကို အာဟာရဟု ဆိုသတည်း။ ထိုအာဟရသည် ရုပ်အာဟာရတစ်ပါး, နာမ်အာဟာရသုံးပါးဟူ၍ လေးပါးရှိ၏။

ရုပ်အာဟာရဆိုသည်ကား ဩဇာရုပ်ကို ဆိုသတည်း၊ ရုပ်အနှစ် ရုပ်အဆီ ဟူ၍လည်းကောင်း ဓာတ်အနှစ် ဓာတ်အဆီဟူ၍လည်းကောင်း ဆိုအပ်၏။ ထိုဩဇာဓာတ်အဆီသည် အဇ္ဈတ္တဩဇာ ဗဟိဒ္ဓဩဇာ ဟူ၍ နှစ်ပါး ရှိ၏။ ပဋိသန္ဓေဥပါဒ်သည်မှစ၍ အဇ္ဈတ္တရုပ်သန္တာန်မှ အစဉ်ပါလာခဲ့သော ဩဇာစုသည် အဇ္ဈတ္တဩဇာ မည်၏။ ကလလရေကြည်တည်သော သတ္တာဟမှ နောက်သတ္တာဟ နှစ်သတ္တာဟအလွန်တွင် အမိမျိုသော အစာမှ စိမ့်လာ၍ သူငယ်ရုပ်မှာ ပျံ့နှံ့သည့်အခါမှ စ၍ အသက်ထက်ဆုံး အပမှ မျိုအပ်သော ထမင်းဘောဇဉ် စသည်၌ ပါရှိသော ဩဇာစုသည် ဗဟိဒ္ဓဩဇာ မည်၏။

တစ်သတ္တာဟ နှစ်သတ္တာဟ အလွန်မှစ၍ အဘယ်ကြောင့် ဗဟိဒ္ဓဩဇာ မပြတ်မစဲ အမြဲထောက်ပံ့ ရလေသနည်းဟူမူ ဗဟိဒ္ဓဩဇာ ကူညီထောက်ပံ့မှု မရှိခဲ့လျှင် အားနည်းစွာသော အဇ္ဈတ္တဓာတ်ဆီစုကို အားကြီး စွာသော အဇ္ဈတ္တဓာတ်မီးလောင်သဖြင့် အလျင်အမြန် ခန္ဓာကာယ ခြောက်ခမ်းပျက်ဆုံးရာသောကြောင့် တည်း။

(လယ်တီဒီပနီပေါင်းချုပ် တတိယတွဲ စာမျက်နှာ-၂၁၇)

နာမ်အာဟာရသုံးပါးတို့မှာ ဝိညာဏ်သည်သာ ပဓာနဖြစ်၏။ သို့သော်လည်း အလွန်ထင်ရှားသည့် အတွက် ရုပ်အာဟာရကို ရှေးဦးစွာဟောပြီးနောက် ရုပ်အာရုံ၌ တွေ့ထိမှုထင်ရှားသည်ဖြစ်၍ ဖဿကို ဟောတော်မူ၏။ ဖဿမှ ဆက်လက်သော အကျိုးတရားဖြစ်၍ ဖဿ၏အခြားမဲ့၌ စေတနာအာဟာရကို ဟောတော်မူ၏။ ထို့ကြောင့် ထိုသုံးပါးတို့၏ အကြား၌ ဝိညာဏာဟာရကို ဟောခွင့် မရလေရကား နောက်ဆုံးထား၍ ဟောတော်မူသည်။

ကိစ္စပဓာနပြု၍ စဉ်လိုမူကား ဝိညာဏာဟာရ၊ ဖဿာဟာရ၊ မနောသဉ္စေတနာဟာရဟူ၍ စီစဉ်ရာ၏။ ဤစာအုပ်၌မူကား ကိစ္စပြဋ္ဌာန်းမှုကို ပဓာနပြု၍ ဝိညာဏာဟာရကို ရှေ့ထား၍ ပြဆိုပေအံ့။

ထိုသုံးပါးတို့၏ အစဉ်ကား အာရုံကိုသိခြင်းအမှုသည် ဝိညာဏ်ဖြစ်၏။ အာရုံ၌ပါရှိသော ဣဋ္ဌရသ, အနိဋ္ဌရသကို အရ အမိ ယူခြင်းအမှုသည် ဖဿမည်၏။ ဣဋ္ဌရသ, အနိဋ္ဌရသ အတွက်နှင့် သမ္ပယုတ်တရားတို့ကို မနားမနေ စေ့ဆော်ခြင်းအမှုသည် စေတနာမည်၏။

## အာဟာရ သုံးပါး အထူး

သတ္တဝါ၏သန္တာန်၌ စိတ်ဝိညာဏ်သက်သက်သာ ရှိငြားအံ့၊ အဝီစိငရဲမှာဖြစ်၍ ငရဲမီးလောင်၍ နေသော်လည်း ပူသည်ကို သိရုံမျှသာ ရှိလေရာ၏။ မခံသာခြင်း ဆင်းရဲဒုက္ခ ဖြစ်ခြင်းဟူ၍ အဏုမြူမျှ မရှိလေရာ၊ ဖဿရှိနေသည့်အတွက်ကြောင့် မခံသာခြင်း ဆင်းရဲဒုက္ခ ဖြစ်ခြင်း ရှိရလေသည်။ ဖဿသာရှိ၍ စိတ်မရှိခဲ့ငြားအံ့၊ အဝီစိငရဲမီး ပူသည်ကိုမျှ သိခြင်းမရှိပြီ၊ သစ်တုံးနှင့် အတူတူသာ ဖြစ်၍ နေလေရာ၏။ စိတ်နှင့် ဖဿသာရှိ၍ စေတနာမရှိငြားအံ့၊ ကိုယ်၌ မခံသာခြင်း အပြင်းအထန်ဖြစ်၍ နေငြားသော်လည်း ပူလေခြင်း ပူလေခြင်းဟု မနောကံ လှုပ်ရှားမှု၊ ဝစီကံ လှုပ်ရှားမှု၊ ကာယကံလှုပ်ရှားမှု ဟူ၍ မရှိလေရာ၊ စေတနာရှိနေသည့်အတွက် ထိုလှုပ်ရှာခြင်းသုံးပါး ဖြစ်ရလေသတည်း။

(ဆိုလိုရင်းမှာ ဖဿမရှိပဲ ဝိညာဏ်သာရှိက သိရုံသာဖြစ်၍ ခံသာခြင်း မခံသာခြင်း မဖြစ်။ ဝိညာဉ်မရှိပဲ ဖဿသာရှိက သစ်တုံးနှင့် အတူတူပင်။ စေတနာမရှိကလည်း ကံသုံးပါး လှုပ်ရှားမှု မရှိနိုင်။ ဖဿ ကြောင့် သုခ ဒုက္ခဖြစ်သည်၊ သုခ ဒုက္ခကြောင့် လောဘ ဒေါသဖြစ်သည်။ နာမ်တရားများ အာရုံကို ဆက်တိုက်ယူနေခြင်းသည် စေတနာကြောင့်ဖြစ်သည်။ သို့ဖြစ်၍ နာမ်တရားများ သူတို့ဆိုင်ရာ အလုပ်လုပ်နေနိုင်ခြင်းသည် စိတ် ဖဿ စေတနာတို့က ထောက်ပန့်နေခြင်း(အာဟာရ)ကြောင့် ဖြစ်သည်ဟု နားလည်ပါ)

(လယ်တီဒီပနီပေါင်းချုပ် တတိယတွဲ စာမျက်နှာ-၂၃၆)

## နာမ်အာဟာရ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| စိတ် ၈၉၊ ဖဿ၊ စေတနာ | စိတ် ၈၉၊ စေတသိက် ၅၂၊<br>စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် | ဗာဟိရရုပ်၊ အာဟာရဇရုပ်၊<br>ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊<br>ပဝတ္တိကမ္မဇရုပ်၊ |

## နာမ်အာဟာရ

ဖဿပစ္စည်းဖြစ်ခိုက် စေတနာ ဝိညာဏ်တို့ ပစ္စယုပ္ပန်၌ ပါ၏။ ထို့အတူ စေတနာ ပစ္စည်းဖြစ်ခိုက် ဖဿ ဝိညာဏ်တို့ ပစ္စယုပ္ပန်၊ ဝိညာဏ်ပစ္စည်းဖြစ်ခိုက် ဖဿစေတနာတို့ ပစ္စယုပ္ပန်ဖြစ်ရကားပစ္စယုပ္ပန်၌ ထိုသုံးပါးကို မကြဉ်ရ။ အားလုံးစိတ်စေတသိက်တို့ ပစ္စယုပ္ပန်ဖြစ်ကြရသည်။

လောဘမူပဌမစိတ် စေတသိက် စိတ္တဇရုပ်တို့ တပြိုင်နက်ဖြစ်ရာ ဖဿသည် ပစ္စည်း၊ စိတ်, ဖဿကြဉ်သော စေတသိက် ၁၈ခု, စိတ္တဇရုပ်သည် ပစ္စယုပ္ပန်၊ ထို့အတူ စေတနာသည် ပစ္စည်း, စိတ်, စေတနာကြဉ်သော စေတသိက် ၁၈ခု, စိတ္တဇရုပ်သည် ပစ္စယုပ္ပန်၊ လောဘမူပဌမစိတ်ဟူသော ဝိညာဏ်သည် ပစ္စည်း, စေတသိက်၁၉ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ ပဋိသန္ဓေကိစ္စတပ်၍ ဆိုင်ရာ စိတ်စေတသိက် ပဋိသန္ဓေကမ္မဇရုပ်တို့ဖြစ်ရာ၌ ဖဿသည် ပစ္စည်း, စိတ်, စေတသိက်, ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန် စသည်ဖြင့်သိပါ။

# ပစ္စယနိဒ္ဒေသပါဠိ

**အာဟာရပစ္စယောတိ** အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

အာဟာရပစ္စယောတိ–အာဟာရပစ္စယောဟူသည်ကား၊ အရူပိနော–နာမ်ဖြစ်ကုန်သော၊ အာဟာရာ–ဖဿ, စေတနာ, ဝိညာဏ်ဟု ဆိုအပ်သော အာဟာရတို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ဓမ္မာနဉ္စ–စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ–ထိုအာဟာရ, ထိုအာဟာရနှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ အာဟာရပစ္စယေန–နာမ်အာဟာရသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(ပဋ္ဌာန်းအရကောက် ၄၄)

♠ 'အရူပိနော အာဟာရာ' ဖြင့် အကြောင်းတရားကို ပြသည်။ 'သမ္ပယုတ္တကာနံ ဓမ္မာနံ, တံသမုဋ္ဌာနာနဉ္စ ရူပါနံ' ဖြင့်အကျိုးတရားကို ပြသည်။ 'အာဟာရပစ္စယေန ပစ္စယော' ဖြင့် အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)
ဝ ဝ ဝ

<u>သော ဉ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း</u>

ဖဿ, စေတနာ(အဇ္ဈာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿနှင့်စေတနာတို့ကို အရူပိနော အာဟာရာ ဟု ဆိုသည်။ သောဉသံအ မဟာဝိပါက်စိတ်နှင့် စေတသိက် ၃၃ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ ကာယ, ဘာဝ, ဟဒယကမ္မဇကလာပ် သုံးစည်းကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘ၀အတွက်)
၀ ၀ ၀

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + စိတ္တဇကလာပ်စည်း + (ဥတုဇ,ကမ္မဇ)

ဖဿ, စေတနာ(အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿနှင့်စေတနာတို့ကို အရူပိနော အာဟာရာ ဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေတသိက် ၃၃ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ, စေတနာ(အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿနှင့်စေတနာတို့ကို အရူပိနော အာဟာရာ ဟု ဆိုသည်။ သော ဒိသံ အ လောဘမူစိတ်နှင့် စေတသိက် ၁၉ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို 'တံသမုဋ္ဌာနာနံ ရူပါနံ'ဟုဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ(အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿနှင့်စေတနာတို့ကို အရူပိနော အာဟာရာ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ်နှင့် စေတသိက် ၁၇ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟုဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ဥ ဝိစိ–သံ မောဟမူစိတ် + စေ ၁၅ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ(အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿနှင့်စေတနာတို့ကို အရူပိနော အာဟာရာ ဟု ဆိုသည်။ ဥ ဝိစိ–သံ မောဟမူစိတ်နှင့် စေတသိက် ၁၅ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

သော ဉ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿနှင့်စေတနာတို့ကို အရူပိနော အာဟာရာ ဟု ဆိုသည်။ သော ဉ သံ အ မဟာကုသိုလ်စိတ် + စေတသိက် ၃၃ တို့ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

သော ဉ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿနှင့်စေတနာတို့ကို အရူပိနော အာဟာရာ ဟု ဆိုသည်။ သော ဉ သံ အ မဟာကြိယာစိတ် + စေ ၃၃ တို့ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ပဉ္စဒွါရာဝဇ္ဇန်းစိတ် + စေ ၁၀ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿနှင့်စေတနာတို့ကို အရူပိနော အာဟာရာ ဟု ဆိုသည်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ် စေ ၁၀–ခု တို့ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

စက္ခုဝိညာဏ်စိတ် + စေ ၇ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿနှင့်စေတနာတို့ကို အရူပိနော အာဟာရာ ဟု ဆိုသည်။ စက္ခုဝိညာဏ်စိတ် + စေ ၇–ခု တို့ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။

## ပဉ္စဝါရပါဠိ
## အာဟာရပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ အာဟာရပစ္စယေန ပစ္စယော။
(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ အာဟာရာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။
(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ အာဟာရပစ္စယေန ပစ္စယော။
(ဝိဓိ) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ အာဟာရာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။
(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။
(ဝိဓိ) အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။
(အနုဝါဒ) ဝိပါကာဗျာကတာ ကြိယာဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် – ၁၅၅,၁၅၆)

## ကု ကု နိဿယ

ကုသလော–အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော၊ ဓမ္မော–သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်သော သဘောတရားသည်၊ ကုသလဿ–အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော၊ ဓမ္မဿ–သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်သော သဘောတရားအား၊ အာဟာရပစ္စယေန–အာဟာရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ အာဟာရာ–အာဟာရတို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနံ–နာမက္ခန္ဓာတို့အား၊ အာဟာရပစ္စယေန–အာဟာရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ကု ကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

<u>သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ</u> + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ(ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿ,စေတနာတို့ကို ကုသလာ အာဟာရာ ဟု ဆိုသည်။ သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ အာဟာရသတ္တိဖြင့် ကျေးဇူးပြုခြင်းကို အာဟာရပစ္စယေန ပစ္စယောဟု ဆိုသည်။

## ကု ဇျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–အား၊ အာဟာရပစ္စယေန–အာဟာရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ အာဟာရာ–အာဟာရတို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–ရုပ်တို့အား၊ အာဟာရပစ္စယေန–အာဟာရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ကု ဇျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ ဝဝဝ

သော ည သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿ,စေတနာတို့ကို ကုသလာ အာဟာရာ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## ကု ကုဇျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿစ–အားလည်းကောင်း၊ အာဟာရပစ္စယေန–အာဟာရပစ္စယ သတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ အာဟာရာ–အာဟာရတို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ် ဖြစ်ကုန်သော၊ ခန္ဓာနဥ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်း ရှိကုန်သော၊ ရူပါနဥ္စ–ရုပ်တို့အားလည်းကောင်း၊ အာဟာရပစ္စယေန–အာဟာရပစ္စယသတ္တိဖြင့်၊ ပစ္စယော– ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ကု ကုဇျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ ၀၀၀

သော ဉ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ(ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿ,စေတနာတို့ကို ကုသလာ အာဟာရာ ဟု ဆိုသည်။ သော ဉ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံဟု ဆိုသည်။

## အကု အကု နိဿယ

အကုသလော–အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိသော၊ ဓမ္မော–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားသည်၊ အကုသလဿ–အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိသော၊ ဓမ္မဿ–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားအား၊ အာဟာရပစ္စယေန–အာဟာရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ အာဟာရာ–အာဟာရတို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနံ–စိတ်စေတသိက်ခန္ဓာတို့အား၊ အာဟာရပစ္စယေန–အာဟာရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## အကု အကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ(အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿ,စေတနာတို့ကို အကုသလာ အာဟာရာ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ်နှင့် စေ ၁၇–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။

## အကု ဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–အား၊ အာဟာရပစ္စယေန–အာဟာရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊အာဟာရာ–အာဟာရတို့သည်၊စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–ရုပ်တို့အား၊ အာဟာရပစ္စယေန–အာဟာရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## အကု ဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ၀ု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ(အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿ,စေတနာတို့ကို အကုသလာ အာဟာရာ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## အကု အကုဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿစ–အားလည်းကောင်း၊ အာဟာရပစ္စယေန–အာဟာရပစ္စယ သတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ အာဟာရာ–အာဟာရတို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ် ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန် သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ အာဟာရပစ္စယေန–အာဟာရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြု သည်၊ ဟောတိ–ဖြစ်၏။

## အကု အကုဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ၀ု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ(အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿ,စေတနာကို အကုသလာ အာဟာရာ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေတနာကြဉ်သော စေ ၁၆–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## ဗျာ ဗျာ နိဿယ

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ အာဟာရပစ္စယေန–အာဟာရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဝိပါကာဗျာကတာ–ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ကြိယာဗျာကတာ–ကြိယာအဗျာကတဖြစ်ကုန်သော၊ အာဟာရာ–အာဟာရတို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဥ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဥ္စ–ရုပ်တို့အားလည်းကောင်း၊ အာဟာရပစ္စယေန–အာဟာရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပဋိသန္ဓိက္ခဏေ–ပဋိသန္ဓေခဏ၌၊ ဝိပါကာဗျာကတာ–ဝိပါက်အဗျာကတဖြစ်ကုန်သော၊ အာဟာရာ–အာဟာရတို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဥ္စ–ခန္ဓာတို့အားလည်းကောင်း၊ ကဋတ္တာ စ ရူပါနံ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ အာဟာရပစ္စယေန–အာဟာရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ဗျာ ဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ဝဝဝ

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿ,စေတနာတို့ကို ဝိပါကာဗျာကတာ အာဟာရာဟု ဆို သည်။ သော ဉာ သံ အ မဟာဝိပါက်စိတ် + စေ ၃၃–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

သော ဃ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ (အဇ္ဈာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿ,စေတနာတို့ကို ကြိယာဇ္ဈာကတာ အာဟာရာဟု ဆို သည်။ သော ဃ သံ အ မဟာကြိယာစိတ် + စေ ၃၃–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)
o o o

သော ဃ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း

ဖဿ,စေတနာ (အဇ္ဈာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿ,စေတနာတို့ကို ပဋိသန္ဓိက္ခဏေ ဝိပါကာဇ္ဈာကတာ အာဟာရာဟု ဆိုသည်။ သောဃသံအ မဟာဝိပါက်စိတ်နှင့် စေ ၃၃–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆို သည်။ ကာယ, ဘာဝ, ဟဒယကမ္မဇကလာပ် သုံးစည်းကို ကဋတ္တာ စ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

ပဥ္စဒွါရာဝဇ္ဇန်းစိတ် + စေ ၁၀ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ (အဇ္ဈာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿ,စေတနာတို့ကို ကြိယာဇ္ဈာကတာ အာဟာရာဟု ဆို သည်။ ပဥ္စဒွါရာဝဇ္ဇန်းစိတ် + စေ ၁၀ တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

စက္ခုဝိညာဏ်စိတ် + စေ ၇ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဖဿ,စေတနာ (အဇ္ဈာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်,ဖဿ,စေတနာတို့ကို ဝိပါကာဇ္ဈာကတာ အာဟာရာဟု ဆိုသည်။ စက္ခုဝိညာဏ်စိတ် + စေ ၇-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။

## နာမ်အာဟာရပစ္စည်း
## (ပစ္စယနိဒ္ဒေသ)

| | ပစ္စည်း | ပစ္စယုပ္ပန် | | | ကရိုဏ်း | ပေါင်း |
|---|---|---|---|---|---|---|
| အပေါင်း | စိတ်,ဖဿ,စေတနာ | စိတ်–၈၉၊ စေ–၅၂၊ စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ် | တ | ယ | ဟာ.ဓိ.သ.ည.နိ.ကံ.ဝိ.က္လံ.သံ.ဝိပ်.တ္ထိ.အဝိ | ၁၂ |

## နာမ်အာဟာရပစ္စည်း(ပဉှာဝါရ)

| | | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|---|---|
| အပေါင်း | | | စိတ်,ဖဿ,စေတနာ | စိတ်–၈၉၊ စေ–၅၂၊ စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ် | | | | |
| သချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| ၁ | ကု | ကု | စိတ်,ဖဿ,စေတနာ | ၂၁ စေ ၃၈ | တ | ယ | ဟာ.ဓိ.သ.ည.နိ.ကံ.က္လံ.သံ.တ္ထိ.အဝိ | ၁၀ |
| ၂ | ကု | ဗျာ | စိတ်,ဖဿ,စေတနာ | စိတ္တဇရုပ် | တ | ယ | ဟာ.ဓိ.သ.နိ.ကံ.က္လံ.ဝိပ်.တ္ထိ.အဝိ | ၉ |
| ၃ | ကု | ကုဗျာ | စိတ်,ဖဿ,စေတနာ | ၂၁ စေ ၃၈၊ စိတ္တဇရုပ် | တ | ယ | ဟာ.ဓိ.သ.နိ.ကံ.က္လံ.တ္ထိ. အဝိ | ၈ |
| ၄ | အကု | အကု | စိတ်,ဖဿ,စေတနာ | အကု ၁၂ စေ ၂၇ | တ | ယ | ဟာ.ဓိ.သ.ည.နိ.ကံ.က္လံ.သံ.တ္ထိ.အဝိ | ၁၀ |
| ၅ | အကု | ဗျာ | စိတ်,ဖဿ,စေတနာ | စိတ္တဇရုပ် | တ | ယ | ဟာ.ဓိ.သ.နိ.ကံ.က္လံ.ဝိပ်.တ္ထိ.အဝိ | ၉ |
| ၆ | အကု | အကုဗျာ | စိတ်,ဖဿ,စေတနာ | အကု၁၂ စေ၂၇ စိတ္တဇရုပ် | တ | ယ | ဟာ.ဓိ.သ.နိ.ကံ.က္လံ.တ္ထိ.အဝိ | ၈ |
| | ပဝတ္တိ | | စိတ်,ဖဿ,စေတနာ | ဝိ၃ဖကြိ၂၀ စေ၃၈ စိတ္တဇရုပ် | တ | ယ | ဟာ.ဓိ.သ.ည.နိ.ကံ.ဝိ.က္လံ.သံ.ဝိပ်.တ္ထိ.အဝိ | ၁၂ |
| ၇ | ဗျာ | ဗျာ | | | | | | |
| | ပဋိသန္ဓေ | | စိတ်,ဖဿ,စေတနာ | ပဋိ ၁၉ စေ ၃၅ ပဋိကမ္မဇ | တ | ယ | ဟာ.သ.ည.နိ.ကံ.ဝိ.က္လံ.သံ.ဝိပ်.တ္ထိ.အဝိ | ၁၁ |

## ပစ္စနိဒ္ဒေသပါဠိ

**အာဟာရပစ္စယောတိ** အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

"အရူပိနော အာဟာရာ"ဟူသော ကတ္တားပါဌ်ဖြင့် ဖဿ, စေတနာ, ဝိညာဉ် ဟူသော နာမ်အာဟာရ သုံးပါး ပစ္စည်းတရားရ၏။ "သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် စိတ်တခုယတ်ကိုးဆယ်, စေတသိက်ဒွေပညာသ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "အာဟာရပစ္စယေန"ဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာဟာရ၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤတဆယ့်နှစ်ပစ္စယသတ္တိတို့တွင် အာဟာရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

(ပဋ္ဌာန်းအရကောက် ၄၅)

## ပဥှာဝါရပါဠိ

### အာဟာရပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။

(အနုဝါဒ) ကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ အာဟာရပစ္စယေန ပစ္စယော။

ကုသလော ကုသလဿဉ္ဇ ကတ္တားကား သမ္ပယုတ္တကခန္ဓာအားတပ်သော ကုသိုလ်ဇောဝီသ၊ စေတသိက် အဋ္ဌတ္တိံသဉ္ဇရှိသော ဖဿ, စေတနာ, ဝိညာဏ် နာမ်အာဟာရ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်စိတ် ဇောဝီသ၊ စေတသိက် အဋ္ဌတ္တိံသ ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား သမ္ပယုတ္တကခန္ဓာအားတပ်သော နာမ်အာဟာရ သုံးပါးဖြစ်အံ့၊ တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤဆယ်ပစ္စယသတ္တိတို့တွင် အာဟာရပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ အာဟာရာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

ကုသလော အဗျာကတဿဥ္ဇ ကတ္တားကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဧကဝီသ, စေတသိက် အဋ္ဌတ္တိံသဥ္ဇ ရှိသော ဖဿ, စေတနာ, ဝိညာဏ် နာမ်အာဟာရ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤကိုးပစ္စယသတ္တိတို့တွင် အာဟာရပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

ကုသလော ကုသလာဗျာကတဿဥ္ဇ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဧကဝီသ, စေတသိက် အဋ္ဌတ္တိံသဥ္ဇ ရှိသော ဖဿ, စေတနာ, ဝိညာဏ် နာမ်အာဟာရ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ် ဧကဝီသ, စေတသိက် အဋ္ဌတ္တိံသ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် အာဟာရပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ အာဟာရပစ္စယေန ပစ္စယော။

အကုသလော အကုသလဿဥ္ဇ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသဥ္ဇရှိသော ဖဿ, စေတနာ, ဝိညာဏ် နာမ်အာဟာရ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤဆယ်ပစ္စယသတ္တိတို့တွင် အာဟာရပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ အာဟာရာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

အကုသလော အဗျာကတဿ၌ ကတ္တားကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်၁၂ါဒသ၊ စေတသိက် သတ္တဝီသ၌ရှိသော ဖဿ, စေတနာ, ဝိညာဏ် နာမ်အာဟာရ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤကိုးပစ္စယသတ္တိတို့တွင် အာဟာရပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရ ပစ္စယေန ပစ္စယော။

အကုသလော အကုသလာဗျာကတဿ၌ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်၁၂ါဒသ၊ စေတသိက် သတ္တဝီသ၌ရှိသော ဖဿ, စေတနာ, ဝိညာဏ် နာမ်အာဟာရ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်၁၂ါဒသ၊ စေတသိက် သတ္တဝီသ၊ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် အာဟာရပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။
(အနုဝါဒ) ဝိပါကာဗျာကတာ ကြိယာဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

အဗျာကတော အဗျာကတဿ၌ **ပဝတ္တိအခါ** ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားငှင်း၊ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အားငှင်း တပ်သော ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ် ဝီသ၌ ရှိသော နာမ်အာဟာရသုံးပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ် ဝီသ, စေတသိက်အဋ္ဌတ္တိံသ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော

အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤဆဲ့နှစ်ပစ္စယသတ္တိတို့တွင် အာဟာရသတ္တိဝိသေသ ရ၏။

**ပဋိသန္ဓေအခါ** ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားငှင်း၊ သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်အားငှင်း တပ်သော ပဋိသန္ဓေ ဇေကူနဝီသဥ္စ ရှိသော နာမ်အာဟာရသုံးပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ပဋိသန္ဓေ ဇေကူနဝီသ, စေတသိက် ပဉ္စတ္တိံသ သမ္ပယုတ္တက္ခန္ဓာ၊ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤဆဲ့တစ်ပစ္စယသတ္တိတို့တွင် အာဟာရသတ္တိဝိသေသ ရ၏။

(ပဋ္ဌာန်းအရကောက် ၄၃၂-၄၃၃)

## ဣန္ဒြိယပစ္စယော

လွန်စွာအုပ်စိုးတတ်သောကြောင့် ဣန္ဒြိယမည်၏။ စက္ခုပသာဒရုပ် ကြည်လင်လေ စက္ခုဝိညာဉ်က ရူပါရုံကို အမြင်သန်လေဖြစ်၏။ မည်မျှပင် ကြည့်ချင်အား ကြီးသော်လည်း စက္ခုပသာဒက ညံ့ဖျင်းနေလျှင် ဒဿနကိစ္စ(မြင်ခြင်း)လည်း အားသေးရတော့၏။ ထို့ကြောင့် စက္ခုပသာဒသည် ဒဿနကိစ္စ၌ အစိုးရပေသည်။ ဤသို့လျှင် ဆိုင်ရာကိစ္စ၌ မိမိအလိုအတိုင်း ဖြစ်ရအောင် ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သော သတ္တိသည် ဣန္ဒြိယပစ္စည်းမည်၏။ ဥပမာ-ပြည်ထဲရေးအမတ် ပညာရေးအမတ်စသော မှူးမတ်တို့သည် မိမိ ဆိုင်ရာကိစ္စ၌ အစိုးရကြသကဲ့သို့တည်း။

### ဣန္ဒြေ ၂၂-ပါး

၁။ စက္ခုန္ဒြေ-စက္ခုပသာဒ
၂။ သောတိန္ဒြေ-သောတပသာဒ
၃။ ဃာနိန္ဒြေ-ဃာနပသာဒ
၄။ ဇိဝှိန္ဒြေ-ဇိဝှါပသာဒ
၅။ ကာယိန္ဒြေ-ကာယပသာဒ
၆။ ဣတ္ထိန္ဒြေ-ဣတ္ထိဘာဝရုပ်
၇။ ပုရိသိန္ဒြေ-ပုရိသဘာဝရုပ်
၈။ ဇီဝိတိန္ဒြေ-ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေစေတသိက်
၉။ မနိန္ဒြေ-စိတ် ၈၉-ပါး
၁၀။ သုခိန္ဒြေ-သုခသဟဂုတ်ကာယဝိညာဏ်စိတ်၌ယှဉ်သော ဝေဒနာ
၁၁။ ဒုက္ခိန္ဒြေ-ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်၌ယှဉ်သော ဝေဒနာ
၁၂။ သောမနဿိန္ဒြေ-သောမနဿသဟဂုတ်စိတ် ၆၂-ပါး၌ ယှဉ်သော ဝေဒနာ
၁၃။ ဒေါမနဿိန္ဒြေ-ဒေါသမူဒွေး၌ယှဉ်သောဝေဒနာ
၁၄။ ဥပေက္ခိန္ဒြေ-ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး၌ ယှဉ်သော ဝေဒနာ
၁၅။ သဒ္ဓိန္ဒြေ-သောဘဏစိတ်၌ယှဉ်သော သဒ္ဓါ
၁၆။ ဝီရိယိန္ဒြေ-ဝီရိယယှဉ်သည့်စိတ် ၇၃-ပါး၌ ရှိသော ဝီရိယ
၁၇။ သတိန္ဒြေ-သောဘဏစိတ်၌ယှဉ်သော သတိ
၁၈။ သမာဓိန္ဒြေ-ဝီရိယမယှဉ်သည့်စိတ် ၁၆-ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်ကြဉ်သော စိတ် ၇၂-ပါးရှိ ဧကဂ္ဂတာ[၁]စေတသိက်
၁၉။ ပညိန္ဒြေ-တိဟိတ်စိတ် ၄၇-ပါးရှိ ပညာ
၂၀။ အနညာတညဿာမီတိန္ဒြေ-သောတာပတ္တိမဂ်စိတ်ရှိ ပညာ
၂၁။ အညိန္ဒြေ-အထက်မဂ်-၃ပါး၊အောက်ဖိုလ်-၃ ပါးရှိ ပညာ
၂၂။ အညာတာဝိန္ဒြေ-အရဟတ္တဖိုလ်၌ရှိသော ပညာ

(အခြေပြုသင်္ဂြိုဟ် ၄၂၇-၄၂၉)

---

၁ ဝီရိယမယှဉ်သည့်စိတ်၌ ဧကဂ္ဂတာသည် အားနည်း၍လည်းကောင်း၊ ဝိစိကိစ္ဆာစိတ်၌ ယှဉ်သည့် ဧကဂ္ဂတာသည် ဝိစိကိစ္ဆာကြောင့် အာရုံ၌ မစွဲမြဲနိုင်ဘဲ ခဏတ္တယ(အခိုက်အတန့်)မျှသာ တည်ရလေသောကြောင့်လည်းကောင်း ဣန္ဒြေ(အစိုးရခြင်း)မရှိ။ (သင်္ဂြိုဟ်ဘာဋီ ၅၇၇-၈)

သောတပသာဒသည် ကြားခြင်းကိစ္စ၌ အစိုးရ၏။ ဃာနပသာဒသည် နံခြင်းကိစ္စ၌ အစိုးရ၏။ ဇိဝှါပသာဒသည် အရသာသိခြင်းကိစ္စ၌ အစိုးရ၏။ ကာယပသာဒသည် တွေ့ထိခြင်းကိစ္စ၌ အစိုးရ၏။ ဣတ္ထိဘာဝရုပ်သည် မိန်းမအသွင်အပြင် အမူအယာစသော အစွမ်းဖြင့်ဖြစ်သော စတုသမုဋ္ဌာနိကရုပ်အစဉ်ကို အစိုးရ၏။ ပုရိသဘာဝရုပ်သည် ယောကျ်ားအသွင်အပြင် အမူအယာစသော အစွမ်းဖြင့်ဖြစ်သော စတုသမုဋ္ဌာနိကရုပ်အစဉ်ကို အစိုးရ၏။ ရုပ်ဇီဝိတိန္ဒြေသည် ရုပ်ခန္ဓာအစဉ်၏ နေ့ရက်လနှစ်တို့၏ အစဉ်ဖြင့် အဓွန့်ရှည်စွာ ဆက်လက်၍ဖြစ်သော ကမ္မဇရုပ်တို့ကို အစိုးရ၏။ နာမ်ဇီဝိတိန္ဒြေသည် နာမ်ခန္ဓာလေးပါးတို့၏ နေ့ရက်လနှစ်တို့၏ အစဉ်ဖြင့် အဓွန့်ရှည်စွာ ဆက်လက်၍ဖြစ်သော သဟဇာတ်နာမ်တို့ကို အစိုးရ၏။ စိတ်သည် သိခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။ သုခိန္ဒြေစသည် ဣန္ဒြေ ၅-ပါး၌ ဝေဒနာသည် အာရုံကိုခံစားမှု၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။ သဒ္ဓါသည် အာရုံ၌ ကျွတ်လွတ်ခြင်း, သက်ဝင်ခြင်း (ယုံကြည်ခြင်း) ကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။ ဝီရိယသည် အမှုအမျိုးမျိုးတို့၌ ရဲရဲဝံ့ဝံ့ မတွန့်မဆုတ်ခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။ သတိသည် အာရုံကိုအောက်မေ့ခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။ သမာဓိသည် အာရုံ၌ အမြဲတည်တံ့ခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။ ပညိန္ဒြေစသည့် ဣန္ဒြေ ၄-ပါး၌ ပညာသည် မတွေဝေခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။ (ပရမတ္ထသံခိပ်ဋီကာ ဒု ၂၉၇-၂၉၉)

စိတ်စေတသိက်တို့ကို အစိုးရလျှင် ၄င်းတို့ကြောင့် ဖြစ်ပေါ်လာရသော စိတ္တဇရုပ်တို့ကိုလည်း အစိုးရသည်ပင် မည်၏။ ပဋိသန္ဓေစိတ် ဥပါဒ်ခဏ၌ စိတ္တဇရုပ် မဖြစ်သေး။ ထို့ကြောင့် ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူဥပါဒ်သော ပဋိသန္ဓေကမ္မဇရုပ်အားသာလျှင် သဟဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုရသည်။ ဤသို့လျှင် မိမိနှင့်အတူ ဖြစ်ပေါ်ဥပါဒ်သော စိတ် စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား ဆိုင်ရာကိစ္စ၌ အစိုးရမှုအားဖြင့်ကျေးဇူးပြုတတ်သောကြောင့် ဇီဝိတ, စိတ်, ဝေဒနာ စသော တရားရှစ်ပါးကို သဟဇာတိန္ဒြိယ ပစ္စည်းဟု ခေါ်လေသည်။ (ပရမတ္ထသံခိပ်ဋီကာ ဒု ၅၁၆)

## ဝေဒနာဣန္ဒြေအလိုက် ခံစားပုံ

ဝေဒနာသည် အာရုံကို ခံစားမှု၌ အစိုးရ၏။ ဝေဒနာ,က သတ္တိထက်လေ အရသာပေါ်လေဖြစ်၏။ သုခိန္ဒြေသည် ကာယဝိညာဏ်၌ယှဉ်ရကား ဖောဋ္ဌဗ္ဗာရုံ၏ ဣဋ္ဌအရသာကို ခံစား၏။ ဒုက္ခိန္ဒြေသည် ဖောဋ္ဌဗ္ဗာရုံ၏ အနိဋ္ဌအရသာကို ခံစား၏။ သောမနဿိန္ဒြေသည် ဖောဋ္ဌဗ္ဗာရုံမှ ကြွင်းကျန်သော အာရုံ ၅-ပါး၏ ဣဋ္ဌအရသာကို ခံစား၏။ ဒေါမနဿိန္ဒြေသည် ဖောဋ္ဌဗ္ဗာရုံမှ ကြွင်းကျန်သော အာရုံ ၅-ပါး၏ အနိဋ္ဌအရသာကို ခံစား၏။ ဥပေက္ခိန္ဒြေသည် အလယ်အလတ်ဖြစ်သော ဣဋ္ဌမဇ္ဈတ္တအရသာကို ခံစား၏။ ထိုခံစားမှုဝယ် ယှဉ်ဘက်တရားများကိုလည်း မိမိတို့အလိုအတိုင်း (မိမိတို့ထက်လျှင် ထက်သလောက် မထက်လျှင် မထက်သလောက် ဖြစ်စေနိုင်ကြသည်) (သင်္ဂြိုဟ်ဘာဋီ ၅၆၈)

## က္ခန္ဓေတို့ကြောင့် အမှတ်မှားမှု ဖြစ်ကြပုံ

ဤက္ခန္ဓေ ၂၂–ပါးတွင် **ပသာဒိန္ဒြေငါးခုတို့သည်** ထိုတရားတို့၏ ခဏတ်သဘောကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် မသိလျှင် **သတ္တဝါဟူ၍၄င်း ပုဂ္ဂိုလ်ဟူ၍၄င်း** မြဲမြဲခိုင်ခံ့စွာ **စွဲလမ်းနိုင်စေကုန်သည်**။ ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း၍သိလျှင် သတ္တသညာ ပုဂ္ဂလသညာတို့မှ ကင်းလွတ်စေနိုင်သော တရားတို့လည်း ဖြစ်ကုန်၏။

**ဇီဝိတိန္ဒြေသည်** ပသာဒနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၌ အသက်ရှိ၏၊ ဇီဝရှိ၏၊ ထိုရုပ်ကောင်သည် အရှင်တည်းဟူ၍ မှတ်မှားစေ၍ **ဇီဝသညာကို ထူထောင်ပေ၏**။ ထိုတရားတို့ကို ပရိညာကိစ္စဖြင့် သိအပ်လျှင် ဇီဝသညာကို ပျောက်စေ၏။

ဘာဝရုပ်နှစ်ခုတည်းဟူသော **က္ခတ္ထိန္ဒြေ ပုရိသိန္ဒြေတို့သည်** ပသာဒနှင့်တကွ ဇီဝရှိနေသော ထိုရုပ်ကောင် ပုဂ္ဂိုလ်၌ ဤကား မိန်းမတည်းဟူသော က္ခတ္ထိသညာကို၄င်း ဤကား ယောကျ်ားတည်းဟူသော ပုရိသသညာကို၄င်း ဖြစ်စေနိုင်ကုန်၏။ **အထီးဟူသော အမှတ်, အမဟူသော အမှတ်ကို ဖြစ်စေနိုင်ကုန်၏** ဟူလို။ ထိုတရားတို့ကို ပရိညာကိစ္စဖြင့် ပိုင်နိုင်စွာ သိအပ်ကုန်လျှင် က္ခတ္ထိသညာ ပုရိသသညာတို့ကို ပျောက်စေနိုင်ကုန်၏။

နာမ်က္ခန္ဓေတို့တွင် **မနိန္ဒြေသည်** ဤပုဂ္ဂိုလ်သည် သိတတ်သော ပုဂ္ဂိုလ်တည်းဟူ၍ ဝိဇာနနသတ္တိဖြင့် **အတ္တသညာကို** ခိုင်မြဲသည်ထက် **ခိုင်မြဲစေနိုင်၏**။ ပရိညာကိစ္စဖြင့် ပိုင်နိုင်စွာ သိအပ်လျှင် ပုဂ္ဂိုလ်၏ သိမှုမဟုတ်, ဝိညာဏဓာတ်၏ သိမှုပေတည်းဟူ၍ ဝိဇာနနသတ္တိအတွက်နှင့် အတ္တသညာကို လျော့ပါးစေ၏။

**ဝေဒနိန္ဒြေငါးပါးသည်** ဝိဇာနနသတ္တိရှိသော အတ္တသည် သုခဒုက္ခတို့ကို ခံစားတတ်၏ဟူ၍ **ဝေဒကသညာကို ဖြစ်စေတတ်၏**။ ပရိညာကိစ္စဖြင့် ပိုင်နိုင်စွာသိအပ်လျှင် ဝေဒကသညာကို ပျောက်စေနိုင်၏။

## အမှတ်မှားမှုပျောက်ပြီး ဖြူစင်ခြင်းသို့ ရောက်စေနိုင်သည့် က္ခန္ဓေများ

သဒ္ဓိန္ဒြေစသော က္ခန္ဓေငါးပါးတို့သည် အတ္တစသည်ဖြင့် မှတ်မှား၍ ညစ်နွမ်းလျက်ရှိသော အဘို့မှ ထုတ်နုတ်၍ ဖြူစင်ခြင်းသို့ရောက်စေနိုင်ကုန်၏။ အတ္တသညာစသည်ဖြင့် ထိုထို အမှတ်မှားမှု အထင်မှားမှု အမြင်မှားမှုတို့ကို ပယ်ဖျောက်ခြင်း၌ ကျင့်ကြံအားထုတ်ရန် လက်နက်ကြီးတို့လည်း ဖြစ်ကုန်၏။ ထိုသို့ ကျင့်ကြံအားထုတ်သဖြင့် ဖြူစင်သည်၏အဖြစ်သို့ ရောက်ရာ၌ အစ,အလယ်,အဆုံးသုံးပါးတို့ကို ပြခြင်း၌ အနညာတညဿာမီတိန္ဒြေစသော လောကုတ္တရာက္ခန္ဓေသုံးပါးတို့ကို ဟောတော်မူသည်။

(ဤစကားအစဉ်ဖြင့် က္ခန္ဓေတို့ဖြင့် အတ္တသညာစသည်ကို ဖြစ်စေ၍ ညစ်နွမ်းသော သံသရာဝဋ္ဋ ဖြစ်ပုံကိုလည်းကောင်း ဤက္ခန္ဓေတို့ဖြင့် ဖြူစင်သော လောကုတ္တရာတရားဖြစ်ပုံကို၄င်း ပြဆို၏)

(ပရမတ္ထသံခိပ်ဋီကာ ဒု ၃၀၀)

## လောကုတ္တရာပညာ အမည်သုံးပါး

ရှေးဦးစွာ သစ်္စါရဓမ္မတို့ကို လက္ခဏာရေးသုံးပါးတို့ဖြင့် နှလုံးသွင်းသည်မှစ၍ မသိအပ်သေးသော သစ္စာလေးပါးတရားတို့ကို မသိလျှင် ငါမနေ၊ သိအောင်ကျင့်ကြံအားထုတ်အံ့ဟူ၍ ကြိုးစားလေရာ ထိုကြိုးစားမှု မငြိမ်းမစဲမီပင်လျှင် သောတာပတ္တိမဂ်ကို ရဆဲသော ပုဂ္ဂိုလ်၏ ပညာကို သံသရာထဲ၌ တရံတခါမျှ မသိရဘူးမမြင်ရဘူးသော သစ္စာလေးပါးကို သိအောင်အားထုတ်၍ ရှေးဦးစွာသိမြင်စလက်သစ် ဝိသေသဂုဏ်ရှိပေသောကြောင့် "အနညာတညဿာမီတိန္ဒြိယ" ဆိုသည်။ (အနညာတ–မသိသေးသောတရားကို၊ ဉဿာမိ–သိအောင်ကျင့်အံ့၊ ဣတိ–ဤသို့ကျင့်သောသူ၏၊ ဣန္ဒြိယံ–ဣန္ဒြေ)

သောတာပတ္တိမဂ်ဖြင့် မသိအပ်ဘူးသေးသော သစ္စာလေးပါးတရားတို့ကို သိပြီးဖြစ်သော်လည်း ကိလေသာကို ပယ်ခြင်းကိစ္စအတွက် အဆုံးသို့မရောက်သေးသောကြောင့် သိအပ်ပြီးသော သစ္စာလေးပါးတို့နှင့် နိဗ္ဗာန်တရားတို့ကို အဖန်ဖန်အဆင့်ဆင့် ထပ်၍သိသော အလယ်အရိယာပုဂ္ဂိုလ် ၆–ယောက်၏ ပညာသည် အညိန္ဒြိယမည်၏။ (အညံ–အဖန်ဖန်ထပ်၍ သိတတ်သောတရား + ဣန္ဒြိယံ–ဣန္ဒြေ)

သိမှုကိစ္စ၌ အပြီးတိုင်ပေါင်ရောက်ပြီးသော ပညာကို "အညာတာဝိန္ဒြေ"ဟုဆိုသည်။ (အညာတာဝီ– အလုံးစုံသိအပ်ပြီးသောပညာ၊ ဣန္ဒြိယံ–ဣန္ဒြေ)

## ဣန္ဒြိယ သုံးမျိုး

၁။ သဟဇာတိန္ဒြိယ
၂။ ပုရေဇာတိန္ဒြိယ
၃။ ရူပဇီဝိတိန္ဒြိယ

## သဟဇာတိန္ဒြိယ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ | စိတ် ၈၉၊ စေ ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ | ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် |

## သဟဇာတိန္ဒြိယ ပစ္စည်း ပစ္စယုပ္ပန် ခွဲပုံ

လောဘမူ ပဌမစိတ် စေတသိက် စိတ္တဇရုပ်တို့ဖြစ်ရာ ထို၌ပါသော ဇီဝိတိန္ဒြေသည် ပစ္စည်း၊ ကြွင်းသော စိတ်,စေတသိက် စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ ဤသို့စသည်ဖြင့် ဝေဒနာသည် ပစ္စည်း, ဝီရိယသည် ပစ္စည်း, ဧကဂ္ဂတာသည် ပစ္စည်း, ကြွင်းသော စိတ် စေတသိက် စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ မဟာကုသိုလ်ပထမစိတ် စေတသိက် စိတ္တဇရုပ်တို့ဖြစ်ရာ သဒ္ဓါ ပညာ စသည့် နာမ်ဣန္ဒြေတရားကိုယ်ကား ပစ္စည်း, ကြွင်းသော စိတ် စေတသိက် စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ ပဋိသန္ဓေစိတ်ဖြစ်သည့်အခါမှာလည်း ကမ္မဇရုပ်ကို ထည့်သွင်းရုံသာ။ အရူပဘုံ၌ ဖြစ်ခိုက်မှာ ပစ္စယုပ္ပန်ဘက်၌ ရုပ်မပါခြင်းသာ ထူး၏။ (သုံးချက်စုဘာဋီ)

## ဣန္ဒြိယ နှင့် အဓိပတိ ထူးပုံ

ဤ၌ သဟဇာတိန္ဒြိယနှင့် သဟဇာတာဓိပတိတို့ မတူထူးခြားပုံကို မှတ်သားအပ်ပေသည်။ စိတ္တုပ္ပါဒ်တခု ဖြစ်ပေါ်ချိန်၌ အဓိပတိတရားကိုယ်လေးပါး အားလုံးပါရှိသော်လည်း ထိုလေးပါးတို့သည် တချိန်တည်း၌ ပြိုင်၍ အဓိပတိပစ္စည်း မတတ်ကုန်။ တပါးတပ်ခိုက် ကျန်သုံးပါးတို့က နောက်လိုက်သာ ဖြစ်ရကုန်၏။ သဟဇာတိန္ဒြိယပစ္စည်းကား ဤသို့မဟုတ်။ တချိန်တည်း တပြိုင်တည်း၌ပင် ဣန္ဒြေတရားကိုယ်ရှစ်ပါးပါသည့် စိတ်၌ ရှစ်ပါးလုံး ပစ္စည်းတပ်ကုန်၏။ ခုနစ်ပါးပါသည့် စိတ်၌ ခုနစ်ပါးလုံး ပစ္စည်းတပ်ကုန်၏။

ထို့ပြင် အဓိပတိတရားကိုယ်များ ပါဝင်သော စိတ်တိုင်းလည်း အဓိပတိပစ္စည်း မတပ်ချေ။ ဒွိဟိတ်ဇော တိဟိတ်ဇောတို့၌ရှိသော အဓိပတိတရားလေးပါးတို့၌သာလျှင် အဓိပတိပစ္စည်းတပ်ကုန်၏။ ထိုတွင်လည်း မဟဂ္ဂုတ်,လောကုတ္တရာဇောတို့၌သာလျှင် အမြဲအဓိပတိတပ်ကုန်၏။ ကာမဇောတို့ကား ရံခါသာ အဓိပတိ ထိုက်၍ ရံခါ အဓိပတိမထိုက်ကုန်။

သဟဇာတိန္ဒြိယပစ္စည်း၌ကား မည်သည့်စိတ်တွင်မဆို ပါဝင်သော တရားကိုယ်ရှစ်ပါးတို့သည် ဣန္ဒြိယသတ္တိရှိကုန်၏။ ၎င်းတို့သည်လည်း အဓိပတိကဲ့သို့ ရံခါတပ်မဟုတ်ပဲ ထိုစိတ်များ ဖြစ်ပေါ်သည့် အခါတိုင်း ဣန္ဒြိယပစ္စည်းတပ်ကုန်၏။ ဤကား သဟဇာတိန္ဒြိယနှင့် သဟဇာတာ ဓိပတိတို့ ထူးခြားပုံတည်း။

(ပရမတ္ထသံခိပ်ဋီကာ ဒု ၅၁၆-၅၁၇)

# ပစ္စယနိဒ္ဒေသပါဠိ

**ဣန္ဒြိယပစ္စယောတိ** အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဣန္ဒြိယပစ္စယောတိ–ဣန္ဒြိယပစ္စယောဟူသည်ကား၊ အရူပိနော–နာမ်ဖြစ်ကုန်သော၊ ဣန္ဒြိယာ–ဣန္ဒြေတို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ဓမ္မာနဉ္စ–စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ–ထိုဣန္ဒြေ, ဣန္ဒြေနှင့်ယှဉ်သော စိတ်စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ် တို့အားလည်းကောင်း၊ ဣန္ဒြိယပစ္စယေန–သဟဇာတိန္ဒြိယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(ပဋ္ဌာန်းအရကောက် ၄၇)

♠ 'အရူပိနော ဣန္ဒြိယာ' ဖြင့် အကြောင်းတရားကို ပြသည်။ 'သမ္ပယုတ္တကာနံ ဓမ္မာနံ, တံသမုဋ္ဌာနာနဉ္စ ရူပါနံ' ဖြင့်အကျိုးတရားကို ပြသည်။ 'ဣန္ဒြိယပစ္စယေန ပစ္စယော' ဖြင့် ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)

ဝ ဝ ဝ

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း

ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ(အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာတို့ကို အရူပိနော ဣန္ဒြိယာဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေတသိက် ၃၃ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ ကာယ, ဘာဝ, ဟဒယကမ္မဇကလာပ် သုံးစည်းကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)
ဝ ဝ ဝ

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + စိတ္တဇကလာပ်စည်း + (ဥတုဇ,ကမ္မဇ)

ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာတို့ကို အရူပိနော ဣန္ဒြိယာဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေတသိက် ၃၃ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ဝဝဝ

သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ ဝီရိယ ဧကဂ္ဂတာ (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ ဝီရိယ ဧကဂ္ဂတာတို့ကို အရူပိနော ဣန္ဒြိယာ ဟု ဆိုသည်။ သော ဒိသံအ လောဘမူစိတ်နှင့် စေတသိက် ၁၉ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို 'တံသမုဋ္ဌာနာနံ ရူပါနံ'ဟုဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ ဝီရိယ ဧကဂ္ဂတာ (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ ဝီရိယ ဧကဂ္ဂတာတို့ကို အရူပိနော ဣန္ဒြိယာ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ်နှင့် စေတသိက် ၁၇ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟုဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

ဥ ဝိစိ–သံ မောဟမူစိတ် + စေ ၁၅ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ ဝီရိယ ~~ဧကဂ္ဂတာ~~[၁] (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ ဝီရိယ တို့ကို အရူပိနော ဣန္ဒြိယာ ဟု ဆိုသည်။ ဥ ဝိစိ–သံ မောဟမူစိတ်နှင့် စေတသိက် ၁၅ ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

---

၁ ယှဉ်ဘက်စေတသိက်တွင် ဝိစိကိစ္ဆာပါနေ၍ ဧကဂ္ဂတာသည် ဣန္ဒြိယပစ္စည်း မတပ်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ဝဝဝ

<u>သော ည သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ</u> + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာတို့ကို အရူပိနော ဣန္ဒြိယာဟု ဆိုသည်။ သော ည သံ အ မဟာကုသိုလ်စိတ် + စေတသိက် ၃၃ တို့ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ဝဝဝ

<u>သော ည သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ</u> +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာတို့ကို အရူပိနော ဣန္ဒြိယာဟု ဆိုသည်။ သော ည သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ တို့ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

<u>ပဉ္စဒွါရာဝဇ္ဇန်းစိတ် + စေ ၁၀ + စိတ္တဇရုပ်ကလာပ်များ</u> +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ ~~ဧကဂ္ဂတာ~~[၁] (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ တို့ကို အရူပိနော ဣန္ဒြိယာ ဟု ဆိုသည်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ် စေ ၁၀–ခု တို့ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

<u>စက္ခုဝိညာဏ်စိတ် + စေ ၇</u> +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ ~~ဧကဂ္ဂတာ~~ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်,ဇီဝိတ ဝေဒနာ တို့ကို အရူပိနော ဣန္ဒြိယာ ဟု ဆိုသည်။ စက္ခုဝိညာဏ်စိတ် + စေ ၇–ခု တို့ကို သမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။

---

၁ ယှဉ်ဘက်စေတသိက်များတွင် ဝီရိယမပါ၍ ဧကဂ္ဂတာသည် ဣန္ဒြိယပစ္စည်း မတပ်။

## ပဉှာဝါရပါဠိ
## ဣန္ဒြိယပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။
(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ ဣန္ဒြိယာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။
(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။
(ဝိဓိ) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ ဣန္ဒြိယာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။
(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။
(ဝိဓိ) အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) ဝိပါကာဗျာကတာ ကြိယာဗျာကတာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် – ၁၅၆,၁၅၇)

## ကု ကု နိဿယ

ကုသလော–အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော၊ ဓမ္မော–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားသည်၊ ကုသလဿ–အပြစ်မရှိ ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော၊ ဓမ္မဿ–သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်သော သဘောတရားအား၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ဣန္ဒြိယာ–ဣန္ဒြေတို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနံ–နာမက္ခန္ဓာတို့အား၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြု သည်၊ ဟောတိ–ဖြစ်၏။

## ကု ကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ ဝဝဝ

သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

|

ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာတို့ကို ကုသလာ ဣန္ဒြိယာ ဟု ဆိုသည်။ သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ဣန္ဒြိယပစ္စယေန ပစ္စယောဟု ဆိုသည်။

## ကု ဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–အား၊ ဣန္ဒြိယ ပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ဣန္ဒြိယာ–ဣန္ဒြေတို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက် လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–ရုပ်တို့အား၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော– ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ကု ဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

သော ည သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာတို့ကို ကုသလာ ဣန္ဒြိယာ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## ၈ ကုဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿစ–အားလည်းကောင်း၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ဣန္ဒြိယာ–ဣန္ဒြေတို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ၈ ကုဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဂု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ ၀၀၀

<u>သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ</u> + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာတို့ကို ကုသလာ ဣန္ဒြိယာ ဟု ဆိုသည်။ သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံဟု ဆိုသည်။

## အကု အကု နိဿယ

အကုသလော–အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိသော၊ ဓမ္မော–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားသည်၊ အကုသလဿ–အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိသော၊ ဓမ္မဿ–သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်သော သဘောတရားအား၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ဣန္ဒြိယာ–ဣန္ဒြေတို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနံ–စိတ်စေတသိက်ခန္ဓာတို့အား၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## အကု အကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

<u>ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ</u> + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ ဝီရိယ ဧကဂ္ဂတာ (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ ဝီရိယ ဧကဂ္ဂတာ တို့ကို အကုသလာ ဣန္ဒြိယာ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ်နှင့် စေ ၁၇–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။

## အကု ဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–အား၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ဣန္ဒြိယာ–ဣန္ဒြေတို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–ရုပ်တို့အား၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယာပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## အကု ဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

<u>ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ</u> + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ ဝီရိယ စေကဂ္ဂတာ (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ ဝီရိယ စေကဂ္ဂတာ တို့ကို အကုသလာ ဣန္ဒြိယာ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## အကု အကုဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿစ–အားလည်းကောင်း၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ဣန္ဒြိယာ–ဣန္ဒြေတို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## အကု အကုဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

<u>ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ</u> + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ ဝီရိယ စေကဂ္ဂတာ (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ ဝီရိယ ဧကဂ္ဂတာတို့ကို အကုသလာ ဣန္ဒြိယာ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေတနာကြဉ်သော စေ ၁၇-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## ဗျာ ဗျာ နိဿယ

အဗျာကတော-အဗျာကတဖြစ်သော၊ ဓမ္မော-တရားသည်၊ အဗျာကတဿ-အဗျာကတဖြစ်သော၊ ဓမ္မဿ-တရားအား၊ ဣန္ဒြိယပစ္စယေန-ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

ဝိပါကာဗျာကတာ-ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ကြိယာဗျာကတာ-ကြိယာအဗျာကတဖြစ်ကုန်သော၊ ဣန္ဒြိယာ-ဣန္ဒြေတို့သည်၊ သမ္ပယုတ္တကာနံ-သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဥ္စ-ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ-စိတ်စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဥ္စ-ရုပ်တို့အားလည်းကောင်း၊ ဣန္ဒြိယပစ္စယေန-ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

ပဋိသန္ဓိက္ခဏေ-ပဋိသန္ဓေခဏ၌၊ ဝိပါကာဗျာကတာ-ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ဣန္ဒြိယာ-ဣန္ဒြေတို့သည်၊ သမ္ပယုတ္တကာနံ-သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဥ္စ-ခန္ဓာတို့အားလည်းကောင်း၊ ကဋတ္တာ စ ရူပါနံ-ကဋတ္တာရုပ်တို့အားလည်းကောင်း၊ ဣန္ဒြိယပစ္စယေန-ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

## ဗျာ ဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ဝဝဝ

<u>သော ဉာ သံ အ မဟာဝိပါက်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ</u> +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ တို့ကို ဝိပါကာဗျာကတာ ဣန္ဒြိယာဟု ဆို သည်။ သော ဉာ သံ အ မဟာဝိပါက်စိတ် + စေ ၃၃-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀
သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာတို့ကို ကြိယာဗျာကတာ ဣန္ဒြိယာဟု ဆို သည်။ သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ - ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)
၀ ၀ ၀
သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း

ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာတို့ကို ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဣန္ဒြိယာဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေ ၃၃-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆို သည်။ ကာယ, ဘာဝ, ဟဒယကမ္မဇကလာပ် သုံးစည်းကို ကဋတ္တာ စ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

ပဉ္စဒွါရာဝဇ္ဇန်းစိတ် + စေ ၁၀ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ ~~ကောဂ္ဂတာ~~ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ တို့ကို ကြိယာဗျာကတာ ဣန္ဒြိယာ ဟု ဆိုသည်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ် + စေ ၁၀ တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

စက္ခုဝိညာဏ်စိတ် + စေ ၇ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဇီဝိတ ဝေဒနာ ~~ကောဂ္ဂတာ~~ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် စိတ်, ဇီဝိတ ဝေဒနာ တို့ကို ဝိပါကာဗျာကတာ ဣန္ဒြိယာ ဟု ဆိုသည်။ စက္ခုဝိညာဏ်စိတ် + စေ ၇-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။

# သဟဇာတိက္ကန္ဒြိယပစ္စည်း
(ပစ္စယနိဒ္ဒေသ)

| | ပစ္စည်း | ပစ္စယုပ္ပန် | | | ကရိုဏ်း | ပေါင်း |
|---|---|---|---|---|---|---|
| အပေါင်း | ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာ, သဒ္ဓါ,သတိ, ပညာ | စိတ်-၈၉၊ စေ-၅၂၊ စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ် | တ | ယ | က္ကံ.ဟေ.မိ.သ.ည.နိ.ဝိ.ဟာ ဈာ.မဂ်.သံ.ဝိပ်.တ္ထိ.အဝိ | ၁၄ |

## သဟဇာတိန္ဒြိယပစ္စည်း(ပဥှာဝါရ)

| သချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
|---|---|---|---|---|---|---|---|---|
| အပေါင်း | | | ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ ဧကဂ္ဂတာ, ပညာ | စိတ်-၈၉၊ စေ-၅၂၊ စိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ် | | | | |
| ၁ | ကု | ကု | နာမ်က္ကန္ဒြေတရားကိုယ် ၈-ပါး | ကု ၂၁၊ စေ ၃၈ | တ | ယ | က္ကံ.ဟေ.မိ.သ.ည.နိ ဟာ.ဈာ.မဂ်.သံ.တ္ထိ.အဝိ | ၁၂ |
| ၂ | ကု | ဗျာ | နာမ်က္ကန္ဒြေတရားကိုယ် ၈-ပါး | စိတ္တဇရုပ် | တ | ယ | က္ကံ.ဟေ.မိ.သ.နိ.ဟာ ဈာ.မဂ်.ဝိပ်.တ္ထိ.အဝိ | ၁၁ |
| ၃ | ကု | ကုဗျာ | နာမ်က္ကန္ဒြေတရားကိုယ် ၈-ပါး | ကု ၂၁ စေ ၃၈၊ စိတ္တဇရုပ် | တ | ယ | က္ကံ.ဟေ.မိ.သ.နိ.ဟာ ဈာ.မဂ်.တ္ထိ.အဝိ | ၁၀ |
| ၄ | အကု | အကု | ဇီဝိတ,စိတ်,ဝေဒနာ ဝီရိယ,ဧကဂ္ဂတာ | အကု ၁၂ စေ ၂၇ | တ | ယ | က္ကံ.မိ.သ.ည.နိ ဟာ.ဈာ.မဂ်.သံ.တ္ထိ.အဝိ | ၁၁ |
| ၅ | အကု | ဗျာ | ဇီဝိတ,စိတ်,ဝေဒနာ ဝီရိယ,ဧကဂ္ဂတာ | စိတ္တဇရုပ် | တ | ယ | က္ကံ.မိ.သ.နိ.ဟာ.ဈာ. မဂ်.ဝိပ်.တ္ထိ.အဝိ | ၁၀ |
| ၆ | အကု | အကုဗျာ | ဇီဝိတ,စိတ်,ဝေဒနာ ဝီရိယ,ဧကဂ္ဂတာ | အကု ၁၂ စေ ၂၇ စိတ္တဇရုပ် | တ | ယ | က္ကံ.မိ.သ.နိ.ဟာ.ဈာ. မဂ်. တ္ထိ. အဝိ | ၉ |
| | ပဝတ္တိ | | နာမ်က္ကန္ဒြေတရားကိုယ် ၈-ပါး | ဝိ ၃၆၊ ကြိ ၂၀၊ စေ၃၈ စိတ္တဇရုပ် | တ | ယ | က္ကံ.ဟေ.မိ.သ.ည.နိ,ဝိ.ဟာ ဈာ.မဂ်.သံ.ဝိပ်.တ္ထိ.အဝိ | ၁၄ |
| ၇ | ဗျာ | ဗျာ | | | | | | |
| | ပဋိသန္ဓေ | | နာမ်က္ကန္ဒြေတရားကိုယ် ၈-ပါး | ပဋိ ၁၉ စေ ၃၅ ပဋိကမ္မဇ | တ | ယ | က္ကံ.ဟေ.သ.ည.နိ,ဝိ.ဟာ ဈာ.မဂ်.သံ.ဝိပ်.တ္ထိ.အဝိ | ၁၃ |

## ပစ္စယနိဒ္ဒေသပါဠိ

**ဣန္ဒြိယပစ္စယောတိ** အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

"အရူပိနော ဣန္ဒြိယာ" ဟူသော ကတ္တားပါဠ်ဖြင့် နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး ပစ္စည်းတရားကို ပြတော်မူ၏။ "သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟူသော သမ္ပဒါန်ပါဠ်ဖြင့် စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ၁၅-ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "ဣန္ဒြိယပစ္စယေန"ဟူသော ကရိယာပါဠ်ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဣန္ဒြိယ ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ ဈာန မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤတဆယ့်လေးပစ္စသတ္တိတို့တွင် သဟဇာတိန္ဒြိယသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

## ပဉှာဝါရပါဠိ
## ဣန္ဒြိယပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကုသလော ကုသလဿ၌ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော ကုသိုလ်ဇောဝီသ၌ ရှိသော ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာ, သဒ္ဓါ, သတိ, ပညာ ဟု ဆိုအပ်သော နာမ်ဣန္ဒြေရှစ်ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်စိတ် ဇောဝီသ၊ စေတသိက် အဋ္ဌတ္တိံသ သမ္ပယုတ္တက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ကရိယာကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့နှစ်ပစ္စယသတ္တိတို့တွင် ဣန္ဒြိယပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ ဣန္ဒြိယာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကုသလော အဗျာကတဿ၌ ကတ္တားကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဇေဝီသ, စေတသိက် အဋ္ဌတ္တိံသ၌ ရှိသော ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာ, သဒ္ဓါ, သတိ, ပညာ ဟု ဆိုအပ်သော နာမ်ဣန္ဒြေရှစ်ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့တပစ္စယသတ္တိတို့တွင် ဣန္ဒြိယပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကုသလော ကုသလာဗျာကတဿ၌ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဇေဝီသ, စေတသိက် အဋ္ဌတ္တိံသ၌ ရှိသော ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာ, သဒ္ဓါ, သတိ, ပညာ ဟု ဆိုအပ်သော နာမ်ဣန္ဒြေရှစ်ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ် ဇေဝီသ, စေတသိက် အဋ္ဌတ္တိံသ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ၊ ဤဆယ်ပစ္စယသတ္တိတို့တွင် ဣန္ဒြိယပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အကုသလော အကုသလဿ၌ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၌ရှိသော ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာ, ဟု ဆိုအပ်သော နာမ်ဣန္ဒြေငါးပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့တပစ္စယသတ္တိတို့တွင် ဣန္ဒြိယပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ ဣန္ဒြိယာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အကုသလော အဗျာကတဿ၌ ကတ္တားကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၌ရှိသော ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာ, ဟု ဆိုအပ်သော နာမ်ဣန္ဒြေငါးပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤဆယ်ပစ္စယသတ္တိတို့တွင် ဣန္ဒြိယပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အကုသလော အကုသလာဗျာကတဿ၌ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၌ရှိသော ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာ, ဟု ဆိုအပ်သော နာမ်ဣန္ဒြေငါးပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၊ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ၊ ဤကိုးပစ္စယသတ္တိတို့တွင် ဣန္ဒြိယပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။
(အနုဝါဒ) ဝိပါကာဗျာကတာ ကြိယာဗျာကတာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အဗျာကတော အဗျာကတဿ၌ **ပဝတ္တိအခါ** ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားငှင်း၊ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အားငှင်း တပ်သော ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ် ဝီသ၌ ရှိသော ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဧကဂ္ဂတာ, သဒ္ဓါ, သတိ, ပညာ ဟု ဆိုအပ်သော နာမ်ဣန္ဒြေရှစ်ပါး ပစ္စည်းတရား ရ၏။

သမ္ပဒါန်ကား ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ် ဝီသ, စေတသိက်အဋ္ဌတ္တိံသ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့လေးပစ္စယသတ္တိတို့တွင် ဣန္ဒြိယပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

**ပဋိသန္ဓေအခါ** ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားငှင်း၊ သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်အားငှင်း တပ်သော ပဋိသန္ဓေ ဇကူနဝီသဉ္စ ရှိသော ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဇကဂ္ဂတာ, သဒ္ဓါ, သတိ, ပညာ ဟု ဆိုအပ်သော နာမ်ဣန္ဒြေရှစ်ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ပဋိသန္ဓေ ဇကူနဝီသ, စေတသိက် ပဉ္စတ္တိံသ သမ္ပယုတ္တက္ခန္ဓာ၊ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့သုံးပစ္စယသတ္တိတို့တွင် ဣန္ဒြိယပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ပဋ္ဌာန်းအရကောက် ၄၃၄–၄၃၆)

## ဈာနပစ္စယော

အာရုံကို စူးစူးစိုက်စိုက် ရှုတတ်သောကြောင့် ဈာန်ဟု ခေါ်သည်။ ရူပါဝစရစိတ်၌ ပြခဲ့သည့်အတိုင်း ဝိတက် ဝိစာရ ပီတိ ဝေဒနာ တို့က မိမိဆိုင်ရာကိစ္စကို ရွက်ဆောင် အားပေးကြသဖြင့် ဧကဂ္ဂတာသည် အာရုံတစ်ခုအပေါ်၌ ကပ်နေသလို စွဲနေသလိုဖြစ်အောင် ငြိမ်သက်တည်ကြည်စွာ ကျကျနန အာရုံပြုမှုကို "စူးစူးစိုက်စိုက်ရှုမှု"ဟု ခေါ်သည်။ စူးစူးစိုက်စိုက် ရှုနိုင်သော သတ္တိကို ဈာနသတ္တိဟု ခေါ်သည်။

ဈာနသတ္တိဖြင့် စူးစိုက်စွာ ရှုသည့်အခါ အာရုံများ အလွန်ထင်ရှားလာလေသည်။ ဤဈာနသတ္တိကို သစ်ပင်ပေါ် သို့မဟုတ် တောင်ထိပ်ပေါ်သို့ တက်သူဖြင့် ရှေးဆရာတို့ ဥပမာပြကြ၏။ သစ်ပင်ပေါ် တောင်ထိပ်ပေါ်သို့ တက်သူသည် ထိုထို ဤဤ၌ အထူးအဆန်း အမျိုးမျိုးကို ကိုယ်တိုင်လည်း ကြည့်ရမြင်ရ၏။ မိမိတို့ မြင်ရသမျှကို အောက်လူတို့အားလည်း ပြောပြ၏။ ထို့အတူ ဝိတက်စသော ဈာန်တရားတို့သည် အာရုံကို မိမိတို့လည်း စူးစိုက်စွာ ယူ၏။ သဟဇာတ်တရားတို့အားလည်း မိမိတို့ကဲ့သို့ အာရုံကို စူးစိုက်ဘို့ရန် ဈာနသတ္တိဖြင့် ကျေးဇူးပြု၏။ ထိုစကားမှန်၏-ဝိတက်စသည်တို့၏ ကူညီချက်ဖြင့် အာရုံတစ်ခု၌ ဧကဂ္ဂတာ ကျ (သမာဓိရ) နေသည့်အခါ ယှဉ်ဘက်တရားတို့လည်း ထိုအာရုံမှာ စွဲမြဲစွာ အာရုံပြုကြရတော့သည်။

ဈာန်သည် အာရမ္မဏူပနိဇ္ဈာနဈာန်, လက္ခဏူပနိဇ္ဈာနဈာန် နှစ်မျိုးရှိသည်တွင် သမာပတ်ရှစ်ပါးသည် (ဈာန်စိတ်များရှိ ဈာန်အင်္ဂါများသည်) ကသိုဏ်းအစရှိသော အာရုံကို ကပ်၍ရှုတတ်သောကြောင့် "အာရမ္မဏူပနိဇ္ဈာနဈာန်" မည်၏။ ဝိပဿနာနှင့်မဂ်သည် (ဝိပဿနာအားထုတ်စဉ် ဖြစ်သော ကုသိုလ်စိတ်ရှိ ဈာန်အင်္ဂါများ, မဂ်စိတ်နှင့်အတူဖြစ်သော ဈာန်အင်္ဂါများသည်) အနိစ္စအစရှိသော လက္ခဏာကို ကပ်၍ရှုတတ်သောကြောင့် လည်းကောင်း၊ ဖိုလ်သည် (ဖိုလ်စိတ်ရှိဈာန်အင်္ဂါသည်) နိဗ္ဗာန်၏ တထလက္ခဏာကို ကပ်၍ရှုတတ်သောကြောင့် လည်းကောင်း "လက္ခဏူပနိဇ္ဈာနဈာန်"မည်၏။

(ဝိပဿနာသည် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို စူးစိုက်စွာ ရှုတတ်၏။ ဝိပဿနာ၏ စူးစိုက်စွာရှုခြင်း ကိစ္စသည် မဂ်အခိုက်ကျမှ ပြီးစီးသောကြောင့် မဂ်ကလည်း ထိုလက္ခဏာများကို ရှုရာရောက်သည်။ ဖိုလ်တရားကား နိရောဓသစ္စာဟူသော နိဗ္ဗာန်၏ တထလက္ခဏာကိုရှုတတ်၏။ မှန်ကန်သော သဘောကို တထလက္ခဏာဟု ခေါ်သည်။ နိဗ္ဗာန်၏ သန္တိ (ငြိမ်းချမ်းခြင်း) သဘောသည် ဘယ်အခါမျှ မဖောက်ပြန်သော တထလက္ခဏာတည်း)

သင်္ဂြိုဟ်သာသာဋီကာ- နှာ ၈၉

## ဈာနင် ၇-ပါး

၁။ ဝိတက်ဈာနင်-ဝိတက်ယှဉ်သည့်စိတ် ၅၅-ပါးရှိ ဝိတက်စေတသိက်

၂။ ဝိစာရဈာနင်-ဝိစာရယှဉ်သည့်စိတ် ၆၆-ပါးရှိ ဝိစာရစေတသိက်

၃။ ပီတိဈာနင်–ပီတိယှဉ်သည့်စိတ် ၅၁–ပါးရှိ ပီတိစေတသိက်
၄။ ဧကဂ္ဂတာဈာနင်–ဒွေပဉ္စဝိညာဏ် ၁၀–ကြဉ်သော စိတ် ၇၉–ပါးရှိ ဧကဂ္ဂတာစေတသိက်
၅။ သောမနဿဈာနင်–သောမနဿသဟဂုတ်စိတ် ၆၂–ပါးရှိ သောမနဿဝေဒနာ
၆။ ဒေါမနဿဈာနင်–ဒေါသမူစိတ် ၂–ပါးရှိ ဒေါမနဿဝေဒနာ
၇။ ဥပေက္ခာဈာနင်–ဒွေပဉ္စဝိညာဏ် ၁၀–မှ ဥပေက္ခာသဟဂုတ်စိတ် ၈–ပါးကြဉ်သော ဥပေက္ခာသဟဂုတ်စိတ် ၄၇–ပါးရှိ ဥပေက္ခာဝေဒနာ

(အခြေပြုသင်္ဂြိုဟ်–၄၂၄)

မြားပစ်သူသည် စက်ဝန်းကို ထင်ရှားအောင်ကြည့်ပစ်မှသာ စက်ဝန်းကို ထိနိုင်သကဲ့သို့ ကုသိုလ် အကုသိုလ်ပြုရာ၌လည်း ဝိတက်စသော ဈာန်အင်္ဂါတို့ဖြင့် စိတ်ကိုငြိမ်သက်အောင်ပြု၍ အာရုံကို စူးစိုက်စွာ ရှုလျက် ပြုလုပ်မှ ထမြောက်အောင်မြင်နိုင်သည်။ ဈာနကိစ္စသည် ဝိတက်တခု၏ ကိစ္စမဟုတ်, ဈာန်အင်္ဂါ ၅ပါး အပေါင်း၏ ကိစ္စဖြစ်သည်။ ဈာန်အင်္ဂါတို့တွင် ဝိတက်သည် ခေါင်းဆောင်ဖြစ်သည်။ ဝိတက်က စိတ်ကို အာရုံသို့ တင်မပေးလျှင် ဈာနကိစ္စမဖြစ်။ ထို့ကြောင့် ဝိတက်မယှဉ်သော ဒွေပဉ္စဝိညာဏ် ၁၀၌ ဝေဒနာ ဧကဂ္ဂတာသည် ဈာနကိစ္စမရှိ။ ဒုတိယဈာန်စိတ်ရှိ ဈာန်အင်္ဂါတို့ကား ဝိတက်မပါသော်လည်း ဝိတက်ပါသည့် ပထမဈာန်ကို အခြေခံ၍ ပွားများရသော ဘာဝနာကြောင့် ဖြစ်ပေါ်လာရသဖြင့် ဈာနကိစ္စရှိကြသည်။ ဈာန်အင်္ဂါတို့၏ အထွတ်အထိတ်ကား အာရုံတခု၌ ငြိမ်သက်ခြင်း ဧကဂ္ဂတာဖြစ်သည်။ ထို့ကြောင် ပဉ္စမဈာန်၌ ဥပေက္ခာ ဧကဂ္ဂတာ နှစ်ပါးသာ ပါသည်။

ကာမစိတ် မဟဂ္ဂုစိတ် လောကုတ္တရာစိတ်တိုင်းတွင် ဈာန်အင်္ဂါများ ပါကြသည်။ သို့သော် အကြောင်းဆုံရုံမျှဖြင့် ပေါ်လာနိုင်သည့် ကာမစိတ်ကို ဈာန်စိတ်ဟု မခေါ်။ လုပသည့် အဆင်းကို မြင်လျှင် တဏှာလောဘ ပေါ်လာသကဲ့သို့တည်း။ မဟဂ္ဂုတ်စိတ်ကား အကြောင်းဆုံရုံမျှဖြင့် မပေါ်။ ကသိဏ်းကို ဘာဝနာဖြင့် စွဲမြဲစွာ ရှုမှ ပေါ်လာနိုင်ပြီး ပေါ်လာလျှင်လည်း နီဝရဏကို ခွါထားပြီးဖြစ်၍ ကာမစိတ်ကဲ့သို့ အာရုံအမျိုးမျိုး မပြောင်းတော့ပေ။ ထို့ကြောင့် မဟဂ္ဂုတ်စိတ်ကိုသာ ဈာန်စိတ်ဟု ခေါ်သည်။

လောကုတ္တရာစိတ်သည် နိဗ္ဗာန်တမျိုးတည်းကို စူးစူးစိုက်စိုက် ရှုသော်လည်း ကိလေသာကို ပယ်ခြင်း, ငြိမ်းအေးစေခြင်းကိစ္စတို့ဖြင့် မဂ်,ဖိုလ်ဟူသော အမည်ထူးရပြီးဖြစ်၍ ဈာန်စိတ်အမည်မရ။ သို့သော် လောကုတ္တရာစိတ်ကို ပရိယာယ်အားဖြင့် ဈာန်စိတ်ဟု ခေါ်သည်လည်းရှိသည်။

မဟဂ္ဂုတ်စိတ်ရှိ ဈာန်အင်္ဂါများသည် အာရုံကို စူးစိုက်သည့်ကိစ္စ, နီဝရဏတို့ကို ပယ်ခွါသည့် ကိစ္စရှိသည်။ ကာမစိတ်ရှိ ဈာန်အင်္ဂါများသည်ကား အာရုံကို စူးစိုက်သည့်ကိစ္စသာ ရှိသည်။

ဈာနပစ္စယော ပဋ္ဌာန်းတရားတော်၌ အာရုံကို စူးစိုက်မှုသဘောကို ဈာနကိစ္စဟု ပြောလိုရကား မဟဂ္ဂုတ် လောကုတ္တရာစိတ်များနှင့် ဒွေပဉ္စဝိညာဏ် ၁၀–ကြဉ်သော ကာမစိတ် ၄၄–ပါးရှိ ဈာန်အင်္ဂါအားလုံး ဈာနပစ္စည်း တပ်ကြသည်ဟု ဆိုရမည်။

(မေး) ဒွေပဥ္စဝိညာဏ် ၁၀–ပါး၌ရှိသော ဧကဂ္ဂတာစေတသိက်နှင့် ဝေဒနာစေတသိက်တို့သည် အဘယ့်ကြောင့် ဈာန်အလုပ်ကို မလုပ်နိုင်ပါသနည်း။

(ဖြေ) ဒွေပဥ္စဝိညာဏ် ၁၀–ပါးဖြစ်သောအခါ ဝိတက်စေတသိက် မဖြစ်။ မပါဝင်။ သို့ဖြစ်၍ ဝိတက်၏ ကူညီမှု မရရှိသော ဒွေပဥ္စဝိညာဏ် ၁၀–ပါး၌ရှိသော ဧကဂ္ဂတာစေတသိက်နှင့် ဝေဒနာစေတသိက်တို့သည် အာရုံကို စူးစိုက်စွာ ယူခြင်း ဈာန်အလုပ်ကို မလုပ်နိုင်တော့ပါ။

(မေး) ဒွေပဥ္စဝိညာဏ်စိတ်တို့က စိတ်ကို အာရုံသို့တင်ပေးသော ဝိတက်မပါပဲနှင့် အဘယ့်ကြောင့် အာရုံကို ယူနိုင်သနည်း။

(ဖြေ) ဒွေပဥ္စဝိညာဏ်စိတ်တို့၏မှီရာ ပဥ္စဝတ္ထုတို့၌ ငါးပါးသော အာရုံတို့၏ ထိခိုက်မှုက ထင်ရှားလှသဖြင့် ဒွေပဥ္စဝိညာဏ်စိတ်တို့က  ဝိတက်မပါပဲနှင့် အာရုံကို သိနိုင်ကြသည်။

## ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| ဒွေပဥ္စဝိညာဏ် ၁၀ ကြဉ်သော<br>စိတ် ၇၉–ပါးရှိ<br>ဝိတက် ဝိစာရ ပီတိ ဧကဂ္ဂတာ ဝေဒနာ | ဒွေပဥ္စဝိညာဏ် ၁၀ ကြဉ်သော<br>စိတ် ၇၉၊ စေ ၅၂<br>စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် | ဒွေပဥ္စဝိညာဏ် ၁၀<br>သဗ္ဗစိတ္တ–၇<br>ကျန်ရုပ်များ |

## ပစ္စည်းပစ္စယုပ္ပန်

လောဘမူပထမစိတ် စေတသိက် စိတ္တဇရုပ်တို့ဖြစ်ရာ၌ ဝိတက်သည်ပစ္စည်း, ဝိတက်မှကြွင်းသော စိတ် စေတသိက် စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ ထို့အတူ ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာသည် ပစ္စည်း, ကျန် စိတ် စေတသိက် စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်ကိုသွင်း။ ဤနည်းအတိုင်း အရဟတ္တဖိုလ်တိုင်အောင်သိ။ အရူပဘုံ၌ ပစ္စယုပ္ပန်တွင် ရုပ်မပါခြင်းသာ ထူး၏။

## ပစ္စယနိဒ္ဒေသပါဠိ

**ဈာနပစ္စယောတိ** ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

ဈာနပစ္စယောတိ-ဈာနပစ္စယောဟူသည်ကား၊ ဈာနင်္ဂါနိ-ဈာနင်တို့သည်၊ ဈာနသမ္ပယုတ္တကာနံ-ဈာန်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ-ဒွေပဉ္စဝိညာဏ် တဆယ်ကြဉ်သော စိတ်တခုယုတ်ရှစ်ဆယ်, စေတသိက်ဒွေပညာသတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ-ထိုဈာနင်, ဈာနင်နှင့်ယှဉ်သော စိတ်စေတသိက်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ-စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ဈာနပစ္စယေန-ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။

(ပဋ္ဌာန်းအရကောက်-၄၉ /မိုးထိနိဿယ ပ ၂၄)

♠ 'ဈာနင်္ဂါနိ' ဖြင့် အကြောင်းတရားကို ပြသည်။ 'သမ္ပယုတ္တကာနံ ဓမ္မာနံ, တံသမုဋ္ဌာနာနဉ္စ ရူပါနံ' ဖြင့် အကျိုးတရားကို ပြသည်။ 'ဈာနပစ္စယေန ပစ္စယော' ဖြင့် ဈာနသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)
ဝ ဝ ဝ

<u>သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း</u>

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာတို့ကို ဈာနင်္ဂါနိ ဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေတသိက် ၃၃ ကို ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ ကာယ, ဘာဝ, ဟဒယကမ္မဇကလာပ် သုံးစည်းကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)
ဝ ဝ ဝ

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + စိတ္တဇကလာပ်စည်း + (ဥတုဇ,ကမ္မဇ)

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာတို့ကို ဈာနင်္ဂါနိ ဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေတသိက် ၃၃ ကို ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို “တံသမုဋ္ဌာနာနံ ရူပါနံ” ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ဝဝဝ

သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာတို့ကို ဈာနင်္ဂါနိ ဟု ဆိုသည်။ သော ဒိသံ အ လောဘမူစိတ်နှင့် စေတသိက် ၁၉ ကို ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို ‘တံသမုဋ္ဌာနာနံ ရူပါနံ’ဟုဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝိစာရ ဝေဒနာ ဧကဂ္ဂတာ (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ဝေဒနာ ဧကဂ္ဂတာတို့ကို ဈာနင်္ဂါနိ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ်နှင့် စေတသိက် ၁၇ ကို ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟုဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ဥ ဝိစိ–သံ မောဟမူစိတ် + စေ ၁၅ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝိစာရ ဝေဒနာ ဧကဂ္ဂတာ (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ဝေဒနာ ဧကဂ္ဂတာ တို့ကို ဈာနင်္ဂါနိ ဟု ဆိုသည်။ ဥ ဝိစိ–သံ မောဟမူစိတ်နှင့် စေတသိက် ၁၅ ကို ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ ၀၀၀

သော ဉ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ တို့ကို ဈာနင်္ဂါနိဟု ဆိုသည်။ သော ဉ သံ အ မဟာကုသိုလ်စိတ် + စေတသိက် ၃၃ တို့ကို ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ ၀၀၀

သော ဉ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ တို့ကို ဈာနင်္ဂါနိဟု ဆိုသည်။ သော ဉ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ တို့ကို ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ပဉ္စဒွါရာဝဇ္ဇန်းစိတ် + စေ ၁၀ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝိစာရ ဝေဒနာ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ဝေဒနာ ဧကဂ္ဂတာ တို့ကို ဈာနင်္ဂါနိ ဟု ဆိုသည်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ် စေ ၁၀–ခု တို့ကို ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

စက္ခုဝိညာဏ်စိတ် + စေ ၇ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝေဒနာ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ဝေဒနာ ဧကဂ္ဂတာ တို့သည် ဝိတက်နှင့် ယှဉ်တွဲဖြစ်ခွင့်မရ၍ ဈာနပစ္စည်း မတပ်သဖြင့် ဝေဒနာ ဧကဂ္ဂနာနှင့် ယှဉ်သော စိတ်+စေတသိက်တို့လည်း ဈာနပစ္စည်း၏ အကျိုးတရား မဖြစ်နိုင်ကြပဲ စက္ခုဝိညာဏ်စိတ်နှင့်စေတသိက် ၇–ခု လုံး ပစ္စနိက်သာ ဖြစ်ကြရတော့သည်။

ပထဝီကသိုဏ်းစသည့်အရုံ

ပုံစံ။ န ဒ မ ပ ဥ နု ဂေါ ဇျာန် ဘ ဘ ဘ ဘ

ooo

ရူပါဝစရပထမဈာန်ကုသိုလ်စိတ် + စေ ၃၅ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ တို့ကို ဈာနင်္ဂါနိ ဟု ဆိုသည်။ ရူပါဝစရပထမဈာန်စိတ် + စေ ၃၅ခု တို့ကို ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပထဝီကသိုဏ်းစသည့်အရုံ

ပုံစံ။ န ဒ မ ပ ဥ နု ဂေါ ဇျာန် ဘ ဘ ဘ ဘ

ooo

ရူပါဝစရဒုတိယဈာန်ကုသိုလ်စိတ် + စေ ၃၄ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ တို့ကို ဈာနင်္ဂါနိ ဟု ဆိုသည်။ ရူပါဝစရဒုတိယဈာန်စိတ် + စေ ၃၄ခု တို့ကို ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

သင်္ခါရ / နိဗ္ဗာန်

ပုံစံ။ န ဒ န ဒ မ ပ ဥ နု / ဂေါ မဂ် ဖိုလ် ဖိုလ် ဘ ဘ ဘ ဘ

ooo

စတုတ္ထဈာန်သောတာပတ္တိမဂ်စိတ်+စေ၃၃+စိတ္တဇရုပ်ကလာပ်များ(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝေဒနာ ဧကဂ္ဂတာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ဝေဒနာ ဧကဂ္ဂတာ တို့သည် ဝိတက်နှင့် ယှဉ်တွဲဖြစ်ခွင့် မရသော်လည်း ဝိတက်သည် ပထမဈာန်ကို အခြေခံ ပွားများ၍ ဖြစ်ပေါ်လာရသော စတုတ္ထဈာန်ဖြစ်သဖြင့် ဝေဒနာ,ဧကဂ္ဂတာသည် ဈာန်ပစ္စည်းတပ်ကြသည်။ ဤဖြစ်စဉ်တွင် ဝေဒနာ ဧကဂ္ဂတာ တို့ကို ဈာနင်္ဂါနိ ဟု ဆိုသည်။ စတုတ္ထဈာန်သောတာပတ္တိမဂ်စိတ်+စေ၃၃–ခုတို့ကို ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## ပဉ္စဝါရပါဠိ
## ဈာနပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဈာနပစ္စယေန ပစ္စယော။
(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာနိ ဈာနင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဈာနပစ္စယေန ပစ္စယော။
(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဈာနပစ္စယေန ပစ္စယော။
(ဝိဓိ) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာနိ ဈာနင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဈာနပစ္စယေန ပစ္စယော။
(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။
(ဝိဓိ) အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ) ဝိပါကာဗျာကတာနိ ကိရိယာဗျာကတာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် – ၁၅၇,၁၅၈)

## ကု ကု နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–သော၊ ဓမ္မဿ–အား၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာနိ–ကုသိုလ်ဖြစ်ကုန်သော၊ ဈာနင်္ဂါနိ–ဈာနင်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနံ–နာမက္ခန္ဓာတို့အား၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ကု ကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo

သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာတို့ကို ကုသလာနိ ဈာနင်္ဂါနိ ဟု ဆိုသည်။ သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၃–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ ဈာနသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ဈာနပစ္စယေန ပစ္စယောဟု ဆိုသည်။

## ကု ဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–အား၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာနိ–ကုသိုလ်ဖြစ်ကုန်သော၊ ဈာနင်္ဂါနိ–ဈာနင်တို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–ရုပ်တို့အား၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာတို့ကို ကုသလာနိ ဈာနင်္ဂါနိ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## ကု ကုဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿစ–အားလည်းကောင်း၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာနိ–ကုသိုလ်ဖြစ်ကုန်သော၊ ဈာနင်္ဂါနိ–ဈာနင်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာတို့ကို ကုသလာနိ ဈာနင်္ဂါနိ ဟု ဆိုသည်။ သော ည သံ အ မဟာကုသိုလ်စိတ် + စေ ၃၃–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံဟု ဆိုသည်။

## အကု အကု နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–သော၊ ဓမ္မဿ–အား၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာနိ–အကုသိုလ်ဖြစ်ကုန်သော၊ ဈာနင်္ဂါနိ–ဈာနင်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနံ–စိတ်စေတသိက်ခန္ဓာတို့အား၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## အကု အကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝိစာရ ဝေဒနာ ဧကဂ္ဂတာ (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ဝေဒနာ ဧကဂ္ဂတာ တို့ကို အကုသလာနိ ဈာနင်္ဂါနိ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ်နှင့် စေ ၁၇–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။

## အကု ဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–အား၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာနိ–အကုသိုလ်ဖြစ်ကုန်သော၊ ဈာနင်္ဂါနိ–ဈာနင်တို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–ရုပ်တို့အား၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ဝေဒနာ ဧကဂ္ဂတာ တို့ကို အကုသလာနိ ဈာနင်္ဂါနိ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## အကု အကုဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿစ–အားလည်းကောင်း၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာနိ–အကုသိုလ်ဖြစ်ကုန်သော၊ ဈာနင်္ဂါနိ–ဈာနင်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ဝေဒနာ ဧကဂ္ဂတာတို့ကို အကုသလာနိ ဈာနင်္ဂါနိ ဟု ဆိုသည်။ ဒေါပဋိသံ အ ဒေါသမူစိတ် + စေ ၁၇–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံဟု ဆိုသည်။

## ဗျာ ဗျာ နိဿယ

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဝိပါကာဗျာကတာနိ–ဝိပါက်အဗျာကတ ဖြစ်ကုန်သော၊ ကြိယာဗျာကတာနိ–ကြိယာအဗျာကတ ဖြစ်ကုန်သော၊ ဈာနင်္ဂါနိ–ဈာနင်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပဋိသန္ဓိက္ခဏေ–ပဋိသန္ဓေခဏ၌၊ ဝိပါကာဗျာကတာနိ–ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ဈာနင်္ဂါနိ–ဈာနင်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ ကဋတ္တာ စ ရူပါနံ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ ဈာနပစ္စယေန–ဈာနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ဗျာ ဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝိ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ဝဝဝ

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာတို့ကို ဝိပါကာဗျာကတာနိ ဈာနင်္ဂါနိ ဟု ဆိုသည်။ သော ဉာ သံ အ မဟာဝိပါက်စိတ် + စေ ၃၃–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ဝဝဝ
<u>သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ</u> +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာတို့ကို ကြိယာဗျာကတာနိ ဈာနင်္ဂါနိ ဟု ဆို သည်။ သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ကံ/ကမ္မနိမိတ်/ဂတိနိမိတ် ကံ/ကမ္မနိမိတ်/ဂတိနိမိတ်

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)
ဝ ဝ ဝ
<u>သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း</u>

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာတို့ကို ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ ဈာနင်္ဂါနိဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေ ၃၃–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆို သည်။ ကာယ, ဘာဝ, ဟဒယကမ္မဇကလာပ် သုံးစည်းကို ကဋတ္တာ စ ရူပါနံ ဟု ဆိုသည်။

ပထဝီကသိုဏ်းစသည့်အရုံ

ပုံစံ။ န ဒ မ ပ ဥ နု ဂေါ ဈာန် ဘ ဘ ဘ ဘ

ဝဝဝ

ရူပါဝစရပထမဈာန်ကြိယာစိတ် + စေ ၃၅ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ တို့ကို ကြိယာဗျာကတာနိ ဈာနင်္ဂါနိ ဟု ဆိုသည်။ ရူပါဝစရပထမဈာန်ကြိယာစိတ် + စေ ၃၅-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပထဝီကသိုဏ်းစသည့်အရုံ

ပုံစံ။ န ဒ မ ပ ဥ နု ဂေါ ဈာန် ဘ ဘ ဘ ဘ

ဝဝဝ

ရူပါဝစရဒုတိယဈာန်ကြိယာစိတ် + စေ ၃၄ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ တို့ကို ကြိယာဗျာကတာနိ ဈာနင်္ဂါနိ ဟု ဆိုသည်။ ရူပါဝစရဒုတိယဈာန်ကြိယာစိတ် + စေ ၃၄-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

သင်္ခါရ | နိဗ္ဗာန်

ပုံစံ။ န ဒ န ဒ မ ပ ဥ နု | ဂေါ မဂ် ဖိုလ် ဖိုလ် ဘ ဘ ဘ ဘ

ဝဝဝ

စတုတ္ထဈာန်သောတာပတ္တိဖိုလ်စိတ် +စေ၃၃ စိတ္တဇရုပ်ကလာပ်များ (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝေဒနာ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ဝေဒနာ ဧကဂ္ဂတာ တို့ကို ဝိပါကာဗျာကတာနိ ဈာနင်္ဂါနိဟု ဆိုသည်။ စတုတ္ထဈာန် သောတာပတ္တိဖိုလ်စိတ်+စေ၃၃-ခုတို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ဈာနပစ္စည်း(ပစ္စယနိဒ္ဒေသ)

| | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|
| အပေါင်း | ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ | ဒွေပဉ္စဝိညာဏ်တဆယ်ကြဉ် စိတ် ၇၉၊ စေ–၅၂၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | | | | |
| | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| | ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဈာနင်တရားကိုယ်–၅ပါး | ဒွေပဉ္စဝိညာဏ်တဆယ်ကြဉ် စိတ် ၇၉၊ စေ–၅၂၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | တ | ယ | ဈာ.သ.ည.နိ.ဝိ.ဣံ.မဂ်. သံ.ဝိပ်.တ္ထိ.အဝိ | ၁၁ |

ဈာနပစ္စည်း(ပဉှာဝါရ)

| သချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | အပေါင်း | ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဈာနင်တရားကိုယ် ၅–ပါး | ဒွေပဉ္စဝိညာဏ်တဆယ်ကြဉ် စိတ် ၇၉၊ စေ–၅၂၊ စိတ္တဇ,ပဋိသန္ဓေကမ္မဇရုပ် | | | | |
| ၁ | ကု | ကု | ဈာနင်တရားကိုယ် ၅–ပါး | ကု ၂၁၊ စေ ၃၈ | တ | ယ | ဈာ.သ.ည.နိ.ဣံ.မဂ်. သံ.တ္ထိ.အဝိ | ၉ |
| ၂ | ကု | ဗျာ | ဈာနင်တရားကိုယ် ၅–ပါး | စိတ္တဇရုပ် | တ | ယ | ဈာ.သ.နိ.ဣံ.မဂ်.ဝိပ်. တ္ထိ.အဝိ | ၈ |
| ၃ | ကု | ကုဗျာ | ဈာနင်တရားကိုယ် ၅–ပါး | ကု ၂၁ စေ ၃၈၊ စိတ္တဇရုပ် | တ | ယ | ဈာ.သ.နိ.ဣံ.မဂ်.တ္ထိ.အဝိ | ၇ |
| ၄ | အကု | အကု | ဈာနင်တရားကိုယ် ၅–ပါး | အကု ၁၂ စေ ၂၇ | တ | ယ | ဈာ.သ.ည.နိ.ဣံ.မဂ်. သံ.တ္ထိ.အဝိ | ၉ |
| ၅ | အကု | ဗျာ | ဈာနင်တရားကိုယ် ၅–ပါး | စိတ္တဇရုပ် | တ | ယ | ဈာ.သ.နိ.ဣံ.မဂ်.ဝိပ်. တ္ထိ.အဝိ | ၈ |
| ၆ | အကု | အကုဗျာ | ဈာနင်တရားကိုယ် ၅–ပါး | အကု ၁၂ စေ ၂၇ စိတ္တဇရုပ် | တ | ယ | ဈာ.သ.နိ.ဣံ.မဂ်.တ္ထိ.အဝိ | ၇ |
| | ပဝတ္တိ | | ဈာနင်တရားကိုယ် ၅–ပါး | ဝိ၂၆၊ ကြိ၂၀၊ စေ၃၈ စိတ္တဇရုပ် | တ | ယ | ဈာ.သ.ည.နိ.ဝိ.ဣံ. မဂ်.သံ.ဝိပ်.တ္ထိ.အဝိ | ၁၁ |
| ၇ | ဗျာ | ဗျာ | | | | | | |
| | ပဋိသန္ဓေ | | ဈာနင်တရားကိုယ် ၅–ပါး | ပဋိ ၁၉ စေ ၃၅ ပဋိကမ္မဇ | တ | ယ | ဈာ.သ.ည.နိ.ဝိ.ဣံ. မဂ်.သံ.ဝိပ်.တ္ထိ.အဝိ | ၁၁ |

## ပစ္စယနိဒ္ဒေသပါဠိ

**ဈာနပစ္စယောတိ** ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

"ဈာနင်္ဂါနိ' ဟူသော ကတ္တားပါဋ်ဖြင့် ဈာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရားကို ပြတော်မူ၏။ "ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟူသော သမ္ပဒါန်ပါဋ်ဖြင့် ဒွေပဉ္စဝိညာဏ် တဆယ်ကြဉ်သော စိတ်တခုယုတ် ရှစ်ဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "ဈာနပစ္စယေန"ဟူသော ကရိုဏ်းပါဋ်ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဈာန သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤတဆဲ့တပစ္စယသတ္တိတို့တွင် ဈာနသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

(ပဋ္ဌာန်းအရကောက် ၄၉)

## ပဥှာဝါရပါဠိ

### ဈာနပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဈာနပစ္စယေန ပစ္စယော။

ကုသလော ကုသလဿဥ် ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော ကုသိုလ်ဇောဝီသဉ် ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ, ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်စိတ် ဇောဝီသ၊ စေတသိက် အဋ္ဌတ္တိံသ သမ္ပယုတ္တက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤကိုးပစ္စယသတ္တိတို့တွင် ဈာနပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာနိ ဈာနင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

ကုသလော အဗျာကတဿဥ် ကတ္တားကား စိတ္တဇရုပ်အားတပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဇောဝီသ, စေတသိက် အဋ္ဌတ္တိံသ၌ ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ, ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် ဈာနပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဥ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

ကုသလော ကုသလာဗျာကတဿဥ် ကတ္တားကား သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်အားတပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဇောဝီသ, စေတသိက် အဋ္ဌတ္တိံသ၌ ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ, ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ် ဇောဝီသ, စေတသိက် အဋ္ဌတ္တိံသ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ၊ ဤခုနစ်ပစ္စယသတ္တိတို့တွင် ဈာနပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဈာနပစ္စယေန ပစ္စယော။

အကုသလော အကုသလဿဥ် ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၌ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ, ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤကိုးပစ္စယသတ္တိတို့တွင် ဈာနပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ)　　　အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ)　　အကုသလာနိ ဈာနင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

အကုသလော အဗျာကတဿဌ် ကတ္တားကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသဌ်ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ, ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅–ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် ဈာနပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ)　　　အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ)　　အကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

အကုသလော အကုသလာဗျာကတဿဌ် ကတ္တားကား သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသဌ်ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ, ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅–ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၊ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ၊ ဤခုနှစ်ပစ္စယသတ္တိတို့တွင် ဈာနပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ)　　　အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။
(အနုဝါဒ)　ဝိပါကာဗျာကတာနိ ကြိယာဗျာကတာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

အဗျာကတော အဗျာကတဿဌ် **ပဝတ္တိအခါ** ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားငှင်း၊ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အားငှင်း တပ်သော ဒွေပဉ္စဝိညာဏ် တဆယ်ကြဉ်သော ဝိပါက်စိတ်ဆဗ္ဗီသ, ကြိယာစိတ် ဝီသဌ် ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ, ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅–ပါး ပစ္စည်းတရား ရ၏။

သမ္ပဒါန်ကား ဒွေပဉ္စဝိညာဏ် တဆယ်ကြဉ်သော ဝိပါက်စိတ် ဆဗ္ဗီသ, ကြိယာစိတ် ဝီသ, စေတသိက်အဋ္ဌတ္တိံသ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့တပစ္စယသတ္တိတို့တွင် ဈာနပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

**ပဋိသန္ဓေအခါ** ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားငှင်း၊ သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်အားငှင်း တပ်သော ပဋိသန္ဓေ ဧကူနဝီသဉ္စ ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ, ဟု ဆိုအပ်သော ဈာနင်တရားကိုယ် ၅–ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ပဋိသန္ဓေ ဧကူနဝီသ, စေတသိက် ပဉ္စတ္တိံသ သမ္ပယုတ္တက္ခန္ဓာ၊ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့တပစ္စယသတ္တိတို့တွင် ဈာနပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ပဋ္ဌာန်းအရကောက် ၄၃၆–၄၃၈)

## မဂ္ဂပစ္စယော

သုဂတိ ဒုဂ္ဂတိသို့ ပို့ဆောင်နိုင်သော သတ္တိ, ပကတိလမ်းခရီးသည် မိမိအပေါ်၌ သွားလာသူကို လိုရာအရပ်သို့ ဆောင်ပို့သကဲ့သို့ ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာတို့၌ ပါရှိသော မဂ္ဂင်တရားတို့လည်း မိမိတို့နှင့် တကွဖြစ်ဘက်တရားစုကို လိုရာအာရုံ လိုရာကိစ္စ၌ ဆောင်ပို့နိုင်သော သတ္တိသည် မဂ္ဂပစ္စည်းမည်၏။

## မဂ္ဂင် ၁၂-ပါး

ဒွါဒသမဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပေါ, သမ္မာဝါစာ, သမ္မာကမ္မန္တော, သမ္မာအာဇီဝေါ, သမ္မာဝါယာမော, သမ္မာသတိ, သမ္မာသမာဓိ, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပေါ, မိစ္ဆာဝါယာမော, မိစ္ဆာသမာဓိ။

(အဘိဓမ္မတ္ထသင်္ဂဟပါဠိ-၁၂၀)

မဂ္ဂင်္ဂါနိ-မဂ္ဂင်တို့သည်၊ သမ္မာဒိဋ္ဌိ-သမ္မာဒိဋ္ဌိငှင်း၊ သမ္မာသင်္ကပ္ပေါ-သမ္မာသင်္ကပ္ပငှင်း၊ သမ္မာဝါစာ-သမ္မာဝါစာငှင်း၊ သမ္မာကမ္မန္တော-သမ္မာကမ္မန္တငှင်း၊ သမ္မာအာဇီဝေါ-သမ္မာအာဇီဝငှင်း၊ သမ္မာဝါယာမော-သမ္မာဝါယာမငှင်း၊ သမ္မာသတိ-သမ္မာသတိငှင်း၊ သမ္မာသမာဓိ-သမ္မာသမာဓိငှင်း၊ မိစ္ဆာဒိဋ္ဌိ-မိစ္ဆာဒိဋ္ဌိငှင်း၊ မိစ္ဆာသင်္ကပ္ပေါ-မိစ္ဆာသင်္ကပ္ပငှင်း၊ မိစ္ဆာဝါယာမ-မိစ္ဆာဝါယာမငှင်း၊ မိစ္ဆာသမာဓိ- မိစ္ဆာသမာဓိငှင်း၊ (ဣတိ-ဤသို့) ဒွါဒသ-တဆဲ့နှစ်ပါးတို့တည်း။ (အခြေပြုသင်္ဂြိုဟ်နိဿယ-၄၂၆)

| မဂ္ဂင်အမည် | အဓိပ္ပါယ် | တရားကိုယ် |
|---|---|---|
| ၁။ သမ္မာဒိဋ္ဌိ | ကောင်းစွာသိမြင်မှု | ပညာ |
| ၂။ သမ္မာသင်္ကပ္ပ | ကောင်းစွာကြံစည်မှု | ဝိတက် |
| ၃။ သမ္မာဝါစာ | ကောင်းစွာပြောဆိုမှု | သမ္မာဝါစာ |
| ၄။ သမ္မာကမ္မန္တ | ကောင်းစွာပြုလုပ်မှု | သမ္မာကမ္မန္တ |
| ၅။ သမ္မာအာဇီဝ | ကောင်းစွာအသက်မွေးမှု | သမ္မာအာဇီဝ |
| ၆။ သမ္မာဝါယာမ | ကောင်းစွာအားထုတ်မှု | ဝီရိယ |
| ၇။ သမ္မာသတိ | ကောင်းစွာအောက်မေ့မှု | သတိ |
| ၈။ သမ္မာသမာဓိ | ကောင်းစွာတည်ကြည်မှု | ဧကဂ္ဂတာ |
| ၉။ မိစ္ဆာဒိဋ္ဌိ | မှားယွင်းစွာသိမြင်မှု | ဒိဋ္ဌိ |
| ၁၀။ မိစ္ဆာသင်္ကပ္ပ | မှာယွင်းစွာကြံစည်မှု | အကုသိုလ်စိတ် ၁၂-ပါးရှိ ဝိတက် |
| ၁၁။ မိစ္ဆာဝါယာမ | မှားယွင်းစွာအားထုတ် | အကုသိုလ်စိတ် ၁၂-ပါးရှိ ဝီရိယ |

၁၂။ မိစ္ဆာသမာဓိ မှားယွင်းစွာတည်ကြည်မှု ဝိစိကိစ္ဆာသမ္ပယုတ်စိတ်[၁]မှတပါး အကုသိုလ်စိတ် ၁၁–ပါးရှိ ဧကဂ္ဂတာ

## ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| သဟိတ်စိတ် ၇၁–ပါး၌ ရှိသော ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိ | သဟိတ်စိတ် ၇၁၊ စေ–၅၂ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | အဟိတ်စိတ် ၁၈၊ ဆန္ဒကြဉ်သော အညသမာန်းစေ ၁၂၊ အဟိတ်စိတ္တဇရုပ်, အဟိတ် ပဋိသန္ဓေကမ္မဇရုပ်နှင့် ကျန်ရုပ်များ |

## ပစ္စည်း ပစ္စယုပ္ပန်

လောဘမူပဌမစိတ်၌ ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ အပါအဝင် စေတသိက် ၁၉–ခုတို့ယှဉ်ရာ ဝိတက်သည် မဂ္ဂပစ္စည်း, လောဘမူပဌမစိတ်၊ ဝိတက်ကြဉ်သော စေတသိက် ၁၈ခု စိတ္တဇရုပ်သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန်။

ပေးလှူသောအခါ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်ဖြစ်လျှင် စေတသိက် ၃၈–ပါးယှဉ်ရာ ပညာကို ပစ္စည်း ယူက၊ စိတ်နှင့် ကျန် စေတသိက် ၃၇–ပါးသည် ပစ္စယုပ္ပန်။

လူတယောက် အိပ်ပျော်နေခိုက် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ် ဖြစ်လျှင် စေတသိက် ၃၃–ပါး ယှဉ်ရာ, ဝိတက်ကို ပစ္စည်းယူက စိတ်နှင့်ကျန်စေတသိက် ၃၂–ပါးသည် ပစ္စယုပ္ပန်။

## အဟိတ်စိတ်၌ပါသော ဝိတက်, ဝီရိယ, ဧကဂ္ဂတာ မဂ္ဂင်အမည်မရ

ရေသောက်မြစ်နှင့်တူသော ဟိတ်မပါလျှင် ဆိုင်ရာအာရုံ ယူမှု၌ အမြစ်စွဲနေသလိုခိုင်မြဲမည်မဟုတ်ချေ။ မခိုင်မြဲ၍ အပေါ်ယံမျှသာဖြစ်သော တရားကို "သုဂတိ ဒုဂ္ဂတိသို့ ပို့ဆောင်နိုင်သော သတ္တိ"ရှိ၏ဟု မဆိုထိုက်။ ထို့ကြောင့် အဟိတ်စိတ်များဝယ် မဂ္ဂင်တရားကိုယ်နှင့်အလားတူသော ဝိတက်, ဝီရိယ, ဧကဂ္ဂတာ တို့ ထိုက်သလို ယှဉ်ကြသော်လည်း မဂ္ဂင်အမည်မရကြချေ။ မှန်ပါသည်။ ဈာန်အလုပ် လုပ်နိုင်ဖို့ ဝိတက် ပါကိုပါရမည်။ ဗိုလ်အလုပ် လုပ်နိုင်ဖို့ ဝီရိယ ပါကိုပါရမည်။ မဂ္ဂင်အလုပ် လုပ်နိုင်ဖို့ ဟိတ်တရား ပါကိုပါရမည်။

---

၁ ဝိစိကိစ္ဆာ၌ယှဉ်သော ဧကဂ္ဂတာသည် အားနည်းလှသောကြောင့် မဂ္ဂပစ္စည်းမတပ် (ပရမတ္ထသံခိပ်ဋီကာ–၅၂၈)

## ပစ္စယနိဒ္ဒေသပါဠိ

**မဂ္ဂပစ္စယောတိ** မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

မဂ္ဂပစ္စယောတိ–မဂ္ဂပစ္စယောဟူသည်ကား၊ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့သည်၊ မဂ္ဂသမ္ပယုတ္တကာနံ–မဂ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သဟိတ်စိတ် ဧကသတ္တတိ, စေတသိက် ဒွေပညာသတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ–ထိုမဂ္ဂင်, မဂ္ဂင်နှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(ပဋ္ဌာန်းအရကောက်–၅၁ /မိုးထိနိဿယ ပ ၂၄)

♠ ‘မဂ္ဂင်္ဂါနိ’ ဖြင့် အကြောင်းတရားကို ပြသည်။ ‘သမ္ပယုတ္တကာနံ ဓမ္မာနံ, တံသမုဋ္ဌာနာနဉ္စ ရူပါနံ’ ဖြင့် အကျိုးတရားကို ပြသည်။ ‘မဂ္ဂပစ္စယေန ပစ္စယော’ ဖြင့် မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပြသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘ၀အတွက်)
၀ ၀ ၀

<u>သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာ၀,ဟဒယကလာပ်စည်း</u>

ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာတို့ကို မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေတသိက် ၃၃ ကို မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ ကာယ, ဘာ၀, ဟဒယကမ္မဇကလာပ် သုံးစည်းကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)
ဝ ဝ ဝ

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + စိတ္တဇကလာပ်စည်း + (ဥတုဇ,ကမ္မဇ)

ပညာ ဝိတက် သတိ ဝီရိယ ဇေဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ပညာ ဝိတက် သတိ ဝီရိယ ဇေဂ္ဂတာတို့ကို မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေတသိက် ၃၃ ကို မဂ္ဂသမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို "တံသမုဋ္ဌာနာနံ ရူပါနံ" ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ဝဝဝ

သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝီရိယ ဇေဂ္ဂတာ ဒိဋ္ဌိ (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝီရိယ ဇေဂ္ဂတာ ဒိဋ္ဌိတို့ကို မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ သော ဒိသံ အ လောဘမူစိတ်နှင့် စေတသိက် ၁၉ ကို မဂ္ဂသမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို 'တံသမုဋ္ဌာနာနံ ရူပါနံ'ဟုဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝီရိယ ဧကဂ္ဂတာ (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝီရိယ ဧကဂ္ဂတာ တို့ကို မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ်နှင့် စေတသိက် ၁၇ ကို မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟုဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ဥ ဝိစိ–သံ မောဟမူစိတ် + စေ ၁၅ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝီရိယ ~~ဧကဂ္ဂတာ~~ (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝီရိယ တို့ကိုသာ မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ ဥ ဝိစိ–သံ မောဟမူစိတ်နှင့် စေတသိက် ၁၅ ကို မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

<u>သော ည သံ အ မဟာကုသိုလ်စိတ် + စေ ၃၈ + စိတ္တဇရုပ်ကလာပ်များ</u> + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သတိ ဝီရိယ ဧကဂ္ဂတာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သတိ ဝီရိယ ဧကဂ္ဂတာ တို့ကို မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ သော ည သံ အ မဟာကုသိုလ်စိတ် + စေတသိက် ၃၈[၁] တို့ကို မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

<u>သော ည သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ</u> +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာ တို့ကို မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ သော ည သံ အ မဟာကုသိုလ်စိတ် + စေ ၃၃ တို့ကို မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

---

၁ ယှဉ်နိုင်သမျှ ပေါင်းယူထားသည်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ပဥ္စဒွါရာဝဇ္ဇန်းစိတ် + စေ ၁၀ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဧကဂ္ဂတာ တို့သည် အဟိတ်စိတ်ဖြစ်၍ မဂ္ဂပစ္စည်း မတပ်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

စက္ခုဝိညာဏ်စိတ် + စေ ၇ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ဧကဂ္ဂတာ သည် အဟိတ်စိတ်ဖြစ်၍ မဂ္ဂပစ္စည်း မတပ်။

ပထဝီကသိုဏ်းစသည့်အရုံ

ပုံစံ။ န ဒ မ ပ ဥ နု ဂေါ ဈာန် ဘ ဘ ဘ ဘ
ooo

ရူပါဝစရပထမဈာန်ကုသိုလ်စိတ် + စေ ၃၅ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာ တို့ကို မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ ရူပါဝစရပထမဈာန်စိတ် + စေ ၃၅ခု တို့ကို မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပထဝီကသိုဏ်းစသည့်အရုံ

ပုံစံ။ န ဒ မ ပ ဥ နု ဂေါ ဈာန် ဘ ဘ ဘ ဘ

ဝဝဝ

ရူပါဝစရဒုတိယဈာန်ကုသိုလ်စိတ် + စေ ၃၄ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပညာ သတိ ဝီရိယ ဧကဂ္ဂတာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ပညာ သတိ ဝီရိယ ဧကဂ္ဂတာ တို့ကို မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ ရူပါဝစရဒုတိယဈာန်စိတ် + စေ ၃၄ခု တို့ကို မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

သင်္ခါရ နိဗ္ဗာန်

ပုံစံ။ န ဒ န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဘ ဘ ဘ ဘ

ဝဝဝ

စတုတ္ထဈာန်သောတာပတ္တိမဂ်စိတ် +စေ၃၃ စိတ္တဇရုပ်ကလာပ်များ (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပညာ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သတိ ဝီရိယ ဧကဂ္ဂတာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ပညာ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သတိ ဝီရိယ ဧကဂ္ဂတာ တို့ကို မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ စတုတ္ထဈာန်သောတာပတ္တိမဂ်စိတ်+စေ၃၃–ခုတို့ကို မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## ပဥ္စဝါရပါဠိ
## မဂ္ဂပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။
(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာနိ မဂ္ဂင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။
(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။
(ဝိဓိ) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာနိ မဂ္ဂင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။
(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

(ဝိဓိ) အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) ဝိပါကာဗျာကတာနိ ကြိယာဗျာကတာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် - ၁၅၈)

## ကု ကု နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–သော၊ ဓမ္မဿ–အား၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာနိ–ကုသိုလ်ဖြစ်ကုန်သော၊ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနံ–နာမက္ခန္ဓာတို့အား၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ကု ကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo
သော ဉ သံ အ မဟာကုသိုလ်စိတ် + စေ ၃၈ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သတိ ဝီရိယ ဧကဂ္ဂတာ (ကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သတိ ဝီရိယ ဧကဂ္ဂတာတို့ကို ကုသလာနိ မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ သော ဉ သံ အ မဟာကုသိုလ်စိတ် + စေ ၃၈–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။

## ကု ဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–အား၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာနိ–ကုသိုလ်ဖြစ်ကုန်သော၊ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–ရုပ်တို့အား၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

♠ ♠ ဤဖြစ်စဉ်တွင် ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သတိ ဝီရိယ ဧကဂ္ဂတာတို့ကို ကုသလာနိ မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## ကု ကုဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿစ–အားလည်းကောင်း၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလာနိ–ကုသိုလ်ဖြစ်ကုန်သော၊ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ် ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာတို့ကို ကုသလာနိ မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ သော ဉ သံ အ မဟာကုသိုလ်စိတ် + စေ ၃၈–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံဟု ဆိုသည်။

## အကု အကု နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–သော၊ ဓမ္မဿ–အား၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာနိ–အကုသိုလ်ဖြစ်ကုန်သော၊မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနံ–စိတ်စေတသိက်ခန္ဓာတို့အား၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## အကု အကု အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိတက် ဝီရိယ ဧကဂ္ဂတာ (အကုသိုလ်)

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝီရိယ ဧကဂ္ဂတာ တို့ကို အကုသလာနိ မဂ္ဂင်္ဂါနိ ဟု ဆိုသည်။
ဒေါ ပဋိသံ အ ဒေါသမူစိတ်နှင့် စေ ၁၇–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။

## အကု ဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–အား၊ မဂ္ဂ ပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာနိ–အကုသိုလ်ဖြစ်ကုန်သော၊ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–ရုပ်တို့အား၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြု သည်၊ ဟောတိ–ဖြစ်၏။

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝီရိယ ဧကဂ္ဂတာ တို့ကို အကုသလာနိ မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ် များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## အကု အကုဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿစ–အားလည်းကောင်း၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလာနိ–အကုသိုလ်ဖြစ်ကုန်သော၊ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန် သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

♠ ဤဖြစ်စဉ်တွင် ဝိတက် ဝီရိယ ဧကဂ္ဂတာတို့ကို မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ ဒေါ ပဋိသံ အ ဒေါသမူစိတ် + စေ ၁၇–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇရုပ်ကလာပ်များကို စိတ္တသမုဋ္ဌာနာနံ ရူပါနံဟု ဆိုသည်။

## ဗျာ ဗျာ နိဿယ

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဝိပါကာဗျာကတာနိ–ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ကြိယာဗျာကတာနိ–ကြိယာအဗျာကတဖြစ်ကုန်သော၊ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–ရုပ်တို့အားလည်းကောင်း၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပဋိသန္ဓိက္ခဏေ–ပဋိသန္ဓေခဏ၌၊ ဝိပါကာဗျာကတာနိ–ဝိပါက်အဗျာကတဖြစ်ကုန်သော၊ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့သည်၊ သမ္ပယုတ္တကာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ခန္ဓာတို့အားလည်းကောင်း၊ ကဋတ္တာစ ရူပါနံ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ မဂ္ဂပစ္စယေန–မဂ္ဂပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ဗျာ ဗျာ အရကောက်/အဓိပ္ပါယ်

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

သော ဉ သံ အ မဟာဝိပါက်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာတို့ကို ဝိပါကာဗျာကတာနိ မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ သော ဉ သံ အ မဟာဝိပါက်စိတ် + စေ ၃၃–ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

## ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ဝဝဝ
<u>သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ</u> +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာတို့ကို ကြိယာဗျာကတာနိ မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ကံ/ကမ္မနိမိတ်/ဂတိနိမိတ် ကံ/ကမ္မနိမိတ်/ဂတိနိမိတ်

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ - ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)
ဝ ဝ ဝ
<u>သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း</u>

ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာတို့ကို ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ မဂ္ဂင်္ဂါနိဟု ဆိုသည်။ သောဉာသံအ မဟာဝိပါက်စိတ်နှင့် စေ ၃၃-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟုဆိုသည်။ ကာယ, ဘာဝ, ဟဒယကမ္မဇကလာပ် သုံးစည်းကို ကဋတ္တာ စ ရူပါနံ ဟု ဆိုသည်။

ပထဝီကသိုဏ်းစသည့်အရုံ

ပုံစံ။ န ဒ မ ပ ဥ နု ဂေါ ဈာန် ဘ ဘ ဘ ဘ

ဝဝဝ

ရူပါဝစရပထမဈာန်ကြိယာစိတ် + စေ ၃၅ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ပညာ ဝိတက် သတိ ဝီရိယ ဧကဂ္ဂတာ တို့ကို ကြိယာဗျာကတာနိ မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ ရူပါဝစရပထမဈာန်ကြိယာစိတ် + စေ ၃၅-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

ပထဝီကသိုဏ်းစသည့်အရုံ

ပုံစံ။ န ဒ မ ပ ဥ နု ဂေါ ဈာန် ဘ ဘ ဘ ဘ

ဝဝဝ

ရူပါဝစရဒုတိယဈာန်ကြိယာစိတ် + စေ ၃၄ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပညာ သတိ ဝီရိယ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ပညာ သတိ ဝီရိယ ဧကဂ္ဂတာ တို့ကို ကြိယာဗျာကတာနိ မဂ္ဂင်္ဂါနိ ဟု ဆိုသည်။ ရူပါဝစရဒုတိယဈာန်ကြိယာစိတ် + စေ ၃၄-ခု တို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

သင်္ခါရ နိဗ္ဗာန်

ပုံစံ။ န ဒ န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဘ ဘ ဘ ဘ

ဝဝဝ

စတုတ္ထဈာန်သောတာပတ္တိဖိုလ်စိတ် +စေ၃၃ စိတ္တဇရုပ်ကလာပ်များ (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပညာ သတိ ဝီရိယ ဧကဂ္ဂတာ (အဗျာကတ)

♠ ဤဖြစ်စဉ်တွင် ပညာ သတိ ဝီရိယ ဧကဂ္ဂတာ တို့ကို ဝိပါကာဗျာကတာနိ မဂ္ဂင်္ဂါနိဟု ဆိုသည်။ စတုတ္ထဈာန် သောတာပတ္တိဖိုလ်စိတ်+စေ၃၃-ခုတို့ကို သမ္ပယုတ္တကာနံ ခန္ဓာနံ ဟု ဆိုသည်။ စိတ္တဇကလာပ်စည်းတို့ကို တံသမုဋ္ဌာနာနံ ရူပါနံ ဟု ဆိုသည်။

| | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|
| အပေါင်း | ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိ | သဟိတ်စိတ် ၇၁၊ စေ-၅၂ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် | | | | |
| | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| | ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိ | သဟိတ်စိတ် ၇၁၊ စေ-၅၂ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် | တ | ယ | မဂ်.ဟေ.ဓိ.သ.ည.နိ.ဝိ.ဣံ. ဈာ.သံ.ဝိပ်.တ္ထိ.အဝိ | ၁၃ |

မဂ္ဂပစ္စည်း(ပဉှာဝါရ)

| သင်္ချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
|---|---|---|---|---|---|---|---|---|
| အပေါင်း | | | ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိ | သဟိတ်စိတ် ၇၁၊ စေ-၅၂ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် | | | | |
| သင်္ချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| ၁ | ကု | ကု | ကုသိုလ်မဂ္ဂင် ၈-ပါး | ကု ၂၁၊ စေ ၃၈ | တ | ယ | မဂ်.ဟေ.ဓိ.သ.ည.နိ.ဣံ. ဈာ.သံ.တ္ထိ.အဝိ | ၁၁ |
| ၂ | ကု | ဗျာ | ကုသိုလ်မဂ္ဂင် ၈-ပါး | စိတ္တဇရုပ် | တ | ယ | မဂ်.ဟေ.ဓိ.သ.နိ.ဣံ. ဈာ.ဝိပ်.တ္ထိ.အဝိ | ၁၀ |
| ၃ | ကု | ကုဗျာ | ကုသိုလ်မဂ္ဂင် ၈-ပါး | ကု ၂၁ စေ ၃၈၊ စိတ္တဇရုပ် | တ | ယ | မဂ်.ဟေ.ဓိ.သ.နိ.ဣံ. ဈာ.တ္ထိ.အဝိ | ၉ |
| ၄ | အကု | အကု | ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ | အကု ၁၂ စေ ၂၇ | တ | ယ | မဂ်.ဓိ.သ.ည.နိ.ဣံ. ဈာ.သံ.တ္ထိ.အဝိ | ၁၀ |
| ၅ | အကု | ဗျာ | ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ | စိတ္တဇရုပ် | တ | ယ | မဂ်.ဓိ.သ.နိ.ဣံ. ဈာ.ဝိပ်.တ္ထိ.အဝိ | ၉ |
| ၆ | အကု | အကုဗျာ | ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ | အကု ၁၂ စေ ၂၇ စိတ္တဇရုပ် | တ | ယ | မဂ်.ဓိ.သ.နိ.ဣံ. ဈာ.တ္ထိ.အဝိ | ၈ |
| | ပဝတ္တိ | | မဂ္ဂင် ၈-ပါး | ဝိ၂၁၊ ကြိ၁၇၊ စေ၃၈ စိတ္တဇရုပ် | တ | ယ | မဂ်.ဟေ.ဓိ.သ.ည.နိ.ဣံ. ဝိ.ဈာ.သံ.ဝိပ်.တ္ထိ.အဝိ | ၁၃ |
| ၇ | ဗျာ | ဗျာ | | | | | | |
| | ပဋိသန္ဓေ | | ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ | ပဋိ ၁၇ စေ ၃၅ ပဋိကမ္မဇရုပ် | တ | ယ | မဂ်.ဟေ.သ.ည.နိ.ဣံ. ဝိ.ဈာ.သံ.ဝိပ်.တ္ထိ.အဝိ | ၁၂ |

## ပစ္စယနိဒ္ဒေသပါဠိ

**မဂ္ဂပစ္စယောတိ** မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

"မဂ္ဂင်္ဂါနိ' ဟူသော ကတ္တားပါဠ်ဖြင့် သဟိတ်စိတ် ၇၁–ပါး၌ ရှိသော ပညာ ဝိတက် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ ဟူသော မဂ္ဂင်တရားကိုယ် ကိုးပါး ပစ္စည်းတရားကို ပြတော်မူ၏။ "မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟူသော သမ္ပဒါန်ပါဠ်ဖြင့် သဟိတ်စိတ် ကေသတ္တတိ၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "မဂ္ဂပစ္စယေန"ဟူသော ကရိုဏ်းပါဠ်ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော မဂ္ဂ ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ ဈာန သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤတဆဲ့သုံးပစ္စယသတ္တိတို့တွင် မဂ္ဂသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(ပဋ္ဌာန်းအရကောက် ၅၁)

## ပဉှာဝါရပါဠိ

### မဂ္ဂပစ္စယော

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။

ကုသလော ကုသလဿဉ်၌ ကတ္တားကား သမ္ပယုတ္တကက္ခန္ဓာအားတပ်သော ကုသိုလ်ကေဝီသ၌ ရှိသော ပညာ ဝိတက် ဝိရတိ သုံးခု, ဝီရိယ သတိ ဧကဂ္ဂတာ ဟူသော မဂ္ဂင်တရားကိုယ် ရှစ်ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတ္တိံသ သမ္ပယုတ္တကက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော မဂ္ဂ၊ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့တပစ္စယသတ္တိတို့တွင် မဂ္ဂပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာနိ မဂ္ဂင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

ကုသလော အဗျာကတဿ၌ ကတ္တားကား စိတ္တဇရုပ်အားတပ်သော ကုသိုလ်စေတီသ၌ ရှိသော ပညာ ဝိတက် ဝိရတိ သုံးခု, ဝီရိယ သတိ ဧကဂ္ဂတာ ဟူသော မဂ္ဂင်တရားကိုယ် ရှစ်ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤဆယ်ပစ္စယသတ္တိတို့တွင် မဂ္ဂပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

ကုသလော ကုသလာဗျာကတဿ၌ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဧကီသ, စေတသိက် အဋ္ဌတ္တိံသ၌ ရှိသော ပညာ ဝိတက် ဝိရတိ သုံးခု, ဝီရိယ သတိ ဧကဂ္ဂတာ ဟူသော မဂ္ဂင်တရားကိုယ် ရှစ်ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ် ဧကီသ, စေတသိက် အဋ္ဌတ္တိံသ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော မဂ္ဂ၊ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ အတ္ထိ၊ အဝိဂတ၊ ကိုးပစ္စယသတ္တိတို့တွင် မဂ္ဂပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။

အကုသလော အကုသလဿ၌ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားတပ်သော အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၌ရှိသော ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ ဟူသော မဂ္ဂင်တရားကိုယ် လေးပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော မဂ္ဂ၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤဆယ်ပစ္စယသတ္တိတို့တွင် မဂ္ဂပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာနိ မဂ္ဂင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

အကုသလော အဗျာကတဿ၌ ကတ္တားကား စိတ္တဇရုပ်အားတပ်သော ပဋိစ္စဝါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၌ရှိသော ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ ဟူသော မဂ္ဂင်တရားကိုယ် လေးပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော မဂ္ဂ၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤကိုးပစ္စယသတ္တိတို့တွင် မဂ္ဂပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

အကုသလော အကုသလာဗျာကတဿ၌ ကတ္တားကား သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်အားတပ်သော ပဋိစ္စဝါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၌ရှိသော ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိ ဟူသော မဂ္ဂင်တရားကိုယ် လေးပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၊ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော မဂ္ဂ၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် မဂ္ဂပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။
(အနုဝါဒ) ဝိပါကာဗျာကတာနိ ကြိယာဗျာကတာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

အဗျာကတော အဗျာကတဿ၌ **ပဝတ္တိအခါ** ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားငှင်း၊ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ်အားငှင်း တပ်သော သဟိတ်ဝိပါက် ဇောဝီသ, သဟိတ်ကြိယာ သတ္တရသ၌ရှိသော ပညာ ဝိတက် ဝီရိယ သတိ ဧကဂ္ဂတာ ဟူသော မဂ္ဂင်တရားကိုယ် ငါးပါး ပစ္စည်းတရား ရ၏။

သမ္ပဒါန်ကား သဟိတ်ဝိပါက် ဇောဝီသ, သဟိတ်ကြိယာ သတ္တရသ, စေတသိက်အဋ္ဌတ္တိံသ သမ္ပယုတ္တက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော မဂ္ဂ၊ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့သုံးပစ္စယသတ္တိတို့တွင် မဂ္ဂပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

**ပဋိသန္ဓေအခါ** ကတ္တားကား သမ္ပယုတ္တက္ခန္ဓာအားငှင်း၊ သမ္ပယုတ္တက္ခန္ဓာ ကဋတ္တာရုပ်အားငှင်း တပ်သော သဟိတ်ပဋိသန္ဓေ သတ္တရသဥ္စရှိသော ပညာ ဝိတက် ဝိရတိ သုံးခု, ဝီရိယ သတိ ဧကဂ္ဂတာ ဟူသော မဂ္ဂင်တရားကိုယ် ရှစ်ပါး ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား သဟိတ်ပဋိသန္ဓေ သတ္တရသ, စေတသိက် ပဉ္စတ္တိံသ သမ္ပယုတ္တက္ခန္ဓာ၊ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော မဂ္ဂ၊ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤတဆဲ့နှစ်ပစ္စယသတ္တိတို့တွင် မဂ္ဂပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ပဋ္ဌာန်းအရကောက် ၄၃၈–၄၃၉)

## ခန္ဓာ ၅–ပါး

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ

ရုပ် ၂၈–ပါးသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညက္ခန္ဓာမည်၏။ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ၅၀–သည် သင်္ခါက္ခန္ဓာမည်၏။ စိတ် ၈၉–ပါးသည် ဝိညာဏက္ခန္ဓာမည်၏။

(နိဗ္ဗာန်သည် အတိတ် အနာဂတ် ပစ္စုပ္ပန် စသည် မကွဲပြား၍ ခန္ဓာအမည် မရ)

ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။

(အဘိဓမ္မတ္ထသင်္ဂဟပါဠိ–၁၂၆)

ခန္ဓာ–ခန္ဓာတို့သည်၊ ရူပက္ခန္ဓော–ရူပက္ခန္ဓာလည်းကောင်း၊ ဝေဒနာက္ခန္ဓော–ဝေဒနာက္ခန္ဓာလည်းကောင်း၊ သညာက္ခန္ဓော–သညာက္ခန္ဓာလည်းကောင်း၊ သင်္ခါရက္ခန္ဓော–သင်္ခါရက္ခန္ဓာလည်းကောင်း၊ ဝိညာဏက္ခန္ဓော–ဝိညာဏက္ခန္ဓာလည်းကောင်း၊ ဣတိ–ဤသို့၊ ပဉ္စ–ငါးပါးတို့တည်း။

ခန္ဓ ဟူသော ပါဠိသည် အစု ဟု အဓိပ္ပါယ်ရ၏။ ထို့ကြောင့် ရူပက္ခန္ဓာ–ရုပ်အစု၊ ဝေဒနာက္ခန္ဓာ–ဝေဒနာအစု၊ သညာက္ခန္ဓာ–သညာအစု၊ သင်္ခါရက္ခန္ဓာ–သင်္ခါရအစု၊ ဝိညာဏက္ခန္ဓာ–စိတ်အစု ဟု သိပါ။ အစုဟူရာ၌ စပါးတွေစုနေသလို ရုပ်တွေ ဒေနာတွေ စုနေသည်ဟုမမှတ်ရ။ အတိတ်ရုပ် အနာဂတ်ရုပ် ပစ္စုပ္ပန်ရုပ် ၃–မျိုးကို ဉာဏ်ဖြင့်စုပေါင်းစပ်ထားရာ၏။ ထိုသုံးမျိုး ပေါင်းစပ်အပ်သော အစုကိုပင် ရူပက္ခန္ဓ–ရုပ်အစုဟု ဆိုသည်။ ရုပ်အများတွင်လည်း ပထဝီဓာတ် တခုသည်ပင် အတိတ်ပထဝီ အနာဂတ်ပထဝီ ပစ္စုပ္ပန်ပထဝီ သုံးမျိုးရှိ၏။ ထိုသုံးမျိုးစုမိလျှင် ပထဝီဓာတ်တခုကိုပင် ရူပက္ခန္ဓာဟု ခေါ်နိုင်သည်။ ဝေဒနာတခုကိုပင် ဝေဒနက္ခန္ဓာ၊ သညာတခုကိုပင် သညာက္ခန္ဓာ စသည်ဖြင့် ခေါ်နိုင်သည်။

(အခြေပြုသင်္ဂြိုဟ်)

ဆေးဆရာကြီးသည် ကျေညက်ခဲသော ဆေးမြစ်ကို ဦးစွာညက်အောင် ထောင်းပြီး နောက်မှ ကျေလွယ်သော ဆေးမြစ်တို့ကို တပေါင်းတည်းညက်အောင်ထောင်းကာ ဆေးမှုန့်တို့ကို ပေါင်းပြီး ဆေးလုံးပြုသကဲ့သို့ မြတ်စွာဘုရားသည်လည်း သတ္တဝါတို့၏ နိစ္စဝိပလ္လာသ သုခဝိပလ္လာသ အတ္တဝိပလ္လာသတို့ကို လွယ်ကူစွာ ပယ်ဖျောက်နိုင်စေခြင်းငှါ နာမ်တရားတို့တွင် ဝေဒနာ, သညာ, စိတ်တည်းဟူသော တရားတို့ကို သီးခြား ခန္ဓာတခုစီထုတ်ပြီး ကျန်နာမ်တရား(စေတသိက်–၅၀)တို့ကို ခန္ဓာတခုပြု၍ ဟောတော်မူသည်။

သတ္တဝါတို့၌ သုခဟု ဖောက်ဖောက်ပြန်ပြန် (သုခဝိပလ္လာသ) ထင်စေတတ်သော တရားတို့တွင် ဝေဒနာသည် အလွန်ကဲဆုံးဖြစ်သည်။ အတ္တဟု ဖောက်ဖောက်ပြန်ပြန် (အတ္တဝိပလ္လာသ) ထင်စေတတ်သော တရားတို့တွင် သညာသည် အလွန်ကဲဆုံးဖြစ်သည်။ နိစ္စဟု ဖောက်ဖောက်ပြန်ပြန် (နိစ္စဝိပလ္လာသ) ထင်စေတတ်သော တရားတို့တွင် စိတ်သည် အလွန်ကဲဆုံးဖြစ်သည်။ ငါးသည် ရေရှိရာနေရာကို အားထားရသလို, ပျားပိတုန်းသည် ပန်းရှိရာ တောဂနိုင်မှာ အားထားရသလို သုခသည် ဝေဒနာမှာ အားထားရသည်။ လူနတ် ဗြဟ္မာစည်းစိမ်ကို တောင့်တသည်ဆိုသော်လည်း အမှန်မှာ သုခဝေဒနာကိုသာ တောင့်တခြင်းဖြစ်သည်။ ဖဿ စေတနာ ဝိတက် ဝီရိယ သဒ္ဓါ ပညာစသည်တို့ဖြင့် ကံကို စီမံကြသော်လည်း လိုရင်းမှာ သုခဝေဒနာ ရဖို့ပင်ဖြစ်သည်။ သို့ဖြစ်၍ 'သုခ'ဟု ထင်မှတ်စရာတို့တွင် ဝေဒနာသည် ထိပ်ဆုံးဖြစ်သည် ဆိုရသည်။ ထို့ကြောင့်ပင် ဝေဒနာကို သီးခွဲထုတ်၍ ခန္ဓာနာမည် တပ်ရသည်။

သတ္တဝါတို့သည် သညာဖြင့် အတတ်ပညာ တတ်သိကြသည်။ အတတ်ပညာရှိသူတို့သည်"သူများ သိသလောက် ငါသိသည်၊ ဘယ်သူသည် ငါ့ထက် ပိုတတ်လိမ့်မည်နည်း"ဟု အမှတ်သညာ(ပညာ)ကို အတ္တကြီး ပြုလုပ်ကြကုန်၏။ သို့ဖြစ်၍ 'အတ္တ'ဟု ထင်မှတ်စရာတို့တွင် သညာသည် ထိပ်ဆုံးဖြစ်သည် ဆိုရသည်။ ထို့ကြောင့်ပင် သညာကို သီးခွဲထုတ်၍ ခန္ဓာနာမည် တပ်ရပြန်သည်။

ရံခါ လောဘဖြစ်လိုက်, ရံခါ ဒေါသဖြစ်လိုက်, ရံခါ ကြည်ညိုလိုက်, ရံခါမကြည်ညိုလိုက်နှင့် လောဘ ဖြစ်ခိုက် ဒေါသမဖြစ်, ဒေါသဖြစ်ခိုက် လောဘမဖြစ် စသည်ဖြင့် သတ္တဝါတို့သည် စေတသိက်နာမ်တို့၏ အမြဲမရှိပုံကို ထင်ရှားစွာ သိနိုင်ကြ၏။ လောဘဖြစ်ခိုက် လောဘမူစိတ်, ဒေါသဖြစ်ခိုက် ဒေါသမူစိတ် ဖြစ်သည် စသည်ဖြင့် မှတ်ယူကာ လောဘ ဒေါသစသည်သည် စိတ်၌ မှီ၍ ဖြစ်ရကား စိတ်သည် အမြဲတည်ရှိနေသောတရားဟု ထင်မှတ်ကြကုန်၏။ သို့ဖြစ်၍ 'နိစ္စ'ဟု ထင်မှစရာတို့တွင် စိတ်သည် ထိပ်ဆုံးဖြစ်သည်ဟု ဆိုရသည်။ ထို့ကြောင့်ပင် စိတ်ကို သီးခြားခွဲထုတ်၍ ခန္ဓာနာမည် တပ်ရပြန်သည်။

ဆေးဆရာကြီးသည် ကျေညက်ခဲသော ဆေးမြစ်ကို ခွဲထုတ်၍ ညက်အောင်ပြုသကဲ့သို့ မြတ်စွာ ဘုရားသည် ဝိပဿနာဉာဏ်ဖြင့် ရှင်းလင်းစွာ သိနိုင်ခဲသော ဝေဒနာ သညာ စိတ်တို့ကို သီးခြားခွဲ[၁]ထုတ်၍ ခန္ဓာနာမည် တပ်ရသည်။ ဆေးဆရာကြီးသည် ကျေလွယ်သော ဆေးမြစ်တို့ကို တပေါင်းတည်းကျိတ်သလို မြတ်စွာဘုရားသည် ဝိပဿနာဉာဏ်ဖြင့် ရှင်းလင်းစွာ သိနိုင်သော ဖဿစသည့် စေတသိက် ငါးဆယ်ကို ပေါင်း၍ သင်္ခါရက္ခန္ဓာဟု ခန္ဓာနာမည် တပ်ရသည်။

(ပရမတ္ထသံခိပ်ဋီကာ ဒုတိယတွဲ ၃၂၅-၃၂၈ ကောက်နုတ်ချက်)

---

၁ စိတ် တစ်ခုနှင့် စေတသိက် ခုနှစ်ခု, သုံးဆဲ့သုံးခုစသည် ဖြစ်ကြရာတွင် စိတ်တခုတည်းကိုဝိညာဏက္ခန္ဓာ,ဝေဒနာ တခုတည်းကို ဝေဒနက္ခန္ဓာ, သညာတခုတည်းကို သညာက္ခန္ဓာဟု သီခြားခွဲထုတ်၍ ကျန်စေတသိက်အားလုံးကိုတော့ သင်္ခါရက္ခန္ဓာဟု တပေါင်းတည်းပြုသည်။

## အညမညပစ္စယော

ခြေထောက်သုံးချောင်းဖြင့် ပြုလုပ်ထားအပ်သော ခုံကလေး၌ ခြေထောက်သုံးချောင်းသည် အချင်းချင်း ကျေးဇူးပြုကာ တချောင်းကျိုးလျှင် အခြားနှစ်ချောင်းဖြင့် မထောက်နိုင် မတည်နိုင်သကဲ့သို့ တကွဖြစ်ဘက်တရားချင်း (ကျေးဇူးခံ ကျေးဇူးစား အနေအားဖြင့်) ကျေးဇူးပြုစွမ်းနိုင်သော သတ္တိသည် အညမညသတ္တိမည်၏။

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| စိတ် ၈၉၊ စေ ၅၂ | စိတ် ၈၉၊ စေ ၅၂ | နာမက္ခန္ဓာမှ ထောက်အပ်သော စိတ္တဇရုပ် |
| မဟာဘုတ် ၄ ပါး | မဟာဘုတ် ၄ ပါး | မဟာဘုတ်မှ ထောက်အပ်သော ဥပါဒါရုပ် |
| ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု | ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု | ဟဒယဝတ္ထုမှတပါး ကမ္မဇရုပ် |

## ပစ္စနိက်

၁။ ဝီထိအစဉ်၌ စိတ် စေတသိက် စိတ္တဇရုပ် ဖြစ်ကြရာတွင် စိတ်စေတသိက်ဟူသော နာမ်ခန္ဓာလေးပါးသည် တပါးအကြောင်း သုံးပါး အကျိုးစသည်ဖြင့် အကြောင်းအကျိုး အပြန်အလှန် အညမညသဘောဖြင့် နေနိုင်သော်လည်း စိတ္တဇရုပ်မှာ အပြန်အလှန် မနေနိုင်။ သို့ဖြစ်၍ စိတ္တဇရုပ်တို့သည် နာမ်တရားတို့ အညမည သဘောထောက်က ပစ္စနိက်ဖြစ်ရလေသည်။

၂။ ရုပ်ကလာပ်စည်းများ ဖြစ်လေတိုင်း ကလာပ်စည်းအတွင်းရှိ မဟာဘုတ်လေးပါးသည် တပါးအကြောင်း သုံးပါးအကျိုး စသည်ဖြင့် အကြောင်းအကျိုး အပြန်အလှန် အညမည သဘောဖြင့် နေနိုင်သော်လည်း ဥပါဒါရုပ်များမှာ မနေနိုင်။ သို့ဖြစ်၍ ဥပါဒါရုပ်တို့သည် မဟာဘုတ်တရားတို့ အညမည သဘောထောက်က ပစ္စနိက်ဖြစ်ရလေသည်။

၃။ ဘဝအစ ပဋိသန္ဓေစိတ်+စေတသိက်နှင့် ဟဒယဝတ္ထုကလာပ်စည်း ဖြစ်ကြရာတွင် စိတ်စေတသိက်နှင့် ဟဒယဝတ္ထုကလာပ်စည်းအတွင်းရှိ ဟဒယဝတ္ထုသည် အကြောင်းအကျိုး အပြန်အလှန် အညမည သဘောဖြင့် နေနိုင်သော်လည်း ဟဒယဝတ္ထုကလာပ်စည်းအတွင်းရှိ ကျန်ကမ္မဇရုပ်များသည် မနေနိုင်။ သို့ဖြစ်၍ ဟဒယဝတ္ထုမှတပါး ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်+စေတသိက်နှင့် ဟဒယဝတ္ထုတို့၏ အညမည သဘောထောက်က ပစ္စနိက်ဖြစ်ရလေသည်။

## ပစ္စယနိဒ္ဒေသပါဠိ

အညမညပစ္စယောတိ စတ္တာရောခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေနပစ္စယော။

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် – ၅)

အညမညပစ္စယောတိ–အညမညပစ္စယောဟူသည်ကား၊ စတ္တာရော–လေးပါးကုန်သော၊ အရူပိနော–နာမ်ဖြစ်ကုန်သော၊ ခန္ဓာ–ခန္ဓာတို့သည်၊ အညမညံ–အချင်းချင်းအား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ စတ္တာရော–လေးပါးကုန်သော၊ မဟာဘူတာ–မဟာဘုတ်တို့သည်၊ အညမညံ–အချင်းချင်းအား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဩက္ကန္တိက္ခဏေ–ပဋိသန္ဓေခဏ၌၊ နာမရူပံ–ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုသည်၊ အညမညံ–အချင်းချင်းအား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(မိုးထိနိဿယ ပ ၁၅)

ပုံစံ။ ဧ ဧ ဧ ဧ ဧ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)
ဝ ဝ ဝ

ပ အာ တေ ဝါ

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

♠ နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးအကျိုး၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါးအကျိုး၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးအကျိုး စသည်ဖြင့် ကျေးဇူးပြုခြင်းကို "စတ္တာရောခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော"ဟုဆိုသည်။ ကလာပ်စည်းတခုအတွင်း၌ပါသော ဓာတ်ကြီးလေးပါးတို့ ၁–ပါး အကြောင်းဖြစ်ခိုက် ၃–ပါးအကျိုး၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါးအကျိုး၊ ၂–ပါးအကြောင်းဖြစ်ခိုက် ၂–ပါးအကျိုး စသည်ဖြင့် ကျေးဇူးပြုခြင်းကို စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော ဟုဆိုသည်။ ပဉ္စဝေါကာရပဋိသန္ဓေကာလ၌ စိတ်စေတသိက်တို့သည် ဟဒယဝတ္ထုရုပ်နှင့် ကင်း၍ မဖြစ်, ဟဒယဝတ္ထုရုပ်သည်လည်း စိတ်+စေတသိက်နှင့် ကင်း၍မဖြစ်နိုင်သဖြင့် စိတ်စေတသိက် အကြောင်းဖြစ်က ဟဒယဝတ္ထုရုပ် အကျိုး၊ ဟဒယဝတ္ထုရုပ် အကြောင်းဖြစ်က စိတ်စေတသိက် အကျိုးဖြစ်နေခြင်းကို "ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေနပစ္စယော"ဟု ဆိုသည်။

## ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ပ,အာ,တေ,ဝါ
သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၈ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo
သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo
သော ဉာ သံ အ မဟာဝိပါက်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo
သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo
ပဉ္စဒွါရာဝဇ္ဇန်းစိတ် + စေ ၁၀ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

# ပဉှာဝါရ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတော ကြိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုဿ စ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ ဝတ္ထုဿ စ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ဝတ္ထုဿ စ အညမညပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ အညမညပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ အညမညပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။ ဗာဟိရံ။ အာဟာရသမုဋ္ဌာနံ။ ဥတုသမုဋ္ဌာနံ။ အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ အညမညပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် ၁၄၁–၁၄၂)

# ကု ကု နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–သော၊ ဓမ္မဿ–အား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလော–ကုသိုလ်ဖြစ်သော၊ ဧကော–တပါးသော၊ ခန္ဓော–ဝေဒနာအစရှိသောခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနံ–သညာအစရှိသော ခန္ဓာတို့အား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာအစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တပါးသော၊ ခန္ဓဿ–ဝိညာဏ်အစရှိသော ခန္ဓာအား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနံ–သင်္ခါရဝိညာဏ် အစရှိသော ခန္ဓာတို့အား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

ပ,အာ,တေ,ဝါ

သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၈ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

♠ ကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးအကျိုးဖြစ်ပုံကို “ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ”ဟုလည်းကောင်း၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါး အကျိုး ဖြစ်ပုံကို “တယော ခန္ဓာ ဧကဿ ခန္ဓဿ”ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးအကျိုးဖြစ်ပုံကို ဒွေ “ခန္ဓာ ဒွိန္နံ ခန္ဓာနံ”ဟုလည်းကောင်း ဆိုသည်။

## အကု အကု နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–သော၊ ဓမ္မဿ–အား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလော–အကုသိုလ်ဖြစ်သော၊ ဧကော–ဧကော–တပါးသော၊ ခန္ဓော–ဝေဒနာအစရှိသောခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနံ–သညာအစရှိသော ခန္ဓာတို့အား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာအစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တပါးသော၊ ခန္ဓဿ–ဝိညာဏ်အစရှိသော ခန္ဓာအား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒ္ဝိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနံ–သင်္ခါရဝိညာဏ် အစရှိသော ခန္ဓာတို့အား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

### ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တိီ န ဒ ပ စ သံ တိီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ပ,အာ,တေ,ဝါ
သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

♠ အကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးအကျိုးဖြစ်ပုံကို "အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ"ဟုလည်းကောင်း၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါး အကျိုး ဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ"ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးအကျိုး ဖြစ်ပုံကို "ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ"ဟုလည်းကောင်း ဆိုသည်။

# ဗျာ ဗျာ နိဿယ

အဗျာကတော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဝိပါကာဗျာကတော–ဝိပါက်အဗျာကတဖြစ်သော၊ ကြိယာဗျာကတော–ကြိယာအဗျာကတဖြစ်သော၊ ဧကော–တပါးသော၊ ခန္ဓော–ဝေဒနာအစရှိသော ခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနံ–သညာအစရှိသော ခန္ဓာတို့အား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာအစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တပါးသော၊ ခန္ဓဿ–ဝိညာဏ်အစရှိသော ခန္ဓာအား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနံ–သင်္ခါရ,ဝိညာဏ် အစရှိသော ခန္ဓာတို့အား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(မိုးထိနိဿယ ပ ၃၉၄)

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

<u>သော ဉာ သံ အ မဟာဝိပါက်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ</u> +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

<u>သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ</u> +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

♠ ဝိပါက်နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးအကျိုးဖြစ်ပုံကို "ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ"ဟုလည်းကောင်း၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါး အကျိုး ဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ"ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးအကျိုး ဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ"ဟုလည်းကောင်း ဆိုသည်။

♠ ကြိယာနာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးအကျိုးဖြစ်ပုံကို "ကြိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ"ဟုလည်းကောင်း၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါး အကျိုး ဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ"ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးအကျိုး ဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ"ဟုလည်းကောင်း ဆိုသည်။

ပဋိသန္ဓိက္ခဏေ–ပဋိသန္ဓေခဏ၌၊ ဝိပါကာဗျာကတော–ဝိပါက်အဗျာကတဖြစ်သော၊ ဧကော–တပါးသော၊ ခန္ဓော–ဝေဒနာအစရှိသော ခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနဉ္စ–သညာအစရှိသော ခန္ဓာတို့အားလည်းကောင်း၊ ဝတ္ထုဿစ–ဟဒယဝတ္ထုအားလည်းကောင်း၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာအစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တပါးသော၊ ခန္ဓဿ စ–ဝိညာဏ်အစရှိသော ခန္ဓာအားလည်းကောင်း၊ ဝတ္ထုဿစ–ဟဒယဝတ္ထုအားလည်းကောင်း၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနဉ္စ–သင်္ခါရ,ဝိညာဏ် အစရှိသော ခန္ဓာတို့အားလည်းကောင်း၊ ဝတ္ထုဿစ–ဟဒယဝတ္ထုအားလည်းကောင်း၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ခန္ဓာ–ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့သည်၊ ဝတ္ထုဿ–ဟဒယဝတ္ထုအား၊ အညမညပစ္စယေန ပစ္စယော ဟောတိ။ ဝတ္ထု–ဟဒယဝတ္ထုသည်၊ ခန္ဓာနံ–ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့အား၊ အညမညပစ္စယေန ပစ္စယော ဟောတိ။

(မိုးထိနိဿယ ပ ၃၉၄)

ပုံစံ။ ဓ ဓ ဓ ဓ ဓ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)

ဝ ဝ ဝ

ပ အာ တေ ဝါ

သော ည သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

♠ ဤအပိုဒ်ဖြင့် ခန္ဓာ ၁–ပါး အကြောင်း, ခန္ဓာ ၃–ပါးနှင့်ဟဒယဝတ္ထုအကျိုး ၊ခန္ဓာ ၃–ပါး အကြောင်း, ခန္ဓာ ၁–ပါးနှင့်ဟဒယဝတ္ထုအကျိုး၊ ခန္ဓာ ၂–ပါး အကြောင်း, ခန္ဓာ ၂–ပါးနှင့်ဟဒယဝတ္ထုအကျိုး ဖြစ်ပုံကို လည်းကောင်း, နာမ်ခန္ဓာ ၄–ပါး အကြောင်း ဟဒယဝတ္ထုအကျိုး, ဟဒယဝတ္ထုအကြောင်း နာမ်ခန္ဓာ ၄–ပါး အကျိုးဖြစ်ပုံကိုလည်းကောင်း ဟောပြတော်မူသည်။

(**ရုပ်သက်သက်**) ဧကံ–တစ်ပါးသော၊ မဟာဘူတံ–ပထဝီအစရှိသောမဟာဘုတ်သည်၊ တိဏ္ဏန္နံ–သုံးပါးကုန် သော၊ မဟာဘူတာနံ–အာပေါအစရှိသောမဟာဘုတ်တို့အား၊ အညမညပစ္စယေန ပစ္စယော ဟောတိ။ တယော–သုံးပါးကုန်သော၊ မဟာဘူတာ–ပထဝီအစရှိသောမဟာဘုတ်တို့ သည်၊ဧကဿ–တပါးသော၊ မဟာဘူတဿ–ဝါယောအစရှိသောမဟာဘုတ်အား၊ အညမညပစ္စယေန ပစ္စယော ဟောတိ။ ဒွေ–နှစ်ပါးကုန်သော၊ မဟာဘူတာ–ပထဝီအာပေါအစရှိသောမဟာဘုတ်တို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ မဟာဘူတာနံ–တေဇောဝါယောအစရှိသော မဟာဘုတ်တို့အား၊ အညမညပစ္စယေန ပစ္စယော ဟောတိ။

ဗာဟိရံ–ဗာဟိရဖြစ်သော၊ အာဟာရသမုဋ္ဌာနံ–အာဟာရလျှင်ဖြစ်ကြောင်းရှိသော၊ ဥတုသမုဋ္ဌာနံ–ဥတုလျှင်ဖြစ်ကြောင်းရှိသော၊ အသညသတ္တာနံ–အသညသတ်ပုဂ္ဂိုလ်တို့အား၊ ဧကံ–တပါးသော၊ မဟာဘူတံ–ပထဝီအစရှိသောမဟာဘုတ်သည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ မဟာဘူတာနံ–အာပေါအစရှိသော မဟာဘုတ်တို့အား၊ အညမညပစ္စယေန ပစ္စယော ဟောတိ။ တယော–သုံးပါးကုန်သော၊ မဟာဘူတာ–ပထဝီအစရှိသောမဟာဘုတ်တို့သည်၊ ဧကဿ–တပါးသော၊ မဟာဘူတဿ–ဝါယောအစရှိသော မဟာဘုတ်အား၊ အညမညပစ္စယေန ပစ္စယော ဟောတိ။ ဒွေ–နှစ်ပါးကုန်သော၊ မဟာဘူတာ–ပထဝီအာပေါအစရှိသောမဟာဘုတ်တို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ မဟာဘူတာနံ–တေဇောဝါယောအစရှိသော မဟာဘုတ်တို့အား၊ အညမညပစ္စယေန–အညမညပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (နှစ်ပတ်) ဘ ဘ ဘ

၀ ၀ ၀ ၀ ၀ ၀ ၀၀၀

ကမ္မဇ ဥတုဇ စိတ္တဇ အာဟာရဇ

(အသညသတ်ဘုံ)

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ရုပ်ပဋိသန္ဓေ

၀၀၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀

ကမ္မဇ ဥတုဇ

(သက်မဲ့)

၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀

ဥတုဇ ဥတုဇ

♠ ဤအပိုဒ်ဖြင့် ကမ္မဇ စိတ္တဇ ဥတုဇ(သက်ရှိ) ဗာဟိရ(သက်မဲ့ဥတုဇ) အာဟာရဇ မဟာဘုတ်တို့၏ အချင်းချင်း အကြောင်းအကျိုး ဖြစ်နေပုံကို ဟောပြတော်မူသည်။

## အညမညပစ္စည်း(ပစ္စယနိဒ္ဒေသ)

| | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|
| အပေါင်း | စိတ်-၈၉၊ စေ-၅၂၊<br>ဟဒယဝတ္ထု<br>မဟာဘုတ်-၄ | စိတ်-၈၉၊ စေ-၅၂၊<br>ဟဒယဝတ္ထု<br>မဟာဘုတ်-၄ | | | | |
| | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| | စိတ်-၈၉၊ စေ-၅၂၊ | စိတ်-၈၉၊ စေ-၅၂၊ | တ | ယ | ည.သ.နိ.ဝိ.သံ.တ္တိ.အဝိ | ၇ |
| | မဟာဘုတ်-၄ | မဟာဘုတ်-၄ | တ | | ည.သ.နိ.တ္တိ.အဝိ | ၅ |
| | ပဉ္စဝေါကာရပဋိသန္ဓေ-၁၅<br>စေ-၃၅၊ ဟဒယဝတ္ထု | ပဉ္စဝေါကာရပဋိသန္ဓေ-၁၅<br>စေ-၃၅၊ ဟဒယဝတ္ထု | တ | ယ | ည.သ.နိ.ဝိ.ဝိပ်.တ္တိ.အဝိ | ၇ |

## အညမညပစ္စည်း(ပဉ္ဟဝါရ)

| | | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|---|---|
| အပေါင်း | | | စိတ်-၈၉၊ စေ-၅၂၊<br>ဟဒယဝတ္ထု<br>မဟာဘုတ်-၄ | စိတ်-၈၉၊ စေ-၅၂၊<br>ဟဒယဝတ္ထု<br>မဟာဘုတ်-၄ | | | | |
| သချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| ၁ | ကု | ကု | ကု ၂၁၊ စေ ၃၈ | ကု ၂၁၊ စေ ၃၈ | တ | | ည.သ.နိ.သံ.တ္တိ.အဝိ | ၆ |
| ၂ | အကု | အကု | အကု ၁၂ စေ ၂၇ | အကု ၁၂ စေ ၂၇ | တ | | ည.သ.နိ.သံ.တ္တိ.အဝိ | ၆ |
| | ပဝတ္တိ | | ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈ | ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈ | တ | ယ | ည.သ.နိ.ဝိ.သံ.တ္တိ.အဝိ | ၇ |
| ၃ | ဗျာ | ဗျာ | | | | | | |
| | ပဋိသန္ဓေ | | ပဋိ၁၉ စေ၃၅ ဟဒယဝတ္ထု | ပဋိ၁၉ စေ၃၅ ဟဒယဝတ္ထု | တ | ယ | ည.သ.နိ.ဝိ.သံ.ဝိပ်.တ္တိ.အဝိ | ၈ |
| | ရုပ်သက်သက် | | မဟာဘုတ်-၄ | မဟာဘုတ်-၄ | တ | | ည.သ.နိ.တ္တိ.အဝိ | ၅ |

## ပစ္စယနိဒ္ဒေသပါဠိ

**အညမညပစ္စယောတိ** စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေနပစ္စယော။

"စတ္တာရော ခန္ဓာ အရူပိနော" ဟူသော ကတ္တားပါဌ်ဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာတို့အားတပ်သော တပါးတပါးသော နာမက္ခန္ဓာ၊ တပါးတပါးသော နာမက္ခန္ဓာ အားတပ်သော သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာတို့အားတပ်သော နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။ "အညမညံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ တပါးတပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ပြတော်မူ၏။ "အညမညပစ္စယေန"ဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက် တပ်ကောင်းသော သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အညမညသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။ အချင်းချင်းအားတပ်သော အလုံးစုံသော ဝိပါကပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာလေးပါးဖြစ်အံ့, တပြိုင်နက် တပ်ကောင်းသော သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် အညမညသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

(ပဋ္ဌာန်းအရကောက် ၅၁)

"စတ္တာရော မဟာဘူတာ" ဟူသော ကတ္တားပါဌ်ဖြင့် သုံးပါးသုံးပါးသော မဟာဘုတ်တို့အားတပ်သော တပါးတပါးသော မဟာဘုတ်၊ တပါးတပါးသော မဟာဘုတ်အားတပ်သော သုံးပါးသုံးပါးသော မဟာဘုတ်၊ နှစ်ပါးနှစ်ပါးသော မဟာဘုတ်တို့အားတပ်သော နှစ်ပါးနှစ်ပါးသော မဟာဘုတ် ပစ္စည်းတရားကို ပြတော်မူ၏။ "အညမညံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် သုံးပါးသုံးပါးသော မဟာဘုတ်၊ တပါးတပါးသော မဟာဘုတ်၊ နှစ်ပါးနှစ်ပါးသော မဟာဘုတ် ပစ္စယုပ္ပန်တရား ပြတော်မူ၏။ "အညမညပစ္စယေန"ဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက် တပ်ကောင်းသော အညမည သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် အညမညသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

"ဩက္ကန္တိက္ခဏေ နာမရူပံ"ဟူသော ကတ္တားပါဌ်ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။ "အညမညံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု ပစ္စယုပ္ပန်တရား ပြတော်မူ၏။ "အညမညပစ္စယေန"ဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက် တပ်ကောင်းသော သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အညမညသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။ ဟဒယဝတ္ထုအားတပ်သော

ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဖြစ်အံ့,တပြိုင်နက် တပ်ကောင်းသော သဟဇာတ အညမည နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် အညမညသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပြန်ကို ပြတော်မူ၏။

(ပဋ္ဌာန်းအရကောက် ၂၇)

## ပဉှာဝါရ

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။
(အနုဝါဒ) ကုသလလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။

ကုသလော ကုသလဿ၌ ကတ္တားကား အချင်းချင်းအားတပ်သော ကုသိုလ်ဇောဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ[၁] ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်ဇောဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စယသတ္တိတို့တွင် အညမည ပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။

အကုသလော အကုသလဿ၌ ကတ္တားကား အချင်းချင်းအားတပ်သော အကုသိုလ်ဒွါဒသ စေတသိက် သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ စေတသိက် သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စယသတ္တိတို့တွင် အညမည ပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

---

၁ ပစ္စည်းဘက် (ဧကော တယော ဒွေ)ဟူသော ပါဠိကြည့်ပြီး အစိတ်အစိတ်, ပစ္စယုပ္ပန်ဘက်၌လည်း (တိဏ္ဏန္နံ ဧကဿ ဒွိန္နံ)ဟူသော ပါဠိကိုကြည့်ပြီး အစိတ်အစိတ်ဟု ဆိုသည်။ (အုတ်ကန်ပဋ္ဌာန်းနည်းပြကျမ်း ၁၁၈)

(ဝိဓိ) အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။
(အနုဝါဒ) ဝိပါကာဗျာကတော ကြိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန
ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ (ပ) ဒွေ မဟာဘူတာ
ဒွိန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။

အဗျာကတော အဗျာကတဿ၌ ပဝတ္တိအခါ ကတ္တားကား အချင်းချင်းအားတပ်သော ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။သမ္ပဒါန်ကား ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤခုနှစ်ပစ္စယသတ္တိတို့တွင် အညမညပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

ပဋိသန္ဓေအခါ ကတ္တားကား အချင်းချင်း ဟဒယဝတ္ထုအားတပ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ၊ စေတသိက် ပဉ္စတ္တိံသ အစိတ်အစိတ်, အစိတ်အပေါင်း[၁] နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ပဋိသန္ဓေစိတ် ဧကူနဝီသ၊ စေတသိက် ပဉ္စတ္တိံသ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် အညမညပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

ရုပ်သက်သက်၌ ကတ္တားကား အချင်းချင်းအားတပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ် ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား ၄င်းမဟာဘုတ် ၇-ပါး ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊ ဤငါးပစ္စယသတ္တိတို့တွင် အညမညပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

---

၁ ခန္ဓာဟူသော ပါဠိကိုကြည့်ပြီး အစိတ်အပေါင်းဟုဆို၏။ (အုတ်ကန်ပဋ္ဌာန်းနည်းပြကျမ်း ၁၁၈)
(ခန္ဓာလေးပါးအပြည့်ကို အစိတ်အပေါင်း, ခန္ဓာ တစ်ပါး နှစ်ပါး သုံးပါးကို အစတ်စိတ်ဟု ဆိုသည်ဟုမှတ်)

## ဝိပါကပစ္စယော

ဝိပါက်တို့၏သဘောသည် စေတနာကံသဘောနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်၏။ ကုသိုလ်အကုသိုလ်ဇောတို့သည် နောင်အခါအကျိုးပေးဘို့ရန်လည်းကောင်း ယခုလောလောဆယ် ကိုယ်မှု နှုတ်မှု စိတ်မှုဟူသော အမှုအရာကြိယာစုကို ဖြစ်စေဘို့ရန်လည်းကောင်း ဗျာပါရရှိကြကုန်၏။ ဝိပါက်စိတ်တို့ကား ကုသိုလ်အကုသိုလ်ကံကြောင့် အဆင်သင့်ဖြစ်ကြရသည့်အတွက် ထိုကဲ့သို့ဗျာပါရမျိုးမရှိကြ။ ထို့ကြောင့် ကုသိုလ်အကုသိုလ်ဇောတို့၏ ဖြစ်ပုံသည် ငြိမ်ငြိမ်သက်သက်မရှိ၊ ကြီးပွားရေးကို လိုလားသူ၏ ဗျာပါရများပုံ အေးအေးမနေတတ်ပုံနှင့် တူ၏။ ဝိပါက်စိတ်တို့၏ ဖြစ်ပုံကား ငြိမ်ငြိမ်သက်သက်ရှိလှ၏။ ဆရာမိဘတို့၏ အရှိန်ကြောင့် ငြိမ်ငြိမ်ကလေးနေရသူ ကြီးပွားရေးကို လုံးလုံးမလိုက်စားသူတို့ အေးစက်စက်နေထိုင်ပုံနှင့် တူ၏။

ဤဝိပါက်စိတ်တို့ ငြိမ်ငြိမ်သက်သက်ဖြစ်ပုံမှာလည်း အိပ်ပျော်စဉ် ဘဝင်ကျနေသည့်အခါဖြင့် ထင်ရှားလှ၏။ ထိုစကားမှန်၏-အိပ်ပျော်သည့်အခါ ဘဝင်ဟူသော ဝိပါက်စိတ်အစဉ်သာ ဖြစ်နေ၏။ ထိုဝိပါက်စိတ်တို့ဖြစ်နေပုံ စိတ်ဖြစ်မှန်းပင် မသိအောင် ငြိမ်သက်လှ၏။ ထိုအိပ်ပျော်ခိုက် သက်သက်၌ မည်သည့်ကိုယ်မှု နှုတ်မှု စိတ်၏ပယောဂမှုမျှ မဖြစ်ကြတော့ချေ။ ပဉ္စဒွါရဝီထိအခိုက်မှာလည်း ပဉ္စဝိညာဏ်သမ္ပဋိစ္ဆိုန်းစသော ဝိပါက်စိတ်များချည်းသာဆိုလျှင် ဖြစ်မှန်းပင်သိရှိမည်မဟုတ်။ ဇောစောလို့သာ ထိုပဉ္စဒွါရများ ထင်ရှားရလေသည်။ ဤမျှလောက်ပင် ဝိပါက်စိတ်တို့သည် ဗျာပါရကင်းလျက် ငြိမ်သက်သောတရားများပေတည်း။ ထို့ကြောင့် "လူအေးတစ်ယောက်က အခြားလူအေးတို့အား အေးအေးနေရန် စီမံသကဲ့သို့ မိမိကိုယ်တိုင် ဗျာပါရကင်းလျက် ငြိမ်သက်သည်ဖြစ်၍ တကွဖြစ်ဘက်တရားတို့အားလည်း ဗျာပါရကင်းလျက် ငြိမ်သက်ဘို့ရာ ကျေးဇူးပြုတတ်သော သတ္တိသည် ဝိပါကသတ္တိမည်၏ ဟုမှတ်။

(ရှေးဆရာတို့က ဤဝိပါကပစ္စည်း၏ ကျေးဇူးပြုပုံကို "အရိပ်ထဲနေသူအား လေညှင်းတိုက်ခတ်၍ အေးမြပုံနှင့်တူ၏" ဟု ဥပမာ ပြကြ၏။ သို့သော် ထိုအေးမြပုံမှာ သီတတေဇောလွှမ်းမိုးသော အေးမြခြင်းတည်း။ ဤဝိပါကပစ္စည်း၏ ငြိမ်သက်ပုံကား "သီတ" ခေါ်တဲ့ အအေးမဟုတ်။ ကိုယ်နှုတ်စိတ်အမှုအရာကို ဖြစ်စေဘို့ရာ ဗျာပါရကင်းသော ငြိမ်သက်ခြင်းတည်း။ ထို့ကြောင့် ထိုဥပမာကို စဉ်းစားပါ။)

♣ သစ်သီးမှည့်, ပွင့်ပြီးပန်းတို့သည် အားအစွမ်းကုန်ပြီးဖြစ်၍ ညှိုးနွမ်းခြောက်သွေ့၍သွားသကဲ့သို့ ကံရင့်ကျက်၍ ဖြစ်ပေါ်လာသော ဝိပါက်စိတ်တို့သည်လည်း ကုသိုလ်စိတ်,အကုသိုလ်စိတ်တို့ကဲ့သို့ ဝိပါက်စိတ်ကို ဖြစ်စေအောင်အားထုတ်ခြင်း ဗျာပါရ, ကိုယ်မှုနှုတ်မှုကို ဖြစ်စေခြင်း ဗျာပါရ မရှိကြကုန်။ ကြိယာစိတ်တို့သည် ဝိပါက်စိတ်ကို ဖြစ်စေအောင်အားထုတ်ခြင်း ဗျာပါရ မရှိ။ ကိုယ်မှုနှုတ်မှုကို ဖြစ်စေခြင်း ဗျာပါရကားရှိ၏။

(ပရမတ္ထသံခိပ်ဋီကာ ဒု ၅၀၆-၅၀၇ ကောက်နုတ်ချက်)

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| (အချင်းချင်းအားငှင်း, အချင်းချင်း စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် အား တပ်သော) ဝိပါက်စိတ် ၃၆၊ စေ–၃၈ | ဝိပါက်စိတ် ၃၆၊ စေ–၃၈ ဝိညတ်ဒွေးကြဉ် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် | ကုသိုလ်စိတ် ၂၁၊ အကုသိုလ်စိတ် ၁၂၊ ကြိယာစိတ် ၂၀၊ စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်၊ အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် |

♠ ပစ္စယုပ္ပန်ဝယ် ဝိပါက်နာမက္ခန္ဓာတို့တွင် အရူပဝိပါက် ဒွေပဉ္စဝိညာဏ်တို့က ရုပ်ကိုမဖြစ်စေနိုင်။ ဝိပါက်နာမက္ခန္ဓာတို့က ဝိညတ်ရုပ်ကို မဖြစ်စေနိုင်သောကြောင့် “ဝိညတ်ဒွေးကြဉ်သော စိတ္တဇရုပ်”ဟု ဆိုသည်။

## နာမ်အချင်းချင်း ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံ

အရူပဘုံ၌ ပဋိသန္ဓေစိတ်နှင့် စေတသိက် ၃၀ ဟူသော နာမ်ခန္ဓာလေးပါး ဖြစ်ရာတွင် ဝိညာဏက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စည်း, ဝိညာဏက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ဝေဒနာက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ် ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စည်း, ဝေဒနာက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ဤသို့စသည် ဖြင့် ခန္ဓာတပါးသည် ပစ္စည်း, ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ခန္ဓာသုံးပါးသည် ပစ္စည်း, ခန္ဓာတပါးသည် ပစ္စယုပ္ပန်၊ ခန္ဓာ၂ပါးသည် ပစ္စည်း, ခန္ဓာ၂ပါးသည် ပစ္စယုပ္ပန်စသည်ဖြင့်သိပါ။

အပါယ်လေးဘုံသား လူနတ်ဗြဟ္မာတို့၏ သန္တာန်တွင် မြင်စိတ်ကြားစိတ်စသည် ဖြစ်ရာတွင်လည်း ဝိညာဏက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စည်း, ဝိညာဏက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ဝေဒနာက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ် ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စည်း, ဝေဒနာက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ဤသို့စသည် ဖြင့် ခန္ဓာတပါးသည် ပစ္စည်း, ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ခန္ဓာသုံးပါးသည် ပစ္စည်း, ခန္ဓာတပါးသည် ပစ္စယုပ္ပန်၊ ခန္ဓာ၂ပါးသည် ပစ္စည်း, ခန္ဓာ၂ပါးသည် ပစ္စယုပ္ပန်စသည်ဖြင့်သိပါ။

## နာမ်အချင်းချင်းနှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ

ပဥ္စဝေါကာရဘုံဝယ် ပဋိသန္ဓေအခါ၌ ဆိုင်ရာ ပဋိသန္ဓေစိတ်စေတသိက် ဟူသောနာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ဖြစ်ရာ ဝိညာဏက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ်ခန္ဓာ၃ပါးနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာ ၃ ပါးသည် ပစ္စည်း, ဝိညာဏက္ခန္ဓာနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်၊ ဤသို့စသည်ဖြင့် ခန္ဓာတပါးသည် ပစ္စည်း, ခန္ဓာ ၃ ပါးနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်၊ ခန္ဓာ ၃ပါးသည် ပစ္စည်း, ခန္ဓာတပါးနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်၊ ခန္ဓာ၂ပါးသည် ပစ္စည်း, ခန္ဓာ၂ပါးနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန် ဟု အပြန်အလှန် ကျေးဇူးပြုပုံသိပါ။

ပဝတ္တိအခါ၌ ဝိပါက်စိတ်စေတသိက်ဟူသော နာမက္ခန္ဓာနှင့် ထိုစိတ်ကြောင့် စိတ္တဇရုပ်တို့ ဖြစ်ရာ ဝိညာဏက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ်ခန္ဓာ ၃ ပါးနှင့် စိတ္တဇရုပ်တို့သည် ပစ္စယုပ္ပန်၊ ဤသို့စသည်ဖြင့် စိတ်ဖြစ်တိုင်း ဖြစ်တိုင်း သိပါလေ။

**ခန္ဓာသုံးစွဲရပုံ**။ ။စိတ်စေတသိက်ချင်း အပြန်အလှန် ကျေးဇူးပြုရာ၌ "ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ" စသည်ဖြင့် ကျေးဇူးပြုပုံကို ပါဠိတော်ရင်းမှာ တိုက်ရိုက်ပြထား၏။ ထို့ကြောင့် စိတ်စေတသိက်တို့ အပြန်အလှန် ကျေးဇူးပြုရာ သဟဇာတစသော ပစ္စည်းများ၌ ပစ္စည်းပစ္စယုပ္ပန်ဝယ် ခန္ဓာဟူသော စကားလုံးကို အသုံးပြုရသည်။ ထိုကဲ့သို့ စိတ်စေတသိက်ခြင်း အပြန်အလှန်မရသော ပစ္စည်းများ၌ ခန္ဓာဟု မသုံးစွဲရ။

(သုံးချက်စု ဘာဋီ ၂၂၄-၂၂၉)

## ပစ္စယနိဒ္ဒေသပါဠိ

**ဝိပါကပစ္စယော**တိ ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

ဝိပါကပစ္စယောတိ–ဝိပါကပစ္စယောဟူသည်ကား၊ ဝိပါကာ–ဝိပါက်ဖြစ်ကုန်သော၊ စတ္တာရော–လေးပါးကုန်သော၊ အရူပိနော–နာမ်ဖြစ်ကုန်သော၊ ခန္ဓာ–ခန္ဓာတို့သည်၊ အညမညံ–[၁]အချင်းချင်းအား၊ ဝိပါကပစ္စယေန–ဝိပါကပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(ပဌာန်းအရကောက်–၄၂ /မိုးထိနိဿယ ပ ၂၂)

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ ဘ ဘ ဘ
ooo ooo ooo

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

ပုံစံ။ ဘ ဘ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

♠ မျဉ်းတားသည့်နေရာ၌ ဝိပါက်စိတ်စေတသိက်များဖြစ်ကြရာတွင် ဝိပါက်နာမက္ခန္ဓာ ၄–ပါးတို့၏ ဝိညာဏက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စည်း, ဝိညာဏက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ဝေဒနာက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ် ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စည်း, ဝေဒနာက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ဤသို့စသည် ဖြင့် ခန္ဓာတပါးသည် ပစ္စည်း, ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ခန္ဓာသုံးပါးသည် ပစ္စည်း, ခန္ဓာတပါးသည် ပစ္စယုပ္ပန်၊ ခန္ဓာ၂ပါးသည် ပစ္စည်း, ခန္ဓာ၂ပါးသည် ပစ္စယုပ္ပန် ဖြစ်နေပုံကို" ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော"ဟု ဟောတော်မူသည်။

---

၁ ပစ္စယနိဒ္ဒေသ၌ ဝိပါက်နာမက္ခန္ဓာချင်းအား ဝိပါကပစ္စည်းတပ်ဟန်ကို ပြတော်မူ၏။ မကျဉ်းမကျယ် ပြတော်မူသော အရာဖြစ်သောကြောင့် စိတ္တဇရုပ် ကမ္မဇရုပ်အား ပစ္စည်းတပ်ဟန်ကို ပြတော်မမူ။

## ပဥ္စာဝါရ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပါကပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ဝိပါကပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ဝိပါကပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ဝိပါကပစ္စယေန ပစ္စယော။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ ဝိပါကပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိတော် ပဌမအုပ် – ၁၅၅)

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ ဝိပါကပစ္စယေန–ဝိပါကပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ဝိပါကာဗျာကတော–ဝိပါက်အဗျာကတဖြစ်သော၊ ဧကော–တပါးသော၊ ခန္ဓော–ဝေဒနာအစရှိသော ခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနဉ္စ–သညာအစရှိသော ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–စိတ္တဇရုပ်တို့အားလည်းကောင်း၊ ဝိပါကပစ္စယေန–ဝိပါကပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာအစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တပါးသော၊ ခန္ဓဿစ–ဝိညာဏ်အစရှိသော ခန္ဓာအားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–စိတ္တဇရုပ်တို့အားလည်းကောင်း၊ ဝိပါကပစ္စယေန–ဝိပါကပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနဉ္စ–သင်္ခါရ,ဝိညာဏ် အစရှိသော ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ–စိတ္တဇရုပ်တို့အားလည်းကောင်း၊ ဝိပါကပစ္စယေန–ဝိပါကပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိနိဿယ ပ ၄၂၉)

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀
သော ဉာ သံ အ မဟာဝိပါက်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

♠ ဝိပါက်နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးနှင့်စိတ္တဇရုပ် အကျိုးဖြစ်ပုံကို "ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ"ဟုလည်းကောင်း၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါးနှင့်စိတ္တဇရုပ် အကျိုးဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ"ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးနှင့်စိတ္တဇရုပ် အကျိုးဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ"ဟုလည်းကောင်း ဆိုသည်။

ပဋိသန္ဓိက္ခဏေ–ပဋိသန္ဓေခဏ၌၊ ဝိပါကာဗျာကတော–ဝိပါက်အဗျာကတဖြစ်သော၊ ဧကော–တပါးသော၊ ခန္ဓော–ဝေဒနာအစရှိသော ခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနဉ္စ–သညာအစရှိသော ခန္ဓာတို့အားလည်းကောင်း၊ ကဋတ္တာစရူပါနံ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ ဝိပါကပစ္စယေန–ဝိပါကပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာအစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တပါးသော၊ ခန္ဓဿစ–ဝိညာဏ်အစရှိသော ခန္ဓာအားလည်းကောင်း၊ ကဋတ္တာစရူပါနံ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ ဝိပါကပစ္စယေန–ဝိပါကပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနဉ္စ–သင်္ခါရ,ဝိညာဏ် အစရှိသော ခန္ဓာတို့အားလည်းကောင်း၊ ကဋတ္တာစရူပါနံ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ ဝိပါကပစ္စယေန–ဝိပါကပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ခန္ဓာ–ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့သည်၊ ဝတ္ထုဿ–ဟဒယဝတ္ထုအား၊ ဝိပါကပစ္စယေန–ဝိပါကပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိနိဿယ ပ ၄၃၀)

ပုံစံ။ ဓ ဓ ဓ ဓ ဓ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)
ooo

ပ အာ တေ ဝါ

သော ဃ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

♠ ပဋိသန္ဓေခဏ ဝိပါက်နာမက္ခန္ဓာ လေးပါးတွင် ခန္ဓာ ၁–ပါး အကြောင်း, ခန္ဓာ ၃–ပါးနှင့်ကမ္မဇရုပ်အကျိုး ဖြစ်ပုံကို "ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ" ဟုလည်းကောင်း၊ ခန္ဓာ ၃–ပါး အကြောင်း, ခန္ဓာ ၁–ပါးနှင့်ကမ္မဇရုပ်အကျိုး ဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ"ဟုလည်းကောင်း၊ ခန္ဓာ ၂–ပါး အကြောင်း, ခန္ဓာ ၂–ပါးနှင့်ကမ္မဇရုပ်အကျိုး ဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ" ဟုလည်းကောင်း, နာမ်ခန္ဓာ ၄–ပါး အကြောင်း ဟဒယဝတ္ထုအကျိုးဖြစ်ပုံကို "ခန္ဓာ ဝတ္ထုဿ" လည်းကောင်း ဟောပြတော်မူသည်။

ဝိပါကပစ္စည်း(ပစ္စယနိဒ္ဒေသ)

| | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|
| အပေါင်း | ဝိ ၃ဖ၊ စေ ၃၈ | ဝိ ၃ဖ၊ စေ ၃၈ | | | | |
| | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိဏ်း | ပေါင်း |
| | ဝိ ၃ဖ၊ စေ ၃၈ | ဝိ ၃ဖ၊ စေ ၃၈ | တ | | ဝိ.သ.ည.နိ.သံ.တ္တိ.အဝိ | ၇ |

ဝိပါကပစ္စည်း(ပဉှာဝါရ)

| | | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|---|---|
| | အပေါင်း | | ဝိ ၃ဖ၊ စေ ၃၈ | ဝိ ၃ဖ၊ စေ ၃၈၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဟဒယဝတ္ထု | | | | |
| သချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိဏ်း | ပေါင်း |
| | ပဝတ္တိ | | ဝိ ၃ဖ စေ၃၈ | ဝိ ၃ဖ၊ စေ၃၈၊ စိတ္တဇရုပ် | တ | ယ | ဝိ.သ.ည.နိ.သံ.ဝိပ်.တ္တိ.အဝိ | ၈ |
| ၁ | ဗျာ | ဗျာ | | | | | | |
| | ပဋိသန္ဓေ | | ပဋိ ၁၉ စေ၃၅ | (က)ပဋိ ၁၉ စေ၃၅ ကမ္မဇရုပ်<br>(ခ)ဟဒယဝတ္ထု | တ | ယ | ဝိ.သ.ည.နိ.သံ.ဝိပ်.တ္တိ.အဝိ | ၈ |

## ပစ္စယနိဒ္ဒေသပါဠိ

**ဝိပါကပစ္စယော**တိ ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

“ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော”ဟူသော ကတ္တားပါဌ်ဖြင့် သုံးပါးသုံးပါးသော ဝိပါက်နာမက္ခန္ဓာအားတပ်သော တပါးတပါးသောဝိပါက်နာမက္ခန္ဓာ, တပါးတပါးသော ဝိပါက်နာမက္ခန္ဓာအားတပ်သော သုံးပါးသုံးပါးသော ဝိပါက်နာမက္ခန္ဓာ, နှစ်ပါးနှစ်ပါးသော ဝိပါက်နာမက္ခန္ဓာအားတပ်သော နှစ်ပါးနှစ်ပါးသော ဝိပါက်နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။ “အညမညံ”ဟူသော သမ္ပဒါန်ပါဌ်ဖြင့် သုံးပါးသုံးပါးသော ဝိပါက်နာမက္ခန္ဓာ, တပါးတပါးသော ဝိပါက်နာမက္ခန္ဓာ, နှစ်ပါးနှစ်ပါးသော ဝိပါက်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ဝိပါကပစ္စယေနဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော ဝိပါက သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ၊ ဤခုနစ်ပစ္စယသတ္တိတို့တွင် ဝိပါကပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

## ပဥှာဝါရ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပါကပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတော ဧကော ခန္ဓော (ပ) စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ဝိပါကပစ္စယေန ပစ္စယော။

ပဝတ္တိအခါ ကတ္တားကား အချင်းချင်းအားငှင်း, အချင်းချင်းနာမက္ခန္ဓာ, စိတ္တဇရုပ်အားငှင်း တပ်သော ဝိပါက်ဆတ္တိံသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား ဝိပါက်ဆတ္တိံသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဝိပါက သဟဇာတ အညမည နိဿယ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် ဝိပါကပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော (ပ) ဝိပါကပစ္စယေန ပစ္စယော။

ပဋိသန္ဓေအခါ ကတ္တားကား အချင်းချင်းအားငှင်း, အချင်းချင်းနာမက္ခန္ဓာ, ကဋတ္တာရုပ်အားငှင်း တပ်သော ပဋိသန္ဓေစိတ်ကြေနဝီသ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်, အစိတ်အပေါင်းနာမက္ခန္ဓာ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား ပဋိသန္ဓေစိတ်ကြေနဝီသ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဝိပါက သဟဇာတ အညမည နိဿယ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် ဝိပါကပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

## သမ္ပယုတ္တပစ္စယော

ထောပတ် ပျားရည် သကာ ဆီဟူသော အဆိမ့်အချို လေးမျိုးကိုရောလျက် သမအောင် ကျိုချက်ပြီး သည့်အခါ ဤအရသာက ထောပတ်အရသာ ဤအရသာက ဆီအရသာ စသည်ဖြင့် ခွဲခြား၍ မသိသာအောင် သမနေသကဲ့သို့ နာမ်ခန္ဓာလေးပါးတို့ ဧကုပ္ပါဒတာ စသော အပြားတို့တို့ဖြင့် အညီအမျှ သမလျက် ယှဉ်ကြရာ၌ အချင်းချင်း မဆန့်ကျင်ဘဲ တပါးသဘောကို တပါးက လိုက်ရောနိုင်သော သတ္တိသည် သမ္ပယုတ္တပစ္စည်းမည်၏။

နာမ်ခန္ဓာ၄ပါးတို့ အတူတကွ ယှဉ်ကြသည့်အခါ ဤသဘောက ဝိညာဏက္ခန္ဓာ ဤသဘောက ဝေဒနက္ခန္ဓာစသည်ဖြင့် ခွဲခြား၍ မသိသာအောင် သမကြသည်။

(မေး) အဘယ်တရားတို့ကို သမ္ပယုတ္တပစ္စည်းဟု ခေါ်ဆိုရပါသနည်း။ အဘယ်ကြောင့်နည်း။

(ဖြေ) ဧကုပ္ပါဒ–အတူဖြစ်ခြင်း, ဧကနိရောဓ–အတူချုပ်ခြင်း, ဧကာလမ္ဗန–အာရုံတူခြင်း, ဧကဝတ္ထုက–တည်ရာတူခြင်း ဟူသော သမ္ပယောဂလက္ခဏာ လေးပါးတို့၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သော သောကြောင့် စိတ်–၈၉ ပါး စေတသိက်–၅၂ ပါး (နာမက္ခန္ဓာ) တရားတို့ကို သမ္ပယုတ္တပစ္စည်း ဟု ဆိုရပါသည်။

(သုံးချက်စု ဘာဋီ ၂၄၆–၂၄၇)

**သမ္ပယုတ္တနှင့်သဟဇာတအထူး**။ ဤသမ္ပယုတ္တပစ္စည်းသည် သဟဇာတပစ္စည်းကဲ့သို့ တပြိုင်နက်တကွဖြစ်ပေါ် ရုံမျှနှင့် ရနိုင်သော ပစ္စည်း မဟုတ်ချေ။ သမ္ပယောဂလက္ခဏာလေးပါးနှင့် ညီညွတ်မှသာလျှင် သမ္ပယုတ္တပစ္စည်းတပ်နိုင်သည်။ ဥပမာအားဖြင့် ရူပါရုံကို အာရုံပြု၍ လောဘမူပထမစိတ် ဖြစ်ပေါ်ရာ၌ စေတသိက် ၁၉–ပါးတို့သည်လည်း ပါဝင်ကုန်၏။ ထိုစိတ်နှင့်တပြိုင်တည်းပင် စိတ္တဇရုပ်တို့လည်း ဖြစ်ပေါ်ကုန်၏။ ထိုတွင် လောဘမူပထမစိတ်နှင့် စေတသိက် ၁၉–ပါးတို့သည် သဘောလက္ခဏာအားဖြင့် တမျိုးစီဖြစ်ကုန်သော်လည်း သမ္ပယောဂလက္ခဏာလေးပါးဖြင့် အချင်းချင်း နီးနှောရောစပ်၍ ဖြစ်ကုန်၏။ တပေါင်းတည်းအဖြစ်သို့ရောက်လျက် အာရုံ၌ တပ်မက်ခြင်းကိစ္စကို ဆောင်ရွက်ကုန်၏။ တရားကိုယ် ၂၀–ပါးဖြစ်သော်လည်း အာရုံ၌တပ်မက်ခြင်း တမျိုးသာဖြစ်၏။ ထို့ကြောင့် စိတ်နှင့်စေတသိက် ၁၉–ပါးတို့သည် အချင်းချင်း သမ္ပယုတ္တပစ္စည်းအားဖြင့် ကျေးဇူးပြုသည်ဟု ဆိုရသည်။ စိတ္တဇရုပ်သည်ကား လောဘမူပထမစိတ်နှင့် တပြိုင်နက်ဖြစ်သော်လည်း ရုပ်တရားဖြစ်၍ နာမ်တရားတို့နှင့်ရောယှက်နီးနှောခြင်း မရှိချေ။ ထို့ကြောင့် လောဘမူပထမစိတ်နှင့် စိတ္တဇရုပ်တို့သည် တချိန်တည်း၌ အတူတကွ ဖြစ်တည်ကြရုံမျှသာ ဖြစ်သဖြင့် သဟဇာတပစ္စည်းသာတပ်၍ သမ္ပယုတ္တပစ္စည်း မတပ်နိုင်ချေ။

**နာမ်နှင့်ရုပ် သမ္ပယုတ္တမဖြစ်**။ စင်စစ်အားဖြင့် သဘာဝယုတ္တိကို စဉ်းစားစိစစ်လျှင် နာမ်တရားနှင့်ရုပ်တရားတို့ အချင်းချင်း သမ္ပယုတ္တပစ္စည်း မတပ်နိုင်ကြောင်းမှာ လွန်စွာထင်ရှားလှသည်။ နာမ်နှင့်ရုပ်တို့သည် အတူဖြစ်ခြင်း(ဧကုပ္ပါဒ) အတူချုပ်ခြင်း(ဧကနိရောဓ) တခါတရံ ရှိနိုင်ငြားသော်လည်း စိတ်သက်နှင့်ရုပ်သက် မတူရကား ဖြစ်ပျက်နှစ်ပါးစုံတူ (ဧကုပ္ပါဒ+ဧကနိရောဓ)ဟူသော လက္ခဏာနှစ်မျိုးကိုမူ မရနိုင်ချေ။ ထို့ပြင် ရုပ်တို့တွင် ဝိညတ်ဒွေးသည် ဖြစ်ပျက်နှစ်ပါးစုံတူ လက္ခဏာကို ရနိုင်သော်လည်း စိတ်သည် အာရုံယူတတ်သော (သာရမ္မဏ)တရားဖြစ်၍ ရုပ်သည်အာရုံကို မယူတတ်သော (အနာရမ္မဏ) တရားဖြစ်ရကား တူသောအာရုံရှိမှု(ဧကာလမ္ဗဏ)ဟူသော လက္ခဏာကိုလည်း မရနိုင်ချေ။ စိတ်သည် ဝတ္ထုရုပ် ခြောက်ပါးကို မှီ၍ ဥပါဒါရုပ်တို့သည် မဟာဘုတ်လေးပါးကိုမှီကုန်၏။ မဟာဘုတ်လေးပါးတို့သည် ကား တပါးသည်တပါးကိုမှီကုန်၏။ ထို့ကြောင့် စိတ်နှင့်ရုပ်တို့၌ ဧကဝတ္ထုကဟူသော လက္ခဏာကိုလည်း မရနိုင်ချေ။ ဤသို့ သမ္ပယောဂလက္ခဏာလေးပါး မရှိသောကြောင့်ပင် နာမ်နှင့်ရုပ်တို့သည် အချင်းချင်း သမ္ပယုတ္တပစ္စည်း မတပ်ခြင်း ဖြစ်ပေသည်။

**ရုပ်အချင်းချင်းသမ္ပယုတ္တမဖြစ်**။ ကလာပ်တမျိုးတည်းတွင် ပါဝင်သောရုပ်တို့သည် အချင်းချင်း ဖြစ်တူပျက်တူ ပင်ဖြစ်ကြသည်။ မှီရာမဟာဘုတ်အားဖြင့်လည်းတူကြသည်။ အဝိနိဗ္ဘောဂရုပ် ရှစ်ပါးတို့သည်ကား တပါးစီခွဲခြား၍ မရနိုင်အောင်ပင် သဘောအားဖြင့်လည်း ပေါင်းစပ်နှီးနှောမိကြသည်။ သို့သော်လည်း အနာရမ္မဏတရားဖြစ်၍ ဧကာလမ္ဗဏဟူသော သမ္ပယောဂလက္ခဏာကိုကား မရနိုင်ချေ။ ထို့ကြောင့် ရုပ်အချင်းချင်းလည်း သမ္ပယုတ္တပစ္စည်း မတပ်ကြောင်းကို မှတ်သားအပ်ပေသည်။

**သမ္ပယုတ္တနှင့်အညမညအထူး**။ ဤသမ္ပယုတ္တပစ္စည်းသည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုမှုပါသော ကြောင့် အညမညပစ္စည်းသတ္တိလည်းရှိသည်။ သို့သော် အညမညသတ္တိမှာ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုရုံမျှသာဖြစ်သည်။ သမ္ပယုတ္တပစ္စည်းကား အချင်းချင်း အပြန်အလှန် ကျေးဇူးပြုရုံမျှသာ မဟုတ်မူ၍ သမ္ပယောဂလက္ခဏာလေးပါးတို့ဖြင့် အချင်းချင်းမျှတ ညီညွတ်စွာ ပေါင်းစပ် ယှဉ်တွဲခြင်းကိုသာ ဆိုလိုသည်။ အညမညပစ္စည်း၌မူကား မဟာဘုတ် ရုပ်အချင်းချင်းသော်၎င်း, ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့ အပြန်အလှန်အားဖြင့်သော်၎င်း ကျေးဇူးပြုခြင်းများ ပါဝင်နိုင်သည်။ ဤသမ္ပယုတ္တပစ္စည်း၌ကား နာမ်ခန္ဓာလေးပါးတို့ အပြန်အလှန်ကျေးဇူးပြုမှုတမျိုးသာ ပါဝင်လေသည်။

**ပစ္စည်းသုံးမျိုးအထူး**။ အချုပ်အားဖြင့် မှတ်သားလွယ်အောင် ဖော်ပြရပါမူ (၁) တပြိုင်နက် အတူတကွဖြစ်ပေါ်သော တရားအားလုံးသည် သဟဇာတပစ္စည်းဖြစ်၏။ (၂)ထိုတရားများအနက်မှ အချင်းချင်း အပြန်အလှန်ကျေးဇူးပြုသော တရားများသည်သာလျှင် အညမညပစ္စည်းလည်းဖြစ်၏။ သဟဇာတပစ္စည်း လည်းဖြစ်၏။ ထိုအညမညတရားများအနက်မှ သမ္ပယောဂလက္ခဏာလေးပါးတို့ဖြင့် ညီညွတ်စွာ ပေါင်းစပ်ယှဉ် တွဲနိုင်သည့် နာမ်ခန္ဓာလေးပါးတို့သာလျှင် သမ္ပယုတ္တပစ္စည်းတပ်ပေသည်။ ဤကား အထူးတည်း။

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| စိတ် ၈၉၊ စေ ၅၂ | စိတ် ၈၉၊ စေ ၅၂ | ရုပ် ၂၈ |

**ပစ္စည်းတပ်ပုံ သာဓကပြယုဂ်**။ ။ လောဘမူ ပထမစိတ်ဖြစ်ပေါ်လာရာ၌ ထိုစိတ်တည်းဟူသော ဝိညာဏက္ခန္ဓာသည် ပစ္စည်း၊ စေတသိက် ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်ဖြစ်သည်။ တဖန် စေတသိက် ခန္ဓာသုံးပါးကို ပစ္စည်းယူသော် ဝိညာဏက္ခန္ဓာသည် ပစ္စယုပ္ပန်ဖြစ်သည်။ ထို့အတူ ဝေဒနက္ခန္ဓာသည် ပစ္စည်း၊ ကျန်ခန္ဓာ သုံးပါးသည် ပစ္စယုပ္ပန်စသည်ဖြင့်လည်း သိရာ၏။ ထို့ပြင် ဝိညာဏက္ခန္ဓာ ဝေဒနက္ခန္ဓာ နှစ်ပါးသည် ပစ္စည်း၊ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ နှစ်ပါးသည် ပစ္စယုပ္ပန်စသည်ဖြင့် ခန္ဓာနှစ်ပါးစီတွဲ၍လည်း ပစ္စည်းပစ္စယုပ္ပန် အပြန်အလှန်ဖြစ်ပုံသိရာ၏။

ဤသို့လျှင် ပဋ္ဌာန်းပါဠိတော်၌ "ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော"စသည်ဖြင့် သမ္ပယုတ္တပစ္စည်းတပ်ပုံကို ခန္ဓာအနေအားဖြင့်သာ ပြတော်မူသည်။ ထိုနည်းသည် အသိလွယ်ရန် ပြဆိုတော်မူခြင်းသာ ဖြစ်သည်။ စင်စစ်အားဖြင့် လောဘမူပထမစိတ်နှင့်ယှဉ်သော ဖဿစေတသိက်သည် ပစ္စည်း၊ ကျန်စေတသိက် ၁၈ ပါးနှင့် စိတ်သည် ပစ္စယုပ္ပန်စသည်ဖြင့် **စေတသိက် တပါးချင်းအနေဖြင့်လည်း သမ္ပယုတ္တပစ္စည်းတပ်ပုံ**ကို ပြဆိုနိုင်ခွင့်ရှိပေသည်။

(ပရမတ္ထသံခိပ်ဋီကာ ဒု ၅၂၉-၅၃၂)

# ပစ္စယနိဒ္ဒေသပါဠိ

**သမ္ပယုတ္တပစ္စယော**တိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

သမ္ပယုတ္တပစ္စယောတိ–သမ္ပယုတ္တပစ္စယောဟူသည်ကား၊ စတ္တာရော–လေးပါးကုန်သော၊ အရူပိနော–နာမ်ဖြစ်ကုန်သော၊ ခန္ဓာ–ခန္ဓာတို့သည်၊ အညမညံ–အချင်းချင်းအား၊ သမ္ပယုတ္တပစ္စယေန–သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(ပဌာန်းအရကောက်–၅၂)

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋ္ဌိသန္ဓေ ဘ ဘ ဘ ဘ ဘ

ooo ooo ooo

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo

ပုံစံ။ ဘ ဘ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo

♠ ဝီထိပုံစံရှိ မည်သည့်စိတ်မဆို စိတ်စေတသိက်များဖြစ်ကြရာတွင် နာမက္ခန္ဓာ ၄–ပါးတို့၏ ဝိညာဏက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စည်း, ဝိညာဏက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ဝေဒနာက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ် ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စည်း, ဝေဒနာက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ဤသို့စသည် ဖြင့် ခန္ဓာတပါးသည် ပစ္စည်း, ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ခန္ဓာသုံးပါးသည် ပစ္စည်း, ခန္ဓာတပါးသည် ပစ္စယုပ္ပန်၊ ခန္ဓာ၂ပါးသည် ပစ္စည်း, ခန္ဓာ၂ပါးသည် ပစ္စယုပ္ပန် ဖြစ်နေပုံကို" စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော"ဟု ဟောတော်မူသည်။

## ပဉှာဝါရ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတော ကြိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် ၁၅၈–၁၅၉)

# ကု ကု နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–သော၊ ဓမ္မဿ–အား၊ သမ္ပယုတ္တပစ္စယေန–သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလော–ကုသိုလ်ဖြစ်သော၊ ဧကော–တပါးသော၊ ခန္ဓော–ဝေဒနာအစရှိသောခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနံ–သညာအစရှိသော ခန္ဓာတို့အား၊ သမ္ပယုတ္တပစ္စယေန–သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာအစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တပါးသော၊ ခန္ဓဿ–ဝိညာဏ်အစရှိသော ခန္ဓာအား၊ သမ္ပယုတ္တပစ္စယေန–သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနံ–သင်္ခါရ,ဝိညာဏ် အစရှိသော ခန္ဓာတို့အား၊ သမ္ပယုတ္တပစ္စယေန–သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(မိုးထိနိဿယ ပ ၄၃၇)

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ ၀၀၀

သော ဉ သံ အ မဟာကုသိုလ်စိတ် + စေ ၃၈ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

♠ ကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးအကျိုးဖြစ်ပုံကို "ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ"ဟုလည်းကောင်း၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါး အကျိုး ဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ"ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးအကျိုးဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ"ဟုလည်းကောင်း ဆိုသည်။

## အကု အကု နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–သော၊ ဓမ္မဿ–အား၊ သမ္ပယုတ္တပစ္စယေန–သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလော–အကုသိုလ်ဖြစ်သော၊ ဧကော–တပါးသော၊ ခန္ဓော–ဝေဒနာအစရှိသောခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနံ–သညာအစရှိသော ခန္ဓာတို့အား၊ သမ္ပယုတ္တပစ္စယေန–သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာအစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တပါးသော၊ ခန္ဓဿ–ဝိညာဏ်အစရှိသော ခန္ဓာအား၊ သမ္ပယုတ္တပစ္စယေန–သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနံ–သင်္ခါရ,ဝိညာဏ် အစရှိသော ခန္ဓာတို့အား၊ သမ္ပယုတ္တပစ္စယေန–သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(မိုးထိနိဿယ ပ ၄၃၈)

### ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

ပ,အာ,တေ,ဝါ

သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

♠ အကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးအကျိုးဖြစ်ပုံကို "အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ"ဟုလည်းကောင်း၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါး အကျိုး ဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ"ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးအကျိုးဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ"ဟုလည်းကောင်း ဆိုသည်။

# ဗျာ ဗျာ နိဿယ

အဗျာကတော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ သမ္ပယုတ္တပစ္စယေန–သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဝိပါကာဗျာကတော–ဝိပါက်အဗျာကတဖြစ်သော၊ ကြိယာဗျာကတော–ကြိယာအဗျာကတဖြစ်သော၊ ဧကော–တပါးသော၊ ခန္ဓော–ဝေဒနာအစရှိသော ခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနံ–သညာအစရှိသော ခန္ဓာတို့အား၊ သမ္ပယုတ္တပစ္စယေန–သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာအစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တပါးသော၊ ခန္ဓဿ–ဝိညာဏ်အစရှိသော ခန္ဓာအား၊ သမ္ပယုတ္တပစ္စယေန–သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနံ–သင်္ခါရ,ဝိညာဏ် အစရှိသော ခန္ဓာတို့အား၊ သမ္ပယုတ္တပစ္စယေန–သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(မိုးထိနိဿယ ပ ၄၃၉)

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo

သော ဉာ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

♠ ဝိပါက်နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးအကျိုးဖြစ်ပုံကို "ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ"ဟုလည်းကောင်း၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါး အကျိုး ဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ"ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးအကျိုးဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ"ဟုလည်းကောင်း ဆိုသည်။

♠ ကြိယာနာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးအကျိုးဖြစ်ပုံကို "ကြိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ"ဟုလည်းကောင်း၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါး အကျိုး ဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ"ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးအကျိုးဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ"ဟုလည်းကောင်း ဆိုသည်။

## သမ္ပယုတ္တပစ္စည်း(ပစ္စယနိဒ္ဒေသ)

| | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|
| အပေါင်း | စိတ်၈၉၊ စေ ၅၂ | စိတ်၈၉၊ စေ ၅၂ | | | | |
| | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| | စိတ်၈၉၊ စေ ၅၂ | စိတ်၈၉၊ စေ ၅၂ | တ | ယ | သံ.သ.ည.နိ.ဝိ.တ္ထိ.အဝိ | ၇ |

## သမ္ပယုတ္တပစ္စည်း(ပဥှာဝါရ)

| | | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|---|---|
| အပေါင်း | | | စိတ်–၈၉၊ စေ–၅၂၊ | စိတ်–၈၉၊ စေ–၅၂၊ | | | | |
| သချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| ၁ | ကု | ကု | ကု ၂၁၊ စေ ၃၈ | ကု ၂၁၊ စေ ၃၈ | တ | | သံ.သ.ည.နိ.တ္ထိ.အဝိ | ၆ |
| ၂ | အကု | အကု | အကု ၁၂ စေ ၂၇ | အကု ၁၂ စေ ၂၇ | တ | | သံ.သ.ည.နိ.တ္ထိ.အဝိ | ၆ |
| | ပဝတ္တိ | | ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈ | ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈ | တ | ယ | သံ.သ.ည.နိ.ဝိ.တ္ထိ.အဝိ | ၇ |
| ၃ | ဗျာ | ဗျာ | | | | | | |
| | ပဋိသန္ဓေ | | ပဋိ၁၉ စေ၃၅ | ပဋိ၁၉ စေ၃၅ | တ | | သံ.သ.ည.နိ.ဝိ.တ္ထိ.အဝိ | ၇ |

## ပစ္စယနိဒ္ဒေသပါဠိ

**သမ္ပယုတ္တပစ္စယောတိ** စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

"စတ္တာရော ခန္ဓာ အရူပိနော" ဟူသော ကတ္တားပါဌ်ဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာတို့အားတပ်သော တပါးတပါးသော နာမက္ခန္ဓာ၊ တပါးတပါးသော နာမက္ခန္ဓာ အားတပ်သော သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာတို့အားတပ်သော နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။ "အညမညံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ တပါးတပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ပြတော်မူ၏။ "သမ္ပယုတ္တပစ္စယေန"ဟူသော ကရိုဏ်းပါဌ်ဖြင့် အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာလေးပါးဖြစ်အံ့, တပြိုင်နက် တပ်ကောင်းသော သမ္ပယုတ္တ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် သမ္ပယုတ္တသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

အချင်းချင်းအားတပ်သော အလုံးစုံသော ဝိပါကပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာလေးပါးဖြစ်အံ့, တပြိုင်နက် တပ်ကောင်းသော သမ္ပယုတ္တ သဟဇာတ အညမည နိဿယ ဝိပါက အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် သမ္ပယုတ္တသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(ပဋ္ဌာန်းအရကောက်–၅၂)

## ပဥှာဝါရ

(ဝိဓိ) ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။

(အနုဝါဒ) ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

ကုသလော ကုသလဿဌ် ကတ္တားကား အချင်းချင်းအားတပ်သော ကုသိုလ်ဇေဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်ဇေဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စယသတ္တိတို့တွင် သမ္ပယုတ္တ ပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။
(အနုဝါဒ) အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

အကုသလော အကုသလဿဌ် ကတ္တားကား အချင်းချင်းအားတပ်သော အကုသိုလ်ဒွါဒသ စေတသိက် သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ စေတသိက် သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် တပ်ကောင်းသော သမ္ပယုတ္တ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စယသတ္တိတို့တွင် သမ္ပယုတ္တပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ဝိဓိ) အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။
(အနုဝါဒ) ဝိပါကာဗျာကတော ကြိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

အဗျာကတော အဗျာကတဿဌ် ပဝတ္တိအခါ ကတ္တားကား အချင်းချင်းအားတပ်သော ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။သမ္ပဒါန်ကား ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သမ္ပယုတ္တ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ၊ ဤခုနစ်ပစ္စယသတ္တိတို့တွင် သမ္ပယုတ္တပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

ပဋိသန္ဓေအခါ ကတ္တားကား အချင်းချင်း တပ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ၊ စေတသိက် ပဉ္စတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ပဋိသန္ဓေစိတ် ဧကူနဝီသ၊ စေတသိက် ပဉ္စတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ သမ္ပယုတ္တ၊ အညမည၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ၊ ဤခုနစ်ပစ္စယသတ္တိတို့တွင် သမ္ပယုတ္တပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

## ဝိပ္ပယုတ္တပစ္စယော

ဤဝိပ္ပယုတ္တပစ္စည်းသည် သမ္ပယုတ္တ၏ပြောင်းပြန်ဖြစ်သည်။ ဇကပ္ပါဒတာစသော အပြားတို့ဖြင့် မယှဉ်ရကား ပစ္စည်းနှင့်ပစ္စယုပ္ပန်တို့ အချင်းချင်း မလိုက်ရောနိုင်သော သတ္တိသည် ဝိပ္ပယုတ္တပစ္စည်းမည်၏။ သို့သော် မယှဉ်သောတရားတိုင်းကို ဝိပ္ပယုတ္တဟု မဆိုရ။ သမ္ပယုတ်များ ဖြစ်လေရော့သလားဟု ယုံမှားဘွယ်ရလောက်အောင် ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့ အတူတကွ တွေ့မိဆိုင်မိရာ၌သာ သမ္ပယုတ်မဟုတ်ကြောင်း သိစေဖို့ရာ ဝိပ္ပယုတ္တဟု ထုတ်ပြတော်မူသည်။ ထို့ကြောင့် ဤဝိပ္ပယုတ္တပစ္စည်းကို အရသာခြောက်ပါး ရောစပ်ထားပုံနှင့်တူ၏-ဟု ရှေးဆရာတို့ ဥပမာပြကြသည်။ အရသာခြောက်ပါး ရောစပ်ထားရာ၌ ရောပင်ရောသော်လည်း တခုနှင့်တခု မနီးနှောမိကြသဖြင့် "အညီအမျှသမ" မဖြစ်နိုင်သလို ထို့အတူ ပစ္စည်း ပစ္စယုပ္ပန်တို့ ရောနှောမိကြ တွေ့မိဆိုင်မိကြသော်လည်း အချင်းချင်း မလိုက်ရောနိုင်ကြသဖြင့် အညီအမျှသမ ဆိုတဲ့ သမ္ပယုတ္တသဘောမရှိ-ဝိပ္ပယုတ္တသာ ဖြစ်ကြသည်ဟု ဆိုလိုသည်။

## ဝိပ္ပယုတ် သုံးမျိုး

၁။ သဟဇာတဝိပ္ပယုတ်
၂။ ပုရေဇာတဝိပ္ပယုတ်
၃။ ပစ္ဆာဇာတဝိပ္ပယုတ်

၁။တပြိုင်နက်ဖြစ်သော နာမ်နှင့်ရုပ်တို့သည် သမ္ပယုတ်မဖြစ်ဘဲ အကြောင်းအကျိုး ဖြစ်နေခြင်းကို သဟဇာတ ဝိပ္ပယုတ်ဟုဆိုသည်။ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်စေတသိက်နှင့်ကမ္မဇရုပ် တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကာလ၌ တပြိုင်နက်ဖြစ်ကြသဖြင့် တွေ့တွေ့ဆိုင်ဆိုင် တွေ့မိလေရာ သူတို့အချင်းချင်း သမ္ပယုတ် ဖြစ်သလားဟု စဉ်းစရာရှိ၏။ ပဋိသန္ဓေစိတ်စေတသိက်ဟူသော နာမက္ခန္ဓာနှင့် မှီရာဟဒယဝတ္ထုရုပ်လည်း ပဋိသန္ဓေခဏ၌ တကွဖြစ်၏, တွေ့မိဆိုင်မိ၏။ ထို့ကြောင့် ထိုစိတ်နှင့်ထိုရုပ်တို့သည် သမ္ပယုတ်များ ဖြစ်ကြရော့သလား-ဟု ယုံမှားဘွယ်ရှိ၏။ ပဝတ္တိအခါ စိတ် ၇၅-ပါး ဖြစ်တိုင်း စိတ်တို့၏ ဥပါဒ်ကာလ၌ စိတ်စေတသိက်နှင့်စိတ္တဇရုပ်တို့ ဖြစ်ကြ၏။ ထိုကဲ့သို့ အတူတကွဖြစ်သည့်အတွက် သမ္ပယုတ်ဖြစ်လေရော့သလားဟု ယုံမှားဘွယ်ရှိသောကြောင့် ဝိပ္ပယုတ္တဟု ထုတ်ပြရလေတော့သည်။

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်<br>၄-ခု, ဒွေပဉ္စဝိညာဏ် ၁၀,<br>ကြဉ်သော စိတ်-၇၅၊ စေ-၅၂ | စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | ပဉ္စဝေါကာရ<br>ပဋိသန္ဓေစိတ် ၁၅ စေ ၃၅<br>မှတပါး<br>စိတ် ၈၉ စေ ၅၂ |
| ပဉ္စဝေါကာရ<br>ပဋိသန္ဓေစိတ် ၁၅ စေ ၃၅<br>ဟဒယဝတ္ထု | ဟဒယဝတ္ထု<br>ပဉ္စဝေါကာရ<br>ပဋိသန္ဓေစိတ် ၁၅ စေ ၃၅ | ဗာဟိရရုပ်၊ အာဟာရဇရုပ်၊<br>ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊<br>ပဝတ္တိကမ္မဇရုပ် |

## ရုပ်တရားချင်း ဝိပ္ပယုတ်လည်းမဟုတ် သမ္ပယုတ်လည်းမဟုတ်

သမ္ပယုတ် ဝိပ္ပယုတ် လက္ခဏာကို နာမက္ခန္ဓာနှင့်သာ တွဲယှဉ်၍ ပြသဖြင့် မဟာဘုတ်အချင်းချင်းဖြစ်စေ, မဟာဘုတ်နှင့်ဥပါဒါရုပ်ဖြစ်စေ, အဝိနိဗ္ဘောဂဖြစ်၍ မကွေမကွာ အတူတကွ ဖြစ်ကြသော်လည်း သမ္ပယုတ် ဝိပ္ပယုတ် ၂ပါးလုံးပင် မဟုတ်တော့ရကား ဤဝိပ္ပယုတ္တသတ္တိ မရှိကြချေ။

ပစ္စည်းပစ္စယုပ္ပန်။ ။ လောဘမူ ပဌမစိတ်စေတသိက်နာမက္ခန္ဓာတို့ကြောင့် စိတ္တဇရုပ်ဖြစ်ရာ၌ နာမက္ခန္ဓာ ၄ပါးသည် ဝိပ္ပယုတ္တပစ္စည်း၊ စိတ္တဇရုပ်သည် ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်။ ဤနည်းအတိုင်း အရဟတ္တဖိုလ် စိတ်စေတသိက် နာမက္ခန္ဓာတိုင်အောင်သွား။ ပဋိသန္ဓေအခါ မဟာဝိပါက် ပဌမစိတ်စေတသိက် နာမက္ခန္ဓာနှင့်အတူ ပဋိသန္ဓေကမ္မဇရုပ်ဖြစ်ရာ၌ ပဋိသန္ဓေနာမက္ခန္ဓာ၄ပါးသည် ပစ္စည်း၊ ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန်။ ပဋိသန္ဓေအခါ မဟာဝိပါက် စိတ်စေတသိက်ဟူသော နာမက္ခန္ဓာနှင့်ဟဒယဝတ္ထုတို့ အတူတကွဖြစ်ရာ၌ ပဋိသန္ဓေ နာမက္ခန္ဓာသည် ပစ္စည်း၊ ဟဒယဝတ္ထုသည် ပစ္စယုပ္ပန်။ ဟဒယဝတ္ထုသည် ပစ္စည်း၊ ပဋိသန္ဓေနာမက္ခန္ဓာသည် ပစ္စယုပ္ပန်။ ဤသို့စသည်ဖြင့် သိလေ။

(ပုရေဇာတဝိပ္ပယုတ် နှင့် ပစ္ဆာဇာတဝိပ္ပယုတ် တို့ကို နောက်မှ ရှင်းပြမည်)

(သုံးချက်စု ဘာဋီ ၂၄၈-၂၅၁)

# ပစ္စယနိဒ္ဒေသ

**ဝိပ္ပယုတ္တပစ္စယော**တိ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

ဝိပ္ပယုတ္တပစ္စယောတိ–ဝိပ္ပယုတ္တပစ္စည်းဟူသည်ကား၊ ရူပိနော–ရုပ်ဖြစ်ကုန်သော၊ ဓမ္မာ–ဆဝတ္ထုတရားတို့သည်၊ အရူပီနံ–နာမ်ဖြစ်ကုန်သော၊ ဓမ္မာနံ–အရူပဝိပါက်လေးခုကြဉ်သော သတ္တဝိညာဏဓာတ်တို့အား၊ ဝိပ္ပယုတ္တပစ္စယေန–သဟဇာတဝိပ္ပယုတ္တ, ပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အရူပိနော–နာမ်ဖြစ်ကုန်သော၊ ဓမ္မာ–အရူပဝိပါက်လေးခုကြဉ်သော စိတ် ၈၅–ခု၊ စေတသိက်ဒွေပညာသနာမက္ခန္ဓာတို့သည်၊ ရူပီနံ–ရုပ်ဖြစ်ကုန်သော၊ ဓမ္မာနံ–စတုသမုဋ္ဌာနိကရုပ်တို့အား၊ ဝိပ္ပယုတ္တပစ္စယေန–သဟဇာတဝိပ္ပယုတ္တ, ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(ပဋ္ဌာန်းအရကောက်–၅၃)

ပုံစံ။ ဓ ဓ ဓ ဓ ဓ စုတိ – ပဋိသန္ဓေ ဘ ဘ ဘ ဘ ဘ

ooo ooo ooo

သော ဉသံ အ မဟာဝိပါက်စိတ်+စေ ၃၃, ကာယ,ဘာဝ,ဟဒယ

♠ ဤဖြစ်စဉ်တွင် 'ဟဒယဝတ္ထု'က မဟာဝိပါက်စိတ်,စေတသိက်တို့ကို အတူဖြစ်လျှက် ကျေးဇူးပြုရာ၌ ဟဒယဝတ္ထုကို "ရူပိနော ဓမ္မာ"ဟု လည်းကောင်း, မဟာဝိပါက်စိတ်,စေတသိက်တို့ကို "အရူပီနံ ဓမ္မာနံ" ဟုလည်းကောင်း ဆိုသည်။

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဓ ဓ ဓ ဓ ဓ ဓ ဓ တ တ ဘ ဘ ဘ ဘ

ooo

သော ဉသံ အ မဟာကုသိုလ်စိတ် + စေ ၃၃, စိတ္တဇရုပ်

♠ ဤဖြစ်စဉ်တွင် သော ဉသံ အ မဟာကုသိုလ်စိတ် + စေ ၃၃, စိတ္တဇရုပ်တို့ကို အတူတကွ ဖြစ်ကြရာ၌ သော ဉသံ အ မဟာကုသိုလ်စိတ်+စေ ၃၃ တို့ကို "အရူပိနော ဓမ္မာ"ဟုလည်းကောင်း စိတ္တဇရုပ်တို့ကို "ရူပီနံ ဓမ္မာနံ"ဟုလည်းကောင်း ဆိုသည်။ (အထက်ပါပုံစံ၌ စက္ခုဝိညာဏ်မှတပါး အခြားစိတ်များဖြစ်ရာတွင် စိတ်+စေတသိက်နှင့် စိတ္တဇရုပ်များဖြစ်ကြစဉ် စိတ်+စေတသိက်တို့ကို "အရူပိနော ဓမ္မာ" ဟုလည်းကောင်း စိတ္တဇရုပ်တို့ကို "ရူပီနံ ဓမ္မာနံ"ဟုလည်းကောင်း ဆိုသည်)

## ပဥှာဝါရ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ သဟဇာတာ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ သဟဇာတာ အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ သဟဇာတာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ခန္ဓာ ကဋတ္တာရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် ၁၅၉)

## ကု ဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ ဝိပ္ပယုတ္တပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ သဟဇာတာ–တကွဖြစ်ကုန်သော၊ ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ–နာမက္ခန္ဓာတို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–စိတ္တဇရုပ်တို့အား၊ ဝိပ္ပယုတ္တပစ္စယေန–ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပုံစံ။ တိ န ဒ ပ စ သံ တိ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

သော ညသံ အ မဟာကုသိုလ်စိတ် + စေ ၃၃, စိတ္တဇရုပ်

♠ ဤဖြစ်စဉ်တွင် သော ညသံ အ မဟာကုသိုလ်စိတ် + စေ ၃၃ တို့ကို "ကုသလာခန္ဓာ" ဟုလည်းကောင်း စိတ္တဇရုပ်တို့ကို " စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ဟုလည်းကောင်း ဆိုသည်။

## အကု ဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ ဝိပ္ပယုတ္တပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ သဟဇာတာ–တကွဖြစ်ကုန်သော၊ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ–နာမက္ခန္ဓာတို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–စိတ္တဇရုပ်တို့အား၊ ဝိပ္ပယုတ္တပစ္စယေန–ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပုံစံ။ တိ န ဒ ပ စ သံ တိ ဝ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

သောမနဿ ဒိဋ္ဌိသံ အ စိတ် + စေ ၁၉, စိတ္တဇရုပ်

♠ ဤဖြစ်စဉ်တွင် သောမနဿ ဒိဋ္ဌိသံ အ စိတ် + စေ ၁၉ တို့ကို "အကုသလာခန္ဓာ" ဟုလည်းကောင်း, စိတ္တဇရုပ်တို့ကို " စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ဟုလည်းကောင်း ဆိုသည်။

## ဗျာ ဗျာ နိဿယ

အဗျာကတော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ ဝိပ္ပယုတ္တပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ သဟဇာတာ–တကွဖြစ်ကုန်သော၊ ဝိပါကာဗျာကတာ–ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ကြိယာဗျာကတာ–ကြိယာအဗျာကတဖြစ်ကုန်သော၊ ခန္ဓာ–နာမက္ခန္ဓာတို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–စိတ္တဇရုပ်တို့အား၊ ဝိပ္ပယုတ္တ ပစ္စယေန–ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပုံစံ။ တိ န/က ဒ ပ/ခ စ သံ တိ ဝ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

♠ က,အမှတ်ပြတွင် သောမနဿ ဉာသံ အ မဟာဝိပါက်စိတ်+ စေတသိက် ၃၃နှင့် စိတ္တဇရုပ်များ ဖြစ်ကြရာတွင် သော ဉာသံ အ မဟာဝိပါက်စိတ် + စေ ၃၃ တို့ကို "ဝိပါကာဗျာကတာ ခန္ဓာ" ဟုလည်းကောင်း စိတ္တဇရုပ်တို့ကို " စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ဟုလည်းကောင်း ဆိုသည်။

ခ,အမှတ်ပြတွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်+ စေတသိက် ၁၀နှင့် စိတ္တဇရုပ်များ ဖြစ်ကြရာတွင် သော ဉာသံ ပဉ္စဒွါရာဝဇ္ဇန်းစိတ်+ စေတသိက် ၁၀ တို့ကို "ကြိယာဗျာကတာ ခန္ဓာ" ဟုလည်းကောင်း စိတ္တဇရုပ်တို့ကို "စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ဟုလည်းကောင်း ဆိုသည်။

ပဋိသန္ဓိက္ခဏေ–ပဋိသန္ဓေခဏ၌၊ ဝိပါကာဗျာကတာ–ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ခန္ဓာ–ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့သည်၊ ကဋတ္တာရူပါနံ–ကဋတ္တာရုပ်တို့အား၊ ဝိပ္ပယုတ္တပစ္စယေန–ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ခန္ဓာ–ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့သည်၊ ဝတ္ထုဿ–ဟဒယဝတ္ထုအား၊ ဝိပ္ပယုတ္တပစ္စယေန–ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဝတ္ထု–ဟဒယဝတ္ထုသည်၊ ခန္ဓာနံ–ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာတို့အား၊ ဝိပ္ပယုတ္တပစ္စယေန–ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ ဘ ဘ ဘ
ဝဝဝ ဝဝဝ ဝဝဝ
သော ဉာသံ အ မဟာဝိပါက်စိတ်+စေ ၃၃, ကာယ,ဘာဝ,ဟဒယ

♠ ဤဖြစ်စဉ်တွင် သော ဉာသံ အ မဟာဝိပါက်စိတ်+စေ ၃၃တို့ကို "ဝိပါကာဗျာကတာ ခန္ဓာ" ဟုလည်းကောင်း, ကာယ,ဘာဝ,ဟဒယရုပ်ကလာပ်တို့ကို "ကဋတ္တာရူပါနံ"ဟုလည်းကောင်း ဆိုသည်။

သော ဉာသံ အ မဟာဝိပါက်စိတ်+စေ ၃၃တို့ကို "ခန္ဓာ"ဟုလည်းကောင်း, ဟဒယဝတ္ထုကို "ဝတ္ထုဿ" ဟုလည်းကောင်း, ဟဒယဝတ္ထုကို "ဝတ္ထု"ဟုလည်းကောင်း, သော ဉာသံ အ မဟာဝိပါက်စိတ်+စေ ၃၃တို့ကို "ခန္ဓာနံ"ဟုလည်းကောင်း ဆိုသည်။

## ဝိပ္ပယုတ္တပစ္စည်း(ပစ္စယနိဒ္ဒေသ)

| | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
|---|---|---|---|---|---|---|
| အပေါင်း | အရူပဝိ၄,ဒွေပဉ္စ၁၀,ကြဉ် စိတ်၇၅၊စေ ၅၂ ဟဒယဝတ္ထု | ပဉ္စဝေါကာရ ပဋိသန္ဓေစိတ်၁၅၊ စေ ၃၅ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် | | | | |
| | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| | ဟဒယဝတ္ထု | ပဉ္စဝေါကာရ ပဋိသန္ဓေစိတ်၁၅၊ စေ ၃၅ | တ | | ဝိပ်.သ.ည.နိ.တ္တိ.အဝိ | ၆ |
| | အရူပဝိ၄,ဒွေပဉ္စ၁၀,ကြဉ် စိတ်၇၅၊စေ ၅၂ | စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် | တ | ယ | ဝိပ်.သ.ည.နိ.ဝိ.တ္တိ.အဝိ | ၇ |

## ဝိပ္ပယုတ္တပစ္စည်း(ပဉှာဝါရ)

| | | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|---|---|
| အပေါင်း | | | အရူပဝိ၄, ဒွေပဉ္စ ၁၀ကြဉ် စိတ်၇၅၊စေ ၅၂ ဟ ယဝတ္ထု | ပဉ္စဝေါကာရ ပဋိသန္ဓေစိတ်၁၅၊ စေ ၃၅ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ | | | | |
| သင်္ချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| ၁ | ကု | ဗျာ | ကု ၂၁၊ စေ ၃၈ | စိတ္တဇရုပ် | တ | | ဝိပ်.သ.နိ.တ္တိ.အဝိ | ၅ |
| ၂ | အကု | ဗျာ | အကု ၁၂ စေ ၂၇ | စိတ္တဇရုပ် | တ | | ဝိပ်.သ.နိ.တ္တိ.အဝိ | ၅ |
| | ပဝတ္တိ | | ဝိ ၂၂၊ ကြိ ၂၀၊ စေ ၃၈ | စိတ္တဇရုပ် | တ | ယ | ဝိပ်.သ.နိ.ဝိ.တ္တိ.အဝိ | ၆ |
| ၃ | ဗျာ | ဗျာ | | | | | | |
| | ပဋိသန္ဓေ | | ပဋိ၁၉ စေ၃၅ ဟဒယဝတ္ထု | ပဋိ၁၉ စေ၃၅ ကဋတ္တာရုပ် | တ | ယ | ဝိပ်.သ.ည.နိ.ဝိ.တ္တိ.အဝိ | ၇ |

## ပစ္စယနိဒ္ဒေသ

**ဝိပ္ပယုတ္တပစ္စယော**တိ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

"ရူပိနော ဓမ္မာ"ဟူသော ကတ္တားပါဌ်ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။ "အရူပီနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "ဝိပ္ပယုတ္တပစ္စယေန"ဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော ဝိပ္ပယုတ္တ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် ဝိပ္ပယုတ္တသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

"အရူပိနော ဓမ္မာ"ဟူသော ကတ္တားပါဌ်ဖြင့် ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်စိတ်လေးခု ဒွေပဉ္စဝိညာဏ် ၁၀, ရဟန္တာတို့၏စုတိကြဉ်သော စိတ် ၇၅–ခု, စေတသိက်ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။ "အရူပီနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "ဝိပ္ပယုတ္တပစ္စယေန"ဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော ဝိပ္ပယုတ္တ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် ဝိပ္ပယုတ္တသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(ပဋ္ဌာန်းအရကောက်–၅၃,၅၄)

## ပဉှာဝါရ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ သဟဇာတာ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

"ကုသလောဓမ္မော"ဟူသော ကတ္တားပုဒ်၏ အရကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ဧကဝီသ စေတသိက်အဋ္ဌတ္တိံသ ပစ္စည်းတရားရ၏။ "အဗျာကတဿ ဓမ္မဿ" ဟူသော သမ္ပဒါန်ပုဒ်၏အရကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရား ရ၏။ "ဝိပ္ပယုတ္တပစ္စယေန" ဟူသော ကရိဏ်းပါဌ်အရကား တပြိုင်နက် တပ်ကောင်းသော ဝိပ္ပယုတ္တ သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် ဝိပ္ပယုတ္တသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ သဟဇာတာ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

"ကုသလောဓမ္မော"ဟူသော ကတ္တားပုဒ်၏ အရကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ စေတသိက်သတ္တဝီသ ပစ္စည်းတရားရ၏။ "အဗျာကတဿ ဓမ္မဿ" ဟူသော သမ္ပဒါန်ပုဒ်၏အရကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရား ရ၏။ "ဝိပ္ပယုတ္တပစ္စယေန" ဟူသော ကရိုဏ်းပါဌ်အရကား တပြိုင်နက် တပ်ကောင်းသော ဝိပ္ပယုတ္တ သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် ဝိပ္ပယုတ္တသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ သဟဇာတာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

ပဝတ္တိအခါ "အဗျာကတောဓမ္မော"ဟူသော ကတ္တားပုဒ်၏ အရကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု, ဒွေပဉ္စဝိညာဏ်, ရဟန္တာတို့စုတိကြဉ်သော ဝိပါက်ဇာဝီသ၊ ကြိယာဝီသ၊ စေတသိက် အဋ္ဌတ္တိံသ ပစ္စည်းတရားရ၏။ "အဗျာကတဿ ဓမ္မဿ"ဟူသော သမ္ပဒါန်ပုဒ်၏ အရကား ဝိပါက်ကြိယာပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရား ရ၏။ "ဝိပ္ပယုတ္တပစ္စယေန"ဟူသော ကရိုဏ်းပါဌ်အရကား ဝိပ္ပယုတ္တ သဟဇာတ နိဿယ ဝိပါက အတ္ထိ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် ဝိပ္ပယုတ္တသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ခန္ဓာ ကဋတ္တာရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

ပဋိသန္ဓေအခါ "အဗျာကတောဓမ္မော"ဟူသော ကတ္တားပုဒ်၏ အရကား ကဋတ္တာရုပ်အားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ, စေတသိက် ပဉ္စတ္တိံသ အစိတ်အပေါင်းနာမက္ခန္ဓာ၊ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ, စေတသိက် ပဉ္စတ္တိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်းတရားရ၏။ "အဗျာကတဿ ဓမ္မဿ"ဟူသော သမ္ပဒါန်ပုဒ်၏အရကား ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ, စေတသိက် ပဉ္စတ္တိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ "ဝိပ္ပယုတ္တပစ္စယေန" ဟူသော ကရိုဏ်းပါဌ်အရကား တပြိုင်နက် ယထာရဟတပ်ကောင်းသော ဝိပ္ပယုတ္တ သဟဇာတ အညမည နိဿယ ဝိပါက အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် ဝိပ္ပယုတ္တသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## သဟဇာတပစ္စယော
## (နိဿယ အတ္ထိ အဝိဂတ လည်း အတူတူ)

ဆီမီးသည် မီးတောက်သည်နှင့် တပြိုင်နက် အလင်းရောင်ပေါ်လာအောင်လည်းကောင်း, အလင်းရောင်တည်နေအောင်လည်းကောင်း, ကျေးဇူးပြုသကဲ့သို့ ထို့အတူ မိမိဖြစ်သည်နှင့်တပြိုင်နက် ပစ္စယုပ္ပန်တရားတို့ပေါ်လာအောင်လည်းကောင်း, မိမိဖြစ်သည်နှင့်တပြိုင်နက် ပစ္စယုပ္ပန်တရားတို့ပေါ် တည်အောင်လည်းကောင်း, ကျေးဇူးပြုသောတရားသည် သဟဇာတပစ္စည်း မည်၏။

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| စိတ် ၈၉၊ စေ-၅၄<br>မဟာဘုတ် ၄-ပါး<br>ဟဒယဝတ္ထု | စိတ် ၈၉၊ စေ-၅၄<br>မဟာဘုတ် ၄-ပါး၊ ဥပါဒါရုပ် | မရှိ |

## အတူဖြစ်တိုင်းလည်း သဟဇာတသတ္တိမရှိနိုင်

သမီးခင်ပွန်းနှစ်ယောက်နှင့်အတူ လူမမယ်သားသမီးကလေးများ အတူခရီးသွားရာ၌ သမီးခင်ပွန်းနှစ်ယောက်မှာ အချင်းချင်း အားကိုးနိုင်သော်လည်း လူမမယ်သားသမီးကလေးများကိုမူ အားကိုး၍မရပေ။ ထို့အတူ စိတ်စေတသိက်အချင်းချင်း, ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုအချင်းချင်း, မဟာဘုတ်ရုပ်အချင်းချင်းသာ အားကိုးနိုင်ကြ ကျေးဇူးပြုနိုင်ကြသည်။ မဟာဘုတ်နှင့်တွဲ၍ တပြိုင်နက်ဖြစ်ရသော ဥပါဒါရုပ်မှာမဟာဘုတ်၏ အားကိုးစရာ မဟုတ်ပေ။ ဆိုလိုသည်မှာ ဥပါဒါရုပ်သည် အကြောင်းတရားမဖြစ်နိုင်, အကျိုး တရားသာ ဖြစ်နိုင်သည်။

## နာမ်အချင်းချင်း ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံ

အရူပဘုံ၌ ပဋိသန္ဓေစိတ်နှင့် စေတသိက် ၃၀ ဟူသော နာမ်ခန္ဓာလေးပါး ဖြစ်ရာတွင် ဝိညာဏက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စည်း, ဝိညာဏက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ဝေဒနာက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ် ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စည်း, ဝေဒနာက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ဤသို့စသည် ဖြင့် ခန္ဓာတစ်ပါးသည် ပစ္စည်း, ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ခန္ဓာသုံးပါးသည် ပစ္စည်း, ခန္ဓာတစ်ပါးသည် ပစ္စယုပ္ပန်၊ ခန္ဓာ၂ပါးသည် ပစ္စည်း, ခန္ဓာ၂ပါးသည် ပစ္စယုပ္ပန်စသည်ဖြင့်သိပါ။

အပါယ်လေးဘုံသား လူနတ်ဗြဟ္မာတို့၏ သန္ဓေနေခိုက်တွင် မြင်စိတ်ကြားစိတ်စသည် ဖြစ်ရာတွင်လည်း ဝိညာဏက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စည်း, ဝိညာဏက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ဝေဒနာက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ် ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စည်း, ဝေဒနာက္ခန္ဓာသည် ပစ္စယုပ္ပန်၊ ဤသို့စသည် ဖြင့် ခန္ဓာတစ်ပါးသည် ပစ္စည်း, ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်၊ ခန္ဓာသုံးပါးသည် ပစ္စည်း, ခန္ဓာတစ်ပါးသည် ပစ္စယုပ္ပန်၊ ခန္ဓာ၂ပါးသည် ပစ္စည်း, ခန္ဓာ၂ပါးသည် ပစ္စယုပ္ပန်စသည်ဖြင့်သိပါ။

## နာမ်အချင်းချင်းနှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ

ပဉ္စဝေါကာရဘုံဝယ် ပဋိသန္ဓေအခါ၌ ဆိုင်ရာ ပဋိသန္ဓေစိတ်စေတသိက် ဟူသောနာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ဖြစ်ရာ ဝိညာဏက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ်ခန္ဓာ၃ပါးနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်၊ ကြွင်းနာမ်ခန္ဓာ ၃ ပါးသည် ပစ္စည်း, ဝိညာဏက္ခန္ဓာနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်၊ ဤသို့စသည်ဖြင့် ခန္ဓာတပါးသည်ပစ္စည်း, ခန္ဓာ ၃ ပါးနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်၊ ခန္ဓာ ၃ပါးသည် ပစ္စည်း, ခန္ဓာတစ်ပါးနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်၊ ခန္ဓာ၂ပါးသည် ပစ္စည်း, ခန္ဓာ၂ပါးနှင့် ကမ္မဇရုပ်သည် ပစ္စယုပ္ပန် ဟု အပြန်အလှန် ကျေးဇူးပြုပုံသိပါ။ ပဝတ္တိအခါ၌ လောဘမူ ပထမစိတ်,စေတသိက်ဟူသော နာမက္ခန္ဓာနှင့် ထိုစိတ်ကြောင့် စိတ္တဇရုပ်တို့ ဖြစ်ရာ ဝိညာဏက္ခန္ဓာသည် ပစ္စည်း, ကြွင်းနာမ်ခန္ဓာ ၃ ပါးနှင့် စိတ္တဇရုပ်တို့သည် ပစ္စယုပ္ပန်၊ ဤသို့စသည် ဖြင့် စိတ်ဖြစ်တိုင်း ဖြစ်တိုင်း သိပါလေ။

## မဟာဘုတ်ရုပ်အချင်းချင်းနှင့် ဥပါဒါရုပ် ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ

စိတ္တဇရုပ်ကလာပ်၌ ရုပ်ပေါင်း ၈ ပါး, ၉ ပါး စသည်ဖြစ်ရာ ထို၌ပါသော ပထဝီဓာတ်သည် ပစ္စည်း, ကြွင်းဓာတ်ကြီး ၃ပါးနှင့် ဥပါဒါရုပ်သည် ပစ္စယုပ္ပန်၊ ကြွင်းဓာတ်ကြီး၃ပါးသည် ပစ္စည်း, ပထဝီဓာတ်နှင့် ဥပါဒါရုပ်သည် ပစ္စယုပ္ပန်၊ ဤသို့စသည်ဖြင့် ဓာတ်တစ်ပါးသည် ပစ္စည်း, ကြွင်း ဓာတ်၃ပါးနှင့် ဥပါဒါရုပ်သည် ပစ္စယုပ္ပန်၊ ဓာတ်နှစ်ပါးသည် ပစ္စည်း, ကြွင်းဓာတ်နှစ်ပါးနှင့် ဥပါဒါရုပ်သည် ပစ္စယုပ္ပန်၊ စသည်ဖြင့်သိပါ။ ဤ၌ မဟာဘုတ်တို့သည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်၏။ ဥပါဒါရုပ်တို့ကား ပစ္စည်းဘက်၌ မပါ, အမြဲတမ်း ပစ္စယုပ္ပန် ဖြစ်၏။ ထို့အတူ ပဋိသန္ဓေအခါ၌ ကာယဒသက ကလာပ်စသည်, ဗဟိဒ္ဓ၌ ဥတုဇကလာပ်, အာဟာရဇကလာပ်, ပဝတ္တိကမ္မဇကလာပ်တို့၌ ပါသော မဟာဘုတ်နှင့် ဥပါဒါရုပ်တို့ကိုလည်း ချဲ့ထွင်၍ ကြည့်လေ။

## ပဋိသန္ဓေနာမက္ခန္ဓာနှင့်ဟဒယဝတ္ထုတို့ အချင်းချင်း ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ

ပဉ္စဝေါကာရဘုံဝယ် ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ် စေတသိက်နှင့် ကမ္မဇကလာပ်ဝယ် ဟဒယဝတ္ထုတို့ ပါရှိလေရာ "ပဋိသန္ဓေစိတ်စေတသိက်ဟူသော နာမက္ခန္ဓာ၄ပါးသည် ပစ္စည်း, ဟဒယဝတ္ထု သည် ပစ္စယုပ္ပန်၊ ဟဒယဝတ္ထုသည် ပစ္စည်း, ပဋိသန္ဓေနာမက္ခန္ဓာ၄ပါးသည် ပစ္စယုပ္ပန်" ဟု ပဉ္စဝေါကာရ ဘုံသား သတ္တဝါများ၏ ပဋိသန္ဓေအခါတိုင်း၌ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံ သိပါလေ။

ဤဆိုအပ်ပြီးသော စကားအရ သဟဇာတ ၃မျိုးရှိ၏။

၁။ အချင်းချင်းအားလည်းကောင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း ကျေးဇူးပြုသော နာမက္ခန္ဓာ၄ပါး

၂။ အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း ကျေးဇူးပြုသော မဟာဘုတ်၄ပါး

၃။ အချင်းချင်းအား ကျေးဇူးပြုသော ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု

(သုံးချက်စု ဘာဋီ ၁၅၉–၁၆၃)

## ပစ္စယနိဒ္ဒေသပါဠိ

**သဟဇာတပစ္စယော**တိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် – ၅)

သဟဇာတပစ္စယောတိ–သဟဇာတပစ္စယောဟူသည်ကား၊ စတ္တာရော–လေးပါးကုန်သော၊ အရူပိနော–နာမ်ဖြစ်ကုန်သော၊ ခန္ဓာ–ခန္ဓာတို့သည်၊ အညမညံ–အချင်းချင်းအား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ စတ္တာရော–လေးပါးကုန်သော၊ မဟာဘူတာ–မဟာဘုတ်တို့သည်၊ အညမညံ–အချင်းချင်းအား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဩက္ကန္တိက္ခဏေ–ပဉ္စဝေါကာရပဋိသန္ဓေခဏ၌၊ နာမရူပံ–ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုသည်၊ အညမညံ–အချင်းချင်းအား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ စိတ္တစေတသိကာ–စိတ်စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ–အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဏ်တစ်ဆယ် ရဟန္တာတို့ စုတိကြဉ်သော စိတ်ခုနစ်ဆဲ့ငါးခု, စေတသိက်ဒွေပညာသ နာမက္ခန္ဓာတို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ မဟာဘူတာ–မဟာဘုတ်တို့သည်၊ ဥပါဒါရူပါနံ–ဥပါဒါရုပ်တို့အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ရူပိနော–ရုပ်ဖြစ်ကုန်သော၊ ဓမ္မာ–ဟဒယဝတ္ထုတို့သည်၊ အရူပီနံ–နာမ်ဖြစ်ကုန်သော၊ ဓမ္မာနံ–ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာတို့အား၊ ကိဉ္စိကာလေ–ပဋိသန္ဓေကာလ၌၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ကိဉ္စိကာလေ–ပဝတ္တိကာလ၌၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ နဟောတိ–မဖြစ်။

(မိုးထိနိဿယ ပ ၁၅)

## ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဂု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ဝဝဝ

ပ,အာ,တေ,ဝါ

သော ဉာ သံ အ မဟာကုသိုလ်စိတ် + စေ ၃၈ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)

ဝ ဝ ဝ ဝ ဝ ဝ

ပ အာ တေ ဝါ

သော ဉာ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

♠ နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးအကျိုး၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါး အကျိုး၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးအကျိုး စသည်ဖြင့် ကျေးဇူးပြုခြင်းကို "စတ္တာရောခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော"ဟုဆိုသည်။ ကလာပ်စည်းတစ်ခုအတွင်း၌ပါသော ဓာတ်ကြီးလေးပါးတို့တွင် ၁–ပါး အကြောင်းဖြစ်ခိုက် ၃–ပါးအကျိုး၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါးအကျိုး၊ ၂–ပါးအကြောင်းဖြစ်ခိုက် ၂–ပါးအကျိုး စသည်ဖြင့် ကျေးဇူးပြုခြင်းကို "စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော" ဟုဆိုသည်။ ပဉ္စဝေါကာရပဋိသန္ဓေကာလ၌ စိတ်စေတသိက်တို့သည် ဟဒယဝတ္ထုရုပ်နှင့် ကင်းပြီး မဖြစ်, ဟဒယဝတ္ထုရုပ် သည်လည်း စိတ်+စေတသိက်နှင့် ကင်း၍မဖြစ်နိုင်သဖြင့် စိတ်စေတသိက် အကြောင်းဖြစ်က ဟဒယဝတ္ထုရုပ် အကျိုး၊ ဟဒယဝတ္ထုရုပ် အကြောင်းဖြစ်က စိတ်စေတသိက် အကျိုးဖြစ်နေခြင်းကို "ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော"ဟု ဆိုသည်။

♠ စိတ်စေတသိက်နှင့် ဟဒယဝတ္ထုရုပ်တို့သည် ပဉ္စဝေါကာရပဋိသန္ဓေကာလ၌ အချင်းချင်းကျေးဇူးပြုကြပြီး ပထမဘဝင်စိတ်ဖြစ်ချိန်မှ စ၍ နောက်နောက်စိတ်များဖြစ်ရာကာလ(ပဝတ္တိ)၌ အချင်းချင်းကျေးဇူး မပြုကြ တော့သဖြင့် "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော"ဟု ဟောတော်မူသည်။

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo
သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo
သော ဉ သံ အ မဟာဝိပါက်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo
သော ဉ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo
ပဉ္စဒွါရာဝဇ္ဇန်းစိတ် + စေ ၁၀ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

♠ ဒွေပဉ္စဝိညာဏ် ၁၀, အရူပဝိပါက် ၄–ခုမှ တပါး စိတ် ၇၅–ခု ဖြစ်တိုင်း စိတ်စေတသိက်တို့က စိတ္တဇရုပ်တို့ကို စိတ်ဖြစ်ရာခဏမှာပင် တပြိုင်နက် ထုပ်လုပ်ပေးသည်။ စိတ်စေတသိက်တို့က အကြောင်း, စိတ္တဇရုပ်တို့က အကျိုး, ဤသို့ ဆက်သွယ်ပုံကို "စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော"ဟု ဟောတော်မူသည်။

♠ သက်ရှိသက်မဲ့ အရာတိုင်းတွင် ရုပ်ကလာပ်စည်းများ ဖြစ်ကြရာ၌ ဓာတ်ကြီးလေးပါးက ဥပါဒါရုပ်တို့အား ကျေးဇူးပြု၍, ဥပါဒါရုပ်တို့သည် ဓာတ်ကြီးလေးပါး မှီ၍ဖြစ်တည်နေရသည်ကို "မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော"ဟု ဟောတော်မူသည်။

# ပဥ္စာဝါရ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတော ကြိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ သဟဇာတပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။

ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ[၁] ရူပါနံ ကဋတ္တာရူပါနံ[၂] ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဗာဟိရံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။။ အာဟာရသမုဋ္ဌာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ ဥတုသမုဋ္ဌာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ကဋတ္တာရူပါနံ[၃] ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ အကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် ၁၃၉–၁၄၀)

♠ စိတ္တဇ, ပဋိသန္ဓေကမ္မဇ နှစ်ပါးပေါင်း မဟာဘုတ်အတွက် "ပထမဆုံး ဧကံမဟာဘူတံ"စသည်ကို ဟော၏။ ထို့နောက် ဗာဟိရမဟာဘုတ်အတွက် ဗာဟိရံ, အာဟာရဇမဟာဘုတ်အတွက် အာရသမုဋ္ဌာနံ, ဥတုဇမဟာဘုတ်အတွက် ဥတုသမုဋ္ဌာနံ, အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇ နှစ်ပါးပေါင်း မဟာဘုတ်တို့အတွက် အသညသတ္တာနံ, ဟု ဟောတော်မူသည်။

---

၁ စိတ္တဇရုပ်အတွက်ဟု သိသာစေရန် ထည့်သည်။ ဥပါဒါရူပါနံ၏ ဝိသေသနဖြစ်သည်။ စိတ္တဇဥပါဒါရုပ်ဟုဆိုလိုသည်။

၂ ပဋိသန္ဓေကမ္မဇရုပ်အတွက် သိသာစေရန်ထည့်သည်။

၃ အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇအတွက် သိသာစေရန် ထည့်သည်။

# ကု ကု နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–သော၊ ဓမ္မဿ–အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလော–ကုသိုလ်ဖြစ်သော၊ ဧကော–တစ်ပါးသော၊ ခန္ဓော–ဝေဒနာအစရှိသောခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနံ–သညာအစရှိသော ခန္ဓာတို့အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာအစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တစ်ပါးသော၊ ခန္ဓဿ–ဝိညာဏ်အစရှိသော ခန္ဓာအား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနံ–သင်္ခါရဝိညာဏ် အစရှိသော ခန္ဓာတို့အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(မိုးထိနိဿယ ပ ၃၈၇)

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

ပ,အာ,တေ,ဝါ

သော ဘ သံ အ မဟာကုသိုလ်စိတ် + စေ ၃၈ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

♠ ကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးအကျိုးဖြစ်ပုံကို "ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ"ဟုလည်းကောင်း၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါး အကျိုး ဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ"ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးအကျိုးဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ"ဟုလည်းကောင်း ဆိုသည်။

## ကု ဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ သဟဇာတပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ–နာမက္ခန္ဓာတို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–စိတ္တဇရုပ်တို့အား၊ သဟဇာတပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

(မိုးထိနိဿယ ပ ၃၈၇)

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

သော ဉသံ အ မဟာကုသိုလ်စိတ် + စေ ၃၃, စိတ္တဇရုပ်

♠ ဤဖြစ်စဉ်တွင် သော ဉသံ အ မဟာကုသိုလ်စိတ် + စေ ၃၃ တို့ကို “ကုသလာခန္ဓာ” ဟုလည်းကောင်း စိတ္တဇရုပ်တို့ကို “ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ”ဟုလည်းကောင်း ဆိုသည်။

## ကု ကုဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–ကုသိုလ်ဖြစ်သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ အဗျာကတဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ သဟဇာတပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ကုသလော–ကုသိုလ်ဖြစ်သော၊ ဧကော–တစ်ပါးသော၊ ခန္ဓော–ဝေဒနာအစရှိသောခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနံ စ–သညာအစရှိသော ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံစ–စိတ္တဇရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတ ပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာ အစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တစ်ပါးသော၊ ခန္ဓဿစ–ဝိညာဏ်အစရှိသော ခန္ဓာအားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံစ–စိတ္တဇရုပ်တို့အားလည်းကောင်း၊ သဟဇာတ ပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနံစ–သင်္ခါရဝိညာဏ် အစရှိသော ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံစ–စိတ္တဇရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(မိုးထိနိဿယ ပ ၃၈၇)

ပုံစံ။ တိ န ဒ ပ စ သံ တိ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo
သော ဉသံ အ မဟာကုသိုလ်စိတ် + စေ ၃၃, စိတ္တဇရုပ်

♠ ကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးနှင့်စိတ္တဇရုပ် အကျိုးဖြစ်ပုံကို "ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟုလည်းကောင်း၊ ၃–ပါးအကြောင်း ဖြစ်ခိုက် ၁–ပါးနှင့်စိတ္တဇရုပ် အကျိုး ဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ" ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးနှင့်စိတ္တဇရုပ် အကျိုးဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟုလည်းကောင်း ဆိုသည်။

## အကု အကု နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–သော၊ ဓမ္မဿ–အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အကုသလော–အကုသိုလ်ဖြစ်သော၊ ဧကော–တစ်ပါးသော၊ ခန္ဓော–ဝေဒနာအစရှိသောခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနံ–သညာအစရှိသော ခန္ဓာတို့အား၊ သဟဇာတပစ္စယေန–သဟဇာတ ပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာအစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တစ်ပါးသော၊ ခန္ဓဿ–ဝိညာဏ်အစရှိသော ခန္ဓာအား၊ သဟဇာတ ပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနံ–သင်္ခါရဝိညာဏ် အစရှိသော ခန္ဓာတို့အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(မိုးထိနိဿယ ပ ၃၈၈)

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တိ န ဒ ပ စ သံ တိ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ooo
ပ,အာ,တေ,ဝါ
သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

♠ အကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးအကျိုးဖြစ်ပုံကို "အကုသလလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ"ဟုလည်းကောင်း၊ ၃–ပါးအကြောင်းဖြစ်ခိုက် ၁–ပါး အကျိုး ဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ"ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးအကျိုးဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ"ဟုလည်းကောင်း ဆိုသည်။

## အကု ဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ သဟဇာတပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ–နာမက္ခန္ဓာတို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–စိတ္တဇရုပ်တို့အား၊ သဟဇာတပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

(မိုးထိနိဿယ ပ ၃၈၈)

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
၀၀၀

ပ,အာ,တေ,ဝါ

သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

♠ ဤဖြစ်စဉ်တွင် သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉တို့ကို "အကုသလာခန္ဓာ"ဟုလည်းကောင်း စိတ္တဇရုပ်တို့ကို " စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ဟုလည်းကောင်း ဆိုသည်။

## အကု အကုဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–အကုသိုလ်ဖြစ်သော၊ ဓမ္မဿစ–တရားအားလည်း ကောင်း၊ အဗျာကတဿ–သော၊ ဓမ္မဿစ–တရားအားလည်းကောင်း၊ သဟဇာတပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ အကုသလော–အကုသိုလ်ဖြစ်သော၊ ဧကော–တစ်ပါးသော၊ ခန္ဓော–ဝေဒနာအစရှိသောခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနံစ–သညာ အစရှိသော ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံစ–စိတ္တဇ ရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတ ပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာ အစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တစ်ပါးသော၊ ခန္ဓဿစ–ဝိညာဏ်အစရှိသော ခန္ဓာအားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံစ–စိတ္တဇရုပ်တို့အားလည်းကောင်း၊ သဟဇာတ ပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနံစ–သင်္ခါရဝိညာဏ် အစရှိသော ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံစ–စိတ္တဇရုပ်တို့အား လည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(မိုးထိနိဿယ ပ ၃၈၈)

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

ပ,အာ,တေ,ဝါ

သော ဒိ သံ အ လောဘမူစိတ် + စေ ၁၉ + စိတ္တဇရုပ်ကလာပ်များ + (ဥတုဇ,ကမ္မဇ,အာဟာရဇ)

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

♠ အကုသိုလ်နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးနှင့်စိတ္တဇရုပ် အကျိုးဖြစ်ပုံကို "ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟုလည်းကောင်း၊ ၃–ပါးအကြောင်း ဖြစ်ခိုက် ၁–ပါးနှင့်စိတ္တဇရုပ် အကျိုး ဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ" ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးနှင့်စိတ္တဇရုပ် အကျိုးဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟုလည်းကောင်း ဆိုသည်။

# ဗျာ ဗျာ နိဿယ

အဗျာကတော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဝိပါကာဗျာကတော–ဝိပါက်အဗျာကတဖြစ်သော၊ ကြိယာဗျာကတော–ကြိယာအဗျာကတလည်းဖြစ်သော၊ ဧကော–တစ်ပါးသော၊ ခန္ဓော–ဝေဒနာအစရှိသော ခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနံစ–သညာအစရှိသော ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံစ–စိတ္တဇရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတ ပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာအစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တစ်ပါးသော၊ ခန္ဓဿစ–ဝိညာဏ်အစရှိသော ခန္ဓာအားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံစ–စိတ္တဇရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူး ပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနံစ–သင်္ခါရဝိညာဏ် အစရှိသော ခန္ဓာတို့အားလည်းကောင်း၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံစ–စိတ္တဇရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတ ပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(မိုးထိနိဿယ ပ ၃၈၉)

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

သော ဉ သံ အ မဟာဝိပါက်စိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

၀၀၀

သော ဉ သံ အ မဟာကြိယာစိတ် + စေ ၃၃ + စိတ္တဇရုပ်ကလာပ်များ +(ဥတုဇ,ကမ္မဇ,အာဟာရဇ)

♠ ဝိပါက်နာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးနှင့်စိတ္တဇရုပ် အကျိုးဖြစ်ပုံကို "ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဥ္စ ရူပါနံ"ဟုလည်းကောင်း၊ ၃–ပါး အကြောင်းဖြစ်ခိုက် ၁–ပါးနှင့်စိတ္တဇရုပ် အကျိုး ဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဥ္စ ရူပါနံ"ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးနှင့်စိတ္တဇရုပ် အကျိုးဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဥ္စ ရူပါနံ"ဟုလည်းကောင်း ဆိုသည်။

♠ ကြိယာနာမ်ခန္ဓာလေးပါးတို့တွင် ၁–ပါးအကြောင်းဖြစ်ခိုက် ၃–ပါးနှင့်စိတ္တဇရုပ် အကျိုးဖြစ်ပုံကို "ကြိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟုလည်းကောင်း၊ ၃–ပါး အကြောင်းဖြစ်ခိုက် ၁–ပါးနှင့်စိတ္တဇရုပ် အကျိုးဖြစ်ပုံကို "တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟုလည်းကောင်း၊ ၂–ပါး အကြောင်းဖြစ်ခိုက် ၂–ပါးနှင့်စိတ္တဇရုပ် အကျိုးဖြစ်ပုံကို "ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ"ဟုလည်းကောင်း ဆိုသည်။

ပဋိသန္ဓိက္ခဏေ–ပဋိသန္ဓေခဏ၌၊ ဝိပါကာဗျာကတော–ဝိပါက်အဗျာကတဖြစ်သော၊ ဧကော–တပါးသော၊ ခန္ဓော–ဝေဒနာအစရှိသော ခန္ဓာသည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ ခန္ဓာနဉ္စ–သညာအစရှိသော ခန္ဓာတို့အားလည်းကောင်း၊ ကဋတ္တာစရူပါနံ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ ခန္ဓာ–ဝေဒနာ အစရှိသော ခန္ဓာတို့သည်၊ ဧကဿ–တပါးသော၊ ခန္ဓဿ စ–ဝိညာဏ်အစရှိသော ခန္ဓာအားလည်းကောင်း၊ ကဋတ္တာစရူပါနံ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ဝေဒနာ,သညာ အစရှိသော ခန္ဓာတို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ခန္ဓာနဉ္စ–သင်္ခါရဝိညာဏ် အစရှိသော ခန္ဓာတို့အားလည်းကောင်း၊ ကဋတ္တာစရူပါနံ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ခန္ဓာ–ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့သည်၊ ဝတ္ထုဿ–ဟဒယဝတ္ထုအား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဝတ္ထု–ဟဒယဝတ္ထုသည်၊ ခန္ဓာနံ–ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(မိုးထိနိဿယ ပ ၃၉၀)

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)

ဝ ဝ ဝ

ပ အာ တေ ဝါ

သော ဉ သံ အ မဟာဝိပါက်စိတ် + စေတသိက် ၃၃ + ကာယ,ဘာဝ,ဟဒယကလာပ်စည်း

ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ

♠ ဤအပိုဒ်ဖြင့် ခန္ဓာ ၁–ပါး အကြောင်း, ခန္ဓာ ၃–ပါးနှင့်ကမ္မဇရုပ်တို့ အကျိုး၊ ခန္ဓာ ၃–ပါး အကြောင်း, ခန္ဓာ ၁–ပါးနှင့်ကမ္မဇရုပ်တို့အကျိုး၊ ခန္ဓာ ၂–ပါး အကြောင်း, ခန္ဓာ ၂–ပါးနှင့်ကမ္မဇရုပ်တို့အကျိုး ဖြစ်ပုံကို လည်းကောင်း, နာမ်ခန္ဓာ ၄–ပါး အကြောင်း ဟဒယဝတ္ထုအကျိုး, ဟဒယဝတ္ထုအကြောင်း နာမ်ခန္ဓာ ၄–ပါး အကျိုးဖြစ်ပုံကိုလည်းကောင်း ဟောပြတော်မူသည်။

## ရုပ်သက်သက်

ဧကံ–တစ်ပါးသော၊ မဟာဘူတံ–ပထဝီအစရှိသောမဟာဘုတ်သည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ မဟာဘူတာနံ–အာပေါအစရှိသောမဟာဘုတ်တို့အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ မဟာဘူတာ–ပထဝီအစရှိသောမဟာဘုတ်တို့သည်၊ ဧကဿ–တစ်ပါးသော၊ မဟာဘူတဿ–ဝါယောအစရှိသော မဟာဘုတ်အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ မဟာဘူတာ–ပထဝီအာပေါအစရှိသောမဟာဘုတ်တို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ မဟာဘူတာနံ–တေဇော,ဝါယောအစရှိသော မဟာဘုတ်တို့အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ မဟာဘူတာ–မဟာဘုတ်တို့သည်၊ စိတ္တသမုဋ္ဌာနာနံ–စိတ်လျှင်ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနံ–စိတ္တဇရုပ်တို့အားလည်းကောင်း၊ ကဋတ္တာရူပါနံ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ ဥပါဒါရူပါနံ–ဥပါဒါရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ (မိုးထိနိဿယ ပ ၃၉၀)

ဗာဟိရံ–ဗာဟိရဖြစ်သော၊ ဧကံ–တစ်ပါးသော၊ မဟာဘူတံ–ပထဝီအစရှိသောမဟာဘုတ်သည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ မဟာဘူတာနံ–အာပေါအစရှိသောမဟာဘုတ်တို့အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ တယော–သုံးပါးကုန်သော၊ မဟာဘူတာ–ပထဝီအစရှိ သောမဟာဘုတ်တို့သည်၊ ဧကဿ–တစ်ပါးသော၊ မဟာဘူတဿ–ဝါယောအစရှိသော မဟာဘုတ်အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဒွေ–နှစ်ပါးကုန်သော၊ မဟာဘူတာ–ပထဝီအာပေါအစရှိသောမဟာဘုတ်တို့သည်၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ မဟာဘူတာနံ–တေဇော,ဝါယောအစရှိသော မဟာဘုတ်တို့အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယ သတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ မဟာဘူတာ–မဟာဘုတ်တို့သည်၊ ဥပါဒါရူပါနံ–ဥပါဒါရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အာဟာရသမုဋ္ဌာနံ–အာဟာရလျှင်ဖြစ်ကြောင်းရှိသော၊ ဧကံ–တစ်ပါးသော၊ မဟာဘူတံ–ပထဝီအစရှိသော မဟာဘုတ်သည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ မဟာဘူတာနံ–အာပေါအစရှိသောမဟာဘုတ်တို့အား၊

သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ (ပ) မဟာဘူတာ–မဟာဘုတ်တို့သည်၊ ဥပါဒါရူပါနံ–ဥပါဒါရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဥတုသမုဋ္ဌာနံ–ဥတုလျှင်ဖြစ်ကြောင်းရှိသော၊ ဧကံ–တစ်ပါးသော၊ မဟာဘူတံ–ပထဝီအစရှိသော မဟာဘုတ်သည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ မဟာဘူတာနံ–အာပေါအစရှိသောမဟာဘုတ်တို့အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ (ပ) မဟာဘူတာ–မဟာဘုတ်တို့သည်၊ ဥပါဒါရူပါနံ–ဥပါဒါရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အသညသတ္တာနံ–အသညသတ်ပုဂ္ဂိုလ်တို့အား၊ ဧကံ–တစ်ပါးသော၊ မဟာဘူတံ–ပထဝီအစရှိသော မဟာဘုတ်သည်၊ တိဏ္ဏန္နံ–သုံးပါးကုန်သော၊ မဟာဘူတာနံ–အာပေါအစရှိသောမဟာဘုတ်တို့အား၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ (ပ) မဟာဘူတာ–မဟာဘုတ်တို့သည်၊ ကဋတ္တာရူပါနံ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ ဥပါဒါရူပါနံ–ဥပါဒါရုပ်တို့အားလည်းကောင်း၊ သဟဇာတပစ္စယေန–သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (နှစ်ပတ်) ဘ ဘ ဘ
ဝ ဝ ဝ ဝ ဝ ဝ ဝဝဝ
ကမ္မဇ ဥတုဇ စိတ္တဇ အာဟာရဇ

(အသညသတ်ဘုံ)

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ရုပ်ပဋိသန္ဓေ
ဝဝဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ
ကမ္မဇ ဥတုဇ
(သက်မဲ့)
ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ
ဥတုဇ ဥတုဇ

♠ ဤအပိုဒ်တို့ဖြင့် ကမ္မဇ, စိတ္တဇ, ဥတုဇ(သက်ရှိ) ဗာဟိရ(သက်မဲ့ဥတုဇ) အာဟာရဇ, မဟာဘုတ်တို့၏ အချင်းချင်း အကြောင်းအကျိုး ဖြစ်နေပုံကိုလည်းကောင်း၊ မဟာဘုတ်တို့က ဥပါဒါရုပ်တို့အား ကျေးဇူးပြုပုံကိုလည်းကောင်း ဟောပြတော်မူသည်။

| | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|
| အပေါင်း | စိတ်-၈၉၊ စေ-၅၂၊ ဟဒယဝတ္ထု မဟာဘုတ်-၄ | စိတ်-၈၉၊ စေ-၅၂၊ မဟာဘုတ်-၄၊ ဥပါဒါရုပ် | | | | |
| | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| | စိတ်-၈၉၊ စေ-၅၂၊ | စိတ်-၈၉၊ စေ-၅၂၊ | တ | ယ | ည.သ.နိ.ဝိ.သံ.တ္ထိ.အဝိ | ၇ |
| | မဟာဘုတ်-၄ | မဟာဘုတ်-၄ | တ | | ည.သ.နိ.တ္ထိ.အဝိ | ၅ |
| | ပဉ္စဝေါကာရပဋိသန္ဓေ-၁၅ စေ-၃၅၊ ဟဒယဝတ္ထု | ပဉ္စဝေါကာရပဋိသန္ဓေ-၁၅ စေ-၃၅၊ ဟဒယဝတ္ထု | တ | ယ | ည.သ.နိ.ဝိ.ဝိပ်.တ္ထိ.အဝိ | ၇ |
| | ပဉ္စ စိတ်-၇၅၊ စေ-၅၂၊ | စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် | တ | ယ | သ.နိ.ဝိ.ဝိပ်.တ္ထိ.အဝိ | ၆ |
| | မဟာဘုတ်-၄ | ဥပါဒါရုပ် | တ | | သ.နိ.တ္ထိ.အဝိ | ၄ |
| | ဟဒယဝတ္ထု | ပဉ္စဝေါကာရ ပဋိသန္ဓေ-၁၅စေ-၃၅၊ | | | | |

## သဟဇာတပစ္စည်း(ပဉှာဝါရ)

| | | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|---|---|
| | | အပေါင်း | စိတ်၈၉ စေ၅၂ ဟဒယဝတ္ထု မဟာဘုတ်၄ | စိတ်၈၉ စေ၅၂ မဟာဘုတ်၄ ဥပါဒါရုပ် | | | | |
| သချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| ၁ | ကု | ကု | ကု ၂၁ စေ ၃၈ | ကု ၂၁ စေ ၃၈ | တ | | သ.ည.သံ.နိ.တ္ထိ.အဝိ | ၆ |
| ၂ | ကု | ဇာ | ကု ၂၁ စေ ၃၈ | စိတ္တဇရုပ် | တ | | သ.နိ.ဝိပ်.တ္ထိ.အဝိ | ၅ |
| ၃ | ကု | ကုဇာ | ကု ၂၁ စေ ၃၈ | ကု-၂၁၊ စေ-၃၈၊ စိတ္တဇရုပ် | တ | | သ.နိ.တ္ထိ.အဝိ | ၄ |
| ၄ | အကု | အကု | အကု-၁၂၊ စေ-၂၇ | အကု-၁၂၊ စေ-၂၇ | တ | | သ.ည.သံ.နိ.တ္ထိ.အဝိ | ၆ |
| ၅ | အကု | ဇာ | အကု-၁၂၊ စေ-၂၇ | စိတ္တဇရုပ် | တ | | သ.နိ.ဝိပ်.တ္ထိ.အဝိ | ၅ |
| ၆ | အကု | အကုဇာ | အကု-၁၂၊ စေ-၂၇ | အကု၁၂၊ စေ၂၇၊ စိတ္တဇရုပ် | တ | | သ.နိ.တ္ထိ.အဝိ | ၄ |
| ၇ | ဇာ | ဇာ ပဝတ္တိ | ဝိ၃၆ ကြိ၂၀ စေ၃၈ | ဝိ၃၆၊ကြိ၂၀၊စေ၃၈၊စိတ္တဇရုပ် | တ | ယ | သ.ည.နိ.ဝိ.သံ.ဝိပ်.တ္ထိ.အဝိ | ၈ |
| | | ပဋိ | ပဋိ၁၉ စေ၃၅ ဟဒယဝတ္ထု | ပဋိ၁၉ စေ၃၅ ပဋိသန္ဓေကမ္မဇ | တ | ယ | သ.ည.နိ.ဝိ.သံ.ဝိပ်.တ္ထိ.အဝိ | ၈ |
| | | ရုပ်သက်သက် | မဟာဘုတ်-၄ | မဟာဘုတ်-၄၊ ဥပါဒါရုပ် | တ | ယ | သ.ည.နိ.တ္ထိ.အဝိ | ၅ |
| ၈ | ကုဇာ | ဇာ | ကု၂၁စေ၃၈မဟာဘုတ်၄ | စိတ္တဇရုပ် | တ | | သ.နိ.တ္ထိ.အဝိ | ၄ |
| ၉ | အကုဇာ | ဇာ | အကု၁၂စေ၂၇မဟာဘုတ်၄ | စိတ္တဇရုပ် | တ | | သ.နိ.တ္ထိ.အဝိ | ၄ |

## ပစ္စယနိဒ္ဒေသပါဠိ

**သဟဇာတပစ္စယော**တိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော။

"စတ္တာရော ခန္ဓာ အရူပိနော" ဟူသော ကတ္တားပါဠ်ဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာတို့အားတပ်သော တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ၊ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ အားတပ်သော သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာတို့အားတပ်သော နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စည်းတရားကို ပြတော်မူ၏။ "အညမညံ"ဟူသော သမ္ပဒါန်ပါဠ်ဖြင့် သုံးပါးသုံးပါးသော နာမက္ခန္ဓာ၊ တစ်ပါးတစ်ပါးသော နာမက္ခန္ဓာ၊ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ပြတော်မူ၏။ "သဟဇာတပစ္စယေန"ဟူသော ကရိဏ်းပါဠ်ဖြင့် အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာလေးပါးဖြစ်အံ့, တပြိုင်နက် တပ်ကောင်းသော သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။ အချင်းချင်းအားတပ်သော အလုံးစုံသော ဝိပါကပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာလေးပါးဖြစ်အံ့, တပြိုင်နက် တပ်ကောင်းသော သဟဇာတ အညမည နိဿယ ဝိပါက သမ္ပယုတ္တ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

"စတ္တာရော မဟာဘူတာ" ဟူသော ကတ္တားပါဠ်ဖြင့် သုံးပါးသုံးပါးသော မဟာဘုတ်တို့အားတပ်သော တစ်ပါးတစ်ပါးသော မဟာဘုတ်၊ တစ်ပါးတစ်ပါးသော မဟာဘုတ်အားတပ်သော သုံးပါးသုံးပါးသော မဟာဘုတ်၊ နှစ်ပါးနှစ်ပါးသော မဟာဘုတ်တို့အားတပ်သော နှစ်ပါးနှစ်ပါးသော မဟာဘုတ် ပစ္စည်းတရားကို ပြတော်မူ၏။ "အညမညံ"ဟူသော သမ္ပဒါန်ပါဠ်ဖြင့် သုံးပါးသုံးပါးသော မဟာဘုတ်၊ တစ်ပါးတစ်ပါးသောမဟာဘုတ်၊ နှစ်ပါးနှစ်ပါးသော မဟာဘုတ် ပစ္စယုပ္ပန်တရား ပြတော်မူ၏။ "သဟဇာတ ပစ္စယေန"ဟူသော ကရိဏ်းပါဠ်ဖြင့် တပြိုင်နက် တပ်ကောင်းသော အညမည သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

"သြက္ကန္တိက္ခဏေ နာမရူပံ"ဟူသော ကတ္တားပါဌ်ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။ "အညမညံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "သဟဇာတပစ္စယေန"ဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် တပ်ကောင်းသော သဟဇာတ အညမည နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဖြစ်အံ့, တပြိုင်နက် တပ်ကောင်းသော သဟဇာတ အညမည နိဿယ ဝိပါက ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

"စိတ္တစေတသိကာ ဓမ္မာ"ဟူသော ကတ္တားပါဌ်ဖြင့် ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်စိတ်လေးခု ဒွေပဉ္စဝိညာဏ် ၁၀, ရဟန္တာတို့၏စုတိကြဉ်သော စိတ် ၇၅-ခု, စေတသိက်ဒွေပညာသ, ပစ္စည်းတရားကို ပြတော်မူ၏။ "စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် စိတ္တဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ တနည်းကား စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "သဟဇာတပစ္စယေန" ဟူသော ကရိုဏ်းပါဌ်ဖြင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော အရူပဝိပါက်စိတ်လေးခု ဒွေပဉ္စဝိညာဏ် ၁၀, ရဟန္တာတို့၏စုတိကြဉ်သော ပဉ္စဝေါကာရ ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးဖြစ်အံ့၊ တပြိုင်နက်တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ငါးပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော အရူပဝိပါက်စိတ်လေးခု ဒွေပဉ္စဝိညာဏ် ၁၀, ရဟန္တာတို့၏စုတိကြဉ်သော ပဉ္စဝေါကာရ ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးဖြစ်အံ့၊ တပြိုင်နက်တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ခြောက်ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

"မဟာဘူတာ"ဟူသော ကတ္တားပါဌ်ဖြင့် မဟာဘုတ်လေးပါး ပစ္စည်းတရားကို ပြတော်မူ၏။ "ဥပါဒါရူပါနံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ဥပါဒါရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "သဟဇာတပစ္စယေန" ဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ လေးပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

"ရူပိနော ဓမ္မာ"ဟူသော ကတ္တားပါဌ်ဖြင့် ဟဒယဝတ္ထုပစ္စည်းတရားကို ပြတော်မူ၏။ "အရူပီနံဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ "ကိဉ္စိ ကာလေ သဟဇာတပစ္စယေန" ဟူသော ကရိုဏ်းပါဌ်ဖြင့် ပဋိသန္ဓေကာလ၌ သဟဇာတသတ္တိဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။ "ကိဉ္စိ ကာလေ န သဟဇာတပစ္စယေန" ဟူသော ကရိုဏ်းပါဌ်ဖြင့် ပဝတ္တိကာလ၌ သဟဇာတသတ္တိဖြင့် ကျေးဇူးမပြုဟန်ကို ပြတော်မူ၏။

(ပဋ္ဌာန်းအရကောက်-၂၇-၂၈)

# ပဋ္ဌာဝါရ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ကုသလလော ဧကော ခန္ဓော ॥ ပ ॥ သဟဇာတပစ္စယေန ပစ္စယော။

ကုသလော ကုသလဿ၌ ကတ္တားကား အချင်းချင်းအားတပ်သော ကုသိုလ်ဧကဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်ဧကဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤခြောက်ပစ္စယသတ္တိတို့တွင် သဟဇာတ ပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ကုသလော အဗျာကတဿ၌ ကတ္တားပုဒ်၏ အရကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ဧကဝီသ စေတသိက်အဋ္ဌတ္တိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ သမ္ပဒါန်ပုဒ်၏အရကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းပါဌ်အရကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ॥ပ॥ သဟဇာတပစ္စယေန ပစ္စယော။

ကုသလော ကုသလာဗျာကတဿ၌ ကတ္တားကား အချင်းချင်း နာမက္ခန္ဓာ, စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ဧကဝီသ စေတသိက်အဋ္ဌတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား ကုသိုလ်စိတ်ဧကဝီသ စေတသိက်အဋ္ဌတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာ စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းပါဌ်အရကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဤလေးပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

(အကုသိုလ် အပိုဒ် သုံးပိုဒ်လုံးတူ။ ကုသိုလ်စိတ်စေတသိက်အစား
အကုသိုလ်စိတ်စေတသိက် ပြောင်းဆိုရုံသာ)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတော ကြိယာဗျာကတော ဧကော ခန္ဓော။ ပ ။မဟာဘူတာ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

အဗျာကတော အဗျာကတဿ၌ ပဝတ္တိအခါ ကတ္တားကား အချင်းချင်းအားတပ်သော ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက် အဋ္ဌတ္တိံသ, အစိတ်အစိတ်နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် သဟဇာတပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

ပဋိသန္ဓေအခါ ကတ္တားကား အချင်းချင်းအားလည်းကောင်း၊ အချင်းအချင်းနာမက္ခန္ဓာ ကဋတ္တာရုပ်တို့အားလည်းကောင်း တပ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ၊ စေတသိက် ပဉ္စတ္တိံသ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။သမ္ပဒါန်ကား ပဋိသန္ဓေစိတ် ဧကူနဝီသ၊ စေတသိက် ပဉ္စတ္တိံသ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် သဟဇာတပစ္စယ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

ရုပ်သက်သက်၌ ကတ္တားကား အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း တပ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ် ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား ၄င်းမဟာဘုတ်နှင့်တကွဖြစ်သော စိတ္တဇဥပါဒါ, ပဋိသန္ဓေကမ္မဇဥပါဒါ, ဗာဟိရဥပါဒါ, အာဟာရဇဥပါဒါ, ဥတုဇဥပါဒါ, အသညသတ်ကမ္မဇဥပါဒါ, ပဝတ္တိကမ္မဇဥပါဒါ, ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊ ဤငါးပစ္စယသတ္တိတို့တွင် သဟဇာတပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ကတ္တားကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်ဧကဝီသ, စေတသိက် အဋ္ဌတ္တိံသ အစိတ်အပေါင်းနာမက္ခန္ဓာ အစိတ်အပေါင်းမဟာဘုတ် ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ၊ အတ္ထိ၊ အဝိဂတ၊ ဤလေးပစ္စယသတ္တိတို့တွင် သဟဇာတပစ္စယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(အကုဗျာ–ဗျာ တူပြီ)

# သဟဇာတမျိုး ၁၅ ပစ္စည်း
# ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂပစ္စည်း |
|---|---|---|---|
| ဟေ | ဟိတ် ၆-ပါး | သမ္ပယုတ္တက္ခန္ဓာ,<br>သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ဓိ,ဤံ,မဂ် (၁၂) |
| ဓိ | အဓိပတိ ၃-၄ ပါး | သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ဟေ,ဟာ,ဤံ,မဂ် (၁၃) |
| ကံ | စေတနာ | သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ဟာ (၁၀) |
| ဟာ | ဖဿ,စေတနာ,စိတ် | သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ဓိ,ကံ,ဤံ (၁၂) |
| ဤံ | နာမ်ဣန္ဒြေ-၈ | သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ဟေ,ဓိ,ဟာ,ဈာ,မဂ် (၁၄) |
| ဈာ | ဈာနင်-၅ | သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ဤံ,မဂ် (၁၁) |
| မဂ် | မဂ္ဂင်-၉ | သမ္ပယုတ္တက္ခန္ဓာ,<br>သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ဟေ,ဓိ,ဤံ,ဈာ (၁၃) |
| ည | စိတ် ၈၉ စေ ၅၂<br>ဘုတ်၄၊ ဟဒယဝတ္ထု | စိတ် ၈၉ စေ ၅၂<br>ဘုတ်၄၊ ဟဒယဝတ္ထု | ကြီး ၄ (၅) |
| ဝိ | ဝိပါက်စိတ်၃၆၊ စေ ၃၈ | ဝိပါက်စိတ်၃၆၊ စေ ၃၈၊ စိတ္တဇရုပ်,<br>ပဋိသန္ဓေကမ္မဇရုပ်၊ | ကြီး ၄ (၅) |
| သံ | စိတ် ၈၉ စေ ၅၂ | စိတ် ၈၉ စေ ၅၂ | ည, ကြီး ၄ (၆) |
| ဝိပ် | စိတ် ၇၅ စေ ၅၂<br>ဟဒယဝတ္ထု | စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်<br>ပဥ္စ ပဋိသန္ဓေစိတ် ၁၅၊ စေ ၃၅ | ကြီး ၄ (၅) |
| ကြီး ၄ | စိတ် ၈၉ စေ ၅၂<br><br>မဟာဘုတ်<br>ပဥ္စပဋိစိတ်၁၅၊စေ၃၅<br>ဟဒယဝတ္ထု | စိတ် ၈၉ စေ ၅၂<br>စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်<br>ဥပါဒါရုပ်<br>ဟဒယဝတ္ထု<br>ပဥ္စပဋိစိတ်၁၅၊စေ၃၅ | ကြီး ၄ |

♠ ၁။ သ နိ အတ္တိ အဝိဂတာ ဤလေးဖြာ မဟာ သဟဇ။ (သဟကြီး)

၂။ အညှ ဝိ သံ၊ ဝိပ် လေးတန်၊ မဇ္ဈ သဟဇ။ (သဟလတ်)

၃။ ဟေ ဓိ ဟာ ကံ၊ ဣန် မဂ် ဈာန်၊ မှတ်ရန် ငယ်သဟ။ (သဟငယ်)

(လယ်တီပရမတ္ထသံခိပ် ၂၁၆)

## သဟဇာတမျိုးသချာ

သဟငယ်၌ သချာ် သတ္တ(၇)ချည်း ဖြစ်သည်။ သချာ်လည်း တူသည်။ ကု ကု၊ ကု ဗျာ၊ ကု ကုဗျာ၊ အကု အကု၊ အကု ဗျာ၊ အကု အကုဗျာ၊ ဗျာ ဗျာ တို့ဖြစ်သည်။ အညမည၌ ကု ကု၊ အကု အကု၊ ဗျာ ဗျာ ဟု သချာ် တီဏိ(၃) ဖြစ်သည်။ ဝိပါက၌ ဗျာ ဗျာ ဟု သချာ် ဧကံ(၁) ဖြစ်သည်။ သမ္ပယုတ္တ၌ ကု ကု၊ အကု အကု၊ ဗျာ ဗျာ ဟု သချာ် တီဏိ(၃) ဖြစ်သည်။ (သမ္ပယုတ္တနှင့် အမညမည လည်း သချာ်တူသည်) ဝိပ္ပယုတ္တ၌ ကု ဗျာ၊ အကု ဗျာ၊ ဗျာ ဗျာ ဟု သချာ် တီဏိ(၃) ဖြစ်သည်။ သဟကြီး လေးမျိုး၌ သချာ် နဝ(၉) ဖြစ်သည်။ ကု ကု၊ ကု ဗျာ၊ ကု ကုဗျာ၊ အကု အကု၊ အကု ဗျာ၊ အကု အကုဗျာ၊ ဗျာ ဗျာ၊ ကုဗျာ ဗျာ၊ အကုဗျာ ဗျာတို့သည် ဖြစ်သည်။

## ပစ္စည်းထုတ်ပုံ

(နာမ်ချင်းခြောက်ပါး၊ နာမ်ရုပ်ငါး၊ နာမ်ကား နာမ်ရုပ်လေး) ဤသံပေါက်အရ သဟဇာတမျိုး၌ နာမ်အချင်းချင်းဖြစ်မှု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ အားဖြင့် ခြောက်ပစ္စည်းတို့ကို မှတည်ပြီးလျှင် ရသင့်သော **သဘာဂ**ပစ္စည်းများထည့်၍ ထုတ်ရသည် ပြိုင်ရသည်မှတ်။

နာမ်ပစ္စည်း ရုပ်ပစ္စယုပ္ပန်ဖြစ်မှု သဟဇာတ နိဿယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ အားဖြင့် ငါးပစ္စည်းတို့ကို မှတည်ပြီးလျှင် ရသင့်သော သဘာဂပစ္စည်းများထည့်၍ ထုတ်ရသည် ပြိုင်ရသည်မှတ်။

နာမ်ပစ္စည်း နာမ်,ရုပ်နှစ်ပါး ပစ္စယုပ္ပန်ဖြစ်မှု သဟဇာတ နိဿယ အတ္ထိ အဝိဂတ အားဖြင့် လေးပစ္စည်းတို့ကို မှတည်ပြီးလျှင် ရသင့်သော သဘာဂပစ္စည်းများထည့်၍ ထုတ်ရသည် ပြိုင်ရသည်မှတ်။

(ဆီဘန်နီပစ္စည်းထုတ်နည်း)

## သဟငယ်သဘာဂထုတ်ပုံ

| အမည် | တရားကိုယ် | သဘာဂ |
|---|---|---|
| ဟေ | လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ | ဓိ ဣံ မဂ် |
| ဓိ | ဆန္ဒ ဝီရိယ စိတ် ဝီမံသ | ဟေ ဟာ ဣံ မဂ် |
| ကံ | စေတနာ | ဟာ |
| ဟာ | ဖဿ စေတနာ ဝိညာဏ် | ဓိ ကံ ဣံ |
| ဣံ | ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ | ဟေ ဓိ ဟာ ဈာ မဂ် |
| ဈာ | ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ | ဣံ မဂ် |
| မဂ် | ပညာ ဝိတက် ဝိရတီ-၃ သတိ ဧကဂ္ဂတာ ဒိဋ္ဌိ | ဟေ ဓိ ဣံ ဈာ |

(ပဋ္ဌာန်းလက်ဆောင်)

## သဟကြီးလတ် ပါဠိတော် သုဒ္ဓသချာဇယား

| | | | |
|---|---|---|---|
| ၁ | နာမက္ခန္ဓာ ၄-ပါး | အချင်းချင်းအားဌင်း | အချင်းချင်းနာမက္ခန္ဓာ စိတ္တဇ ပဋိသန္ဓေကမ္မဇ |
| ၂ | မဟာဘုတ် ၄-ပါး | ။ | ဥပါဒါရုပ်အားဌင်း |
| ၃ | ပဉ္စဝေါကာရပဋိ(ဟဒယ) | ။ | |

ပဋ္ဌာန်းသိပ္ပံကျမ်း ပထမတွဲ ၂၂၂

♠ ဤဇယားအရ သဟကြီး ၄-ပါး(သ,နိ,တ္ထိ,အဝိ)၏ ပစ္စည်း ပစ္စယုပ္ပန် ဤသို့ သုံးမျိုးရှိသည်ဟုမှတ်ပါ။

၁။(က)အချင်းချင်းအားလည်းကောင်း၊ (ခ)အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား လည်းကောင်း ကျေးဇူးပြုသော နာမက္ခန္ဓာ၄ပါး

၂။(က)အချင်းချင်းအားလည်းကောင်း(ခ)ဥပါဒါရုပ်အားလည်းကောင်း ကျေးဇူးပြုသော မဟာဘုတ်၄ပါး

၃။ အချင်းချင်းအား ကျေးဇူးပြုသော ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု

♠ ပစ္စည်းပစ္စယုပ္ပန်တွဲသော် ဤသို့ ၆-မျိုးထွက်လာမည်။

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ နာမက္ခန္ဓာ ၄-ပါး | နာမက္ခန္ဓာ ၄-ပါး |
| ၂။ နာမက္ခန္ဓာ ၄-ပါး | နာမက္ခန္ဓာ ၄-ပါး, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် |
| ၃။ မဟာဘုတ် ၄-ပါး | မဟာဘုတ် ၄-ပါး |
| ၄။ မဟာဘုတ် ၄-ပါး | ဥပါဒရုပ် |
| ၅။ ပဋိသန္ဓေနာမက္ခန္ဓာ | ဟဒယဝတ္ထု |
| ၆။ ဟဒယဝတ္ထု | နာမက္ခန္ဓာ |

သဟကြီး လေးပါးလုံး ဤကဲ့သို့ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်နေသည်။ သဟလတ်တွင် သမ္ပယုတ္တသည် သမ္ပယောဂလက္ခဏာ ၄-ပါးနှင့် ညီသော တရားသာ ပစ္စည်းပစ္စယုပ္ပန်ဖြစ်နိုင်၍ သမ္ပယုတ္တအတွက် နံပါတ်-၁ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်သည်။ အညမညတွင် အပြန်အလှန် ပစ္စည်းပစ္စယုပ္ပန် ဖြစ်နိုင်ရကား အညမညအတွက် ၁, ၃, ၅, ၆,သာ ဖြစ်နိုင်သည်။ ဝိပါကတွင် ဝိပါက်ဖြစ်သော တရားသာ ပစ္စည်း ဖြစ်နိုင်၍ ၁, ၂, ၅ သာ ဖြစ်နိုင်သည်။ သို့သော် ဤ၌ နာမက္ခန္ဓာဟူသည်မှာ ဝိပါက်သာဖြစ်သည်။ (ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ မဟုတ်) ဝိပ္ပယုတ္တတွင် နာမ်နှင့်ရုပ်, ရုပ်နှင့်နာမ်သာ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ရကား ၂, ၅, ၆ သာ ဖြစ်နိုင်သည်။ သို့သော် ၂ တွင် ပစ္စယုပ္ပန်မှာ နာမက္ခန္ဓာ ၄-ပါး မပါ။ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်သာ ပါတော့မည်။

# သဟကြီးလတ် ပါဠိတော် အရကောက်ဇယား

| သချာ | ပဒ | ပဒါဝသာန | ပစ္စည်းကတ္တား | | | | ပစ္စယုပ္ပန်သမ္မဒါန် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကု | ကု | ကုသလော | ၁ | ၃ | ၂ | ၃ | ၁ | ၂ | | | |
| ၂ | ကု | ဗျာ | ကုသလာ | | | | | | | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | | |
| ၃ | ကု | ကုဗျာ | ကုသလော | ၁ | ၃ | ၂ | ၃ | ၁ | ၂ | စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ | | |
| ၇ | ပဝတ္တိ | | ဝိပါကာဗျာကတော ကြိယာဗျာကတော | ၁ | ၃ | ၂ | ၃ | ၁ | ၂ | ။ | | |
| | ပဋိသန္ဓေ | | ပဋိသန္ဓက္ခဏေ ဝိပါကာဗျာကတော | ၁ | ၃ | ၂ | ၃ | ၁ | ၂ | | ကဋတ္တာ ရူပါနံ | |
| | ဗျာ | ဗျာ | | ခန္ဓာ (ဝတ္ထု) | | | ဝတ္ထု သ(ခန္ဓ ၁နံ) | | | | | |
| | | | မဟာဘူတာ | ၁ | ၃ | ၂ | ၃ | ၁ | ၂ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | ။ | ဥပါဒါရူပါနံ |
| | | | ဗာဟိရံ၊ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ(။) | ။ | ။ | ။ | ။ | ။ | ။ | | | ။ |
| | | | အသညသတ္တာနံ(။) | ။ | ။ | ။ | ။ | ။ | ။ | | ။ | ။ |
| ၈ | ကုဗျာ | ဗျာ | ကုသလာ ခန္ဓာ စ မဟာဘူတာ စ | | | | | | | ။ | | |
| ၉ | အကုဗျာ | ဗျာ | | | | | | | | ။ | | |

(ပဋ္ဌာန်းသိပ္ပံကျမ်း ပတွဲ ၂၃၂)

## အနန္တရပစ္စယော / သမနန္တရပစ္စယော

**နိယာမ**။ ပြုလုပ်ဖန်ဆင်းမှုတို့နှင့် မဆက်စပ်ပဲ ဓာတ်သဘာဝအလျောက် အမှန်အမြဲ မလွဲမပြောင်း သူ့အကြောင်းသူ့အကျိုး သူ့အနွယ်နှင့် သူ့အမျိုး အရိုးမပျက် အစဉ်မပျက် အဆက်ဆက် ဖြစ်ပွားနေမှုကို နိယာမတရားဟု ဆိုသည်။

(လယ်တီ နိယာမဒီပနီ/ ဒီပနီပေါင်းချုပ် ပတွဲ နှာ ၄၉၈)

### နိယာမ ၅–မျိုး

၁။ ဗီဇနိယာမ–မျိုးစေ့အစွမ်းဖြင့် မဖောက်ပြန်ပဲ အစဉ်အမြဲဖြစ်ခြင်း

ပုံစံ–ကုလားပဲပင်သည် မြောက်ဘက်သို့ အဖျားလှည့်ခြင်း၊ နေကြာပန်းသည် နေရှိရာမျက်နှာမူခြင်း၊ နွယ်ပင်သည် သစ်ပင်ရှိရာဘက်သို့ ရှေးရှုခြင်း၊ အုန်းသီးထိပ်၌ အပေါက်ပါခြင်း၊

၂။ ဥတုနိယာမ–ဥတုအစွမ်းဖြင့် မဖောက်ပြန်ပဲ အစဉ်အမြဲဖြစ်ခြင်း

ပုံစံ–သူ့အခါကာလနှင့် သူ့သစ်ပင်မျိုးတို့မှ သီးမှုပွင့်မှု

၃။ ကမ္မနိယာမ–ကံအစွမ်းဖြင့် မဖောက်ပြန်ပဲ အစဉ်အမြဲဖြစ်ခြင်း

ပုံစံ–ရွာမီးလောင်စဉ် မီးစွဲနေသော မြက်ကရွတ်ခွေသည် ပျံတက်လာပြီး ကောင်းကင်တွင်ပျံလာသော ကျီးကန်းလည်ပင်းကို စွပ်မိကာ ကျီးကန်း မြေသို့ကျ၍ သေရလေသည်။ ကျီးသည် ရှေးရှေးဘဝ လယ်သမားဖြစ်စဉ် နွားကြမ်းကို မဆုံးမနိုင်၍ လည်မှာ ကောက်ရိုးပတ်ကာ မီးရှို့လွှတ်လိုက်၍ နွားသေအောင် ပြုမိတဲ့ကံကြောင့် ဖြစ်ရသည်။

၄။ ဓမ္မနိယာမ–သဘာဝအစွမ်းဖြင့် မဖောက်ပြန်ပဲ အစဉ်အမြဲဖြစ်ခြင်း

ပုံစံ–ဘုရားလောင်း သန္ဓေယူသောအခါ, ဘုရားဖြစ်တော်မူသောအခါ, ဓမ္မစကြာဟောတော်မူသောအခါ, စသည်တို့၌ လောကဓာတ်တစ်သောင်းတို့ တပြိုင်နက် တုန်လှုပ်ခြင်း

၅။ စိတ္တနိယာမ–စိတ်အစွမ်းဖြင့် မဖောက်ပြန်ပဲ အစဉ်အမြဲဖြစ်ခြင်း

ပုံစံ–အဆင်း, အသံစသည့် အာရုံတို့သည် မျက်စိ, နား စသည့် ပသာဒတို့၌ တိုက်သော် စီမံဖန် တီးသူမရှိပဲ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုန်းစသည်ဖြင့် စိတ်အစဉ်ဖြစ်ခြင်း

(အဋ္ဌသာလိနီ၊ လယ်တီဒီပနီပေါင်းချုပ် ပတွဲနှာ ၅၀၃–၅၀၆)

အနန္တရ = (န+အန္တရ) န–မရှိ၊ အန္တရ–အကြား

ရှေ့စိတ်နောက်စိတ် အလယ်အကြားရှိ တရား(စိတ်)တခုကို အန္တရဟု ခေါ်သည်။ အကြား၌ စိတ်တခုမှ မရှိခြင်းကို အနန္တရဟု ဆိုသည်။ ရှေးရှေးစိတ်သည် မိမိချုပ်ပျောက်ပြီးနောက် နောက်စိတ်ပေါ်လာစေနိုင်သော သတ္တိအစွမ်းရှိ၏။ ထိုသို့ ဖြစ်စေရာ၌လည်း မည့်သည့်စိတ်မဆို ဖြစ်ရင်ပြီးရောမျိုး မဟုတ်ပဲ စိတ္တနိယာမအတိုင်း စက္ခုဝိညာဏ်က သမ္ပဋိစ္ဆိုန်း, သမ္ပဋိစ္ဆိုန်းပြီးက သန္တီရဏပေါ်လာအောင် ရှေးရှေးစိတ်က နောက်နောက်စိတ်ပေါ်လာအောင် ကျေးဇူးပြုကြသည်။ ထိုသို့ဖြစ်ခြင်းသည် ရှေ့စိတ်အစွမ်းကြောင့်သာ ဖြစ်၍ ရှေ့စိတ်ကိုသာ အနန္တရ သတ္တိဟု ဆို၏။

သမနန္တရ = (သံ–အနန္တရ) သံ–အလွန်ကိုယ်မှ၊ အနန္တရ–အကြားမရှိ

ရုပ်တရား၌ ကလာပ်တစ်ခုနှင့် တစ်ခုအကြား အာကာသအကြား ရှိ၏။ နာမ်တရား၌ကား စကားအရ ရှေ့စိတ်နောက်စိတ် နှစ်မျိုးခွဲပြောရသော်လည်း ရှေ့စိတ်၏ဘင်ကာလနှင့် နောက်စိတ်၏ ဥပါဒ်ကာလအကြား အပြတ်အကြားကာလ မရှိသဖြင့် တစိတ်တည်းလိုပင် ထင်ရလေသည်။ ထိုသို့ တစိတ်တည်းဟု ထင်မှတ်ရလောက်အောင် အကြားမရှိပဲ ဖြစ်စေနိုင်စွမ်းသတ္တိကို သမနန္တရဟု ဆိုသည်။

အနန္တရနှင့် သမနန္တရသည် အကြောင်းတရား အကျိုးတရား ကောက်ပုံယူဆပုံ လုံးဝတူသော်လည်း တရားနာသူများ ပိုမိုနားလည်စေရန် ထပ်၍ ဟောပြခြင်း ဖြစ်သည်။ (အဋ္ဌကထာ)

အရှင်ရေဝတဆရာအလိုအားဖြင့် ပရမတ်တစ်ပါး မခြားခြင်းသည် အနန္တရ၊ ကာလမခြားခြင်းသည် သမနန္တရဟု ဆိုသည်။ ဥပမာ–စက္ခုဝိညာဏ်၏ ဘင်နှင့် သမ္ပဋိစ္ဆိုန်း၏ ဥပါဒ်အကြား ပရမတ်မခြားပဲ စက္ခုဝိညာဏ်က သမ္ပဋိစ္ဆိုန်းပေါ်လာအောင် ကျေးဇူးပြုခြင်းသည် အနန္တရသတ္တိ အစွမ်းဖြစ်သည်။ စက္ခုဝိညာဏ်၏ ဘင်ခဏပြီးလျှင် ကာလမခြားပဲ သမ္ပဋိစ္ဆိုန်းပေါ်လာအောင် ကျေးဇူးပြုခြင်းသည် သမနန္တရသတ္တိ အစွမ်းဖြစ်သည်။

အနန္တရသည် စကြာမင်းနတ်ရွာစံခြင်းနှင့်တူ၏။ သမနန္တရသည် စကြာမင်းတောထွက်ခြင်းနှင့်တူ၏။ စကြာမင်းမရှိခြင်းသည် သားကြီးမင်းဖြစ်ဖို့ အကြောင်းဖြစ်သည်။ ထို့အတူ ရှေ့စိတ် မရှိတော့ခြင်းသည် နောက်စိတ် ပေါ်လာခြင်း၏ အကြောင်းဖြစ်သည်။ စကြာမင်းသည် တောထွက်၍ မရှိခြင်းလည်း ဖြစ်နိုင်သည်။ နတ်ရွာစံ၍ မရှိခြင်းလည်းဖြစ်နိုင်သည်။ ဘာကြောင့်ပဲ စကြာမင်းမရှိရှိ, သားကြီးသည် မင်းဖြစ်ရတော့သည်။ သို့သော် နတ်ရွာစံခြင်းကြောင့် သားကြီးမင်းဖြစ်ရခြင်းက ပို၍ လေးနက်၍ ရှေးဆရာတို့က အနန္တရသည် စကြာမင်း တောထွက်ခြင်းနှင့်တူ၍၊ သမနန္တရသည် စကြာမင်းနတ်ရွာစံခြင်းနှင့်တူ၏ဟု ရှေးဆရာတို့ ဥပမာ ပြောင်းပြန် ဆိုကြ၏။

## ကာမဇောပဉ္စဒွါရဝီထိ

ပစ္စုပ္ပန်ပဉ္စာရုံ ကံ/ကမ္မနိမိတ်/ဂတိနိမိတ်

ဘ ဘ "တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ" ဘ ဘ ဘ

မဟာဝိပါက်–၈ ၁ ၂ ၂ ၃ ၁ အကု–၁၂၊ မဟာကု/ကြိ–၁၆ မဟာဝိ–၈

ဥပေက္ခာသန္တီရဏ–၂ ဟသိတုပ္ပါဒ်–၁ သန္တီရဏ–၃

ပစ္စုပ္ပန် ရူပါရုံ/သဒ္ဒါရုံ ကံ/ကမ္မနိမိတ်/ဂတိနိမိတ်

ဘ ဘ ဘ ဘ "တီ န ဒ ပ စ/သော သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ ဘ ဘ ဘ

ရူပဝိ–၅၊ အကု–၁၀၊ မဟာကု/ကြိ–၁၆

ဟသိတုပ္ပါဒ်–၁

## မနောဒွါရဝီထိပုံများ

### ကာမဇောမနောဒွါရဝီထိ

ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အာရုံ ၆–ပါး ကံ/ကမ္မနိမိတ်/ဂတိနိမိတ်

ဘ ဘ "န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ" ဘ ဘ ဘ

မဟာဝိပါက်–၈ အကု–၁၂၊ မဟာကု/ကြိ–၈ မဟာဝိ–၈

ဥပေက္ခာသန္တီရဏ–၂ ဟသိတုပ္ပါဒ်–၁ သန္တီရဏ–၃

ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အာရုံ ၆–ပါး

ဘ ဘ "န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ ဘ ဘ

မဟာဝိပါက်–၈ အကု–၁၂၊ မဟာကု/ကြိ–၈

ဥပေက္ခာသန္တီရဏ–၂ ဟသိတုပ္ပါဒ်–၁

ရူပဝိ–၅၊ အရူပဝိ–၄

## အပ္ပနာဇောမနောဒွါရ

### အာဒိကမ္မိကဈာနဝီထိ

(ပထဝီကသိုဏ်းစသည့်) ကမ္မဋ္ဌာန်းအာရုံ

ဘ ဘ "န ဒ မ ပ ဥ နု ဂေါ ဈာန် " ဘ ဘ ဘ

မဟာကုကြိဉာသံ–၈ ရူပ/အရူပ ကုကြိ ၁၈

**ဈာနသမာပတ္တိဝီထိ**

(ပထဝီကသိုဏ်းစသည့်) ကမ္မဋ္ဌာန်းအာရုံ

ဘ ဘ “န ဒ မ ပ ဥ နု ဂေါ ဈာန် ဈာန် များစွာ” ဘ ဘ

မဟာကုကြိဉာသံ-၈ ရူပ/အရူပ ကုကြိ ၁၈

**မဂ္ဂဝီထိ**

အနိစ္စ ဒုက္ခ အနတ္တအာရုံ နိဗ္ဗာန်

ဘ ဘ “န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ်” ဘ ဘ

မဟာကုညသံ-၄ မဂ်-၄ ဖိုလ်-၄

**ဖလသမာပတ္တိဝီထိ**

အနိစ္စ ဒုက္ခ အနတ္တအာရုံ နိဗ္ဗာန်

ဘ ဘ “န ဒ မ နု နု နု နု ဖိုလ် ဖိုလ် များစွာ” ဘ ဘ

မဟာကုကြိဉာသံ-၈ ဖိုလ်-၄

**အဘိညာဝီထိ**

အဘိညာဉ်အာရုံ

ဘ ဘ “န ဒ မ ပ ဥ နု ဂေါ ဘိ ” ဘ ဘ ဘ

မဟာကုကြိ ဉညသံ-၄ ရူပကုကြိ ပဈန်-၂

**နိရောဓသမာပတ္တိဝီထိ**

အာကိဉ္စညာယတနဈာန်အာရုံ နိဗ္ဗာန်

ဘ ဘ “န ဒ မ ပ ဥ နု ဂေါ ဈာန် ဈာန် (နိရောဓ) ဖိုလ် ဘ

မဟာကုကြိ ဉညသံ-၄ နေဝသညာ အနာဂါမိဖိုလ်

နာသညာယတန အရဟတ္တဖိုလ်

ကု/ကြိ ဈာန်

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| ရဟန္တာတို့၏ စုတိကြည်သော ရှေးရှေးစိတ် ၈၉၊ဓေ ၅၂ | ရဟန္တာတို့၏ စုတိနှင့်တကွ နောက်နောက်စိတ် ၈၉၊ဓေ ၅၂ | ရုပ်တရားအားလုံး |

## ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ပုံ

ဝီထိဖြစ်စဉ် ကြည့်ပြီး ရှေ့စိတ်သည် ပစ္စည်း၊ နောက်စိတ်သည် ပစ္စယုပ္ပန် စသည်ဖြင့် ခွဲပါ။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် ယှဉ်ဘက်စေတသိက်သည် ပစ္စည်း, စက္ခုဝိညာဏ်နှင့် ယှဉ်ဘက်စေတသိက်သည် ပစ္စယုပ္ပန်။ ပထမတဒါရုံသည် ပစ္စည်း, ဒုတိယတဒါရုံသည် ပစ္စယုပ္ပန်၊ ဒုတိယတဒါရုံသည် ပစ္စည်း, ပထမဘဝင်သည် ပစ္စယုပ္ပန်။ ပထမဘဝင်သည် ပစ္စည်း, ဒုတိယဘဝင်သည် ပစ္စယုပ္ပန်။ နိရောဓသမာပတ်အခါ သမာပတ်မဝင်စားမီ နေဝသညာနာသညာယတန ကုသိုလ်/ကြိယာဇောသည် ပစ္စည်း, သမာပတ်မှ ထသော အခါ အနာဂါမိဖိုလ်ဇော / အရဟတ္တဖိုလ်ဇောသည် ပစ္စယုပ္ပန်၊ ရှေ့ဘဝ စုတိစိတ္တုပ္ပါဒ်သည် ပစ္စည်း, ဤဘဝ ပဋိသန္ဓေစိတ်သည် ပစ္စယုပ္ပန်၊ အသညသတ်ဘုံသို့ မရောက်မီ ကာမဘုံ၌ စုတိသည် ပစ္စည်း, အသညသတ်ဘုံမှ စုတေ၍ တဖန် ကာမဘုံ၌ ဖြစ်ပေါ်သော ပဋိသန္ဓေစိတ်သည် ပစ္စယုပ္ပန် ဟု သိပါ။

## ပစ္စည်းတရား၌ ရဟန္တာတို့ စုတိစိတ် မပါဝင်ရခြင်းအကြောင်း

ဘဝကိုဖြစ်သော တဏှာမရှိတော့၍ စုတိပြီးနောက် ပဋိသန္ဓေစိတ် ဖြစ်ပေါ်စေနိုင်သော အနန္တရသတ္တိ မရှိသဖြင့် မပါဝင်တော့ပေ။

## အနန္တရ / သမနန္တရ ပစ္စည်းတွင် သုံးသော ဝုဋ္ဌာနအဓိပ္ပါယ်

သင်္ဂြိုဟ်ဝီထိပိုင်းတွင် မနောဒွါရာဝဇ္ဇန်းကို ဝုဋ္ဌာနဟုခေါ်သည်။ ဤနေရာတွင် တဒါရုံ, ဘဝင်, ပဉ္စဝိညာဏ်, စုတိ ၄-မျိုးကို ဝုဋ္ဌာနဟု ခေါ်သည်။

## ကာမစုတိနှစ်ခုအကြား ကမ္မာင်းရာ ခြားသော်လည်း အနန္တရပင်

ဇဇဇဇဇ စုတိ၊ (အသညသတ်သက်တမ်း ကမ္မာင်းရာ)၊ ပဋိသန္ဓေစိတ် ဘဝင် ဘဝင်

ဝဝဝ ဝဝဝ

အကြောင်းဝိပါက် အကျိုးဝိပါက်

ကာမစုတိ၏ အသညသတ်ဘဝခြားပြီးမှ ကာမပဋိသန္ဓေအား ကျေးဇူးပြုပုံမှာ ပါဠိတော် သီးခြားမရှိ၊ "ပုရိမာပုရိမာ ဝိပါကာဗျာကတာ ကြိယာဗျာကတာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ခန္ဓာနံ ဝိပါကာဗျာကာနံ ကြိယာဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော"ဟူသော ပါဠိတော်၌ပင် ပါဝင်ပါသည်။

(ပဋ္ဌာန ဘာဋီ-၁၇)

## ပစ္စယနိဒ္ဒေသပါဠိ

အနန္တရပစ္စယောတိ စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။
ပုရိမာပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံဓမ္မာနံ အနန္တရာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ၊ တေတေဓမ္မာ တေသံတေသံဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပါဠိတော် ပထမအုပ် ၃)

စက္ခုဝိညာဏဓာတု–စက္ခုဝိညာဏ်ဓာတ်သည်၄င်း၊ တံသမ္ပယုတ္တကာ–စက္ခုဝိညာဏ်ဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာစ–သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ခုတို့သည်လည်းကောင်း၊ မနောဓာတုယာစ–သမ္ပဋိစ္ဆိုန်းဒွေးဟုဆိုအပ်သော မနောဓာတ်အားလည်းကောင်း၊ တံ သမ္ပယုတ္တကာနံ–ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနံစ–ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်းစေတသိက် တစ်ဆယ်တို့အားလည်းကောင်း၊ အနန္တရပစ္စယေန–အနန္တရပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ မနောဓာတုစ–သမ္ပဋိစ္ဆိုန်းဒွေးဟုဆိုအပ်သော မနောဓာတ်သည်လည်းကောင်း၊ တံ သမ္ပယုတ္တကာ–ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာစ–ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်းစေတသိက် တစ်ဆယ်တို့အားသည်ကောင်း၊ မနောဝိညာဏဓာတုယာစ–သန္တီရဏသုံးခုဟုဆိုအပ်သော မနောဝိညာဏဓာတ်အားလည်းကောင်း၊ တံ သမ္ပယုတ္တကာနံ–ထိုမနောဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနံစ–ဆန္ဒဝီရိယကြဉ်သော အညသမာန်းစေတသိက် တစ်ဆယ့်တခုတို့အားလည်းကောင်း၊ အနန္တရပစ္စယေန–အနန္တရပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ–အဆုံးဇောကြဉ်သော လောကီကုသိုလ်သတ္တရသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ ကုသ–လာနံ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–ပထမဇောကြဉ်သော လောကီကုသိုလ်ဇကောဝီသ နာမက္ခန္ဓာတို့အား၊ အနန္တရပစ္စယေန–အနန္တရပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ–လောကီကုသိုလ်သတ္တရ အဆုံးဇော, မဂ်လေးခု နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ အဗျာကတာနံ–အဗျာကတဖြစ်ကုန်သော၊ ဓမ္မာနံ–သန္တီရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ်ဝိပါက်ကိုးခု ဖိုလ်လေးခု နာမက္ခန္ဓာတို့အား၊ အနန္တရပစ္စယေန–အနန္တရပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ–အဆုံးဇော ကြဉ်သော အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ အကုသလာနံ–အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–ပထမဇော ကြဉ်သော အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့အား၊ အနန္တရပစ္စယေန–အနန္တရပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ–အကုသိုလ်ဒွါဒသ အဆုံးဇော နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ အဗျာကတာနံ–အဗျာကတဖြစ်ကုန်သော၊ ဓမ္မာနံ–သန္တီရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ်ဝိပါက်ကိုးခု နာမက္ခန္ဓာတို့အား၊ အနန္တရပစ္စယေန–အနန္တရပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပုရိမာပုရိမာ–ကုန်သော၊ အဗျာကတာ–ကုန်သော၊ ဓမ္မာ–ရဟန္တာတို့၏စုတိကြဉ်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–ကုန်သော၊ အဗျာကတာနံ–ကုန်သော၊ ဓမ္မာနံ–ရဟန္တာစုတိနှင့်တကွ ဝိပါက်ဆတ္တိံသ ကြိယာဝီသ နာမက္ခန္ဓာတို့အား၊ အနန္တရပစ္စယေန–အနန္တရပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။


ပုရိမာပုရိမာ–ကုန်သော၊ အဗျာကတာ–ကုန်သော၊ ဓမ္မာ–ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–ကုန်သော၊ ကုသလာနံ–ကုန်သော၊ ဓမ္မာနံ–မဟာကုသိုလ်ထမဇော နာမက္ခန္ဓာတို့အား၊ အနန္တရပစ္စယေန–အနန္တရပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ပုရိမာပုရိမာ–ကုန်သော၊ အဗျာကတာ–ကုန်သော၊ဓမ္မာ–ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–ကုန်သော၊ အကုသလာနံ–ကုန်သော၊ ဓမ္မာနံ–အကုသိုလ်ပထမဇော နာမက္ခန္ဓာတို့အား၊ အနန္တရပစ္စယေန–အနန္တရပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ယေသံယေသံ–အကြင်အကြင်သို့သဘောရှိကုန်သော၊ ဓမ္မာနံ–ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော နာမက္ခန္ဓာပစ္စည်းတရားတို့၏၊ အနန္တရာ–အခြားမဲ့၌၊ ယေယေဓမ္မာ–အကြင်အကြင်သို့သဘောရှိကုန်သော ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာတို့သည်၊ ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏၊ စိတ္တစေတသိကာ–စိတ်စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ–နာမက္ခန္ဓာတရားတို့သည်၊ ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏၊ တေတေဓမ္မာ–ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော နာမက္ခန္ဓာ ပစ္စည်းတရားတို့သည်၊ တေသံတေသံဓမ္မာနံ–ထိုထိုသို့သဘောရှိကုန်သော ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သောနာမက္ခန္ဓာပစ္စည်းတရားတို့အား၊ အနန္တရပစ္စယေန–အနန္တရပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(ပဋ္ဌာန်းအရကောက် နှာ ၁၈–၁၉)

ရူပါရုံ (မြင်စရာ) သိ




♠ ဤဖြစ်စဉ်တွင် စက္ခုဝိညာဏ်စိတ်နှင့်စေတသိက် ၇–ခုတို့ကို စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ ဟု ဆိုသည်။ သမ္ပဋိစ္ဆိုန်းစိတ်နှင့် စေတသိက် ၁၀–ခု ကို မနောဓာတု ဟု ဆိုသည်။ သန္တီရဏစိတ်နှင့် စေတသိက် ၁၀–ခု(ဥပေက္ခာအတွက်) ၁၁–ခု (သောမနဿအတွက်) ကို မနောဝိညာဏဓာတု ဟု ဆိုသည်ဟုဆိုသည်။ စက္ခုဝိညာဏဓာတ်ပျက်ပြီး မနောဓာတ်ပေါ်လာစေခြင်းကို "စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"ဟုဆိုသည်။ မနောဓာတ်ပျက်ပြီး မနောဝိညာဏဓာတ်ပေါ်လာစေခြင်းကို "မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော"ဟု ဆိုသည်။

♠ ပစ္စယနိဒ္ဒေသ၌ ရနိုင်လျှင် ဝိညာဏဓာတ် ၇–ပါး နာမည်ဖြင့် ဟောတော်မူသည်။ (ပဋ္ဌာန်းသိပ္ပံ တတွဲ ၁၁)

## ဝိညာဏဓာတ် ၇–ပါး

စိတ်၈၉–ပါးကို ဝိညာဏဓာတ် နာမည်ပေးလျှင် ဤသို့ ၇–မျိုးဖြစ်သည်။ စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝိညာဏဓာတ်မည်၏။ သောတဝိညာဏ်ဒွေးသည် သောတဝိညာဏဓာတ်မည်၏။ ဃာနဝိညာဏ်ဒွေးသည် ဃာနဝိညာဏဓာတ်မည်၏။ ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝိညာဏဓာတ်မည်၏။ ကာယဝိညာဏ်ဒွေးသည် ကာယဝိညာဏဓာတ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုန်းဒွေးသည် မနောဓာတ်မည်၏။ ဆိုခဲ့ပြီးသည်မှ ကြွင်းသည့် စိတ် ၇၆–ခုသည် မနောဝိညာဏဓာတ်မည်၏။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ

ooo ooo ooo

သောညသံအ သောညသံအ ဉညသံသမဟာဝိ

မဟာကု+စေ၃၃ မဟာကု+စေ၃၃ စေ+၃၂

♠ ဤဖြစ်စဉ်တွင် သောညသံမဟာကုသိုလ်စိတ်နှင့်စေတသိက်၃၃–ခု(ပထမဇော)တို့ကို ပုရိမာပုရိမာ ကုသလာ ဓမ္မာ ဟု ဆိုသည်။ သောညသံမဟာကုသိုလ်စိတ်နှင့်စေတသိက်၃၃–ခု(ဒုတိယဇော)တို့ကို ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာ ဓမ္မာနံ ဟု ဆိုသည်။ နောက်ဆုံးဇောကို ပုရိမာပုရိမာ ကုသလာ ဓမ္မာ ဟု ဆိုသည်။ တဒါရုံကို "ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ" ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ

ooo ooo ooo

သောဒိသံအ သောဒိသံအ ဉညဝိသ

လောဘမူ+စေ၁၉ လောဘမူ+စေ၁၉ မဟာဝိ+စေ၃၁

♠ ဤဖြစ်စဉ်တွင် သောဒိသံအလောဘမူစိတ်နှင့်စေတသိက်၁၉–ခု(ပထမဇော)တို့ကို ပုရိမာပုရိမာ အကုသလာ ဓမ္မာ ဟု ဆိုသည်။ သောဒိသံအလောဘမူစိတ်နှင့်စေတသိက်၁၉–ခု(ဒုတိယဇော)တို့ကို ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာ ဓမ္မာနံ ဟု ဆိုသည်။ နောက်ဆုံးဇောကို ပုရိမာပုရိမာ အကုသလာ ဓမ္မာ ဟု ဆိုသည်။ တဒါရုံကို "ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ" ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

ooo ooo

သောညသံအ သောညသံအ

မဟာကြိ+စေ၃၃ မဟာကြိ+စေ၃၃

♠ ဤဖြစ်စဉ်တွင် သောညသံမဟာကြိယာစိတ်နှင့်စေတသိက်၃၃–ခု(ပထမဇော)တို့ကို ပုရိမာပုရိမာ အဗျာကတာ ဓမ္မာ ဟု ဆိုသည်။ သောညသံမဟာကြိယာစိတ်နှင့်စေတသိက်၃၃–ခု(ဒုတိယဇော)တို့ကို ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဟု ဆိုသည်။

ပုံစံ။ ဇ ဇ ဇ ဇ ဇ စုတိ – ပဋိသန္ဓေ ဘ ဘ (လူ့ဘဝအတွက်)
ဝ ဝ ဝ ဝ ဝ ဝ
သောညသံအ သောညသံအ
မဟာဝိ+စေ၃၃ မဟာဝိ+စေ၃၃

♠ ဤဖြစ်စဉ်တွင် သောညသံမဟာဝိပါက်စိတ်နှင့်စေတသိက်၃၃–ခု(ပဋိသန္ဓေစိတ်)တို့ကို ပုရိမာပုရိမာ အဗျာကတာ ဓမ္မာ ဟု ဆိုသည်။ သောညသံမဟာဝိပါက်စိတ်နှင့်စေတသိက်၃၃–ခု(ပထမဘဝင်)တို့ကို ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ဝဝဝ ဝဝဝ
မနောဒွါရာဝဇ္ဇန်းစိတ် သောညသံအ
စေ–၁၁ မဟာကု+စေ၃၃

♠ ဤဖြစ်စဉ်တွင် မနောဒွါရာဝဇ္ဇန်းစိတ်နှင့်စေတသိက်၁၁–ခုတို့ကို ပုရိမာပုရိမာ အဗျာကတာ ဓမ္မာ ဟု ဆိုသည်။ သောညသံမဟာကုသိုလ်စိတ်နှင့်စေတသိက်၃၃–ခု(ပထမဇော)တို့ကို ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာ ဓမ္မာနံ ဟု ဆိုသည်။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ
ဝဝဝ ဝဝဝ
မနောဒွါရာဝဇ္ဇန်းစိတ် သောဒိသံအ
စေ–၁၁ လောဘမူ+စေ၁၁

♠ ဤဖြစ်စဉ်တွင် မနောဒွါရာဝဇ္ဇန်းစိတ်နှင့်စေတသိက်၁၁–ခုတို့ကို ပုရိမာပုရိမာ အဗျာကတာ ဓမ္မာ ဟု ဆိုသည်။ သောဒိသံအလောဘမူစိတ်နှင့်စေတသိက်၁၉–ခု(ပထမဇော)တို့ကို ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာ ဓမ္မာနံ ဟု ဆိုသည်။

## ပဉှာဝါရပါဠိ

## အနန္တရပစ္စယော

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ အနုလောမံ ဂေါတြဘုဿ။ အနုလောမံ ဝေါဒါနဿ။ ဂေါတြဘု မဂ္ဂဿ။ ဝေါဒါနံ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ကုသလံ ဝုဋ္ဌာနဿ။ မဂ္ဂေါ ဖလဿ။ အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ။ နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ အကုသလံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။ (၂)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ ဘဝင်္ဂံ အာဝဇ္ဇနာယ။ ကိရိယံ ဝုဋ္ဌာနဿ။ အရဟတော အနုလောမံ ဖလသမာပတ္တိယာ။ နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (၁)

အဗျာကတောဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ (၂)

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ (၃)

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် – ၁၃၈)

## ကု ကု နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–သော၊ ဓမ္မဿ–အား၊ အနန္တရပစ္စယေန–အနန္တရပစ္စယ သတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ပုရိမာပုရိမာ–ရှေးရှေး၌ ဖြစ်ကုန်သော၊ ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ–အဆုံးဖြေကြဉ်သော လောကီကုသိုလ်သတ္တရသနာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ ခန္ဓာနံ–ပထမဇောကြဉ်သော ကုသိုလ်ဇောဝီသနာမက္ခန္ဓာတို့အား၊ အနန္တရပစ္စယေန–အနန္တရပစ္စယ သတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အနုလောမံ–သင်္ခါရတရားလျှင်အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေးတတိယဒွေး သည်၊ ဂေါတြဘုဿ–နိဗ္ဗာန်လျှင်အာရုံရှိသော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေးတတိယဒွေးအား။

အနုလောမံ–သင်္ခါရတရားလျှင်အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေးတတိယဒွေး သည်၊ ဝေါဒါနဿ–နိဗ္ဗာန်လျှင်အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေးတတိယဒွေးအား။

ဂေါတြဘု–နိဗ္ဗာန်လျှင်အာရုံရှိသော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေးတတိယဒွေးသည်၊ မဂ္ဂဿ–သောတာပတ္တိမဂ်အား။

ဝေါဒါနံ–နိဗ္ဗာန်လျှင်အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးသည်၊ မဂ္ဂဿ–အထက်မဂ် ၃–ခုအား၊ အနန္တရပစ္စယေန–အနန္တရပစ္စယ သတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

**ကာမဇောဝီထိ**

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

**မရဏာသန္နဝီထိ** န ဒ မ ဇ ဇ ဇ ဇ ဇ တ တ ဘ စုတိ

ဝဝဝ ဝဝဝ

မဟာကုစ+စေ မဟာကုစ+စေ

**ဈာနဝီထိ**

န ဒ မ ပ ဥ နု ဂေါ ဈာန် ဘ ဘ

ဝဝဝ ဝဝဝ ဝဝဝ

(သေက္ခ)မဟာကုဉသံ၄+စေ မဟာကုဉသံ၄+စေ ရူပကု၅အရူပကု၄+စေ

**ဈာနသမာပတ္တိဝီထိ**

န ဒ မ ပ ဥ နု ဂေါ ဈာန် ဈာန် ဈာန် ဈာန် ဘ ဘ

ဝဝဝ ဝဝဝ ဝဝဝ

(သေက္ခ)မဟာကုဉသံ၄+စေ မဟာကုဉသံ၄+စေ ရူပကု၅အရူပကု၄+စေ

♠ ကာဇောဝီထိ၌ ပထမဇောမှ သတ္တမဇောအထိ ရှေးဇောပစ္စည်း နောက်ဇောပစ္စယုပ္ပန် ကုသလော ကုသလဿ အရ ဖြစ်သည်။ ပထမဇောသည် ကုကုအရ ပစ္စည်းသာဖြစ်နိုင်သည်, ပစ္စယုပ္ပန်မဖြစ်နိုင်။ သတ္တမဇောသည် ပစ္စယုပ္ပန်သာဖြစ်သည်, ပစ္စည်းမဖြစ်နိုင်။ မရဏာသန္နဝီထိ ဇော ၅ကြိမ်တွင်လည်း ရှေးဇောပစ္စည်း နောက်ဇောပစ္စယုပ္ပန် ကုသလော ကုသလဿ အရ ဖြစ်သည်။

ဈာနဝီထိ, ဈာနသမာပတ္တိဝီထိတို့၌ ပ ဥ နု ဂေါ ဈာန် တို့၌ ရှေးဇောသည် ပစ္စည်း နောက်ဇောသည် ပစ္စယုပ္ပန်ဖြစ်သည်။ ပ ဥ နု ဂေါ ဈာန် အားလုံး ဇောများ ဖြစ်သည်။

**သောတာပတ္တိမဂ္ဂဝီထိ**

န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဘ ဘ
ဝဝဝ ဝဝဝ ဝဝဝ
မဟာကုညာသံ၄+စေ မဟာကုညာသံ၄+စေ သောတာပတ္တိမဂ်+စေ

**သကဒါဂါမိ/အနာဂါမိ/အရဟတ္တမဂ္ဂဝီထိ**

န ဒ မ ပ ဥ နု ဝေါ မဂ် ဖိုလ် ဖိုလ် ဘ ဘ
ဝဝဝ ဝဝဝ ဝဝဝ
မဟာကုညာသံ၄+စေ မဟာကုညာသံ၄+စေ အထက်မဂ်၃+စေ

**ဖလသမာပတ္တိဝီထိ**

န ဒ မ နု နု နု နု ဖိုလ် ဖိုလ် ဖိုလ် ဖိုလ် ဘ ဘ
ဝဝဝ ဝဝဝ ဝဝဝ
(သေက္ခ)မဟာကုညာသံ၄+စေ မဟာကုညာသံ၄+စေ ဖိုလ်-၄

**နိရောဓသမာပတ္တိဝီထိ**

ဘ ဘ "န ဒ မ ပ ဥ နု ဂေါ ဈာန် ဈာန် (နိရောဓ) ဖိုလ် ဘ
မဟာကုကြိ ဥညသံ-၄ နေဝသညာ ကု ဈာန် အနာဂါမိဖိုလ်

♠ မဂ္ဂဝီထိ၌ ပ ဥ နု ဂေါ/ဝေါ မဂ်တို့, ဖလသမာပတ္တိဝီထိ၌ နုနုနုနု တို့, သေက္ခအတွက် နိရောဓသမာပတ္တိဝီထိ၌ ပဥနုဂေါဈာန်တို့သည် ရှေးဇောပစ္စည်း နောက်ဇောပစ္စယုပ္ပန် ကုသလော ကုသလဿ အရ ဖြစ်သည်။
♠ အနုလုံသည် သင်္ခါရကို အာရုံပြုသည်။ ဂေါတြဘု/ဝေါဒါန်သည် နိဗ္ဗာန်ကို အာရုံပြုသည်။ ထိုသို့ အာရုံကွဲပြား၍(နာနာရမ္မဏတရားဖြစ်၍) "ပုရိမာပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံပစ္ဆိမာနံ ကုသလာနံဓမ္မာနံ" ထဲ ထည့်မဟောပဲ "အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ"ဟု သီးသန့်ဟောသည်။

ဂေါတြဘု/ဝေါဒါန်သည်ကာမစိတ်(ကာမဘုံ)ဖြစ်သည်။ မဂ်သည် လောကုတ္တရာစိတ်(အဝတ္တာဘုံ[၁]) ဖြစ်သည်။ ထိုသို့ ဘုံကွဲပြား၍(နာနာဘုမ္မိကဖြစ်၍) "ဂေါတြဘု မဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ"ဟု သီးသန့်ဟောသည်။ (ပဋ္ဌာန်းသိပ္ပံ ပတွဲ ၃၅၆-၃၅၇)

---

၁ ကာမတဏှာဖြင့် ပိုင်းခြားသတ်မှတ်အပ်သော ကာမစိတ်စေတသိက်ရုပ်တို့ကို(ကာမတဏှာ၏အာရုံပြုရာကို) ကာမအဝတ္တာဘုံ ဟုခေါ်သည်။ ရူပအရူပတဏှာဖြင့် ပိုင်းခြားသတ်မှတ်အပ်သောတရားကိုလည်း ရူပအရူပအဝတ္တာဘုံဟု ခေါ်သည်။ လောကုတ္တရာတရားများကိုကား ထိုတဏှာသုံးရပ်မှ လွတ်လပ်သော နယ်ပယ်တရပ်ဟု သတ်မှတ်အပ်သောကြောင့် လောကုတ္တရာအဝတ္တာဘုံဟု ခေါ်သည်။ အရပ်ဒေသကို ဌာနဘုံဟုခေါ်သလို ပရမတ္ထတရားများကိုလည်း သဟဇာတ,နိဿယစသော သတ္တိများဖြင့် အချင်းချင်းတည်ရာမှီရာဖြစ်ကြ၍ အဝတ္တာဘုံဟုခေါ်နိုင်သည်။ ကာမရူပအရူပများကို ဌာနဘုံ အဝတ္တာဘုံဟု ခေါ်နိုင်သည်။ လောကုတ္တရာကား အဝတ္တာဘုံသာတည်း။
(သင်္ဂြိုဟ်ဘာဋီ ၈၇)

## ကု ဗျာ နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ အနန္တရပစ္စယေန–အနန္တရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ကုသလံ–လောကီကုသိုလ်သတ္တရသအဆုံးဇောသည်၊ ဝုဋ္ဌာန[၁]ဿ–တဒါရုံဘဝင်အား၊

မဂ္ဂေါ–မဂ်လေးခုသည်၊ ဖလဿ–ဖိုလ်လေးခုအား၊

အနုလောမံ–သင်္ခါရတရားလျှင်အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး

တတိယဒွေးသည်၊ သေက္ခာယ–သေက္ခဖြစ်သော၊ ဖလသမာပတ္တိယာ–ဖလသမာပတ်အား၊ နိရောဓာ–နိရောဓသမာပတ်မှ၊ ဝုဋ္ဌဟန္တဿ–ထသော အနာဂါမ်ပုဂ္ဂိုလ်၏၊ နေဝသညာနာသညာယတနကုသလံ–နေဝသညာနာသညာယတနကုသိုလ်သည်၊ ဖလသမာပတ္တိယာ–အနာဂါမိဖိုလ်ဟုဆိုအပ်သော ဖလသမာပတ်အား၊ အနန္တရပစ္စယေန–အနန္တရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ
ဝဝဝ ဝဝဝ
မဟာကုဂ+စေ တဒါရုံ–၁၁+စေ

တီ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ
ဝဝဝ ဝဝဝ
မဟာကုဂ+စေ ကာမဘဝင်+စေ

န ဒ မ ပ ဥ နု ဂေါ ဈာန် ဘ ဘ ဘ ဘ
ဝဝဝ ဝဝဝ
န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဘ ဘ
ဝဝဝ ဝဝဝ
န ဒ မ နု နု နု နု ဖိုလ် ဖိုလ် များစွာ
ဝဝဝ ဝဝဝ
ဘ န ဒ မ ပ ဥ နု ဂေါ ဈာန် ဈာန် (နိရောဓ) ဖိုလ် ဘ
ဝဝဝ ဝဝဝ

---

၁ အနန္တရဒေသနာတော်မှာ တဒါရုံစိတ်, ဘဝင်စိတ်, ပဉ္စဝိညာဏ်စိတ်နှင့် စုတိစိတ်တို့ကို ဝုဋ္ဌော အမည်တပ်ဟောသည်။
(ပဋ္ဌာန်းသိပ္ပံ ပတွဲ ၃၆၁)

## အကု အကု နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–သော၊ ဓမ္မဿ–အား၊ အနန္တရပစ္စယေန–အနန္တရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ပုရိမာပုရိမာ–ရှေးရှေး၌ ဖြစ်ကုန်သော၊ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ–အဆုံးဇောကြဉ်သော အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ ခန္ဓာနံ–ပထမဇောကြဉ်သော အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့အား၊ အနန္တရပစ္စယေန–အနန္တရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

တိ န ဒ ပ စ သံ တိ ဝ ဓ ဓ ဓ ဓ ဓ ဓ ဓ တ တ ဘ ဘ ဘ
န ဒ မ ဓ ဓ ဓ ဓ ဓ ဓ ဓ တ တ ဘ ဘ ဘ ဘ
န ဒ မ ဓ ဓ ဓ ဓ ဓ တ တ ဘ စုတိ
ooo ooo
အကု၁၂+စေ အကု၁၂+စေ

## အကု ဗျာ နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ အနန္တရပစ္စယေန–အနန္တရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ အကုသလံ–အကုသိုလ်ဒွါဒသအဆုံးဇောသည်၊ ဝုဋ္ဌာနဿ–တဒါရုံဘဝင်အား၊ အနန္တရပစ္စယေန–အနန္တရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

တိ န ဒ ပ စ သံ တိ ဝ ဓ ဓ ဓ ဓ ဓ ဓ ဓ တ တ ဘ ဘ ဘ
ooo ooo
အကု၁၂+စေ တဒါရုံ–၁၁+စေ

တိ တိ န ဒ ပ စ သံ တိ ဝ ဓ ဓ ဓ ဓ ဓ ဓ ဓ ဘ ဘ ဘ
ooo ooo
အကု၁၂+စေ ကာမဘဝင်+စေ

## ဗျာ ဗျာ နိဿယ

အဗျာကတော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ အနန္တရပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ ဝိပါကာဗျာကတာ–ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ခန္ဓာ–ရဟန္တာစုတိ ဘဝင်္ဂပဉ္စဒွါရကြဉ်သော ဝိပါက်စိတ်ဆတ္တိံသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ ဖြစ်ကုန်သော၊ ဝိပါကာဗျာကတာနံ–ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ခန္ဓာနံ–ရဟန္တာစုတိနှင့်တကွ ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာတို့အား၊

ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ ကြိယာဗျာကတာ–ကြိယာအဗျာကတဖြစ်ကုန်သော၊ ခန္ဓာ–အဆုံးဇော ဒုတိယဝုဋ္ဌော ပဉ္စဒွါရာဝဇ္ဇန်း ကြဉ်သော ကြိယာဧကူနဝီသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ ဖြစ်ကုန်သော၊ ကြိယာဗျာကတာနံ–ကြိယာအဗျာကတဖြစ်ကုန်သော၊ ခန္ဓာနံ–ပဉ္စဒွါရာဝဇ္ဇန်း ကြဉ်သော ကြိယာဧကူနဝီသနာမက္ခန္ဓာတို့အား၊ အနန္တရပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

ဘဝင်္ဂံ–ဘဝင်္ဂပဉ္စဒွါရတစ်ဆဲ့ကိုးခုသည်၊ အာဝဇ္ဇနာယ–အာဝဇ္ဇန်းဒွေးအား။

ကိရိယံ–ကိရိယာ အဋ္ဌာရသ အဆုံးဇော, ဒုတိယဝုဋ္ဌော, ပဉ္စဒွါရာဝဇ္ဇန်း တို့သည်၊ ဝုဋ္ဌာနဿ–သန္တီရဏသုံးခု, မဟာဝိပါက် ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု, ဒွေပဉ္စဝိညာဏ်တစ်ဆယ်အား။

အရဟတော–ရဟန္တာပုဂ္ဂိုလ်၏၊ အနုလောမံ–သင်္ခါရတရားလျှင်အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကြိယာ ပထမဒွေး တတိယဒွေးသည်၊ ဖလသမာပတ္တိယာ–ဖလသမာပတ်အား။

နိရောဓာ–နိရောဓသမာပတ်မှ၊ ဝုဋ္ဌဟန္တဿ–ထသော ရဟန္တာပုဂ္ဂိုလ်၏၊ နေဝသညာနာသညာယတနကြိယံ–နေဝသညာနာသညာယတနကြိယာသည်၊ ဖလသမာပတ္တိယာ–အရဟတ္တဖိုလ်ဖလသမာပတ်အား၊ အနန္တရပစ္စယေန–အနန္တရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

တိ န ဒ ပ စ သံ တိ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ

ဝဝဝ ဝဝဝ ဝဝဝ ဝဝဝ

သောဉသံအဝိပါက်+စေ

**(ရဟန္တာ)** န ဒ မ ဇ ဇ ဇ ဇ ဇ တ တ ဘ စုတိ ပဋိ~~သ~~န္ဓေ

ဝဝဝ

သောဉသံအဝိပါက်+စေ

**(ရဟန္တာ)** တိ န ဒ ပ စ သံ တိ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ

ဝဝဝ

မဟာကြိ+စေ

တီ န ဒ ပ စ သံ တီ ဝ ဝ ဝ ဘ ဘ ဘ ဘ ဘ
တီ န ဒ ပ စ သံ တီ ဝ ဝ ဘ ဘ ဘ ဘ
၀၀၀ ၀၀၀ ၀၀၀

♠ ဝိပါက်ပစ္စည်း ဝိပါက်ပစ္စယုပ္ပန်၊ ကြိယာပစ္စည်း ကြိယာပစ္စယုပ္ပန်ဆိုလျှင် "ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ ခန္ဓာနံ"ဟု ဟောသည်။

ဝိပါက်ပစ္စည်း ကြိယာပစ္စယုပ္ပန်ဖြစ်သော ဘဝင်နှင့်အာဝဇ္ဇန်း, သန္တီရဏနှင့်ဝုဋ္ဌောကို "ဘဝင်္ဂံ အာဝဇ္ဇနာယ"ဟု ဟောသည်။

ကြိယာပစ္စည်း ဝိပါက်ပစ္စယုပ္ပန်ဖြစ်သော အာဝဇ္ဇန်းနှင့်ပဥ္စဝိညာဏ်, ကြိယာသတ္တမဇောနှင့်တဒါရုံ (သို့မဟုတ်)ဘဝင်ကိုင်း, ဈာနဝီထိ၌ နောက်ဆုံးကြိယာဈာန်ဇောနှင့် ဘဝင်ကိုင်း, မရဏာသန္နဝီထိ၌ ကြိယာပဥ္စမဇောနှင့်စုတိကိုင်း "ကိရိယံ ဝုဋ္ဌာနဿ"ဟု ဟောသည်။ ဤ၌ ဇောမှထသောကြောင့် ဝုဋ္ဌောဟုဆိုသည်။ ဝီထိမှာ မနောဒွါရာဝဇ္ဇန်းစိတ်ကို ဝုဋ္ဌောဟု ဆိုသည်။

ရဟန္တာ၏ ဖလသမာပတ္တိဝီထိ၌ အနုလုံနှင့်အရဟတ္တဖိုလ်ကို "အရဟတော အနုလောမံ ဖလသမာပတ္တိယာ"ဟု ဟောသည်။

ရဟန္တာ၏ နိရောဓသမာပတ္တိဝီထိ၌ နေဝသညာနာသညာယတနဈာန်ကြိယာနှင့် သမာပတ်မှထသောအခါ ဖြစ်သော အရဟတ္တဖိုလ်စိတ်ကို "နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ" ဟု ဟောတော်မူသည်။

(ပဋ္ဌာန်းသိပ္ပံ ပတွဲ ၃၇-၃၇၇)

## ဗျာကု /ဗျာအကု နိဿယ

အဗျာကတော-သော၊ ဓမ္မော-သည်၊ ကုသလဿ-သော၊ ဓမ္မဿ-အား၊ အနန္တရပစ္စယေန-ဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-၏။

အာဝဇ္ဇနာ-ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်းသည်၊ ကုသလာနံ-ကုန်သော၊ ခန္ဓာနံ-မဟာကုသိုလ်ပထမဇောနာမက္ခန္ဓာတို့အား၊ အနန္တရပစ္စယေန-ဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-၏။

အဗျာကတော-သော၊ ဓမ္မော-သည်၊ အကုသလဿ-သော၊ ဓမ္မဿ-အား၊ အနန္တရပစ္စယေန-ဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-၏။

အာဝဇ္ဇနာ-ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်းသည်၊ အကုသလာနံ-ကုန်သော၊ ခန္ဓာနံ-အကုသိုလ်ဒွါဒသပထမဇောနာမက္ခန္ဓာတို့အား၊ အနန္တရပစ္စယေန-ဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-၏။

(ပဋ္ဌာန်းပါဠိ နိဿယ မိုးထိမူ ပတွဲ ၃၈၁-၃၈၄)

## အနန္တရပစ္စည်း(ပစ္စယနိဒ္ဒေသ)

| | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|---|
| အပေါင်း | | ရဟန္တာစုတိကြဉ်သော<br>စိတ် ၈၉၊ စေ ၅၂ | ရဟန္တာစုတိနှင့်တကွ<br>စိတ် ၈၉၊ စေ ၅၂ | | | | |
| | | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| | | စက္ခုဝိညာဏ်ဒွေး စေ ၇ | သမ္ပဋိစ္ဆိုန်း၂=မနောဓာတ် စေ၁၀ | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| | | သမ္ပဋိစ္ဆိုန်း၂=မနောဓာတ် စေ၁၀ | သန္တီရဏ၃=မနောဝိညာဏဓာတ် စေ၁၁ | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| | | သောတဝိညာဏ်ဒွေး စေ ၇ | သမ္ပဋိစ္ဆိုန်း၂=မနောဓာတ် စေ၁၀ | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| | | သမ္ပဋိစ္ဆိုန်း၂=မနောဓာတ် စေ၁၀ | သန္တီရဏ၃=မနောဝိညာဏဓာတ် စေ၁၁ | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| | | ဃာနဝိညာဏ် ဒွေး စေ ၇ | သမ္ပဋိစ္ဆိုန်း၂=မနောဓာတ် စေ၁၀ | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| | | သမ္ပဋိစ္ဆိုန်း၂=မနောဓာတ် စေ၁၀ | သန္တီရဏ၃=မနောဝိညာဏဓာတ် စေ၁၁ | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| | | ဇိဝှါဝိညာဏ်ဒွေး စေ ၇ | သမ္ပဋိစ္ဆိုန်း၂=မနောဓာတ် စေ၁၀ | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| | | သမ္ပဋိစ္ဆိုန်း၂=မနောဓာတ် စေ၁၀ | သန္တီရဏ၃=မနောဝိညာဏဓာတ် စေ၁၁ | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| | | ကာယဝိညာဏ်ဒွေး စေ ၇ | သမ္ပဋိစ္ဆိုန်း၂=မနောဓာတ် စေ၁၀ | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| | | သမ္ပဋိစ္ဆိုန်း၂=မနောဓာတ် စေ၁၀ | သန္တီရဏ၃=မနောဝိညာဏဓာတ် စေ၁၁ | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| ကု | ကု | အဆုံးဇောကြဉ် ကီကု၁၇ စေ၃၈ | ပထမဇောကြဉ် ကု၂၁ စေ၃၈ | တ | | အနံ.သနံ.ဥပ.သေ.နတ္ထိ.ဝိဂတ | ၆ |
| ကု | ဗျာ | ကီကု၁၇အဆုံးဇော မဂ်၄ စေ၃၈ | တိ၃ မဟာဝိ၈ မဟဂ်ဝိ၉ ဖိုလ်၄ စေ၃၈ | တ | ယ | အနံ.သနံ.ဥပ.ကံ.နတ္ထိ.ဝိဂတ | ၆ |
| အကု | အကု | အဆုံးဇောကြဉ် အကု၁၂ စေ၂၇ | ပထမဇောကြဉ် အကု၁၂ စေ၂၇ | တ | | အနံ.သနံ.ဥပ.သေ.နတ္ထိ.ဝိဂတ | ၆ |
| အကု | ဗျာ | အကု၁၂၏အဆုံးဇော စေ၂၇ | တိ၃ မဟာဝိ၈ မဟဂ်ဝိ၉ စေ၃၅ | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| ဗျာ | ဗျာ | ရဟန္တာစုတိကြဉ် ဝိ၃၆ကြိ၂၀စေ၃၈ | ရဟန္တာစုတိနှင့်တကွ ဝိ၃၆ကြိ၂၀စေ၃၈ | တ | ယ | အနံ.သနံ.ဥပ.သေ.နတ္ထိ.ဝိဂတ | ၆ |
| ဗျာ | ကု | ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း | မဟာကု ပထမဇော | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| ဗျာ | အကု | ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း | အကုသိုလ်ပထမဇော | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |

**အနန္တရပစ္စည်း(ပဥ္စဝါရ)**

| အပေါင်း | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|---|
| | | ရဟန္တာစုတိကြဉ်သော<br>စိတ် ၈၉၊ စေ ၅၂ | ရဟန္တာစုတိနှင့်တကွ<br>စိတ် ၈၉၊ စေ ၅၂ | | | | |
| | | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိဏ်း | ပေါင်း |
| ကု | ကု | အဆုံးဇောကြဉ် ရေးကီကု၁၇ စေ၃၈ | ပထမဇောကြဉ် နောက်နောက်ကု၂၁ စေ၃၈ | တ | | အနံ.သနံ.ဥပ.သေ.နတ္ထိ.ဝိဂတ | ၆ |
| ကု | ဗျာ | ကီကု၁၇အဆုံးဇော မဂ်၄ စေ၃၈ | တီ၃ မဟာဝိဂ မဟဂ်ဝိ၉ ဖိုလ်၄ စေ၃၈ | တ | ယ | အနံ.သနံ.ဥပ.ကံ.နတ္ထိ.ဝိဂတ | ၆ |
| အကု | အကု | အဆုံးဇောကြဉ် အကု၁၂ စေ၂၇ | ပထမဇောကြဉ် အကု၁၂ စေ၂၇ | တ | | အနံ.သနံ.ဥပ.သေ.နတ္ထိ.ဝိဂတ | ၆ |
| အကု | ဗျာ | အကု၁၂၏အဆုံးဇော စေ၂၇ | တီ၃ မဟာဝိဂ မဟဂ်ဝိ၉ စေ၃၅ | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| ဗျာ | ဗျာ | ရဟန္တာစုတိကြဉ် ဝိ၃၆ကြိ၂၀စေ၃၈ | ရဟန္တာစုတိနှင့်တကွ ဝိ၃၆ကြိ၂၀စေ၃၈ | တ | ယ | အနံ.သနံ.ဥပ.သေ.နတ္ထိ.ဝိဂတ | ၆ |
| ဗျာ | ကု | ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း | မဟာကု ပထမဇော | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |
| ဗျာ | အကု | ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း | အကုသိုလ်ပထမဇော | တ | | အနံ.သနံ.ဥပ.နတ္ထိ.ဝိဂတ | ၅ |

## ပစ္စယနိဒ္ဒေသပါဠိ

အနန္တရပစ္စယောတိ စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာဟူသော ကတ္တားပါဌ်ဖြင့် စက္ခုဝိညာဏ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ခု ပစ္စည်းတရားကို ပြတော်မူ၏။ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် သမ္ပဋိစ္ဆိုန်းဒွေးဟုဆိုအပ်သော မနောဓာတ်, ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်းစေတသိက် တစ်ဆယ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ အနန္တရပစ္စယေနဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်၏။

မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာဟူသော ကတ္တားပါဌ်ဖြင့် သမ္ပဋိစ္ဆိုန်းဒွေးဟုဆိုအပ်သော မနောဓာတ်, ဆန္ဒ ပီတိ ဝီရိယကြဉ်သော အညသမာန်းစေတသိက် တစ်ဆယ် ပစ္စည်းတရားကို ပြတော်မူ၏။မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံသမ္ပဒါန်ပါဌ်ဖြင့် သန္တီရဏသုံးခုဟုဆိုအပ်သော မနောဝိညာဏဓာတ်, ဆန္ဒ ဝီရိယကြဉ်သော အညသမာန်းစေတသိက် တစ်ဆဲ့တစ်ခု ပစ္စယုပ္ပန်တရားကို ပြတော် မူ၏။ အနန္တရပစ္စယေနဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်၏။(သောတဝိညာဏဓာတ်စသည်တူ)

## ကုသလပဒ

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ဟူသော ကတ္တားပါဠ်ဖြင့် အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ်သတ္တရသ ပစ္စည်းတရားကို ပြတော်မူ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံဓမ္မာနံဟူသော သမ္ပဒါန်ပါဠ်ဖြင့် ပထမဇောကြဉ်သော နောက်နောက်သော ကုသိုလ်ဇော ဧကဝီသပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

တနည်းကား "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ"ကတ္တားပါဠ်ဖြင့် မဟာကုသိုလ် ဒုတိယဇောအားတပ်သော ပထမဇော၊ သတ္တမဇောအားတပ်သော ဆဋ္ဌမဇော၊ မဟဂ္ဂုတ်ကုသိုလ် သောမနဿသဂုတ်လေးခု၊ မဂ်သောမနဿသဟဂုတ် တစ်ဆဲ့ခြောက်ခုအားတပ်သော ဂေါတြဘု ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေး။ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ငါးခု, မဂ်ဥပေက္ခာသဟဂုတ်လေးခုအားတပ်သော မဟာကုသိုလ် တတိယဒွေး၊ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ်အားတပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ်ပစ္စည်းတရားကို ပြတော်မူ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဟူသော သမ္ပဒါန်ပါဠ်ဖြင့် မဟာကုသိုလ်ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် ကိုးခု၊ မဂ်လေးခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အနန္တရပစ္စယေနဟူသော ကရိဏ်းပါဠ်ဖြင့် တပြိုင်နက်တပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ အသေဝန နတ္ထိ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိ–ဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်၏။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာဓမ္မာဟူသော ကတ္တားပါဠ်ဖြင့် လောကီကုသိုလ်သတ္တရသ အဆုံးဇော, မဂ်လေးခု ပစ္စည်းတရားကို ပြတော်မူ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဟူသော သမ္ပဒါန်ပါဠ်ဖြင့် သန္တီရဏ သုံးခု, မဟာဝိပါက်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု, ဖိုလ်လေးခု, ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

တနည်းကား ပုရိမာ ပုရိမာ ကုသလာ ဓမ္မာဟူသော ကတ္တားပါဠ်ဖြင့် မဟာကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ တဒါရုံဧကာဒသ။ မကျသည်ဖြစ်အံ့၊ ဘဝင်ဧကူနဝီသအားတပ်သော မဟာကုသိုလ် အဆုံးဇော။ အောက်ဖိုလ်သောမနဿသဟဂုတ် တစ်ဆဲ့နှစ်ခုအားတပ်သော အနုလုံကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေး။ အောက်ဖိုလ် ဥပေက္ခာသဟဂုတ် သုံးခုအားတပ်သော အနုလုံကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေး။ ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုအားတပ်သော ရူပဝါစရကုသိုလ်အဆုံးဇော။ ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု အာကာသာနဉ္စဘဝင်အားတပ်သော အာကာသနဉ္စာယတန ကုသိုလ်အဆုံးဇော ။ ပ ။

တိဟိတ်ဘဝင်တေရသ, (ဈာနဝီထိနှင့်ဈာနသမာပတ္တိဝီထိအတွက်)။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်အားတပ်သော နေဝသညာ နာသညာယတန ကုသိုလ်အဆုံးဇော။ သောတာပတ္တိဖိုလ်အားတပ်သော သောတာပတ္တိမဂ်။ ပ ။ အရဟတ္တဖိုလ်အားတပ်သော အရဟတ္တမဂ် ပစ္စည်းတရားကို ပြတော်မူ၏။

ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် သန္တီရဏ သုံးခု, မဟာဝိပါက်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု, ဖိုလ်လေးခု, ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ အနန္တရပစ္စယေနဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော အနန္တရ သမနန္တရ ဉပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်၏။ မဂ္ဂါနန္တရဖိုလ်လေးခုအား တပ်သော မဂ်လေးခုစေတနာဖြစ်အံ့၊ အနန္တရ သမနန္တရ ဉပနိဿယ ကမ္မ နတ္ထိ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်၏။

**အကုသလပဒ**

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ဟူသော ကတ္တားပါဌ်ဖြင့် အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ်ဒွါဒသ ပစ္စည်းတရားကို ပြတော်မူ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံဓမ္မာနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပထမဇောကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

တနည်းကား "ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ"ကတ္တားပါဌ်ဖြင့် အကုသိုလ် ဒုတိယဇောအားတပ်သော ပထမဇော။ သတ္တမဇောအားတပ်သော ဆဋ္ဌမဇောပစ္စည်းတရားကို ပြတော်မူ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် အကုသိုလ်ဒွါဒသဒုတိယာဒိဇောပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အနန္တရပစ္စယေနဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော အနန္တရ သမနန္တရ ဉပနိဿယ အာသေဝန နတ္ထိ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်၏။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာဟူသော ကတ္တားပါဋ်ဖြင့် အကုသိုလ်ဒွါဒသအဆုံးဇော ပစ္စည်းတရားကို ပြတော်မူ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံဟူသော သမ္ပဒါန်ပါဋ်ဖြင့် သန္တီရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ်ဝိပါက်ကိုးခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

တနည်းကား ပုရိမာပုရိမာ အကုသလာဓမ္မာဟူသော ကတ္တားပါဋ်ဖြင့် လောဘမူ မောဟမူဇောနောင် တဒါရုံကျသည်ဖြစ်အံ့ တဒါရုံ ဧကာဒသ။ မကျသည်ဖြစ်အံ့, ဘဝင်ဧကူနဝီသအားတပ်သော လောဘမူ မောဟမူ အဆုံးဇော။ ဒေါသမူဇောနောင် တဒါရုံကျသည်ဖြစ်အံ့, ဥပေက္ခာတဒါရုံခြောက်ခု။ မကျသည်ဖြစ်အံ့, ကာမဥပေက္ခာဘဝင်ခြောက်ခုအားတပ်သော ဒေါသမူအဆုံးဇော ပစ္စည်းတရားကို ပြတော်မူ၏။

ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံဟူသော သမ္ပဒါန်ပါဋ်ဖြင့် သန္တီရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ်ဝိပါက်ကိုးခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အနန္တရပစ္စယေနဟူသော ကရိဏ်းပါဋ်ဖြင့် တပြိုင်နက်တပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်၏။

**အဗျာကတပဒ**

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာဟူသော ကတ္တားပါဋ်ဖြင့် ရဟန္တာတို့စုတိကြည်သော ရှေးရှေးသော ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသပစ္စည်းတရားကို ပြတော်မူ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံဟူသော သမ္ပဒါန်ပါဋ်ဖြင့် ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သောဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

တနည်းကား

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာဟူသော ကတ္တားပါဋ်ဖြင့်

(၁) ပထမဘဝင်နာမက္ခန္ဓာအားတပ်သော ပဋိသန္ဓေနာမက္ခန္ဓာ။

(၂) ဒုတိယအစရှိသော နောက်နောက်သော ဘဝင်နာမက္ခန္ဓာအားတပ်သော ပထမအစရှိသော ရှေးရှေးသောဘဝင် နာမက္ခန္ဓာ။

(၃) အာဝဇ္ဇန်းဒွေးအားတပ်သော ပဥ္စဝေါကာရ ဘဝင်္ဂုပစ္ဆေဒတစ်ဆဲ့ငါးခု။

(၄) မနောဒွါရာဝဇ္ဇန်းတပ်သော အရူပဘဝင်္ဂုပစ္ဆေဒလေးခု။

(၅) ပဥ္စဝိညာဏ်အားတပ်သော ပဥ္စဒွါရာဝဇ္ဇန်း။

(၆) သမ္ပဋိစ္ဆိုန်းအားတပ်သော ပဥ္စဝိညာဏ်။

(၇) သန္တီရဏအားတပ်သော သမ္ပဋိစ္ဆိုန်း။
(၈) ဝုဋ္ဌောအားတပ်သော သန္တီရဏ။

ပရိတ္တာဝီထိဖြစ်အံ့
(၉) ဒုတိယဝုဋ္ဌောအားတပ်သော ပထမဝုဋ္ဌော။
(၁၀) ပဥ္စဝေါကာရဘဝင်တစ်ဆဲ့ငါးခုအားတပ်သော ဒုတိယဝုဋ္ဌော။

အတိမဟန္တာရုံ, မဟန္တာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံဝီထိဖြစ်အံ့
(၁၁) ဟသိတုပ္ပါဒ်, မဟာကြိယာ ပထမဇောအားတပ်သော ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း။
(၁၂) ဒုတိယဇောအားတပ်သော ပထမဇော။ ပ ။
(၁၃) သတ္တမဇောအားတပ်သော ဆဋ္ဌဇော။
(၁၄) ဟသိတုပ္ပါဒ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့, သောမနဿတဒါရုံ ၅ခု။
မကျသည်ဖြစ်အံ့, ပဥ္စဝေါကာရတိဟိတ်ဘဝင်ကိုးခုအားတပ်သော ဟသိတုပ္ပါဒ်အဆုံးဇော။
(၁၅) မဟာကြိယာ သောမနဿဇောနောင် တဒါရုံကျသည်ဖြစ်အံ့, သောမနဿတဒါရုံငါးခု။
မကျသည်ဖြစ်အံ့, တိဟိတ်ဘဝင်တေရသအား တပ်သော မဟာကြိယာသောမနဿသဟဂုတ်အဆုံးဇော
(၁၆) မဟာကြိယာ ဥပေက္ခာသဟဂုတ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့, ဥပေက္ခာတဒါရုံခြောက်ခု။
မကျသည်ဖြစ်အံ့, တိဟိတ်ဘဝင်တေရသအား တပ်သော မဟာကြိယာဥပေက္ခာသဟဂုတ်အဆုံးဇော။
(၁၇) ဒုတိယတဒါရုံအားတပ်သော ပထမတဒါရုံ။
(၁၈) ကာမဘဝင်တစ်ဆယ်အားတပ်သော ဒုတိယတဒါရုံ
(၁၉) မဟဂ္ဂုတ်ကြိယာသောမနဿသဟဂုတ်လေးခု, အရဟတ္တဖိုလ် သောမနဿသဟဂုတ်လေးခုအားတပ်သော ဂေါတြဘု(ဈာနဝီထိအတွက်) အနုလုံ(ဖလသမာတ္တိဝီထိအတွက်) ကိစ္စတပ်သော မဟာကြိယာပထမဒွေး။
(၂၀) မဟဂ္ဂုတ်ကြိယာဥပေက္ခာသဟဂုတ်ငါးခု, အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်တစ်ခုအားတပ်သော ဂေါတြဘု အနုလုံကိစ္စတပ်သော မဟာကြိယာတတိယဒွေး။
(၂၁) သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကြိယာအားတပ်သော ရှေးရှေးသောဇောတူမဟဂ္ဂုတ်ကြိယာ။
(၂၂) ပဥ္စဝေါကာရတိဟိတ်ဘဝင်ကိုးခုအားတပ်သော ရူပါဝစရကြိယာအဆုံးဇော။
(၂၃) ပဥ္စဝေါကာရတိဟိတ်ဘဝင်ကိုးခု, အာကာသာနဥ္စာယတနဘဝင်အားတပ်သော အာကာသာနဥ္စာယတန ကြိယာအဆုံးဇော။
(၂၄) ပဥ္စဝေါကာရတိဟိတ်ဘဝင်ကိုးခု, အာကာသာနဥ္စာယတန, ဝိညာနဥ္စာယတနဘဝင်အားတပ်သော ဝိညာနဥ္စာယတနကြိယာအဆုံးဇော။
(၂၅) ပဥ္စဝေါကာရတိဟိတ်ဘဝင်ကိုးခု, အာကာသာနဥ္စာယတန, ဝိညာနဥ္စာယတန, အာကိဉ္စညာ ယတနဘဝင်အားတပ်သော အာကိဉ္စညာယတနကြိယာအဆုံးဇော။

(၂၆) တိဟိတ်ဘဝင်တေရသ, နိရောဓသမာပတ်မှထသောအခါ အရဟတ္တဖိုလ်အားတပ်သော နေဝသညာနာ
ညာယတနကြိယာ အဆုံးဇော။

(၂၇) နောက်နောက်သော ဖိုလ်လေးခုအားတပ်သော ရှေးရှေးသောဇောတူဖိုလ်လေးခု။

(၂၈) တိဟိတ်ဘဝင်တေရသအားတပ်သော ဖိုလ်လေးခု အဆုံးဇော။

(၂၉) မရဏာသန္နအခါ တဒါရုံနောင်စုတိကျသည်ဖြစ်အံ့, ကာမစုတိတစ်ဆယ်အားတပ်သော
ဒုတိယတဒါရုံ။

(၃၀) ဇောနောင်စုတိကျသည်ဖြစ်အံ့, တိဟိတ်စုတိတေရသအားတပ်သော မဟာကြိယာပဉ္စမဇော။

(၃၁) ဘဝင်နောင်စုတိကျသည်ဖြစ်အံ့, စုတိဧကူနဝီသအားတပ်သော ဘဝင်ဧကူနဝီသ။

(၃၂) ကာမပဋိသန္ဓေတစ်ဆယ်အားတပ်သော ဒွိဟိတ်, အဟိတ်စုတိ။

(၃၃) ပဋိသန္ဓေဧကူနဝီသအားတပ်သော ကာမတိဟိတ်စုတိလေးခု။

(၃၄) သဟိတ်ပဋိသန္ဓေသတ္တရသအားတပ်သော ရူပါဝစရစုတိငါးခု။

(၃၅) ကာမတိဟိတ်ပဋိသန္ဓေလေးခု, အရူပပဋိသန္ဓေလေးခုအားတပ်သော အာကာသာနဉ္စာယတနစုတိ။

(၃၆) ကာမတိဟိတ်ပဋိသန္ဓေလေးခု, ဝိညာနဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတန
ပဋိသန္ဓေအားတပ်သော ဝိညာနဉ္စာယတနစုတိ။

(၃၇) ကာမတိဟိတ်ပဋိသန္ဓေလေးခု, အာကိဉ္စညာယတန, နေဝသညာနာသညာယတန
ပဋိသန္ဓေအားတပ်သော အာကိဉ္စညာယတနစုတိ။

(၃၈) ကာမတိဟိတ်ပဋိသန္ဓေလေးခု, နေဝသညာနာသညာယတန ပဋိသန္ဓေအားတပ်သော နေဝသညာ
နာသညာယတနစုတိ
ပစ္စည်းတရားကို ပြတော်မူ၏။

"ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သောဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အနန္တရပစ္စယေနဟူသော ကရိုဏ်းပါဌ်ဖြင့် နောက်နောက်သော ဝိပါက်ကြိယာအားတပ်သော ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသောဝိပါက်ကြိယာဖြစ်အံ့, တပြိုင်နက်တပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်၏။ နောက်နောက်သော ကြိယာဇောအဗ္ဗာရသအားတပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇောအဗ္ဗာရသဖြစ်အံ့, တပြိုင်နက်တပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်၏

ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

“ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ”ဟူသော ကတ္တားပါဌ်ဖြင့် ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းပစ္စည်းတရားကို ပြတော်မူ၏။ “ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ”ဟူသောသမ္ပဒါန်ပါဌ်ဖြင့် မဟာကုသိုလ်ပထမဇော ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အနန္တရပစ္စယေနဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်၏။

“ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ”ဟူသော ကတ္တားပါဌ်ဖြင့် ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းပစ္စည်းတရားကို ပြတော်မူ၏။ “ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ”ဟူသောသမ္ပဒါန်ပါဌ်ဖြင့် အကုသိုလ်ဒွါဒသပထမဇော ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အနန္တရပစ္စယေနဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်၏။

ယေသံ ယေသံဓမ္မာနံ အနန္တရာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ၊ တေတေဓမ္မာ တေသံတေသံဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

“ယေသံယေသံဓမ္မာနံ”ဟူသောပါဌ်ဖြင့် အနိယမအားဖြင့် ရဟန္တာစုတိကြဉ်သော ရှေးရှေးသော စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။ ယေယေဓမ္မာဟူသော အနိယမအားဖြင့် ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော စိတ်တစ်ခုယုတ် ကိုးဆယ်, စေတသိက် ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ “စိတ္တစေတသိကာဓမ္မာ”ဟူသောပါဌ်ဖြင့် အနန္တရပစ္စယုပ္ပန် နာမက္ခန္ဓာသရုပ်ကို ပြတော်မူ၏။ “တေတေဓမ္မာ”ဟူသော ကတ္တားပါဌ်ဖြင့် မှတ်အပ်ပြီးသော ရဟန္တာစုတိကြဉ်သော ရှေးရှေးသော စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။ “တေသံတေသံဓမ္မာနံ”ဟူသော သမ္ပဒါန်ပါဌ်ဖြင့်နိယမအားဖြင့် “ယေသံယေသံဓမ္မာနံ”ဟူသသော ပါဌ်ဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော စိတ်တစ်ခုယုတ် ကိုးဆယ်, စေတသိက်ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ အနန္တရပစ္စယေနဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်ယထာရဟာတပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်၏။

တနည်းကား

(၁) အနန္တရပစ္စယေနဟူသော ကရိဏ်းပါဋ္ဌ်ဖြင့် ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအားတပ်သော ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော နာမက္ခန္ဓာဖြစ်အံ့, တပြိုင်နက်တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်၏။

(၂) ပထမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇောဇောပညာသအားတပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇောသတ္တစတ္တာလီဖြစ်အံ့, တပြိုင်နက်တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်၏။

(၃) မဂ္ဂါနန္တရဖိုလ်အားတပ်သော မဂ်စေတနာဖြစ်အံ့, တပြိုင်နက်တပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်၏။

(ပဋ္ဌာန်းအရကောက် ၁၈–၂၅)

## ပဉှာဝါရပါဠိ
## အနန္တရပစ္စယော

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ အနုလောမံ ဂေါတြဘုဿ။ အနုလောမံ ဝေါဒါနဿ။ ဂေါတြဘု မဂ္ဂဿ။ ဝေါဒါနံ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။ (၁)

### ကုသလော ကုသလဿ

ကတ္တားပုဒ်၏အရကား အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ်သတ္တရသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ပါဠ်အရကား ပထမဇောကြဉ်သော နောက်နောက်သော ကုသိုလ်ဇော ဇကဝီသပစ္စယုပ္ပန်တရားရ၏။

ကရိဏ်းပါဠ်အရကား တပြိုင်နက်တပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

“အနုလောမံ ဂေါတြဘုဿ”ဟူသော အနုဝါဒပါဠိတော်၌ “အနုလောမံ”အရ သင်္ခါရတရားလျှင်အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးသည် ဂေါတြဘုဿအရ နိဗ္ဗာန်လျှင်အာရုံရှိသော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

“အနုလောမံ ဝေါဒါနဿ”ဟူသော အနုဝါဒပါဠိတော်၌ “အနုလောမံ”အရ သင်္ခါရတရားလျှင်အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးသည် ဝေါဒါနဿ’အရ နိဗ္ဗာန်လျှင်အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

“ဂေါတြဘု မဂ္ဂဿ”ဟူသော အနုဝါဒပါဠိတော်၌ ‘ဂေါတြဘု”အရ နိဗ္ဗာန်လျှင်အာရုံရှိသော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးသည် မဂ္ဂဿအရ သောတာပတ္တိမဂ်အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

“ဝေါဒါနံ မဂ္ဂဿ”ဟူသော အနုဝါဒပါဠိတော်၌ ‘ဝေါဒါနံ”အရ နိဗ္ဗာန်လျှင်အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးသည် မဂ္ဂဿအရ အထက်မဂ်သုံးခုအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

# ကုသလော အဗျာကတဿ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ကုသလံ ဝုဋ္ဌာနဿ။ မဂ္ဂေါ ဖလဿ။ အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ။ နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (၂)

ကတ္တားပုဒ်၏အရကား လောကီကုသိုလ်သတ္တရသ အဆုံးဇော, မဂ်လေးခု ပစ္စည်းတရားကို ရ၏။ သမ္ပဒါန်ပုဒ်၏အရကား သန္တီရဏ သုံးခု, မဟာဝိပါက်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု, ဖိုလ်လေးခု, ပစ္စယုပ္ပန်တရားကို ရ၏။ ကရိုဏ်းပါဌ်၏အရကား တပြိုင်နက်,ယထာရဟတပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ ကမ္မ နတ္ထိ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

"ကုသလံ ဝုဋ္ဌာနဿ"ဟူသော အနုဝါဒပါဠိတော်၌ "ကုသလံ"အရ လောကီကုသိုလ်သတ္တရသအဆုံးဇော သည် ဝုဋ္ဌာနဿအရ သန္တီရဏသုံးခု, မဟာဝိပါက်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခုအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

"မဂ္ဂေါ ဖလဿ" ဟူသော အနုဝါဒပါဠိတော်၌ "မဂ္ဂေါ"အရ မဂ်လေးခုသည် "ဖလဿ"အရ ဖိုလ်လေးခုအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

"အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ" ဟူသော အနုဝါဒပါဠိတော်၌ "အနုလောမံ"အရ သင်္ခါရတရားလျှင်အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပဌမဒွေး တတိယဒွေးသည် "ဖလဿ" အရ အောက်ဖိုလ်သုံးခုအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

"နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ" ဟူသော အနုဝါဒပါဠိတော်၌ "နေဝသညာနာသညာယတနကုသလံ"အရ နိရောဓသမာပတ်မှ ထသောအခါ နေဝသညာနာသညာယတနကုသိုလ်သည် "ဖလသမာပတ္တိယာ"အရ အနာဂါမိဖိုလ်အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

## အကုသလော အကုသလဿ

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ (၁)

ကတ္တားပုဒ်၏ အရကား  အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ်ဒွါဒသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ပါဌ်အရကား ပထမဇောကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်တရားရ၏။

ကရိဏ်းပါဌ်အရကား တပြိုင်နက်တပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အကုသလော အဗျာကတဿ

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ အကုသလံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။ (၂)

ကတ္တားပုဒ်၏အရကား အကုသိုလ်ဒွါဒသအဆုံးဇော ပစ္စည်းတရားရ၏။ သမ္ပဒါန်ပုဒ်၏အရကား သန္တီရဏသုံးခု မဟာဝိပါက်ရှစ်ခု မဟဂ္ဂုတ်ဝိပါက်ကိုးခု ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းပုဒ်အရကား အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ ဘဝင်္ဂံ အာဝဇ္ဇနာယ။ ကိရိယံ ဝုဋ္ဌာနဿ။ အရဟတော အနုလောမံ ဖလသမာပတ္တိယာ။ နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ အနန္တရ ပစ္စယေန ပစ္စယော။ (၁)

ကတ္တားပုဒ်၏အရကား ရဟန္တာတို့စုတိကြဉ်သော ရှေးရှေးသော ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ပုဒ်၏အရကား ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းအရကား တပြိုင်နက်,ယထာရဟတပ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်၏။

“ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ခန္ဓာနံ” ဟူသော အနုဝါဒပါဠိတော်၌ “ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ခန္ဓာ”အရ ရဟန္တာတို့စုတိ ဘဝင်္ဂပစ္စေဒ ကြဉ်သော ရှေးရှေးသော ဝိပါက်ဆတ္တိံသနာမက္ခန္ဓာသည် “ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ခန္ဓာနံ”ဟူသော အရ ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သောဝိပါက်ဆတ္တိံသနာမက္ခန္ဓာအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

“ပုရိမာ ပုရိမာ ကြိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ခန္ဓာနံ” ဟူသော အနုဝါဒပါဠိတော်၌ “ပုရိမာ ပုရိမာ ကြိယာဗျာကတာ ခန္ဓာ”အရ အဆုံးဇော, ဒုတိယဝုဋ္ဌော, ပဉ္စဒွါရာဝဇ္ဇန်းကြဉ်သော ကြိယာဇေူနဝီသသည် “ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ခန္ဓာနံ” အရ ပထမဝုဋ္ဌော, ပဉ္စဒွါရာဝဇ္ဇန်းကြဉ်သော ကြိယာဇေူနဝီသအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

“ဘဝင်္ဂံ အာဝဇ္ဇနာယ” ဟူသော အနုဝါဒပါဠိတော်၌ “ဘဝင်္ဂံ”၏ အရ ဘဝင်္ဂပစ္စေဒတစ်ဆဲ့ကိုးခုသည် “အာဝဇ္ဇနာယ”၏ အာဝဇ္ဇန်းဒွေးအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

“ကြိယံ ဝုဋ္ဌာနဿ” ဟူသော အနုဝါဒပါဠိတော်၌ “ကြိယံ”အရ ကြိယာအဋ္ဌာရသအဆုံးဇော, ဒုတိယဝုဋ္ဌော, ပဉ္စဒွါရာဝဇ္ဇန်းသည် “ဝုဋ္ဌာနဿ”အရ သန္တီရဏသုံးခု, မဟာဝိပါက်ရှစ်ခု, မဟဂ္ဂုတ်ဝိပါက်ကိုးခု, ဒွေပဉ္စဝိညာဏ် တစ်ဆယ်အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

“အရဟတော အနုလောမံ ဖလသမာပတ္တိယာ” ဟူသော အနုဝါဒပါဠိတော်၌ “အနုလောမံ” အရ အနုလုံကိစ္စတပ်သော မဟာကြိယာ ပထမဒွေး တတိယဒွေးသည် “ဖလသမာပတ္တိယာ”အရ အရဟတ္တဖိုလ်သမာပတ်အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

“နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ” ဟူသော အနုဝါဒပါဠိတော်၌ “နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ”အရ နိရောဓ သမာပတ်မှထသောအခါ နေဝသညာနာသညာယတနကြိယာသည် “ဖလသမာပတ္တိယာ”အရ အရဟတ္တဖိုလ် ဖလသမာပတ်အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

♠ အဗျာကတော အဗျာကတဿ၌ ဝိပါက်သည် ဝိပါက်ချင်းအား၊ ကြိယာသည် ကြိယာချင်းအား၊ ဝိပါက်သည် ကြိယာအား၊ ကြိယာသည် ဝိပါက်အား ကျေးဇူးပြုသည်ကို ပြတော်မူ၏။

## အဗျာကတော ကုသလဿ

အဗျာကတောဓမ္မော ကုသလဿဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ (၂)

ကတ္တားပုဒ်၏အရကား ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း ပစ္စည်းတရားရ၏။ သမ္ပဒါန်ပုဒ်၏အရကား မဟာကုသိုလ်ပထမဇော ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းပါဌ်၏အရကား တပြိုင်နက်တပ်ကောင်းသော အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

"အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ"အစရှိသောပါဌ်၌ "အာဝဇ္ဇနာနံ"အရ ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းသည် "ကုသလာနံ ခန္ဓာနံ"အရ မဟာကုသိုလ် ပထမဇောအား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

(အဗျာကတော အကုသလဿ တူပြီ)

(သမနန္တရပစ္စယော တူပြီ)

## နတ္ထိ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နတ္ထိပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ နတ္ထိပစ္စယေန ပစ္စယော။ (သံခိတ္တံ)

(ယထာ အနန္တရပစ္စယံ၊ ဧဝံ ဝိတ္ထာရေတဗ္ဗံ)

သံခိတ္တံ–ချုံးအပ်ပြီ၊
အနန္တရပစ္စယံ–အနန္တရပစ္စည်းကို၊ ဝိတ္ထာရေတဗ္ဗံ ယထာ–ချဲ့အပ်သကဲ့သို့၊
ဧဝံတထာ–ထို့အတူ၊ ဝိတ္ထာရေတဗ္ဗံ–ချဲ့အပ်၏။

## ဝိဂတ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဝိဂတပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဝိဂတပစ္စယေန ပစ္စယော။ (သံခိတ္တံ)

(ယထာ အနန္တရပစ္စယံ၊ ဧဝံ ဝိတ္ထာရေတဗ္ဗံ)

ပဋ္ဌာန်းအရကောက် ၃၉၆–၄၀၆
ပဋ္ဌာန်းနိသျ ပ မိုးထိမ့ ၄၅၂

**နတ္ထိ, ဝိဂတပစ္စယော**။ ပါဠိလို "နတ္ထိ"သည် မြန်မာလို "မရှိ"ဟု အဓိပ္ပါယ်ရသည်။ "ဝိဂတ"ကား ကင်းပျောက်ခြင်းဟု အဓိပ္ပါယ်ရသည်။ ငြိမ်းလေပြီးသော ဆီမီးသည် အမိုက်မှောင်ဖြစ်ရန် ခွင့်ပေးသကဲ့သို့ မိမိတို့ မရှိခြင်းမျှဖြင့် နောက်တရားတို့အား ဖြစ်စေရန် ကျေးဇူးပြုခြင်းသည် နတ္ထိပစ္စည်းမည်၏။ နေရောင်၏ ပျောက်ကင်းခြင်းသည် လရောင်လင်းဖို့ရာ ကျေးဇူးပြုသကဲ့သို့ မိမိတို့ ချုပ်ကင်းကွယ်ပျောက်မှုဖြင့် နောက် နောက်တရားစုအား အခွင့်ပေးမှုကျေးဇူးပြုခြင်းသည် ဝိဂတပစ္စည်းမည်၏။ နတ္ထိသဘောကား ချုပ်ပြီးသည့် အခြားမဲ့၌ ကင်းဆိတ်ခြင်း, ဘာမျှမရှိတော့ခြင်းသဘောတည်း။ ဝိဂတသဘောကား ချုပ်ကင်းမှုတည်း။ ချုပ်ပြီးနောက် ရှိခြင်းမရှိခြင်းမှာ ဝိဂတသတ္တိ၏တာဝန်မဟုတ်, နတ္ထိ၏တာဝန်တည်း။

အချို့ကား–"နတ္ထိနှင့်ဝိဂတ, အတ္ထိနှင့်အဝိဂတတို့ကို ဒေသနာဝိလာသ ပုဂ္ဂလဇ္ဈာသယအားဖြင့် အရတူပါလျက် ၂ မျိုးဟောတော်မူသည်ဟု ဆိုကြ၏။ ထိုဆရာတို့ကား "သတ္တိချင်းလည်း တူသည်"ဟု ယူလိုဟန်ရှိသည်။ စင်စစ်မှာ – ပြခဲ့သည့်အတိုင်း နတ္ထိသတ္တိနှင့်ဝိဂတသတ္တိ, အတ္ထိသတ္တိနှင့်အဝိဂတသတ္တိတို့ ကွဲပြားပေသည်သာ။

ဝီထိနှင့်သုံးချက်စု ဘာသာဋီကာ၂၉၅–၂၆၀

**ဥပနိဿယ**။ မိုးသည် သစ်ပင်နှင့်သတ္တဝါတို့၏ အရေးကြီးသော မှီရာဖြစ်သကဲ့သို့ ပစ္စယုပ္ပန်တရားတို့၏ အားကြီးသော မှီရာအကြောင်းကို "ဥပနိဿယ"ဟုခေါ်သည်။ ထို့ကြောင့် ဥပနိဿယပစ္စည်းကို မိုးဃ်းနှင့်တူ၏ ဟု ဥပမာပြုကြသည်။

ဥပနိဿယသည် အာရမ္မဏူပနိဿယ အနန္တရူပနိဿယ ပကတူပနိဿယ ဟု သုံးမျိုးရှိသည်။ ထိုတွင် အနန္တရူပနိဿယဆိုသည်ကား အနန္တရတရားစုပင်တည်း။ နောက်နောက်စိတ်ဖြစ်ဘို့ရာ လွန်စွာအရေးကြီးသော မှီရာအကြောင်းဖြစ်၍ အနန္တရူနိဿယအမည် ရပြန်လေသည်။ သတ္တိချင်းကွဲပြားပုံကား မိမိ၏အခြားမဲ့၌ ထိုက်သင့်သောစိတ္တုပ္ပါဒ်ကို ဖြစ်စေနိုင်သော သတ္တိသည် အနန္တရသတ္တိမည်၏။ နောက်နောက်စိတ်ဖြစ်ဘို့ရာ လွန်စွာကြီးမားသော မှီရာအကြောင်း၏အဖြစ်သည် ဥပနိဿယသတ္တိမည်၏။ ဤသို့လျှင် တရားကိုယ်အရ မထူးသော်လည်း သတ္တိအမျိုးမျိုးရှိသောကြောင့် သတ္တိအားလျော်စွာ အမည်အမျိုးမျိုးတပ်၍ ဟောတော်မူအပ် ပြန်လေသည်။

ဝီထိနှင့်သုံးချက်စု ဘာသာဋီကာ ၁၈၆

(အနန္တရ သမနန္တရ နတ္ထိ ဝိဂတ နှင့် အနန္တရူပနိဿယတို့၏ ပါဠိတော်, အရကောက်တို့သည် အတူတူသာ ဖြစ်ကြသည်)

## အာသေဝနပစ္စယော

တရားတမျိုးတည်းကိုပင် ထပ်၍ထပ်၍ ဖြစ်စေခြင်းကို အာသေဝနဟုဆိုသည်။ ထို့ကြောင့်"စက္ခုဝိညာဏ်ပြီး သမ္ပဋိစ္ဆိုန်း, သမ္ပဋိစ္ဆိုန်းပြီး သန္တီရဏ"စသည်ဖြင့် မတူသော တရားများ တမျိုးပြီးတမျိုး ဖြစ်စေခြင်းသည် အာသေဝနမဟုတ်, ဇောတစ်ခုဖြစ်ပြီးနောက် ထိုဇောမျိုးကိုပင် ထပ်၍ထပ်၍ ဖြစ်စေနိုင်ခြင်းကို သာလျှင် အာသေဝန ဟု ဆိုသည်။ တနည်း-မိမိနှင့်အလားတူစွာ နောက်တရားတစ်ခု ထပ်မံဖြစ်ပေါ်လာအောင် မိမိ၏သတ္တိအရှိန်ကို ပေးခဲ့ခြင်း မိမိ၏သတ္တိကို ထုံမွှမ်းထားခဲ့ခြင်းသည် အာသေဝနမည်၏။

အလားတူတရားတစ်မျိုးကို ထပ်၍ထပ်၍ ဖြစ်စေခြင်း, အလားတူဖြစ်ရစ်အောင် မိမိသတ္တိ၏ အရှိန်ကို ထုံမွှမ်းပေးခြင်းကြောင့် နောက်နောက်ဖြစ်ရသောတရားတို့ ဆိုင်ရာကိစ္စ၌ အလေ့အလာ ရသဖြင့် အားရှိခြင်း အကျိုးရှိ၏။ ဥပမာ-ကျမ်းဂန်တစ်ခုကို သင်ယူရာ၌ သင်ခါစဝယ် ခက်ခဲသော်လည်း တဖြေးဖြေး အချိန်ရသည့်အခါ လွယ်ကူလာ၏။ ထိုသို့ဖြစ်ရာ ရှေးရှေးသင်ယူမှုက နောက်နောက်သင်ယူမှုအား လွယ်ကူအောင် ကျေးဇူးပြုသကဲ့သို့တည်း။ ထို့ကြောင့် အခြားမဲ့၌ မိမိနှင့် အလားတူ တရားတစ်မျိုး အားရှိပါးရှိ ဖြစ်ရစ်အောင် ကျေးဇူးပြုနိုင်သော သတ္တိသည် အာသေဝနသတ္တိမည်၏-မှတ်။

ဇောမဟုတ်သောတရားနှင့် ဖိုလ်ဇောသည် အာသေဝနသတ္တိ မရှိဟု မှတ်ရမည်။ ဇောတို့သည် တမင်ဖြစ်အောင် ပြုအပ်သကဲ့သို့ ဝိပါက်တို့မှာ တမင်ဖြစ်အောင် မပြုအပ်ကြ၊ ကံအားလျော်စွာ ယခုဘဝ၌ အလိုလို ဖြစ်ပေါ်လာသော တရားများတည်း၊ အာဝဇ္ဇန်းများလည်း တမင်ပြုပြင်ရသော တရားများ မဟုတ်ချေ၊ ဇောတို့ကား မဖြစ်မီ ရှေးအဘို့ကလည်း ဖြစ်စေဘို့ရန် ပယောဂစိုက်ရ၏, ဖြစ်သည့်အခါလည်း ထက်မြက်အောင် ပယောဂစိုက်၍ ရကောင်းသော တရားများဖြစ်ကြ၍ ဇောတို့သာ အာသေဝနသတ္တိရှိကြပြီး ဇောမဟုတ်သောတရားနှင့် ဖိုလ်ဇောသည်ကား အာသေဝနသတ္တိမရှိ။

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| ဇာတ်တူအဆုံးကြဉ်သော ရှေးရှေးသော လောကီဇော ၄၇၊ စေ-၅၂ | ပထမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သောဇော ၅၁၊စေ-၅၂ | ကာမဇော ၂၉၏ ပထမဇော၊ အာဝဇ္ဇန်း-၂၊ ဝိပါက်-၃၆၊ စေတသိက်-၅၂၊ ရုပ်-၂၈ |

ကုသိုလ်ဇာတ်ချင်း အကုသိုလ်ဇာတ်ချင်း ကြိယာဇာတ်ချင်းတူသောဇောတို့၏ အဆုံးဇောကို"ဇာတ်တူအဆုံးဇော"ဟု ဆိုသည်။ ၇ ကြိမ်စောရာ၌ သတ္တမဇော, ၅ ကြိမ်စောရာ၌ ပဉ္စမဇောနှင့် အဆုံးဇော ဖြစ်သော ဈာန်ဇောများတည်း။ ထိုဇောများနောင် နောက်ထပ်ဇောမရှိသောကြောင့် ထိုဇောများက အာသေဝနပစ္စည်း မတတ်ကြသဖြင့် ကြဉ်ရလေသည်။

ထင်ရှားစေအံ့–အသက်၇၀တန်း၌ လူတို့သည် ငယ်ရွယ်စဉ်ကစ၍ တဖြေးဖြေး အင်အား တိုးတက်ကြီးမားလေရာ ၄၀ အရွယ်တိုင်အောင် အစွမ်းကုန် (ကံအရှိန်ရှိသမျှ) တိုးတက်၍ ထိုမှနောက်၌ တဖြေးဖြေးဆုတ်ယုတ်ပြီးလျှင် (များသောအားဖြင့်) ၇၀အရွယ်မှာ နောက်ထပ်မဆက်နိုင်တော့ဘဲ ပျက်စီးရသကဲ့သို့လည်းကောင်း သစ်ပင်များလည်း ကြီးပွားသင့်သလောက် အစွမ်းကုန် ကြီးပွားပြီးသည့်အခါ နောက်ထပ်ရေလောင်းပေးသော်လည်း တိုးတက်ခြင်းမရှိ တဖြေးဖြေး ဆုတ်ယုတ်ပျက်စီးရသကဲ့သို့လည်းကောင်း ထို့အတူ ၇ ကြိမ်စောရာ၌ ပဌမဇော၏ အရှိန်အငွေ့ကို ဒုတိယဇောကရ, ဒုတိယဇော၏ အရှိန်အငွေ့ကို တတိယဇောကရ၍ မှန်မှန်တိုးတက်လေရာ ၄ကြိမ်တိုင်အောင် အစွမ်းကုန် တိုးတက်ပြီးနောက် စတုတ္ထဇောက ပဥ္စမဇောအား အရှိအငွေ့ ထိုးမွမ်းပေးခဲ့သော်လည်း တဖြေးဖြေး အရှိန်သတ္တိ လျော့ပါးဆုတ်ယုတ်ခဲ့ပြီ ဖြစ်၍ ၇ ကြိမ်စေ့သည့်အခါ နောက်ထပ် ဇောတစ်ခုဖြစ်စေနိုင်သော အရှိန်အငွေ့မရှိတော့သဖြင့် ဇောအစဉ်ပြတ်စဲရတော့၏။ ဤသို့ သတ္တမဇော၌ အရှိန်အငွေ့ အာသေဝနသတ္တိ ကုန်ခန်းပြီဖြစ်၍ အာသေဝနပစ္စည်းအဖြစ်မှ ကြဉ်ရလေသည်။ အခြားသော အဆုံးဇောများ၌လည်း ဤနည်းအတိုင်း အာသေဝနသတ္တိ မရှိကြောင်းသိပါလေ။ (ဤ သတ္တမဇောသည် အာသေဝနသတ္တိဖြင့် နောက်နောက်ဇောဖြစ်အောင် မတတ်နိုင်သော်လည်း တစ်စုံတစ်ခုသော ကံကိုပြုရာ၌ သတ္တမဇောကျမှ ကံအထမြောက်လေသည်။)

ပစ္စည်းတရား၌ လောကီဇောများသာ ပါဝင်နိုင်၏။ မဂ်ဇောတို့သည် တကြိမ်တည်းဖြင့် ကိလေသာ သတ်ခြင်းကိစ္စကို ပြီးပြတ်အောင်ဆောင်ရွက်ရကား မိမိတို့နောက်၌ မဂ်တစ်ခုဖြစ်ဘို့ရာ အရှိအငွေ့ပေးဘို့ ဗျာပါရမရှိကြ။ မိမိတို့နောက်၌ဖြစ်သော ဖိုလ်ဇောအားလည်း ကုသိုလ်ဇာတ်နှင့် အဗျာကတဇာတ်ဖြစ်၍ ဇာတ်ခြင်းမတူသောကြောင့် မိမိ၏သဘောသတ္တိငွေ့ကို မထုံမွမ်းနိုင်ချေ။ ထို့ကြောင့် မဂ်ဇော၌ အာသေဝနသတ္တိ မရှိ၊ ဖိုလ်တရားတို့ကား ကံအားလျော်စွာဖြစ်သော အကျိုးတရားမျှသာဖြစ်၍ အထူးပြုပြင်တတ်သော အရှိန်အငွေ့ သတ္တိမရှိကြ၊ ထို့ကြောင့် ဖိုလ်ဇောနှင့်တကွ ဝိပါက်ဟူသမျှတို့ အာသေဝနပစ္စည်းမထိုက်ရုံသာမက, ကံပစ်ချတိုင်း ဖြစ်ရသောတရားများဖြစ်သောကြောင့် သူတပါး၏ အထုံအငွေ့ကိုလည်း မယူနိုင်ကြသဖြင့် ပစ္စယုပ္ပန်တွင်လည်း မပါဝင်နိုင်ကြချေ၊ အာဝဇ္ဇန်းဒွေးတို့လည်း ထင်လာသောအာရုံကို ဆင်ခြင်ရုံမှတပါး အထုံအငွေ့ပေးနိုင်သော သတ္တိမရှိရကား ပစ္စည်းတရားတွင်မပါဝင်နိုင်၊ မိမိရှေ့ဘဝင်က အာသေဝနသတ္တိမရှိသဖြင့် အာဝဇ္ဇန်းတို့ ပစ္စယုပ္ပန်မထိုက်ကြောင်းမှာ ပြောဘွယ်မလို။

ပစ္စယုပ္ပန်။ ။ပစ္စယုပ္ပန်၌ ပထမဇောကြဉ်ရသည်မှာလည်း မိမိတို့ရှေ့၌ အာသေဝနသတ္တိဖြင့် ကျေးဇူးပြုနိုင်သည့်တရားမရှိသောကြောင့်တည်း။ ဤပထမဇောဟူသည်မှာလည်း ကာမဇောပင်ဖြစ်၏။ ဈာန်ဇောမဂ်ဇောဟူသမျှတို့မှာ မိမိတို့ရှေ့က ဂေါတြဘု ဝေါဒါန် ကိစ္စတပ်သော ကာမဇော၏ အာသေဝနအထုံကို အမြဲရကြသည်။ထို့ကြောင့် ပစ္စနိက်၌ “ကာမဇောတစ်ခုယုတ်သုံးဆယ်၏ ပဌမဇော”ဟု ထုတ်ပြရလေသည်။

ဝိထိနှင့်သုံးချက်စု ဘာသာဋီကာ ၂၁၁–၂၁၄

## ပစ္စယနိဒ္ဒေသပါဠိ

အာသေဝနပစ္စယောတိ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိ ၁ ၇)

အာသေဝနပစ္စယောတိ–အာသေဝနပစ္စယောဟူသည်ကား၊ ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ–အဆုံးဇောကြဉ်သော လောကီကုသိုလ်သတ္တရသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ ကုသလာနံ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–ပထမဇောကြဉ်သော ကုသိုလ်ဇေကဝီသနာမက္ခန္ဓာတို့အား၊ အာသေဝနပစ္စယေန–အာသေဝနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ–အဆုံးဇောကြဉ်သော အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ အကုသလာနံ–အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–ပထမဇောကြဉ်သော အကုသိုလ်ဒွါဒသနာမက္ခန္ဓာတို့အား၊ အာသေဝနပစ္စယေန–အာသေဝနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ ကြိယာဗျာကတာ–ကြိယာအဗျာကတဖြစ်ကုန်သော၊ ဓမ္မာ–အဆုံးဇောကြဉ်သော ကြိယာဇောအဋ္ဌာရသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ ကြိယာဗျာကတာနံ ဓမ္မာနံ–ပထမဇောကြဉ်သော ကြိယာဇောအဋ္ဌာရသ နာမက္ခန္ဓာတို့အား၊ အာသေဝနပစ္စယေန–အာသေဝနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(ပဋ္ဌာန်းပါဠိ နိဿယ မိုးထိမူ ပတွဲ ၂၁–၂၂)

## ကုသလပဒ

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ

ဝဝဝ ဝဝဝ

သောညသံအ သောညသံအ

မဟာကု+စေ၃၃ မဟာကု+စေ၃၃

♠ ဤဖြစ်စဉ်တွင် သောညသံမဟာကုသိုလ်စိတ်နှင့်စေတသိက်၃၃–ခု(ပထမဇော)တို့ကို ပုရိမာပုရိမာ ကုသလာ ဓမ္မာ ဟု ဆိုသည်။ သောညသံမဟာကုသိုလ်စိတ်နှင့်စေတသိက်၃၃–ခု(ဒုတိယဇော)တို့ကို ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာ ဓမ္မာနံ ဟု ဆိုသည်။

## အကုသလပဒ

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ

ဝဝဝ ဝဝဝ

သောဒိသံအ သောဒိသံအ

လောဘမူ+စေ၁၉ လောဘမူ+စေ၁၉

♠ ဤဖြစ်စဉ်တွင် သောဒိသံအလောဘမူစိတ်နှင့်စေတသိက်၁၉–ခု(ပထမဇော)တို့ကို ပုရိမာပုရိမာ အကုသလာ ဓမ္မာ ဟု ဆိုသည်။ သောဒိသံအလောဘမူစိတ်နှင့်စေတသိက်၁၉–ခု(ဒုတိယဇော)တို့ကို ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာ ဓမ္မာနံ ဟု ဆိုသည်။

**အဗျာကတပဒ**

ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ရူပါရုံ (မြင်စရာ) သိ

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ

၀၀၀ ၀၀၀

သောဘဏသံအ သောဘဏသံအ

မဟာကြိ+စေ၃၃ မဟာကြိ+စေ၃၃

♠ ဤဖြစ်စဉ်တွင် သောဘဏသံမဟာကြိယာစိတ်နှင့်စေတသိက်၃၃–ခု(ပထမဇော)တို့ကို ပုရိမာပုရိမာ ကုသလာ ဓမ္မာ ဟု ဆိုသည်။ သောဘဏသံမဟာကြိယာစိတ်နှင့်စေတသိက်၃၃–ခု(ဒုတိယဇော)တို့ကို ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာ ဓမ္မာနံ ဟု ဆိုသည်။

**ပဉှာဝါရပါဠိ**
**အာသေဝနပစ္စယော**

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။ အနုလောမံ ဂေါတြဘုဿ။ အနုလောမံ ဝေါဒါနဿ။ ဂေါတြဘု မဂ္ဂဿ။ ဝေါဒါနံ မဂ္ဂဿအာသေဝနပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။ (၁)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကြိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။ (၁)

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် – ၁၅၃–၄)

## ကု ကု နိဿယ

ကုသလော–သော၊ ဓမ္မော–သည်၊ ကုသလဿ–သော၊ ဓမ္မဿ–အား၊ အာသေဝနပစ္စယေန–အာသေဝနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ပုရိမာပုရိမာ–ရှေးရှေး၌ ဖြစ်ကုန်သော၊ ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ–အဆုံးဇောကြဉ်သော လောကီကုသိုလ်သတ္တရသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ ကုသလာနံ–ကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာနံ–ပထမဇောကြဉ်သော ကုသိုလ်ဇောဝီသ နာမက္ခန္ဓာတို့အား၊ အာသေဝနပစ္စယေန–အာသေဝနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

အနုလောမံ–သင်္ခါရတရားလျှင်အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးသည်၊ ဂေါတြဘုဿ–နိဗ္ဗာန်လျှင်အာရုံရှိသော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးအား။

အနုလောမံ–သင်္ခါရတရားလျှင်အာရုံရှိသော အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးသည်၊ ဝေါဒါနဿ–နိဗ္ဗာန်လျှင်အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးအား။

ဂေါတြဘု–နိဗ္ဗာန်လျှင်အာရုံရှိသော ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေးတတိယဒွေးသည်၊ မဂ္ဂဿ–သောတာပတ္တိမဂ်အား။

ဝေါဒါနံ–နိဗ္ဗာန်လျှင်အာရုံရှိသော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးသည်၊ မဂ္ဂဿ–အထက်မဂ်၃–ခုအား၊ အာသေဝနပစ္စယေန–အာသေဝနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

**ကာမဇောဝီထိ**

ပုံစံ။ တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ

န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

**မရဏာသန္နဝီထိ** န ဒ မ ဇ ဇ ဇ ဇ ဇ တ တ ဘ စုတိ

ooo ooo

မဟာကုရ+စေ မဟာကုရ+စေ

**ဈာနဝီထိ**

န ဒ မ ပ ဉ နု ဂေါ ဈာန် ဘ ဘ

ooo ooo ooo

(သေက္ခ)မဟာကုညသံ၄+စေ မဟာကုညသံ၄+စေ ရူပကု၅အရူပကု၄+စေ

**စျာနသမာပတ္တိဝီထိ**

န ဒ မ ပ ဉ   နု   ဂေါ   စျာန် စျာန် စျာန် စျာန် ဘ ဘ

ooo   ooo   ooo

(သေက္ခ)မဟာကုညသံ၄+စေ   မဟာကုညသံ၄+စေ   ရူပကု၅အရူပကု၄+စေ

♠ ကာမဇောဝီထိ၌ ပထမဇောမှ သတ္တမဇောအထိ ရှေးဇောပစ္စည်း နောက်ဇောပစ္စယုပ္ပန် ကုသလော ကုသလဿ အရ ဖြစ်သည်။ ပထမဇောသည် ကုကုအရ ပစ္စည်းသာဖြစ်နိုင်သည်, ပစ္စယုပ္ပန်မဖြစ်နိုင်။ သတ္တမဇောသည် ပစ္စယုပ္ပန်သာဖြစ်သည်, ပစ္စည်းမဖြစ်နိုင်။ မရဏာသန္နဝီထိ ဇော ၅ကြိမ်တွင်လည်းရှေးဇောပစ္စည်း နောက်ဇောပစ္စယုပ္ပန် ကုသလော ကုသလဿ အရ ဖြစ်သည်။

စျာနဝီထိ, စျာနသမာပတ္တိဝီထိတို့၌ ပ ဉ နု ဂေါ စျာန် တို့၌ ရှေးဇောသည် ပစ္စည်း နောက်ဇောသည် ပစ္စယုပ္ပန်ဖြစ်သည်။ ပ ဉ နု ဂေါ စျာန် အားလုံး ဇောများ ဖြစ်သည်။

**သောတာပတ္တိမဂ္ဂဝီထိ**

န ဒ မ ပ ဉ   နု   ဂေါ   မဂ်   ဖိုလ် ဖိုလ် ဘ ဘ

ooo   ooo   ooo

မဟာကုညသံ၄+စေ   မဟာကုညသံ၄+စေ   သောတာပတ္တိမဂ်+စေ

**သကဒါဂါမိ/အနာဂါမိ/အရဟတ္တမဂ္ဂဝီထိ**

န ဒ မ ပ ဉ   နု   ဝေါ   မဂ်   ဖိုလ် ဖိုလ် ဘ ဘ

ooo   ooo   ooo

မဟာကုညသံ၄+စေ   မဟာကုညသံ၄+စေ   အထက်မဂ်၃+စေ

**နိရောဓသမာပတ္တိဝီထိ**

ဘ ဘ "န ဒ မ ပ ဉ နု ဂေါ စျာန် စျာန် (နိရောဓ) ဖိုလ် ဘ

မဟာကုကြိ ဉညသံ-၄   နေဝသညာ ကု စျာန်   အနာဂါမိဖိုလ်

♠ မဂ္ဂဝီထိ၌ ပ ဉ နု ဂေါ/ဝေါ မဂ်တို့, ဖလသမာပတ္တိဝီထိ၌ နုနုနုနု တို့, သေက္ခအတွက် နိရောဓသမာပတ္တိဝီထိ၌ ပဉနုဂေါစျာန်တို့သည် ရှေးဇောပစ္စည်း နောက်ဇောပစ္စယုပ္ပန် ကုသလော ကုသလဿ အရ ဖြစ်သည်။

## အကု အကု နိဿယ

အကုသလော–သော၊ ဓမ္မော–သည်၊ အကုသလဿ–သော၊ ဓမ္မဿ–အား၊ အာသေဝနပစ္စယေန–အာသေဝနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ပုရိမာပုရိမာ–ရှေးရှေး၌ ဖြစ်ကုန်သော၊ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ–အဆုံးဇောကြဉ်သော အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ အကုသလာနံ–အကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာနံ–ပထမဇောကြဉ်သော အကုသိုလ်ဒွါဒသနာမက္ခန္ဓာတို့အား၊ အာသေဝနပစ္စယေန–အာသေဝနပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

တီ နု ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ

နု ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

နု ဒ မ ဇ ဇ ဇ ဇ ဇ တ တ ဘ စုတိ

၀၀၀ ၀၀၀

အကု၁၂+စေ အကု၁၂+စေ

## ဗျာ ဗျာ နိဿယ

အဗျာကတော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ အာသေဝနပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ ကြိယာဗျာကတာ–ကြိယာအဗျာကတဖြစ်ကုန်သော၊ ခန္ဓာ–အဆုံးဇောကြဉ်သော ကြိယာဇော အဋ္ဌာရသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ ဖြစ်ကုန်သော၊ ကြိယာဗျာကတာနံ–ကြိယာအဗျာကတဖြစ်ကုန်သော၊ ခန္ဓာနံ–ပထမဇောကြဉ်သော ကြိယာဇော အဋ္ဌာရသနာမက္ခန္ဓာတို့အား၊ အာသေဝနပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ (ပဋ္ဌာန်းပါဠိ နိဿယ မိုးထိမူ ပတွဲ ၄၂၆)

တီ နု ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ

နု ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

နု ဒ မ ဇ ဇ ဇ ဇ ဇ တ တ ဘ စုတိ

၀၀၀ ၀၀၀

မဟာကြိယာ၈,ဟသိတုပ္ပါဒ်၁+စေ မဟာကြိယာ၈,ဟသိတုပ္ပါဒ်၁+စေ

ဘ ဘ နု ဒ မ ပ ဥ နု ဂေါ ဈာန် ဈာန် ဈာန် များစွာ

၀၀၀ ၀၀၀ ၀၀၀ ၀၀၀

မဟာကြိဉသံ+စေ မဟာကြိဉသံ+စေ မဟဂ္ဂုတ်ကြိ–၉+စေ မဟဂ္ဂုတ်ကြိ–၉+စေ

## အာသေဝနပစ္စယော (ပစ္စယနိဒ္ဒေသ)

| ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|
| အဆုံးဓောကြဉ်သော ရှေးရှေးသောကိဓော၄၇၊စေ-၅၂ | ပထမဓောဖိုလ်ဓောကြဉ်သော နောက်နောက်သော ဓော၅၁ စေ၅၂ | | | | |
| **ပစ္စည်း** | **ပစ္စယုပ္ပန်** | **တ** | **ယ** | **ကရိဏ်း** | **ပေါင်း** |
| အဆုံးဓောကြဉ်သော, ရှေးရှေးသော ကိကု-၁၇၊စေ-၃၈ | ပဓောကြဉ်သော, နောက်နောက်သော ကု-၂၁၊စေ-၃၈ | တ | | အာ.အနံ.သနံ. ဥပ.နတ္ထိ.ဝိဂတ | ၆ |
| အဆုံးဓောကြဉ်သော, ရှေးရှေးသော အကု-၁၂၊စေ-၂၇ | ပဓောကြဉ်သော, နောက်နောက်သော အကု-၁၂၊စေ-၂၇ | တ | | အာ.အနံ.သနံ. ဥပ.နတ္ထိ.ဝိဂတ | ၆ |
| အဆုံးဓောကြဉ်သော, ရှေးရှေးသော ကြိယာ-၁၈၊စေ-၃၅ | ပဓောကြဉ်သော, နောက်နောက်သော ကြိယာ-၁၈ စေ-၃၅ | တ | | အာ.အနံ.သနံ. ဥပ.နတ္ထိ.ဝိဂတ | ၆ |

## အာသေဝနပစ္စယော(ပဉှာဝါရ))

| အပေါင်း | | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|---|---|
| | | | အဆုံးဓောကြဉ်သော ရှေးရှေးသောကိဓော၄၇၊စေ-၅၂ | ပထမဓောဖိုလ်ဓောကြဉ်သော နောက်နောက်သော ဓော၅၁ စေ၅၂ | | | | |
| **သင်္ချာ** | **ပဒ** | **ပဒါန** | **ပစ္စည်း** | **ပစ္စယုပ္ပန်** | **တ** | **ယ** | **ကရိဏ်း** | **ပေါင်း** |
| ၁ | ကု | ကု | အဆုံးဓောကြဉ်သော, ရှေးရှေးသော ကိကု-၁၇၊စေ-၃၈ | ပဓောကြဉ်သော, နောက်နောက်သော ကု-၂၁၊စေ-၃၈ | တ | | အာ.အနံ.သနံ. ဥပ.နတ္ထိ.ဝိဂတ | ၆ |
| ၂ | အကု | အကု | အဆုံးဓောကြဉ်သော, ရှေးရှေးသော အကု-၁၂၊စေ-၂၇ | ပဓောကြဉ်သော, နောက်နောက်သော အကု-၁၂၊စေ-၂၇ | တ | | အာ.အနံ.သနံ. ဥပ.နတ္ထိ.ဝိဂတ | ၆ |
| ၃ | ဗျာ | ဗျာ | အဆုံးဓောကြဉ်သော, ရှေးရှေးသော ကြိယာ-၁၈၊စေ-၃၅ | ပဓောကြဉ်သော, နောက်နောက်သော ကြိယာ-၁၈ စေ-၃၅ | တ | | အာ.အနံ.သနံ. ဥပ.နတ္ထိ.ဝိဂတ | ၆ |

# ပစ္စယနိဒ္ဒေသပါဠိ

## ကုသလပဒ

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ဟူသော ကတ္တားပါဌ်ဖြင့် အဆုံးဓောကြဉ်သော ရှေးရှေးသော လောကီကုသိုလ်သတ္တရသ ပစ္စည်းတရားကို ပြတော်မူ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံဓမ္မာနံဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပဌမဓောကြဉ်သော နောက်နောက်သော ကုသိုလ်ဓော ဧကဝီသပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အာသေဝနပစ္စယေနဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော အာသေဝန အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အာသေဝနသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်၏။

## အကုသလပဒ

ပုရိမာပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာဓမ္မာ ဟူသော ကတ္တားပါဌ်ဖြင့် အဆုံးဓောကြဉ်သော ရှေးရှေးသော အကုသိုလ်ဒွါဒသ ပစ္စည်းတရားကို ပြတော်မူ၏။ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ပဌမဓော ကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အာသေဝနပစ္စယေနဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော အာသေဝန အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အာသေဝနသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်၏။

## အဗျာကတပဒ

ပုရိမာပုရိမာ ကြိယာဗျာကတာဓမ္မာ ပစ္ဆိမာနံပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

"ပုရိမာပုရိမာ ကြိယာဗျာကတာဓမ္မာ"ဟူသော ကတ္တားပါဋ်ဖြင့် အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇော အဋ္ဌာရသ ပစ္စည်းတရားကို ပြတော်မူ၏။ "ပစ္ဆိမာနံပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ" ဟူသော သမ္ပဒါန်ပါဋ်ဖြင့် ပထမဇောကြဉ်သော ကြိယာဇော အဋ္ဌာရသပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ တနည်းကား–

"ပုရိမာပုရိမာ ကြိယာဗျာကတာဓမ္မာ"ဟူသော ကတ္တားပါဋ်ဖြင့် ဟသိတုပ္ပါဒ်၊ မဟာကြိယာ ဒုတိယဇောအားတပ်သော ပထမဇော။ ပ ။ သတ္တမဇောအားတပ်သော ဆဋ္ဌဇော၊ မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ်လေးခုအားတပ်သော ဂေါတြဘုကိစ္စတပ်သော မဟာကြိယာပထမဒွေး၊ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ် ငါးခုအားတပ်သော ဂေါတြဘုကိစ္စတပ်သော မဟာကြိယာတတိယဒွေး၊ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကြိယာအားတပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကြိယာပစ္စည်းတရားရ၏။

"ပစ္ဆိမာနံပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဋ်ဖြင့် ဟသိတုပ္ပါဒ်၊ မဟာကြိယာ ဒုတိယဇော၊ မဟဂ္ဂုတ်ကြိယာကိုးခု ပစ္စယုပ္ပန်တရားရ၏။

အာသေဝနပစ္စယေနဟူသော ကရိဏ်းပါဋ်ဖြင့် တပြိုင်နက်တပ်ကောင်းသော အာသေဝန အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် အာသေဝနသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်၏။

(ပဥ္စဝါရ အာသေဝနပစ္စယော အရကောက်ပုံသည် ပစ္စယနိဒ္ဒေသ
အာသေဝနပစ္စယော အရကောက်ပုံနှင့် တူသည်)

## အနန္တတရမျိုး ၇-ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂပစ္စည်း |
|---|---|---|---|
| အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ | ရဟန္တာစုတိကြဉ် စိတ်-၈၉၊ စေ-၅၂ | ရဟန္တာစုတိနှင့်တကွ စိတ်-၈၉၊ စေ-၅၂ | အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ |
| အာသေဝန | ရှေးရှေး လောကီဇော ၄၇ | ပဇော, ဖိုလ်ဇောကြဉ် နောက်နောက်ဇော ၅၁ | အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ |
| အနန္တရကမ္မ | မဂ်လေးခု စေတနာ | ဖိုလ်လေးခု | အနန္တရ သမနန္တရ ဥပနိဿယ ကမ္မ နတ္ထိ ဝိဂတ |

(အနန္တရကမ္မဆိုတာ ဝိဘင်္ဂပါဠိရမှာ သီးသန့်မရှိပါ။ သဘာဂ ဃဋနာအတွက် ထည့်ထားတဲ့ သုဒ္ဓသင်္ချာဖြစ်ပါတယ်)

## အနန္တရမျိုးသင်္ချာ

အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတ တို့၌ သင်္ချာ သတ္တ(၇)ချည်း ဖြစ်သည်။ သင်္ချာလည်း တူသည်။ ကု ကု၊ ကု ဗျာ၊ အကု အကု၊ အကု ဗျာ၊ ဗျာ ဗျာ၊ ဗျာ ကု၊ ဗျာ အကု တို့ဖြစ်သည်။ အာသေဝန၌ ကု ကု၊ အကု အကု၊ ဗျာ ဗျာ ဟု သင်္ချာ တီဏိ(၃) ဖြစ်သည်။ အနန္တရကမ္မ၌ ကု ဗျာ ဟု သင်္ချာ ဧကံ(၁) ဖြစ်သည်။

## အနန္တရမျိုး ပစ္စည်းပြိုင်ပုံ

၁။ ရှေ့စိတ် အကြောင်း နောက်စိတ်အကျိုး ဖြစ်သမျှ (မည့်သည့်စိတ်ပဲ ဖြစ်ဖြစ်) အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ရသည်။ (အနန္တရမျိုးဖြစ်သမျှ ဤ ငါးပစ္စည်းရစမြဲ)
၂။ ရှေ့စိတ်ရော နောက်စိတ်ပါ ကုသိုလ်ဇော ကြိယာဇော ဖြစ်ကြပါမှ အာသေဝန ရသည်။
၃။ ရှေ့က မဂ်စိတ်, နောက်က ဖိုလ်စိတ်ဖြစ်ပါမှ (အနန္တရ)ကမ္မ ရသည်။

## ပုရေဇာတပစ္စယော

**ပုရေဇာတ**။ ။ ဆိုင်ရာပစ္စယုပ္ပန်အား မိရာအဖြစ်ဖြင့်ဖြစ်စေ အာရုံအဖြစ်ဖြင့်ဖြစ်စေ ကျေးဇူးပြုဘို့ရာ ထိုပစ္စယုပ္ပန်တို့မဖြစ်မီ ရှေးဦးစွာ ဖြစ်စေနိုင်သော သတ္တိသည် ပုရေဇာတပစ္စည်းမည်၏။ "ရှေးကဖြစ်နှင့်"ဟု ဆိုသော်လည်း ဖြစ်နှင့်၍ ချုပ်သွားပြီးလည်းမဟုတ်ရ, နောက်၌ ပုရေဇာတတ္ထိဟု လာလတံ့ဖြစ်ရကား အတ္ထိ သဘောအားဖြင့် ဠီအခိုက်၌ ထင်ရှားတည်ရှိရမည်၏။ ဤပုရေဇာတသည် ကမ္ဘာဦးကစ၍ ပေါ်ထွန်းခဲ့သော နေလနှင့်တူ၏-ဟု ရှေးဆရာတို့ ဥပမာပြကြ၏။ "ကမ္ဘာဦးကစ၍ ပေါ်ထွန်းခဲ့သောနေသည် ယခုတိုင်အောင် ထင်ရှားရှိလျက် နေလထွက်ပေါ်ပြီးနောက် ပေါ်ပေါက်သူများအား အလင်းရောင်ပေး၍ ကျေးဇူးပြုသကဲ့သို့ ထို့အတူ ပစ္စယုပ္ပန်တို့ ရှေးဦးစွာဥပါဒ်ပြီးလျှင် မချုပ်သေးဘဲ ဠီအခိုက်၌တည်လျက် မိမိနောက်မှ ဥပါဒ်သော စိတ်စေတသိက်အား ကျေးဇူးပြုနိုင်သော သတ္တိ" ဟု ဆိုလိုသည်။

**ပုရေဇာတ ၂မျိုး** (က) ဝတ္ထုပုရေဇာတ (ဝတ္ထုပုရေဇာတနိဿယနှင့်တူ)

(ခ) အာရမ္မဏပုရေဇာတ

**ဝတ္ထုပုရေဇာတ**။ ။ ၁-ဝတ္ထုရုပ်လည်းဟုတ်၏၊ ၂-ပစ္စယုန်တရားတို့ မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်သော ကြောင့် ပုရေဇာတလည်းဟုတ်၏၊ ဤနှစ်ချက်နှင့် ညီသောတရားသာလျှင် ဝတ္ထုပုရေဇာတစ္စည်းတပ်နိုင်၏။ ထို့ ကြောင့် စက္ခုဝတ္ထုစသော ဝတ္ထုရုပ် ၆ ပါးသာလျှင် ဤဝတ္ထုပုရေဇာတသတ္တိရှိသည်။ (ပုရေဇာတဟူရာ၌ ပစ္စယုပ္ပန်တို့မဖြစ်မီ ရှေးဦးစွာ ဖြစ်ရုံမျှကို မမှတ်ရ, အတ္ထိပစ္စည်း၌ ပုရေဇာတတ္ထိဟု လာလတံ့ဖြစ်သောကြောင့် "ရှေးဦးစွာ ဖြစ်ပေါ်ဥပါဒ် ပြီး၍ အတ္ထိသဘောအားဖြင့် ဠီအခိုက်အတန့်၌ ထင်ရှားရှိနေသော မချုပ်သေးသောတရားကို ပုရေဇာတဟုမှတ် ယူရမည်) (သုံးချက်စုဘာဋီ ၁၉၆)

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| အတီတဘဝင်နှင့်အတူဖြစ်သော<br>စက္ခုဝတ္ထု<br>သောတဝတ္ထု<br>ဃာနဝတ္ထု<br>ဇိဝှါဝတ္ထု<br>ကာယဝတ္ထု | စက္ခုဝိညာဏ်စိတ် ၂<br>သောတဝိညာဏ်စိတ် ၂<br>ဃာနဝိညာဏ်စိတ် ၂<br>ဇိဝှါဝိညာဏ်စိတ် ၂<br>ကာယဝိညာဏ်စိတ် ၂ | အရူပဘုံ၌ ဖြစ်သော စိတ်+ စေတသိက် နှင့် ရုပ်အားလုံး |
| ပဋိသန္ဓေစသည့် ရှေးရှေးစိတ်နှင့် အတူဖြစ်သော, နိရောသမာပတ်မှ ထသောအခါ ရှေ့စိတ္တက္ခဏတစ်ချက်ခန့် ကာလ၌ ဖြစ်သော ဟဒယဝတ္ထု<br><br>သေခါနီးအခါ စုတိစိတ်မှ ပြန်၍ရေတွက်သော၁၇ချက်မြောက်စိတ်နှင့် အတူဖြစ်သော ဝတ္ထုရုပ် ၆-ပါး | မနောဓာတ် ၃၊<br>အရူပဝိပါက် ၄ ကြဉ်<br>မနောဝိညာဏဓာတ် ၇၂ | |

# ပစ္စယနိဒ္ဒေသပါဠိ

ပုရေဇာတပစ္စယောတိ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိတော် ပထမအုပ် ၆–၇)

ပုရေဇာတပစ္စယောတိ–ပုရေဇာတဟူသည်ကား၊ စက္ခာယတနံ–မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခာယတနသည်၊ စက္ခုဝိညာဏဓာတုယာ–စက္ခုဝိညာဏဓာတ်အားလည်းကောင်း၊ တံ သမ္ပယုတ္တကာနံ–ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ခု တို့အားလည်းကောင်း၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ (သောတ–ကာယ အတူတူ) (ပဋ္ဌာန်းပါဠိတော် နိဿ မိုးထိမူ ပထမအုပ် ၁၉–၂၀)

ယံရူပံ–အကြင်ဟဒယဝတ္ထုကို၊ နိဿာယ–မှီ၍၊ မနောဓာတုစ–မနောဓာတ်သည်လည်းကောင်း၊ မနောဝိညာဏဓာတုစ–အရူပဝိပါက်လေးခုကြဉ်သော မနောဝိညာဏဓာတ် ခုနှစ်ဆဲ့နှစ်ခုတို့သည်လည်း ကောင်း၊ ဣမေ–ဤမနောဓာတ် မနောဝိညာဓာတ်တို့သည်၊ ဝတ္တန္တိ–ဖြစ်ကုန်၏။ တံရူပံ–ထိုဟဒယဝတ္ထုသည်၊ မနောဓာတုယာစ–မနောဓာတ်အားလည်းကောင်း၊ တံသမ္ပယုတ္တကာနံ–ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–ဆန္ဒပီတိဝီရိယကြဉ်သော အညသမာန်းစေတသိက် တစ်ဆယ်တို့အားလည်းကောင်း၊ ပုရေဇာတ ပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ မနောဝိညာဏ ဓာတုယာစ–အရူပဝိပါက်လေးခုကြဉ်သော မနောဝိညာဏဓာတ်ခုနှစ်ဆဲ့နှစ်ခုတို့အားလည်းကောင်း၊ တံသမ္ပ ယုတ္တကာနံ–ထိုမနောဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–စေတသိက်ဒွေပညာသတို့အားလည်းကောင်း၊ ကိဉ္စိကာလေ–ပဝတ္တိကာလ၌၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ကိဉ္စိကာလေ–ပဋိသန္ဓေကာလ၌၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော– ကျေးဇူးပြုတတ်သည်၊ နဟောတိ–မဖြစ်။ (ပဋ္ဌာန်းပါဠိတော် နိဿ မိုးထိမူ ပထမအုပ် ၂၀–၂၁)

ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ

၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

ဤခဏ(၃၇)များ၌ဖြစ်သော ဖြစ်သော စက္ခုပသာဒရုပ်များ = မန္ဒာယုက

တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ

၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

အမန္ဒာယုက = ၁၁

မဇ္ဈိမာယုက

စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဏ်စိတ် ဥပါဒ်သည့်အခါ ၌အဖြစ်ဖြင့်တည်ရှိသော စက္ခုပသာဒပေါင်း ၄၉မျိုး ရှိသည်။ (စက္ခုဝိညာဏ်နှင့်အတူဖြစ်သော စက္ခုပသာဒနှင့် စက္ခုဝိညာဏ်ဖြစ်သည့်အခါ ပျက်မည့် စက္ခုပသာဒကို စက္ခုဝိညာဏ်နှင့် သက်ဆိုင်နိုင်သည်ဟု ယုံမှားစရာမရှိ၍ မယူရ၊ စက္ခုဝိညာဏ်မဖြစ်မီ ဖြစ်နှင့်ပြီး ၌အခိုက်မှာတည်ရှိသည့် စက္ခုပသာဒကသာ စက္ခုဝိညာဏ်ဖြစ်အောင် ကျေးဇူးပြုနိုင်သည်) ထိုလေးဆယ့်ကိုးမျိုးတွင် ပထမဆုံး အတီတဘဝင်နှင့်[၁] ပြိုင်တူ ဥပါဒ်သော စက္ခုပသာဒသည် စက္ခုဒွါရဝီထိ၏ အာရုံကို ထောက်ဆလျှင် ထိုအာရုံ၏ အရင်လည်းမချုပ် နောက်လည်းမကျ, ထိုအာရုံနှင့် တပြိုင်နက် ချုပ်ရမည် ဖြစ်သောကြောင့် မဇ္ဈိမာယုက စက္ခုပသာဒမည်၏။

အတီတဘဝင်၏ ရှေးဆဲ့သုံးခုမြောက်ဘဝင်၏ ဘင်မှစ၍ အတီတဘဝင်၏ ရှေ့ကပ်လျက် ဘဝင်၏ ဘင်တိုင်အောင် သုံးဆယ့်ခုနစ်ချက်သော စိတ္တက္ခဏတို့နှင့် အတူဥပါဒ်သော ပသာဒရုပ်တို့ကို ဒုတိယ တဒါရုံမချုပ်မီ ချုပ်နှင့်မည်ဖြစ်၍ အတီတဘဝင်နှင့် အတူဥပါဒ်သော ရူပါရုံစသည်အောက် အသက်တိုသောကြောင့် 'မန္ဒာယုက'ဟု ခေါ်သည်။

အတီတဘဝင်၏ ၌မှစ၍ ပဉ္စဒွါရာဝဇ္ဇန်း၏ ဘင်တိုင်အောင် ဆဲ့တစ်ချက်သော စိတ္တက္ခဏတို့နှင့် အတူဥပါဒ်သော ပသာဒရုပ်တို့ကို ဒုတိယတဒါရုံချုပ်ပြီးမှ ချုပ်ကြသည်ဖြစ်၍ အတီတဘဝင်နှင့် အတူဥပါဒ်သော ရူပါရုံစသည်ထက် အသက်ရှည်သောကြောင့် အမန္ဒာယုကဟု ခေါ်သည်။

(သုံးချက်စုဘာဋီ ၁၇၆၊ ပဋ္ဌာနသာရဝိဘာဝနီ ၁၂၈–၁၃၃)

---

၁ မဟာဋီကာရုံစသည်၌ အတီတဘဝင် နှစ်ကြိမ် သုံးကြိမ်ပါ၍ ပထမဆုံးအတီတဘဝင်ဟုဆိုသည်။

## ကာမဇောပဉ္စဒွါရဝီထိ

ဘ ဘ "တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ" ဘ ဘ ဘ
မဟာဝိပါက်–၈ ၁ ၂ ၂ ၃ ၁ အကု–၁၂၊ မဟာကု/ကြိ–၁၆ မဟာဝိ–၈
ဥပေက္ခာသန္တီရဏ–၂ ဟသိတုပ္ပါဒ်–၁ သန္တီရဏ–၃

ဘ ဘ ဘ ဘ" တီ န ဒ ပ စ/သော သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ ဘ ဘ ဘ
ရူပဝိ–၅၊ အကု–၁၀၊ မဟာကု/ကြိ–၁၆
ဟသိတုပ္ပါဒ်–၁

## မနောဒွါရဝီထိပုံများ

### ကာမဇောမနောဒွါရဝီထိ

ဘ ဘ "န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ" ဘ ဘ ဘ
မဟာဝိပါက်–၈ အကု–၁၂၊ မဟာကု/ကြိ–၈ မဟာဝိ–၈
ဥပေက္ခာသန္တီရဏ–၂ ဟသိတုပ္ပါဒ်–၁ သန္တီရဏ–၃

ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အာရုံ ၆–ပါး

ဘ ဘ "န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ ဘ ဘ
မဟာဝိပါက်–၈ အကု–၁၂၊ မဟာကု/ကြိ–၈
ဥပေက္ခာသန္တီရဏ–၂ ဟသိတုပ္ပါဒ်–၁
ရူပဝိ–၅၊ အရူပဝိ–၄

## အပ္ပနာဇောမနောဒွါရ

### အာဒိကမ္မိကဈာနဝီထိ

ဘ ဘ "န ဒ မ ပ ဥ နု ဂေါ ဈာန်" ဘ ဘ ဘ
မဟာကုကြိဉာသံ–၈ ရူပ/အရူပ ကုကြိ ၁၈

### ဈာနသမာပတ္တိဝီထိ

ဘ ဘ "န ဒ မ ပ ဥ နု ဂေါ ဈာန် ဈာန် များစွာ" ဘ ဘ
မဟာကုကြိဉာသံ–၈ ရူပ/အရူပ ကုကြိ ၁၈

### မဂ္ဂဝီထိ

ဘ ဘ "န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ်" ဘ ဘ
မဟာကုဉာသံ–၄ မဂ်–၄ ဖိုလ်–၄

**ဖလသမာပတ္တိဝီထိ**

ဘ ဘ “န ဒ မ နု နု နု နု ဖိုလ် ဖိုလ် များစွာ” ဘ ဘ

မဟာကုကြိုဉာဏ်–၈ ဖိုလ်–၄

**အဘိညာဝီထိ**

ဘ ဘ “န ဒ မ ပ ဥ နု ဂေါ ဘိ ” ဘ ဘ ဘ

မဟာကုကြိ ဉဉာဏ်–၄ ရူပကုကြိ မဈျန်–၂

**နိရောဓသမာပတ္တိဝီထိ**

ဘ ဘ “န ဒ မ ပ ဥ နု ဂေါ ဈာန် ဈာန် (နိရောဓ) ဖိုလ် ဘ

မဟာကုကြိ ဉဉာဏ်–၄ နေဝသညာ အနာဂါမိဖိုလ်
နာသညာယတန အရဟတ္တဖိုလ်
ကု/ကြိ ဈာန်

## ပစ္စယနိဒ္ဒေသပါဠိ

ပုရေဇာတပစ္စယောတိ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

စက္ခာယတနံဟူသော ကတ္တားပါဠ်ဖြင့် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထုပစ္စည်းတရားကို ပြတော်မူ၏။ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံဟူသော သမ္ပဒါန်ပါဌ်ဖြင့် စက္ခုဝိညာဏ်ဒွေး, သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနှစ်ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ နိဿယပစ္စယေန ဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော ပုရေဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် ပုရေဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသကို ပြတော်မူ၏။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

'ယံရူပံ' ဟူသော ပါဌ်ဖြင့် အနိယမအားဖြင့် ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားကို ပြတော်မူ၏။ 'မနောဓာတု စ မနောဝိညာဏဓာတု စ' ဟူသော ပါဌ်ဖြင့် မနောဓာတ်သုံးခု အရူပဝိပါက်လေးခုကြဉ်သော မနောဝိညာဏဓာတ် ခုနှစ်ဆဲ့နှစ်ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ 'တံရူပံ' ဟူသော ကတ္တားပါဌ်ဖြင့် နိယမအားဖြင့် ယံရူပံဟူသော ပါဌ်ဖြင့် မှတ်အပ်ပြီးသော ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားကို ပြတော်မူ၏။ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် မနောဓာတ်သုံးခု အရူပဝိပါက်လေးခု

ကြဉ်သော မနောဝိညာဏဓာတ် ခုနစ်ဆဲ့နှစ်ခု စေတသိက်ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ နိဿယပစ္စယေနဟူသော ကရိဏ်းပါဋ်ဖြင့် တပြိုင်နက် ယထာရဟတပ်ကောင်းသော နိဿယ အာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ငါးပစ္စယသတ္တိတို့တွင် ပုရေဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပြဟန်ကို ပြတော်မူ၏။

(ပဋ္ဌာန်းသိပ္ပံနည်းပြ ၈၁–၈၂)

## ပုရေဇာတ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။

ဝတ္ထုပုရေဇာတံ – စက္ခာယတနံ စက္ခုဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ ဃာနာယတနံ ဃာနဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ ဇိဝှါယတနံ ဇိဝှါဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ ဝတ္ထု ဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။

ဝတ္ထုပုရေဇာတံ – ဝတ္ထု ကုသလာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။

ဝတ္ထုပုရေဇာတံ – ဝတ္ထု အကုသလာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။

(ပဋ္ဌာန ပါ ပ ၁၅၂)

## ဗျာ ဗျာ နိဿယ

အဗျာကတော–သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ ပုရေဇာတပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

ပုရေဇာတံ–ပုရေဇာတပစ္စည်းသည်၊ အာရမ္မဏပုရေဇာတံ–အာရမ္မဏပုရေဇာတလည်းကောင်း၊ ဝတ္ထုပုရေဇာတံ–ဝတ္ထုပုရေဇာတလည်းကောင်း၊ ဣတိ–ဤသို့၊ ဒုဝိဓံ–နှစ်ပါးအပြားရှိ၏။ တေသု–ထိုနှစ်ပါးတို့တွင်၊ ဝတ္ထု ပုရေဇာတံ–ဝတ္ထုပုရေဇာတကို၊ ဧဝံ–ဤသို့၊ ဒဋ္ဌဗ္ဗံ–မှတ်အပ်၏။

စက္ခာယတနံ–စက္ခာယတနသည်၊ စက္ခုဝိညာဏဿ–စက္ခုဝိညာဏ်အား၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ သောတာယတနံ–သောတာယတနသည်၊ သောတဝိညာဏဿ–သောတဝိညာဏ်အား၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြု သည်၊ ဟောတိ–ဖြစ်၏။ ဃာနာယတနံ–ဃာနာယတနသည်၊ ဃာနဝိညာဏဿ–ဃာနဝိညာဏ်အား၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ဇိဝှါယတနံ–ဇိဝှါယတနသည်၊ ဇိဝှါဝိညာဏဿ–ဇိဝှါဝိညာဏ်အား၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ကာယာယတနံ–ကာယာယတနသည်၊ ကာယဝိညာဏဿ–ကာယဝိညာဏ်အား၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဝတ္ထု–ဟဒယဝတ္ထုသည်၊ ဝိပါကာဗျာကတာနံ–ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ကြိယာအဗျာကတာနံ–ကြိယာအဗျာကတဖြစ်ကုန်သော၊ ခန္ဓာနံ–နာမက္ခန္ဓာတို့အား၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

## ဗျာ ကု နိဿယ

အဗျာကတော–သော၊ ဓမ္မော–တရားသည်၊ ကုသလဿ–သော၊ ဓမ္မဿ–အား၊ ပုရေဇာတပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

ပုရေဇာတံ–ပုရေဇာတပစ္စည်းသည်၊ အာရမ္မဏပုရေဇာတံ–အာရမ္မဏပုရေဇာတလည်းကောင်း၊ ဝတ္ထုပုရေဇာတံ–ဝတ္ထုပုရေဇာတလည်းကောင်း၊ ဣတိ–ဤသို့၊ ဒုဝိဓံ–နှစ်ပါးအပြားရှိ၏။ တေသု–ထိုနှစ်ပါးတို့တွင်၊ ဝတ္ထုပုရေဇာတံ–ဝတ္ထုပုရေဇာတကို၊ ဧဝံ–ဤသို့၊ ဒဋ္ဌဗ္ဗံ–မှတ်အပ်၏။

ဝတ္ထု–ဟဒယဝတ္ထုသည်၊ ကုသလာနံ–ကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာနံ–ပဥ္စဝေါကာရနာမက္ခန္ဓာတို့အား၊ ပုရေဇာတပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

## ဗျာ အကု နိဿယ

အဗျာကတော–သော၊ ဓမ္မော–တရားသည်၊ အကုသလဿ–သော၊ ဓမ္မဿ–အား၊ ပုရေဇာတပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

ပုရေဇာတံ–ပုရေဇာတပစ္စည်းသည်၊ အာရမ္မဏပုရေဇာတံ–အာရမ္မဏပုရေဇာတလည်းကောင်း၊ ဝတ္ထုပုရေဇာတံ–ဝတ္ထုပုရေဇာတလည်းကောင်း၊ ဣတိ–ဤသို့၊ ဒုဝိဓံ–နှစ်ပါးအပြားရှိ၏။ တေသု–ထိုနှစ်ပါးတို့တွင်၊ ဝတ္ထုပုရေဇာတံ–ဝတ္ထုပုရေဇာတကို၊ ဧဝံ–ဤသို့၊ ဒဋ္ဌဗ္ဗံ–မှတ်အပ်၏။

ဝတ္ထု–ဟဒယဝတ္ထုသည်၊ အကုသလာနံ–အကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာနံ–ပဥ္စဝေါကာရနာမက္ခန္ဓာတို့ အား၊ပုရေဇာတပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

(မိုးထိ နိ ပ ၄၂၂–၄၂၄)

## ပုရေဇာတပစ္စယော(ပဉ္စဝါရ))

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
| အပေါင်း | | | ဆဝတ္ထု | ပဉ္စဝေါကာရ(အရူပဝိပါက်ကြဉ်) သတ္တဝိညာဏဓာတ် | | | | |
| သင်္ချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိဏ်း | ပေါင်း |
| ၁ | ဗျာ | ဗျာ | ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဆဝတ္ထု | ဝိ ၃၂၊ ကြိ ၂၀၊ စေ ၃၅ | တ | ယ | ပု.နိ.ဏ္ဍံ.ဝိပ်. တ္ထိ.အဝိ | ၆ |
| ၂ | ဗျာ | ကု | ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု | ကု ၂၁ စေ ၃၈ | တ | | ပု.နိ.ဝိပ်. တ္ထိ.အဝိ | ၅ |
| ၃ | ဗျာ | အကု | ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု | အကု ၁၂ စေ ၂၇ | တ | | ပု.နိ.ဝိပ်. တ္ထိ.အဝိ | ၅ |

### ဗျာ ဗျာ အရကောက်

အဗျာကတော ဓမ္မော ဟူသောကတ္တားပါဋ္ဌ်အရကား စက္ခုဝိညာဏ်ဒွေးအားတပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု, (လ) ကာယဝိညာဏ်ဒွေးအားတပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ကာယဝတ္ထု, ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဥ္စဝိညာဏ် ၁၀-ကြဉ်သော ပဌမဘဝင် အစရှိသော နောက်နောက်သော ဝိပါက်ဗာဝီသ, ကြိယာဝီသအားတပ်သော ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။

အဗျာကတဿ ဓမ္မဿဟူသော သမ္ပဒါန်ပါဋ္ဌ်အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု ကြဉ်သော ပဌမဘဝင် အစရှိသော နောက်နောက်သော ဝိပါက်ဗာတ္တိံသ, ကြိယာဝီသ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ပုရေဇာတပစ္စယေန ဟူသော ကရိဏ်းပါဋ္ဌ်အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ပုရေဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် ပုရေဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

## ဗျာ ကု အရကောက်

အဗျာကတော ဓမ္မော ဟူသောကတ္တားပါဌ်အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော ကုသိုလ်စိတ် ဇကေဝီသအားတပ်သော ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။

ကုသလဿ ဓမ္မဿဟူသော သမ္ပဒါန်ပါဌ်အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော ကုသိုလ်စိတ် ဇကေဝီသနမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ပုရေဇာတပစ္စယေန ဟူသော ကရိဏ်းပါဌ်အရကား တပြိုင်နက်တပ်ကောင်းသော ပုရေဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် ပုရေဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

## ဗျာ အကု အရကောက်

အဗျာကတော ဓမ္မော ဟူသောကတ္တားပါဌ်အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော အကုသိုလ်စိတ် ဒွါဒသအားတပ်သော ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။

အကုသလဿ ဓမ္မဿဟူသော သမ္ပဒါန်ပါဌ်အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သော အကုသိုလ်စိတ် ဒွါဒသနမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ပုရေဇာတပစ္စယေန ဟူသော ကရိဏ်းပါဌ်အရကား တပြိုင်နက်တပ်ကောင်းသော ပုရေဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် ပုရေဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ပဋ္ဌာန်းသိပ္ပံနည်းပြ ၄၁–၄၂)

## ဣန္ဒြိယပစ္စယော

လွန်စွာအုပ်စိုးတတ်သောကြောင့် ဣန္ဒြိယမည်၏။ စက္ခုပသာဒရုပ် ကြည်လင်လေ စက္ခုဝိညာဉ်က ရူပါရုံကို အမြင်သန်လေဖြစ်၏။ မည်မျှပင် ကြည့်ချင်အား ကြီးသော်လည်း စက္ခုပသာဒက ညှံ့ဖျင်းနေလျှင် ဒဿနကိစ္စ(မြင်ခြင်း)လည်း အားသေးရတော့၏။ ထို့ကြောင့် စက္ခုပသာဒသည် ဒဿနကိစ္စ၌ အစိုးရပေသည်။ ဤသို့လျှင် ဆိုင်ရာကိစ္စ၌ မိမိအလိုအတိုင်း ဖြစ်ရအောင် ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သော သတ္တိသည် ဣန္ဒြိယပစ္စည်းမည်၏။ ဥပမာ–ပြည်ထဲရေးအမတ် ပညာရေးအမတ်စသော မူးမတ်တို့သည် မိမိ ဆိုင်ရာကိစ္စ၌ အစိုးရကြသကဲ့သို့တည်း။

## ဣန္ဒြေ ၂၂–ပါး

၁။ စက္ခုန္ဒြေ–စက္ခုပသာဒ
၂။ သောတိန္ဒြေ–သောတပသာဒ
၃။ ဃာနိန္ဒြေ–ဃာနပသာဒ
၄။ ဇိဝှိန္ဒြေ–ဇိဝှါပသာဒ
၅။ ကာယိန္ဒြေ–ကာယပသာဒ
၆။ ဣတ္ထိန္ဒြေ–ဣတ္ထိဘာဝရုပ်
၇။ ပုရိသိန္ဒြေ–ပုရိသဘာဝရုပ်
၈။ ဇီဝိတိန္ဒြေ–ဇီဝိတရုပ်နှင့် ဇီဝိတိန္ဒြေစေတသိက်
၉။ မနိန္ဒြေ–စိတ် ၈၉–ပါး
၁၀။ သုခိန္ဒြေ–သုခသဟဂုတ်ကာယဝိညာဏ်စိတ် ၌ယှဉ်သော ဝေဒနာ
၁၁။ ဒုက္ခိန္ဒြေ–ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ် ၌ယှဉ်သော ဝေဒနာ
၁၂။ သောမနဿိန္ဒြေ–သောမနဿသဟဂုတ်စိတ် ၆၂–ပါး၌ ယှဉ်သော ဝေဒနာ
၁၃။ ဒေါမနဿိန္ဒြေ–ဒေါသမူဒွေး၌ယှဉ်သောဝေဒနာ
၁၄။ ဥပေက္ခိန္ဒြေ–ဥပေက္ခာသဟဂုတ်စိတ် ၅၅–ပါး၌ ယှဉ်သော ဝေဒနာ
၁၅။ သဒ္ဓိန္ဒြေ–သောဘဏစိတ်၌ယှဉ်သော သဒ္ဓါ
၁၆။ ဝီရိယိန္ဒြေ–ဝီရိယယှဉ်သည့်စိတ် ၇၃–ပါး၌ ရှိသော ဝီရိယ
၁၇။ သတိန္ဒြေ–သောဘဏစိတ်၌ယှဉ်သော သတိ
၁၈။ သမာဓိန္ဒြေ–ဝီရိယမယှဉ်သည့်စိတ် ၁၆–ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်ကြဉ်သော စိတ် ၇၂–ပါးရှိ ဧကဂ္ဂတာစေတသိက်
၁၉။ ပညိန္ဒြေ–တိဟိတ်စိတ် ၄၇–ပါးရှိ ပညာ
၂၀။ အနညာတညဿာမီတိန္ဒြေ– သောတာပတ္တိမဂ်စိတ် ရှိပညာ
၂၁။ အညိန္ဒြေ–အထက်မဂ်–၃ပါး၊ အောက်ဖိုလ်–၃ ရှိ ပညာ
၂၂။ အညာတာဝိန္ဒြေ–အရဟတ္တဖိုလ်၌ရှိသော ပညာ

**ဣန္ဒြိယ သုံးမျိုး**

၁။ သဟဇာတိန္ဒြိယ
၂။ ပုရေဇာတိန္ဒြိယ
၃။ ရူပဇီဝိတိန္ဒြိယ

## ပုရေဇာတိန္ဒြိယ

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| စက္ခုဝတ္ထု သောတ– ဃာန– ဇိဝှါ– ကာယဝတ္ထု | ဒွေပဉ္စဝိညာဏ် ၁၀၊ သဗ္ဗစိတ္တသာဓာရဏစေ ၇၊ | ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ် စိတ် ၇၉၊ စေ ၅၂၊ ရုပ်အားလုံး |

**ပုရေဇာတိန္ဒြိယ**။ ။ စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဏ်သည် စက္ခုဝတ္ထုကို မှီရ၏။ ထိုစက္ခုဝတ္ထုသည် စက္ခုဝိညာဉ်မဖြစ်မီ ဖြစ်နှင့်သောကြောင့် ပုရေဇာတလည်းဟုတ်၏။ ဒဿနကိစ္စ၌ အစိုးရသည့်အတွက် ဣန္ဒြိယလည်းဟုတ်၏။ ထို့ကြောင့် ပုရေဇာတိန္ဒြိယ သတ္တိရှိ၏။ သောတ ဃာန ဇိဝှါ ကာယ ဝတ္ထုများလည်း ဤနည်းပင်တည်း။

စက္ခုဝိညာဉ်မဖြစ်မီ ဖြစ်နှင့်၍ ဌီသို့ရောက်သော စက္ခုဝတ္ထုသည် ပစ္စည်း, စက္ခုဝိညာဉ်နှင့် သဗ္ဗစိတ္တသာဓာရဏ ၇ ခုသည် ပစ္စယုပ္ပန်, ဤသို့စသည်ဖြင့် ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ဟန်ကို သိရာ၏။

## ပစ္စယနိဒ္ဒေသပါဠိ

ဣန္ဒြိယပစ္စယောတိ စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

(ပဋ္ဌာန ပါဠိ ပ ၇–၈)

ဣန္ဒြိယပစ္စယောတိ–ဣန္ဒြိယပစ္စယောဟူသည်ကား၊ စက္ခုန္ဒြိယံ–မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုန္ဒြေသည်၊ စက္ခုဝိညာဏဓာတုယာစ–စက္ခုဝိညာဏဓာတ်အားလည်းကောင်း၊ တံ သမ္ပယုတ္တကာနံ–ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနှစ်ခုတို့အားလည်းကောင်း၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(သောတိန္ဒြိယံ စသည် တူပြီ)

(မိုးထိ ပ ၂၃)

စက္ခုန္ဒြိယံဟူသော ကတ္တားပါဌ်ဖြင့် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုန္ဒြေ ပစ္စည်းတရားကို ပြတော်မူ၏။ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံဟူသော သမ္ပဒါန်ပါဌ်ဖြင့် စက္ခုဝိညာဏ်ဒွေး, သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနှစ်ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ဣန္ဒြိယပစ္စယေန ဟူသော ကရိဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော ပုရေဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် ဣန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသကို ပြတော်မူ၏။

## ပဉ္ဇာဝါရပါဠိ
## ဣန္ဒြိယပစ္စယော

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ စက္ခုန္ဒြိယံ စက္ခုဝိညာဏဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ သောတိန္ဒြိယံ သောတဝိညာဏဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ ဃာနိန္ဒြိယံ ဃာနဝိညာဏဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ ကာယိန္ဒြိယံ ကာယဝိညာဏဿ ဣန္ဒြိယပစ္စယေန ပစ္စယော။

(ပဋ္ဌာန ပါဠိ ပ ၁၅၆)

## ဗျာ ဗျာ နိဿယ

အဗျာကတော–သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ ဣန္ဒြိယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

စက္ခုန္ဒြိယံ–မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုန္ဒြေသည်၊ စက္ခုဝိညာဏဿ–စက္ခုဝိညာဏ်ဒွေးအား၊ ဣန္ဒြိယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

(သောတိန္ဒြိယံ စသည် တူပြီ)

(မိုးထိ ပ ၄၃၄)

ကတ္တာပုဒ်၏အရကား စက္ခုဝိညာဏ်ဒွေးအားတပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုန္ဒြေ။ ပ ။ကာယိန္ဒြေပစ္စည်းတရားရ၏။ သမ္ပဒါန်ပုဒ်အရကား ဒွေပဉ္စဝိညာဏ်တစ်ဆယ်၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနှစ်ခု ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းပါဌ်အရကား တပြိုင်နက်တပ်ကောင်းသော ပုရေဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် ပုရေဇာတိန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

(ပဋ္ဌာန်းအရကောက် ၄၃၆)

## ဝတ္ထုပုရေဇာတမျိုး ၆–ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ဝတ္ထုပုရေဇာတ | ဆဝတ္ထု | ပဋ္ဌဝေါ– အရူပဝိကြဉ် သတ္တဝိညာဓာတ် | ပု နိ ဝိ တ္ထိ အဝိ |
| ပုရေဇာတိန္ဒြိယ | ပဥ္စဝတ္ထု | ဒွေပဥ္စဝိညာဏ် ၁၀ | ပု နိ ဣံ ဝိ တ္ထိ အဝိ |

## ဝတ္ထုပုရေဇာတမျိုးသချာ

ဝတ္ထုပုရေဇာတ ဝတ္ထုပုရေဇာတနိဿယ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ ဝတ္ထုပုရေဇာတတ္ထိ ဝတ္ထုပုရေဇာတ အဝိဂတ တို့၌ သချာ တီဏိ(၃)ချည်း ဖြစ်သည်။ သချာလည်း တူသည်။ ဗျာ ဗျာ၊ ဗျာ ကု၊ ဗျာ အကု တို့ဖြစ်သည်။

ပုရေဇာတိန္ဒြိယ၌ ဗျာ ဗျာ ဟု သချာ ဧကံ(၁) ဖြစ်သည်။

## ဝတ္ထုပုရေဇာတမျိုး ပစ္စည်းပြိုင်ပုံ

၁။ အကြောင်းတရားသည် စက္ခု သောတ ဃာန ဇိဝှါ ကာယဖြစ်အံ့, နိဿယ ပုရေဇာတ ဣန္ဒြိယ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ခြောက်ပစ္စည်း ပြိုင်ရသည်။
၂။ အကြောင်းတရားသည် ဟဒယဝတ္ထုဖြစ်အံ့, နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ငါးပစ္စည်း ပြိုင်ရသည်။

## ပဋ္ဌာဇာတပစ္စယော

ပစ္စယုပ္ပန်တရားတို့၏ နောက်မှဖြစ်၍ ရှေးကဖြစ်နှင့်သော ပစ္စယုပ္ပန်တရားတို့ကို ထောက်ပန့် ကူညီတတ်သော သတ္တိသည် ပစ္ဆာဇာတပစ္စည်းမည်၏။ လင်းတကြီးတို့သည် အစာအဟာရကို မိမိတို့သာ ရှာဖွေစားသောက်၍ အသိုက်၌ ကျန်ရစ်သော လင်းတကလေးများအတွက် ယူဆောင်လာရိုးမရှိဘူးတဲ့၊ လင်းတကလေးတို့မှာကား မိဘတို့ပြန်လာလျှင် မိမိတို့အတွက် အစာ ပါနိုးနိုးဖြင့် မြှော်ကိုး တောင့်တကြ ရှာသတဲ့။ ဤသို့ အစာအာဟာရ၌ မြှော်ကိုးတောင့်တသော မြှော်လင့်ချက်က လင်းတငယ်တို့၏ကိုယ်ကို ထောက်ပန့်ထားသည့်အတွက်ကြောင့် လင်းတငယ်တို့၏ ကိုယ်သည် အတောင်အလက်စုံ၍ ကိုယ်တိုင်အစာရှာနိုင်သည့်ကာလတိုင်အောင် တည်တန့်နိုင်လေသည်။ နောက်မှဖြစ်သော စိတ်သည် မိမိ မဥပါဒ်မီ ရှေးဦးစွာ ဖြစ်၍ ဌီအခိုက်သို့ရောက်နှင့်သော ခန္ဓာကိုယ်ရှိ ရုပ်အပေါင်းအား မိမိ ဥပါဒ်သည့်အခါ ပစ္ဆာဇာတသတ္တိဖြင့် ထောက်ပန့်သည်။

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက် ၄–ခုကြဉ် ပထမဘဝင်အစရှိသော နောက်နောက်သော စိတ်–၈၅ စေ–၅၂ | ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယ | စိတ် ၈၉၊ စေ ၅၂၊ ဥပါဒ်ဆဲရုပ်၊ အသညသတ်ဘုံရုပ် |

ဧကဇကာယ–အကြောင်းတခုကြောင့်ဖြစ်သောရုပ်အပေါင်း (ကမ္မဇရုပ်)
ဒွိဇကာယ–အကြောင်းနှစ်ခုကြောင့်ဖြစ်သောရုပ်အပေါင်း (ကမ္မဇရုပ်, ဥတုဇရုပ်)
တိဇကာယ–အကြောင်းသုံးခုကြောင့်ဖြစ်သောရုပ်အပေါင်း (ကမ္မဇရုပ်, ဥတုဇရုပ်, စိတ္တဇရုပ်)
စတုဇကာယ–အကြောင်းလေးခုကြောင့်ဖြစ်သောရုပ်အပေါင်း (ကမ္မဇရုပ်, ဥတုဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်)

ကာမဘုံ၌ နိရောဓသမာပတ်ဝင်စားချိန်မှတပါး စတုဇကာယ (ကံ, စိတ်, ဥတု, အာဟာရ) အမြဲရှိသည်။ ဗြဟ္မာဘုံ၌ တိဇကာယ,သာ (ကံ, စိတ်, ဥတု) အမြဲရှိသည်။

ဇဇဇဇဇ စုတိ – ပဋိသန္ဓေ ဘ ဘ ဘ ၁၅ / ၁၆ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ ဘ ဘ

ဝ ဝ ဝ ဝ ဝ ဝ ဝဝဝ

ကမ္မဇ ဥတုဇ စိတ္တဇ

ဧကဇ ဒွိဇ တိဇ

၂ပတ်ခန့် အာဟာရဇစဖြစ် (စတုဇ)

ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ

ဝဝဝ

## ပစ္ဆာဇာတပစ္စည်းက ဥပတ္ထမ္ဘကသတ္တိဖြစ်ပုံ

ဆိုင်ရာပစ္စယုပ္ပန်တရားတို့အား ပစ္စည်းတရားတို့က ကျေးဇူးပြုရာ၌ ၁–ဇနကသတ္တိ ၂–ဥပတ္ထမ္ဘကသတ္တိ ၃–ဇနကောပတ္ထမ္ဘကသတ္တိအားဖြင့် သတ္တိသုံးမျိုးတွင် တစ်မျိုးမျိုးဖြင့် ကျေးဇူးပြု၏။ ဤပစ္ဆာဇာတပစ္စည်းကား ဥပတ္ထမ္ဘကသတ္တိရှိ၏။ ဆိုင်ရာအကြောင်းတို့ကြောင့် ဖြစ်ပြီးသော ရုပ်တရားတို့အား ထောက်ပံ့အားပေးသောအားဖြင့် ကျေးဇူးပြုလေသည်။ ဥပမာ–မျိုးစေ့ကြောင့် ပေါက်လာသော သစ်ပင်သည် ရေဖြင့် ထပ်မံ၍ ထောက်ပန့်ခြင်းမရှိက စည်ပင်ကြီးမား ထွားကြိုင်းခြင်းမရှိဘဲ မကြာမီ ပျက်စီးရသကဲ့သို့လည်းကောင်း ကံလျှင်အရင်းခံ၍ မိဘတို့၏ သုက်သွေးကြောင့် ဖြစ်ရသော သူငယ်သည် နို့ချိုတိုက်ကျွေး အားပေးထောက်ပံ့ခြင်း မရှိက အသက်မရှည်နိုင် သကဲ့သို့လည်းကောင်း ထို့အတူ ကံကြောင့်ဖြစ်ရသော ကမ္မဇရုပ်တို့သည် မိမိတို့ချုပ်သည့်အခါ အလားတူရုပ်အစဉ် ဖြစ်ဘို့ရာ ကျေးဇူးပြုသွားကြ၏။ ထိုကဲ့သို့ ကျေးဇူးပြုရာ၌ စိတ်တို့က ပစ္ဆာဇာတသတ္တိဖြင့် ထောက်ပံ့ပေးမှသာ အားရှိကြသဖြင့် ဆက်ကာဆက်ကာ ကျေးဇူးပြုနိုင်ကြလေသည်။ စိတ္တဇ ဥတုဇ အာဟာရဇ ရုပ်အစဉ်များ၏ ရူပပဝတ္တိက္ကမကိုလည်း ထိုက်သင့်သမျှ တာရှည်အောင် စိတ်,စေတသိက်တို့က ထောက်ပံ့ပေးလေသည်။ ဤသို့လျှင် နောက်နောက်စိတ်တို့က ဖြစ်နှင့်ပြီးသောရုပ်တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုခြင်းသည် ရုပ်အစဉ်အဆက်ကို တာရှည်စွာ တည်တန့်စေခြင်း အကျိုးရှိပါသည်။

**မှတ်ချက်**။ အသညသတ်ဘုံ၌ ပစ္ဆာဇာတ အထောက်အပံ့ မရဘဲ တာရှည်စွာ ဆက်လက်နေနိုင်ရကား ဤပစ္ဆာဇာတအတွက် ရုပ်အစဉ်မှာ ပိုမို၍ အားတက်သည်–ဟုသာမှတ်ပါ။ အထောက်အပန့် မရလျှင် လုံး၀ အားမရှိ–ဟု မမှတ်ရ။

(သုံးချက်စု ဘာဋီ ၂၀၁–၀၂၈)

## ပစ္စယနိဒ္ဒေသပါဠိ

ပစ္ဆာဇာတပစ္စယောတိ ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ (ပဋ္ဌာနပါဠိ ပ ၇)

ပစ္ဆာဇာတပစ္စယောတိ–ပစ္ဆာဇာတပစ္စယောဟူသည်ကား၊ ပစ္ဆာ–နောက်၌၊ ဇာတာ–ဖြစ်ကုန်သော၊ စိတ္တစေတသိကာ–စိတ်စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ–ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက် ၄–ခုကြဉ်သော စိတ်–၈၅ ခု စေတသိက်ဒွေပဉ္စာသ နာမက္ခန္ဓာတို့သည်၊ ပုရေ–ပစ္စည်းတရားဖြစ်သည်မှ ရှေး၌၊ ဇာတဿ–ဖြစ်သော၊ ဣမဿ–ဤသို့သဘောရှိသော၊ ကာယဿ–ဧကဇ, ဒွိဇ, တိဇ, စတုဇကာယအား၊ ပစ္ဆာဇာတပစ္စယေန–ပစ္ဆာဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိ ပ ၂၁)

"ပဋ္ဌာဇာတာစိတ္တစေတသိကာဓမ္မာ"ဟူသော ကတ္တားပါဠ်ဖြင့် ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခု ကြဉ်သော ပဋိသန္ဓေအစရှိသော နောက်ဖြစ်သောစိတ် ၈၅-ခု စေတသိက်ဒွေပညာသပစ္စည်းတရားကို ပြတော်မူ၏။ "ပုရေဇာတဿ ဣမဿ ကာယဿ"ဟူသော သမ္ပဒါန်ပါဠ်ဖြင့် ပဋိသန္ဓေအစရှိသော ရှေးဖြစ်သောစိတ်နှင့် အတူဥပါဠ်၍ ရုပ်၏ဌီသို့ရောက်သော[၁] ဧကဇ ဒွိဇ တိဇ စတုဇကာယ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

**အကျယ်တနည်းကား** -

ပဋိသန္ဓေနာမက္ခန္ဓာနှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကမ္မဇရုပ်ဟုဆိုအပ်သော ဧကဇကာယ အားတပ်သော ပဋိမဘဝင်နာမက္ခန္ဓာ။ **တနည်းကား** - ကမ္မဇရုပ် ဥတုဇရုပ်ဟုဆိုအပ်သော ဒွိဇကာယအားတပ်သော ပထမဘဝင်နာမက္ခန္ဓာ၊ ပထမအစရှိသော ရှေးရှေးသော ဘဝင်နာမက္ခန္ဓာနှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇကာယအားတပ်သော ဒုတိယအစရှိသော နောက်နောက်သော ဘဝင်နာမက္ခန္ဓာ၊ အာဟာရဇရုပ် ဥပါဒ်သောအခါ ရှေးဖြစ်သောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော စတုဇကာယအားတပ်သော အမှတ်မဲ့နောက်ဖြစ်သော နာမက္ခန္ဓာ၊ ပဉ္စဝေါကာရဘဝင် တစ်ဆဲ့ငါးခုနှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇ စတုဇကာယ[၂]အားတပ်သော အာဝဇ္ဇန်းဒွေး၊ ပဉ္စဒွါရာဝဇ္ဇန်းနှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇကာယ စတုဇကာယအားတပ်သော ပဉ္စဝိညာဏ်နာမက္ခန္ဓာ၊ ပဉ္စဝိညာဏ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဒွိဇကာယ, တိဇကာယ[၃]အားတပ်သော သမ္ပဋိစ္ဆိုန်း နာမက္ခန္ဓာ ပစ္စည်းတရားရ၏။

"ပဋ္ဌာဇာတပစ္စယေန"ဟူသောကရိဏ်းပါဠ်ဖြင့် တပြိုင်နက်တပ်ကောင်းသော ပဋ္ဌာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤလေးပစ္စယသတ္တိတို့တွင် ပဋ္ဌာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

(ပဋ္ဌာန်းအရကောက် ၃၈-၃၉)

---

၁ ဥပါဒ်ခဏ၌ ကျေးဇူးမပြု၊ ဌီခဏသို့ရောက်မှ ကျေးဇူးပြုသောကြောင့် 'ရုပ်၏ဌီသို့ရောက်သော"ဟု ဆိုသည်။

၂ ရူပါဝစရကို ရည်၍ တိဇ၊ ကာမာဝစရကို ရည်၍ စတုဇဟုဆိုသည်။

၃ ပဉ္စဝိညာဏ်က စိတ္တဇရုပ် ထုတ်မပေးနိုင်၍ စိတ္တရုပ်မပါ။ ရူပါဝစရကို ရည်၍ ဒွိဇ၊ ကာမာဝစရကို ရည်၍ တိဇဟုဆိုသည်။

## ပဥ္စာဝါရပါဠိ

ပစ္ဆာဇာတပစ္စယော

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ အကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ ဝိပါကာဗျာကတာကြိယာဗျာကတာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

(ပဋ္ဌာနပါဠိ-၁၃၅)

ကုသလော-သော၊ ဓမ္မော-သည်၊ အဗျာကတဿ-သော၊ ဓမ္မဿ-အား၊ ပစ္ဆာဇာတပစ္စယေန-ဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-၏။ ပစ္ဆာဇာတာ-နောက်၌ဖြစ်ကုန်သော၊ ကုသလာ-ကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ-ပဉ္စဝေါကာရနာမက္ခန္ဓာတို့သည်၊ ပုရေဇာတဿ-ရှေး၌ဖြစ်သော၊ ဣမဿ-ဤသို့သဘောရှိသော၊ ကာယဿ-တိဇကာယ စတုဇကာယအား၊ ပစ္ဆာဇာတပစ္စယေန-ဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-၏။

အကုသလော-သော၊ ဓမ္မော-သည်၊ အဗျာကတဿ-သော၊ ဓမ္မဿ-အား၊ ပစ္ဆာဇာတပစ္စယေန-ဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-၏။ ပစ္ဆာဇာတာ-နောက်၌ဖြစ်ကုန်သော၊ အကုသလာ-အကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ-ပဉ္စဝေါကာရနာမက္ခန္ဓာတို့သည်၊ ပုရေဇာတဿ-ရှေး၌ဖြစ်သော၊ ဣမဿ-ဤသို့သဘောရှိသော၊ ကာယဿ-တိဇကာယ စတုဇကာယအား၊ ပစ္ဆာဇာတပစ္စယေန-ဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-၏။

အဗျာကတော-သော၊ ဓမ္မော-သည်၊ အဗျာကတဿ-သော၊ ဓမ္မဿ-အား၊ ပစ္ဆာဇာတပစ္စယေန-ဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-၏။ ပစ္ဆာဇာတာ-နောက်၌ဖြစ်ကုန်သော၊ ဝိပါကာဗျာကတာ-ဝိပါက်အဗျာကတ ဖြစ်ကုန်သော၊ ကြိယာအဗျာကတာ-ကြိယာအဗျာကတဖြစ်ကုန်သော၊ ခန္ဓာ-အရူပဝိပါက် လေးခုကြဉ် သော ပဉ္စဝေါကာရ နာမက္ခန္ဓာတို့သည်၊ ပုရေဇာတဿ-ရှေး၌ဖြစ်သော၊ ဣမဿ-ဤသို့သဘောရှိသော၊ ကာယဿ-ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယအား၊ ပစ္ဆာဇာတပစ္စယေန-ဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-၏။ (မိုးထိ ပ ၄၂၅)

ဇဇဇဇ စုတိ ပဋိသန္ဓေ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ ဘ - ၁၅/၁၆ မ ဇဇဇဇဇဇဇ ဘဘဘ
၀ ၀ ၀ ၀ ၀ ၀ ၀ ၀ ၀

ဘ ဘ ဘ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ
၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

## ကာမဇောပဉ္စဒွါရဝီထိ

ဘ ဘ “တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ” ဘ ဘ

၀၀၀[၁] ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

မဟာဝိပါက်–၈ ၁ ၂ ၂ ၃ ၁ အကု–၁၂၊ မဟာကု/ကြိ–၁၆ မဟာဝိ–၈

ဥပေက္ခာသန္တီရဏ–၂ ဟသိတုပ္ပါဒ်–၁ သန္တီရဏ–၃

## ကာမဇောမနောဒွါရဝီထိ

ဘ ဘ “န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ” ဘ ဘ ဘ

၀၀၀

မဟာဝိပါက်–၈ အကု–၁၂၊ မဟာကု/ကြိ–၈ မဟာဝိ–၈

ဥပေက္ခာသန္တီရဏ–၂ ဟသိတုပ္ပါဒ်–၁ သန္တီရဏ–၃

ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အာရုံ ၆–ပါး

ဘ ဘ “န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ” ဘ ဘ ဘ

မဟာဝိပါက်–၈ အကု–၁၂၊ မဟာကု/ကြိ–၈

ဥပေက္ခာသန္တီရဏ–၂ ဟသိတုပ္ပါဒ်–၁

ရူပဝိ–၅၊ အရူပဝိ–၄

## အာဒိကမ္မိကဈာနဝီထိ

ဘ ဘ “န ဒ မ ပ ဥ နု ဂေါ ဈာန် ” ဘ ဘ ဘ

မဟာကုကြိညသံ–၈ ရူပ/အရူပ ကုကြိ ၁၈

## ဈာနသမာပတ္တိဝီထိ

ဘ ဘ “န ဒ မ ပ ဥ နု ဂေါ ဈာန် ဈာန် များစွာ” ဘ ဘ

မဟာကုကြိညသံ–၈ ရူပ/အရူပ ကုကြိ ၁၈

## မဂ္ဂဝီထိ

ဘ ဘ “န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ်” ဘ ဘ

မဟာကုညသံ–၄ မဂ်–၄ ဖိုလ်–၄

---

၁။ အတီတဘဝင်စိတ်သည် ၄င်းစိတ်၏ရှေ့က ဘဝင်စိတ်စသည်နှင့်အတူဖြစ်သော စတုဇရုပ်ကို ကျေးဇူးပြုသည်–ဟု စသည်ဖြင့် သိပါ။ ဝိပါက်စိတ်, ကြိယာစိတ်တို့က မိမိစိတ်၏ ရှေးကစိတ်တို့နှင့် အတူဖြစ်ခဲ့ကြသော ဌီသို့ ရောက်နေကြသော စတုဇရုပ်ကို ကျေးဇူးပြုလျှင် ဗျာ ဗျာ သင်္ချာဖြစ်သည်။ကုသိုလ်စိတ်, အကုသိုလ်စိတ်တို့က မိမိစိတ်၏ ရှေးကစိတ်တို့နှင့် အတူဖြစ်ခဲ့ကြသော ဌီသို့ ရောက်နေကြသော စတုဇရုပ်ကို ကျေးဇူးပြုလျှင် ကု ဗျာ, အကု ဗျာ သင်္ချာ ဖြစ်သည်။

## ပဏ္ဍာဇာတပစ္စယော(ပဥာဝါရ))

| | | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|---|---|
| အပေါင်း | | | စိတ် ၈၅ စေ ၅၂ | ဇောဇ ဒွိဇ တိဇ စတုဇကာယ | | | | |
| သင်္ချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိဏ်း | ပေါင်း |
| ၁ | ကု | ဗျာ | ကု ၂၁ စေ ၃၈ | တိဇကာယ စတုဇကာယ | တ | | ပစ်.ဝိပ်.တ္ထိ.အဝိ | ၄ |
| ၂ | အကု | ဗျာ | အကု ၁၂ စေ ၂၇ | တိဇကာယ စတုဇကာယ | တ | | ပစ်.ဝိပ်.တ္ထိ.အဝိ | ၄ |
| ၃ | ဗျာ | ဗျာ | ဝိ ၃၂ ကြိ ၂၀ စေ ၃၈ | ဇောဇ ဒွိဇ တိဇ စတုဇကာယ | တ | | ပစ်.ဝိပ်.တ္ထိ.အဝိ | ၄ |

### ကုဗျာ အရကောက်

ကုသလော အဗျာကတဿ၌ ကတ္တားပုဒ်အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ငြီသို့ရောက်သော တိဇကာယ,စတုဇကာယအားတပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်ဖြစ်သော ကုသိုလ်ဇောဝီသ စေတသိက်အဋ္ဌတ္တိံသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ပုဒ်အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ငြီသို့ရောက်သော တိဇကာယ စတုဇကာယ ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းပါဌ်အရကား တပြိုင်နက်တပ်ကောင်းသော ပဏ္ဍာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤလေးပစ္စယသတ္တိတို့တွင် ပဏ္ဍာဇာတသတ္တိဝိသေသရ၏။

### အကုဗျာ အရကောက်

အကုသလော အဗျာကတဿ၌ ကတ္တားပုဒ်အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ငြီသို့ရောက်သော တိဇကာယ,စတုဇကာယအားတပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်ဖြစ်သော အကုသိုလဒွါဒသ စေတသိက်သတ္တဝီသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ပုဒ်အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ငြီသို့ရောက်သော တိဇကာယ စတုဇကာယ ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းပါဌ်အရကား တပြိုင်နက်တပ်ကောင်းသော ပဏ္ဍာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤလေးပစ္စယသတ္တိတို့တွင် ပဏ္ဍာဇာတသတ္တိဝိသေသရ၏။

## ဗျာဗျာ အရကောက်

အဗျာကတော အဗျာကတသဿ ကတ္တားပုဒ်အရကား ပဋိသန္ဓေအစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဇကေ, ဒွိဇ, တိဇ, စတုဇကောယအားတပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပထမဘဝင်အစရှိသော နောက်ဖြစ်သော ဝိပါက်ဗာတ္တိံသ ကြိယာဝီသ စေတသိက်အဌွတ္တိံသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ပုဒ်အရကား ပဋိသန္ဓေအစရှိသော ရှေးဖြစ်သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဇကေ, ဒွိဇ, တိဇ, စတုဇကာယ ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းပါဌ်အရကား တပြိုင်နက်တပ်ကောင်းသော ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤလေးပစ္စယသတ္တိတို့တွင် ပစ္ဆာဇာတသတ္တိဝိသေသရ၏။

(ပဠ္ဌာန်းအရကောက် ၄၂၇–၄၂၈)

## ပစ္ဆာဇာတတမျိုး ၄–ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ပစ္ဆာဇာတ | ပဥ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက် ၄–ခုကြဉ် ပထမဘဝင်အစရှိသော နောက်နောက်သော နာမက္ခန္ဓာ(စိတ်–၈၅ စေ–၅၂)ပါး | ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယ | ပစ် ဝိ တ္ထိ အဝိ |

## ပစ္ဆာဇာတမျိုးသဲ့ာ

ပစ္ဆာဇာတ၌ သဲ့ာ တီဏိ(၃)သာ ဖြစ်သည်။ ကု ဗျာ၊ အကု ဗျာ၊ ဗျာ ဗျာ တို့ဖြစ်သည်။

## ပစ္ဆာဇာတမျိုး ပစ္စည်းပြိုင်ပုံ

ပစ္ဆာဇာတမျိုး၌ အမြဲတမ်း ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ၄မျိုး ပြိုင်ရသည်။

ဝိပ္ပယုတ် သုံးမျိုး

၁။ သဟဇာတဝိပ္ပယုတ်
၂။ ပုရေဇာတဝိပ္ပယုတ်
၃။ ပစ္ဆာဇာတဝိပ္ပယုတ်

## ပစ္ဆာဇာတဝိပ္ပယုတ်

နောက်နောက်ဥပါဒ်သော စိတ်တို့သည် မိမိရှေ့ကဖြစ်နှင့်၍ ဌီအခိုက်၌ တည်ရှိသော ရုပ်များနှင့် တွေ့မိဆိုင်မိကြသော်လည်း သမ္ပယုတ်မဖြစ်ဘဲ အကြောင်းအကျိုး ဖြစ်နေခြင်းကို ပစ္ဆာဇာတဝိပ္ပယုတ်ဟုဆိုသည်။ ထိုစိတ်နှင့်ထိုရုပ်တို့ သမ္ပယုတ်များဖြစ်လေရော့သလားဟု ယုံမှားဘွယ်ရှိ ပြန်ရကား ဝိပ္ပယုတ်ဟု ထုတ်ဖော်ဟော ပြတော်မူရလေသည်။

## ပဋ္ဌာဝါရပါဠိ
## ဝိပ္ပယုတ္တ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပစ္ဆာဇာတံ။ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပစ္ဆာဇာတံ။ ပစ္ဆာဇာတာ အကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အဗျာတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပုရေဇာတံ၊ ပစ္ဆာဇာတံ။ ပစ္ဆာဇာတာ ဝိပါကာဗျာကတာကြိယာဗျာကတာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

(ပဋ္ဌာနပါဠိ–၁၅၉)

**အတ္ထိပစ္စည်း ၅ မျိုး**

သဟဇာတတ္ထိ
ပုရေဇာတတ္ထိ
ပစ္ဆာဇာတတ္ထိ
အာဟာရတ္ထိ
ဣန္ဒြိယတ္ထိ

ပစ္ဆာဇာတတ္ထိ။ ပစ္စယုပ္ပန်တရားတို့၏ နောက်မှဖြစ်၍ ရှေးကဖြစ်နှင့်သော ပစ္စယုပ္ပန်တရားတို့ကို ထောက်ပံ့ကူညီတတ်သော သတ္တိသည် ပစ္ဆာဇာတပစ္စည်းမည်၏။ ပစ္စယုပ္ပန်တရားတို့သည် အတ္ထိသဘော အားဖြင့် ထင်ရှားရှိကုန်၍ ပစ္ဆာဇာတတ္ထိမည်၏။

## အတ္ထိ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပစ္ဆာဇာတံ။ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပစ္ဆာဇာတံ။ ပစ္ဆာဇာတာ အကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပုရေဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။ ပစ္ဆာဇာတာ ဝိပါကာဗျာကတာကြိယာဗျာကတာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။

(ပဋ္ဌာနပါဠိ ၁၆၀–၁၆၂)

(ပစ္စည်း ပစ္စယုပ္ပန်ပစ္စနိက် ဖြစ်ပုံနှင့် အရကောက်ပုံတို့သည် ပစ္ဆာဇာတနှင့် တူသည်။
အဝိဂတ ပါဠိတော်သည် အတ္ထိနှင့်တူသည်)

## အာဟာရပစ္စယော

၁။ရုပ်အာဟာရ
၂။နာမ်အာဟာရ

မိမိဆိုင်ရာ ပစ္စယုပ္ပန်တရားတို့ကို လွန်စွာဆောင်တတ်သောကြောင့် အာဟာရမည်၏။ ဟိတ်အာရုံစသော ပစ္စည်းတို့လည်း မိမိဆိုင်ရာ ပစ္စယုပ္ပန်တရားများကို ဆောင်ကြပေ၏။ သို့သော် အဇ္ဈတ္တသန္တာန်မှာ (ခန္ဓာအစဉ်မှာ) လွန်စွာကျေးဇူးများသည့်အတွက် ကဗဠီကာရစသော ၄ပါးကိုသာ "အာဟာရ"ဟု ခေါ်သည်။ "လွန်စွာဆောင်"ဟူရာ၌ ဆောင်ဟူသည်ကား အကျိုးပစ္စယုပ္ပန်တရားစုကို အစွန့်ရှည်စွာ ဆက်လက် တည်တန့်အောင် ထောက်ပံ့မှု ဥပတ္ထမ္ဘနသဘောပင်တည်း။ "သူဆောင်နေလို့ သည်အလုပ်ကြီး တည်တန့် နိုင်တယ်, သူမရှိရင်ပျက်မှာဘဲ"ဟူသော လောကပြောရိုးစကား၌ တည်တန့်အောင်ဆောင်ရွက်မှုကို "ဆောင်" ဟု သုံးနိုင်သကဲ့သို့တည်း။ ထို့ကြောင့် "ဤအာဟာရပစ္စည်းကို အိမ်စသည်၌ မယိမ်းမယိုင် ခိုင်မြဲအောင် ထောက်ထားသည့် "ကျား"ခေါ်သော ထောက်တိုင်နှင့်တူ၏"ဟု ဥပမာပြကြလေသည်။

ဆက်ဦးအံ့-"ဤအာဟာရပစ္စည်းတရားတို့၌ ထောက်ပံ့မှု ဥပတ္ထမ္ဘနသတ္တိသာ ရှိ၏, ပစ္စယုပ္ပန်တရား ကို ဖြစ်စေနိုင်သောသတ္တိကားမရှိ"ဟု ထင်မှားတတ်၏။ စင်စစ်မှာ ဇနကသတ္တိလည်း ရှိပါ၏။ ဇနကသတ္တိဖြင့် ဖြစ်စေသည့်အရာဝယ် (အခြားပစ္စည်းများလို ဖြစ်စေရုံမျှမဟုတ်, သွားရင်းဟန်လွဲဆိုသလို) အဆက်မပြတ်အောင် ထောက်ပံ့လျက် ဖြစ်စေသောကြောင့် "ထောက်ပံ့တတ်သည်"ဟုဆိုသည်။ ထင်ရှားစေအံ့- အစာစားလိုက်သည့်အခါ ထိုအစာအာဟာရကြောင့် အာဟာရဇရုပ်ဖြစ်ရုံသာမက တကိုယ်လုံး၌ ရှိသော ကမ္မဇ စိတ္တဇ ဥတုဇရုပ်များလည်း တောင့်တောင့်တင်းတင်း လန်းလန်းဆန်းဆန်း ရှိကြ၏။ ထိုကဲ့သို့ လန်းလန်းဆန်းဆန်းရှိကြသဖြင့် ထိုကမ္မဇ စသောရုပ်တို့ မပြတ်စဲနိုင်ဘဲ ဆက်လက်ဖြစ်ပွား ကြပြန်လေသည်။ နာမ်အာဟာရတို့ကလည်း တကွဖြစ်ဘက်တရားတို့ကို ဖြစ်လဲဖြစ်စေ၏, နာမ်တရားတို့ အဆက်ဆက် တိုးပွားအောင် ထောက်လည်း ထောက်ပံ့လေသည်။

(ကဗဠီကာရာဟာရသည် အာဟာရဇရုပ်အား ဇနကသတ္တိ, ကြွင်းတိဇကာယအား ဥပတ္ထမ္ဘကသတ္တိတပ်သည်)

## ရုပ်အာဟာရ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိက သြဇာ၊ ဗဟိဒ္ဓသန္တာန်ရှိသော ဥတုဇ သြဇာ။ | ကလာပ်တူသြဇာကြဉ်သော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကရုပ် | စိတ် ၈၉ စေ ၅၂ ဗာဟိရရုပ် |

ပစ္စည်း။ ။ အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကသြဇာဟူသည် ခန္ဓာကိုယ်တွင်း၌ ကံ စိတ် ဥတု အာဟာရ အကြောင်းလေးပါးကြောင့် အသီးအသီးဖြစ်ကြသော ကမ္မသမုဋ္ဌာန စိတ္တသမုဋ္ဌာန ဥတုသမုဋ္ဌာန အာဟာရသမုဋ္ဌာန ရုပ်ကလာပ်အစဉ်တွင် ပါဝင်သော သြဇာတည်း။ အပြင်ပ ခဲဘွယ်ဘောဇဉ်စသည်ကား ဥတုဇရုပ်တည်း။ ထိုဥတုဇရုပ်၌ ပါဝင်သော သြဇာကို ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ဥတုဇသြဇာဟု ဆိုသည်။

ပစ္စယုပ္ပန်။ ။ "ကလာပ်တူ သြဇာကြဉ်သော ကလာပ်တူကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်"ဟူရာ၌ ဥပမာ–စက္ခုဒသကဥ္စ်ရှိသော သြဇာသည် ပစ္စည်းဖြစ်ခိုက်, သူသည် ပစ္စယုပ္ပန်တွင် မပါဝင်နိုင်, သူမှကြွင်းသော ကလာပ်တူရုပ်ကိုးခုနှင့် ကလာပ်မတူသော ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇရုပ် (ခန္ဓာကိုယ်တွင်းရှိရုပ်အားလုံးတို့)ပစ္စယုပ္ပန် ဖြစ်ကြ၏။

## ရုပ်အာဟာရပစ္စည်းအသေးစိတ် ကျေးဇူးပြုပုံ

ကမ္မဇကလာပ် ၉–စည်း, စိတ္တဇကလာပ် ၆–စည်း, ဥတုဇကလာပ် ၄–စည်း, အဟာရဇကလာပ် ၂–စည်းအားဖြင့် ရုပ်ကလာပ် ၂၁–စည်းရှိရာ ကမ္မဇကလာပ် ၉–စည်းတွင် စက္ခုဒသကကလာပ်၌ရှိသော သြဇာကို ရုပ်အာဟာရယူပါမူ ကလာပ်တူသြဇာကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉–ခု, ကလာပ်ပြား ၂၀–တို့သည် ပစ္စယုပ္ပန်ဖြစ်လေသည်။ ကျန်ကမ္မဇကလာပ်များကိုလည်း ဤနည်းအတိုင်းသိပါ။

ဥတုဇကလာပ် ၆–စည်းတို့တွင် သုဒ္ဓဋ္ဌက ကလာပ်၌ရှိသော သြဇာကို ရုပ်အာဟာရယူပါမူ ကလာပ်တူသြဇာကြဉ်သော ကလာပ်တူဥတုဇရုပ် ၇–ခု, ကလာပ်ပြား ၂၀–တို့သည် ပစ္စယုပ္ပန်ဖြစ်လေသည်။ ကျန်စိတ္တဇကလာပ်များ ကိုလည်း ဤနည်း အတိုင်းသိပါ။

အာဟာဇကလာပ် ၆–စည်းတို့တွင် သုဒ္ဓဋ္ဌက ကလာပ်၌ရှိသော သြဇာကို ရုပ်အာဟာရယူပါမူ ကလာပ်တူသြဇာကြဉ်သော ကလာပ်တူအာဟာရဇရုပ် ၇–ခု,ကလာပ်ပြား ၂၀–တို့သည် ပစ္စယုပ္ပန်ဖြစ်လေသည်။ ကျန်ဥတုဇကလာပ်များ ကိုလည်း ဤနည်း အတိုင်းသိပါ။

စိတ္တဇကလာပ် ၆–စည်းတို့တွင် သုဒ္ဓဋ္ဌက ကလာပ်၌ရှိသော သြဇာကို ရုပ်အာဟာရယူပါမူ ကလာပ်တူသြဇာကြဉ်သော ကလာပ်တူစိတ္တဇရုပ် ၇–ခု,ကလာပ်ပြား ၂၀–တို့သည် ပစ္စယုပ္ပန်ဖြစ်လေသည်။ ကျန်စိတ္တဇ ကလာပ်များ ကိုလည်း ဤနည်း အတိုင်းသိပါ။

(ခန္ဓာကိုယ်၌ ကမ္မသမုဋ္ဌာနရုပ်အစဉ် စိတ္တသမုဋ္ဌာနရုပ်အစဉ် ဥတုသမုဋ္ဌာနရုပ်အစဉ် အဟာရသမုဋ္ဌာနရုပ် အစဉ်ဟု လေးမျိုးရှိ၏။ ထိုလေးမျိုးသော ရုပ်အစဉ်၌ပါသော သြဇာတွေသည် (ဥတုကဲ့သို့) အာဟာရသမုဋ္ဌာန ရုပ်ကလာပ်တွေကို ဖြစ်စေ၍ အခြားရုပ်ကလာပ်များကို ထောက်ပန့်နိုင်၏။ ဗဟိဒ္ဓသြဇာလည်း ခန္ဓာကိုယ်၌ အာဟာရဇကလာပ်ကို ဖြစ်စေ၏။ မိမိဖြစ်စေအပ်သော အာဟာရဇရုပ်ကလာပ်မှတပါး အခြားသြဇာက ဖြစ်စေအပ်သော အာဟာရဇရုပ်နှင့် ကမ္မဇ စိတ္တဇ ဥတုဇရုပ်တို့ကို ထောက်ပံ့၏)

(သုံးချက်စု ဘာဋီ ၂၃၀–၂၃၃)

## လယ်တီဒီပနီမှ အာဟာရနှင့်စပ်၍ သိမှတ်စရာ စာပိုဒ်များ

အာဟာရဆိုသည်ကား မိမိနှင့်ဆိုင်ရာ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကို လွန်စွာဆောင်ရွက်နိုင်သော စွမ်းအား ဗလ ကြီးကျယ်လှသော တရားကို အာဟာရဟု ဆိုသတည်း။ ထိုအာဟာရသည် ရုပ်အာဟာရတစ်ပါး, နာမ်အာဟာရသုံးပါးဟူ၍ လေးပါးရှိ၏။

ရုပ်အာဟာရဆိုသည်ကား ဩဇာရုပ်ကို ဆိုသတည်း၊ ရုပ်အနှစ် ရုပ်အဆီ ဟူ၍လည်းကောင်း ဓာတ်အနှစ် ဓာတ်အဆီဟူ၍လည်းကောင်း ဆိုအပ်၏။ ထိုဩဇာဓာတ်အဆီသည် အဇ္ဈတ္တဩဇာ ဗဟိဒ္ဓဩဇာ ဟူ၍ နှစ်ပါး ရှိ၏။ ပဋိသန္ဓေဥပါဒ်သည်မှစ၍ အဇ္ဈတ္တရုပ်သန္တာန်မှ အစဉ်ပါလာခဲ့သော ဩဇာစုသည် အဇ္ဈတ္တဩဇာ မည်၏။ ကလလရေကြည်တည်သော သတ္တာဟမှ နောက်သတ္တာဟ နှစ်သတ္တာဟအလွန်တွင် အမိမျိုသော အစာမှ စိမ့်လာ၍ သူငယ်ရုပ်မှာ ပျံ့နှံ့သည့်အခါမှ စ၍ အသက်ထက်ဆုံး အပမှ မျိုအပ်သော ထမင်းဘောဇဉ် စသည်၌ ပါရှိသော ဩဇာစုသည် ဗဟိဒ္ဓဩဇာ မည်၏။

တစ်သတ္တာဟ နှစ်သတ္တာဟ အလွန်မှစ၍ အဘယ်ကြောင့် ဗဟိဒ္ဓဩဇာ မပြတ်မစဲ အမြဲထောက်ပံ့ ရလေသနည်းဟူမူ ဗဟိဒ္ဓဩဇာ ကူညီထောက်ပံ့မှု မရှိခဲ့လျှင် အားနည်းစွာသော အဇ္ဈတ္တဓာတ်ဆီစုကို အားကြီး စွာသော အဇ္ဈတ္တဓာတ်မီးလောင်သဖြင့် အလျင်အမြန် ခန္ဓာကာယ ခြောက်ခမ်းပျက်ဆုံးရာသောကြောင့် တည်း။


(လယ်တီဒီပနီပေါင်းချုပ် တတိယတွဲ စာမျက်နှာ–၂၁၇)

# ပစ္စယနိဒ္ဒေသပါဠိ

အာဟာရပစ္စယောတိ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။
(ပဋ္ဌာန ပါဠိ ၇)

အာဟာရပစ္စယောတိ–အာဟာရပစ္စယောဟူသည်ကား၊ ကဗဠီကာရော–အလုပ်အလွေ့ကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့ဖြစ်သော၊ အာဟာရော–အာဟာရသည်၊ ဣမဿ–ဤသို့သဘောရှိသော၊ ကာယဿ–ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကကာယအား၊ အာဟာရပစ္စယေန–ရုပ်အာဟာရ ပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်။ ဟောတိ–ဖြစ်၏။

(ပဋ္ဌာန်းပါဠိ နိဿယ မိုးထိမူ ပတွဲ ၂၂)




♠ ကဗဠ–အလုပ်၊ကာရ–ပြုအပ်သောအစာ၊ကဗဠီကာရ–အလုပ်ပြုအပ်သောအစာ၊ ၄င်းအစာကို ခံတွင်းသို့ ဆောင်ယူခြင်းကို အလွေးဟု ရေးကသုံး၏။ ကဠီကာရော–အလုပ်အလွေးပြုပ်အပ်သောဟု အခြေပြုက မုချအနက် ပြန်သည်။ ကဗဠ+ကရ+ဏ ကဗဠကာရဟု ပြီးသင့်သော်လည်း ကဗဠ၌ အဗ္ဘူတတဗ္ဘောအနက် ီ သက်ပြီး အကဗဠမ္ပိ ကဗဠံဝိယ ကရီယတီတိ ကဗလီကာရော အရ မိုးထိမူ၌ ဘာသာပြန်သည်။ ီသည် အဗ္ဘူတတဗ္ဘောအနက်သာမက တပ္ပါကဋီကရဏကဲ့သို့ မုချအနက်လည်း ရနိုင်သည်။ (သဒ္ဒါဂြိုဟ်ဘာဋီ ၄၆၆)

ကမ္မဇကလာပ် ဥတုဇကလာပ် အာဟာရဇကလာပ်များသည် စိတ်တို့၏ ဥပါဒ်ဋ္ဌီဘင် ခဏတိုင်း အသစ်အသစ် ဖြစ်ကြသည်။ စိတ္တဇကလာပ်များကား ဒွေပဉ္စဝိညာဏ် ၁၀ ဖြစ်ရာအခါမှတပါး စိတ်တို့၏ ဥပါဒ်ခိုက်၌သာ ဖြစ်ကြသည်။ ထိုသို့ ဖြစ်ကြသော ရုပ်ကလာပ်တို့တွင် ကာယဒသက ကလာပ်တွင်ပါသော သြဇာက ကာယဒသကကလာပ်အတွင်းရှိ အခြားရုပ်ကိုးခုနှင့် အခြား သောတဒသက စသည့် ကမ္မဇကလာပ်များနှင့် စိတ္တဇ ဥတုဇ အာဟာရဇ ကလာပ်တို့ကို ကျေးဇူးပြုခြင်းကိုပင် "ကဗဠီကာရော အာဟာရော ဣမဿကာယဿ အာဟာရပစ္စယေန ပစ္စယော"ဟု ဟောတော်မူသည်။

'ကဗဠီကာရော အာဟာရော'ဟူသော ကတ္တားပါဋ္ဌ်ဖြင့် ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အားတပ်သော သြဇာပစ္စည်းတရားကို ပြတော်မူ၏။ 'ဣမဿ ကာယဿ'ဟူသော သမ္ပဒါန်ပါဋ္ဌ်ဖြင့် စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

တနည်း အကျယ်ကား –

ကမ္မဇကလာပ် ကိုးစည်းတို့တွင် စက္ခုဒသကကလာပ်၌ သြဇာကြဉ်သော ကလာပ်တူ ကမ္မဇရုပ်

ကိုးခု၊ ကလာပ်ပြားနှစ်ဆယ်သော ရုပ်ကလာပ်တို့အားတပ်သော စက္ခုဒသကကလာပ်၌ရှိသော ဩဇာ။ သောတဒသကကလာပ်၌ ဩဇာကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ကိုးခု၊ ကလာပ်ပြား နှစ်ဆယ်သော ရုပ်ကလာပ်တို့အားတပ်သော သောတဒသကကလာပ်၌ရှိသော ဩဇာ။ (ဃာနဒသက စသည်ကို နည်းတူဆို) ဇီဝိတနဝကကကလာပ်၌ ဩဇာကြဉ်သော ကလာပ်တူ ကမ္မဇရုပ်ရှစ်ခု၊ ကလာပ်ပြား နှစ်ဆယ်သော ရုပ်ကလာပ်တို့အားတပ်သော ဇီဝိတနဝကကကလာပ်၌ရှိသော ဩဇာ။ စိတ္တဇကလာပ် ခြောက်စည်းတို့တွင် သက်သက်သော အဋ္ဌကလာပ်၌ ဩဇာကြဉ်သော ကလာပ်တူ စိတ္တဇရုပ်ခုနစ်ခု၊ ကလာပ်ပြား နှစ်ဆယ်သော ရုပ်ကလာပ်တို့အားတပ်သော သက်သက်သော အဋ္ဌကလာပ်၌ရှိသော ဩဇာ။ (ကာယဝိညတ္တိနဝက စသည်ကို နည်းတူဆိုလေ၊ ဥတုဇကလာပ် ၄စည်း၊ အာဟာရဇ ၂စည်းတို့ကိုလည်း နည်းတူ ဆိုလေ) ပစ္စည်းတရားကို ပြတော်မူ၏။ သမ္ပဒါန်ပါဌ်ဖြင့် ကလာပ်တူဩဇာကြဉ်သော ကလာပ်တူကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ အာဟာရပစ္စယေနပဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက်တပ်ကောင်းသော အာဟာရ အတ္ထိ အဝိဂတ ဤသုံးပစ္စယသတ္တိတို့တွင် အာဟာရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။(ပဋ္ဌာန်းအရကောက် ၄၄-၄၅)

## ပဉ္စဝါရပါဠိ

အာဟာရပစ္စယော

အဇ္ဈတ္တော ဓမ္မော အဇ္ဈတ္တဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။(ပဋ္ဌာန်းပါဠိ ပ ၁၅၆)

အဇ္ဈတ္တော-သော၊ ဓမ္မော-သည်၊ အဇ္ဈတ္တဿ-သော၊ ဓမ္မဿ-အား၊ အာဟာရပစ္စယေန-ဖြင့်၊ ပစ္စယော-သည်၊ ဟောတိ-၏။ ကဗဠီကာရော-အလုပ်အလွေ့ကို မပြုအပ်သော် လည်း ပြုအပ်သကဲ့သို့ဖြစ်သော၊ အာဟာရော-အာဟာရသည်၊ ဣမဿ-ဤသို့သဘောရှိသော၊ ကာယဿ-ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ကာယအား၊ အာဟာရပစ္စယေန-ရုပ်အာဟာရ ပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုသည်။ ဟောတိ-ဖြစ်၏။ (ပဋ္ဌာန်းပါဠိ နိဿယ မိုးထိမူ ပတွဲ ၄၃၂)

## အရကောက်

**ရုပ်အာဟာရ**ဖြစ်အံ့, 'ကဗဠီကာရော အာဟာရော'ဟူသော ကတ္တာပါဌ်အရကား ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အားတပ်သော ဩဇာပစ္စည်းတရား ရ၏။ 'ဣမဿ ကာယဿ' ဟူသော သမ္ပဒါန်ပါဌ်အရကား ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းပါဌ်အရကား တပြိုင်နက်တပ်ကောင်း အာဟာရ အတ္ထိ အဝိဂတ ဤသုံးပစ္စယသတ္တိတို့တွင် အာဟာရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

(ပဋ္ဌာန်းအရကောက် ၄၃၄)

## ရုပ်အာဟာရမျိုး ၃–ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ရုပ်အာဟာရ | စတုသမုဋ္ဌာနိက ဩဇာ | ကလာပ်တူ ကလာပ်ပြား စတုသမုဋ္ဌာနိကရုပ် | အာ<br>တ္ထိ အဝိ |

## ရုပ်အာဟာရမျိုးသင်္ချာ

အာဟာရ၌ သင်္ချာ ဇကံ(၁) ဗျာ ဗျာ သာ ဖြစ်သည်။

## ရုပ်အာဟာရမျိုး ပစ္စည်းပြိုင်ပုံ

အာဟာရမျိုး၌ အမြဲတမ်း အာဟာရ အတ္ထိ အဝိဂတ ၃မျိုး ပြိုင်ရသည်။

## ပဋ္ဌာဝါရပါဠိ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိ ပ ၁၅၆)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပုရေဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိ ပ ၁၆၁)

## ဣန္ဒြိယပစ္စယော

### ရူပဇီဝိတိန္ဒြိယ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| ဇီဝိတရုပ် | ဇီဝိတရုပ်ကြဉ်သော ကလာပ်တူကမ္မဇရုပ် | စိတ်၈၉၊ စေ၅၂၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်၊ ကမ္မဇကလာပ်တိုင်းတွင်ပါသော ဇီဝိတ |

**ရူပဇီဝိတိန္ဒြိယ**။ ။ပဝတ္တိအခါဖြစ်စေ ပဋိသန္ဓေအခါဖြစ်စေ ကမ္မဇကလာပ်ဖြစ်တိုင်း ဇီဝိတရုပ်ပါ၏။ ထိုဇီဝိတရုပ်ဟူသမျှသည် မိမိနှင့်တစ်ကလာပ်တည်းဖြစ်ကြသော ကမ္မဇရုပ်တွေကို စောင့်ရှောက်တတ်၏။ စောင့်ရှောက်ခြင်းကိစ္စ၌ အစိုးတရဖြစ်၏။ ထို့ကြောင့် ပဝတ္တိ ပဋိသန္ဓေ အားဖြင့် အလုံးစုံသော ရုပ်ဇီဝိတသည် ဣန္ဒြိယပစ္စည်းဖြစ်၏။ ထိုရုပ်ဇီဝိတသည် ပစ္စည်းအမြဲဖြစ်ရကား ပစ္စယုပ္ပန်တွင် မပါဝင်နိုင်တော့ဘဲ ပစ္စနိက်မှာ ပါဝင်ရသည်။ (ပစ္စနိက်၌ "ပဋိသန္ဓေကမ္မဇ အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇရုပ်၌ တည်ရှိသော ဇီဝိတိန္ဒြေ"ဟူသည် ထိုပစ္စည်းဖြစ်သော ဇီဝိတရုပ်ပင်တည်း။ ပဋိသန္ဓေကမ္မဇကလာပ်၌တည်ရှိသော ဇီဝိတိန္ဒြေ, အသညသတ် ကမ္မဇကလာပ်၌တည်ရှိသော ဇီဝိတိန္ဒြေ, ပဝတ္တိကမ္မဇရုပ်ကလာပ်၌တည်ရှိသော ဇီဝိတိန္ဒြေ ဟု ဆိုလိုသည်။)စက္ခုဒသက ကလာပ်၌ ဇီဝိတရုပ်သည် ပစ္စည်း, ဇီဝိတမှကြွင်းသော ကလာပ်တူ (တစ်ကလာပ်တည်းဖြစ်သော) ကမ္မဇ ၉ ခုသည် ပစ္စယုပ္ပန်။ သောတဒသကစသည်၌လည်း နည်းတူ။

**ရူပဇီဝိတိန္ဒြေကိုသီးခြားထုတ်ရပုံ**။ ။ရုပ်ဇီဝိတသည် တကွဖြစ်ဘက်ကမ္မဇရုပ်တို့အား ကျေးဇူးပြုသောကြောင့် သဟဇာတိန္ဒြိယတွင် ပါဝင်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် သီးခြားခွဲရ ပါသနည်းဟု မေး။ အဖြေကား–ဇီဝိတသည် တကွဖြစ်ဘက် ကလာပ်တူ ကမ္မဇရုပ်အား ကျေးဇူးပြုသော်လည်း နာမ်ဣန္ဒြေများကဲ့သို့ ဥပါဒ်ခိုက်၌ အထင်အရှားကျေးဇူးမပြုနိုင်။ ဩဇာသည် မိမိနှင့်အတူဖြစ်သော ရုပ်အားထောက်ပံ့သကဲ့သို့ ဤဇီဝိတရုပ်လည်း ဌီအခိုက်ကျမှ စောင့်ရှောက်ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသည်၊ ထို့ကြောင့် ရုပ်ဇီဝိတကို သဟဇာတ ပုရေဇာတနှစ်မျိုး၌ မသွင်းနိုင်ဘဲ သီးခြားထုတ်ပြန်ရသည်။

**ဘာဝိန္ဒြေနှစ်ပါး ပစ္စည်းမထိုက်**။ ။ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့၌ အဘယ့်ကြောင့် ဣန္ဒြိယပစ္စည်း မတပ်ပါသနည်း။ လိင် (ကိုယ်လုံးကိုယ်ပေါက်, လက်ခြေပုံစံ) နိမိတ္တ (မှတ်ဆိတ်ကျင်စွယ်ပါခြင်း, မပါခြင်း) ကုတ္တ (ကစားပုံ) အာကပ္ပ (ဟန်ပန်အမူအရာ)တို့သည် ဘာဝရုပ်၏ အကျိုးဖြစ်ရကား "ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့က ဣန္ဒြိယပစ္စည်း, လိင်စသည်တို့က ဣန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်"ဟု ဆိုဘို့ရန် မသင့်ပါလော–ဟု စောကြော မေးမြန်းဖွယ်ရှိ၏။ အဖြေကား–ဤဣန္ဒြိယပစ္စည်းသည် အတ္ထိပစ္စည်းတွင် ပါဝင်သောကြောင့် ဣန္ဒြိယပစ္စည်းတတ်လျှင် အတ္ထိပစ္စည်းလည်း ဖြစ်ရမည်။ အတ္ထိပစ္စည်း၏သဘောကား

ပစ္စည်းပစ္စယုပ္ပန်နှစ်ပါးလုံး ဥပါဒ်ခိုက်မှာဖြစ်စေ ဌီအခိုက်မှာဖြစ်စေ ထင်ရှားရှိစေရမည်။ ဘာဝရုပ်တို့သည် ပဋိသန္ဓေခဏပင် ဖြစ်ကြ၏။ ထိုပဋိသန္ဓေခဏ၌ လိင်္ဂစသည်တို့ မရှိကြ။ ဤသို့လျှင် ဘာဝရုပ်ဖြစ်သည့်အခါ လိင်္ဂစသည်တို့ထင်ရှာမရှိသေးသည့်အတွက် အတ္ထိသဘော မသက်ဝင်သောကြောင့် ဘာဝရုပ်တို့က လိင်္ဂစသည်တို့အား ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးမပြုနိုင်။

**စောဒနာဥုံးအုံ့**။ ။ "ပစ္စည်းပစ္စယုပ္ပန် ထင်ရှားရှိမှ ကျေးဇူးပြုမည်မှန်လျှင် ဘာဝဒသက ကလာပ်၌ မိမိနှင့်တကွဖြစ်ဘက် ရုပ်အားလည်းကောင်း ဩဇာသည် ကလာပ်တပါး၌ ထင်ရှားရှိခိုက် ရုပ်တို့အား ထောက်ပန့်သကဲ့သို့ ကလာပ်တပါး၌ရှိသော ရုပ်တို့အား ထောက်ပန့်သောအားဖြင့်လည်းကောင်း ကျေးဇူးပြုပါတော့လားဟူအုံ့" တကွဖြစ်ဘက် ရုပ်ကိုးခုအားလည်းကောင်း ကလာပ်တပါး၌ပြုသောရုပ်တို့အားလည်းကောင်း မည်သည့်နည်းနှင့်မျှ အစိုးမရသောကြောင့် တကွဖြစ်ဘက်ရုပ်, ကလာပ်တပါး၌ရှိကြသော ရုပ်တို့အားလည်း ဘာဝရုပ်က ကျေးဇူးမပြုနိုင်။

**ဣန္ဒြိယသတ္တိမရှိသော်လည်း ဣန္ဒြိယမည်ပုံ**။ ။ လိင်္ဂစသည်တို့အား ကျေးဇူးမပြု၊ တကွဖြစ်ဘက်ရုပ်တို့အားလည်း ကျေးဇူးမပြုနိုင်ဘဲလျက် ဤဘာဝရုပ်နှစ်ပါးကို ဘယ်အတွက် ဣန္ဒြိယဟု နာမည်မှည့်ထားပါသနည်း။ အဖြေကား-ဘာဝရုပ်နှစ်ပါးက လိင်္ဂစသည်အား ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးမပြုနိုင်သော်လည်း သုတ္တန်နည်းအရ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုလျက် အစိုးရလျက်ရှိသောကြောင့် ဣန္ဒြိယဟု နာမည်မှည့် ရပေသည်။ ထင်ရှားစေအံ့-ဣတ္ထိဘာဝရုပ်ဖြစ်ရာသန္တာန်၌ ထိုဘာဝရုပ်အရှိန်ကြောင့် လိင်္ဂ(အသွင်သဏ္ဌာန်) နိမိတ္တ(ပြုံးရယ်ဟန်စသည်) ကုတ္တ(ကစားပုံ) အာကပ္ပ(သွားလာပုံ) စသည်များသည် သေးသွယ်နွဲ့နှောင်း ပြော့ပျောင်းသိမ်မွေ့လျက် ရှိရသည်သာများ၏။ ပုရိသဘာဝရုပ်ဖြစ်ရာသန္တာန်၌ကား ထိုဘာဝရုပ်တန်ခိုးကြောင့် လိင်္ဂစသောအကျိုးတို့ ကြီးမားခန့်ကျမ်းလျက် ရှိသည်သာများ၏။ ဤသို့လျှင် ဘာဝရုပ်က "ငါ့သန္တာန်မှာ လိင်္ဂစသည်တို့ မည်ကဲ့သို့ ဖြစ်စေရမည်"ဟု မစီမံသော်လည်း စီမံသကဲ့သို့ သုတ္တန်ပကတူပနိဿယသတ္တိဖြင့် ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သောကြောင့် လိင်္ဂစသည်တို့ကို အစိုးရသော ဣန္ဒြိယတရားများဟု နာမည်မှည့်ထားရလေသည်။


အချို့ကား လိင်္ဂစသည်တို့သည် ပဋိသန္ဓေအခါ ကလလရေကြည် အခိုက်စသည်၌ အတ္ထိသဘောအားဖြင့် အထိုက်အလျောက်ရှိကြ၏။ သို့သော် လိင်္ဂစသည်တို့က ပရမတ်တရားအစစ်မဟုတ်ကြ, ပရမတ်ဖြစ်သော ရုပ်အပေါင်းကိုစွဲ၍ ပညတ်ရသော ပညတ်မျှသာဖြစ်သောကြောင့်ဘာဝရုပ်တို့က ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ဘဲရှိရလေသည်-ဟု အဋ္ဌကထာနည်းအပေါ်မှာ တမျိုးကျော်၍ ပြောဆိုကြ၏။ ကလလရေကြည်အခိုက်မှာ နိမိတ္တ ကုတ္တ အာကပ္ပတို့ရှိဘို့အရေးကား ဝေးလှချေ၏။ လိင်္ဂရှိမရှိကပင် ဆင်ခြင်စရာပေ။

(သုံးချက်စု ဘာဋီ ၂၃၇-၂၄၀)

## ပစ္စယနိဒ္ဒေသပါဠိ

ဣန္ဒြိယပစ္စယောတိ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ပဋ္ဌာန ပါဠိ ၈)

ရူပဇီဝိတိန္ဒြိယံ–ရုပ်ဇီဝိတိန္ဒြေသည်၊ ကဋတ္တာရူပါနံ–မိမိကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ကိုးခုတို့အား၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ (မိုးထိနိသျ ပ ၂၄)




စိတ်တို့၏ ခဏတိုင်းခဏတိုင်းတွင် ကမ္မဇရုပ်ကလာပ်များ များစွာ ဖြစ်ကြသည်တွင် ကလာပ်တခုတခု၌ ဇီဝိတရုပ်သည် ပါရစမြဲဖြစ်သည်။ ဇီဝိတမပါပဲ ကမ္မဇကလာပ်များ မဖြစ်ပေါ်နိုင်။ သို့ဖြစ်၍ ဇီဝိတရုပ်က သူ၏ကလာပ်အတွင်းရှိ ကျန်ကမ္မဇရုပ်များကို အစိုးရသည်ဟု ဆိုနိုင်သဖြင့် ဇီဝိတရုပ်က ကလာပ်တူ ကျန်ကမ္မဇရုပ်များကို ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းကို "ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော"ဟု ဗုဒ္ဓက ဟောပြတော်မူသည်။

## အရကောက်

'ရူပဇီဝိတိန္ဒြိယံ'ဟူသော ကတ္တားပါဌ်ဖြင့် ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလပ်တူကမ္မဇရုပ် ကိုးခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားကို ပြတော်၏။ 'ကဋတ္တာရူပါနံ'ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ်ကိုးခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

တနည်းကား –

ကမ္မဇကလာပ်ကိုးစည်းတို့တွင် စက္ခုဒသကကလာပ်၌ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကမ္မဇရုပ်ကိုးခုအား တပ်သော ရုပ်ဇီဝိတိန္ဒြေ။ (သောတဒသကစသည်နည်းတူ) ဇီဝိတနဝကကလာပ်၌ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကမ္မဇရုပ်ရှစ်ခုအား တပ်သော ရုပ်ဇီဝိတိန္ဒြေပစ္စည်းတရားကို ပြတော်၏။ 'ကဋတ္တာရူပါနံ'ဟူသော သမ္ပဒါန်ပါဌ်ဖြင့် ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ်ကိုးခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ဣန္ဒြိယပစ္စယေနဟူသော ကရိုဏ်းပါဌ်ဖြင့် ဣန္ဒြိယ အတ္ထိ အဝိဂတ ဤသုံးပစ္စယသတ္တိတို့တွင် ဣန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။ (ပဋ္ဌာန်းအရကောက် ၄၇)

## ပဉ္စဝါရပါဠိ

### ဣန္ဒြိယပစ္စယော

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပါဠိ ပ ၁၅၇)

အဗျာကတော–သော၊ ဓမ္မော–သည်၊ အဗျာကတဿ–သော၊ ဓမ္မဿ–အား၊ ဣန္ဒြိယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ရူပဇီဝိတိန္ဒြိယံ–ရုပ်ဇီဝိတိန္ဒြေသည်၊ ကဋတ္တာရူပါနံ–ကဋတ္တာရုပ်တို့အား၊ ဣန္ဒြိယပစ္စယေန–ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ (မိုးထိ ပ ၄၃၄)

### အရကောက်

ရူပဇီဝိတိန္ဒြိယဖြစ်အံ့၊ အဗျာကတော ဓမ္မောဟူသော ကတ္တားပါဌ်အရကား ကလာပ်တူကမ္မဇရုပ် ကိုးခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရား ရ၏။ အဗျာကတဿ ဓမ္မဿဟူသော သမ္ပဒါန်ပါဌ် အရကား ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ်ကိုးခု ပစ္စယုပ္ပန်တရား ရ၏။ ဣန္ဒြိယပစ္စယေနဟူသော ကရိဏ်းပါဌ်အရကား ဣန္ဒြိယ အတ္ထိ အဝိဂတ ဤသုံးပစ္စယသတ္တိတို့တွင် ဣန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။ (ပဋ္ဌာန်းအရကောက် ၄၃၆)

### ရူပဇီဝိတိန္ဒြိယမျိုး ၃–ပစ္စည်း
### ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ရူပဇီဝိတိန္ဒြိယ | ရုပ်ဇီဝိတိန္ဒြေ | ရုပ်ဇီဝိတိန္ဒြေ ကလာပ်တူ ကမ္မဇရုပ် | ဣံ<br>တ္ထိ အဝိ |

### ရူပဇီဝိတိန္ဒြိယမျိုးသင်္ချာ

ရူပဇီဝိတိန္ဒြိယ၌ သင်္ချာ ဇော်(၁) ဗျာ ဗျာ သာ ဖြစ်သည်။

## ရူပဇီဝိတိန္ဒြိယမျိုး ပစ္စည်းပြိုင်ပုံ

ရူပဇီဝိတိန္ဒြိယမျိုး၌ အမြဲတမ်း ဣန္ဒြိယ အတ္ထိ အဝိဂတ ၃မျိုး ပြိုင်ရသည်။

## ဣန္ဒြိယပစ္စယော

အဇ္ဈတ္တော ဓမ္မော အဇ္ဈတ္တဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပါဠိ ပ ၁၅၇)

အဇ္ဈတ္တော ဓမ္မော အဇ္ဈတ္တဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပုရေဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။။ (ပဋ္ဌာန်းပါဠိ ပ ၁၆၁)

## သဟပုရေမိဿကမျိုး ၃–ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| သဟပုရေ | အကု ၁၂ စေ ၂၇<br>ကု ၂၁ စေ ၅၂<br>ဟဒယဝတ္ထု | အကု ၁၂ စေ ၂၇<br>ကု ၂၁ စေ ၅၂ | နိဿယ<br>တ္ထိ အဝိ |

သချ်ာဒွေ ကုဗျာ ကု၊ အကုဗျာ အကု
ပစ္စည်းရေ ၃ နိဿယ အတ္ထိ အဝိဂတ

### ပဥှာဝါရပါဠိ

### နိဿယပစ္စယော

ကုသလော စ အဗျာကတော စ ဓမ္မာ ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။

အကုသလော စ အဗျာကတော စ ဓမ္မာ အကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိ ပ ၁၄၅)

### အတ္ထိပစ္စယော

ကုသလော စ အဗျာကတော စ ဓမ္မာ ကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပုရေဇာတံ။ သဟဇာတော ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ အတ္ထိပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။

အကုသလော စ အဗျာကတော စ ဓမ္မာ အကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပုရေဇာတံ။ သဟဇာတော ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ အတ္ထိပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ (အဝိဂတပါဠိသည် အတ္ထိနှင့်တူသည်)

(ပဋ္ဌာန်းပါဠိ ပ ၁၆၂-၁၆၃)

## ကုဗျာ ဗျာ နိဿယ

ကုသလော-ကုသိုလ်ဖြစ်သော၊ ဓမ္မော စ-တရားလည်းကောင်း၊ အဗျာကတော-အဗျာကတဖြစ်သော၊ ဓမ္မော စ-တရားလည်းကောင်း၊ ဣတိ-ဤသို့၊ ဧတေဓမ္မာ-ဤတရားတို့သည်၊ ကုသလဿ-ကုသိုလ်ဖြစ်သော၊ ဓမ္မဿ-တရားအား၊ နိဿယပစ္စယေန-နိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။ ကုသလော-ကုသိုလ်ဖြစ်သော၊ ဧကော-တပါးသော၊ ခန္ဓော စ-ဝေဒနက္ခန္ဓာအစရှိသော ခန္ဓာသည်ကောင်း၊ ဝတ္ထု စ-ဟဒယဝတ္ထုသည်ကောင်း၊ တိဏ္ဏန္နံ-သုံးပါးကုန်သော၊ ခန္ဓာနံ-သညာအစရှိသော ခန္ဓာတို့အား၊ နိဿယပစ္စယေန-နိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။ တယော-သုံးပါကုန်သော၊ ခန္ဓာ စ-ဝေဒနာအစရှိသော ခန္ဓာတို့သည်လည်းကောင်း၊ ဝတ္ထု စ-ဟဒယဝတ္ထုသည်ကောင်း၊ ဧကဿ-တပါးသော၊ ခန္ဓဿ-ဝိညာဏ်အစရှိသော ခန္ဓာအား၊ နိဿယပစ္စယေန-နိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။ ဒွေ-နှစ်ပါးကုန်သော၊ ခန္ဓာ စ-ဝေဒနာသညာအစရှိသော ခန္ဓာတို့သည်လည်းကောင်း၊ ဝတ္ထု စ-ဟဒယဝတ္ထုသည်ကောင်း၊ ဒွိန္နံ-နှစ်ပါးကုန်သော၊ ခန္ဓာနံ-သင်္ခါရဝိညာဏ်အစရှိသော ခန္ဓာတို့အား၊ နိဿယပစ္စယေန-နိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။ (မိုးထိပ ၄၀၁)

(အကုဗျာ ဗျာ တူပြီ)

ဘ တိ န ဒ ပ စ သံ တိ ဝိ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ

၀၀၀ ၀၀၀

ဟဒယဝတ္ထု သောဉသံအ+စေ၃၃

(ပုရေဇာတ) ဝိညာဏက္ခန္ဓာ,ဝေ,သညာ,သင်္ခါ

(သဟဇာတ)

♠ နာမ်ခန္ဓာလေးပါးသည် တပါးကို တပါး အမှီပြုပြီး နေရရသည်။ ၁-၃၊ ၃-၁၊ ၂-၂ အကြောင်းအကျိုးဖြစ်သည်။ ဤကား သဟဇာတနည်းအရဖြစ်သည်။ ဤနာမ်ခန္ဓာလေးပါးသည် ပဥ္စဝေါကာရဘုံ၌ဖြစ်မှု တည်စရာ ဟဒယဝတ္ထု ရှိရသည်။ တည်စရာက တည်သော နာမ်ခန္ဓာတို့အား ပုရေဇာတဖြင့် ကျေးဇူးပြုသည်။ သဟဇာတနှင့် ပုရေဇာတကို ပေါင်းက ၁,ဝတ္ထု-၃၊ ၃,ဝတ္ထု-၁၊ ၂,ဝတ္ထု-၂ အကြောင်းအကျိုးဖြစ်သည်။

## သဟဇာတသက်သက် ပါဠိ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပါဠိ ပ ၁၄၄)

(သဟဇာတ နိဿယ အတ္ထိ အဝိဂတ တူ)

## ပုရေဇာတသက်သက် ပါဠိ

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ဝတ္ထု ကုသလာနံ ခန္ဓာနံ နိဿယ ပစ္စယေန ပစ္စယော။ အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ဝတ္ထု အကုသလာနံ ခန္ဓာနံ နိဿယ ပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပါဠိ ပ ၁၄၄)

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ ပုရေဇာတံ–ဝတ္ထု ကုသလာနံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ ပုရေဇာတံ–ဝတ္ထု အကုသလာနံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပါဠိ ပ ၁၆၂) (အဝိဂတ တူ)

## ကုဗျာ ကု အရကောက်

ကုသလော စ အဗျာကတော စ ဟူသော ကတ္တားပါဋ်အရကား အချင်းချင်းအားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်ဇောဝီထိ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာ။ ဝဋ္ဋော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ်ဇောဝီထိ စေတသိက် အဋ္ဌတ္တိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက်တပ်ကောင်းသော နိဿယ အတ္ထိ အဝိဂတ ဤသုံးပစ္စယသတ္တိတို့တွင် နိဿယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

(ပဋ္ဌာန်းအရကောက် ၄၁၂)

## ကုသိုလ်နှင့်အကုသိုလ်တရားတို့ကိုသာ မိဿက(မျိုးရော)ပြရခြင်းအကြောင်း

ဒီမိဿက (၃)ပစ္စည်းဟာ ကုသလတိက်အတွက် ဖြစ်ပါတယ်။ တိကပဋ္ဌာန်းတကျမ်းလုံးမှာဆိုရင် ဒီမိဿက (၈)မျိုး ရှိပါတယ်။ ဒီမိဿကတွေကို ပဥှာဝါရဝိဘင်္ဂမှာလည်း ဟောပါတယ်။ ပစ္စနီယုဒ္ဓါရမှာလည်း ဟောပါတယ်။ ဒီ(၃)မျိုးကတော့ ကုသလတိက်နဲ့သာလျှင် ဆိုင်သဖြင့် (၃)မျိုးကိုပဲ ယူပြီး ဟောပါတယ်။ ဒီနေရာမှာ "အချင်းချင်း"လို့ဆိုတာ သဟဇာတ ပစ္စည်းတုန်းက ပြောခဲ့တဲ့အတိုင်း "အကုသိုလ်ဒွါဒသ၊ ကုသိုလ် ဧကဝီသ၊ စေတသိက် ဒွေပညာသ" ဒါကို အချင်းချင်းလို့ ခေါ်ပါတယ်။ ဒါကြောင့် ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံးသည် "အကုသိုလ် ဒွါဒသ၊ ကုသိုလ် ဧကဝီသ၊ စေတသိက် ဒွေပညာသ" ဖြစ်ပါတယ်။

**သဟဇာတ ပုရေဇာတ မိဿက**လို့ဆိုတာ သဟဇာတရော ဝတ္ထုပုရေဇာတရော ရောပြီး ဟောထားတဲ့ တရားဖြစ်ပါတယ်။ ဘယ်ပစ္စည်းမှာလဲဆိုရင် **နိဿယ အတ္ထိ အဝိဂတ** ပစ္စည်းမှာပါ။ နိဿယမှာ သဟဇာတ နိဿယ ရှိပါတယ်။ ဝတ္ထုပုရေဇာတနိဿယလည်း ရှိပါတယ်။ အဲဒီ သဟဇာတနိဿယနဲ့ ဝတ္ထုပုရေဇာတနိဿယကို ရောပြီး ဟောထားပါတယ်။ ဒီမိဿက ပစ္စည်းတွေဟာ **ပစ္စုပ္ပန်ကာလ**၌သာ ဖြစ်ပါတယ်။

"ကုသိုလ် ဧကဝီသ၊ အကုသိုလ် ဒွါဒသ၊ စေတသိက် ဒွေပညာသ"ကို ခန္ဓာဖွဲ့ရင် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာလို့ လေးမျိုးထွက်လာပါတယ်။ ခန္ဓာလေးပါးလုံးကို တပေါင်းတည်း ပစ္စည်းအနေနဲ့ မယူပဲ တပါး သုံးပါး နှစ်ပါး စသည်ဖြင့် ယူရတာကို "အစိတ်အစိတ်"လို့ ဆိုပါတယ်။ ပစ္စည်းက တပါးဆိုရင် ပစ္စယုပ္ပန်က သုံးပါဖြစ်ပါတယ်။ အဲဒီအတွက် "ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော" ပါဠိတော် ဖြစ်လာပါတယ်။ ပုရေဇာတမှာ ဟဒယဝတ္ထုကို အမှီပြုပြီး ကုသိုလ်ခန္ဓာတွေ ဖြစ်ကြရတယ်ဆိုတော့ "ဝတ္ထု ကုသလာနံ ခန္ဓာနံ"လို့ ပါဠိတော်ဖြစ်လာရပါတယ်။

သဟဇာတနဲ့ပုရေဇာတပေါင်းလိုက်တော့ "ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော"လို့ ပါဠိတော် ဖြစ်လာရပါတယ်။

ဝီထိချကြည့်ရင် ဇောရှေ့မှ ပဉ္စဒွါရဝီထိဖြစ်က ဂုဋ္ဌော, မနောဒွါရဝီထိဖြစ်က မနောဒွါရာဝဇ္ဇန်း ရှိပါတယ်။ ပထမဇောအခိုက် ကုသိုလ်စိတ်နဲ့စေ၃၈ခု ဖြစ်ပါတယ်။ ခန္ဓာလေးပါး ဖြစ်တယ်။ လေးပါးသည် ၁–၃၊ ၃–၁၊ ၂–၂ အနေနှင့် အကြောင်းအကျိုး ဖြစ်တယ်။ အကြောင်းကုသိုလ်ခန္ဓာသည် ပုရေဇာတအရ ဟဒယဝတ္ထုပေါ်မှာ မှီသည်။ ခန္ဓာလေးပါးသည် အချင်းချင်းမှီတဲ့အခါ သဟဇာတ, ဟဒယဝတ္ထုကို မှီတဲ့အခါ ပုရေဇာတ, ဖြစ်ခြင်းကြောင့် သဟပုရေမိဿကဖြစ်လာသည်။

သဟပုရေ မိဿကမှာ အဘယ့်ကြောင့် ကုသိုလ်အကုသိုလ်ကိုသာ ရောပြ၍ ဝိပါက်စိတ်နှင့် ကြိယာစိတ်တို့ကို သဟပုရေ မျိုးရောမပြသနည်းဆိုသော် **သချာမထူး၍ဟု ဆိုရမည်**။ ဝိပါက်စိတ်နှင့် ကြိယာစိတ်တို့ကို ယူမည်ဆိုရင် ပစ္စည်း၌ အရူပဝိပါက်လေးခုကြဉ် ဝိပါက် ၃၂, ကြိယာ ၂၀, အစိတ်အစိတ် နာမက္ခန္ဓာ၊ ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု ဖြစ်မည်။ ပစ္စယုပ္ပန်ဘက်၌ အရူပဝိပါက်လေးခုကြဉ် ဝိပါက် ၃၂, ကြိယ ၂၀, အစိတ်အစိတ် နာမက္ခန္ဓာ ဖြစ်မည်။ ပစ္စည်းဘက်က တရားများကလည်း အဗျာကတ, ပစ္စယုပ္ပန်ဘက်ကလည်း အဗျာကတသာဖြစ်ရကား "ဝိပါကာဗျာကတော ကြိယာဗျာကတော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော"ဟု ပါဠိတော်ဖြစ်သော် သချာမှာ ဗျာဗျာ မှ မထူးသဖြင့် ဝိပါက်စိတ်နှင့် ကြိယာစိတ်တို့ကို သဟပုရေ မျိုးရောမပြပါ။

နိဿယပစ္စည်း၌ ဝိပါက်, ကြိယာ စိတ်စေတသိက် နာမ်ခန္ဓာလေးပါတို့၏ ၁-၃၊ ၃-၁၊ ၂-၂ အနေနှင့်လည်းကောင်း, မဟာဘုတ်လေးပါးတို့၏ ၁-၃၊ ၃-၁၊ ၂-၂ အနေနှင့်လည်းကောင်း, စက္ခုပသာဒအကြောင်း စက္ခုဝိညာဏ်အကျိုးအနေနှင့်လည်းကောင်း ဗျာ,ဗျာ သချာ ရှိနှင့်နေပြီး ဖြစ်သည်။

မူလပဋ္ဌာန်းဆရာတော်
ပဉ္စာဝါသချာပို့ချချက်
၅၁-၅၄ ကောက်နုတ်ချက်

## ပစ္ဆာဇာတာဟာရမိဿကမျိုး ၂-ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ပစ္ဆာဇာတာဟာရ | (ပဥ္စဝေါ)အကု ၁၂ စေ ၂၇<br>ကု ၂၁ စေ ၅၂<br>ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း စသည့် ရှေးစိတ်နှင့်အတူဥပါဒ်သည့် ရုပ်၏ဌီသို့ရောက်သော ဩဇာ | ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း စသည့် ရှေးစိတ်နှင့်အတူဥပါဒ်သည့် ရုပ်၏ဌီသို့ရောက်သော တိဇကာယ စတုဇကာယ | ထ္ထိ အဝိ |

သချ်ာဒွေ ကုဗျာ ဗျာ၊ အကုဗျာ ဗျာ
ပစ္စည်းရေ ၂ အတ္ထိ အဝိဂတ

### ပဥှာဝါရပါဠိ

### အတ္ထိပစ္စယော

ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။ ပစ္ဆာဇာတာ အကုသလာ ခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပါဠိ ပ ၁၆၃)

(အဝိဂတ တူပြီ)

## ပစ္ဆာဇာတသက်သက် ပါဠိ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ အကုသလာ ခန္ဓာ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ (ပဌာန်းပါဠိ ပ ၁၅၃)

## အာဟာရသက်သက် ပါဠိ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။ (ပဌာန်းပါဠိ ပ ၁၅၆)

## ပစ္ဆာဇာတာဟာရမိဿက ပါဠိ
## အတ္ထိပစ္စယော

ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။ ပစ္ဆာဇာတာ အကုသလာ ခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။ (ပဌာန်းပါဠိ ပ ၁၆၃)

(အဝိဂတ တူပြီ)

တိ န ဒ ပ စ သံ တိ ဝု ၉ ၉ ၉ ၉ ၉ ၉ ၉ တ တ ဘ ဘ

ဘ န ဒ မ ၉ ၉ ၉ ၉ ၉ ၉ ၉ တ တ ဘ ဘ

၁၀၀ ၁၀၀

ပအာတေဝါ ဝံဂံရ ဩ

သောဉာသံအ စေ–၃၃

♠ ပထမဇောကုသိုလစိတ်စေတသိက်နှင့် ကလာပ်တခု၏ ဩဇာ,က ပစ္စည်းတရား၊ ကလာပ်တူကလာပ်ပြား စတုသမုဋ္ဌာနိက ရုပ်က ပစ္စယုပ္ပန် စသည်ဖြင့် အကြောင်းအကျိုး ဖြစ်ခြင်းကို “ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော” ဟု ပဌာဝါရ၌ မိဿကအနေဖြင့် ဟောတော်မူသည်။

## ကုဗ္ဗာ ဗျာ /အကုဗ္ဗာ ဗျာ နိဿယ

ကုသလော–ကုသိုလ်ဖြစ်သော၊ ဓမ္မော စ–တရားလည်းကောင်း၊ အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော စ–တရားလည်းကောင်း၊ ဣတိ–ဤသို့၊ ဧတေဓမ္မာ–ဤတရားတို့သည်၊ အဗျာကတဿ–အဗျာကတ ဖြစ်သော၊ ဓမ္မဿ–တရားအား၊ အတ္ထိပစ္စယေန–အတ္ထိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ပစ္ဆာဇာတံ–ပစ္ဆာဇာတတ္ထိကို၊ ဇဝံ–ဤသို့၊ ဒဋ္ဌဗ္ဗံ–မှတ်အပ်၏။ ပစ္ဆာဇာတာ–နောက်၌ဖြစ်ကုန်သော၊ ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ စ–နာမက္ခန္ဓာတို့သည်လည်းကောင်း၊၊ ကဗဠီကာရော–အလုပ်အလွေ့ကို မပြုအပ်သော်လည်း ပြုသကဲ့သို့သော၊ အာဟာရော စ–ရုပ်အာဟာရသည်လည်းကောင်း၊ ဣမဿ– ဤသို့သဘောရှိသော၊ ကာယဿ–တိဇကာယ,စတုဇကာယ[၁]အား၊ အတ္ထိပစ္စယေန–အတ္ထိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ပစ္ဆာဇာတာ–နောက်၌ဖြစ်ကုန်သော၊ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ စ–နာမက္ခန္ဓာတို့သည် လည်းကောင်း၊၊ ကဗဠီကာရော–အလုပ်အလွေ့ကို မပြုအပ်သော်လည်း ပြုသကဲ့သို့သော၊ အာဟာရော စ–ရုပ်အာဟာရသည်လည်းကောင်း၊ ဣမဿ–ဤသို့သဘောရှိသော၊ ကာယဿ–တိဇကာယ,စတုဇကာယအား၊ အတ္ထိပစ္စယေန–အတ္ထိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိပ နိသျ ၄၅၀–၄၅၁)

## ကုဗ္ဗာ ဗျာ အရကောက်

ပစ္ဆာဇာတဟာရမိဿကဖြစ်အံ့၊ ကတ္တားပုဒ်အရကား ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဋ္ဌီသို့ရောက်သော တိဇကာယ စတုဇကာယအား ကာလတူ တပြိုင်နက် တပ်ကောင်းသော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်ဖြစ်သော ကုသိုလ် ဇကဝီသ၊ စေတသိက် အဋ္ဌတ္တိံသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဋ္ဌီသို့ရောက်သော ဩဇာ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ပါဌ်အရကား ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဋ္ဌီသို့ရောက်သော တိဇစတုဇကာယ ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းပါဌ်အရကား တပြိုင်နက်တပ်ကောင်းသော အတ္ထိ အဝိဂတ ဤနှစ်ပစ္စယသတ္တိတွင် အတ္ထိသတ္တိဟုဆို အပ်သော သတ္တိဝိသေသရ၏။

(ပဋ္ဌာန်းအရကောက်–၄၄၁)

(အကုဗ္ဗာ ဗျာ တူ)

---

၁ ပဋ္ဌာန်းအရကောက်, ပဋ္ဌာန်းသိပ္ပံနည်းပြတို့၌ တိဇ, စတုဇ နှစ်မျိုးကောက်သည်။ မိုးထိနိဿယ၌ တိဇကာယ တခု ကိုသာ ကောက်သည်။

## ပစ္ဆာဇာတိန္ဒြိယမိဿကမျိုး ၂–ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ပစ္ဆာဇာတိန္ဒြိယ | (ပဌ္ဌဝေါ)အကု ၁၂ စေ ၂၇ ကု ၂၁ စေ ၅၂ ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း စသည့် ရှေးစိတ်နှင့်အတူဥပါဒ်သည့် ရုပ်၏ဌီသို့ရောက်သော ရုပ်ဇီဝိတိန္ဒြေ | ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း စသည့် ရှေးစိတ်နှင့်အတူဥပါဒ်သည့် ရုပ်၏ဌီသို့ရောက်သော ကမ္မဇကာယ | ဏ္ထိ အဝိ |

သချာဒွေ ကုဗျာ ဗျာ၊ အကုဗျာ ဗျာ
ပစ္စည်းရေ ၂ အတ္ထိ အဝိဂတ

### ပဋ္ဌာဝါရပါဠိ

### အတ္ထိပစ္စယော

ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။ ပစ္ဆာဇာတာ အကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပါဠိ ပ ၁၆၃)

(အဝိဂတ တူပြီ)

## ပစ္ဆာဇာတသက်သက် ပါဠိ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ အကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပါဠိ ပ ၁၅၃)

## ဣန္ဒြိယသက်သက် ပါဠိ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပါဠိ ပ ၁၅၇)

## ပစ္ဆာဇာတိန္ဒြိယမိဿက ပါဠိ
## အတ္ထိပစ္စယော


ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။ ပစ္ဆာဇာတာ အကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ (ပဋ္ဌာန်းပါဠိ ပ ၁၆၃)

(အဝိဂတ တူပြီ)

တီ န ဒ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ

ဘ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ




♠ ပထမဇောကုသိုလစိတ်စေတသိက်နှင့် ကလာပ်တခု၏ ဇီဝိတရုပ်,က ပစ္စည်းတရား၊ ကလာပ်တူ ကျန်ကမ္မဇ ရုပ်များက ပစ္စယုပ္ပန် စသည်ဖြင့် အကြောင်းအကျိုး ဖြစ်ခြင်းကို "ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော" ဟု ပဋ္ဌာဝါရ၌ မိဿကအနေဖြင့် ဟောတော်မူသည်။

## ကုသလာ ဓမ္မာ / အကုသလာ ဓမ္မာ နိဿယ

ကုသလော–ကုသိုလ်ဖြစ်သော၊ ဓမ္မော စ–တရားလည်းကောင်း၊ အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော စ–တရားလည်းကောင်း၊ ဣတိ–ဤသို့၊ ဧတေဓမ္မာ–ဤတရားတို့သည်၊ အဗျာကတဿ–အဗျာကတ ဖြစ်သော၊ ဓမ္မဿ–တရားအား၊ အတ္ထိပစ္စယေန–အတ္ထိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ပစ္ဆာဇာတံ–ပစ္ဆာဇာတတ္တိကို၊ ဇဝံ–ဤသို့၊ ဒဠှဗ္ဗံ–မှတ်အပ်၏။ ပစ္ဆာဇာတာ–နောက်၌ဖြစ်ကုန်သော၊ ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ စ–နာမက္ခန္ဓာတို့သည်လည်းကောင်း၊ ရူပဇီဝိတိန္ဒြိယဉ္စ–ရုပ်ဇီဝိတိန္ဒြေ သည်လည်းကောင်း၊ ကဋတ္တာရူပါနံ–ကဋတ္တာရုပ်တို့အား၊ အတ္ထိပစ္စယေန–အတ္ထိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ပစ္ဆာဇာတံ–ပစ္ဆာဇာတတ္တိကို၊ ဇဝံ–ဤသို့၊ ဒဠှဗ္ဗံ–မှတ်အပ်၏။ ပစ္ဆာဇာတာ–နောက်၌ဖြစ်ကုန်သော၊ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ စ–နာမက္ခန္ဓာတို့သည်လည်းကောင်း၊ ရူပဇီဝိတိန္ဒြိယဉ္စ–ရုပ်ဇီဝိတိန္ဒြေသည်လည်းကောင်း၊ ကဋတ္တာရူပါနံ–ကဋတ္တာရုပ်တို့အား၊ အတ္ထိပစ္စယေန–အတ္ထိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိပ နိသျ ၄၅၀–၄၅၁)

## ကုသလာ ဓမ္မာ အရကောက်

ပစ္ဆာဇာတိန္ဒြိယမိဿကဖြစ်အံ့၊ ကတ္တားပုဒ်အရကား ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရေးရေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကမ္မဇကာယအား ကာလတူ တပြိုင်နက် တပ်ကောင်းသော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်ဖြစ်သော ကုသိုလ် ဇေဝီသ၊ စေတသိက် အဋ္ဌတ္တိံသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရေးရေးစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ရူပဇီဝိတိန္ဒြေ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ပါဌ်အရကား ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရေးရေးစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဇီဝိတိန္ဒြေကြဉ်သော ကမ္မဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ကရိယာပါဌ်အရကား တပြိုင်နက်တပ်ကောင်းသော အတ္ထိ အဝိဂတ ဤနှစ်ပစ္စယသတ္တိတွင် အတ္ထိသတ္တိဟုဆို အပ်သော သတ္တိဝိသေသရ၏။

(ပဋ္ဌာန်းအရကောက်–၄၄၁)

(အကုသလာ ဓမ္မာ တူ)

## အာရမ္မဏပစ္စယော

အာရမ္မဏသည် အလွန်ပျော်စရာကောင်းသော နေရာဟု အဓိပ္ပါယ်ရ၏။ အပင်မျိုးစုံ စိုက်ပျိုးထားသော ဥယျာဉ်သည် နေချင်စဖွယ် ဖြစ်သလို ရူပါစသော အာရုံများသည် စိတ်စေတသိက်တို့၏ ပျော်စရာသတ္တိထူး ရှိကြလေသည်။ ထို့ကြောင့် စိတ် စေတသိက်တို့သည် အာရုံနှင့်ကင်းပြီး မဖြစ်နိုင်။ အာရုံသည် စိတ်စေတသိက်တို့ကို မခွဲနိုင်လောက်အောင် ဆွဲဆောင်နိုင်ခြင်းသည် အာရမ္မဏသတ္တိမည်၏။

အာလမ္ဗဏသည် ဆွဲကိုင်စရာဟု အဓိပ္ပါယ်ရသည်။ မသန်မစွမ်းသူတို့သည် တုတ်,တောင်ဝှေး,ကြိုးတမ်းကို ဆွဲကိုင်ပြီး ထကြရ သွားကြရ ရပ်ကြရသလို အာရုံတို့သည်လည်း စိတ်စေတသိက်တို့၏ ဆွဲမှီစရာဖြစ်၍ အာရုံတို့သည် အာလမ္ဗဏသတ္တိ ရှိ၏။

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်သော စိတ်–၈၉၊ စေ–၅၂ ၊ရုပ်–၂၈ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ် | စိတ်–၈၉၊ စေ–၅၂၊ | ရုပ် ၂၈ |

## ပစ္စုပ္ပန်စသည်အခွဲ

ဖြစ်ပေါ်နေစဉ် 'ဥပါဒ် ဌီ ဘင်' အားဖြင့် ထင်ရှားရှိသော အာရုံကို ပစ္စုပ္ပန်ဟု ခေါ်သည်။ 'ဥပါဒ် ဌီ ဘင်' စေ့၍ ပျက်ပြီးလျှင် အတိတ်အာရုံဟု ခေါ်သည်။ အကြောင်းညီညွတ်လျှင် ဧကန်ဖြစ်မည့်အာရုံကို အနာဂတ်ဟု ခေါ်သည်။ စိတ်–၈၉, စေ–၅၂, ရုပ် ၂၈ တို့သည် ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးမျိုး အမည်ရနိုင်သည်။ ကာလသုံးမျိုးမှ လွတ်သော အာရုံသည် ကာလဝိမုတ်မည်၏။ ပညတ်နှင့် နိဗ္ဗာန်သည် ကာလသုံးပါးမှ လွတ်၏။ မောင်ဖြူ, မောင်မဲ, အိမ်, ကျောင်းစသည့် ပညတ်တွေကို တရားကိုယ်ရှာကြည့်သည့်အခါ ဘာမျှမတွေ့ရ၊ စိတ် စေတသိက် ရုပ်ကိုသာ တွေ့ရမည်။ ထို့ကြောင့် နာမည် ပညတ်ကို တရားကိုယ် မရှိ၍ ဖြစ်ခြင်း(ဥပါဒ်) သဘောမရှိရကား ဖြစ်ဆဲ ပစ္စုပ္ပန်စသည်ဖြင့် ခေါ်မရ၊ ကာလဝိမုတ်ဟုသာ ခေါ်သည်။ နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် တကယ်အရှိတရားဖြစ်သော်လည်း ဖြစ်ပျက်သဘောမရှိ၍ ကာလဝိမုတ်သာ ဖြစ်သည်။

(သင်္ဂြိုဟ်ဘာသာဋီကာ ၁၉၁–၁၉၂ ရှင်းချက်)


အာရမ္မဏပစ္စည်းတရားများ

လောကဌ် ရှိသမျှ သိစရာ(အာရုံ)အားလုံးကို စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ် ဟု ငါးမျိုးသာ ရှိလေသည်။ ၎င်းသိစရာ ငါးမျိုးသည် အာရမ္မဏသတ္တိ ရှိသော တရားများဖြစ်သည်။ ၎င်း ငါးမျိုးကို ခွဲလျှင် – ရုပ် ၂၈ ပါးမှ


၁၊ အဆင်းရုပ်သည် ရူပါရုံ
၂၊ အသံရုပ်သည် သဒ္ဒါရုံ
၃၊ အနံ့ရုပ်သည် ဂန္ဓာရုံ
၄၊ အရသာသည် ရသာရုံ
၅၊ ပထဝီ, တေဇော, ဝါယော ဟူသော အတွေ့သည် ဖောဋ္ဌဗ္ဗာရုံ
၆၊ ကျန်ရုပ်တရား၂၁ပါးနှင့် စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်တို့သည် ဓမ္မာရုံ ဟု

အာရုံ ၆–ပါး ရသည်။ ၎င်းအာရုံ ၆–ပါးသည် အာရမ္မဏသတ္တိ ရှိသောတရားများဖြစ်ကြသည်။

## ပဉ္စဒွါရဝီထိ




## ကာမဇောမနောဒွါရဝီထိ



## ကာမစိတ် အာရုံ ပစ္စည်း

| | |
|---|---|
| အာရုံ(အကြောင်း–ပစ္စည်း) | အာရမ္မဏိက(အကျိုး–ပစ္စယုပ္ပန်) |
| ၁။ ကာမစိတ်–၅၄၊ စေတသိက်–၅၂၊ ရုပ်–၂၈ | တဒါရုံ–၁၁၊ ဟသိတုပ္ပါဒ်–၁ |
| ၂။ လောကီစိတ်–၈၁၊ စေ–၅၂၊ ရုပ်–၂၈၊ ပညတ် | အကုသိုလ်စိတ်–၁၂၊ မဟာကုသိုလ်, မဟာကြိယာ ဉာဏဝိပ္ပယုတ်–၈ |
| ၃။ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်စိတ် ၈၇၊ စေ–၅၂၊ ရုပ်–၂၈ နိဗ္ဗာန်, ပညတ် | မဟာကုသိုလ် ဉာဏသမ္ပယုတ်–၄ |
| ၄။ စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်၊ ပညတ် | မဟာကြိယာ ဉာဏသမ္ပယုတ်–၄၊ မနောဒွါရာဝဇ္ဇန်း–၁ |

## အဘိညာဝီထိ

ဘ န ဒ မ ပ ဥ နု ဂေါ ဘိံ ဘ

မနောဒွါရာဝဇ္ဇန်း မဟာကု/မဟာကြိ ဉာသံ ၄ ရူပါဝစရကု/ကြိ ပဉ္စမဈာန်

## အဘိညာဉ် ၇–ပါး အာရုံ ပစ္စည်း

| | |
|---|---|
| ၁။ ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ ပစ္စုပ္ပန်ရူပါရုံ | ဒိဗ္ဗစက္ခုအဘိညာဉ် (ရူပါဝစရကုသိုလ်/ကြိယာပဉ္စမဈာန်စိတ်) |
| ၂။ ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ ပစ္စုပ္ပန်သဒ္ဒါရုံ | ဒိဗ္ဗသောတအဘိညာဉ် (ရူပါဝစရကုသိုလ်/ကြိယာပဉ္စမဈာန်စိတ်) |
| ၃။ ရူပကုသိုလ်/ကြိပဉ္စမဈာန်–၁၊ သတသဟဿ စသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံ ၆–ပါး | ဣဒ္ဓိဝိဓကြိယာအဘိညာဉ် (ရူပါဝစရကုသိုလ်/ကြိယာပဉ္စမဈာန်စိတ်) |

၄။ လွန်ပြီးသော ၇-ရက်မှစ၍ လာလတ့်သော
၇-ရက်တိုင်အောင် ကာလသုံးပါးဖြစ်သော
အရဟတ္တမဂ်/ဖိုလ် ကြဉ် သုတပါးစိတ်-၈၇

စေတောပရိယကုသိုလ်အဘိညာဉ်

၅။ လွန်ပြီးသော ၇-ရက်မှစ၍ လာလတ့်သော
၇-ရက်တိုင်အောင် ကာလသုံးပါးဖြစ်သော
သုတပါးစိတ်-၈၉

စေတောပရိယကြိယာဘိညာဉ်

၆။ ပုဗ္ဗေနိဝုဠ္ဌဖြစ်သော အရဟတ္တမဂ်/ဖိုလ်ကြဉ်
စိတ်-၈၇၊ စေ-၅၂၊ ရုပ်-၂၈ ဟုဆိုအပ်သော
ခန္ဓာ ၅-ပါး၊ ခန္ဓာ ၅-ပါးမှ လျှောက်၍
သိအပ်သော နိဗ္ဗာန်, အမျိုးအမည် ပညတ်

ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်

၇။ ပုဗ္ဗေနိဝုဠ္ဌဖြစ်သော စိတ်-၈၉၊ စေ-၅၂၊
ရုပ်-၂၈ ဟုဆိုအပ်သော ခန္ဓာ ၅-ပါး၊
ခန္ဓာ ၅-ပါးမှ လျှောက်၍ သိအပ်သော နိဗ္ဗာန်,
အမျိုးအမည် ပညတ်

ပုဗ္ဗေနိဝါသာနုဿတိကြိယာအဘိညာဉ်

၈။ အတိတ်ဖြစ်သော လောကီကုသိုလ်, အကုသိုလ်ကံ

ယထာကမ္မူပဂကုသိုလ်/ကြိယာအဘိညာဉ်

၉။ အနာဂတ်ဖြစ်သော အရဟတ္တမဂ်/ဖိုလ်ကြဉ်
စိတ်-၈၇၊ စေ-၅၂၊ ရုပ်-၂၈ ဟုဆိုအပ်သော
ခန္ဓာ ၅-ပါး၊ ခန္ဓာ ၅-ပါးမှ လျှောက်၍
သိအပ်သော နိဗ္ဗာန်, အမျိုးအမည် ပညတ်

အနာဂတံသကုသိုလ်အဘိညာဉ်

၁၀။ အနာဂတ်ဖြစ်သော စိတ်-၈၉၊ စေ-၅၂၊
ရုပ်-၂၈ ဟုဆိုအပ်သော ခန္ဓာ ၅-ပါး၊
ခန္ဓာ ၅-ပါးမှ လျှောက်၍ သိအပ်သော နိဗ္ဗာန်,
အမျိုးအမည် ပညတ်

အနာဂတံသကြိယာအဘိညာဉ်

# ဈာနဝီထိ

| ဘ | န | ဒ | မ | ပ | ဥ | နု | ဂေါ | ဈာန် | ဘ |
|---|---|---|---|---|---|---|---|---|---|
| | | မနောဒွါရာဝဇ္ဇန်း | | မဟာကု/မဟာကြိ ဉာသံ ၄ | | | | ရူပါဝစရကု/ကြိ<br>အရူပါဝစရကု/ကြိ | |

| | |
|---|---|
| ကသိုဏ်းပညတ် ၁၀–ပါး၊ အသုဘပညတ် ၁၀–ပါး၊<br>ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံ အစရှိသော<br>ကာယအစုပညတ်၊ အာနာပါနဿတိအာရုံဖြစ်သော<br>ထွက်သက် ဝင်သက် ပညတ်၊ မေတ္တာ, ကရုဏာ,<br>မုဒိတာ ဟူသော ဗြဟ္မဝိဟာရတရားသုံးပါး၏ အာရုံဖြစ်သော<br>အတိုင်းမသိသော သတ္တဝါပညတ်၊ | ရူပ ပဌမဈာန် ၃–ပါး |
| ကသိုဏ်းပညတ် ၁၀–ပါး၊ အာနာပါနဿတိအာရုံဖြစ်သော<br>ထွက်သက် ဝင်သက် ပညတ်၊ မေတ္တာ, ကရုဏာ, မုဒိတာ<br>ဟူသော ဗြဟ္မဝိဟာရတရားသုံးပါး၏ အာရုံဖြစ်သော<br>အတိုင်းမသိသော သတ္တဝါပညတ်၊ | ရူပ ဒုတိယဈာန် ၃–ပါး<br>ရူပ တတိယဈာန် ၃–ပါး<br>ရူပ စတုတ္ထဈာန် ၃–ပါး |
| ကသိုဏ်းပညတ် ၁၀–ပါး၊ အာနာပါနဿတိအာရုံဖြစ်သော<br>ထွက်သက် ဝင်သက် ပညတ်၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရ၏<br>အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ | ရူပ ပဉ္စမဈာန် ၃–ပါး |

ကောင်းကင်ပညတ်အာရုံ | အာကာသာနဉ္စာယတနစိတ် ၃–ပါး

ဤဘဝ[1]၊ ရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူး[2]သော
အာကာသာနဉ္စာယတနကုသိုလ် | ဝိညာဏဉ္စာယတနကုသိုလ်စိတ် ၁–ပါး

ရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော
အာကာသာနဉ္စာယတနကုသိုလ်စိတ် | ဝိညာဏဉ္စာယတနဝိပါက်စိတ် ၁–ပါး

ဤဘဝ[3]၊ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော
အာကာသာနဉ္စာယတနကုသိုလ်စိတ် (သို့မဟုတ်) | ဝိညာဏဉ္စာယတနကြိယာစိတ် ၁–ပါး
ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော
အာကာသာနဉ္စာယတနကြိယာစိတ်

အာကာသာနဉ္စာယတနကုသိုလ်စိတ် (သို့မဟုတ်)
အာကာသာနဉ္စာယတနကြိယာစိတ်၏ မရှိခြင်း
သဘော နတ္ထိဘာဝပညတ် | အာကိဉ္စညာယတနစိတ် ၃–ပါး

---

၁ မသေခင်(လက်ရှိဘဝ) ဈာန်ဝင်စားသည့်အခါ ဤဘဝကုသိုလ်ကို အာရုံပြုသည်။

၂ သေပြီးနောက်ဘဝ ဝိညာနဉ္စာယတနဘုံ၌ ဝိညာနဉ္စာယတနကုသိုလ်ဈာန်ဝင်စားသည့်အခါ ရှေးဘဝကကုသိုလ် အာရုံပြုသည်။ (ဝိညာဏဉ္စာယတဘုံ၌ အကာသာနဉ္စာယတနစိတ် မဖြစ်နိုင်)

၃ အာကာသာနဉ္စာယတန ကုသိုလ်ဈာန်ရပြီး ဤဘဝ၌ပင်ရဟန္တာဖြစ်ပြီးမှ ဝိညာဏဉ္စာယတနဈာန်ရလျှင် ဝိညာဏဉ္စာယတနဈာန်က အာကာသာနဉ္စာယတန ကုသိုလ်ဈာန်ကို အာရုံပြုသည်။ ရဟန္တာဖြစ်ပြီးမှ အာကာသာနဉ္စာယတနဈာန်ကို ဝင်စားပြီးနောက်မှ ဝိညာဏဉ္စာယတနကို ပြန်ဝင်စားက အာသာနဉ္စာယတန ကြိယာဈာန်ကို အာရုံပြုသည်။

ရဟန္တာဖြစ်ပြီးမှ အာကာသာနဉ္စာယတနှင့်ဝိညာဏဉ္စာယတနဈာန်ကိုရက ဝိညာဏဉ္စာယတနကြိယာသည် အာကာသာနဉ္စာယတနကြိယာကို အာရုံပြုသည်။ ဝိညာဏဉ္စာယတနဘုံရောက်မှ ရဟန္တာဖြစ်ပြီး ဝိညာဏဉ္စာယတနဈာန် ဝင်စားလျှင် ဝိညာဏဉ္စာယတနကြိယာသည် ရှေးဘဝအာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြုသည်။

ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော
အာကိဉ္စညာယတနကုသိုလ်စိတ် နေဝသညာနာသညာယတနကုသိုလ်စိတ် ၁–ပါး

ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော
အာကိဉ္စညာယတနကုသိုလ်စိတ် နေဝသညာနာသညာယတနဝိပါက်စိတ်
၁–ပါး

ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော
အာကိဉ္စညာယတနကုသိုလ်စိတ် (သို့မဟုတ်) နေဝသညာနာသညာယတနကြိယာစိတ် ၁–ပါး
ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော
အာကိဉ္စညာယတနကြိယာစိတ်

## **မဂ္ဂဝီထိ**

သင်္ခါရ နိဗ္ဗာန်
ဘ န ဒ မ ပ ဥ နု ဂေါ/ဝေါ မဂ် ဖိုလ် ဖိုလ် ဘ
မနောဒွါရာဝဇ္ဇန်း မဟာကု ဉာသံ ၄ သောတာပတ္တိ
သကဒါဂါမိ
အနာဂါမိ
အရဟတ္တမဂ်

နိဗ္ဗာန် လောကုတ္တရာစိတ် ၈–ခု

| အာရမ္မဏသင်္ဂဟ | | ကာမ | မဟဂ္ဂုတ် | ပညတ် | အပ္ပမာဏ (လောကုတ္တရာ) |
|---|---|---|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း–၁၊ဒွေပဉ္စဝိညာဏ်–၁၀၊သမ္ပဋိစ္ဆိုန်း–၂၊ သန္တီရဏ–၃၊ ဟသိတုပ္ပါဒ်–၁၊ မဟာဝိပါက်–၈၊ | ၂၅ | ။ | | | |
| ဝိညာနဉ္စာယတန–၃၊နေဝသညာနာသညာယတန–၃၊ | ၆ | | ။ | | |
| အဘိညာဉ်ဒွေးကြဉ် ရူပစိတ်–၁၅၊ အာကာသာနဉ္စာယတန–၃၊အာကိဉ္စညာယတန–၃၊ | ၂၁ | | | ။ | |
| လောကုတ္တရာ–၈၊ | ၈ | | | | ။ (နိဗ္ဗာန်ကိုသာသိ) |
| အကုသိုလ် ၁၂၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်–၄၊ မဟာကြိယာဉာဏဝိပ္ပယုတ်–၄၊ | ၂၀ | ။ | ။ | ။ | |
| မဟာကုသိုလ်ဉာဏသမ္ပယုတ်–၄၊ ရူပါဝစရကုသိုလ် ပဉ္စမဈာန်အဘိညာဉ်–၁၊ | ၅ | ။ | ။ | ။ | အရဟတ္တမဂ်/ဖိုလ်ကြဉ် ။ |
| မနောဒွါရာဝဇ္ဇန်း–၁၊ မဟာကြိယာဉာဏသမ္ပယုတ်–၄၊ ရူပါဝစရကြိယာ ပဉ္စမဈာန်အဘိညာဉ်–၁၊ | ၆ | ။ | ။ | ။ | ။ |

♠ အဘိညဉ်စိတ်သည် ရူပ–၁၅ပါးတွင် ပါပြီးဖြစ်၍ အဘိညာဉ်စိတ် ၂–ပါးကို လျော့၍ ပေါင်းပါက စိတ် ၈၉–ပါး ဖြစ်သည်။

**အာရုံ ၆–ပါး**

ရူပါရုံ–အဆင်း
သဒ္ဒါရုံ–အသံ
ဂန္ဓာရုံ–အနံ့
ရသာရုံ–အရသာ
ဖောဋ္ဌဗ္ဗာရုံ–အတွေ့
ဓမ္မာရုံ–ပသာဒရုပ်–၅၊ သုခုမရုပ်–၁၆၊
စိတ်–၈၉၊ စေတသိက်–၅၂၊
နိဗ္ဗာန်၊ ပညတ်၊

**တနည်း အာရုံ ၄–ပါး**

ကာမအာရုံ = ကာမစိတ် ၅၄၊ စေ ၅၂၊ ရုပ်၂၈၊

မဟဂ္ဂုတ်အာရုံ= မဟဂ္ဂုတ်စိတ် ၂၇၊ စေ ၃၅

ပညတ်အာရုံ= ပညတ်တရား

လောကုတ္တရာအာရုံ= လောကုတ္တရာစိတ် ၈၊
စေ ၃၆၊ နိဗ္ဗာန်

## အာရုံနှင့် အာရုံပြုစိတ်ဆိုင်ရာ မှတ်ဖွယ်များ

♦ ပဉ္စဒွါရိကစိတ်တို့သည် စိတ်ဓာတ်သတ္တိ များစွာမရှိကြ၍ တိုက်ရိုက်ထင်လာသော ပစ္စုပ္ပန်အာရုံတစ်မျိုးကိုသာ အာရုံပြု၏။

♦ မနောဒွါရိက စိတ်များသည် အလွန် အစွမ်းသတ္တိထက်ကြ၍ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလဝိမုတ် ဖြစ်သော အာရုံ၆ပါးလုံးကို အာရုံပြုနိုင်၏။ ဈာနဝီထိ, မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိ, နိရောဓသမာပတ္တိဝီထိ, အဘိညာဉ်ဝီထိ သဗ္ဗညုတဉာဏဝီထိများသည် မနောဒွါရိကဝီထိများ ဖြစ်ကြ၏။

♦ လောကုတ္တရာတရားသည် အလွန်နက်နဲ၍ မနောဒွါရာဝဇ္ဇန်းနှင့် ဉာဏ်နှင့်ယှဉ်သောစိတ်တို့ကသာ လောကုတ္တရာကို အာရုံပြုနိုင်သည်။

♦ "မဟာကြိယာဉာဏသမ္ပယုတ်–၄၊ ရူပကြိယာပဉ္စမဈာန်အဘိညာဉ်–၁၊ မနောဒွါရာဝဇ္ဇန်းသည် အာရုံအားလုံးကို သိ၏"ဟု ဆိုသော်လည်း ဘုရားရှင်၏ သန္တာန်၌ ဖြစ်ခိုက်၌သာ ဖြစ်နိုင်၏။ အလုံးစုံ အကုန်သိနိုင်မှုမှာ သဗ္ဗညုတအရာသာ ဖြစ်သည်။ သဗ္ဗညုတဉာဏ်ဟူသည်လည်း မဟာကြိယာဉာဏသမ္ပယုတ်စိတ်၌ရှိသော ပညာစေတသိက်တည်း။ သဗ္ဗညုတဉာဏ် ဝီထိကျသောအခါ ဝုဋ္ဌောက မနောဒွါရာဝဇ္ဇန်း ကိစ္စတတ်သော ကြောင့် ဝုဋ္ဌောလည်း သဗ္ဗညုတဉာဏ် သိသမျှ ဆင်ခြင်နိုင်ပေသည်။ ထို့အတူ အဘိညာဉ်လည်း ပုဗ္ဗေနိဝါနုဿတိ, အနာဂတံသ အဘိညာဉ်ဖြစ်သောအခါ မိမိသူတပါး၏ ရှေ့နောက်အဖြစ်အပျက် အားလုံးကို သိနိုင်၏။ ထိုစိတ် ၆–ပါးသည် ဘုရားရှင်မှတပါး အခြားသူတို့ သန္တာန်၌ဖြစ်ခိုက်မှာ အလုံးစုံကို ကုန်စင်အောင် အာရုံမပြုနိုင်။ ပစ္စေကဗုဒ္ဓပင်သော်လည်း ပညတ်အားလုံးကို ကုန်အောင်သိတော်မမူ။

## ပစ္စယနိဒ္ဒေသပါဠိ

**အာရမ္မဏပစ္စယောတိ** ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ သဗ္ဗေဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ယံ ယံ ဓမ္မံ အာရဗ္ဘ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

(ပဋ္ဌာန်းပါဠိ ၁ ၂)

## နိဿယ

အာရမ္မဏပစ္စယောတိ–အာရမ္မဏပစ္စယော ဟူသည်ကား၊ ရူပါယတနံ–ပစ္စုပ္ပန်ရူပါရုံသည်၊ စက္ခု ဝိညာဏဓာတုယာစ–စက္ခုဝိညာဏဓာတ်အားလည်းကောင်း၊ တံ သမ္ပယုတ္တကာနံ–ထိုစက္ခုဝိညာဏ ဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ခုတို့အားလည်းကောင်း၊ အာရမ္မဏပစ္စယေန– အာရမ္မဏ ပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

သဒ္ဒါယတနံ–ပစ္စုပ္ပန်သဒ္ဒါရုံသည်၊ သောတဝိညာဏဓာတုယာစ–သောတဝိညာဏဓာတ်အားလည်း ကောင်း၊ တံ သမ္ပယုတ္တကာနံ–ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုတို့အားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော– ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဂန္ဓာယတနံ–ပစ္စုပ္ပန်ဂန္ဓာရုံသည်၊ ဃာနဝိညာဏဓာတုယာစ–ဃာနဝိညာဏဓာတ်အားလည်းကောင်း၊ တံ သမ္ပယုတ္တကာနံ–ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုတို့အားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ရသာယတနံ–ရသာရုံသည်၊ ဇိဝှါဝိညာဏဓာတုယာစ–ဇိဝှါဝိညာဏဓာတ်အားလည်းကောင်း၊ တံ သမ္ပယုတ္တကာနံ–ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုတို့အားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ဖောဋ္ဌဗ္ဗာယတနံ–ဖောဋ္ဌဗ္ဗာရုံသည်၊ ကာယဝိညာဏဓာတုယာစ–ကာယဝိညာဏဓာတ်အားလည်းကောင်း၊ တံ သမ္ပယုတ္တကာနံ–ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုတို့အားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ရူပါယတနံ–ပစ္စုပ္ပန်ရူပါရုံသည်လည်းကောင်း၊ သဒ္ဒါယတနံ–ပစ္စုပ္ပန်သဒ္ဒါရုံသည်လည်းကောင်း၊ ဂန္ဓာယတနံ–ပစ္စုပ္ပန်ဂန္ဓာရုံသည်လည်းကောင်း၊ ရသာယတနံ–ပစ္စုပ္ပန်ရသာရုံသည်လည်းကောင်း၊ ဖောဋ္ဌဗ္ဗာယတနံ–ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံသည်လည်းကောင်း၊ မနောဓာတုယာစ–မနောဓာတ်သုံးခုအားလည်းကောင်း၊ တံ သမ္ပယုတ္တကာနံ–မနောဓာတ်သုံးခုနှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–ဆန္ဒပီတိဝီရိယကြဉ်သော အညသမာန်း စေတသိက် တဆယ်တို့အားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

သဗ္ဗေ–ခပ်သိမ်းကုန်သော၊ ဓမ္မာ–အာရုံ ၆–ပါး ပစ္စည်းတရားတို့သည်၊ မနောဝိညာဏဓာတုယာစ–မနောဝိညာဏဓာတ် ၇၆–ခုအားလည်းကောင်း၊ တံ သမ္ပယုတ္တကာနံ–ထိုမနောဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနံစ–စေတသိက်ဒွေပညာသတို့အားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

ယံယံ ဓမ္မံ– အကြောင်းအကြောင်းသို့ သဘောရှိသော ပစ္စည်းတရားကို၊ အာရဗ္ဘ–အာရုံပြု၍၊ ယေယေဓမ္မာ– အကြောင်း အကြောင်းသို့ သဘောရှိကုန်သော အာရမ္မဏိကပစ္စယုပ္ပန်သဘောတရားတို့သည်၊ ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏။ စိတ္တစေတသိကာ–စိတ်စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ–အာရမ္မဏိကပစ္စယုပ္ပန်တရားတို့သည်၊ ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏။ တေ တေ ဓမ္မာ–ထိုထိုသို့သဘောရှိကုန်သော အာရုံ ၆–ပါး ပစ္စည်းတရားတို့သည်၊ တေသံ တေသံ ဓမ္မာနံ–ထိုသို့သဘောရှိကုန်သော အာရမ္မဏိကပစ္စယုပ္ပန်တရားတို့အား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။

(မိုးထိပ နိသျ ၄–၅)

ပစ္စုပ္ပန် ပဉ္စာရုံ

ဘ  တီ  န  ဒ  ပ  ပဉ္စဝိညာဏ်  သံ  တီ  ဝုံ  ဇဇဇဇဇဇဇ  တ  တ  ဘ  ဘ

(၁) ရူပါရုံကို အာရုံပြု၍ စက္ခုဝိညာဏ်နှင့် ၎င်း၏ ယှဉ်ဘက်စေတသိက်တို့ ဖြစ်သည်ကို " ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ "ဟု ဟောတော်မူသည်။ (သောတစသည်တူ)

(၂) ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းတို့ကို မနောဓာတ်ဟုခေါ်သည်။ ရူပါရုံကို အာရုံပြု၍ မနောဓာတ်နှင့် ၎င်း၏ ယှဉ်ဘက်စေတသိက်တို့ ဖြစ်သည်ကို " ရူပါယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ "ဟု ဟောတော်မူသည်။ (သဒ္ဒါရုံစသည်တူ)

(၃) စိတ် ၈၉–ပါးတွင် ပဉ္စဝိညာဏ် ၁၀, ပဉ္စဒွါရာဝဇ္ဇန်း–၁ နှင့် သမ္ပဋိစ္ဆိုန်း–၂ မှတပါး, ကျန်စိတ် ၇၆–ခုကို မနောဝိညာဏဓာတ်ဟုခေါ်သည်။ အာရုံ ၆–ပါးမှ တခုခုကို အာရုံပြု မနောဝိညာဏဓာတ် နှင့် ၎င်း၏ ယှဉ်ဘက်စေတသိက်တို့ ဖြစ်သည်ကို "သဗ္ဗေဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ "ဟု ဟောတော်မူသည်။

(၄) အာရုံ ပြု၍ ဖြစ်သောခဏ၌သာလျှင် ထိုအာရုံခြောက်ပါးတို့သည် ခုနစ်ပါးသောဝိညာဏဓာတ်တို့အား အာရမ္မဏပစ္စည်းဖြစ်ကုန်၏။ ထိုသို့ဖြစ်သော်လည်း တကွမဖြစ်ကုန်။ အသီးသီး အာရုံခြောက်ပါးတို့သည် သတ္တဝိညာဏဓာတ်အား အာရမ္မဏပစ္စည်းဖြစ်ကုန်သည်ကို "ယံ ယံ ဓမ္မံ အာရဗ္ဘ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော" ဟောတော်မူသည်။ (ပဋ္ဌာန်းအရကောက် ၁၂)

ရူပါရုံကြောင့် သောတဝိညာဏ်မဖြစ်နိုင်။ စက္ခုဝိညာဏ်သာ ဖြစ်နိုင်သည်။ သဒ္ဒါကြောင့် စက္ခုဝိညာဏ် စသည်မဖြစ်နိုင်။ သောတဝိညာဏ်သာ ဖြစ်နိုင်သည်။ ဆိုင်ရာဆိုင်ရာ သူ့အာရုံနှင့် သူ့စိတ်သာ ဖြစ်နိုင်သည်ကို "ယံယံ ဓမ္မံ"ဟု ဟောတော်မူသည်။ (ပဋ္ဌာန်းသိပ္ပံကျမ်း တ ၆)

# ပဋ္ဌာနပါဠိ

## အာရမ္မဏပစ္စယော

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ, တံ ပစ္စဝေက္ခတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ။ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ။ သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ။ ဝေါဒါနံ ပစ္စဝေက္ခန္တိ။ သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ စေတောပရိယညာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။ အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနကုသလဿ အာရမ္မဏပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနကုသလဿ အာရမ္မဏပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ, စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ, ယထာကမ္မူပဂဉာဏဿ, အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။

(ပဋ္ဌာန ပါဠိ ပတွဲ ၁၃၂-၁၃၃)

## ကု ကု နိဿယ

ကုသလော-ကုသိုလ်ဖြစ်သော၊ ဓမ္မော-တရားသည်၊ ကုသလဿ-ကုသိုလ်ဖြစ်သော၊ ဓမ္မဿ-တရားအား၊ အာရမ္မဏပစ္စယေန-အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။ ဒါနံ-အလှူကို၊ ဒတွာ-ပေးလှူ၍၊ သီလံ-သီလကို၊ သမာဒိယိတွာ-ကောင်းစွာဆောက်တည်၍၊ ဥပေါသထကမ္မံ-အဋ္ဌင်္ဂုပုသ်ကံကို၊ ကတွာ-ဆောက်တည်ပြီး၍၊ တံ-ထိုဒါနသီလကုသိုလ်ကို၊ ပစ္စဝေက္ခတိ-ဆင်ခြင်၏။ ပုဗ္ဗေ-ရှေး၌၊ သုစိဏ္ဏာနိ-ကောင်းစွာလေ့ကျက်အပ်ပြီးကုန်သော ကာမကုသိုလ်တို့ကို၊ ပစ္စဝေက္ခတိ-ဆင်ခြင်၏။

ဈာနာ-ဈာန်မှ၊ ဝုဋ္ဌဟိတွာ-ထ၍၊ ဈာနံ-ဈာန်ကို၊ ပစ္စဝေက္ခတိ-ဆင်ခြင်၏။

သေက္ခာ-သေက္ခဟုဆိုအပ်သော သောတာပန်ပုဂ္ဂိုလ်တို့သည်၊ ဂေါတြဘုံ-သောတာပတ္တိမဂ်ရှေး ဂေါတြဘူကို၊ ပစ္စဝေက္ခန္တိ-ဆင်ခြင်ကုန်၏။ သေက္ခာ-သေက္ခဟုဆိုအပ်သော သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့သည်၊ ဝေါဒါနံ-သကဒါဂါမိမဂ်, အနာဂါမိမဂ်ရှေး ဝေါဒါန်ကို၊ ပစ္စဝေက္ခန္တိ-ဆင်ခြင်ကုန်၏။ သေက္ခာ-သေက္ခဟုဆိုအပ်သော သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့သည်၊ မဂ္ဂါ-မိမိရသောမဂ်မှ၊ ဝုဋ္ဌဟိတွာ-ထ၍၊ မဂ္ဂံ-မိမိရအပ်သောမဂ်ကို၊ ပစ္စဝေက္ခန္တိ-ဆင်ခြင်ကုန်၏။

သေက္ခာဝါ-သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇ္ဇနာဝါ-ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ကုသလံ-တေဘူမိကကုသိုလ်ကို၊ အနိစ္စတော-အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော-ဒုက္ခဟူ၍လည်းကောင်း၊

အနတ္တတော[၁]–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿန္တိ–ဝိပဿနာရှုကုန်၏။

သေက္ခာဝါ–သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇ္ဇနာဝါ–ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်း ကောင်း၊ စေတောပရိယဉာဏေန–စေတောပရိယအဘိဉာဉ်ဖြင့်၊ ကုသလစိတ္တသမင်္ဂိဿ–ကုသိုလ်စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏၊ စိတ္တံ–စိတ်ကို၊ ဇာနန္တိ–သိကုန်၏။

အာကာသာနဉ္စာယတနကုသလံ–ဤဘဝရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်သည်၊ ဝိညာဏဉ္စာယတနကုသလဿ–ဖြစ်ဆဲဝိညာဏဉ္စာယတနကုသိုလ်အား၊ အာရမ္မဏပစ္စယေန– အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အာကိဉ္စညာယတနကုသလံ– ဤဘဝရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်သည်၊ နေဝသညာနာသညာ ယတနကုသလဿ––ဖြစ်ဆဲနေဝသညာနာသညာယတနကုသိုလ်အား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယ သတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ–ခန္ဓာတို့သည်၊ ဣဒ္ဓိဝိဓဉာဏဿစ– ဣဒ္ဓိဝိဓဉာဏ်အားလည်း ကောင်း၊ စေတောပရိယဉာဏဿစ–စေတောပရိယဉာဏ်အားလည်းကောင်း၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿစ– ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အားလည်းကောင်း၊ ယထာကမ္မုပဂဉာဏဿစ–ယထာကမ္မုပဂဉာဏ်အားလည်း ကောင်း၊ အနာဂတံသဉာဏဿစ–အနာဂတံသဉာဏ်အားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယ သတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိ ပ နိဿယ ၃၆၈–၃၆၉)

**အာရုံ**

(က) ဒါနကုသိုလ် မဟာကု–၈

(ခ) ပဉ္စင်္ဂသီ ဒသင်္ဂသီလ မဟာကု–၈

(ဂ) အဋ္ဌင်္ဂုပုသ်သီလ မဟာကု–၈

(ဃ) ရှေးကပြုခဲ့သော[၂] ဒါန သီလ အဋ္ဌင်္ဂုပုသ်သီလ မဟာကု–၈

ဘ ဘ ဘ န ဒ “ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ” ဘ ဘ ဘ

မဟာကု–၈

အထက်ပါ မနောဒွါရ ဝီထိဖြင့် မဟာကုသိုလ် ဇောခုနစ်ကြိမ်က ကအမှတ်ပြအာရုံသိပုံကို ဒါနံ ဒတွာ တံ ပစ္စဝေက္ခတိ ဟု ဟောတော်မူသည်။ ဒါနံ အရ မဟာကု–၈ သည် ပစ္စဝေက္ခတိ အရ ဇော ၇–ကြိမ် မဟာကု–၈ အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်။

(ခ, ဂ, ဃ တို့တွင်လည်း နည်းတူသိပါ)

---

၁ ဤ၌ တောသည် လိင်္ဂတ္ထ၌သက်သည်။ “ဟူ၍”ကား တော၏အနက်မဟုတ်။ တောပစ္စည်းနောက်၌ကျေနေသော ဣတိသဒ္ဒါ၏ အနက်တည်း။ “အားဖြင့်”ပေးလျှင် တောသည် တတိယာဝိဘတ်သေသနတည်း။ ကစ္စည်းဘာဋီ ပ ၂၇၄

၂ လွန်ခဲ့သော နှစ် လ ရက် တို့က ပြုခဲ့သော ကုသိုလ်ကို ဆိုလိုသည်။ (ပဋ္ဌာန်းသိပ္ပံ ပတွဲ ၁၉၈)

ရူပကု–၅ အရူပ–၄

ဘ ဘ ဘ န ဒ " မ ဇ ဇ ဇ ဇ ဇ ဇ ဇ " ဘ ဘ ဘ

မဟာကု–၈

ဈာန်မှထပြီး ဈာန်ကိုအာရုံပြု၍ ဆင်ခြင်သည့် မဟာကုသိုလ်စိတ်ဖြစ်သည်ကို "ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ"ဟု ဟောတော်မူသည်။ ဈာနံ အရ ရူပကု–၅ အရူပကု–၄ သည် ပစ္စဝေက္ခတိအရ မဟာကု–၈ ခုအား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်။

(ဂေါတြဘု/ဝေါဒါန်)မဟာကုညာသံ–၄

ဘ ဘ ဘ န ဒ " မ ဇ ဇ ဇ ဇ ဇ ဇ ဇ " ဘ ဘ ဘ

မဟာကု–၈

သောတာပန်သည် သောတာပတ္တိမဂ်ရှေး ဂေါတြဘုကို ဆင်ခြင်သည့်အခါ, သကဒါဂါမ်နှင့် အနာဂါမ်သည် သကဒါဂါမိမဂ်နှင့် အနာဂါမိမဂ်ရှေး ဝေါဒါန်ကို ဆင်ခြင်သည့်အခါ မဟာကုသိုလ်ညာသံ ၄–ခုသည် မဟာကုသိုလ်–၈ ခု အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်ကို "သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ။ ဝေါဒါနံ ပစ္စဝေက္ခန္တိ" ဟု ဟောတော်မူသည်။

သောတာပတ္တိ/သကဒါဂါမိ/အနာဂါမိ မဂ်

ဘ ဘ ဘ န ဒ " မ ဇ ဇ ဇ ဇ ဇ ဇ ဇ " ဘ ဘ ဘ

မဟာကုညာသံ–၄

သောတာပန်သည် သောတာပတ္တိမဂ်ကို ဆင်ခြင်သည့်အခါ, သကဒါဂါမ်သည် သကဒါဂါမိမဂ်ကို ဆင်ခြင်သည့်အခါ, အနာဂါမ်သည် အနာဂါမိမဂ်ကို ဆင်ခြင်သည့်အခါ, မဂ်သည် မဟာကုသိုလ်ညာသံ ၄–ခုအား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်ကို 'သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ။" ဟု ဟောတော်မူသည်။

လောကီကု ၁၇

ဘ ဘ ဘ န ဒ “မ ဇ ဇ ဇ ဇ ဇ ဇ ဇ ”ဘ ဘ ဘ

မဟာကု–၈

ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်ဟူသော သေက္ခတို့သည် တေဘူမိကကုသိုလ်ကို “အနိစ္စ ဒုက္ခ အနတ္တ”ဟု ဝိပဿနာရှုသောအခါ လောကီကုသိုလ်–၁၇ သည် မဟာကုသိုလ် ၈–ခု အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်ကို “သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ” ဟု ဟောတော်မူသည်။

အရဟတ္တမဂ်ကြဉ် ကု ၂၀

ဘ ဘ ဘ န ဒ “မ ပ ဥ နု ဂေါ ဘိံ ”ဘ ဘ ဘ

မဟာကု ဉ ဉာသံ–၂ ရူပမဈျန်ကု–၁

အရဟတ္တမဂ်ကြဉ် ကု ၂၀

ဘ ဘ ဘ န ဒ “မ ဇ ဇ ဇ ဇ ဇ ဇ ဇ ”ဘ ဘ ဘ

မဟာကု–၈

ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်ဟူသော သေက္ခတို့သည် စေတောပရိယအဘိညာဉ်ဖြင့် အရဟတ္တမဂ်ကြဉ် ကု ၂၀ ကို သိသောအခါ အရဟတ္တမဂ်ကြဉ် ကု ၂၀ သည် စေတောပရိယအဘိညာဉ် ကိစ္စတပ်သည့် ရူပါဝစရကုသိုလ် ပဉ္စမဈာန်နှင့် မဟာကုသိုလ် ၈–ခု အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူး ပြုသည်ကို “စေတောပရိယဉာဏေန ကုသလသမင်္ဂိဿ စိတ္တံ ဇာနန္တိ[၁]”ဟု ဟောတော်မူသည်။

အာကာသာနဉ္စာယတနကုသိုလ်

ဘ ဘ ဘ န ဒ “မ ပ ဥ နု ဂေါ ဈ ”ဘ ဘ ဘ

မဟာကု ဉ ဉာသံ–၂ ဝိညာနဉ္စာယတနကု–၁

အာကာသာနဉ္စာယတနကုသိုလ်

ဘ ဘ ဘ န ဒ “မ ပ ဥ နု ဂေါ ဈ ဈ ဈ ဈ ”ဘ ဘ ဘ

---

၁ စေတောပရိယအဘိညာဉ်ကို ပုဂ္ဂလအဓိဋ္ဌာန်ဒေသနာအားဖြင့် ကာမကုသိုလ်နောက် အရူပကုသိုလ်ရှေ့၌ ဟော၏။ ဓမ္မဓိဋ္ဌာန်ဒေသနာအားဖြင့် “ကုသလာခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ။ပ။အနာဂတံသဉာဏဿ ပစ္စယော”ဟု ဟောတော် မူသည်။ အုတ်ကန်ပဋ္ဌာန်း(၁၄၇)

ဝိညာဏနဉ္စာယတနကုသိုလ်စျာန်ရသည့်အခါနှင့် ဝိညာဏနဉ္စာယတနကုသိုလ်စျာန် ဝင်စားသည့်အခါ တို့တွင် ဝိညာနဉ္စာယတနကုသိုလ်စျာန်သည် အာကာသာနဉ္စယတနကုသိုလ်စျာန်ကို အာရုံပြုသည်ကို “အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနကုသလဿ အာရမ္မဏပစ္စယေန ပစ္စယော” ဟု ဟောတော်မူသည်။

အာကိဉ္စညာယတနကုသိုလ်

ဘ ဘ ဘ န ဒ “ မ ပ ဉ နု ဂေါ ဈ ” ဘ ဘ ဘ

မဟာကု ဥ ဉသံ-၂ နေဝသညာနာသညာယတနကု-၁

အာကိဉ္စညာယတနကုသိုလ်

ဘ ဘ ဘ န ဒ “ မ ပ ဉ နု ဂေါ ဈ ဈ ဈ ဈ ” ဘ ဘ ဘ

မဟာကု ဥ ဉသံ-၂ နေဝသညာနာသညာယတနကု-၁

နေဝသညာနာသညာယတနကုသိုလ်စျာန်ရသည့်အခါနှင့် နေဝသညာနာသညာယတနကုသိုလ်စျာန် ဝင်စားသည့်အခါ တို့တွင် နေဝသညာနာသညာယတနကုသိုလ်စျာန်သည် အာကိဉ္စညာယတနကုသိုလ်စျာန်ကို အာရုံပြုသည်ကို “အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာ ယတနကုသလဿ အာရမ္မဏပစ္စယေန ပစ္စယော” ဟု ဟောတော်မူသည်။

အရဟတ္တမဂ်ကြဉ် ကု ၂၀

ဘ ဘ ဘ န ဒ “ မ ပ ဉ နု ဂေါ ဘိံ ” ဘ ဘ ဘ

မဟာကု ဥ ဉသံ-၂ ရူပမစျန်ကု

ဣဒ္ဓိဝိဓအဘိညာဉ်, စေတောပရိယအဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်, ယထာကမ္မူပဂ အဘိညာဉ်, အနာဂတံသအဘိညာဉ် ကိစ္စတပ်သော ရူပါဝစရပဉ္စမစျာန်ကုသိုလ်သည် အရဟတ္တမဂ်ကြဉ် ကုသိုလ် ၂၀ ကို အာရုံပြုသည်ကို “ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ, စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ, ယထာကမ္မူပဂဉာဏဿ, အနာဂတံသဉာဏဿ[၁] အာရမ္မပစ္စယေန ပစ္စယော” ဟု ဟောတော်မူသည်။

---

၁ အဘိညာဉ်ခုနှစ်မျိုးတွင် ဒိဗ္ဗစက္ခု ဒိဗ္ဗသောတတို့သည် ပစ္စုပ္ပန်ရူပါရုံ သဒ္ဒါရုံတည်းဟူသော ရုပ်အဇ္ဈာကတတရားကို သာ အာရုံပြုသည်ဖြစ်၍ ကု ကု သင်္ချာ၌ မပါဝင်။ အုတ်ကန်ပဋ္ဌာန်း(၁၄၇)ယ..

**အဓိပ္ပါယ်ကား** –

ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေသည်။ အဘယ်သို့ ကျေးဇူးပြုသနည်း ဟူမူကား – အန္နပါနအစရှိသော ဒါနဝတ္ထုကို လှူပြီး၍ ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

ပဉ္စသီလ, ဒသင်္ဂသီလကို ဆောက်တည်ပြီး၍ ပဉ္စသီလ, ဒသင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သောအခါ ပဉ္စသီလ, ဒသင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ အဋ္ဌင်္ဂဉပုသ်ကို ဆောက်တည်ပြီး၍ အဋ္ဌင်္ဂဉပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သောအခါ အဋ္ဌင်္ဂဉပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ မဟဂ္ဂုတ်ကုသိုလ်ဈာန်မှထ၍ မဟဂ္ဂုတ်ကုသိုလ်ဈာန်ကို ဆင်ခြင်သောအခါ မဟဂ္ဂုတ်ကုသိုလ်ဈာန်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ရှေး၌အလေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလ အဋ္ဌင်္ဂ ဉပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်သောအခါ ရှေး၌အလေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလ အဋ္ဌင်္ဂ ဉပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သောကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

သေက္ခဟုဆိုအပ်သော သောတာပန်ပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်ရှေ့ဂေါတြဘုကို ဆင်ခြင်သောအခါ ဂေါတြဘုကိစ္စတပ်သော ကာမကုသိုလ်သည် ဆင်ခြင်သောကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

သေက္ခဟုဆိုအပ်သော သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့သည် သကဒါဂါမိမဂ်, အနာဂါမိမဂ်ရှေ့ ဝေါဒါန်ကို ဆင်ခြင်သောအခါ ဝေါဒါန်ကိစ္စတပ်သော ကာမကုသိုလ်သည် ဆင်ခြင်သောကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

သေက္ခဟုဆိုအပ်သော သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့သည် မိမိတို့ရသော မဂ်မှထ၍ မိမိတို့ရသောမဂ်ကို ဆင်ခြင်သောအခါ မိမိရသောမဂ်သည် ဆင်ခြင်သောကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

သေက္ခ, ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် တေဘုမ္မကကုသိုလ်ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာ ပြုအပ်သောအခါ တေဘုမ္မကကုသိုလ်သည် ဝိပဿနာပြုသော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

သေက္ခ, ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် စေတောပရိယအဘိညာဉ်ဖြင့် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ့်သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသကို ပိုင်းခြား၍သိသောအခါ သူတပါးတို့၏ ကုသိုလ်ဝီသသည် စေတောပရိယအဘိညာဉ် (ရူပါဝစရကုသိုလ်ပဥ္စမဈာန်)အားလည်းကောင်း, ဤအဘိညာဉ်နောက်၌ဖြစ်သော ကာမကုသိုလ်အားလည်းကောင်း အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်သည် ဖြစ်ဆဲသော ဝိညာနဉ္စာယတကုသိုလ်အား။ ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်သည် ဖြစ်ဆဲသော နေဝသညာနာသညာယတနကုသိုလ်အား။ ပါဒကဖြစ်သော ရူပါဝစရကုသိုလ်ပဥ္စမဈာန်သည် ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်အား။ လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ့်သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသသည် စေတောပရိယ ကုသိုလ်အဘိညာဉ်အား။ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသသည် ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်အား။ အတိတ်ဖြစ်သော လောကီကုသိုလ်ကံသည် ယထာကမ္မူပဂကုသိုလ် အဘိညာဉ်အား။ အနာဂတ်ဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသသည် အနာဂတံသကုသိုလ် အဘိညာဉ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

ဝိဓိပါဠိတော်ပါဠ်၌ "ကုသလလော ဓမ္မော" ကတ္တားပုဒ်အရကား အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ, စေတသိက် အဋ္ဌတ္တိံသ ပစ္စည်းတရားရ၏။

"ကုသလဿ ဓမ္မဿ"ဟူသော သမ္ပဒါန်ပုဒ်အရကား မဟာကုသိုလ်ရှစ်ခု၊ ဝိညာနဉ္စာယတနကုသိုလ်, နေဝသညာနာသညာယတနကုသိုလ်, ဣဒ္ဓိဝိဓ, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မူပဂ, အနာဂတံသကုသိုလ်အဘိညာဉ်, ဝိရတိ အပ္ပမညာကြဉ်သော စေတသိက်တေတ္တိံသ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ (ဤကားအကျဉ်းတည်း)

**တနည်းကား –**

ကတ္တားပုဒ်အရကား မဟာကုသိုလ် ဉာဏဝိပ္ပယုတ်လေးခုအားတပ်သော လောကီကုသိုလ်သတ္တရသ။ မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုအားတပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ။ ဝိညာနဉ္စာယတန ကုသိုလ်အားတပ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်။ နေဝသညာနာသညာယတနကုသိုလ်အားတပ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်။ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်အားတပ်သော ပါဒကဖြစ်သော ရူပါစရကုသိုလ် ပဥ္စမဈာန်။ စေတောပရိယကုသိုလ် အဘိညာဉ်အားတပ်သော လွန်လေပြီးသောခုနစ်ရက်မှစ၍ လာလတ့် သောခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသ။

ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်အားတပ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ။ ယထာကမ္မူပဂကုသိုလ်အဘိညာဉ်အားတပ်သော အတိတ်ဖြစ်သော လောကီကုသိုလ်ကံ။ အနာဂတံသကုသိုလ်အဘိညာဉ်အားတပ်သော အနာဂတ်ဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ, စေတသိက် အဋ္ဌတ္တိံသ ပစ္စည်းတရားရ၏။

အာရမ္မဏပစ္စယေနဟူသော ကရိုဏ်းပါဠ်အရကား အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမဏူပနိဿယ ဤသုံးပစ္စသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

"ဒါနံ ဒတွာ တံ ပစ္စဝေက္ခတိ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "ဒါနံ"၏အရကို အန္န,ပါနအစရှိသော ဒါနဝတ္ထုစေတနာကိုယူ၍ "ဒတွာ တံ"၏ အရကို ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "ပစ္စဝေက္ခတိ"၏ အရကို ဆင်ခြင်သော ကာမကုသိုလ်ယူ၍, ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

**ပစ္စည်းတပ်ဟန်ကား** –

အန္န ပါန ဃရ ဝတ္ထ အစရှိသော ဒါနဝတ္ထုကို လှူလိုလတ်သည်ရှိသော် ထိုဒါယကာ၏ ပဋိသန္ဓေစိတ် နှင့်တူသောစိတ်သည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် အန္န ပါန ဃရ ဝတ္ထ အစရှိသော ဒါနဝတ္ထုကို ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံ ဝီထိဖြစ်အံ့, တဒါရုံကိစ္စ နှစ်ကြိမ်၊ ထို့နောင် ကာမဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ အဝိဘူတာရုံ ဝီထိဖြစ်အံ့, ပဥ္စဝေါကာရဘဝင် တဆဲ့ငါးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက် သရွေ့ ဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် အန္န ပါန ဃရ ဝတ္ထ အစရှိသော ဒါနဝတ္ထုကို လှူ၏။ ထို့နောင် ဒါနဝတ္ထုကို အာရုံပြု၍ တဒနုဝတ္တကမနောဒွါရဝီထိတို့သည် ဖြစ်ကုန်၏။

အန္န ပါန ဃရ ဝတ္ထ အစရှိသော ဒါနဝတ္ထုကို လှူပြီးသော ဒါယကာသည် ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်လိုလသော် မိမိပဋိသန္ဓေစိတ် နှင့်တူသောစိတ်သည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်စလန ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်။ ထို့နောင် ဝိဘူတာရုံဝီထိ ဖြစ်အံ့, တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောက် ကာမဘဝင်။ အဝိဘူတာရုံဝီထိဖြစ်အံ့, ပဥ္စဝေါကာရဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ထို့နောင် ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော

ကာမကုသိုလ်ကိုအာရုံပြု၍ တဒနုဝတ္တကမနောဒွါရဝီထိတို့သည် များစွာဖြစ်ကုန်၏။

ထိုသို့ဖြစ်သောအခါ ဝိဓိဥ္စ ကုသလော ဓမ္မော အရ, အနုဝါဒပါဠိ၌ ဒတွာ တံ အရ, ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ ကုသလဿ ဓမ္မဿ အရ, အနုဝါဒ၌ ပစ္စဝေက္ခတိ အရ, ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသော အဖြစ်ကို အာရမ္မဏပစ္စယေန ပစ္စယော ဟု ဟောတော်မူသည်။

"သီလံ သမာဒိယိတွာ တံ ပစ္စဝေက္ခတိ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "သီလံ"အရကို ပဉ္စင်္ဂသီလပြဋ္ဌာန်းသော ကာမကုသိုလ်ကိုယူ၍ "ပစ္စဝေက္ခတိ"၏အရကို ဆင်ခြင်သော ကာမကုသိုလ်ကိုယူ၍ ပဉ္စင်္ဂသီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သောကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

**ပစ္စည်းတပ်ဟန်ကား** –

ပါဏာတိပါတ အစရှိသော ကံငါးပါးမှ ကြဉ်လိုလတ်သည်ရှိသော် မိမိပဋိသန္ဓေစိတ် နှင့်တူသောစိတ်သည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် **ပါဏာတိပါတမှ ကြဉ်သည်ဖြစ်အံ့,** ရုပ်ဇီဝိတိန္ဒြေကိုလည်းကောင်း, ထိုရုပ်ဇီဝိတိန္ဒြေကို အာရုံပြု၍ဖြစ်သော အကုသိုလ်စေတနာပြဋ္ဌာန်းသော ဒေါသမူ, မောဟမူစိတ္တုပ္ပါဒ်, ထိုစိတ္တုပ္ပါဒ်ကြောင့်ဖြစ်သော ကာယဝိညတ်ကိုလည်းကောင်း အာရုံပြု၍ ----

**အဒိန္နာဒါန**မှ ကြဉ်သည်ဖြစ်အံ့၊ သူ့ဥစ္စာကိုလည်းကောင်း, ထိုဥစ္စာကိုအာရုံပြု၍ဖြစ်သော အကုသိုလ်စေတနာပြဋ္ဌာန်းသော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်, ထိုစိတ္တုပ္ပါဒ်ကြောင့်ဖြစ်သော ကာယဝိညတ်ကိုလည်းကောင်း အာရုံပြု၍ ----

**ကာမေသုမိစ္ဆာစာရ**မှ ကြဉ်သည်ဖြစ်အံ့၊ မာတုရက္ခိတအစရှိသော မိန်းမကိုသော်လည်းကောင်း, ထိုမိန်းမကို အာရုံပြု၍ဖြစ်သော အကုသိုလ်စေတနာပြဋ္ဌာန်းသော လောဘမူ မောဟမူစိတ္တုပ္ပါဒ်, ထိုစိတ္တုပ္ပါဒ်ကြောင့်ဖြစ်သော ကာယဝိညာတ်ကို အာရုံပြု၍ ----

**မုသာဝါဒ**မှ ကြဉ်သည်ဖြစ်အံ့၊ မဟုတ်မမှန်သောဝတ္ထုကိုလည်းကောင်း, ထိုမဟုတ်မမှန်သော ဝတ္ထုကို အာရုံပြု၍ဖြစ်သော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်, ထိုစိတ္တုပ္ပါဒ်ကြောင့်ဖြစ်သော ကာယဝိညတ် ဝစီဝိညတ်ကို

လည်းကောင်း အာရုံပြု၍ ----

**သုရာမေရယမဇ္ဇပမာဒဋ္ဌာန**[၁]မှ ကြဉ်သည်ဖြစ်အံ့၊ ယစ်မျိုးကိုလည်းကောင်း, ထိုယစ်မျိုးကိုအာရုံပြု၍ ဖြစ်သော အကုသိုလ်စေတနာပြဋ္ဌာန်းသော လောဘမူ မောဟမူစိတ္တုပ္ပါဒ်။ ထိုစိတ္တုပ္ပါဒ်ကြောင့်ဖြစ်သော ကာယဝိညတ်ကိုလည်းကောင်း အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင်တဒါရုံ ဧကာဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပါဏာတိပါတအစရှိသော အမှုမှ ကြဉ်၏။ ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရာဝီထိ ဖြစ်ထိုက်သရွေ့ဖြစ်၏။

ပါဏာတိပါတအစရှိသော အမှုမှ ကြဉ်ပြီးသော ပုဂ္ဂိုလ်သည် ပဥ္စင်္ဂသီလပြဋ္ဌာန်းသော ကာမကုသိုလ် ကို ဆင်ခြင်လိုလသော် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ပဥ္စသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံဝီထိ ဖြစ်အံ့, တဒါရုံဧကာဒသတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောက် ကာမဘဝင်။ အဝိဘူတာရုံဝီထိဖြစ်အံ့, ကာမဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပဥ္စင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်၏။ ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တကမနောဒွါရဝီထိ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်၌ "သီလံ သမာဒိယိတွာ တံ"၏ အရဖြစ်သော ပဥ္စင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော"ဟု, အနုဝါဒပါဠိတော်၌ "ပစ္စဝေက္ခတိ"အရဖြစ်သော ဆင်ခြင်သော ကာမကိုသိုလ်ကို ပစ္စယုပ္ပန်အဖြစ် ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလဿ ဓမ္မဿ"ဟု, ပဥ္စင်္ဂသီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ကို "အာရမ္မဏပစ္စယေန ပစ္စယော"ဟု ဟောတော်မူသည်။(ဤဝီထိကား ပဥ္စသီလဘို့)

---

၁ သုရာ−ချက်အရက် မေရယ−ပန်းရည်,သစ်သီးရည်တို့ဖြင့်ရောစပ်ပြုလုပ်သည့်အရက် မဇ္ဇ−မူးယစ်ကြောင်းအရက် ပမာဒ−မေ့လျော့ခြင်း ဌာန−အကြောင်း

"သီလံ သမာဒိယိတွာ တံ ပစ္စဝေက္ခတိ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "သီလံ သမာဒိယိတွာ တံ"၏ အရကို ဒသင်္သီလပြဋ္ဌာန်းသော ကာမကုသိုလ်ကိုယူ၍ "ပစ္စဝေက္ခတိ"၏ အရကို ဆင်ခြင်သော ကာမကုသိုလ်ကိုယူ၍ ဒသင်္သီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။

**ပစ္စည်းတပ်ဟန်ကား** –

ပါဏာတိပါတ အစရှိသော ကံငါးပါးမှ ကြဉ်လိုလတ်သည်ရှိသော် မိမိပဋိသန္ဓေစိတ် နှင့်တူသောစိတ်သည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် **ပါဏာတိပါတမှ ကြဉ်သည်ဖြစ်အံ့,** (ဆိုမြဲ၊ အဒိန္နာဒါန ဆိုမြဲ)

**အဗြဟ္မစရိယ**မှ ကြဉ်သည်ဖြစ်အံ့၊ သူတော်ကောင်းတို့သည် စက်ဆုတ်အပ်သော မေထုန်အကျင့်ကိုသော်လည်းကောင်း, ထိုအကျင့်ကို အာရုံပြု၍ဖြစ်သော အကုသိုလ်စေတနာပြဋ္ဌာန်းသော လောဘမူ မောဟမူစိတ္တုပ္ပါဒ်လည်းကောင်း အာရုံပြု၍ ----

မုသာဝါဒ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပမှ ကြဉ်သည်ဖြစ်အံ့၊ လောဘမူ ဒေါသမူ မောဟမူ စိတ္တုပ္ပါဒ်။ သဝိညတ္တိကဝစီဘေဒသဒ္ဒဟုဆိုအပ်သော ဝစီဝိညတ်ကိုလည်းကောင်း, ထိုဝစီဝိညတ်ကို အာရုံပြု၍ ဖြစ်သော အကုသိုလ်စေတနာပြဋ္ဌာန်းသော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်ကိုလည်းကောင်း အာရုံပြု၍ -----

(သုရာမေရယ မဇ္ဇပမာဒဋ္ဌာန ဆိုမြဲ)

**ဝိကာလဘောဇန**[၁]မှ ကြဉ်ဖြစ်အံ့၊ ဘောဇဉ်၌တည်သော ရူပါရုံအစရှိသော အစိတ်အပေါင်းရုပ်ကိုလည်းကောင်း, ထိုဘောဇဉ်၌တည်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပဒ်ကိုလည်းကောင်း အာရုံပြု၍ ----

**နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန**[၂] မှကြဉ်သည်ဖြစ်အံ့၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း အစရှိသော ရူပါရုံ သဒ္ဒါရုံကိုလည်းကောင်း, ထိုအာရုံအားတပ်သော လောဘပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်ကိုလည်းကောင်း အာရုံပြု၍ ----

---

၁ ဝိကာလဘောဇန–နေလွဲသောအခါ၌ အစာစားခြင်း

၂ နစ္စ–ကခြင်း,ကစေခြင်း၊ ဂီတ–သီဆိုခြင်း,သီဆိုစေခြင်း၊ ဝါဒိတ–တီးမှုတ်ခြင်း,တီးမှုတ်စေခြင်း၊ ဝိသူကဒဿန–(ဝိသူက)သာသနာ့ငြောင့်သဖွယ်ဖြစ်သော ပွဲသဘင်ကို + (ဒဿန+သဝန)ကြည့်ရှုနားထောင်ခြင်း(ဝိရူပေကသေသ်)

**မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာန**[၁] မှကြည်ဖြစ်အံ့၊ နံ့သာပန်းအစရှိသည်တို့ဖြင့် ဆင်ယင်ခြင်း အစရှိသော ရူပါရုံ ဂန္ဓာရုံ ဖောဋ္ဌဗ္ဗာရုံကိုလည်းကောင်း, ထိုအာရုံ၌ တပ်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုလည်းကောင်း အာရုံပြု၍ ---

**ဥစ္စာသယန မဟာသယန**[၂]မှ ရှောင်ကြဉ်သည်ဖြစ်အံ့၊ မြင့်သောနေရာ မြတ်သောနေရာ၌တည်သော ရူပါရုံ ဖောဋ္ဌဗ္ဗာရုံကိုလည်းကောင်း, ထိုအာရုံ၌တည်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုသော်လည်းကောင်း အာရုံပြု၍ ---

**ဇာတရူပ ရဇတ ပဋိဂ္ဂဟဏ**[၃]မှ ရှောင်ကြဉ်သည်ဖြစ်အံ့၊ ထိုဇာတရူပရဇတ၌တည်သော ရူပါရုံ ဖောဋ္ဌဗ္ဗာရုံကိုလည်းကောင်း, ထိုအာရုံ၌တည်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုသော်လည်းကောင်း အာရုံပြု၍ ---

မနောဒွါရာဝဇ္ဇန်း, ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံဝီထိ ဖြစ်အံ့, တဒါရုံဇောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောက် ကာမဘဝင်။ အဝိဘူတာရုံဝီထိဖြစ်အံ့, ဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပါဏာတိပါတအစရှိသောအမှုမှ ကြဉ်၏။ ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တကမနောဒွါရဝီထိ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ပါဏာတိပါတအစရှိသော အမှုမှ ကြဉ်ပြီးသော ပုဂ္ဂိုလ်သည် ဒသင်္သီလပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်လိုလသော် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ဒသင်္သီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံဝီထိ ဖြစ်အံ့, တဒါရုံဇောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောက် ကာမဘဝင်။ အဝိဘူတာရုံဝီထိဖြစ်အံ့, ဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ဒသင်္သီလစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်၏။ ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တကမနောဒွါရဝီထိ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

---

၁ မာလာ–ပန်းအမျိုးမျိုး၊ ဓာရဏ–ပန်ဆင်ခြင်း၊ ဂန္ဓ–သနပ်ခါးစသောနံ့သာမှုန့်၊ မဏ္ဍန–ဖို့သိပ်ခြင်း
ဝိလေပန–လိမ်ကျံခြယ်လှယ်၍ရသော ရေမွှေး၊ နံ့သာပျောင်း ဓာရဏ–သုံးဆောင် ဝိဘူသန–လိမ်းကျံခြင်း
ဌာန–အကုသိုလ်တိုးပွားခြင်း၏အကြောင်း (ဗုဒ္ဓဘာသာတရားတော် အခြေခံအဆင့် နှာ ၁၅၇)

၂ ဥစ္စာသယန–မြင့်သောနေရာ, မြင့်ရာ၌လဲလျောင်းခြင်း မဟာသယန–မြတ်သောနေရာ,မြတ်သောနေရာ၌လဲလျောင်းခြင်း

၃ ဇာတရူပ–ရွှေ ရဇတ–ငွေ ပဋိဂ္ဂဟဏ–ခံယူခြင်း

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌“သီလံ သမာဒိယိတွာ တံ”၏ အရဖြစ်သော ဒသင်္ဂသီလ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌“ကုသလော ဓမ္မော”ဟု၊ အနုဝါဒပါဠိတော်ပါဠ်၌ “ပစ္စဝေက္ခတိ”၏အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ “ကုသလဿ ဓမ္မဿ”ဟု ဒသင်္ဂသီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ကို “အာရမ္မဏပစ္စယေန ပစ္စယော”ဟု ဟောတော်မူသည်။ (ဤဝီထိကား ဒသင်္ဂသီလဘို့)

“ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ”ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ “ဥပေါသထကမ္မံ ကတွာ တံ”၏အရကို အဋ္ဌင်္ဂဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကိုယူ၍၊ ပစ္စဝေက္ခတိအရ ဆင်ခြင်သော ကာမကုသိုလ်ကို ယူ၍ အဋ္ဌင်္ဂဥပေါသထ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား – ပါဏာတိပါတအစရှိသော ကံရှစ်ပါးမှ ကြဉ်လိုလတ်သည်ရှိသော် မိမိ (ပ) ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် (ပါဏာတိပါတ ဆိုမြဲ။ အဒိန္နာဒါနဆိုမြဲ။ အဗြဟ္မစရိယာဆိုမြဲ။ မုသာဝါဒါ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဆိုမြဲ။ သုရာမေရယဆိုမြဲ။ ဝိကာလဘောဇနဆိုမြဲ)

နစ္စ, ဂီတ, ဝါဒိတ, ဝိသူက, ဒဿန, မာလာဂန္ဓ, ဝိလေပန, ဓာရဏ, မဏ္ဍန, ဝိဘူသနဋ္ဌာနမှ ကြဉ်သည်ဖြစ်အံ့––

ကခြင်း သီခြင်း တီးမှုတ်ခြင်း အစရှိသော ရူပါရုံ သဒ္ဒါရုံကိုလည်းကောင်း, နံ့သာပန်းအစရှိသည်တို့ဖြင့် ဆင်ယင်ခြင်း အစရှိသော ရူပါရုံ ဂန္ဓာရုံ ဖောဋ္ဌဗ္ဗာရုံကိုလည်းကောင်း, ထိုအာရုံ၌ တပ်သော လောဘပြဋ္ဌာန်း သော စိတ္တုပ္ပါဒ်ကိုလည်းကောင်း အာရုံပြု၍ –––

**ဥစ္စာသယန မဟာသယန**မှ ရှောင်ကြဉ်သည်ဖြစ်အံ့၊ မြင့်သောနေရာ မြတ်သောနေရာ၌တည်သော ရူပါရုံ ဖောဋ္ဌဗ္ဗာရုံကိုလည်းကောင်း, ထိုအာရုံ၌တည်သော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုသော်လည်းကောင်း အာရုံပြု၍ –––

မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံဝီထိ ဖြစ်အံ့, တဒါရုံဇောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောက် ကာမဘဝင်။ အဝိဘူတာရုံဝီထိဖြစ်အံ့, ဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ပါဏာတိပါတ အစရှိသောအမှုမှကြဉ်၏။

(အကြွင်း ဒသင်္ဂ ဆိုရိုးနှင့်တူပြီ။ ဒသင်္ဂသီလကို အဋ္ဌင်္ဂသီလဟု ပြောင်းလဲဆိုရုံသာ ထူးသည်။ ဤဝီထိကား အဋ္ဌင်္ဂသီလဘို့)

(ပဥ္စသီလကား လူတို့၌, ဒသင်္ဂသီလကား သာမဏေတို့၌, နိစ္စသီလတည်း။ အာဒိဝန်ကား ရဟန်းပဥ္စင်းတို့၌ စတုပါရိသုဒ္ဓိသီလ, ဝတ္တသီလတို့ကို ယူရာ၏။ အင်္ဂသီလကား ဥပုသ်နေ့၌ လူတို့ဆောက်တည်ရသော ဥပေါသထကမ္မတည်း။ စွမ်းနိုင်လျှင် နေ့တိုင်းမပြတ်ပင် ဆောက်တည်အပ်၏)

"ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "ပုဗ္ဗေ သုစိဏ္ဏာနိ" အရကို ရှေး၌ အလေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလ အင်္ဂဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကိုယူ၍ "ပစ္စဝေက္ခတိ"အရကို ဆင်ခြင်သောကာမကုသိုလ်ယူ၍ ရှေး၌အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန သီလ အင်္ဂဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

**ပစ္စည်းတပ်ပုံကား** –

ရှေး၌အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန သီလ အင်္ဂဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေ။ပ။ဘင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ရှေး၌အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန သီလ အင်္ဂဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံ ဝီထိဖြစ်အံ့, တဒါရုံကိစ္စ နှစ်ကြိမ်၊ ထို့နောင် ကာမဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ အဝိဘူတာရုံ ဝီထိဖြစ်အံ့, ဘဝင် ဖြစ်ထိုက် သရွေ့ ဖြစ်၏။ ဤဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ရှေး၌အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန သီလ အင်္ဂဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ဆင်ခြင်၏။ ထို့နောင် ထိုအာရုံတို့ကို အာရုံပြု၍ တဒနုဝတ္တကမနောဒွါရဝီထိတို့သည် ဖြစ်ကုန်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ "ပုဗ္ဗေ သုစိဏ္ဏာနိ" အရဖြစ်သော ရှေး၌ အလေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလ အင်္ဂဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့်ယူတော်မူ ဝိဓိ၌ ကုသလောဓမ္မောဟု၊ "ပစ္စဝေက္ခတိ"အရ ဆင်ခြင်သောကာမကုသိုလ် ပစ္စယုပ္ပန်အဖြစ်ဖြင့်ယူတော်မူ၍ ဝိဓိ၌ ကုသလဿဓမ္မဿဟု ရှေး၌အလေ့အကျက် ပြုအပ်ကုန်ပြီးသော ဒါန သီလ အင်္ဂဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏပစ္စယသတ္တိဖြင့်။ပ။၏။

(တစုံတယောက်သောသူ၏ အထံ၌ မဆောက်တည်မူ၍ မိမိအလိုလို ပါဏာတိပါတ အစရှိသည်မှ ကြဉ်ရှောင်သော သမ္ပတ္တဝိရတိ၊ တစုံတယောက်သောသူ၏ အထံ၌ ဆောက်တည်၍ ကြဉ်ရှောင်သော သမာဒါနဝိရတိ၊ မဂ်ဖြင့်ကိလေသာတို့ကို ဖြတ်ခြင်းဟုဆိုအပ်သော သမုစ္ဆေဒဝိရတိဟု သုံးပါးရှိရာ "သီလံ သမာဒိယိတွာ"၌ သမာဒါနဝိရတိကိုသာ ယူအပ်၏။ သမ္ပတ္တဝိရတိ, သမာဒါနဝိရတိတို့ကို လောကၖ၌ သီလ

ဟူ၍ မထင်ရှားသောကြောင့် ဤဌ်မဟောအပ်ကုန်။ သို့သော်လည်း  အာရမ္မဏပစ္စည်းဖြစ်ကုန်၏။ သေက္ခ ပုဂ္ဂိုလ်အတွက် သမုစ္ဆေဒဝိရတိသည် အာရမ္မဏပစ္စည်းဖြစ်၏)

“ဈာနံ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ” ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ “ဈာနံ” ၏ အရကို မဟဂ္ဂုတ်ကုသိုလ်ဈာန် ကိုးခုယူ၍ “ပစ္စဝေက္ခတိ”အရကို ဆင်ခြင်သော ကာမကုသိုလ်ယူ၍ မဟဂ္ဂုတ်ကုသိုလ် ဈာန်ကိုးခုသည် ဆင်ခြင်သော ကာမကုသိုလ်အား။ အာရမ္မဏ။ပ။၏။

**ပစ္စည်းတပ်ဟန်ကား** –

ပထမဈာန်ကို ရလတံ့သော တိဟိတ်ကာမကုသိုလ်သည် ပထဝီကသိုဏ်းအစရှိသော ပညတ်ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ ပထဝီ, ပထဝီ အစရှိသောအားဖြင့် စီးဖြန်းဘန်များ၍ ပဌမဈာန်ကို ရလိုလတ်သော် မိမိပဋိသန္ဓေ။ပ။ဘဝင်စလန၊ဘဝင်ုပစ္ဆေဒ။၏။ ထို့နောင် ပထဝီအစရှိသော ပညတ် ပဋိဘာဂနိမိတ်ကို အာရုံ ပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ပဌမဒွေးတို့တွင် တခုခုသည်  တက္ခမန္ဒအားလျော်စွာ ပရိကံ ဥပစာ အနုလုံ ဂေါတြဘုဟု လေးကြိမ် သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ်ပဌမဈာန်သည် အာဒိကမ္မိကဖြစ်၍ တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ကာမတိဟိတ် ဘဝင်လေးခုတို့ တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။

ပဌမဈာန်ရပြီးသော တိဟိတ်ကာမ,ရူပပုဂ္ဂိုလ်သည် ပဌမဈာန်၌ အကျုံးဝင်သော ဝိတက်ကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေ။ပ။ဘဝင်စလန ဘဝင်ုပစ္ဆေဒ။၏။ ထို့နောင် ဝိတက်ကိုအာရုံပြု၍ မနော ဒွါရာဝဇ္ဇန်း။ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ခုနစ်ကြိမ် လေးကြိမ် ငါးကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။ ဤဝီထိဖြင့် ငါရသော ပဌမဈာန်ကား ဝိတက်ဟူသော ဈာန်အင်္ဂါရှိ၏ဟု သိ၏။ ထို့အတူ ဝိစာရကို ဆင်ခြင်သည် တဝီထိ, ပီတိကို ဆင်ခြင်သည် တဝီထိ, ဧကဂ္ဂတာကို ဆင်ခြင်သည် တဝီထိ, အပေါင်းကို ဆင်ခြင်သည် တဝီထိ။ ဤသို့လျှင် ပဌမဈာန်၌ ပစ္စဝေက္ခဏာ ခြောက်ဝီထိ ဖြစ်သတည်း။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်၌ “ဈာနံ”၏အရဖြစ်သော ပဌမဈာန်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌“ကုသလော ဓမ္မော”ဟု၊ အနုဝါဒ ပါဠိတော်ပါဌ်၌ “ပစ္စဝေက္ခတိ”အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌၄င်း “ကုသလဿ ဓမ္မဿ”ဟု ရူပါဝစရ ပဌမဈာန် ကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏသတ္တိဖြင့်။ပ။၏။

ပဌမဈာန်ကိုရပြီးသော တိဟိတ် ကာမ, ရူပ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်သည် ဝသီဘော်ငါးပါးတို့ဖြင့် အလေ့အလာပြု၍ ပဌမဈာန်ကို ဝင်စားလိုလတ်သော် မိမိပဋိသန္ဓေ။ပ။ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။၏။ ထို့နောင် ဝိတက်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် ပထဝီအစရှိသော ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ပဌမဒွေးတို့တွင် တခုခုသည် တိက္ခ,မန္ဒအားလျော်စွာ ပရိကံ ဥပစာ အနုလုံ ဂေါတြဘုဟု လေးကြိမ် သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဌမဈာန်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း အပ္ပနာသမာဓိဇောကိစ္စ များစွာဖြစ်၍ ချုပ်၏။ ထို့နောင် ကာမတိဟိတ် ဘဝင်လေးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။

ပဌမဈာန်ဝင်စားပြီးသော တိဟိတ်ကာမ,ရူပပုဂ္ဂိုလ်သည် ပဌမဈာန်၌ အကျုံးဝင်သော ဝိတက်ကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေ။ပ။ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။၏။ ထို့နောင် ဝိတက်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ခုနစ်ကြိမ် လေးကြိမ် ငါးကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် တိဟိတ်ကာမဘဝင် လေးခု၊ ရူပဘဝင်ငါးခုတို့တွင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။ ဤဝီထိဖြင့် ငါဝင်စားသော ပဌမဈာန်ကား ဝိတက်ဟူသော ဈာန်အင်္ဂါရှိ၏ဟု သိသတည်း။ ထို့အတူ ဝိစာရကို ဆင်ခြင်သည် တဝီထိ, ပီတိကို ဆင်ခြင်သည် တဝီထိ, ဧကဂ္ဂတာကို ဆင်ခြင်သည် တဝီထိ, အပေါင်းကို ဆင်ခြင်သည် တဝီထိ။ ဤသို့လျှင် ပဌမဈာန်၌ ပစ္စဝေက္ခဏာ ခြောက်ဝီထိ ဖြစ်သတည်း။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်၌ "ဈာနံ"၏အရဖြစ်သော ပဌမဈာန်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌"ကုသလော ဓမ္မော"ဟု၊ အနုဝါဒ ပါဠိတော်ပါဌ်၌ "ပစ္စဝေက္ခတိ"အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌၎င်း "ကုသလဿ ဓမ္မဿ"ဟု ရူပါဝစရ ပဌမဈာန် ကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏာသတ္တိဖြင့်။ပ။၏။

ပဌမဈာန်ကိုရပြီးသော တိဟိတ် ကာမ, ရူပ ပုထုဇဉ်ပုဂ္ဂိုလ်သည် ငါရသော ပဌမဈာန်ကား နီဝရဏ ဟူသော နီးသောရန်သူ ရှိ၏။ ဝိတက်ဟူသောရန့်ရင်းသော အင်္ဂါရှိခြင်းကြောင့် ဈာန်အင်္ဂါ၏အားသည် နည်း၏ဟု ပဌမဈာန်၌ အပြစ်ကိုမြင်၍ ပဌမဈာန်၌ တပ်ခြင်းကို စွန့်၍ ဒုတိယဈာန်သည် ငြိမ်သက်၏ဟု နှလုံးသွင်း၍ ပထဝီအစရှိသော ပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပထဝီ ပထဝီ အစရှိသောအားဖြင့် စီးဖြန်းဘန်များ၍ ဒုတိယဈာန်ကို ရလိုလတ်သော် --

(အဘိဓမ္မတ္ထသင်္ဂြိုဟ် ရာသီစုတို့၌ ချသည့်အတိုင်း မဟဂ္ဂုတ်ကုသိုလ်ဈာန်ကို အကုန်ချ၍ ပစ္စဝေက္ခဏာ ဝီထိကိုလည်း ပဌမဈာန်ကိုမှီ၍ ဒုတိယဈာန်ဖြစ်အံ့, ဝိစာရအစရှိသည်ကို ဆင်ခြင်၊ တတိယဈာန်ဖြစ်အံ့, ပီတိအစရှိသည်ကို ဆင်ခြင်၊ စတုတ္ထဈာန်ဖြစ်အံ့, သုခအစရှိသည်ကို ဆင်ခြင်၊ ပဉ္စမဈာန်ဖြစ်အံ့, ဥပေက္ခာအစ ရှိသည်ကို ဆင်ခြင်၊ အရူပဈာန်ဖြစ်အံ့, ဥပေက္ခာအစရှိသည်ကို ဆင်ခြင်။ ဤသို့ အသီးအသီး ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိတို့ကို ချလေ)

“သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ”ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ “ဂေါတြဘုံ” ၏ အရကို သောတာပတ္တိမဂ်၏ရှေး ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးယူ၍ “သေက္ခာ ပစ္စဝေက္ခန္တိ”အရကို သောတာပန်သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကိုယူ၍ ဂေါတြဘု ကိစ္စတပ်သော မဟာကုသိုလ်ပဥ္စမဒွေး တတိယဒွေးသည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ။ပ။၏။

## ပစ္စည်းတပ်ဟန်ကား

သောတာပတ္တိမဂ်သောတာပတ္တိဖိုလ်ကို ရလတ့ံသော တိဟိတ်ကာမရူပပုဂ္ဂိုလ်သည် တေဘုမ္မကသင်္ခါရ တို့ကို “သဗ္ဗေ သင်္ခါရာ အနိစ္စာ”ဟူ၍၎င်း “သဗ္ဗေ သင်္ခါရာ ဒုက္ခာ”ဟူ၍၎င်း“သဗ္ဗေ သင်္ခါရာ အနတ္တာ” ဟူ၍၎င်း စီးဖြန်းဖန်များ၍ သောတာပန်အဖြစ်ကို ရလိုလတ်သော် (သောတာပတ္တိမဂ္ဂဝီထိချ)

သောတာပန်သည် သောတာပတ္တိမဂ်၏ရှေး ဂေါတြဘုကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည်။ပ။ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ပ။၏။ ထို့နောင် သောတာပတ္တိမဂ်၏ရှေး ဂေါတြဘုကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ပဥ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ် ထိုက်သရွေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌“ဂေါတြဘုံ”၏ အရဖြစ်သော သောတာပတ္တိမဂ်၏ရှေး ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ပဥ္စမဒွေး တတိယဒွေးကို ပစ္စည်းအဖြစ်ဖြင့်ယူတော်မူ၍ ဝိဓိ၌ “ ကုသလောဓမ္မော”ဟု၊ အနုဝါဒပါဠိတော်ပါဌ်၌ “ပစ္စဝေက္ခန္တိ”၏ အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့်ယူ၍ ဝိဓိ၌၎င်း “ကုသလဿ ဓမ္မဿ”ဟု ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ပဥ္စမဒွေး တတိယဒွေးသည် ဆင်ခြင်သော ကာမကုသိုလ်အား။အာရမ္မဏ။၏။

“သေက္ခာ ဝေါဒါနံ ပစ္စဝေက္ခန္တိ”ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ “ဝေါဒါနံ” ၏ အရကို သကဒါဂါမိမဂ်, အနာဂါမိမဂ်၏ရှေး ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးယူ၍ “သေက္ခာ ပစ္စဝေက္ခန္တိ”အရကို သကဒါဂါမ်, အနာဂါမ်သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကိုယူ၍ ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပဥ္စမဒွေး တတိယဒွေးသည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ။ပ။၏။

**ပစ္စည်းတပ်ဟန်ကား**
(သကဒါဂါမိမဂ္ဂဝီထိ, အနာဂါမိမဂ္ဂဝီထိချ)

သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်, အနာဂါမိမဂ်၏ရှေး ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေး တတိယဒွေးကို ဆင်ခြင်လိုလတ်သော် မိမိ။ပ။ဘဝင်စလန ဘဝင့်ပစ္ဆေဒ။ပ။၏။ ထို့နောင် ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်ပဥ္စမဒွေး တတိယဒွေးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိဟိတ်ဘဝင်တေရသတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ် ထိုက်သရွေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ ဝေါဒါန်၏ အရဖြစ်သော ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဥ္စမဒွေး တတိယဒွေးကို ပစ္စည်းအဖြစ်ဖြင့်ယူတော်မူ၍ ဝိဓိ၌ "ကုသလောဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဌ်၌ "သေက္ခာ ပစ္စဝေက္ခန္တိ"၏ အရဖြစ်သော သကဒါဂါမ်, အနာဂါမ်သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့်ယူ၍ ဝိဓိ၌၎င်း "ကုသလဿ ဓမ္မဿ"ဟု ဝေါဒါန်ကိစ္စ တပ်သော မဟာကုသိုလ်ပဥ္စမဒွေး တတိယဒွေးသည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ။ပ။၏။

"သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "မဂ္ဂံ" ၏ အရကို အောက်မဂ်သုံးခုယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"အရကို သောတာပန်,သကဒါဂါမ်, အနာဂါမ်သန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်ကိုယူ၍ အောက်မဂ်သုံးခုသည် ဆင်ခြင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုအား အာရမ္မဏ။ပ။၏။

**ပစ္စည်းတပ်ဟန်ကား**

သောတာပတ္တိမဂ်သောတာပတ္တိဖိုလ်ကို ရလတံ့သော တိဟိတ်ကာမရူပပုဂ္ဂိုလ်သည် တေဘုမ္မကသင်္ခါရတို့ကို "သဗ္ဗေ သင်္ခါရာ အနိစ္စာ"ဟူ၍၎င်း "သဗ္ဗေ သင်္ခါရာ ဒုက္ခာ"ဟူ၍၎င်း"သဗ္ဗေ သင်္ခါရာ အနတ္တာ" ဟူ၍၎င်း စီးဖြန်းဖန်များ၍ သောတာပန်အဖြစ်ကို ရလိုလတ်သော် (သောတာပတ္တိမဂ္ဂဝီထိချ)

သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကို ရပြီးသော သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည်။ပ။ဘဝင်စလန ဘဝင့်ပစ္ဆေဒ။ပ။၏။ ထို့နောင် သောတာပတ္တိမဂ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ် ထိုက်သရွေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ "မဂ္ဂံ"၏ အရဖြစ်သော သောတာပတ္တိမဂ်ကို ပစ္စည်းအဖြစ်ဖြင့်ယူတော်မူ၍ ဝိဓိ၌ "ကုသလောဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဠ်၌ "သေက္ခာ ပစ္စဝေက္ခတိ"၏ အရဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့်ယူ၍ ဝိဓိ၌၎င်း "ကုသလဿ ဓမ္မဿ"ဟု သောတာပတ္တိမဂ်သည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ။ပ။၏။

သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်ကို ရလတံ့သော တိဟိတ်ကာမရူပအရူပပုဂ္ဂိုလ်သည် တေဘူမ္မကသင်္ခါရ တို့ကို "သဗ္ဗေ သင်္ခါရာ အနိစ္စာ"ဟူ၍၎င်း "သဗ္ဗေ သင်္ခါရာ ဒုက္ခာ"ဟူ၍၎င်း"သဗ္ဗေ သင်္ခါရာ အနတ္တာ"ဟူ၍၎င်း (သကဒါဂါမိမဂ္ဂဝီထိချ)

သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်ကို ရပြီးသော သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်ကို ဆင်ခြင်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည်။ပ။ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ပ။၏။ ထို့နောင် သကဒါဂါမိမဂ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိဟိတ်ဘဝင်တေရသတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ် ထိုက်သရွေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ (သောတာပတ္တိမဂ်အတိုင်းဆို) အနဂါမိမဂ္ဂဝီထိ၊ အနာဂါမိမဂ္ဂပစ္စဝေက္ခဏာဝီထိချ။ (ဝုဋ္ဌဟိတွာအရ ဖိုလ်နောင် ဘဝင်ကိုယူလေ)

"သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ။ ပ ။ဝိပဿန္တိ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "ကုသလံ"၏ အရကို ရှေး၌ တေဘုမ္မကကုသိုလ်ကိုယူ၍ "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါဝိပဿန္တိ" အရကို သေက္ခ ပုထုဇဉ် သန္တာန်၌ဖြစ်သော အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာပြုသော ကာမကုသိုလ်အား အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

## ပစ္စည်းတပ်ဟန်ကား

သေက္ခ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် တေဘုမ္မကကုသိုလ်ကို အာရုံပြု၍။ အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာစီးဖြန်းလိုလတ်သော် မိမိ။ပ။ပ။ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ပ။၏။ ထို့နောင် တေဘုမ္မကသင်္ခါရကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ဝိပဿနာဇော ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တိဟိတ်ဘဝင်တေရသတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ် ထိုက်သရွေ့ဖြစ်၏။ (ဤကဲ့သို့ များစွာသော ဝီထိစိတ္တုပ္ပါဒ်တို့ဖြင့် ဝိပဿနာစီးဖြန်း၏)

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ "ကုသလံ"၏ အရဖြစ်သော တေဘုမ္မကကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့်ယူတော်မူ၍ ဝိဓိ၌ "ကုသလောဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဠ်၌ "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါဝိပဿန္တိ" အရဖြစ်သော အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာပြုသော ကာမကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ငှင်း ကုသလဿဓမ္မဿဟု တေဘုမ္မကကုသိုလ်သည် ဝိပဿနာပြုသော ကာမကုသိုလ်အား အာရမ္မဏ။ပ။၏။

"သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စေတောပရိယဉာဏေန ကုသလံ ဇာနန္တိ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဠ်၌ "ကုသလစိတ္တသမင်္ဂိဿ စိတ္တံ"၏ အရကို လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော သူတပါးတို့၏ အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသယူ၍ "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စေတောပရိယဉာဏေန ဇာနန္တိ"အရကို သေက္ခပုထုဇဉ် သန္တာန်ဖြစ်သော စေတောပရိယကုသိုလ်အဘိညာဉ်, ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကုသိုလ်ကိုယူ၍ အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသသည် စေတောပရိယကုသိုလ်အဘိညာဉ်, ထိုအဘိညာဉ် နောက်၌ဖြစ်သော ကာမကုသိုလ်အား။အာရမ္မဏ။၏။

**ပစ္စည်းတပ်ဟန်ကား** –

စေတောပရိယအဘိညာဉ်နှင့် ပြည့်စုံသော သေက္ခ,ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် လွန်လေပြီးသော ခုနစ်ရက်မှ စ၍ လာလတံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသကို သိခြင်းငှါ အလိုရှိသည်ဖြစ်၍။ ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုလတ်သော် မိမိ။ပ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ပ။၏။ ထို့နောင် အာလောကကသိုဏ်းကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်တတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရူပါစဝရကုသိုလ် ပဉ္စမဈာန်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိတိုင်း များစွာဖြစ်၍ ချုပ်၏။

ထို့နောင် "ဣမဿ ကုသလစိတ္တံ ဇာနာမိ, ဣမဿ ကုသလစိတ္တံ ဇာနာမိ"ဟု အဓိဋ္ဌာန်သောအားဖြင့် အဓိဋ္ဌာန်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော် မိမိ။ပ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ပ။၏။ ထို့နောင် အဓိဋ္ဌာန်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် အဓိဋ္ဌာန်ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။

ထို့နောင် စေတောပရိယအဘိညာဉ်၏ အခြေခံဖြစ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန်ကို ဝင်စားလိုလတ်သော မိမိ။ပ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ပ။၏။ ထို့နောင် အာလောကကသိဏ်းကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလတတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည်စုံသော ရူပါစဝရကုသိုလ် ပဥ္စမဈာန်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိတိုင်း များစွာဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။

ထို့နောင် လွန်လေပြီးသော ခုနှစ်ရက်မှ စ၍ လာလတ့်သော ခုနှစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, ရူပါဝစရကုသိုလ် ပဥ္စမဈာန်ကို ဝင်စားလိုလတ်သော မိမိ။ပ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ပ။၏။ ထို့နောင် အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်တတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ် သုံးကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည်စုံသော ရူပါစဝရကုသိုလ် ပဥ္စမဈာန်သည် စေတောပရိယအဘိညာဉ်ဇောကိစ္စ တကြိမ်သာဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် စေတောပရိယအဘိညာဉ်၏ အာရုံဖြစ်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်။ (ဤဝီထိဖြင့် သူတပါးတို့၏ ကုသိုလ်စိတ်ကိုသိ၏)

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ "ကုသလစိတ္တသမင်္ဂိဿ စိတ္တံ"၏ အရဖြစ်သော ကာလသုံးပါး၌တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသကို ပစ္စည်းအဖြစ်ဖြင့်ယူတော်မူ၍ ဝိဓိ၌ "ကုသလောဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဌ်၌ "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စေတောပရိယဉာဏေန ဇာနန္တိ" အရကို သေက္ခပုထုဇဉ် သန္တာန်ဖြစ်သော စေတောပရိယကုသိုလ်အဘိညာဉ်, ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကုသိုလ်ကိုပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ငှင်း ကုသလဿဓမ္မဿဟု ကာလသုံးပါး၌တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသသည် စေတောပရိယကုသိုလ်အဘိညာဉ်, ထိုအဘိညာဉ် နောက်၌ဖြစ်သော ကာမကုသိုလ်အား။အာရမ္မဏ။၏။

"အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနကုသလဿ"ဟု ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ "အာကာသာနဉ္စာယတနကုသလ"၏ အရကို ဤဘဝရေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသနဉ္စာယတနကုသိုလ်ကိုယူ၍ "ဝိညာဏဉ္စာယတနကုသလဿ"၏အရ ဖြစ်ဆဲဝိညာနဉ္စာယတနကုသိုလ် ယူ၍ ဤဘဝရေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသနဉ္စာယတနကုသိုလ်သည် ဖြစ်ဆဲသော ဝိညာနဉ္စာယတနကုသိုလ်အား အာရမ္မဏ။ပ။၏။

**ပစ္စည်းတပ်ဟန်ကား** –

အာကာသာနဉ္စာယတနကုသိုလ်ဈာန်ကို ရပြီးသော တိဟိတ်ကာမ, ရူပ, အာကာသာနဉ္စာယတနပုဂ္ဂိုလ်သည် ဝိညာနဉ္စာယတနဈာန်ကို ရလို၍ "ငါရသော အာကာသနဉ္စာယတနဈာန်သည်ကား ရူပါဝစရဟူသော နီးသော ရန်သူရှိ၏ဟု အာကာသနဉ္စာယတနဈာန်၌ အပြစ်မြင်၍ ထိုအာကာသာနဉ္စာယတနဈာန်၌ တပ်ခြင်းကို စွန့်၍ "ဝိညာနဉ္စာယတနဈာန်သည် ငြိမ်သက်သည်"ဟု နှလုံးသွင်း၍ အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်ဈာန်ကို "ဝိညာဏံ အနန္တံ, ဝိညာဏံ အနန္တံ"ဟု စီးဖြန်းဘန်များ၍ ဝိညာဏဉ္စာယတနဈာန်ကို ရလိုလတ်သော် မိမိ။ပ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ပ။၏။ ထို့နောင် ဤဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသနဉ္စာယတနကုသိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်တတိယဒွေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့, ပရိကမ် ဥပစာ အနုလုံ ဂေါတြဘုဟု လေးကြိမ်။ တိက္ခပညာဖြစ်အံ့, ဥပစာ အနုလုံ ဂေါတြဘုဟု သုံးကြိမ်, ဥပစာရသမာဓိဇောကိစ္စ ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည်စုံသော ဝိညာနဉ္စာယတန်သည် အာဒိကမ္မိကဖြစ်၍ တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ပဥ္စဝေါကာရတိဟိတ်ဘဝင် ကိုးခု, အာကာသာနဉ္စာယတနဘဝင်တို့တွင် တခုခုသည် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၍ ဖြစ်၏။

ဝိညာနဉ္စာယတနဈာန်ကို ရပြီးသော တိဟိတ်ကာမ, ရူပ, အာကာသာနဉ္စာယတန, ဝိညာနဉ္စာယတန, ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့သည် ဝိညာဏဉ္စာယတနဈာန်ကို ဝသီဘော်အားဖြင့် အလေ့အလာပြု၍ ဝင်းစားလိုလတ်သော် မိမိ။ပ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ပ။၏။ ထို့နောင် ဤဘဝရေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသနဉ္စာယတနကုသိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်တတိယဒွေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့, ပရိကမ် ဥပစာ အနုလုံ ဂေါတြဘုဟု လေးကြိမ်။ တိက္ခပညာဖြစ်အံ့, ဥပစာ အနုလုံ ဂေါတြဘုဟု သုံးကြိမ်, ဥပစာရသမာဓိဇောကိစ္စ ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည်စုံသော ဝိညာနဉ္စာယတနကုသိုလ်ဈာန်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိတိုင်း များစွာဖြစ်၍ ချုပ်၏။ ထို့နောင် ပဥ္စဝေါကာရတိဟိတ်ဘဝင် ကိုးခု, အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတနဘဝင်တို့တွင် တခုခုသည် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၍ ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ "အာကာသာနဉ္စာယတနကုသလံ"အရဖြစ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသနဉ္စာယတနကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့်ယူတော်၍ ဝိဓိ၌ "ကုသလောဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဠ်၌ "ဝိညာဏဉ္စာယတနကုသလဿ"အရဖြစ်သော ဖြစ်ဆဲဖြစ်သော ဝိညာဏဉ္စာယတနကုသိုလ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ဟူတော်မူ၍ ဝိဓိ၌၄င်း "ကုသလဿဓမ္မ"ဟု ဤဘဝရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသနဉ္စာယတနကုသိုလ်သည်ဖြစ်ဆဲသော ဝိညာနဉ္စာယတနကုသိုလ်အား အာရမ္မဏ။ပ။၏။

(ဤနှစ်ဝီထိတို့တွင် အာဒိကမ္မိက၌ ဝိညာနဉ္စာယတနပုဂ္ဂိုလ်ကို မရအပ်။ သမာပဇ္ဇနသာ ရအပ်သည်။ သမာပဇ္ဇနဝီထိ၌လည်း ရှေးဘဝအောက်ဘုံကဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြုသည်။ ဤဘဝ၌ မရအပ်။ အဘယ့်ကြောင့်နည်း ဟူမူကား ဝိညာဏဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနကုသိုလ် မရှိသောကြောင့်တည်း။ "အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနကုသလဿ"၌ ဤနည်းမှီ၍ ဆိုလေ)

"ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "ကုသလာ ခန္ဓာ"၏ အရကို ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကိုယူ၍ "ဣဒ္ဓိဝိဓဉာဏဿ"၏အရကို ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်ကိုယူ၍ ပါဒကဖြစ်သော ရူပါဝစရပဉ္စမဈာန်သည် ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်ကုသိုလ် အဘိညာဉ်အား။အာရမ္မဏ။၏။

**ပစ္စည်းတပ်ပုံကား** –

သတသဟဿစသော နိမ္မိတရုပ်ကို ဖန်ဆင်းခြင်းငှါ အလိုရှိသည်ဖြစ်၍ ရူပါဝစရကုသိုလ် ပဉ္စမဈာန်ကို ဝင်စားလိုလတ်သော မိမိ။ပ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ပ။၏။ ထို့နောင် ပထဝီကသိဏ်းပညတ် ပဋိဘာနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်တတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ်, သုံးကြိမ်, ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရူပါဝစရကုသိုလ် ပဉ္စမဈာန်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိတိုင်း များစွာဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်။

ထို့နောင် "သတံ ဟောမိ, သဟဿံ ဟောမိ"အစရှိသည်ဖြင့် အဓိဋ္ဌာန်သောအားဖြင့် အဓိဋ္ဌာန်ဇောဝီထိ စိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော်မိမိ။ပ။ ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ပ။၏။ ထို့နောင် အဓိဋ္ဌာန်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် အဓိဋ္ဌာန်ဇောကိစ္စ ၇ကြိမ်၊ ထို့နောင် ဘဝင်။

ထို့နောင် ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်၏ အခြေခံဖြစ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန်ကို ဝင်စားလိုလတ်သော မိမိ။ပ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ပ။၏။ ထို့နောင် ပထဝီကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်တတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ်, သုံးကြိမ်, ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရူပါဝစရကုသိုလ် ပဥ္စမဈာန်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိတိုင်း များစွာဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်။

ထို့နောင် ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန်ကို အာရုံပြု၍ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်ဇော ဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် မိမိ။ပ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ပ။၏။ ထို့နောင် ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်တတိယဒွေးတို့တွင် တခုခုသည် မန္ဒတိက္ခအားလျော်စွာ လေးကြိမ်, သုံးကြိမ်, ဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက်။ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ရူပါဝစရကုသိုလ် ပဥ္စမဈာန်သည် ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန်ကို အာရုံပြု၍ သတ သဟဿအစရှိသော နိမ္မိတရုပ်ကိုဖြစ်စေလျက် ဣဒ္ဓိဝိအဘိညာဉ်ဇောကိစ္စတကြိမ်သာဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ထို့နောင် ထိုအာရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိတို့သသည် ဖြစ်ကုန်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ "ကုသလာခန္ဓာ"၏ အရဖြစ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဌ်၌"ဣဒ္ဓိဝိဓ ဉာဏဿ"၏ အရဖြစ်သော ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌၄င်း "ကုသလဿ ဓမ္မဿ"ဟု၊ ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန်သည် ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်အား အာရမ္မဏ။၏။

"ကုသလာ ခန္ဓာ စေတောပရိယဉာဏဿ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "ကုသလာ ခန္ဓာ"၏ အရကို လွန်လေပြီးသော ခုနှစ်ရက်မှ စ၍ လာလတ့်သော ခုနှစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသကိုယူ၍ "စေတောပရိယ ဉာဏဿ"၏အရကို စေတောပရိယ ကုသိုလ်အဘိညာဉ်ကိုယူ၍ ကာလသုံးပါး၌တည်သော အရဟတ္တမဂ်ကြဉ်သော သူတပါးတို့၏ ကုသိုလ်ဝီသသည် စေတောပရိယကုသိုလ်အဘိညာဉ်အား။ အာရမ္မဏ။၏။ (ဝီထိချပ်)

“ကုသလာ ခန္ဓာ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ”ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဋ္ဌ်၌ “ကုသလာ ခန္ဓာ”၏ အရကို ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသကိုယူ၍ “ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ”၏အရကို ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ် ကိုယူ၍ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသသည် ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်အား။ အာရမ္မဏ။၏။

(ဝီထိချမ်)

“ကုသလာ ခန္ဓာ ယထာကမ္မူပဂဉာဏဿ”ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဋ္ဌ်၌ “ကုသလာ ခန္ဓာ”၏ အရကို အတိတ်ဖြစ်သော လောကီကုသိုလ်ကံကိုယူ၍ “ယထာကမ္မူပဂဉာဏဿ”၏ အရကို ယထာကမ္မူပဂကုသိုလ်အဘိညာဉ် ကိုယူ၍ အတိတ်ဖြစ်သော လောကီကုသိုလ်ကသည် ယထာကမ္မူပဂိကုသိုလ်အဘိညာဉ်အား။ အာရမ္မဏ။၏။

(ဝီထိချမ်)

“ကုသလာ ခန္ဓာ အနာဂတံသဉာဏဿ”ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဋ္ဌ်၌ “ကုသလာ ခန္ဓာ”၏ အရကို အနာဂတ်ဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသကိုယူ၍ “အနာဂတံသဉာဏဿ”၏အရကို အနာဂတံသကုသိုလ်အဘိညာဉ် ကိုယူ၍ အနာဂတ်ဖြစ်သော လောကီကုသိုလ်သည် အနာဂတံသကုသိုလ်အဘိညာဉ်အား။ အာရမ္မဏ။၏။

(ဝီထိချမ်)

ဤစာအုပ် စာမျက်နှာ ၃၂၄–၃၄၃ မှ စာပိုဒ်များသည်
ပဋ္ဌာန်းအရကောက် ၃၃၈–၃၅၈ မှ စာပိုဒ်များဖြစ်သည်။

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ, တံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ ဈာနေ ပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

(ပဋ္ဌာန ပါဠိ ပတွဲ ၁၃၃)

လောဘမူရှစ်ခုအတွက် အဿာဒေတိ၊ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိဟု ကြိယာ ၄–ချက်ဖြင့် အမြစ်စီရသည်။ မောဟမူအတွက် ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိဟု ယင်း၌ယှဉ်သော စေတသိက်အမည်ဖြင့် ဟော၏။ ဒေါသမူအတွက် ဒေါမနဿံ ဥပ္ပဇ္ဇတိဟု ဝေဒနာအမည်ဖြင့် ဟောတော်မူသည်။ (အုတ်ကန်ပဋ္ဌာန်းနည်းပြ ၁၄၈)

## ကု အကု နိဿယ

ကုသလော–ကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ အကုသလဿ–အကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ဒါနံ–အလှူကို၊ ဒတွာ–ပေးလှူ၍၊ သီလံ–သီလကို၊ သမာဒိယိတွာ–ကောင်းစွာဆောက်တည်၍၊ ဥပေါသထကမ္မံ–အဋ္ဌင်္ဂုပုသ်ကံကို၊ ကတွာ–ဆောက်တည်ပြီး၍၊ တံ–ထိုဒါနသီလကုသိုလ်ကို၊ အဿာဒေတိ–သာယာ၏၊ အဘိနန္ဒတိ–နှစ်သက်၏၊ တံ–ထိုဒါနသီလကုသိုလ်ကို၊ အာရဗ္ဘ–အာရုံပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒေါမနဿံ–ဒေါမနဿ[1]သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ ဈာနာ–ဈာန်မှ၊ ဝုဋ္ဌဟိတွာ–ထ၍၊ ဈာနံ–ဈာန်ကို၊ အဿာဒေတိ–သာယာ၏၊ အဘိနန္ဒတိ–နှစ်သက်၏၊ တံ–ထိုဈာန်ကို၊ အာရဗ္ဘ–အာရုံပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ဈာနေ–ဈာန်သည်၊ ပရိဟီနေ–ယုတ်သည်ရှိသော်၊ ဝိပ္ပဋိသာရိဿ–(ငါ့အား မြတ်သောတရားသည် ပျောက်ခဲ့ပြီဟု) နှလုံးမသာသောသူအား၊ ဒေါမနဿံ–ဒေါမနဿသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

(မိုးထိ ပ နိဿယ ၃၆၉–၃၇၀)

---

၁ လှူပြီးပစ္စည်းကို ပြန်၍နှမြောခြင်း, နှလုံးမသာယာခြင်းဖြစ်ရာ၌ ကုသိုလ်ကို အာရုံပြု၍ ဒေါမနဿသဟဂုတ်စိတ် (ဒေါသမူစိတ်နှစ်ပါး) ဖြစ်သည်။ (သင်္ဂြိုဟ်ဘာဋီ–၁၃၁)

**အာရုံ**

(က) ဒါနကုသိုလ် မဟာကု–၈
(ခ) ပဉ္စင်္ဂသီ ဒသင်္ဂသီလ မဟာကု–၈
(ဂ) အဋ္ဌင်္ဂဥပုသ်သီလ မဟာကု–၈
(ဃ) ရှေးကပြုခဲ့သော ဒါန သီလ အဋ္ဌင်္ဂဥပုသ်သီလ မဟာကု–၈
(င) ဈာန်(ရူပကု–၅, အရူပကု–၄)

ဘ ဘ ဘ န ဒ “ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ” ဘ ဘ ဘ

(၁) လောဘမူ သော–၄ သာယာသောအခါ (အဿာဒေတိ)
(၂) လောဘမူ ပီတိသဟဂုတ်–၄ နှစ်သက်သောအခါ (အဘိနန္ဒတိ)
(၃) လောမူ–၈ တပ်သောအခါ (ရာဂေါ ဥပ္ပဇ္ဇတိ)
(၄) လောဘမူ ဒိသံ–၄ အမြင်မှားသောအခါ (ဒိဋ္ဌိ ဥပ္ပဇ္ဇတိ)
(၅) ဝိစိကိစ္ဆာသံ–၁ မဆုံးဖြတ်နိုင်သောအခါ (ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ)
(၆) ဥဒ္ဓစ္စသံ–၁ ပျံ့လွင့်သောအခါ (ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ)
(၇) ဒေါသမူ–၂ နှလုံးမသာသောအခါ (ဒေါမနဿံ ဥပ္ပဇ္ဇတိ)

အထက်ပါ မနောဒွါရဝီထိဖြင့် က–မှ ခ–အထိ အမှတ်ပြ အာရုံတို့က အကုသိုလ်ဇောခုနစ်ကြိမ်အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်။

**အဓိပ္ပါယ်ကား** –

ကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေသည်။ အဘယ်သို့…ကား အန္န ပါန ဃရ ဝတ္ထအစရှိသော ဒါနဝတ္ထုကို လှူပြီး၍ ပရိစ္စာဂစေတနာ ဝိသောဓနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို သာယာသောအခါ လောဘမူသောမနဿသဟဂုတ်အား, နှစ်သက်သောအခါ လောဘမူပီတိသဟဂုတ်အား, တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုအား, အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ်လေးခုအား, မဆုံးဖြတ်နိုင်သောအခါ ဝိစိကိစ္ဆာသဟဂုတ်အား, ပျံ့လွင့်သောအခါ ဥဒ္ဓစ္စသဟဂုတ်အား, နှလုံးမသာသောအခါ ဒေါမနဿသဟဂုတ်အား အာရမ္မဏ။ ၏။

ပဥ္စင်္ဂသီလ ဒသင်္ဂသီလကို ဆောက်တည်ပြီး၍ ပဥ္စင်္ဂသီလ ဒသင်္ဂသီလပြဋ္ဌာန်းသော ကာမကုသိုလ်ကို သာယာသောအခါ လောဘမူသောမနဿသဟဂုတ်အား (ဆိုမြဲ) အဋ္ဌင်္ဂဥပုသ်ကို ဆောက်တည်ပြီး၍ အဋ္ဌင်္ဂဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို သာယာသောအခါ (ဆိုမြဲ) ရှေး၌ အလေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလ အဋ္ဌင်္ဂဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို သာယာသောအခါ (ဆိုမြဲ) မဟဂ္ဂုတ်ကုသိုလ်ဈာန်မှထ၍ မဟဂ္ဂုတ်ကုသိုလ်ဈာန်ကို သာယာသောအခါ (ဆိုမြဲ) တစုံတခုမလျောက်ပတ်သော အကြောင်းကြောင့် လျှောကျသော လောကီဈာန်ကို အာရုံပြု၍ "ငါ့အား မြတ်သောတရားသည် ပျောက်ခဲ့ပြီဟု နှလုံးမသာရှိသောအခါ ပရိဟီနဖြစ်သော လောကီကုသိုလ်ဈာန်သည် ဒေါသမူဒွေးအား အာရမ္မဏ။၏။

ဝိဓိပါဠိတော်ပါဠ်၌ "ကုသလော ဓမ္မော"ကတ္တားကား လောကီကုသိုလ်သတ္တရသ, စေတသိက်အဋ္ဌတ္တိံသ ပစ္စည်းတရားရ၏။ "အကုသလဿ ဓမ္မဿ"ဟူသော သမ္ပဒါန်ပုဒ်အရကား အကုသိုလ်ဒွါဒသ, စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်တရားရ၏။

"အာရမ္မဏပစ္စယေန"ဟူသော ကရိုဏ်းပါဠ်အရကား တပြိုင်နက် ယထာရဟတပ်ကောင်းသော အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ၊ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ဒါနံ ဒတွာ တံ အဿာဒေတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "ဒါနံ"၏ အရကို ဒါနဝတ္ထု ဒါနစေတနာကိုယူ၍ "ဒတွာ တံ"၏အရကို ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ယူ၍ "အဿာဒေတိ"၏အရကို လောဘမူသောမနဿသဟဂုတ်လေးခုတွင် တခုခုယူ၍ "အဘိနန္ဒတိ"၏အရကို လောဘမူပီတိသဟဂုတ်လေးခုတွင် တခုခုယူ၍ "အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ အရကို ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုတွင် တခုခုယူ၍ "ဒိဋ္ဌိ ဥပ္ပဇ္ဇတိ"အရကို ဒိဋ္ဌိဂတသမ္ပယုတ်လေးခုတို့တွင် တခုခုယူ၍ "ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ"၏အရကို ဝိစိကိစ္ဆာသဟဂုတ်ယူ၍ "ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ"အရကို ဥဒ္ဓစ္စသဟဂုတ်ယူ၍ "ဒေါမနဿံ ဥပ္ပဇ္ဇတိ"၏အရကို ဒေါမနဿသဟဂုတ်ယူ၍ ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အကုသိုလ်ဒွါဒသအား အာရမ္မဏ။၏။

**ပစ္စည်းတပ်ဟန်ကား** –

ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ အဿာဒန အဘိနန္ဒန အစရှိသော အစွမ်းဖြင့် အကုသိုလ်ဇောဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် မိမိ။ပ။ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ပ။၏။ ထို့နောင် ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် သာယာသည်ဖြစ်အံ့, လောဘမူသောမနဿသဟဂုတ် လေးခုတို့တွင် တခုခုသည်၊ နှစ်သက်သည်ဖြစ်အံ့, သပ္ပီတိကတဏှာပြဋ္ဌာန်းသော လောဘမူသောမနဿသဟဂုတ် လေးခုတို့တွင် တခုခုသည်၊

တပ်သည်ဖြစ်အံ့, ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုတွင် တခုခုသည်၊ အမြင်မှားသည်ဖြစ်အံ့, ဒိဋ္ဌိဂတသမ္ပယုတ်လေးခုတို့တွင် တခုခုသည်၊ မဆုံးဖြတ်နိုင်သည် ဖြစ်အံ့, ဝိစိကိစ္ဆာသဟဂုတ်သည်၊ ပျံ့လွင့်သည်ဖြစ်အံ့, ဥဒ္ဓစ္စသဟဂုတ်သည်၊ နှလုံးမသာသည်ဖြစ်အံ့, ဒေါသမူနွေးတို့တွင် တခုခုသည်၊ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိဘူတာရုံဝီထိဖြစ်အံ့, တဒါရုံ ကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံ ဝီထိဖြစ်အံ့, ပဉ္စဝေါကာရဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ "ဒတွာ တံ"၏ အရဖြစ်သော ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော" ဟု၊ အနုဝါဒပါဠိတော်ပါဠ်၌ "အဿာဒေတိ" အစရှိသည်၏ အရဖြစ်သော အကုသိုလ်ဒွါဒသကို ပစ္စယုပ္ပန် အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ငှင်း "အကုသလဿ ဓမ္မဿ"ဟု၊ ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အကုသိုလ်ဒွါဒသအား အာရမ္မဏ။၏။

"သီလံ သမာဒိယိတွာ တံ အဿာဒေတိ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "သီလံ"၏ အရကို ပဉ္စင်္ဂသီလ ဒသင်္ဂသီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကိုယူ၍ "အဿာဒေတိ"၏ အရကို လောဘမူသောမနဿလေးခုတို့တွင် တခုခုကို ယူ၍ "အဘိနန္ဒတိ"အစရှိသည်၏ အရကို (နောက်ကယူမြဲ) ပဉ္စင်္ဂသီလ ဒသင်္ဂသီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် အကုသိုလ်ဒွါဒသအား အာရမ္မဏ။၏။ (ပစ္စည်းတပ်ဟန်ကား "ဒါနံ ဒတွာ တံ အဿာဒေတိ"ကို မှီ၍ ဆိုလေ)

"ဥပေါသထကမ္မံ ကတွာ တံ အဿာဒေတိ" အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော် ပါဠ်၌ "ဥပေါသထကမ္မံ တံ"၏ အရကို အဋ္ဌင်္ဂဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကိုယူ၍ "အဿာဒေတိ"အစရှိသည်၏ အရကို (ယူမြဲ၊ ဝီထိကိုလည်း "ဒတွာ တံ"မှီ၍ ချလေ)

"ပုဗ္ဗေသုစိဏ္ဏာနိ အဿာဒေတိ" အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော် ပါဠ်၌ "ပုဗ္ဗေသုစိဏ္ဏာနိ"၏ အရကို ရှေး၌ အလေ့အကျက်ပြုအပ်ကုန်ပြီးသော ဒါန သီလ အဋ္ဌင်္ဂဥပေါသထစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကိုယူ၍ "အဿာဒေတိ"အစရှိသည်၏ အရကို (နောက်ကယူမြဲ၊ ဝီထိချမြဲ)

"ဧဝံနာ ဝုဋ္ဌဟိတွာ ဧဝံ အဿာဒေတိ" အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော် ပါဠ်၌ "ဧဝံ"၏ အရကို မဟဂ္ဂုတ်ကုသိုလ်ကိုးခုကိုယူ၍ "အဿာဒေတိ"အစရှိသည်၏ အရကို (ယူမြဲ၊ ဝီထိချမြဲ)

"ဧဝံနေ ပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော် ပါဠ်၌ "ဧဝံနေ ပရိဟီနေ"၏အရကို ပရိဟီနဖြစ်သော မဟဂ္ဂုတ်ကုသိုလ်ဈာန်ယူ၍ "ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ"အရကို "ငါ့အား မြတ်သောတရားသည် ပျောက်ခဲ့ပြီ"ဟု နှလုံးမသာရှိသောသူအား ဒေါမနဿ သဟဂုတ် ယူ၍ ပရိဟီနဖြစ်သော မဟဂ္ဂုတ်ကုသိုလ်ဈာန်သည် ဒေါသမူဒွေးအား အာရမ္မဏ။၏။

## ပစ္စည်းတပ်ဟန်ကား–

တစုံတခု မလျောက်ပတ်သော အကြောင်းကြောင့် လျှောကျသောဈာန်ကို အာရုံပြု၍ ဒေါသမူဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့်တူသော ကာမတိဟိတ်ဘဝင်လေးခုတို့တွင် ဘဝင်စလန ဘဝင်ုပစ္ဆေဒ။ပ။၏။ ထို့နောင် ပရိဟီနဖြစ်သော မဟဂ္ဂုတ်ကုသိုလ်ဈာန်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် ဒေါသမူဒွေးတို့တွင် တခုခုသည် ဒေါသဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဥပေက္ခာ သဟဂုတ်ဖြင့် ပဋိသန္ဓေနေသူဖြစ်အံ့, ကာမတိဟိတ်ဥပေက္ခာဘဝင်နှစ်ခုတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ သောမနဿသဟဂုတ်ဖြင့် ပဋိသန္ဓေနေသူဖြစ်အံ့, ရှေး၌ လေ့ကျက်ခဲ့ဘူးသောကာမအာရုံကို အာရုံ ပြု၍ ဥပေက္ခာသန္တီရဏသည် ဘဝင်ကိစ္စဖြစ်၍ချုပ်၏။ ထို့နောင် ဥပေက္ခာသန္တီရဏဘဝင်မှ အနန္တရာဒိပစ္စည်းကို ရ၍ ကာမတိဟိတ်သောမနဿဘဝင်နှစ်ခုတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်၌ "ဧဝံနေ ပရိဟီနေ"၏အရကို ပရိဟီနဖြစ်သော မဟဂ္ဂုတ်ကုသိုလ်ဈာန်ကို ပစ္စည်းအဖြစ်ဖြင့်ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဠ်၌ "ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ"အရဖြစ်သော "ငါ့အား မြတ်သောတရားသည် ပျောက်ခဲ့ပြီ" နှလုံးမသာ ရှိသောသူအား ဒေါသမူဒွေးကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ငင်း "အကုသလဿ ဓမ္မဿ"ဟု ပရိဟီနဖြစ်သော မဟဂ္ဂုတ်ကုသိုလ်ဈာန်သည် ဒေါသမူဒွေးအား အာရမ္မဏ။၏။

ဤစာအုပ် စာမျက်နှာ ၃၄၆–၃၄၈ မှ စာပိုဒ်များသည်
ပဋ္ဌာန်းအရကောက် ၃၆၀–၃၆၃ မှ စာပိုဒ်များဖြစ်သည်။

## ကုသလော အဗျာကတဿ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ။ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ စေတောပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ ကုသလံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနဝိပါကဿ စ ကိရိယဿ စ အာရမ္မဏပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနဝိပါကဿ စ ကိရိယဿ စ အာရမ္မဏပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ, စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ, ယထာကမ္မူပဂဉာဏဿ, အနာဂတံသဉာဏဿ, အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။

(ပဋ္ဌာန ပါဠိ ပတွဲ-၁၃၃)

## ကု ဗျာ နိဿယ

ကုသလော–ကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အရဟာ–ရဟန္တာပုဂ္ဂိုလ်သည်၊ မဂ္ဂါ–အရဟတ္တမဂ်မှ၊ ဝုဋ္ဌဟိတွာ–ထ၍၊ မဂ္ဂံ–အရဟတ္တမဂ်ကို၊ ပစ္စဝေက္ခတိ–ဆင်ခြင်၏။ ပုဗ္ဗေ–ရှေး၌၊ သုစိဏ္ဏာနိ–ကောင်းစွာလေ့ကျက်အပ်ပြီးကုန်သော ကာမကုသိုလ်တို့ကို၊ ပစ္စဝေက္ခတိ–ဆင်ခြင်၏။ ကုသလံ–တေဘူမိကကုသိုလ်ကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿတိ–ဝိပဿနာရှု၏။ စေတောပရိယဉာဏေန–စေတောပရိယအဘိညာဉ်ဖြင့်၊ ကုသလစိတ္တသမင်္ဂိဿ–ကုသိုလ်စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏၊ စိတ္တံ–စိတ်ကို၊ ဇာနာတိ–သိ၏။ သေက္ခာဝါ–သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇ္ဇနာ ဝါ–ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ကုသလံ–တေဘူမိကကုသိုလ်ကို၊ အနိစ္စတော–အနိစ္စဟူ၍ လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿန္တိ–ဝိပဿနာရှုကုန်၏။ ကုသလေ–ကုသိုလ်သည်၊ နိရုဒ္ဓေ–ချုပ်သည်ရှိသော်၊ ဝိပါကော–ကာမာဝစရဝိပါက်သည်၊ တဒါရမ္မဏတာ–တဒါရုံ၏အဖြစ်ဖြင့်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ ကုသလံ–ကုသိုလ်ကို၊ အဿာဒေတိ–သာယာ၏၊ အဘိနန္ဒတိ–နှစ်သက်၏၊ တံ–ထိုကုသိုလ်ကို၊ အာရဗ္ဘ–အာရုံပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒေါမနဿံ–ဒေါမနဿသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ အကုသလေ–အကုသိုလ်သည်၊ နိရုဒ္ဓေ–ချုပ်သည်ရှိသော်၊ ဝိပါကော–ကာမာဝစရဝိပါက်သည်၊ တဒါရမ္မဏတာ–တဒါရုံ၏အဖြစ်ဖြင့်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏

အာကာသာနဉ္စာယတနကုသလံ–ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်သည်၊ဝိညာဏဉ္စာယတနဝိပါကဿစ–ဖြစ်ဆဲဝိညာဏဉ္စာယတနဝိပါက်အားလည်းကောင်း၊ ကိရိယဿစ–ဝိညာဏဉ္စာယတနကြိယာအားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အာကိဉ္စညာယတနကုသလံ–ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသောအာကိဉ္စညာယတနကုသိုလ်သည်၊ နေဝသညာနာသညာယတနဝိပါကဿစ–ဖြစ်ဆဲနေဝသညာနာသညာယတနဝိပါက်အားလည်းကောင်း၊ ကိရိယဿစ–နေဝသညာနာသညာယတနကြိယာအားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ–ခန္ဓာတို့သည်၊ ဣဒ္ဓိဝိဓဉာဏဿစ– ဣဒ္ဓိဝိဓဉာဏ်အားလည်းကောင်း၊ စေတောပရိယဉာဏဿစ–စေတောပရိယဉာဏ်အားလည်းကောင်း၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿစ–ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အားလည်းကောင်း၊ ယထာကမ္မူပဂဉာဏဿစ–ယထာကမ္မူပဂဉာဏ်အားလည်းကောင်း၊ အနာဂတံသဉာဏဿစ–အနာဂတံသဉာဏ်အားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အာဝဇ္ဇနာယ–မနောဒွါရာဝဇ္ဇန်းအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိ ပ နိဿယ ၃၇၀–၃၇၁)

အရဟတ္တမဂ်

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ "ဘ ဘ ဘ

မဟာကြီးညသံ-၄

ရဟန္တာသည် မဂ်ကို ဆင်ခြင်သည့်အခါ အရဟတ္တမဂ်သည် မဟာကြီးယာညသံ ၄-ခုအား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်ကို 'အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ။" ဟု ဟောတော်မူသည်။

ရှေးကပြုခဲ့သော ဒါန သီလ အင္ဂါဥပုသ်သီလ မဟာကု-၈

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ "ဘ ဘ ဘ

မဟာကြီ-၈

အထက်ပါ မနောဒွါရ ဝီထိဖြင့် မဟာကြီးယာ ဇောခုနစ်ကြိမ်က ရှေးကပြုခဲ့သော ဒါန သီလ အင္ဂါဥပုသ်သီလ မဟာကု-၈ အာရုံသိပုံကို ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ ဟု ဟောတော်မူသည်။ ပုဗ္ဗေ သုစိဏ္ဏာနိ အရ မဟာကု-၈ သည် ပစ္စဝေက္ခတိ အရ ဇော ၇-ကြိမ် မဟာကြီးယာ-၈ အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်။

လောကီကု ၁၇

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ "ဘ ဘ ဘ

မဟာကြီ-၈

ရဟန္တာသည် တေဘူမိကကုသိုလ်ကို "အနိစ္စ ဒုက္ခ အနတ္တ"ဟု ဝိပဿနာရှုသောအခါ လောကီကုသိုလ်-၁၇ သည် မဟာကြီးယာ ၈-ခု အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်ကို "ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" ဟု ဟောတော်မူသည်။

ကု ၂၁

ဘ ဘ ဘ န ဒ "မ ပ ဥ နု ဂေါ ဘိ "ဘ ဘ ဘ

မဟာကြီ ဥ ဉာသံ-၂ ရူပမချုန်ကြီ-၁

ကု ၂၁

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ "ဘ ဘ ဘ

မဟာကြီ-၈

ရဟန္တာသည် စေတောပရိယအဘိညာဉ်ဖြင့် ကု ၂၁ ကို သိသောအခါ ကု ၂၁-သည် စေတောပရိယအဘိညာဉ် ကိစ္စတပ်သည့် ရူပါဝစရကြီ ပဥ္စမဈာန်နှင့် တဒနုဝတ္တကဝီထိ၌ မဟာကြီ ၈-ခုအား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်ကို "စေတောပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ"ဟု ဟောတော်မူသည်။

မဟာကု ၈

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ "ဘ ဘ ဘ

မဟာကု-၈ တဒါရုံ-၁၁

သေက္ခပုဂ္ဂိုလ် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် တေဘူမိကကုသိုလ်ကို "အနိစ္စ ဒုက္ခ အနတ္တ"ဟု ဝိပဿနာရှုသောအခါ ကုသိုလ်သတ္တမဇောနောက်၌ တဒါရုံနှစ်ကြိမ်ဖြစ်သည့်အခါ လောကီကု ၁၇-ခု သည် တဒါရုံအား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်ကို "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ" ဟု ဟောတော်မူသည်။

မဟာကု ၈

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ "ဘ ဘ ဘ

အကု-၁၂ တဒါရုံ-၁၁

သေက္ခပုဂ္ဂိုလ် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် တေဘူမိကကုသိုလ်ကို အာရုံပြု၍ အကုသိုလ်ဖြစ်သောအခါ အကုသိုလ်သတ္တမဇောနောက်တွင် တဒါရုံနှစ်ကြိမ်ဖြစ်သည့်အချိန်၌ လောကီကု ၁၇-ခု သည် တဒါရုံအား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်ကို "ကုသလံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ" ဟု ဟောတော်မူသည်။

အာကာသာနဉ္စာယတနကုသိုလ်

ဘ ဘ ဘ န ဒ "မ ဧ ဧ ဧ ဧ ဧ စုတိ" ပဋိသန္ဓေ ဘ ဘ ဘ

ဝိညာနဉ္စာယတနဝိပါက်–၁

ဝိညာဏနဉ္စာယတနကုသိုလ်ဈာန်ရသည့်ယောဂီ စုတေပြီး ဝိညာနဉ္စာယတနဘုံအရောက်တွင် ဝိညာနဉ္စာယတနဝိပါက်ဈာန်သည် အာကာသာနဉ္စာယတနကုသိုလ်ဈာန်ကို အာရုံပြုသည်ကို "အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနဝိပါကဿ အာရမ္မဏပစ္စယေန ပစ္စယော" ဟု ဟောတော်မူသည်။

အာကာသာနဉ္စာယတနကုသိုလ်

ဘ ဘ ဘ န ဒ "မ ပ ဥ နု ဂေါ ဈ" ဘ ဘ ဘ

မဟာကြိ ဉ ဉာဏ်–၂ ဝိညာနဉ္စာယတနကြိ–၁

အာကာသာနဉ္စာယတနကုသိုလ်

ဘ ဘ ဘ န ဒ "မ ပ ဥ နု ဂေါ ဈ ဈ ဈ ဈ" ဘ ဘ ဘ

ဝိညာဏနဉ္စာယတနကြိယာဈာန်ရသည့်အခါနှင့် ဝိညာဏနဉ္စာယတနကြိယာဈာန် ဝင်စားသည့်အခါတို့တွင် ဝိညာဏနဉ္စာယတနကြိယာဈာန်သည် အာကာသာနဉ္စာယတနကုသိုလ်ဈာန်ကို အာရုံပြုသည်ကို "အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနကြိယဿ အာရမ္မဏပစ္စယေန ပစ္စယော" ဟု ဟောတော်မူသည်။

အာကိဉ္စညာယတနကုသိုလ်

ဘ ဘ ဘ န ဒ "မ ဧ ဧ ဧ ဧ ဧ စုတိ" ပဋိသန္ဓေ ဘ ဘ ဘ

နေဝသညာနာသညာယတနဝိပါက်–၁

နေဝသညာနာသညာယတနကုသိုလ်ဈာန်ရသည့်ယောဂီ စုတေပြီး နေဝသညာနာသညာယတနဘုံအရောက်တွင် နေဝသညာနာသညာယတနဝိပါက်ဈာန်သည် အာကိဉ္စညာယတနကုသိုလ်ဈာန်ကို အာရုံပြုသည်ကို "အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနဝိပါကဿ အာရမ္မဏပစ္စယေန ပစ္စယော" ဟု ဟောတော်မူသည်။

အာကိဉ္စညာယတနကုသိုလ်

ဘ ဘ ဘ န ဒ "မ ပ ဥ နု ဂေါ ဈု" ဘ ဘ ဘ

မဟာကု ၉ ဉာဏ်-၂ နေဝသညာနာသညာယတနကြိ-၁

အာကိဉ္စညာယတနကုသိုလ်

ဘ ဘ ဘ န ဒ "မ ပ ဥ နု ဂေါ ဈု ဈု ဈု ဈု" ဘ ဘ ဘ

မဟာကု ၉ ဉာဏ်-၂ နေဝသညာနာသညာယတနကြိ-၁

နေဝသညာနာသညာယတနကြိယာဈာန်ရသည့်အခါနှင့် နေဝသညာနာသညာယတနကြိယာဈာန် ဝင်စားသည့်အခါတို့တွင် နေဝသညာနာသညာယတနကြိယာဈာန်သည် အာကိဉ္စညာယတနကုသိုလ်ဈာန်ကို အာရုံပြုသည်ကို "အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနကြိယဿ အာရမ္မဏပစ္စယေန ပစ္စယော" ဟု ဟောတော်မူသည်။

ကု ၂၁

ဘ ဘ ဘ န ဒ "မ ပ ဥ နု ဂေါ ဘိံ" ဘ ဘ ဘ

မဟာကု ၉ ဉာဏ်-၂ ရူပမဈာန်ကြိ

ဣဒ္ဓိဝိဓအဘိညာဉ်, စေတောပရိယအဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်, ယထာကမ္မူပဂ အဘိညာဉ်, အနာဂတံသအဘိညာဉ် ကိစ္စတပ်သော ရူပါဝစရပဉ္စမဈာန်ကြိယာသည် ကုသိုလ် ၂၁ ကို အာရုံပြုသည်ကို "ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ, စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာ နုဿတိဉာဏဿ, ယထာကမ္မူပဂဉာဏဿ, အနာဂတံသဉာဏဿ အာရမ္မပစ္စယေန ပစ္စယော" ဟု ဟောတော်မူသည်။

♠ အထက်ပါမနောဒွါရဝီထိတို့တွင် မနောဒွါရာဝဇ္ဇန်းစိတ်က ကုသိုလ်စိတ်များကို အာရုံပြုသည်ကို "ကုသလာ ခန္ဓာ အာဝဇ္ဇနာယ"ဟုဟောတော်မူသည်။

**အဓိပ္ပါယ်ကား** –

ကုသိုလ်သည် အဗျာကတဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေသည်။ အဘယ်သို့ .. ကား ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်မှထ၍ အရဟတ္တမဂ်ကို ဆင်ခြင်သောအခါ အရဟတ္တမဂ်သည် ဆင်ခြင်သော မဟာကြိယာဉာဏသမ္ပယုတ်အား။၏။ ရှေး၌အလေ့အကျက်ပြုအပ်ကုန်သော ဒါနသီလအင်္ဂါ ဥပေါသထစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သောကာမကြိယာအား။၏။

ရဟန္တာပုဂ္ဂိုလ်သည် တေဘုမ္မကကုသိုလ်ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာပြုသောအခါ တေဘုမ္မကကုသိုလ်သည် ဝိပဿနာပြုသော ကာမကြိယာအား။၏။ ရဟန္တာပုဂ္ဂိုလ်သည် စေတောပရိယကြိယာ အဘိညာဉ်ဖြင့် လွန်လေပြီးခုနစ်ရက်မှစ၍ လာလတ္တံ့သောခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော သူတပါးတို့၏ ကုသိုလ်စေတီသကို ပိုင်းခြား၍သိသောအခါ သူတပါးတို့၏ ကုသိုလ်စေတီသသည် စေတော ပရိယကြိယာအဘိညာဉ်, ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကြိယာအား။၏။

သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကာမကုသိုလ်ကို အာရုံပြု၍ ဝိပဿနာဇောနောင် တဒါရုံဖြစ်သည်ရှိ သော် ကာမကုသိုလ်သည် တဒါရုံဧကာဒသအား။၏။ သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကာမကုသိုလ်ကို အာရုံပြု၍ အကုသိုလ်ဇောနောင် တဒါရုံဖြစ်သောအခါ ကာမကုသိုလ်သည် တဒါရုံဧကာဒသအား။၏။

ဝိညာနဉ္စာယတန ပဋိသန္ဓေ ဘဝင် စုတိဖြစ်သောအခါ ရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်သောအခါ အာကာသာနဉ္စာယတနကုသိုလ်သည် ဝိညာနဉ္စာယတနဝိပါက်အား, ဝိညာနဉ္စာယတနကြိယာစျာန်ကို ဝင်စား သောအခါ ဤဘဝရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်သည် ဝိညာနဉ္စာ ယတနကြိယာအား။ (အာကိဉ္စညာယတနကုသလံ ၌လည်း နည်းတူဆို)

လွန်လေပြီးသော ။ ပ ။ သူတပါး၏ ကုသိုလ်စေတီသသည် စေတောပရိယကြိယာ အဘိညာဉ်အား။ (နောက်၌ ကုသိုလ်နှင့်နည်းတူဆို) ကုသိုလ်စေတီသသည် တပါးပါးသော မနောဒွါရဝီထိ၌ အကျုံးဝင်သော မနောဒွါရာဝဇ္ဇန်းအား။၏။

"ကုသလော"ကတ္တားပုဒ်၏အရကား ကုသိုလ် စေတီသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား တဒါရုံဧကာ ဒသ, ပဉ္စဒွါရာဝဇ္ဇန်းကြဉ်သော ကာမကြိယာတဆယ်, ဝိညာနဉ္စာယတနဝိပါက်ကြိယာ, နေဝသညာ နာသညာယတနဝိပါက်ကြိယာ, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မူပဂ, အနာဂတံသကြိယာ အဘိညာဉ်, ဝိရတိအပ္ပမညာကြဉ်သော စေတသိက်တေတ္တိံသ။ နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏။

အာရမ္မဏပစ္စယေနဟူသောကရိုဏ်းပါဋ်အရကား တပြိုင်နက်ယထာဟတပ်ကောင်းသော အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ။ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။ ထိုသုံးပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

"အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "မဂ္ဂံ"၏အရကို အရဟတ္တမဂ်ယူ၍ "အရဟာ ပစ္စဝေက္ခတိ"အရကို ရဟန္တာသန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကြိယာယူ၍ အရဟတ္တမဂ်သည် ဆင်ခြင်သောကာမကြိယာအား။၏။

**ပစ္စည်းတပ်ဟန်ကား**

(အရဟတ္တမဂ္ဂဝီထိချ) ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်ကို ဆင်ခြင်လိုလသော် မိမိ။ပ။ ဘဝင်စလန။ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အရဟတ္တမဂ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကြိယာ ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ "မဂ္ဂံ"အရဖြစ်သော အရဟတ္တမဂ်ကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်ပါဌ်၌ "အရဟာ ပစ္စဝေက္ခတိ"၏ အရဖြစ်သော ဆင်ခြင်သော ကာမကြိယာကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌လည်းကောင်း "အဗျာကတဿ ဓမ္မဿ"ဟု အရဟတ္တမဂ် ဆင်ခြင်သော ကာမကြိယာအား အာရမ္မဏ။၏။

"ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ"ဟူ၍။ပ။၌ယူမြဲ။ "ပစ္စဝေက္ခတိ"အရကို ဆင်ခြင်သော ကာမကြိယာယူ။ ဝီထိချမြဲ။ "ကုသလံ အနိစ္စတော"အစရှိသည်၏အရကိုလည်း ယူမြဲ။ စေတောပရိယမှာလည်း ကြိယာ အဘိညာဉ် ယူသည်သာ ထူးသည်။

သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော။ပ။တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "ကုသလံ"၏အရကို ကာမကုသိုလ်ကိုယူ၍ "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"အရကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာပြုသော ကာမကုသိုလ်ဇောနောင် တဒါရုံဇကောဒသယူ၍ ကာမကုသိုလ်သည် တဒါရုံ ဇကောဒသအား။၏။

**ပစ္စည်းတပ်ဟန်ကား**

ကာမကုသိုလ်ကို အာရုံပြု၍ ဝိပဿနာဇောနောင် တဒါရုံကိစ္စဖြစ်လိုလတ်သော မိမိ။ပ။ဘဝင်စလန။ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ကာမကုသိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ဝိပဿနာဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တဒါရုံ ဇကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်။ ထို့နောင် ကာမဘဝင် ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ "ကုသလံ"၏ အရဖြစ်သော ကာမကုသိုလ်ကို ပစ္စည်း အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌ "ကုသလော ဓမ္မော"ဟု အနုဝါဒပါဠိတော်ပါဠ်၌ "ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"၏ အရဖြစ်သော တဒါရုံဇောဒသကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌လည်းကောင်း "အဗျာ ကတဿ ဓမ္မဿ"ဟု ကာမကုသိုလ်သည် တဒါရုံ ဇောဒသအား။ပ။၏။

ကုသလံ အဿာဒေတိ။ပ။ဥပ္ပဇ္ဇတိ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "ကုသလံ"၏ အရကို ကာမကုသိုလ်ယူ၍ "အဿာဒေတိ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"၏ အရကို လောဘမူသောမနဿသဟဂုတ်ဇောနောင် တဒါရုံဇောဒသယူ၍၊ "အဘိနန္ဒတိ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"အရကို သပ္ပီတိက တဏှာ ပြဋ္ဌာန်းသော လောဘမူသောမနဿသဟဂုတ် ဇောနောင် တဒါရုံဇောဒသယူ၍၊ "ရာဂေါ ဥပ္ပဇ္ဇတိ အကုသလေ။ပ။ဥပ္ပဇ္ဇတိ"အရကို ရာဂပြဋ္ဌာန်းသော လောမူဘမူဇောနောင် တဒါရုံဇောဒသယူ၍၊ "ဒိဋ္ဌိဥပ္ပဇ္ဇတိ ။ပ။ တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"အရကို ဒိဋ္ဌိဂတ သမ္ပယုတ်ဇောနောင် တဒါရုံဇောဒသယူ၍ "ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ ။ပ။ ဥပ္ပဇ္ဇတိအရကို ဝိစိကိစ္ဆာသဟဂုတ်ဇောနောင် တဒါရုံဇောဒသယူ၍၊ "ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ ။ပ။ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"အရကို ဥဒ္ဓစ္စသဟဂုတ်ဇောနောင် တဒါရုံဇောဒသယူ၍၊ "ဒေါမနဿံ ဥပ္ပဇ္ဇတိ။ပ။ဥပ္ပဇ္ဇတိ"အရကို ဒေါသမူဇောနောင် ဥပေက္ခာတဒါရုံခြောက်ခုယူ၍ ကာမကုသိုလ်သည် တဒါရုံ ဇောဒသအား အာရမ္မဏ။၏။

**ပစ္စည်းတပ်ဟန်ကား–**

ကာမကုသိုလ်ကို အာရုံပြု၍ အဿာဒ အဘိနန္ဒန အစရှိသော အားဖြင့် အကုသိုလ်ဇောနောင် တဒါရုံကိစ္စဖြစ်လိုလတ်သော် ဘဝင်္ဂစလန။ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ကာမကုသိုလ်ကိုအာရုံပြု၍ သာယာသည်ဖြစ်အံ့, လောဘမူသောမနဿသဟဂုတ်လေးခုတို့တွင် တခုခုသည်၊ နှစ်သက်သည်ဖြစ်အံ့, သပ္ပီတိကတဏှာပြဋ္ဌာန်းသော လောဘမူသောမနဿသဟဂုတ်လေးခုတို့တွင် တခုခုသည်၊ တပ်သည်ဖြစ်အံ့, ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုတို့တွင် တခုခုသည်၊ အမြင်မှားသည်ဖြစ်အံ့, ဒိဋ္ဌိဂတသမ္ပယုတ် လေးခုတို့တွင် တခုခုသည်၊ မဆုံးဖြတ်နိုင်သည်ဖြစ်အံ့, ဝိစိကိစ္ဆာသဟဂုတ်သည်၊ ပျံ့လွင့်သည်ဖြစ်အံ့, ဥဒ္ဓစ္စသဟဂုတ်သည်၊ နှလုံးမသာသည်ဖြစ်အံ့, ဒေါသမူဒွေးတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ် ဇောကိစ္စခုနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် တဒါရုံဇောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်၌ "ကုသလံ"၏ အရဖြစ်သော ကာမကုသိုလ်ကို ပစ္စည်းအဖြစ် ဖြင့်ယူတော်မူ၍ ဝိဓိ၌"ကုသလော ဓမ္မော"ဟု၊ အနုဝါဒပါဠိတော်၌ အဿာဒေတိ။ပ။အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"အရဖြစ်သော အကုသိုလ်ဇောနောင် တဒါရုံဇောဒသကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိဓိ၌လည်းကောင်း "အဗျာကတဿ ဓမ္မဿ"ဟု ကာမကုသိုလ်သည် အကုသိုလ်ဇောနောင် တဒါရုံဇောဒသအား။ပ။၏။

"အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနဝိပါကဿ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ "အာကာသာနဉ္စာယတနကုသလံ"၏အရကို ရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသနဉ္စာယတနကုသိုလ်ကိုယူ၍ "ဝိညာဏဉ္စာယတနဝိပါကဿ" ၏အရကို ဝိညာဏဉ္စာယတနပဋိသန္ဓေ ဘဝင် စုတိယူ၍ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်သည် ဝိညာနဉ္စာယတန ဝိပါက်အား။ ၏။

**ပစ္စည်းတပ်ပုံနည်းကား–**

ကာမသုဂတိခုနစ်ဘုံ, ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ, အာကာသာနဉ္စာယတနဘုံမှ စုတေ၍ ဝိညာနဉ္စာယတနဘုံ၌ ဖြစ်လတ့်သော ပုဂ္ဂိုလ်အား ဇောနောင်စုတိ ဘဝင်နောင်စုတိအားဖြင့် နှစ်ပါး အပြားရှိ၏။ ထို၌တွင် ဇောနောင် စုတိဖြစ်ပုံကား ထင်ရှားရှိသောဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝအဆုံး စုတိဖြစ်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့်တူသော ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခု, အာကာသာနဉ္စာယတနဘဝင်တို့တွင် တခုခုသည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် ကာမာဝစရမရဏာသန္နဇော ငါးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ပဉ္စဝေါကာရတိဟိတ်စုတိကိုးခု အာကာသာနဉ္စာယတနစုတိတို့တွင် တခုခုသည် စုတိကိစ္စတကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောင်ဆိုအပ်ပြီးသော အခြင်းအရာရှိသော ဝိညာနဉ္စာယတနဝိပါက်သည် မနောဒွါရဖြင့် မရဏာသန္နဇောသည် ယူအပ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ဟူသော ကမ္မနိမိတ်ကို အာရုံပြု၍ ပဋိသန္ဓေကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် မိမိပဋိသန္ဓေ။ပ။ဝိညာနဉ္စာယတန ဝိပါက်သည် ဘဝင်ကိစ္စတဆဲ့ငါးကြိမ် တဆဲ့ခြောက်ကြိမ် ဖြစ်၍ချုပ်၏။ ထို့နောင် ဘဝသစ်ဟုဆိုအပ်သော ဝိညာနဉ္စာယတနဝိပါက်နာမက္ခန္ဓာကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် ဘဝသစ်၌ ပြင်းစွာတပ်သော ဘဝနိကန္တိကလောဘဇော ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဝိညာနဉ္စာယတနဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၍ ချုပ်၏။

(ဤဝီထိကား ပဋိသန္ဓေ ဘဝင်နှစ်ပါး ရသည်။ ဝိညာနဉ္စာယတနဘုံချင်းချင်း မရဏာသန္နဝီထိချသော် ပဋိသန္ဓေ ဘဝင် စုတိ သုံးပါးကို ရ၏။ ဤနည်းကို မှီ၍ ချလေ)

ထိုသို့ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဌ်၌ "အာကာသာနဉ္စာယတနကုသလံ"၏အရဖြစ်သော ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသနဉ္စာယတနကုသိုလ်ကို ပစ္စည်း အဖြစ်ဖြင့်ယူတော်မူ၍ ဝိဓိ၌ "ကုသလောဓမ္မော"ဟု ဝိညာဏဉ္စာယတနဝိပါကဿ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ "အာကာသာနဉ္စာယတနကုသလံ"၏အရကို "ဝိညာဏဉ္စာယတနဝိပါကဿ" ၏အရကို ဝိညာဏဉ္စာယတ နပဋိသန္ဓေ ဘဝင် စုတိယူ၍ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်သည် ဝိညာနဉ္စာယတန ဝိပါက်အား အာရမ္မဏ။၏။

"အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနကြိယဿ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိတော်ပါဌ်၌ "အာကာသာနဉ္စာယတနကုသလံ"၏အရကို ဤဘဝရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသနဉ္စာယတနကုသိုလ်ကိုယူ၍ "ဝိညာဏဉ္စာယတနကြိယဿ" ၏အရကို ဖြစ်ဆဲသော ဝိညာဏဉ္စာယတနကြိယာကို ယူ၍ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်သည် ဝိညာနဉ္စာယတနကြိယာအား။၈၊။

**ပစ္စည်းတပ်ဟန်ကား–**

တိဟိတ် ကာမ ရူပ အာကာသာနဉ္စာယတန အနာဂါမ်ပုဂ္ဂိုလ်သည် ရဟန္တာအဖြစ်သို့ရောက်၍ အာကာ သာနဉ္စာယတန ကြိယာစျာန်ကို မဝင်စားမီ ပဋိလောမ[၁]အားဖြင့် နေဝသညာနာသညာယတနတကြိယာစျာန် အာကိဉ္စညာတနစျာန်ကို ဝင်စားပြီး၍ ဝိညာနဉ္စာယတနကြိယာစျာန်ကို ဝင်စားလိုလတ်သော်လည်းကောင်း ကေန္တရိက[၂]အားဖြင့် ရူပါဝစရကြိယာ ပဋ္ဌမစျာန် တတိယစျာန် ပဉ္စမစျာန်ကို ဝင်စားပြီး၍ ဝိညာနဉ္စာယတနကြိယာ စျာန်ကို ဝင်စားလိုလတ်သော်လည်းကောင်း မိမိ။ပ။ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ဤဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စယတန ကုသိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကြိယာတတိယ ဒွေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့, ပရိကံ ဥပစာ အနုလုံ ဂေါတြဘုဟု လေးကြိမ်။ တိက္ခပညာဖြစ်အံ့, ဥပစာ အနုလုံ ဂေါတြဘုဟု သုံးကြိမ်။ ဥပစာရသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်၊ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် စျာန် အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ဝိညာနဉ္စာယတနကြိယာသည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိတိုင်း များစွာဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ဝိညာနဉ္စာယတနရဟန္တာပုဂ္ဂိုလ်သည် ဝိညာနဉ္စာယတနကြိယာစျာန်ကို ဝင်စားလိုလတ်သော် မိမိ။ပ။ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စယတန ကုသိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကြိယာတတိယ ဒွေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့, ပရိကံ ဥပစာ အနုလုံ ဂေါတြဘုဟု လေးကြိမ်။ တိက္ခပညာဖြစ်အံ့, ဥပစာ အနုလုံ ဂေါတြဘုဟု သုံးကြိမ်။ ဥပစာရသမာဓိဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား လေးကြိမ်မြောက်၊ မန္ဒပညာပုဂ္ဂိုလ်အား ငါးကြိမ်မြောက် စျာန် အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ဝိညာနဉ္စာယတနကြိယာသည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိတိုင်း များစွာဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

(မိမိဘုံ၌ အာကာသာနဉ္စာယတနကြိယာမရှိသောကြောင့် အောက်ဘုံ၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြုသည်)

---

၁ အထက်စျာန်မှ အောင်စျာန်သို့ ပြောင်းရွှေ့ဝင်စားခြင်း

၂ အောက်စျာန်မှ အထက်သို့ စျာန်အစဉ် တခုစီကျော် ဝင်စားခြင်း

(ဝိညာနဉ္စာယတနဝိပါက်ဖြင့်ပဋိသန္ဓေနေသောအခါ အာကာသနဉ္စာယတနကုသိုလ်ကို အာရုံပြုသည်။ ကြိယာစိတ်က ကုသိုလ်ကို အာရုံပြုရာ၌ကား ရဟန္တာဖြစ်ပြီးနောက် အာကာသာနဉ္စာယတနဈာန်ကို မဝင်စားသေးမှီ အာရုံပြုမှ ကုသိုလ်ကို အာရုံပြုနိုင်သည်။ အာကာသာနဉ္စာယတနဈာန်ကို ဝင်စားပြီးလျှင်ကား ကြိယာဈာန်ဖြစ်သောကြောင့် ကုသိုလ်ကို အာရုံမပြုနိုင်တော့။

အနုလောမအားဖြင့် ဈာန်ကိုဝင်စားလျှင် ဈာန်ကိုးပါးကိုရပြီးသူသည် ပဌမဈာန်မှစ၍ အစဉ်အတိုင်း ဝင်စားသောအခါ အာကာသာနဉ္စာယတနဈာန်ကို ဝင်စားပြီးမှ ဝိညာနဉ္စာယတနဈာန်ကို ဝင်စားရ၏။ ရဟန္တာဖြစ်ပြီးပုဂ္ဂိုလ်သည် အာကာသာနဉ္စာယတနဈာန်ကို ဝင်စားလျှင် ကြိယာဈာန်ဖြစ်၏။ ထိုသို့ဖြစ်သောအခါ ဝိညာနဉ္စာယတနဈာန်သည် အနီးဆုံးဖြစ်သော အာကာသာနဉ္စာယတနကြိယာ (အများအားဖြင့်) အာရုံပြုသည်။

ပဋိလောမအားဖြင့် ဝင်စားလျှင် နေဝသညာနာသညာယတနဈာန်မှ စ၍ ရှေ့သို့ဝင်စားလာသောကြောင့် ဝိညာနဉ္စာယတနဈာန်သို့ရောက်သောအခါ အာကာသနဉ္စာယတနဈာန်ကို ရဟန္တာဖြစ်ပြီးမှ မဝင်စားရသေးသော ကြောင့် ပုထုဇဉ်သေက္ခဘဝတုန်းက ဝင်းစားအပ်ဘူးသော ကုသိုလ်အာကာသာနဉ္စာယတန်ဈာန်ကို အာရုံပြု သည်။

အစမှစ၍ တဈာန်ခြား တဈာန်ခြား ဝင်စားရာ၌လည်း ပဌမဈာန်ဝင်စားပြီးနောက် ဒုတိယဈာန်ကျော်၍ တတိယဈာန်ဝင်စား၏။ စတုတ္ထဈာန်ကျော်၍ ပဥ္စမဈာန်ကို ဝင်စား၏။ အာကာသာနဉ္စာယတနကိုကျော်၍ ဝိညာနဉ္စာယတနဈာန်ကို ဝင်စား၏။ ဤဝိညာနဉ္စာယတနဈာန်သည်လည်း ပုထုဇဉ်သေက္ခတုန်းက ဝင်စားအပ်ဘူးသော ကုသိုလ်အာကာသာနဉ္စာယတနဈာန်ကို အာရုံပြုသည်)

(ပဋ္ဌာန်းဘာဋီ ၂၃၃–၂၃၄)

(အာကိဉ္စညာယတကုသလံ နေဝသညာနာသညာယတနဝိပါသ ကြိယဿ၌ လည်း ဤနည်းကိုမှီ၍ ဆိုလေ)

"ကုသလာ ခန္ဓာ စေတောပရိယဉာဏာသ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "ကုသလာ ခန္ဓာ"၏ အရကို လွန်လေပြီးသော ခုနစ်ရက်မှ စ၍ လာလတံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော သူတပါးတို့၏ ကုသိုလ်ဇောစိတ်ကိုယူ၍ "စေတောပရိယဉာဏာသ"၏အရကို စေတောပရိယကြိယာအဘိညာဉ်ကိုယူ၍ ကာလသုံးပါး၌တည်သော သူတပါးတို့၏ ကုသိုလ်ဇောစိတ်သည် စေတောပရိယကြိယာအဘိညာဉ်အား။အာရမ္မဏ။၏။ (ဝီထိချမ်)

"ကုသလာ ခန္ဓာ ပုဗ္ဗေနိဝါသာနုဿတိဉာဏာသ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "ကုသလာ ခန္ဓာ"၏ အရကို ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ကုသိုလ်ဇောစိတ်ကို ယူ၍ "ပုဗ္ဗေနိဝါသာနုဿတိဉာဏာသ"၏ အရကို ပုဗ္ဗေနိဝါသာနုဿတိကြိယာအဘိညာဉ်ကို ယူ၍ ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ကုသိုလ်ဇောစိတ်သည် ပုဗ္ဗေနိဝါသာနုဿတိကြိယာအဘိညာဉ်အား။ အာရမ္မဏ။၏။

(ဝီထိချမ်)

"ကုသလာ ခန္ဓာ ယထာကမ္မူပဂဉာဏာသ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "ကုသလာ ခန္ဓာ"၏ အရကို အတိတ်ဖြစ်သော လောကီကုသိုလ်ကံကိုယူ၍ "ယထာကမ္မူပဂဉာဏာသ"၏ အရကို ယထာကမ္မူပဂကြိယာအဘိညာဉ်ကို ယူ၍ အတိတ်ဖြစ်သော လောကီကုသိုလ်သည် ယထာကမ္မူပဂကြိယာအဘိညာဉ်အား။ အာရမ္မဏ။၏။

(ဝီထိချမ်)

"ကုသလာ ခန္ဓာ အနာဂတံသဉာဏာသ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "ကုသလာ ခန္ဓာ"၏ အရကို အနာဂတ်ဖြစ်သော ကုသိုလ်ဇောစိတ်ကိုယူ၍ "အနာဂတံသ ဉာဏာသ"၏ အရကို အနာဂတံသကြိယာအဘိညာဉ်ကို ယူ၍ အနာဂတ်ဖြစ်သော လောကီကုသိုလ်ကသည် အနာဂတံသကြိယာအဘိညာဉ်အား။ အာရမ္မဏ။၏။

(ဝီထိချမ်)

"ကုသလာ ခန္ဓာ အာဝဇ္ဇနာယ"ဟူ၍။ပ။၌ "ကုသလာ ခန္ဓာ"၏ အရကို ကုသိုလ်ဇောစိတ်ယူ၍ "အာဝဇ္ဇနာယ"၏ အရကို အမှတ်မဲ့ တပါးပါးသော မနောဒွါရဝီထိ၌ အကျုံးဝင်သော မနောဒွါရာဝဇ္ဇန်းယူ၍ ကုသိုလ်ဇောစိတ်သည် မနောဒွါရာဝဇ္ဇန်းအား။၏။

**ပစ္စည်းတပ်ဟန်ကား–**

အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသကို အာရုံပြု၍ မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော် မိမိ။ပ။ဘဝင်္ဂစလန။ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဇေဝီသကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။ (ထိုသို့ဖြစ်သောအခါ အနုဝါဒ။ပ။ ဆိုမြဲ)

(ဤနည်းအတူ အကုသိုလ်ဇော, ဉာဏဝိပ္ပယုတ် မဟာကုသိုလ်, ကြိယာဇော တို့ကိုချလေ။ မဟာကြိယာ ကုသိုလ်ဇေဝီသကို အာရုံယူ)

(ပဋ္ဌာန်းအရကောက် ၃၆၃–၃၇၂)

## အကုသလော အကုသလဿ

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ရာဂံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဝိစိကိစ္ဆံ[၁] အာရဗ္ဘ ဝိစိကိစ္ဆာ[၂] ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ[၃] ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ[၄] ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ အာရဗ္ဘ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဒေါမနဿံ အာရဗ္ဘ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။

(ပဋ္ဌာန ပါဠိ ပတွဲ ၁၃၄)

## အကု အကုနိဿယ

အကုသလော–အကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ အကုသလဿ–အကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ ရာဂံ–ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ကို၊ အဿာဒေတိ–သာယာ၏။ အဘိနန္ဒတိ–နှစ်သက်၏။ တံ–ထိုရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ကို၊ အာရဗ္ဘ–အာရုံပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒေါမနဿံ–ဒေါမနဿသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

၁ ဝိစိကိစ္ဆာ ဥဒ္ဓစ္စ ဒေါမနဿတို့သည် သာယာဖွယ်မဟုတ်၍ 'အဿာဒေတိ အဘိနန္ဒတိ'ဟု မဟော။

၂ အာရုံနှင့်တူသောတရားဖြစ်၍ အရင်ဟော။

၃ ဝိစိကိစ္ဆာ စသည်သည် သာယာဖွယ်မဟုတ်သော်လည်း ဒိဋ္ဌိ၏အာရုံကား ဖြစ်နိုင်သည်။

၄ ငါ၌ ဘာကြောင့်ရာဂစသည်ဖြစ်ရသလဲဟု မကျေနပ်သောအခါ ဒေါမနဿဖြစ်သည်။(ပဋ္ဌာန ဋ္ဌ ဘာဋီ ၂၃၅)

ဒိဋ္ဌိံ–ဒိဋ္ဌိကို၊ အဿာဒေတိ–သာယာ၏။ အဘိနန္ဒတိ–နှစ်သက်၏။ တံ–ထိုဒိဋ္ဌိကို၊ အာရဗ္ဘ–အာရုံပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒေါမနဿံ–ဒေါမနဿသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

ဝိစိကိစ္ဆံ–ဝိစိကိစ္ဆာကို၊ အာရဗ္ဘ–အာရုံပြု၍၊ ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။။ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒေါမနဿံ–ဒေါမနဿသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

ဥဒ္ဓစ္စံ– ဥဒ္ဓစ္စကို၊ အာရဗ္ဘ–အာရုံပြု၍၊ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒေါမနဿံ–ဒေါမနဿသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

ဒေါမနဿံ–ဒေါမနဿကို၊ အာရဗ္ဘ–အာရုံပြု၍၊ ဒေါမနဿံ–ဒေါမနဿသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊

(မိုးထိ နိသျ ပ ၃၇၁–၃၇၂)

**အာရုံ**

(က) ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်

(ခ) ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်

(ဂ) ဝိစိကိစ္ဆာ

(ဃ) ဥဒ္ဓစ္စ

(င) ဒေါမနဿ ၂

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ " ဘ ဘ ဘ

(၁) လောဘမူ သော–၄ သာယာသောအခါ (အဿာဒေတိ)

(၂) လောဘမူ ပီတိသဟဂုတ်–၄ နှစ်သက်သောအခါ (အဘိနန္ဒတိ)

(၃) လောမူ–၈ တပ်သောအခါ (ရာဂေါ ဥပ္ပဇ္ဇတိ)

(၄) လောဘမူ ဒိသံ–၄ အမြင်မှားသောအခါ (ဒိဋ္ဌိ ဥပ္ပဇ္ဇတိ)

(၅) ဝိစိကိစ္ဆာသံ–၁ မဆုံးဖြတ်နိုင်သောအခါ (ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ)

(၆) ဥဒ္ဓစ္စသံ–၁ ပျံ့လွင့်သောအခါ (ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ)

(၇) ဒေါသမူ–၂ နှလုံးမသာသောအခါ (ဒေါမနဿံ ဥပ္ပဇ္ဇတိ)

**အဓိပ္ပါယ်ကား–**

အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား။၏။

အဘယ်သို့ ... ကား ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ကို အာရုံပြု၍ သာယာသောအခါ လောဘမူ သောမနဿ သဟဂုတ်လေးခုအား, နှစ်သက်သောအခါ လောဘမူ ပီတိသဟဂုတ်လေးခုအား,

တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုအား, အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ်လေးခုအား, မဆုံးဖြတ်နိုင်သောအခါ ဝိစိကိစ္ဆာသဟဂုတ်အား, ပျံ့လွင့်သောအခါ ဥဒ္ဓစ္စသဟဂုတ်အား, နှလုံးမသာယာသောအခါ ဒေါသမူနှစ်ခုအား . . . အာရမ္မဏ၏။

("ဒိဋ္ဌိံ အဿာဒေတိ"အစရှိသော ပါဌ်၏အရ အဓိပ္ပါယ်ကို ယခင်နည်းမှီ၍ ဆိုလေ)

ဝိဓိပါဠိတော်ပါဌ်၌ ကတ္တားကား အကုသိုလ်ဒွါဒသ။ စေတသိက်သတ္တဝီသ။ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ။ စေတသိက်သတ္တဝီသ။ ပစ္စယုပ္ပန်ရ၏။ ကရိဏ်းကား အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ သုံးပစ္စည်းတို့တွင် အာရမ္မဏ။ပ။သတ္တိရ၏။

"ရာဂံ အဿာဒေတိ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဌ်၌ "ရာဂံ"၏ အရကို ရာဂပြဋ္ဌာန်သော လောဘမူစိတ္တုပ္ပါဒ်ကိုယူ၍ "အဿာဒေတိ"၏ အရကို သာယာသောအခါ လောဘမူသောမနဿ သဟဂုတ်ယူ၍, "အဘိနန္ဒတိ"အရကို သပ္ပီတိတဏှာပြဋ္ဌာန်းသောလောဘမူသောမနဿသဟဂုတ်ယူ၍ (ရာဂေါ ဥပ္ပဇ္ဇတိအစရှိသည်ကို ယူမြဲ) ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်သည် အကုသိုလ်ဒွါဒသအား။၏။

(**ပစ္စည်းတပ်ဟန်ကား** ဝီထိကို "ကုသလော အကုသလဿ"မှီ၍ ဆိုလေ)

"ဒိဋ္ဌိံ အဿာဒေတိ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဌ်၌ "ဒိဋ္ဌိံ"၏ အရကို ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ကိုယူ၍ "အဿာဒေတိ"၏ အရကို (ယူမြဲ) ဝိစိကိစ္ဆံ အာရဗ္ဘ။ပ။ပါဌ်၌ "ဝိစိကိစ္ဆံ"၏ အရကို ဝိစိကစ္ဆာသဟဂုတ်ယူ၍ "အာရဗ္ဘ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ"စသည်ကို ယူမြဲ။ "ဥဒ္ဓစ္စံ"အရကို ဥဒ္ဓစ္စသဟဂုတ်ယူ၍ "အာရဗ္ဘ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ"စသည်ကို ယူမြဲ။ "ဒေါမနဿံ"၏ အရကို ဒေါသမူနှစ်ခု စိတ္တုပ္ပါဒ်ကိုယူ၍။ နောက်ကို ယူမြဲ။ (ဝီထိကို ကုသလော အကုသလဿမှီ၍ချ)

(ပဋ္ဌာန်းအရကောက် ၃၇၃–၃၇၄)

## အကုသလော ကုသလဿ

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိ။ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ။ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနန္တိ။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ စေတောပရိယဉာဏေန အကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။ အကုသလာခန္ဓာ စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ယထာကမ္မူပဂဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။

(ပဋ္ဌာန ပါဠိ ပ ၁၃၄)

အကုသလော–အကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ ကုသလဿ–ကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ သေက္ခာ–သေက္ခပုဂ္ဂိုလ်တို့သည်၊ ပဟီနေ–ပယ်အပ်ကုန်ပြီးသော၊ ကိလေသေ–ကိလေသာတို့ကို၊ ပစ္စဝေက္ခန္တိ–ဆင်ခြင်ကုန်၏။ ဝိက္ခမ္ဘိတေ–ခွါအပ်ပြီးကုန်သော၊ ကိလေသေ–ကိလေသာတို့ကို၊ ပစ္စဝေက္ခန္တိ–ဆင်ခြင်ကုန်၏။ သေက္ခာ–သေက္ခပုဂ္ဂိုလ်တို့သည်၊ ပုဗ္ဗေ–ရှေး၌၊ သမုဒါစိဏ္ဏေ–အလေ့အကျက်အပ်ကုန်ပြီးသော၊ ကိလေသေ–ကိလေသာတို့ကို၊ ဇာနန္တိ–သိကုန်၏။ သေက္ခာဝါ–သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇ္ဇနာဝါ–ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အကုသလံ–အကုသိုလ်ကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿန္တိ–ဝိပဿနာရှုကုန်၏။ သေက္ခာဝါ–သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇ္ဇနာဝါ–ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ စေတောပရိယဉာဏေန–စေတောပရိယအဘိညာဉ်ဖြင့်၊ အကုသလစိတ္တသမင်္ဂိဿ–အကုသိုလ်စိတ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏၊ စိတ္တံ–စိတ်ကို၊ ဇာနန္တိ–သိကုန်၏။ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ–ခန္ဓာတို့သည်၊ စေတောပရိယဉာဏဿစ–စေတောပရိယဉာဏ်အားလည်းကောင်း၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿစ–ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အားလည်းကောင်း၊ ယထာကမ္မူပဂဉာဏဿစ–ယထာကမ္မူပဂဉာဏ်အားလည်းကောင်း၊ အနာဂတံသဉာဏဿစ–အနာဂတံသဉာဏ်အားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိ နိသျ ပ ၃၇၂–၃၇၃)

| မဂ် | ပယ်ကိလေသာ |
|---|---|
| သောတာပတ္တိ | ဒိဋ္ဌိ ဝိစိကိစ္ဆာ |
| သကဒါဂါမိ | ရုန့်ရင်းသော ရာဂ ဒေါသ မောဟ (ခေါင်းပါးစေရုံသာ) |
| အနာဂါမိ | ကာမရာဂ(လောဘစိတ်) ဒေါသ |
| အရဟတ္တ | မောဟ အဟိရိက အနောတပ္ပ ဥဒ္ဓစ္စ |
| | ရူပရာဂ အရူပရာဂ (လောဘတစိတ်) |
| | မာန၊ ထိန |

(က) ပယ်/ကြွင်း ကိလေသာ (၁၀) ပါး
(ခ) ရေးက လေ့ကျက်အပ်သော ကိလေသာ
(ဂ) ကိလေသာ၏ (အနိစ္စ ဒုက္ခ အနတ္တ)

ဘ ဘ ဘ န ဒ “ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ” ဘ ဘ ဘ
မဟာကုသိုလ် ၈

**အဓိပ္ပါယ်ကား** –

အကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား။ပ။

အဘယ်သို့ကား . . . သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ဒိဋ္ဌိ ဝိစိကိစ္ဆာ ဟူသော ကိလေသာနှစ်ပါးကို ဆင်ခြင်သောအခါ ပယ်အပ်သောကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား ...၊ သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်သည် ခေါင်းပါးစေအပ်သော ရုန့်ရင်းသော ရာဂ ဒေါသ မောဟဟူသော ကိလေသာသုံးပါးကို ဆင်ခြင်သောအခါ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား ...၊ အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ်သည် ပယ်အပ်သော ကာမရာဂဟု ဆိုအပ်သော လောဘတစိတ်, ဗျာပါဒဟုဆိုအပ်သော ဒေါသကို ဆင်ခြင်သောအခါ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား ... ၏။

သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်သည် မပယ်အပ်သော လောဘ ဒေါသ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတပ္ပဟူသော ကိလေသာရှစ်ပါးကို ဆင်ခြင်သောအခါ ကြွင်းသောကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား ...၊ သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်သည် မခေါင်းပါးစေအပ်သော သိမ်မွေ့သော ရာဂ ဒေါသ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတပ္ပဟူသော ကိလေသာရှစ်ပါးကို ဆင်ခြင်သောအခါ ကြွင်းသောကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား ...၊ အနာဂါမ်ပုဂ္ဂိုလ်သည်

အနာဂါမိမဂ်သည် မပယ်အပ်သော ရူပရာဂ အရူပရာဂဟုဆိုအပ်သော လောဘတစိတ်, မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတပ္ပဟူသော ကိလေသာခုနစ်ပါးကို ဆင်ခြင်သောအခါ ကြွင်းသောကိလေသာသည် ဆင်ခြင်သောကာမကုသိုလ်အား ...၊ သေက္ခ ပုထုဇ္ဇဉ် ပုဂ္ဂိုလ်တို့သည် အကုသိုလ်ကို အာရုံပြု၍ အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိဿနာပြုသောအခါ အကုသိုလ်သည် ဝိပဿနာပြုသော ကာမကုသိုလ်အား၊ သေက္ခ ပုထုဇ္ဇဉ်တို့သည် စေတောပရိယ ကုသိုလ်အဘိညာဉ်ဖြင့် လွန်လေပြီးသော ခုနစ်ရက်။ပ။အကုသိုလ်ကို သိသောအခါ သူတပါးတို့၏ အကုသိုလ်သည် စေတောပရိယကုသိုလ်အဘိညာဉ်, ထိုအဘိညာဉ်နောက်ဖြစ်သော ကာမကုသိုလ်အား ...၊ လွန်လေပြီးသော ။ပ။ သူတပါးတို့ အကုသိုလ်သည် စေတောပရိယကုသိုလ် အဘိညာဉ်အား ...၊ ပုဗ္ဗေနိဝုဋ္ဌ ဖြစ်သော အကုသိုလ်သည် ပုဗ္ဗေနိဝါသာနုဿတိကုသိုလ် အဘိညာဉ်အား ..၊ အတိတ်ဖြစ်သော အကုသိုလ်ကံသည် ယထာကမ္မူပဂကုသိုလ်အဘိညာဉ်အား ...၊ အနာဂတ်ဖြစ်သော အကုသိုလ်သည် အနာဂတံသကုသိုလ်အဘိညာဉ်အား ... အာရမ္မဏ။ပ။၏။

ကတ္တားကား အကုသိုလ်ဒ္ဓါဒသ။စေ။သတ္တဝီသ။ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား မဟာကုသိုလ်ရှစ်ခု စေတောပရိယ။ ပုဗ္ဗေနိဝါသာနုဿတိ။ ယထာကမ္မူပဂ။ အနာဂတံသကုသိုလ်အဘိညာဉ်၊ အပ္ပမညာကြဉ်သော စေ ဆတ္တိံသ။ ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းပါဌ်အရကား အာရမ္မဏသတ္တိ ရ၏။

"သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိ"ဟူ၍ ဟောတော်မူအပ်သော။ပ။ပါဌ်၌ သောတာပန်ဖြစ်အံ့ "ပဟီနေ ကိလေသေ"၏အရကို ဒိဋ္ဌိ ဝိစိကိစ္ဆာဟူသော ကိလေသာနှစ်ပါးယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏ အရကို သောတာပန် သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယူ၍ ပယ်အပ်သော ကိလေသာသည် သောတာပန် သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်အား ... အာရမ္မဏ။၏။

**ပစ္စည်းတပ်ပုံကား** –

သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်သည် ပယ်အပ်သော ကိလေသာကို ဆင်ခြင်လိုလတ်သော် မိမိ။ပ။ဘဝင်္ဂစလန။ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် ဒိဋ္ဌိ ဝိစိကိစ္ဆာဟူသော ကိလေသာနှစ်ပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် ပစ္စဝေက္ခဏာဇော ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ထို့နောင် တဒနုဝတ္တက။ ဤဝီထိဖြင့် ငါရသော သောတာပတ္တိမဂ်သည် ပယ်အပ်သော ကိလေသာကား ဤ၍ဤမျှဟု သိသတည်း။ ထိုသို့ဖြစ်သောအခါ (ဆိုမြဲ)။

သကဒါဂါမိဖြစ်အံ့၊ သကဒါဂါမိမဂ်သည် ခေါင်းပါးစေအပ်သော ရုန့်ရင်းသော ရာဂ ဒေါသ မောဟ ယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏ အရကို သကဒါဂါမ်သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယူ၍ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား ... အာရမ္မဏ။၏။

**ပစ္စည်းတပ်ဟန်ကား** –

သကဒါဂါမ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်သည် ခေါင်းပါးစေအပ်သော ကိလေသာကို ဆင်ခြင်လိုလတ်သော် (ယခင်နည်းမှီ၍ ဝီထိချ) အနာဂါမ်ဖြစ်အံ့ "ပဟီနေ ကိလေသေ"၏ အရကို အနာဂါမိမဂ်သည် ပယ်အပ်သော ကာမရာဂဟုဆိုအပ်သော လောဘတစိတ်၊ ဗျာပါဒဟုဆိုအပ်သော ဒေါသယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏ အရကို အနာဂါမ်သန္တာန်၌ ဆင်ခြင်သော ကာမကုသိုလ်ကိုယူ၍ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား အာရမ္မဏ။၏။ (ဤ၌လည်း ဝီထိကို ယခင်းနည်းကို မှီချလေ)

"သေက္ခာ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ"ဟူ၍ ဟောတော်။ပ။ပါဠိ၌ သောတာပန်ဖြစ်အံ့ "ဝိက္ခမ္ဘိတေ ကိလေသေ"အရကို သောတာပတ္တိမဂ်သည် မပယ်အပ်သော လောဘ ဒေါသ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပဟူသော ကိလေသာရှစ်ပါးကိုယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏ အရကို သောတာပန်သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယူ၍ ကြွင်းသောကိလေသာသည် ဆင်ခြင်သော ကာမကုသိုလ်အား။၏။

**ပစ္စည်းတပ်ဟန်ကား** –

သောတာပန်သည် ကြွင်းသောကိလေသာကို ဆင်ခြင်လိုလတ်သော် မိမိ။ပ။ဘဝင်စလန။ဘဝင်ုပစ္ဆေဒ။ ထို့နောင် သောတာပတ္တိမဂ်သည် မပယ်အပ်သော ကိလေသာရှစ်ပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် ပစ္စဝေက္ခဏာဇောာ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။ ထို့နောင် တဒနုဝတ္တက။ ဤဝီထိဖြင့်ကား ကြွင်းသော ကိလေသာကား ဤ၍ဤမျှဟု သိသတည်း။ ထိုသို့ဖြစ်သောအခါ (ဆိုမြဲ)။

သကဒါဂါမ်ဖြစ်အံ့၊ "ဝိက္ခမ္ဘိတေ ကိလေသေ"အရကို သကဒါဂါမိမဂ်သည် မခေါင်းပါးစေအပ်သော သိမ်မွေ့သော လောဘ ဒေါသ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပဟူသော ကိလေသာရှစ်ပါး ယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏ အရကို သကဒါဂါမ်သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယူ၍ (ဝီထိကို ရှေးနည်းမှီ၍ ချ)

အနာဂါမ်ဖြစ်အံ့၊ "ဝိက္ခမ္ဘိတေ ကိလေသေ"အရကို အနာဂါမိမဂ်သည် မပယ်အပ်သော ရူပရာဂ အရူပရာဂဟုဆိုအပ်သော လောဘတစိတ်, မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတပ္ပဟူသော ကိလေသာခုနစ်ပါး ယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏ အရကို အနာဂါမ်သန္တာန်၌ဖြစ်သော ဆင်ခြင်သော ကာမကုသိုလ်ယူ၍ (ဤ၌လည်း ဝီထိကို ရှေးနည်းကို မှီ၍ ချလေ)

"ပုဗ္ဗေ သမုဒါစိဏ္ဏော ကိလေသေ ဇာနန္တိ"ပါဠိ၌ ပုဗ္ဗေ သမုဒါစိဏ္ဏော ကိလေသေ"၏ အရကို ရှေး၌ အလေ့အကျက်ပြုအပ်ကုန်သော ကိလေသာဆယ်ပါးယူ၍ "ဇာနန္တိ"၏အရကို သိသော ကာမကုသိုလ်ယူ၍ ရှေး၌အလေ့အကျက်ပြုအပ်ကုန်သော ကိလေသာတို့သည် သိသောကာမကုသိုလ်အား။ပ။၏။ (ဝီထိချမြဲ)

"သေက္ခာဝါ ပုထုဇ္ဇနာဝါ အကုသလံ ။ပ။ဝိပဿန္တိ"ဟူ၍ ဟောတော်။ပ။ပါဠိ၌ "အကုသလံ"၏အရကို အကုသိုလ်ဒွါဒသယူ၍ သေက္ခာဝါ ဝိပဿန္တိ၏အရကို ဝိပဿနာပြုသော ကာမကုသိုလ်ယူ၍ အကုသိုလ်သည် ဝိပဿနာပြုသော ကာမကုသိုလ်အား။၏။

အကုသိုလ် ၁၂

ဘ န ဒ မ ပ ဥ နု ဂေါ _ဘိ_ ဘ ဘ ဘ

ရူပကုမ–၁

ဘ ဘ န ဒ မ _ဇဇဇဇဇဇဇ_ တ တ ဘ ဘ

မဟာကု–၈

"သေက္ခာဝါ ။ပ။ ဇာနန္တိ" ဟူ၍ ဟောတော်မူအပ်သော ပါဠိ၌ "အကုသလစိတ္တသမင်္ဂိဿ စိတ္တံ"၏ အရကို လွန်လေပြီးသော ခုနစ်ရက်။ပ။သူတပါး၏ အကုသိုလ်ဒွါဒသယူ၍ "သေက္ခာဝါ ဇာနန္တိ"၏အရကို စေတောပရိယကုသိုလ်အဘိညာဉ်, ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကုသိုလ်၍ ကာလသုံးပါး၌တည်သော သူတပါးတို့၏ အကုသိုလ်ဒွါဒသသည် စေတောပရိယကုသိုလ်အဘိညာဉ်, ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာမကုသိုလ်အား။၏။ (ဝီထိကို ကုသလော ကုသလဿ မှီ၍ချလေ)

"အကုသလာ ခန္ဓာ စေတောပရိယ ဉာဏဿ"ဟူ၍။ပ။ပါဠိ၌ "အကုသလာ ခန္ဓာ"၏အရကို လွန်လေပြီးသော။ပ။ကာလသုံးပါး၌တည်သော သူတပါးတို့၏ အကုသိုလ်ဒွါဒသယူ၍ "စေတောပရိယ ဉာဏဿ"၏ အရကို စေတောပရိယကုသိုလ်အဘိညာဉ်ယူ၍။ပ။၏။ "အကုသလာ ခန္ဓာ"၏အရကို ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အကုသိုလ်ဒွါဒသယူ၍ "ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ"အရကို ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်ယူ၍။ပ။၏။ "အကုသလာ ခန္ဓာ"၏အရကို အတိတ်ဖြစ်သော အကုသိုလ်ကံယူ၍ "ယထာကမ္မူပဂဉာဏဿ"၏အရကို ယထာကမ္မူပဂကုသိုလ်အဘိညာဉ်ယူ၍ အတိတ်ဖြစ်သော အကုသိုလ်ကံသည် ယထာကမ္မူပဂကုသိုလ်အဘိညာဉ်အား။၏။ "အကုသလာ ခန္ဓာ"၏အရကို အနာဂတ်ဖြစ် သော အကုသိုလ်ဒွါဒသယူ၍ "အနာဂတံသဉာဏဿ"၏ အရကို အနာဂတံသကုသိုလ်အဘိညာဉ်ယူ၍။ပ။၏။ (ဝီထိချမြဲ)

(ပဋ္ဌာန်းအရကောက် ၃၇၄–၃၇၉)

## အကုသလော အဗျာကတဿ

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ အရဟာ ပဟီနေ ကိလေသေ ပစ္စဝေက္ခတိ။ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနာတိ။ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ စေတောပရိယဉာဏေန အကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ အကုသလံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဒစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ အကုသလာ ခန္ဓာ စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ, ယထာကမ္မူပဂဉာဏဿ, အနာဂတံသဉာဏဿ, အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။

(ပဋ္ဌာန ပါဠိ ပတွဲ ၁၃၄)

အကုသလော–အကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အရဟာ–ရဟန္တာပုဂ္ဂိုလ်သည်၊ ပဟီနေ–ပယ်အပ်ကုန်ပြီးသော၊ ကိလေသေ–ကိလေသာတို့ကို၊ ပစ္စဝေက္ခတိ–ဆင်ခြင်၏။ ပုဗ္ဗေ–ရှေး၌၊ သမုဒါစိဏ္ဏေ–အလေ့အကျက် ပြုအပ်ကုန်ပြီးသော၊ ကိလေသေ–ကိလေသာတို့ကို၊ ဇာနာတိ–သိ၏။ သေက္ခာဝါ–သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇ္ဇနာဝါ–ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အကုသလံ–အကုသိုလ်ကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿန္တိ–ဝိပဿနာရှုကုန်၏။ ကုသလေ–ကုသိုလ်သည်၊ နိရုဒ္ဓေ–ချုပ်သည်ရှိသော်၊ ဝိပါကော–ဝိပါက်သည်၊ တဒါရမ္မဏတာ–တဒါရုံအဖြစ်ဖြင့်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ အကုသလံ–အကုသိုလ်ကို၊ အဿာဒေတိ–သာယာ၏၊ အဘိနန္ဒတိ–နှစ်သက်၏၊ တံ–ထိုအကုသိုလ်ကို၊ အာရဗ္ဘ–အကြောင်းပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဥဒ္ဒစ္စံ–ဥဒ္ဒစ္စသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒေါမနဿံ–ဒေါမနဿသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ အကုသလေ–အကုသိုလ်သည်၊ နိရုဒ္ဓေ–ချုပ်သည်ရှိသော်၊ ဝိပါကော–ဝိပါက်သည်၊ တဒါရမ္မဏတာ–တဒါရုံအဖြစ်ဖြင့်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ–ခန္ဓာတို့သည်၊ စေတောပရိယဉာဏဿစ–စေတောပရိယဉာဏ်အားလည်းကောင်း၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿစ–ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အားလည်းကောင်း၊ ယထာကမ္မူပဂဉာဏဿစ–ယထာကမ္မူပဂဉာဏ်အားလည်းကောင်း၊ အနာဂတံသဉာဏဿစ–အနာဂတံသဉာဏ်အားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အာဝဇ္ဇနာယ–မနောဒွါရာဝဇ္ဇန်းအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ (မိုးထိပနိသျ ၃၇၃)

(က) ရူပရာဂ အရူပရာဂ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ ပယ်ကိလေသာ ၇-ပါး

(ခ) ရှေးက လေ့ကျက်အပ်သော ကိလေသာ

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ "ဘ ဘ ဘ

မဟာကြိယာ ၈

အကုသိုလ် (အနိစ္စ ဒုက္ခ အနတ္တ)

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ "ဘ ဘ ဘ

(ရဟန္တာအတွက်) မဟာကြိ ၈ မဟာဝိ၈၊တိ၃

(ပုထုဇဉ်သေက္ခအတွက်) မဟာကု ၈

အကုသိုလ် ၁၂

ဘ န ဒ မ ပ ဉ နု ဂေါ ဘိ ဘ ဘ ဘ

ရူပကြိမ-၁

ဘ ဘ န ဒ မ ဇဇဇဇဇဇဇ တ တ ဘ ဘ

မဟာကြိ-၈

အကုသိုလ်

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ "ဘ ဘ ဘ

(၁) လောဘမူ သော-၄ သာယာသောအခါ (အဿာဒေတိ)
(၂) လောဘမူ ပီတိသဟဂုတ်-၄ နှစ်သက်သောအခါ (အဘိနန္ဒတိ)
(၃) လောမူ-၈ တပ်သောအခါ (ရာဂေါ ဉပ္ပဇ္ဇတိ)
(၄) လောဘမူ ဒိသံ-၄ အမြင်မှားသောအခါ (ဒိဋ္ဌိ ဉပ္ပဇ္ဇတိ)
(၅) ဝိစိကိစ္ဆာသံ-၁ မဆုံးဖြတ်နိုင်သောအခါ (ဝိစိကိစ္ဆာ ဉပ္ပဇ္ဇတိ)
(၆) ဉဒ္ဓစ္စသံ-၁ ပျံ့လွင့်သောအခါ (ဉဒ္ဓစ္စံ ဉပ္ပဇ္ဇတိ)
(၇) ဒေါသမူ-၂ နှလုံးမသာသောအခါ (ဒေါမနဿံ ဉပ္ပဇ္ဇတိ)

အဓိပ္ပါယ်ကား -

အကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား အာရမ္မဏ။ ၏။

အဘယ်သို့ . . . ကား ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ်သည် ပယ်အပ်သော ရူပရာဂ အရူပရာဂ ဟုဆိုအပ်သော လောဘတစိတ်၊ မောဟ မာန ထိန ဉဒ္ဓစ္စ အဟိရိက အနောတပ္ပဟူသော ကိလေသာ ခုနစ်ပါးကို ဆင်ခြင်သောအခါ ပယ်အပ်သောကိလေသာသည် ဆင်ခြင်သော ကာမကြိယာအား အာရမ္မဏ။ ၏။

ရှေး၌အလေ့အကျက်ပြုအပ်ကုန်ပြီးသော ကိလေသာတို့ကို သိသောအခါ ရှေး၌အလေ့အကျက်ပြုအပ်ကုန်ပြီးသော ကိလေသာတို့သည် ကာမကြိယာအား ...(ကြွင်းသောအဓိပ္ပါယ်လွယ်ပြီ။ ရှေးနည်းကို မှီ၍ဆို)

အကုသလော ကတ္တားပုဒ်အရကား အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ၊ ပစ္စည်းတရား ရ၏။ အဗျာကတဿဟူသော သမ္ပဒါန်ပုဒ်အရကား တဒါရုံကောဒသ, ပဉ္စဒွါရာဝဇ္ဇန်းကြဉ်သော ကာမကြိယာတဆယ်, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မူပဂ, အနာဂတံသကြိယာအဘိညာဉ်, ဝိရတိ အပ္ပမညာကြဉ်သော စေတသိက်တေတ္တိံသ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းပါဌ်အရကား အာရမ္မဏသတ္တိရ၏။

"အရဟာ ပဟီနေ ကိလေသေ ပစ္စဝေက္ခတိ"ဟူ၍။ပ။ပါဌ်၌ ပဟီနေ ကိလေသေ၏အရကို အရဟတ္တမဂ်သည် ပယ်အပ်သော ရူပရာဂ အရူပရာဂဟုဆိုအပ်သော လောဘတစိတ်, မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတပ္ပဟူသော ကိလေသာ ခုနစ်ပါးယူ၍ အရဟာ ပစ္စဝေက္ခတိအရကို ရဟန္တာသန္တာန်၌ ဖြစ်သော ဆင်ခြင်သော ကာမကြိယာယူ၍ ပယ်အပ်သော ကိလေသာသည် ဆင်ခြင်သော ကာမကြိယာအား အာရမ္မဏ။ ၏။

(**ပစ္စည်းတပ်ဟန်ကား** ရဟန္တာပုဂ္ဂိုလ်သည် ပယ်အပ်သော ကိလေသာကို ဆင်ခြင်လိုလတ်သော် ... နောက်နည်းကို မှီ၍ချလေ။ "ပုဗ္ဗေ သမုဒါစိဏ္ဏေ"၌လည်း ယူမြဲ၊ ဝီထိချမြဲ။ "အကုသလံ အနိစ္စတော" အစရှိသည် တို့၌လည်း လွယ်ပြီ။ နောက်ကနည်းနှင့် တူပြီ)

(ပဋ္ဌာန်းအရကောက် ၃၇၉–၃၈၀)

## အဗျာကတော အဗျာကတဿ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ အရဟာ ဖလံ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။ အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ။ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ။ စေတောပရိယဉာဏေန ဝိပါကာဗျာကကြိယာဗျာကတစိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ။ အာကာသာနဉ္စာယတနကိရိယံ ဝိညာဏဉ္စာယတန ကိရိယဿ အာရမ္မဏပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနကိရိယံ နေဝသညာနာသညာယတန ကိရိယဿ အာရမ္မဏပစ္စယေန ပစ္စယော။ ရူပါယတနံ စက္ခုဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဿ။ ဂန္ဓာယတနံ ဃာနဝိညာဏဿ။ ရသာယတနံ ဇိဝှါဝိညာဏဿ။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။ အဗျာကတာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ, စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ, အနာဂတံသဉာဏဿ, အာဝဇ္ဇနာယ အာရမ္မဏ ပစ္စယေန ပစ္စယော။

(ပဋ္ဌာန ပါဠိ ပတွဲ ၁၃၅)

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အရဟာ–ရဟန္တာပုဂ္ဂိုလ်သည်၊ ဖလံ–အရဟတ္တဖိုလ်ကို၊ ပစ္စဝေက္ခတိ–ဆင်ခြင်၏။ နိဗ္ဗာနံ–နိဗ္ဗာန်သည်၊ ဖလဿ–ဖိုလ်လေးခုအားလည်းကောင်း၊ အာဝဇ္ဇနာယစ–မနောဒွါရာဝဇ္ဇန်းအားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အရဟာ–ရဟန္တာပုဂ္ဂိုလ်သည်၊ စက္ခုံ–စက္ခုပသာဒကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿတိ–ဝိပဿနာရှု၏။ သောတံ–သောတပသာဒကို၊ ဃာနံ–ဃာနပသာဒကို၊ ဇိဝှံ–ဇိဝှါပသာဒကို၊ ကာယံ–ကာယပသာဒကို၊ ရူပေ–ရူပါရုံတို့ကို၊ သဒ္ဒေ–သဒ္ဒါရုံတို့ကို၊ ဂန္ဓေ–ဂန္ဓာရုံတို့ကို၊ ရသေ–ရသာရုံတို့ကို၊ ဖောဋ္ဌဗ္ဗေ–ဖောဋ္ဌဗ္ဗာရုံတို့ကို၊ ဝတ္ထုံ–ဟဒယဝတ္ထုကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿတိ–ဝိပဿနာရှု၏။ ဝိပါကာဗျာကတေ–ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ကိရိယာဗျာကတေ–ကိရိယာအဗျာကတဖြစ်ကုန်သော၊ ခန္ဓေ–ခန္ဓာတို့ကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿတိ–ဝိပဿနာရှု၏။ ဒိဗ္ဗေနစက္ခုနာ–ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်၊ ရူပံ–ရူပါရုံကို၊ ပဿတိ–မြင်၏၊ ဒိဗ္ဗာယသောတဓာတုယာ–ဒိဗ္ဗသောတအဘိညာဉ်ဖြင့်၊ သဒ္ဒံ–သဒ္ဒါရုံကို၊ သုဏာတိ–ကြား၏၊ စေတောပရိယဉာဏေန–စေတောပရိယ

အဘိညာဉ်ဖြင့်၊ ဝိပါကာဗျာကတကြိယာဗျာကတစိတ္တသမင်္ဂီသ–ဝိပါက်အဗျာကတကိရိယာအဗျာကတစိတ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏၊ စိတ္တံ–စိတ်ကို၊ ဇာနာတိ–သိ၏၊ အာကာသာနဉ္စာယတနကိရိယံ–ဤဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသနဉ္စာယတနကြိယာသည်၊ ဝိညာနဉ္စာယတနကြိယဿ–ဝိညာနဉ္စာယတန ကြိယာအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ဓူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အာကိဉ္စညာယတနကိရိယံ–ဤဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကိဉ္စညာယတနကိရိယာ သည်၊ နေဝသညာနာသာယတနကိရိယဿ–ဖြစ်ဆဲသောနေဝသညာနာသညာယတနကြိယာအား၊ အာရမ္မဏ ပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ရူပါယတနံ– ပစ္စုပ္ပန်ရူပါရုံသည်၊ စက္ခုဝိညာဏဿ–စက္ခုဝိညာဏ်ဒွေးအား၊ (အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏) သဒ္ဒါယတနံ–ပစ္စုပ္ပန်သဒ္ဒါရုံသည်၊ သောတဝိညာဏဿ– သောတဝိညဏ်ဒွေးအား (ပ) ဂန္ဓာယတနံ–ပစ္စုပ္ပန်ဂန္ဓာရုံသည်၊ ဃာနဝိညာဏဿ–ဃာနဝိညာဏ်ဒွေးအား (ပ) ရသာယတနံ–ပစ္စုပ္ပန်ရသာရုံသည်၊ ဇိဝှါဝိညာဏဿ–ဇိဝှါဝိညာဏ်ဒွေးအား (ပ) ဖောဋ္ဌဗ္ဗာယတနံ– ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံသည်၊ ကာယဝိညာဏဿ–ကာယဝိညာဏ်ဒွေးအား (ပ) အာရမ္မဏပစ္စယေန–အာရမ္မဏ ပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

အဗျာကတာ–အဗျာကတဖြစ်ကုန်သော၊ ခန္ဓာ–ခန္ဓာတို့သည်၊ ဣဒ္ဓိဝိဓဉာဏဿစ–ဣဒ္ဓိဝိဓဉာဏ် အားလည်းကောင်း၊ စေတောပရိယဉာဏဿစ–စေတောပရိယဉာဏ်အားလည်းကောင်း၊ ပုဗ္ဗေနိဝါသာ နုဿတိဉာဏဿစ–ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အားလည်းကောင်း၊ အနာဂတံသဉာဏဿစ–အနာဂတံသ ဉာဏ်အားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အာဝဇ္ဇနာယ–မနောဒွါရာဝဇ္ဇန်းအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စ ယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိပနိသျ ၃၇၄)

အရဟတ္တဖိုလ် / နိဗ္ဗာန်

ဘ ဘ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ ဘ

မဟာကြိုညသံ-၄

သင်္ခါရ နိဗ္ဗာန်

ဘ ဘ န ဒ မ ပ ဥ နု ဂေါ/ဝေါ မဂ် ဖိုလ် ဖိုလ်

မဟာကုညသံ-၄ မဂ်၄ ဖိုလ်၄

နိဗ္ဗာန်

ဘ ဘ န ဒ မ နု နု နု နု ဖိုလ် ဖိုလ် များစွာ ဘ ဘ ဘ

မဟာကြိုညသံ-၄ အရဟတ္တဖိုလ်-၁

စက္ခု-ကာယ၊ ရူပ-ဖောဋ္ဌဗ္ဗ၊ ဝတ္ထု၊ ဝိပါက်ကြိယာစိတ်

ဘ ဘ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

မဟာကြို-၈

ပစ္စုပ္ပန်ပဋ္ဌာရုံ

ဘ ဘ တီ န ဒ ပ ပဋ္ဌဝိညာဏ် သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ

(၁)ပစ္စုပ္ပန်ရူပါရုံ

(၂)ပစ္စုပ္ပန်သဒ္ဒါရုံ

(၃)ဝိပါက်ကြိယာစိတ် ရုပ် နိဗ္ဗာန်

ဘ ဘ န ဒ မ ပ ဥ နု ဂေါ ဘိ ဘ ဘ ဘ

(၁)ဒိဗ္ဗစက္ခု ကြို-အဘိညာဉ်

(၂)ဒိဗ္ဗသောတ ကြို-အဘိညာဉ်

(၃)ဣဒ္ဓိ, စေတော, ပုဗ္ဗေ, အနာဂတံသ ကြိုအဘိညာဉ်

အာကာသာ/အာကိဉ္စည ကြို

ဘ ဘ န ဒ မ ပ ဥ နု ဂေါ ဈာန် ဘ ဘ

ဝိညာနဉ္စာ/နေဝသညာ ကြို

**အဓိပ္ပါယ်ကား** –

အကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား အာရမ္မဏ။၏။

အဘယ်သို့ . . . ကား ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို ဆင်ခြင်သောအခါ အရဟတ္တဖိုလ်သည် ဆင်ခြင်သော မဟာကြိယာဉာဏသမ္ပယုတ်အား။၏။ ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို ဆင်ခြင်သောအခါ နိဗ္ဗာန်သည် ဆင်ခြင်သော မဟာကြိယာဉာဏသမ္ပယုတ်အား . . . မဂ္ဂဝီထိ ဖလသမာပတ္တိဖြစ်သောအခါ နိဗ္ဗာန်သည် ဖိုလ်လေးခုအား . . . ပစ္စဝေက္ခဏာဝီထိ ဖြစ်သောအခါ နိဗ္ဗာန်သည် မနောဒွါရာဝဇ္ဇန်းအား.. ရဟန္တာပုဂ္ဂိုလ်သည် အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာပြုသောအခါ စက္ခုပသာဒသည် ဝိပဿနာပြုသောအခါ ကာမကြိယာအား... သောတ ဃာန ။ပ။ ရူပါရုံ။ပ။ဖောဋ္ဌဗ္ဗာရုံ။ ဟဒယဝတ္ထု။ လောကီဝိပါက်ကြိယာ ခန္ဓာတို့ကို ဝိပဿနာပြုသောအခါ သောတ ဃာန။ပ။ခန္ဓာတို့သည် ဝိပဿနာပြုသော ကာမကြိယာအား .... ရဟန္တာပုဂ္ဂိုလ်သည် ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်ဖြင့် ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်ရူပါရုံသည် ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်အား.... ရဟန္တာပုဂ္ဂိုလ်သည် ဒိဗ္ဗသောတကြိယာအဘိညာဉ်ဖြင့် ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်သဒ္ဒါရုံသည် ဒိဗ္ဗသောတကြိယာအဘိညာဉ်အား...၏။ ရဟန္တာပုဂ္ဂိုလ်သည် စေတောပရိယကြိယာ အဘိညာဉ်ဖြင့် လွန်လေပြီးသောခုနစ်ရက်မှစ၍ လာလတ့ံသောခုနစ်ရက်တိုင်အောင်။ပ။ သူတပါးတို့၏ ဝိပါက်ကြိယာစိတ်ကို ပိုင်းခြား၍ သိသောအခါ သူတပါးတို့၏ ဝိပါက်ကြိယာစိတ်သည် စေတောပရိယကြိယာ အဘိညာဉ်, ထိုအဘိညာဉ်နောက်၌ဖြစ်သော ကာကြိယအား .... ဝိညာနဉ္စာယတန ကြိယာစျာန်ကို ရသောအခါ ဝင်စားသောအခါ ဤဘဝအဖျူတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသနဉ္စာယတနကြိယာသည် ဝိညာနဉ္စာယတ နကြိယာအား ... (အာကိဉ္စညာ။ ဆိုမြဲ။ ရူပါယတနံစသည်၏ အဓိပ္ပါယ် လွယ်ပြီ)

"အဗျာကတော"ဟူသော ကတ္တားပုဒ်၏အရကား ဝိပါက်စိတ်ဆတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကာမဝိပါက်တေဝီသ။ ကာမကြိယာ ဧကာဒသ။ ဝိညာနဉ္စာယတနကြိယာ။ နေဝသညာနာသညာယတနကြိယာ။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဣဒ္ဓိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ အနာဂတံသကြိယာအဘိညာဉ်၊ ဖိုလ်လေးခု၊ အပ္ပမညာကြဉ်သော စေတသိက်ဆတ္တိံသ။ နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

**တနည်းကား**–

ကတ္တားကား စက္ခုဝိညာဏ်ဒွေးအားတပ်သော ပစ္စုပ္ပန်ရူပါရုံ။ သောတဝိညာဉ်ဒွေးအားတပ်သော ပစ္စုပ္ပန်သဒ္ဒါရုံ ။ပ။ မနောဓာတ်သုံးခုအားတပ်သော ပစ္စုပ္ပန်ပဉ္စာရုံ။ တဒါရုံဧကာဒသ ဟသိတုပ္ပါဒ်အားတပ်သော ကာမဝိပါက်တေဝီသ, ကာမကြိယာ ဧကာဒသ, ရုပ်အဋ္ဌဝီသ။ မဟာကြိယာဉာဏဝိပ္ပယုတ်လေးခုအားတပ် သော လောကီဝိပါက်ဇာတ္တိံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသ။ မဟာကြိယာဉာဏသမ္ပယုတ်လေးခု, မနောဒွါရာဝဇ္ဇန်း

အားးတပ်သော ဝိပါက်ဆတ္တိံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်၊ ဝိညာနဉ္စာယတန ကြိယာအားတပ်သော ဤဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကြိယာ၊ နေဝသညာ နာသညာယတနကြိယာအားတပ်သော ဤဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကိဉ္စညာယတနကြိယာ၊ ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်အားတပ်သော ဒူရပဋိစ္ဆန္နသဏှသုခုမ ပစ္စုပ္ပန်သဒ္ဒါရုံ၊ စေတောပရိယကြိယာအဘိညာဉ် အားတပ်သော လွန်လေပြီးသော ။ပ။ သူတတပါးတို့၏ ဝိပါက်ဆတ္တိံသ, ကြိယာဝီသဟုဆိုအပ်သော ဓမ္မာရုံ၊ ဣဒ္ဓိဝိဓကြိယာအဘိညာဉ်အားတပ်သော ပါဒကဖြစ်သော ရူပါဝစရကြိယာပဉ္စမဈာန်, သတ,သဟာယစသော နိမ္မိတရုပ်ဆိုအပ်သော အာရုံဖပါး၊ ပုဗ္ဗေနိဝါသာနုဿတိကြိယာ အဘိညာဉ်အားတပ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ဝိပါက်ဆတ္တိံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသဟုဆိုအမပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှ လျှောက်၍သိသော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံခြောက်ပါး၊ အနာဂတံသကြိယာအဘိညာဉ်အားတပ်သော အနာဂတ်ဖြစ်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသ, ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး, ထိုခန္ဓာငါးပါးမှ လျှောက်၍ သိအပ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံခြောက်ပါး၊ ဖိုလ်လေးခုအားတပ်သော နိဗ္ဗာန် ပစ္စည်းတရားရ၏။

(သမ္မဒါန်ကော်မြဲ)

ကရိဏ်းပါဌ် အရကား အာရမ္မဏ အာရမ္မဏာဓိပတိ ဝတ္ထာရမ္မဏနိဿယ အာရမ္မဏူပနိဿယ အာရမ္မဏပုရေဇာတ ဝတ္ထာရမ္မဏဝိပ္ပယုတ္တ အာရမ္မဏပုရေဇာတတ္ထိ အဝိဂတ၊ ဤရှစ်ပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိ။ပ။ သ, ရ၏။ (ဤရှစ်ပစ္စည်းကား အာရမ္မဏတမျိုးတည်း)

"အရဟာ ဖလံ ပစ္စဝေက္ခတိ"ဟူ၍ ဟောတော်။ပ။ပါဌ်၌ "ဖလံ"အရကို အရဟတ္တဖိုလ်ယူ၍ "အရဟာ ပစ္စဝေက္ခတိ"၏ အရကို ရဟန္တာသန္တာန်၌ဖြစ်သော ဆင်ခြင်သော မဟာကြိယာဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုယူ၍ အရဟတ္တဖိုလ်သည် ဆင်ခြင်သော မဟာကြိယာဉာဏသမ္ပယုတ်လေးခုအား။၏။

**ပစ္စည်းတပ်ဟန်ကား–**

ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို ဆင်ခြင်လိုလသော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ, ထို့နောင် အရဟတ္တဖိုလ်ကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာကြိယာ ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ခုနစ်ကြိမ်။ ထို့နောင်ဘဝင်။ ထို့နောင် တဒနုဝတ္တက။ ထိုသို့ဖြစ်သောအခါ (ဆိုမြဲ)

"နိဗ္ဗာနံ ပစ္စဝေက္ခတိ"။ပ။ပါဌ်၌ "နိဗ္ဗာနံ"၏ အရကို နိဗ္ဗာန်ယူ၍ "အရဟာ ပစ္စဝေက္ခတိ"အရကို ဆင်ခြင်သော မဟာကြိယာဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုယူ၍ နိဗ္ဗာသည် ဆင်ခြင်သော မဟာကြိယာ ဉာဏသမ္ပယုတ်အား။၏။ (ပစ္စည်းတပ်ဟန်ဝီထိကို ယခင်နည်းကို မှီ၍ ချလေ)

"နိဗ္ဗာနံ ဖလဿ"ဟု။ပ။ပါဌ်၌ "နိဗ္ဗာနံ"၏ အရကို နိဗ္ဗာန်ယူ၍ "ဖလဿ"၏အရကို ဖိုလ်လေးခုယူ၍ နိဗ္ဗာန်သည် ဖိုလ်လေးခုအား။၈၏။

ပစ္စည်းတပ်ပုံ- သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို ဝင်စားလိုလတ်သော် ဘဝင်္ဂစလန။ပ။ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် တေဘူမကသင်္ခါရကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကုသိုလ် ပဌမဒွေးတို့တွင် တခုခုသည် တေဘူမကသင်္ခါရကိုအာရုံပြု၍၊ မန္ဒပညာဖြစ်အံ့, အနုလုံ အနုလုံဟု လေးကြိမ်၊ တိက္ခပညာဖြစ်အံ့, အနုလုံ အနုလုံဟု သုံးကြိမ်၊ ဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် တိက္ခပညာအား လေးကြိမ်မြောင်၊ မန္ဒပညာအား ငါးကြိမ်မြောက်၊ ဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော သောတာပတ္တိဖိုလ် ပဌမဈာန်သည်လည်းကောင်း၊ လေးပါး, သုံးပါး, နှစ်ပါးနှင့်ပြည့်စုံသော သောတာပတ္တိဖိုလ် ဒုတိယ တတိယ စတုတ္ထဈာန်စိတ်သည်လည်းကောင်း၊ အနုလုံသည် မဟာကုသိုလ် တတိယဒွေးတို့တွင် တခုခုဖြစ်၍ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော သောတာပတ္တိဖိုလ် ပဥ္စမဈာန်စိတ်သည်လည်းကောင်း ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း နိဗ္ဗာန်ကိုအာရုံပြု၍ များစွာဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်။ ထိုသို့ဖြစ်သောအခါ (ဆိုမြဲ)
(သကဒါဂါမိဖိုလ် အနာဂါမိဖိုလ်လည်း နည်းတူချ၊ အရဟတ္တဖိုလ်၌ မဟာကြိယာဉာဏသမ္ပယုတ်ကို အနုလုံ ချသည်သာ ထူးသည်)

"နိဗ္ဗာနံအာဝဇ္ဇနာယ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ။၌။ "နိဗ္ဗာနံ"၏အရကို နိဗ္ဗာန်ယူ၍ "အာဝဇ္ဇနာယ"၏အရကို မနောဒွါရာဝဇ္ဇန်းယူ၍ နိဗ္ဗာန်သည် မနောဒွါရာဝဇ္ဇန်းအား။၈၏။

**ပစ္စည်းတပ်ပုံ-**

ရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို ဆင်ခြင်လိုလတ်သော် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် နိဗ္ဗာန်ကို အာရုံပြု၍။ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကြိယာဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇောကိစ္စ ခုနစ်ကြိမ်။ ထို့နောင်ဘဝင်။ ထိုသို့ဖြစ်သောအခါ (ဆိုမြဲ) (အောက်ဖလဋ္ဌာန်ဝီထိလည်း နည်းတူချ)

"အရဟာ စက္ခုံ ။ပ။ ဝိပဿတိ"ဟူ၍ ။ပ။ပါဌ်၌ "စက္ခုံ"၏အရကို စက္ခုပသာဒယူ၍ "အရဟာ ။ပ။ ဝိပဿတိ"၏ အရကို ဝိပဿနာပြုသော မဟာကြိယာဇောယူ၍ စက္ခုပသာဒသည် ဝိပဿနာပြုသော မဟာကြိယာအား (သောတံအစရှိသည်ကို နည်းတူယူ) "ရူပေ"၏ အရကို စတုသမုဋ္ဌာနိကရုပ်၌ အကျုံးဝင်သော ရူပါရုံယူ၍ "သဒ္ဒေ"၏အရကို ဒွိသမုဋ္ဌာနိကရုပ်၌ အကျုံးဝင်သော သဒ္ဒါရုံယူ၍ "ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ" အရကို စတုသမုဋ္ဌာနိကရုပ်၌ အကျုံးဝင်သော ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံယူ၍၊ "ဝတ္ထုံ"၏အရကို ကမ္မဇရုပ်၌

အကျုံးဝင်သော ဟဒယဝတ္ထုယူ၍။ “ဝိပါကာဗျာကတေ” လောကီဝိပါက် ဗာတ္တိံသ ယူ၍၊ “ကြိယာဗျာကတေ” အရကို ကြိယာဝီသယူ၍ (အနိစ္စတော စသည်ကို ယူမြဲ)

(စက္ခုအစရှိသည်ကို ကမ္မဇသာဖြစ်သောကြောင့် ဧကဝုစ်ထားသည်။ ရူပအစရှိသည်ကို စတုသမုဋ္ဌာနိက ဒွိသမုဋ္ဌာနိကဖြစ်သောကြောင့် ဗဟုဝုစ်ထားသည်။ ဤမျှသောပါဠိဖြင့် ရုပ်သည် မကုန်တကားဟူမူကား။ နိဒဿနနည်း, နာနန္တရိကနည်းအားဖြင့် ဟောတော်မူသည်။ ထို့ကြောင့် ဗဟုဝုစ်ထားသည်ဟူ၍လည်း ယူရမည်)

“ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ”။ပ။ပါဠ်၌ “ရူပံ”၏အရကို ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ, ပစ္စုပ္ပန်ရူပါရုံယူ၍ “ဒိဗ္ဗေန စက္ခုနာ ပဿတိ”၏အရကို ဒိဗ္ဗစက္ခုကြိယာ အဘိညာဉ်ယူ၍။ပ။၏ (ဝီထိကို ရာသီစုက ချခဲ့ပြီ) “ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ”။ပ။ပါဠ်၌ “သဒ္ဒံ”၏အရကို ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ, ပစ္စုပ္ပန်သဒ္ဒါရုံယူ၍ “ဒိဗ္ဗာယ သောတဓာတုယာ သုဏာတိ”အရကို ဒိဗ္ဗသောတကြိယာအဘိညာဉ်ယူ၍ ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ, ပစ္စုပ္ပန်သဒ္ဒါရုံသည် ဒိဗ္ဗသောတကြိယာအဘိညာဉ်အား။ပ။၏။ (စေတောပရိယဉာဏေန စသည်၌ ယူမြဲ) “ရူပါယတနံ”၏ အရကို ပစ္စုပ္ပန်ရူပါရုံယူ၍ “စက္ခုဝိညာဏဿ”၏အရကို စက္ခုဝိညာဉ်ဒွေး ယူ၍ (စက္ခုဒွါရဝီထိ ချလေ၊ သဒ္ဒါယတနံ စသည်ကို နည်းတူယူ)

“အဗျာကတာ ခန္ဓာ ကုဒ္ဓိဝိဓဉာဏဿ”ဟူ၍။ပ။ပါဠ်၌ “အဗျာကတာ ခန္ဓာ”၏အရကို ပါဒကဖြစ်သော ရူပါဝစရကြိယာ ပဉ္စမဈာန် သတ သဟဿစသော နိမ္မိတရုပ်ယူ၍ “ဣဒ္ဓိဝိဓဉာဏဿ”၏ အရကို ဣဒ္ဓိဝိဓ ကြိယာအဘိညာဉ်ကိုယူ၍ (ဆိုမြဲ) “အဗျာကတာ ခန္ဓာ”၏အရကို လွန်လေပြီးသော ခုနစ်ရက်။ပ။သူတပါးတို့ ၏ ဝိပါက်ဆတ္တိံသ။ ကြိယာဝီသယူ၍။ပ။၏။ “စေတောပရိယဿ ဉာဏဿ”၏ အရကို စေတောပရိယ ကြိယာအဘိညာဉ်ယူ၍။ပ။၏။ “အဗျာကတာ ခန္ဓာ”၏အရကို ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ဝိပါက်ဆတ္တိံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှ လျှောက်၍ သိသော နိဗ္ဗာန်ယူ၍ “ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ”၏အရကို ပုဗ္ဗေနိဝါသာနုဿတိ ကြိယာအဘိညာဉ်ယူ၍။ပ။၏။ (အနာဂတံသမှလည်း နည်းတူယူ၊ အနာဂတ်ဆိုသည်သာ ထူးသည်) “အဗျာကတာခန္ဓာ အာဝဇ္ဇနာ”ပါဠ်၌ “အဗျာကတာခန္ဓာ”၏အရကို ဝိပါက်ဆတ္တိံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသယူ၍ “အာဝဇ္ဇနာယ”၏အရကို မနောဒွါရာဝဇ္ဇန်းယူ၍။ပ။၏။ ဝီထိချမြဲ။ (ပုထုဇဉ်, သေက္ခသန္တာန်ဝီထိကို ချလေ)

(ပဋ္ဌာန်းအရကောက် ၃၈၀–၃၈၅)

## အဗျာကတော ကုသလဿ

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿန္တိ။ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏန္တိ။ စေတောပရိယဉာဏေန ဝိပါကာဗျာကတကြိယာဗျာကတစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။ အဗျာကတာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ, စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ, အနာဂတံသဉာဏဿ, အာရမ္မဏပစ္စယေန ပစ္စယော။

(ပဋ္ဌာန ပါဠိ ပတွဲ ၁၃၅)

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ ကုသလဿ–ကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ သေက္ခာ–သေက္ခပုဂ္ဂိုလ်တို့သည်၊ ဖလံ–မိမိရအပ်သောဖိုလ်ကို၊ ပစ္စဝေက္ခန္တိ–ဆင်ခြင်ကုန်၏။ နိဗ္ဗာနံ–နိဗ္ဗာန်ကို၊ ပစ္စဝေက္ခန္တိ–ဆင်ခြင်ကုန်၏။ နိဗ္ဗာနံ–နိဗ္ဗာန်သည်၊ ဂေါတြဘုဿ–သောတာပတ္တိမဂ်ရှေး ဂေါတြဘုအား၊ ဝေါဒါနဿ–သကဒါဂါမိမဂ် အနာဂါမိမဂ်ရှေး ဝေါဒါန်အား၊ မဂ္ဂဿ–မဂ်လေးခုအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ သေက္ခာ ဝါ–သေက္ခပုဂ္ဂိုလ်တို့ သည်လည်းကောင်း၊ ပုထုဇ္ဇနာဝါ–ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ စက္ခုံ–စက္ခုပသာဒကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿန္တိ–ဝိပဿနာရှုကုန်၏။ သောတံ–သောတပသာဒကို၊ ဃာနံ–ဃာနပသာဒကို၊ ဇိဝှံ–ဇိဝှါပသာဒကို၊ ကာယံ–ကာယပသာဒကို၊ ရူပေ–ရူပါရုံတို့ကို၊ သဒ္ဒေ–သဒ္ဒါရုံတို့ကို၊ ဂန္ဓေ–ဂန္ဓာရုံတို့ကို၊ ရသေ–ရသာရုံတို့ကို၊ ဖောဋ္ဌဗ္ဗေ–ဖောဋ္ဌဗ္ဗာရုံတို့ကို၊ ဝတ္ထုံ–ဟဒယဝတ္ထုကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿန္တိ–ဝိပဿနာရှုကုန်၏။ ဝိပါကာဗျာကတေ–ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ကိရိယာဗျာကတေ–ကိရိယာအဗျာကတဖြစ်ကုန်သော၊ ခန္ဓေ–ခန္ဓာတို့ကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿန္တိ–ဝိပဿနာရှုကုန်၏။ ဒိဗ္ဗေနစက္ခုနာ–ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်၊ ရူပံ–ရူပါရုံကို၊ ပဿန္တိ–မြင်ကုန်၏၊ ဒိဗ္ဗာယသောတဓာတုယာ–ဒိဗ္ဗသောတအဘိညာဉ်ဖြင့်၊ သဒ္ဒံ–သဒ္ဒါရုံကို၊ သုဏန္တိ–ကြားကုန်၏၊ စေတောပရိယဉာဏေန–စေတောပရိယ အဘိညာဉ်ဖြင့်၊ ဝိပါကာဗျာကတကြိယာဗျာကတစိတ္တသမင်္ဂိဿ–ဝိပါက်အဗျာကတကိရိယာအဗျာကတစိတ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏၊ စိတ္တံ–စိတ်ကို၊ ဇာနန္တိ–သိကုန်၏။

အဗျာကတာ–အဗျာကတဖြစ်ကုန်သော၊ ခန္ဓာ–ခန္ဓာတို့သည်၊ ဣဒ္ဓိဝိဓဉာဏဿစ–ဣဒ္ဓိဝိဓဉာဏ်အားလည်းကောင်း၊ စေတောပရိယဉာဏဿစ–စေတောပရိယဉာဏ်အားလည်းကောင်း၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿစ–ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အားလည်းကောင်း၊ အနာဂတံသဉာဏဿစ–အနာဂတံသဉာဏ်အားလည်းကောင်း၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိပနိသျ ၃၇၅–၃၇၆)

အရဟတ္တဖိုလ် / နိဗ္ဗာန်

ဘ ဘ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဘ ဘ ဘ ဘ

မဟာကုညသံ–၄

သင်္ခါရ နိဗ္ဗာန်

ဘ ဘ န ဒ မ ပ ဉ နု ဂေါ/ဝေါ မဂ် ဖိုလ် ဖိုလ်

မဟာကုညသံ–၄ မဂ်၄ ဖိုလ်၄

စက္ခု–ကာယ၊ ရူပ–ဖောဋ္ဌဗ္ဗ၊ ဝတ္ထု၊ ဝိပါက်ကြိယာစိတ်

ဘ ဘ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ ဘ ဘ

မဟာကု–၈

(၁)ပစ္စုပ္ပန်ရူပါရုံ
(၂)ပစ္စုပ္ပန်သဒ္ဒါရုံ
(၃)ဝိပါက်ကြိယာစိတ် ရုပ် နိဗ္ဗာန်

ဘ ဘ န ဒ မ ပ ဉ နု ဂေါ ဘိ ဘ ဘ ဘ

(၁)ဒိဗ္ဗစက္ခု ကု–အဘိညာဉ်
(၂)ဒိဗ္ဗသောတကု–အဘိညာဉ်
(၃)ဣဒ္ဓိ, စေတော, ပုဗ္ဗေ, အနာဂတံသ ကု–အဘိညာဉ်

**အဓိပ္ပါယ်ကား** –

အဗျာကတဓမ္မသည် ကုသိုလ်ဓမ္မအား။ အာရမ္မဏ။ပ။၏။ အဘယ်...ကား၊ သေက္ခဟုဆိုအပ်သော သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို, သကဒါဂါမ်သည် သကဒါဂါမိဖိုလ်ကို, အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကို ဆင်ခြင်သည့်အခါ အောက်ဖိုလ်သုံးခုသည် ဆင်ခြင်သော ကာမကုသိုလ်အား၊ သေက္ခဟု ဆိုအပ်သော သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို ဆင်ခြင်သောအခါ နိဗ္ဗာန်သည် ဆင်ခြင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်အား၊ နိဗ္ဗာန်သည် ဂေါတြဘု ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် မဂ်လေးခုအား ...၊

(သေက္ခာ ဝါ စသည်တို့၌ အဓိပ္ပါယ်လွယ်ပြီ၊ အောက်ကနည်းကို မှီ၍ ဆိုလေ)

ဝိဓိပါဠိတော်ပါဌ်၌ ကတ္တားကား အရဟတ္တဖိုလ်ကြဉ်သော ဝိပါကပဉ္စက္ခန္ဓ ကြိယာဝီသ စေတသိက် အဋ္ဌတ္တိံသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ပစ္စည်းတရားရ၏။ သမ္ပဒါန်ပါဌ်၏အရကား မဟာကုသိုလ်ရှစ်ခု၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဣဒ္ဓိဝိဓ စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသ ကုသိုလ်အဘိညာဉ် မဂ်လေးခု အပ္ပမညာကြဉ်သော စေတသိက်ဆတ္တိံသ ပစ္စယုပ္ပန်တရားရ၏။

**တနည်းအကျယ်ကား**–

မဟာကုသိုလ်ဉာဏဝိပ္ပယုတ်လေးခုအားတပ်သော လောကီဝိပါကဗာတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသ၊ မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုအားတပ်သော အရဟတ္တဖိုလ်ကြဉ်သော ဝိပါကပဉ္စတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်၊ ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်အားတပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်ရူပါရုံ၊ ဒိဗ္ဗသောတကုသိုလ်အဘိညာဉ်အားတပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်သဒ္ဒါရုံ၊ ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်အားတပ်သော သတ သဟဿစသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံခြောက်ပါး၊ စေတောပရိယ ကုသိုလ်အဘိညာဉ်အားတပ်သော လွန်လေပြီးသော။ပ။အရဟတ္တဖိုလ်ကြဉ်သော ဝိပါကပဉ္စတ္တိံသ ကြိယာဝီသ ဟု ဆိုအပ်သော ဓမ္မာရုံ၊ ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်အားတပ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တ ဖိုလ်ကြဉ်သော ဝိပါကပဉ္စတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါး, ထိုခန္ဓာငါးပါးမှ လျှောက်၍သိအပ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံခြောက်ပါး (အနာဂတံသမှာ အနာဂတ်ဖြစ်သောဆို) ပစ္စည်းတရားရ၏။ (သမ္ပဒါန်ကား ကောက်မြဲ)

ကရိဏ်းပါဌ်၏အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော အာရမ္မဏမျိုး ရှစ်ပစ္စယသတ္တိ တို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

"သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ"ဟူ၍။ပ။ပါဠ်၌ သောတာပန်ဖြစ်အံ့၊ "ဖလံ"၏အရကို သောတာပတ္တိဖိုလ်ယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏အရကို သောတာပန်၏သန္တာန်၌ ဆင်ခြင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုယူ၍ သောတာပတ္တိဖိုလ်သည်။ပ။၏။ သကဒါဂါမ်ဖြစ်အံ့၊ "ဖလံ"၏အရကို သကဒါဂါမိဖိုလ်ယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏အရကို သကဒါဂါမ်၏သန္တာန်၌ ဆင်ခြင်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုတို့တွင် တခုခုယူ၍ သကဒါဂါမိဖိုလ်သည်။ပ။၏။ အနာဂါမ်ဖြစ်အံ့၊ "ဖလံ"၏အရကို အနာဂါမိဖိုလ်ယူ၍ "သေက္ခာ ပစ္စဝေက္ခန္တိ"၏အရကို ယူမြဲ၊ (ဝီထိကို ပစ္စဝေက္ခဏာဝီထိချလေ) "နိဗ္ဗာနံ"၏အရကို နိဗ္ဗာန်ယူ၍ "ဂေါတြဘုဿ"၏အရကို ဂေါတြဘုကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေး တတိယဒွေးယူ၍ "ဝေါဒါနဿ"၏ အရကို ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေး တတိယဒွေးယူ၍ "မဂ္ဂဿ"၏ အရကို မဂ်လေးခုယူ၍ နိဗ္ဗာန်သည် ဂေါတြဘု ဝေါဒါန် မဂ်အား အာရမ္မဏ။၏။ (ပစ္စည်းတပ်ဟန်ဝီထိကို မဂ္ဂဝီထိချလေ) "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ" အစရှိသည်ကို "အဗျာကတော အဗျာကတဿနှင့် နည်းတူ ယူလေ။ (ကုသိုလ်ဇော ယူသည်သာ ထူးသည်)

## အဗျာကတော အကုသလဿ

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ စက္ခုံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဒစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဒစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

(ပဋ္ဌာန ပါဠိ ပတွဲ ၁၃၅-၁၃၆)

အဗျာကတော-အဗျာကတဖြစ်သော၊ ဓမ္မော-တရားသည်၊ အကုသလဿ-အကုသိုလ်ဖြစ်သော၊ ဓမ္မဿ-တရားအား၊ အာရမ္မဏပစ္စယေန-အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။ စက္ခုံ-စက္ခုပသာဒကို၊ အဿာဒေတိ-သာယာ၏၊ အဘိနန္ဒတိ-နှစ်သက်၏၊ တံ-ထိုစက္ခုပသာဒကို၊ အာရဗ္ဘ-အကြောင်းပြု၍၊ ရာဂေါ-ရာဂသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ ဒိဋ္ဌိ-ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ ဝိစိကိစ္ဆာ-ဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ ဥဒ္ဒစ္စံ-ဥဒ္ဒစ္စသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ ဒေါမနဿံ-ဒေါမနဿသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ သောတံ-သောတပသာဒကို၊ ဃာနံ-ဃာနပသာဒကို၊ ဇိဝှံ-ဇိဝှါပသာဒကို၊ ကာယံ-ကာယပသာဒကို၊ ရူပေ-ရူပါရုံတို့ကို၊ သဒ္ဒေ-သဒ္ဒါရုံတို့ကို၊ ဂန္ဓေ-ဂန္ဓာရုံတို့ကို၊ ရသေ-ရသာရုံတို့ကို၊ ဖောဋ္ဌဗ္ဗေ-ဖောဋ္ဌဗ္ဗာရုံတို့ကို၊ ဝတ္ထုံ-ဟဒယဝတ္ထုကို၊ ဝိပါကာဗျာကတေ-ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ကိရိယာဗျာကတေ-ကိရိယာအဗျာကတဖြစ်ကုန်သော၊ ခန္ဓေ-ခန္ဓာတို့ကို၊ အဿာဒေတိ-သာယာ၏၊ အဘိနန္ဒတိ-နှစ်သက်၏၊ တံ-ထိုခန္ဓာကို၊ အာရဗ္ဘ-အကြောင်းပြု၍၊ ရာဂေါ-ရာဂသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊

ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒေါမနဿံ–ဒေါမနဿသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊

(မိုးထိပနိသျ ၃၇၅–၃၇၆)

ပစ္စုပ္ပန်ပဉ္စဒွါရ

ဘ ဘ တီ န ဒ ပ ပဉ္စဝိညာဏ် သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ

စက္ခု–ကာယ၊ ရူပ–ဖောဋ္ဌဗ္ဗ၊ ဝတ္ထု၊ ဝိပါက်ကြိယာစိတ်

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ "ဘ ဘ ဘ

(၁) လောဘမူ သော–၄ သာယာသောအခါ (အဿာဒေတိ)
(၂) လောဘမူ ပီတိသဟဂုတ်–၄ နှစ်သက်သောအခါ (အဘိနန္ဒတိ)
(၃) လောမူ–၈ တပ်သောအခါ (ရာဂေါ ဥပ္ပဇ္ဇတိ)
(၄) လောဘမူ ဒိသံ–၄ အမြင်မှားသောအခါ (ဒိဋ္ဌိ ဥပ္ပဇ္ဇတိ)
(၅) ဝိစိကိစ္ဆာသံ–၁ မဆုံးဖြတ်နိုင်သောအခါ (ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ)
(၆) ဥဒ္ဓစ္စသံ–၁ ပျံ့လွင့်သောအခါ (ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ)
(၇) ဒေါသမူ–၂ နှလုံးမသာသောအခါ (ဒေါမနဿံ ဥပ္ပဇ္ဇတိ)

အဓိပ္ပါယ်ကား –

အဗျာကတဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏ။၏။ အဘယ်သို့ .... ကား၊ စက္ခုပသာဒကို အာရုံပြု၍ သာယာသောအခါ လောဘမူ သောမနဿ သဟဂုတ်လေးခုအား, နှစ်သက်သောအခါ သပ္ပီတိကတဏှာပြဋ္ဌာန်းသော လောဘမူသောမနဿသဟဂုတ်လေးခုအား, တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုအား, အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ်လေးခုအား, မဆုံးဖြတ်နိုင်သောအခါ ဝိစိကိစ္ဆာ သဟဂုတ်အား, ပျံ့လွင့်သောအခါ ဥဒ္ဓစ္စသဟဂုတ်အား, နှလုံးမသာယာသော အခါ ဒေါသမူ‌ေ‌ွေအား.... အာရမ္မဏ၏။(အကြွင်းလွယ်ပြီ)

ကတ္တားပုဒ်အရကား လောကီဝိပါက်ဗာတ္တိံသ ကြိယာဝီသ စေတသိက်ပဉ္စတိံသ, ရုပ်အဋ္ဌဝီသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းကား ရှစ်ပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

("စက္ခုံ အဿာဒေတိ" အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒ။ပ။ပါဠ်၌ "စက္ခု"၏အရကို စက္ခုပသာဒယူ၍ "အဿာဒေတိ"၏အရကို အောက်က ယူမြဲတိုင်းယူလေ။ ဝီထိကိုလည်း ချမြဲ)

(ပဋ္ဌာန်းအရကောက် ၃၈၆–၃၈၇)

# အာရမ္မဏပစ္စယော (ပစ္စယနိဒ္ဒေသ)

| | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| အပေါင်း | စိတ် ၈၉ စေ ၅၂ ရုပ်၂၈<br>နိဗ္ဗာန် ပညတ် | စိတ် ၈၉ စေ ၅၂ |

| ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိဏ်း | ပေါင်း |
|---|---|---|---|---|---|
| ပစ္စုပ္ပန်ရူပါရုံ | စက္ခုဝိညာဏ်ဒွေး စေ ၇ | တ | | အာ ပု တ္ထိ အဝိ | ၄ |
| ပစ္စုပ္ပန်သဒ္ဒါရုံ | သောတဝိညာဏ်ဒွေး စေ ၇ | တ | | အာ ပု တ္ထိ အဝိ | ၄ |
| ပစ္စုပ္ပန်ဂန္ဓာရုံ | ဃာနဝိညာဏ်ဒွေး စေ ၇ | တ | | အာ ပု တ္ထိ အဝိ | ၄ |
| ပစ္စုပ္ပန်ရသာရုံ | ဇိဝှါဝိညာဏ်ဒွေး စေ ၇ | တ | | အာ ပု တ္ထိ အဝိ | ၄ |
| ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ | ကာယဝိညာဏ်ဒွေး စေ ၇ | တ | | အာ ပု တ္ထိ အဝိ | ၄ |
| ပစ္စုပ္ပန်ပဉ္စာရုံ | မနောဓာတ် ၃၊ စေ ၁၀ | တ | | အာ ပု တ္ထိ အဝိ | ၄ |
| စိတ်၈၉ စေ၅၂ ရုပ်၂၈ နိဗ် ပညတ် | မနောဝိညာဏဓာတ်၇၆ စေ၅၂ | တ | ယ | အာ၊ဓိ၊နိ၊ဉပ၊<br>ပု၊ဝိပ်၊တ္ထိ၊အဝိ | ၈ |

# အာရမ္မဏပစ္စယော(ပဥ္စာဝါရ)

| အပေါင်း | ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|---|
| | စိတ် ၈၉ စေ ၅၂<br>ရုပ်၂၈၊ နိဗ္ဗာန် | ကာမစိတ်–၅၄၊ ဝိညာ–၃၊ နေဝ–၃၊<br>အဘိညာဉ်–၂၊ လောကုတ္တရာ–၈ |

| သင်္ချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိဏ်း | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ကု | ကု | အရမင်္ဂကြဉ် ကု ၂၀၊ စေ ၃၈ | မဟာကု–၈၊ ဝိညာ နေဝ ကု၊<br>ဣဒ်,စေ,ပု,ယ,နာ, ကုဘိ၊ စေ–၃၃ | တ | ယ | အာ ဓိ ဥ | ၃ |
| ၂ | ကု | အကု | ကိကု ၁၇၊ စေ ၃၈ | အကု ၁၂၊ စေ–၂၇ | တ | ယ | အာ ဓိ ဥ | ၃ |
| ၃ | ကု | ဗျာ | ကု ၂၁၊ စေ ၃၈ | ရုံ၁၁၊ ပဉ္စဝဇ္ဇနန်းကြဉ် ကာမကြိ၁၀၊ ဝိဉ်,<br>နေဝ(ဝိကြိ) စေပုယနာ ကြိဘိ စေ၃၃ | တ | ယ | အာ ဓိ ဥ | ၃ |
| ၄ | အကု | အကု | အကု ၁၂ စေ ၂၇ | အကု ၁၂၊ စေ–၂၇ | တ | ယ | အာ ဓိ ဥ | ၃ |
| ၅ | အကု | ကု | အကု ၁၂ စေ ၂၇ | မဟာကု–၈၊<br>စေ,ပု,ယ,နာ,ကုဘိ၊ စေ–၃၆ | | | အာ | ၁ |
| ၆ | အကု | ဗျာ | အကု ၁၂ စေ ၂၇ | ရုံ၁၁၊ပဉ္စဝဇ္ဇနန်းကြဉ် ကာမကြိ၁၀၊<br>စေပုယနာ ကြိဘိ စေ၃၃ | | | အာ | ၁ |
| ၇ | ဗျာ | ဗျာ | ဝိ၃၆ ကြိ၂၀ ရုပ်၂၈ နိဗ္ဗာန် | ကာမဝိ–၂၃၊ကာမကြိ၁၁၊ ဝိဉ်,နေဝဝိကြိ<br>စက်သောဃ္ဃဒ်စေပုနာကြိဘိ ဖို၄စေ၃၆ | တ | ယ | အာ ဓိ နိ ဥပ ပု<br>ဝိပ် တ္ထိ အဝိ | ၈ |
| ၈ | ဗျာ | ကု | အရဖိုလ်ကြဉ် ဝိ၃၅ ကြိ၂၀၊<br>စေ ၃၈ ရုပ် ၂၈ နိဗ္ဗာန် | မဟာကု–၈၊ စက်,သော,ဃ္ဃဒ်<br>စေ,ပု,နာ, ကုဘိ၊ မဂ်၄၊ စေ–၃၆ | တ | ယ | အာ ဓိ နိ ဥပ ပု<br>ဝိပ် တ္ထိ အဝိ | ၈ |
| ၉ | ဗျာ | အကု | ကိဝိ၃၂၊ ကြိ၂၀ စေ၃၅ ရုပ်၂၈ | အကု ၁၂ စေ ၂၇ | တ | ယ | အာ ဓိ နိ ဥပ ပု<br>ဝိပ် တ္ထိ အဝိ | ၈ |

## အဓိပတိပစ္စယော

အဓိပတိပစ္စည်းသည်

(၁)အာရမ္မဏာဓိပတိ

(၂)သဟဇာတာဓိပတိဟု နှစ်မျိုးရှိ၏။

(၁) မိမိကို သိတတ်သော နာမ်တရားတို့ကို ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သော သတ္တိသဘောသည် အာရမ္မဏာဓိပတိပစ္စည်း ဖြစ်သည်။ ဥပမာ – ရူပါရုံသည် သာမန်ရူပါရုံ, အလွန်အကဲ လှပသော အာရုံဟု နှစ်မျိုးရှိသည်။ သာမန်ရူပါရုံ၌ အာရမ္မဏသတ္တိသာရှိ၏။ အာရမ္မဏာဓိပတိသတ္တိမရှိ။ အလွန်အကဲ လှပသော ရူပါရုံ၌ အာရမ္မဏသတ္တိ, အာရမ္မဏာဓိပတိသတ္တိ နှစ်မျိုးလုံးပင်ရှိသည်။ အာရမ္မဏာဓိပတိသတ္တိရှိသော ရူပါရုံသည် မိမိကို အာရုံပြုသော လောဘမူစိတ်ကို လွှမ်းမိုးချင်တိုင်း လွှမ်းမိုးနိုင်၏။ မမြင်ရလျှင် မနေနိုင်အောင် ဖြစ်စေသည်။ ပဘာဝတီ ရူပါရုံ၏ အာရမ္မဏာဓိပတိသတ္တိကြောင့် အလောင်းတော်ကုသမင်းသည် ယူဇနာတစ်ရာဝေးသော ခရီးကို နေ့ချင်းပေါက် လှမ်း၍ မြန်းတော်မူရသည်။ ဂုတ္တိလစောင်းဆရာ၏ စောင်းသံ သဒ္ဒါရုံ အာရမ္မဏာဓိပတိသတ္တိကြောင့် ပြည့်တန်ဆာမသည် လေသောက်ပြတင်းမှ ခုန်ဆင်းမိလေသည်။ ဤသို့ စသည်ဖြင့် သာမန်အာရုံထက် လွန်လွန်ကဲကဲ စွမ်းဆောင်နိုင်သည့် သတ္တိထူးရှိသော အာရုံသည် အာရမ္မဏာဓိပတိ ပစ္စည်းတပ်သော အာရုံမည်၏။

## အာရမ္မဏာဓိပတိ၏ ပစ္စည်း ပစ္စယုပ္ပန်

| အလေးအမြတ်ပြုအပ်သော(အာရုံ)ပစ္စည်း | အလေးအမြတ်ပြုတတ်သော(အာရမ္မဏိက)ပစ္စယုပ္ပန် |
|---|---|
| (က) ဣဋ္ဌနိပ္ဖန္နရုပ်၊ ဒေါ–၂,မော–၂,ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ် လောကီစိတ် ၇၆–ခု, ဒေါစတုက်–၄ ဝိစိကိစ္ဆာကြဉ် စေ ၄၇ | လောဘမူစိတ် ၈–ခု |
| (ခ) လောကီကုသိုလ်–၁၇ | မဟာကုသိုလ်ဉာဏဝိပ္ပယုတ်–၄ |
| (ဂ) လောကီကုသိုလ်–၁၇၊ အောက်မဂ်–၃၊ အောက်ဖိုလ်–၃၊ နိဗ္ဗာန် | မဟာကုသိုလ်ဉာဏသမ္ပယုတ်–၄ |
| (ဃ) အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန် | မဟာကြိယာဉာဏသမ္ပယုတ်–၄ |
| (င) နိဗ္ဗာန် | လောကုတ္တရာ–၈ |

က, ခ, ဂ, ဃ အကွက်ရှိ တရားများသည် တခါတရံ အလေးအမြတ်မပြုတတ်။ အလေးအမြတ် မပြုသောအခါ ပစ္စနိက်တရားများဖြစ်သည်။ က, ခ, ဂ, ဃ အကွက်ရှိ တရားများမှတပါး ကျန်လောကီစိတ်များသည် အမြဲတမ်း ပစ္စနိက်တရားများဖြစ်သည်။ ပစ္စနိက်ဖြစ်သော စိတ်၏ ယှဉ်ဘက်စေတသိက် ၅၂ နှင့် ရုပ်အားလုံးလည်း ပစ္စနိက်တရားများဖြစ်သည်။ လောကုတ္တရာစိတ် ၈–ပါးသည် နိဗ္ဗာန်ကို အလေးအမြတ်အမြဲ အာရုံပြု၍ အမြဲတမ်း ပစ္စယုပ္ပန်ဖြစ်သည်။

## ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပုံ

(က) လွန်စွာလှပသော ရူပါရုံကို အာရုံပြုလျှက် စွဲလမ်းနှစ်သက်သော စက္ခုဒွါရ မနောဒွါရိက ဝီထိဖြစ်ရာ၌ ရူပါရုံသည် အာရမ္မဏာဓိပတိပစ္စည်း၊ လောဘဇောသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်၊ မိမိ၏ လောကီစျာန်ကို လွန်စွာ သာယာသောအခါ၌ လောကီစျာန် စိတ် စေတသိက်သည် အာရမ္မဏာဓိပတိပစ္စည်း၊ လောဘဇောသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။

(ခ,ဂ) မိမိကုသိုလ်ကိုဖြစ်စေ သူတပါးကုသိုလ်ကိုဖြစ်စေ ဆင်ခြင်ရ အာရုံပြုရသည့် အခါ, မိမိ၏ ဈာန်ကုသိုလ် များကို အားရပါးရဆင်ခြင်သော ပစ္စဝေက္ခဏာကုသိုလ်ဇောဝီထိ ဖြစ်သည့်အခါတို့၌ လောကီကုသိုလ်အာရုံ သည် အာရမ္မဏာဓိပတိပစ္စည်း၊ အလေးဂရုအာရုံပြုတတ်သော မဟာကုသိုလ်ဇော စေတသိက် ၃၃ သည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်

(ဃ) မဟာကုသိုလ်ကြိယာဉာဏသမ္ပယုတ် ၈ ပါးသည် မိမိ မိမိ၏ ဥစ္စာဖြစ်သော လောကုတ္တရာတရားကိုးပါးကို ခြေခြေငံငံ စွဲစွဲလမ်းလမ်း အာရုံပြု၏။ သောတာပန်ပုဂ္ဂိုလ်၏မဟာကုသိုလ် ဉာဏသမ္ပယုတ်သည် (ပစ္စဝေက္ခဏာဝီထိ ဖြစ်သောအခါ သမာပတ်ဝင်စားသောအခါတို့၌) မိမိ သောတာပတ္တိမဂ် သောတာ ပတ္တိဖိုလ် နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြု၏။ သူများ၏ မဂ်ဖိုလ်နိဗ္ဗာန်ကိုကား သာမန်လောက်သာ အာရုံ ပြု၏။ မိမိ၏ သကဒါဂါမိ အနာဂါမိ မဂ်ဖိုလ်နိဗ္ဗာန်တို့၌လည်း ဤနည်းပင်တည်း။ရဟန္တာပုဂ္ဂိုလ်၏ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်သည် မိမိ ဥစ္စာဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်ကို အာရုံ ပြု၏။

(င) လောကုတ္တရာစိတ်လည်း နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြု၏။ ဤ၌လည်း သူများနိဗ္ဗာန်ကို မိမိမဂ်ဖိုလ် က လုံးဝအာရုံမပြုနိုင်သောကြောင့် မိမိ မဂ် ဖိုလ် မိမိ နိဗ္ဗာန်ကိုသာ အာရုံပြုသည်။ နိဗ္ဗာန်သည် အာရမ္မဏာဓိပတိပစ္စည်း, မိမိ၏ မဂ်ဖိုလ်, ဝိရတိနှင့်တကွ စေတသိက် ၃၆-ပါးသည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်။

(ဝီထိနှင့်သုံးချက်စု ဘာဋီ)

## ဣဋ္ဌဖြစ်သောရုပ်

ဣဋ္ဌ (လိုချင်ဘွယ်ရာ) သည် သဘာဝ (အရှိအတိုင်း) ဣဋ္ဌ, ပရိကပ္ပ (ထင်မှတ်ခြင်း) ဣဋ္ဌဟု နှစ်မျိုးရှိရာ နှစ်မျိုးလုံးကိုပင် အာရမ္မဏာဓိပတိပစ္စည်း အဖြစ်ယူရမည်။ ဘုရားရှင်ကဲ့သို့သော သဘာဝဣဋ္ဌာရုံ ကြီးကိုပင် မိစ္ဆာဒိဋ္ဌိတို့က အလွန်တရာ စက်ဆုပ်ဖွယ်ကောင်းသော အနိဋ္ဌာရုံဟု ထင်ကြကုန်၏။ အလွန်တရာ စက်ဆုပ်ဖွယ်ကောင်းသော မစင်ဘင်ပုပ် ခွေကောင်းပုပ် စသည့် သဘာဝ အနိဋ္ဌာရုံကြီးကိုပင် ခွေး, လင်းတ

စသည်တို့က ဣဋ္ဌာရုံဟု ထင်ကြကုန်၏။

သဘာဝဣဋ္ဌာရုံဖြစ်စေကာမူ အလေးအမြတ်ပြုခြင်းမရှိပါက အာရမ္မဏာဓိပတိ ပစ္စည်း မဖြစ်၊ သဘာဝ အနိဋ္ဌာရုံဖြစ်စေကာမူ အလေးအမြတ်ပြုခြင်းရှိပါက အာရမ္မဏာဓိပတိပစ္စည်း ဖြစ်နိုင်၍ အာရမ္မဏာဓိပတိ ပစ္စည်း၌ သဘာဝဣဋ္ဌ, ပရိကပ္ပဣဋ္ဌ နှစ်မျိုးလုံးယူရမည်။

## အာရမ္မဏာဓိပတိပစ္စည်းမဖြစ်သောတရားများ

အနိပ္ဖန္နရုပ်သည် နိပ္ဖန္နရုပ်၏ အခိုက်အတန့်မျှသာဖြစ်၍ နိပ္ဖန္နရုပ်အား အလေးအမြတ်ပြုအပ်သော သဘောမရှိ၍၊ ဒေါသမူဒွေးသည် အနိဋ္ဌာရုံ, ကြမ်းတမ်းသောသဘောရှိ၍၊ မောဟမူသည် အလွန်တွေဝေသော သဘောရှိ၍၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်သည် ဒုက္ခဝေဒနာနှင့်တကွဖြစ်၍၊ ဒေါစတုက်လေးပါးသည် ဒေါသမူ၌သာယှဉ်၍၊ ဝိစိကိစ္ဆာသည် မောဟမူ၌သာယှဉ်၍၊ ပညတ်သည် အလေးအမြတ်ပြုအပ်သော သဘောမှကင်း၍၊ အာရမ္မဏာဓိပတိပစ္စည်းမဖြစ်နိုင်ကြ။

## အာရမ္မဏာဓိပတိပစ္စယုပ္ပန်မဖြစ်သောတရားများ

ပညတ်သည် အလေးအမြတ်ပြုအပ်သော အာရုံမဟုတ်။ အပ္ပမညာစေတသိက်သည် ဒုက္ခိတသုခိတသတ္တဝါပညတ်ကိုသာ အာရုံပြု၍ ပစ္စယုပ္ပန်မဖြစ်။ ဝိရတိစေတသိက်သည် ဝီတိက္ကမိတဗ္ဗ (လွန်ကျူးအပ်သော)အာရုံကို အာရုံပြု၏။ လောကီကုသိုလ်တို့သည် ဝီတိက္ကမိတဗ္ဗမဟုတ်၍ ပစ္စယုပ္ပန်မဖြစ်။ မဟာကြိယာဉာဏဝိပ္ပယုတ်လေးခုသည် ဉာဏ်ကင်းသောကြောင့် လောကုတ္တရာတရားကို အာရုံမပြုနိုင်၍ ပစ္စယုပ္ပန်မဖြစ်။ လောကီတရားကို အဘယ်ကြောင့် အာရုံမပြုသနည်းဟူမူကား အထွဋ်အမြတ်သို့ရောက်သော ရဟန္တာပုဂ္ဂိုလ်သည် လောကီတရားကို အလေးအမြတ်မပြု။ လောကုတ္တရာတရားကိုသာ အလေးအမြတ်ပြုသည်။ ဒေါသမူလည်း အလေးအမြတ်မပြု။ အဘယ့်ကြောင့်နည်းဟူမူကား ပြစ်မှားတတ်သော အမျက်ထွက်တတ် သောသူသည် တစုံတခုသော တရားကိုမျှ အလေးအမြတ် မပြုသောကြောင့်တည်း။ မောဟမူသည်လည်း အလေးအမြတ် မပြု။ အဘယ့်ကြောင့်နည်းဟူမူကား မိုက်မဲတွေဝေသောသူသည်လည်း တစုံတခုသော တရားကိုမျှ အလေးအမြတ် မပြုသောကြောင့်တည်း။ မဟဂ္ဂုတ်ကုသိုလ်သည် မိမိသည်မြတ်သောတရား ဖြစ်သောကြောင့် တစုံတခုကိုမျှ အလေးမပြု။

(အဓိပတိကိစ္စတပ်နိုင်သော ဒွိဟိတ်ဇော တိဟိတ်ဇောတို့မှသာ ပစ္စယုပ္ပန်ဖြစ်နိုင်သည်ကို သတိပြုပါ)

## ပဋ္ဌာဝါရပါဠိ

## (အာရမ္မဏ)အဓိပတိပစ္စယော

## ကုသလော ကုသလဿ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။ အာရမ္မဏာဓိပတိ – ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ, တံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ သေက္ခာ ဂေါတြဘုံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ ဝေါဒါနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။

(ပဋ္ဌာန ပါဠိ ပတွဲ ၁၃၆)

ကုသလော–ကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ ကုသလဿ–ကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အဓိပတိ–အဓိပတိသည်၊ အာရမ္မဏာဓိပတိ–အာရမ္မဏာဓိပတိလည်းကောင်း၊ သဟဇာတာဓိပတိ–သဟဇာတာဓိပတိလည်းကောင်း၊ ဣတိ–ဤသို့၊ ဒုဝိဓော–နှစ်ပါးအပြားရှိ၏။ တေသု–ထိုနှစ်ပါးတို့တွင်၊ အာရမ္မဏာဓိပတိ–အာရမ္မဏာဓိပတိကို၊ ဧဝံ–ဤသို့၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏။ ဒါနံ–အလှူကို၊ ဒတွာ–ပေးလှူ၍၊ သီလံ–သီလကို၊ သမာဒိယိတွာ–ကောင်းစွာဆောက်တည်၍၊ ဥပေါသထကမ္မံ–အဋ္ဌင်္ဂုပုသ်ကံကို၊ ကတွာ–ဆောက်တည်ပြီး၍၊ တံ–ထိုဒါနသီလကုသိုလ်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ပစ္စဝေက္ခတိ–ဆင်ခြင်၏။ ပုဗ္ဗေ–ရှေး၌၊ သုစိဏ္ဏာနိ–ကောင်းစွာလေ့ကျက်အပ်ပြီးကုန်သော ကာမကုသိုလ်တို့ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ပစ္စဝေက္ခတိ–ဆင်ခြင်၏။

ဈာနာ–ဈာန်မှ၊ ဝုဋ္ဌဟိတွာ–ထ၍၊ ဈာနံ–ဈာန်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ပစ္စဝေက္ခတိ–ဆင်ခြင်၏။

သေက္ခာ–သေက္ခဟုဆိုအပ်သော သောတာပန်ပုဂ္ဂိုလ်တို့သည်၊ ဂေါတြဘုံ–သောတာပတ္တိမဂ်ရှေး ဂေါတြဘူကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ပစ္စဝေက္ခန္တိ–ဆင်ခြင်ကုန်၏။ သေက္ခာ–သေက္ခဟုဆိုအပ်သော သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့သည်၊ ဝေါဒါနံ–သကဒါဂါမိမဂ်, အနာဂါမိမဂ်ရှေး ဝေါဒါန်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ပစ္စဝေက္ခန္တိ–ဆင်ခြင်ကုန်၏။ သေက္ခာ–သေက္ခဟုဆိုအပ်သော သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့သည်၊ မဂ္ဂါ–မိမိရသောမဂ်မှ၊ ဝုဋ္ဌဟိတွာ–ထ၍၊ မဂ္ဂံ–မိမိရအပ်သောမဂ်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ပစ္စဝေက္ခန္တိ–ဆင်ခြင်ကုန်၏။

(မိုးထိ ပ ၃၇၇)

## အာရုံ

(က) ဒါနကုသိုလ် မဟာကု–၈
(ခ) ပဉ္စင်္ဂသီ ဒသင်္ဂသီလ မဟာကု–၈
(ဂ) အင်္ဂဥပုသ်သီလ မဟာကု–၈
(ဃ) ရှေးကပြုခဲ့သော ဒါန သီလ အင်္ဂဥပုသ်သီလ မဟာကု–၈
(င) ဈာန်(ရူပကု–၅, အရူပကု–၄)
(ဂ) ဂေါတြဘူ/ဝေါဒါန်၊ အောက်မဂ်––၃

ဘ ဘ ဘ န ဒ " မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ " ဘ ဘ ဘ
မဟာကုသိုလ်–၈

ကုသလော။ပ။ပါဠ်၌ အာရမ္မဏာဓိပတိဖြစ်အံ့၊ "ကုသလော ဓမ္မော"ဟူသော ကတ္တားပုဒ်ကား အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ်ကြဉ်သောကုသိုလ်ဝီသ၊ စေတသိက် အဋ္ဌတိံသ ပစ္စည်တရား ရ၏။

(တနည်းကား) အလေးအမြတ်ပြုတတ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် လေးခုအားတတ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ်သတ္တရသ၊ အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် လေးခုးအားတပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ, စေ အဋ္ဌတိံသ ပစ္စည်းတရားရ၏။

သမ္ပဒါန်ကား အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ရှစ်ခု၊ ဝိရတိ အပ္ပမညာကြဉ်သော စေ တေတ္တိံသ။ ပစ္စယုပ္ပန်ရ၏။ ကရိဏ်းပါဠ်၏အရကား တပြိုင်နက်ယထာရဟ တတ်ကောင်းသော အာရမ္မဏာဓိပတိ အာရမ္မဏ အာရမ္မဏူပနိဿယ၊ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

"ဒါနံ ဒတွာ တံ ဂရုံ ကတွာ ပစ္စဝေက္ခတိ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဠ်၌ "ဒါနံ"၏အရကို အန္န ပါန ဃရ ဝတ္ထ အစရှိသော ဒါနဝတ္ထု ဒါနစေတနာယူ၍ "ဒတွာ တံ"၏အရကို ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ "ဂရုံ ကတွာ ပစ္စက္ခေတိ"အရကို အလေးအမြတ်ပြု၍ ဆင်ခြင်သော ကာမကုသိုလ်ယူ၍ ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အလေးအမြတ်ပြု၍ ဆင်ခြင်သော ကာမကုသိုလ်အား။ပ။၏။

"သီလံ သမာဒိယိတွာ တံ ဂရုံ ကတွာ ပစ္စဝေက္ခတိ"ဟူ၍ ဟောတော်မူအပ်သော။ပ။ပါဠ် "သီလံ သမာဒိယိတွာ တံ"၏အရကို ပဉ္စင်္ဂသီလ ဒသင်္ဂသီလ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ် ယူ၍ "ဂရုံ ကတွာ ပစ္စဝေက္ခတိ"၏ အရကို အလေးအမြတ်ပြု၍ ဆင်ခြင်သော ကာမကုသိုလ်ယူ၍ ပဉ္စင်္ဂသီလ ဒသင်္ဂသီလစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဆင်ခြင်သော ကာမကုသိုလ်အား၊ အာရမ္မဏာဓိပတိ ။ပ။၏။

(ပဋ္ဌာန်းအရကောက် ၃၈၈–၃၈၉)

## ကုသလော အကုသလဿ

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။ အာရမ္မဏာဓိပတိ – ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ, တံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

(ပဋ္ဌာန ပါဠိ ပတွဲ ၁၃၆)

ကုသလော–ကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ အကုသလဿ–အကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အာရမ္မဏာဓိပတိ–အာရမ္မဏာဓိပတိကို၊ ဓဝံ–ဤသို့၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏။ ဒါနံ–အလှူကို၊ ဒတွာ–ပေးလှူ၍၊ သီလံ–သီလကို၊ သမာဒိယိတွာ–ကောင်းစွာဆောက်တည်၍၊ ဥပေါသထကမ္မံ–အဋ္ဌင်္ဂုပုသ်ကံကို၊ ကတွာ–ဆောက်တည်ပြီး၍၊ တံ–ထိုဒါနသီလကုသိုလ်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ အဿာဒေတိ–သာယာ၏၊ အဘိနန္ဒတိ–နှစ်သက်၏၊ တံ–ထိုဒါနသီလကုသိုလ်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ ပုဗ္ဗေ–ရှေး၌၊ သုစိဏ္ဏာနိ–ကောင်းစွာလေ့ကျက်အပ်ပြီးကုန်သော ကာမကုသိုလ်တို့ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ အဿာဒေတိ–သာယာ၏၊ အဘိနန္ဒတိ–နှစ်သက်၏၊ တံ–ထိုဒါနသီလကုသိုလ်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ ဈာနာ–ဈာန်မှ၊ ဝုဋ္ဌဟိတွာ–ထ၍၊ ဈာနံ–ဈာန်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ အဿာဒေတိ–သာယာ၏၊ အဘိနန္ဒတိ–နှစ်သက်၏၊ တံ–ထိုဒါနသီလကုသိုလ်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

(မိုးထိ ပ ၃၇၇)

**အာရုံ**

(က) ဒါနကုသိုလ် <u>မဟာကု-၈</u>

(ခ) ပဉ္စင်္ဂသီ ဒသင်္ဂသီလ <u>မဟာကု-၈</u>

(ဂ) အဋ္ဌင်္ဂဥပုသ်သီလ <u>မဟာကု-၈</u>

(ဃ) ရှေးကပြုခဲ့သော ဒါန သီလ အဋ္ဌင်္ဂဥပုသ်သီလ <u>မဟာကု-၈</u>

(င) ဈာန်(ရူပကု-၅, အရူပကု-၄)

ဘ ဘ ဘ န ဒ "မ <u>ဇ ဇ ဇ ဇ ဇ ဇ ဇ</u> တ တ " ဘ ဘ ဘ

(၁) လောဘမူ သော-၄ သာယာသောအခါ (အဿာဒေတိ)

(၂) လောဘမူ ပီတိသဟဂုတ်-၄ နှစ်သက်သောအခါ (အဘိနန္ဒတိ)

(၃) လောမူ-၈ တပ်သောအခါ (ရာဂေါ ဥပ္ပဇ္ဇတိ)

(၄) လောဘမူ ဒိသံ-၄ အမြင်မှားသောအခါ (ဒိဋ္ဌိ ဥပ္ပဇ္ဇတိ)

**အဓိပ္ပါယ်ကား** –

ကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေသည်။ အဘယ်သို့...ကား အန္န ပါန ဃရ ဝတ္ထုအစရှိသော ဒါနဝတ္ထုကို လှူပြီး၍ ပရိစ္စာဂစေတနာ ဝိသောဓနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ကို အလေးအမြတ်ပြု၍ သာယာသောအခါ ပရိစ္စာဂစေတနာ ဝိသောဓနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်သည် လောဘမူသောမနဿသဟဂုတ်အား, နှစ်သက်သောအခါ လောဘမူပီတိသဟဂုတ်အား, တပ်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူရှစ်ခုအား, အမြင်မှားသောအခါ ဒိဋ္ဌိဂတသမ္ပယုတ်လေးခုအား, ...(ဤနည်းကိုမှီ၍ ဆိုလေ)။

ကတ္တားကား အလေးအမြတ် ပြုအပ်သော လောကီကုသိုလ်သတ္တရသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခု ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟတပ်ကောင်းသော အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ၊ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ဒါနံ ဒတွာ တံ အဿာဒေတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ "ဒါနံ"၏ အရကို ဒါနဝတ္ထု ဒါနစေတနာကိုယူ၍ "ဒတွာ တံ"၏အရကို ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ယူ၍ "ဂရုံ ကတွာ အဿာဒေတိ"၏ အရကို အလေးအမြတ်ပြု၍ သာယာသော လောဘမူသောမနဿသဟဂုတ်ယူ၍ "အဘိနန္ဒတိ"၏အရကို အလေးအမြတ်ပြု၍ နှစ်သက်သော လောဘမူပီတိသဟဂုတ်ယူ၍ (အထက်ကိုယူမြဲ) ပရိစ္စာဂစေတနာ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခုအား။ပ။၏။(ဝီထိချမြဲ။ သီလံ သမာဒိယိတွာ အစရှိသည်၏အရကို အာရမ္မဏ, က "ကုသလော အကုသလဿ"မှီ၍ဆိုလေ)

(ပဋ္ဌာန်းအရကောက် ၃၉၀)

## ကုသလော အဗျာကတဿ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။ အာရမ္မဏာဓိပတိ – အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။

(ပဋ္ဌာန ပါဠိ ပတွဲ ၁၃၆)

ကုသလော–ကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အာရမ္မဏာဓိပတိ–အာရမ္မဏာဓိပတိကို၊ ဧဝံ–ဤသို့၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏။ အရဟာ–ရဟန္တာပုဂ္ဂိုလ်သည်၊ မဂ္ဂါ–အရဟတ္တမဂ်မှ၊ ဝုဋ္ဌဟိတွာ–ထ၍၊ မဂ္ဂံ–အရဟတ္တမဂ်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ပစ္စဝေက္ခတိ–ဆင်ခြင်၏။

(မိုးထိ ပ ၃၇၇)

အရဟတ္တမဂ်

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ ဘ ဘ

မဟာကြိယာဉာဏ်–၄

"ကုသလော"ကတ္တားကား အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ်လေးခုအားတပ်သော အရဟတ္တမဂ် ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ်လေးခု, ဝိရတိ အပ္ပမညာကြဉ်သော စေတသိက်တေတ္တိံသ ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းကား အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ၊ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အကုသလော အကုသလဿ

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။ အာရမ္မဏာဓိပတိ – ရာဂံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊

(ပဋ္ဌာန ပါဠိ ပတွဲ ၁၃၆)

## အကု အကုနိဿယ

အကုသလော–အကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ အကုသလဿ–အကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စည်းဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ–ဖြစ်၏။ အာရမ္မဏာဓိပတိ–အာရမ္မဏာဓိပတိကို၊ ဧဝံ–ဤသို့၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏။ ရာဂံ–ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ အဿာဒေတိ–သာယာ၏။ အဘိနန္ဒတိ–နှစ်သက်၏။ တံ–ထိုရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ ဒိဋ္ဌိံ–ဒိဋ္ဌိကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ အဿာဒေတိ–သာယာ၏။ အဘိနန္ဒတိ–နှစ်သက်၏။ တံ–ထိုဒိဋ္ဌိကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

(မိုးထိ ပ ၃၇၉)

လောဘမူ ၈–ခု

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ" ဘ ဘ ဘ

လောဘမူ ၈–ခု

"အကုသလော"ကတ္တားကား အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခုအားတပ်သော အလေးအမြတ်ပြုအပ်သော လောဘမူရှစ်ခု ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခု, စေတသိက်ဇာဝီသ ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းကား တပြိုင်နက်ယထာရဟတတ်ကောင်းသော အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ၊ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

### အဗျာကတော အဗျာကတဿ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။ အာရမ္မဏာဓိပတိ – အရဟာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ အဓိပတိပစ္စယေန ပစ္စယော။

(ပဌာန ပါဠိ ပတွဲ ၁၃၆)

အဗျာကတော–အဗျာကတဖြစ်သော။ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အာရမ္မဏာဓိပတိ–အာရမ္မဏာဓိပတိကို၊ ဧဝံ–ဤသို့၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏။ အရဟာ–ရဟန္တာပုဂ္ဂိုလ်သည်၊ ဖလံ–အရဟတဖိုလ်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ပစ္စဝေက္ခတိ–ဆင်ခြင်၏။ နိဗ္ဗာနံ–နိဗ္ဗာန်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ပစ္စဝေက္ခတိ–ဆင်ခြင်၏။ နိဗ္ဗာနံ–နိဗ္ဗာန်သည်၊ ဖလဿ–ဖိုလ်လေးခုအား၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိ ပ ၃၈၀)

အရဟတ္တဖိုလ်/နိဗ္ဗာန်

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ ဘ ဘ

မဟာကြိယာဉာဏ်–၄

| နိဗ္ဗာန် | နိဗ္ဗာန် |
| --- | --- |
| န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဘ ဘ ဘ | န ဒ မ နု နု နု နု ဖိုလ်များစွာ ဘ ဘ ဘ |
| ဖိုလ် ၄–ခု | ဖိုလ် ၄–ခု |

"အဗျာကတော"ကတ္တားကား အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ်လေးခု အားတပ်သော အလေးအမြတ်ပြုအပ်သော အရဟတ္တဖိုလ်, နိဗ္ဗာန် ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား မဟာကြိယာဉာဏသမ္ပယုတ်လေးခု ဖိုလ်လေးခု အပ္ပမညာကြဉ် စေတသိက်ဆတ္တိံသ ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းကား အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ၊ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အဗျာကတော ကုသလဿ

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။ အာရမ္မဏာဓိပတိ – သေက္ခာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အဓိပတိပစ္စယေန ပစ္စယော။

(ပဋ္ဌာန ပါဠိ ပတွဲ ၁၃၇)

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ ကုသလဿ–ကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ အာရမ္မဏပစ္စယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ သေက္ခာ–သေက္ခပုဂ္ဂိုလ်တို့သည်၊ ဖလံ–မိမိရအပ်သောဖိုလ်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ပစ္စဝေက္ခန္တိ–ဆင်ခြင်ကုန်၏။ နိဗ္ဗာနံ–နိဗ္ဗာန်ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ပစ္စဝေက္ခန္တိ–ဆင်ခြင်ကုန်၏။ နိဗ္ဗာနံ–နိဗ္ဗာန်သည်၊ ဂေါတြဘုဿ–သောတာပတ္တိမဂ်ရှေး ဂေါတြဘုအား၊ ဝေါဒါနဿ–သကဒါဂါမိမဂ် အနာဂါမိမဂ်ရှေး ဝေါဒါန်အား၊ မဂ္ဂဿ–မဂ်လေးခုအား၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(ပဋ္ဌာန ပါဠိ ပတွဲ ၁၃၇)

သောတာပတ္တိ/သကဒါဂါမိ/အနာဂါမိ/နိဗ္ဗာန်

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ" ဘ ဘ ဘ

မဟာကုသိုလ်ဉာဏ်–၄

နိဗ္ဗာန်

န ဒ မ ပ ဉ နု ဂေါ/ဝေါ မဂ် ဖိုလ် ဖိုလ် ဘ ဘ ဘ

မဟာကုဉာဏ်–၄ မဂ်–၄

## အဗျာကတော အကုသလဿ

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ – စက္ခုံ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

(ပဋ္ဌာန ပါဠိ ပတွဲ –၁၃၇)

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ အကုသလဿ–အကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ အဓိပတိပစ္စယေန–အဓိပတိပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။အာရမ္မဏာဓိပတိ–အာရမ္မဏာဓိပတိကို၊ ဧဝံ–ဤသို့၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏။ စက္ခုံ–စက္ခုပသာဒကို၊ အဿာဒေတိ–သာယာ၏၊ အဘိနန္ဒတိ–နှစ်သက်၏၊ တံ–ထိုစက္ခုပသာဒကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။ သောတံ–သောတပသာဒကို၊ ဃာနံ–ဃာနပသာဒကို၊ ဇိဝှံ–ဇိဝှါပသာဒကို၊ ကာယံ–ကာယပသာဒကို၊ ရူပေ–ရူပါရုံတို့ကို၊ သဒ္ဒေ–သဒ္ဒါရုံတို့ကို၊ ဂန္ဓေ–ဂန္ဓာရုံတို့ကို၊ ရသေ–ရသာရုံတို့ကို၊ ဖောဋ္ဌဗ္ဗေ–ဖောဋ္ဌဗ္ဗာရုံတို့ကို၊ ဝတ္ထုံ–ဟဒယဝတ္ထုကို၊ ဝိပါကာဗျာကတေ–ဝိပါက်အဗျာကတဖြစ်ကုန်သော၊ ကိရိယာဗျာကတေ–ကိရိယာအဗျာကတဖြစ်ကုန်သော၊ ခန္ဓေ–ခန္ဓာတို့ကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ အဿာဒေတိ–သာယာ၏၊ အဘိနန္ဒတိ–နှစ်သက်၏၊ တံ–ထိုခန္ဓာကို၊ ဂရုံကတွာ–အလေးအမြတ်ပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

(မိုးထိပနိသျ ၃၇၅–၃၇၆)

ပစ္စုပ္ပန်ပဉ္စာရုံ

ဘ ဘ တီ န ဒ ပ ပဉ္စဝိညာဏ် သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ

စက္ခု–ကာယ၊ ရူပ–ဖောဋ္ဌဗ္ဗ၊ ဝတ္ထု၊ ဝိပါက်ကြိယာစိတ်

ဘ ဘ ဘ န ဒ " မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ " ဘ ဘ ဘ

(၁) လောဘမူ သော–၄ သာယာသောအခါ (အဿာဒေတိ)
(၂) လောဘမူ ပီတိသဟဂုတ်–၄ နှစ်သက်သောအခါ (အဘိနန္ဒတိ)
(၃) လောမူ–၈ တပ်သောအခါ (ရာဂေါ ဥပ္ပဇ္ဇတိ)
(၄) လောဘမူ ဒိသံ–၄ အမြင်မှားသောအခါ (ဒိဋ္ဌိ ဥပ္ပဇ္ဇတိ)

ကတ္တားကား အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လောကီဝိပါက် ဇေတတိံသ၊ **ကြိယာဝီသ**[၁]၊ စေတသိက်ပဉ္စတိံသ၊ ပစ္စည်းတရား ရှ၏။ သမ္ပဒါန်ကား လောဘမူရှစ်ခု၊ စေတသိက်ဗာဝီသ၊ ပစ္စယုပ္ပန်။ပ။၏။ ကရိဏ်းကား အာရမ္မဏ အာရမ္မဏာဓိပတိ နိဿယ ဉပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင် အာရမ္မဏာဓိပတိသတ္တိ။ပ။ရှ၏။

"စက္ခုံ ဂရုံကတွာ အဿာဒေတိ"အစရှိသည်ဖြင့် ဟောတော်။ပ။ပါဠ်၌ "စက္ခုံ"၏အရကို အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော စက္ခုပသာဒယူ၍ "ဂရုံကတွာ အဿာဒေတိ"၏အရကို အလေးအမြတ် ပြုတတ်သော လောဘမူ သောမနဿသဟဂုတ်ယူ၍ "အဘိနန္ဒတိ"အရကို အလေးအမြတ် ပြုတတ်သော သပ္ပီတိကတဏှာပြဋ္ဌာန်းသော သောမနဿသဟဂုတ်ယူ၍ "ရာဂေါ ဉပ္ပဇ္ဇတိ"၏အရကို အလေးအမြတ် ပြုတတ်သော ရာဂပြဋ္ဌာန်းသော လောဘမူယူ၍ "ဒိဋ္ဌိ ဉပ္ပဇ္ဇတိ"၏အရကို အလေးအမြတ် ပြုတတ်သော ဒိဋ္ဌိဂတသမ္ပယုတ်လေးခုကိုယူ၍ အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော စက္ခုပသာဒသည် အလေးအမြတ် ပြုတတ်သော လောဘမူအား။ပ။၏။

(အာရမ္မဏာဓိပတိ ပြီး၏)
(အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့်တူသည်)
(ပဋ္ဌာန်းအရကောက် ၃၈၇-၃၉၆)

## ပစ္စယနိဒ္ဒေသပါဠိ

## (အာရမ္မဏ)အဓိပတိပစ္စယော

ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဉပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။ (ပဋ္ဌာန ပါဠိ ပတွဲ -၂)

ယံယံဓမ္မံ-အကြင်အကြင်သို့သဘောရှိသော အာရုံခြောက်ပါးပစ္စည်းတရားကို၊ ဂရုံကတွာ-အလေး အမြတ်ပြုကုန်၍၊ ယေယေဓမ္မာ-အကြင်အကြင်သို့သဘောရှိကုန်သော အာရမ္မဏိကပစ္စယုပ္ပန်တရားတို့သည်၊ ဉပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏၊ စိတ္တစေတသိကာ-စိတ်စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ-တရားတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ တေတေဓမ္မာ-ထိုထိုသို့သဘောရှိသော အာရုံခြောက်ပါးပစ္စည်းတရားသည်၊ တေသံတေသံဓမ္မာနံ-ထိုထိုသို့သဘောရှိကုန်သော အာရမ္မဏိကပစ္စယုပ္ပန်တရားတို့အား၊ အဓိပတိပစ္စယေန-အာရမ္မဏာဓိပတိ သတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။ (မိုးထိပနိသျ -၆)

---

၁ သောရေယျသည် ရဟန္တာ ရှင်မဟာကစ္စည်းကို ခန္ဓာကိုယ်ကို အာရမ္မဏာဓိပတိ ဖြစ်ရာ၌ လောဘသည် ရဟန္တာ၏ ကိုယ်ရှိ ဝိပါက်ကြိယာတို့ကိုလည်း အာရုံပြုရာရောက်၍ လောဘသည် ကြိယာတို့ကို သာယာနိုင်သည်ဟုဆိုသည်။
(ပဋ္ဌာနသာရဝိဘာဝနီ ဒု ၁၇၈)

"ယံယံဓမ္မံ"ဟူသော ပါဠ်ဖြင့် အနိယမအားဖြင့် အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော စိတ်ရှစ်ဆဲ့လေးခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက်လေးဆဲ့ခုနှစ်ခု၊ နိဗ္ဗာန်ဟုဆိုအပ်သော အာရမ္မဏာ ဓိပတိ ပစ္စည်းတရားကို ပြတော်မူ၏။

"ယေယေဓမ္မာ"ဟူသော ပါဠ်ဖြင့် အနိယမအားဖြင့် အလေးအမြတ်ပြုတတ်သော လောဘမူရှစ်ခု၊ မဟာကုသိုလ်ရှစ်ခု၊ မဟာကြိယာဉာဏသမ္ပယုတ်လေးခု၊ လောကုတ္တရာစိတ်ရှစ်ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ အပ္ပမညာကြဉ်သော စေတသိက်လေးဆဲ့ငါးခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"စိတ္တစေတသိကာ ဓမ္မာ"ဟူသောပါဠ်ဖြင့် အလေးအမြတ်ပြုတတ်သော ပစ္စယုပ္ပန်နာမက္ခန္ဓာသရုပ်ကို ပြတော်မူ၏။

"တေတေဓမ္မာ"ဟူသော ကတ္တားပါဠ်ဖြင့် နိယမအားဖြင့် "ယံယံ ဓမ္မံ"ဟူသော ပါဠ်ဖြင့် မှတ်အပ်ပြီးသော အလေးအမြတ်ပြုအပ်သော အာရုံခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။

"တေသံ တေသံ ဓမ္မာနံ"ဟူသော သမ္ပဒါန်ပါဠ်ဖြင့် နိယမအားဖြင့် "ယေယေဓမ္မာ"ဟူသော ပါဠ်ဖြင့် မှတ်အပ်ပြီးသော အာရမ္မဏိကပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

"အဓိပတိပစ္စယေန"ဟူသော ကရိဏ်းပါဠ်ဖြင့် တပြိုင်နက်ယထာရဟာတတ်ကောင်းသော အဓိပတိ အာရမ္မဏ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤရှစ်ပစ္စယ။ပ။သ။၏။

တနည်းကား–

(၁) အလုံးစုံသော အာရမ္မဏာဓိပတိပစ္စည်းဖြစ်အံ့။ အဓိပတိ အာရမ္မဏ ဥပနိဿယ ဤသုံးပစ္စယသတ္တိ တို့တွင်။ပ။သ။

(၂) အလေးအမြတ် ပြုတတ်သော လောဘမူရှစ်ခုအားတတ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ် သော ပစ္စုပ္ပန် နိပ္ဖန္နရုပ်အဋ္ဌာရသဟုဆိုအပ်သော အာရမ္မဏပုရေဇာတပစ္စည်းဖြစ်အံ့။ (ပုရေဇာတ အတ္ထိ အဝိဂတထည့်၍) ခြောက်ပစ္စယ။ပ။သ။

(၃) အလေးအမြတ် ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အားတတ်သော စုတိစိတ်မှ ပြန်၍ရေတွက်သော် တဆဲ့ခုနှစ်ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော အလေးအမြတ်ပြုအပ်သော ဝတ္ထာရမ္မဏဖြစ်အံ့။(နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတထည့်၍) ရှစ်ပစ္စယတို့တွင် အဓိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(ပဋ္ဌာန်းအရကောက် ၁၆–၁၇)

## (အာရမ္မဏ)အဓိပတိပစ္စယော(ပဥှာဝါရ))

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
| အပေါင်း | | | ဣဋ္ဌနိရုပ် ၁၈၊ စိတ် ၈၄၊ စေ ၄၇၊ နိဗ္ဗာန် | လောဘမူ ၈၊ မဟာကု ၈၊ မဟာကြိညသံ ၄၊လောကုတ္တရာ ၈၊ | | | | |
| သင်္ချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိဏ်း | ပေါင်း |
| ၁ | ကု | ကု | အရမဂ်ကြဉ် ကု ၂၀၊ စေ ၃၈ | မဟာကု–၈၊ စေ–၃၃ | တ | | အာ မိ ဥ | ၃ |
| ၂ | ကု | အကု | ကီကု ၁၇၊ စေ ၃၈ | လောဘမူ ၈၊ စေ ၂၂၊ | တ | | အာ မိ ဥ | ၃ |
| ၃ | ကု | ဗျာ | အရဟတ္တမဂ်၊ စေ ၃၆ | မဟာကြိညသံ–၄၊ စေ၃၃ | တ | | အာ မိ ဥ | ၃ |
| ၄ | အကု | အကု | လောဘမူ ၈၊ စေ ၂၂၊ | လောဘမူ ၈၊ စေ ၂၂၊ | တ | | အာ မိ ဥ | ၃ |
| ၅ | ဗျာ | ဗျာ | အရဟတ္တဖိုလ် နိဗ္ဗာန် | မဟာကြိညသံ–၄၊ ဖိုလ်၄၊ စေ၃၆ | တ | | အာ မိ ဥ | ၃ |
| ၆ | ဗျာ | ကု | အောက်ဖိုလ်၃၊ နိဗ္ဗာန် | မဟာကုသံ၄၊ မဂ်၄၊ စေ–၃၆ | တ | | အာ မိ ဥ | ၃ |
| ၇ | ဗျာ | အကု | နိရုပ် ၁၈၊ ကီဝိ၃၁၊ ကြိ၂၀၊ စေ၃၅ | အကု ၁၂ စေ ၂၇ | တ | ယ | အာ မိ နိ ဥပ ပု ဝိပ် တ္ထိ အဝိ | ၈ |

## ပုရေဇာတပစ္စယော

**ပုရေဇာတ**॥ ॥ ဆိုင်ရာပစ္စယုပ္ပန်အား မှီရာအဖြစ်ဖြင့်ဖြစ်စေ အာရုံအဖြစ်ဖြင့်ဖြစ်စေ ကျေးဇူးပြုဘို့ရာ ထိုပစ္စယုပ္ပန်တို့မဖြစ်မီ ရှေးဦးစွာ ဖြစ်စေနိုင်သော သတ္တိသည် ပုရေဇာတပစ္စည်းမည်၏။ "ရှေးကဖြစ်နှင့်"ဟု ဆိုသော်လည်း ဖြစ်နှင့်၍ ချုပ်သွားပြီးလည်းမဟုတ်ရ, နောက်၌ ပုရေဇာတတ္တိဟု လာလတံ့ဖြစ်ရကား အတ္ထိသဘောအားဖြင့် ဋ္ဌီအခိုက်၌ ထင်ရှားတည်ရှိရမည်၏။ ဤပုရေဇာတသည် ကမ္ဘာဦးကစ၍ ပေါ်ထွန်းခဲ့သော နေလနှင့်တူ၏–ဟု ရှေးဆရာတို့ ဥပမာပြကြ၏။ "ကမ္ဘာဦးကစ၍ ပေါ်ထွန်းခဲ့သော နေသည် ယခုတိုင်အောင် ထင်ရှားရှိလျက် နေလထွက်ပေါ်ပြီးနောက် ပေါ်ပေါက်သူများအား အလင်းရောင်ပေး၍ ကျေးဇူးပြုသကဲ့သို့ ထို့အတူ ပစ္စယုပ္ပန်တို့ ရှေးဦးစွာ ဥပါဒ်ပြီးလျှင် မချုပ်သေးဘဲ ဋ္ဌီအခိုက်၌တည်လျက် မိမိနောက်မှ ဥပါဒ်သော စိတ်စေတသိက်အား ကျေးဇူးပြုနိုင်သော သတ္တိ" ဟု ဆိုလိုသည်။

ပုရေဇာတ ၂မျိုး (က) ဝတ္ထုပုရေဇာတ (ဝတ္ထုပုရေဇာတနိဿယနှင့်တူ)
(ခ) အာရမ္မဏပုရေဇာတ

(ခ) အာရမ္မဏပုရေဇာတပစ္စည်းပစ္စယုပ္ပန်

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| ပစ္စုပ္ပန် နိပ္ဖန္နရုပ် – ၁၈ | ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ်သုံးခု (မြဲ)<br>-------------------------<br>ကျန်ကာမစိတ် ၄၁၊ ဘိညာဉ် ၂ (ရံခါ)<br>အပ္ပမညာကြဉ် စေ ၅၀ | ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ်သုံးခုကြဉ်<br>ကျန်ကာမစိတ် ၄၁၊ ဘိညာဉ် ၂ (ရံခါ)<br>-------------------------<br>မဟဂ္ဂုတ် ၂၇၊ လောကုတ် ၈၊ စေ ၅၂ (မြဲ) |

* မဟဂ္ဂုတ်လောကုတ္တရာတို့မှာ ဤနိပ္ဖန္နရုပ်ကို အာရုံမပြု (ကသိဏ်းပညတ် စသည်ကိုသာ အာရုံပြု) သောကြောင့် ပစ္စုပ္ပန်တွင် မပါဝင်နိုင်ကြ။

**အာရမ္မဏပုရေဇာတပစ္စည်း**॥ ॥ ပစ္စုပ္ပန်ဖြစ်သော ပဉ္စာရုံသာ အာရမ္မဏပုရေဇာတပစ္စည်း တတ်သည်ဟု ထင်မှတ်ဘွယ်ရှိ၏။ သို့သော် "စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ" စသော ပဌာဝါရပါဠိတော် အလိုအားဖြင့်ကား **ပစ္စုပ္ပန်**စက္ခုပသာဒကို အာရုံပြု၍ ဝိပဿနာရှုရာ၌ ထိုပစ္စုပ္ပန်စက္ခုပသာဒသည် ပုရေဇာတလည်း ဟုတ်၏။ အာရုံဟုတ်သောကြောင့် အာရမ္မဏပုရေဇာတလည်း ဟုတ်သည်။ သောတပသာဒစသော ပသာဒရုပ် များနှင့် ဘာဝဇီဝိတရုပ်များလည်း ဤနည်းပင်တည်း။ (အနိပ္ဖန္နရုပ်တို့မှာ ပရမတ္ထအစစ် မဟုတ်ကြသဖြင့် ပစ္စုပ္ပန်ဟု ဇောက်မဆို၍ ဤအာရမ္မဏပုရေဇာတ မဖြစ်နိုင်ကြတော့ပြီ။)

**ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံ**။ ။ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ စက္ခုဒွါရဝီထိဖြစ်ရာ၌ ပစ္စုပ္ပန်ရူပါရုံသည် ပစ္စည်း, စက္ခုဝိညာဏ်နှင့်တကွ စက္ခုဒွါရဝီထိစိတ်သည် ပစ္စယုပ္ပန်။ သဒ္ဒါရုံစသည်ကို အာရုံပြု၍ သောတဒွါရိက ဝီထိစိတ်စသည်ဖြစ်ရာ၌လည်း နည်းတူ။ စက္ခုဝတ္ထုကို အာရုံပြု၍ ဝိပဿနာရှုရာ၌ ပစ္စုပ္ပန်စက္ခုဝတ္ထုသည် ပစ္စည်း, ဝိပဿနာရှုသော မနောဒွါရိက ဇောဝီထိသည် ပစ္စယုပ္ပန်၊ မိမိ၏ ပစ္စုပ္ပန်စက္ခုဝတ္ထုကို သာယာလျှင် လောဘဇော၊ နှလုံးမသာယာလျှင် ဒေါသဇော၊ ယုံးမှားလျှင် ပျံ့လွင့်လျှင် ဝိစိကိစ္ဆာ ဥဒ္ဓစ္စသဟဂုတ်ဇောတို့အား ကျေးဇူးပြုသည်။ သောတဝတ္ထုစသည်ကို အာရုံပြုရာ၌လည်း ဤနည်းပင်။ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၍ ဒိဗ္ဗစက္ခုအဘိညာဉ် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ ဒိဗ္ဗသောတအဘိညာဉ်ဖြစ်ရာ၌ ထိုရူပသဒ္ဒစသည့် အာရုံတို့က ပစ္စည်း, အဘိညာဉ်စိတ်က ပစ္စယုပ္ပန်။ "ငါ၏ကိုယ်သည် စိတ်၏အလား လျင်မြန်စွာ သွားစေနိုင်ပါစေသား" ဟု ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် အဓိဋ္ဌာန်မှုကို ပြုရာ၌ ခန္ဓာကိုယ်၌ တည်ရှိသော ပစ္စုပ္ပန်နိပ္ဖန္နရုပ် တစ်ခုခုသည် ပစ္စည်း, ဣဒ္ဓိဝိဓအဘိညာဉ်သည် ပစ္စယုပ္ပန်၊ ဤသို့စသည်ဖြင့် ပစ္စည်းပစ္စယုပ္ပန်ဖြစ်ဟန်ကိုသိလေ။

(သုံးချက်စုဘာဋီ ၁၉၆)

## ပစ္စယနိဒ္ဒေသပါဠိ

ပုရေဇာတပစ္စယောတိ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

(ပဋ္ဌာနပါဠိ ၆-၇)

ရူပါယတနံ-ပစ္စုပ္ပန်ရူပါရုံသည်၊ စက္ခုဝိညာဏဓာတုယာစ-စက္ခုဝိညာဏဓာတ်အားလည်းကောင်း၊ တံသမ္ပယုတ္တကာနံ-ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ-သဗ္ဗစိတ္တသာဓာရဏခုနှစ်ခုတို့အားလည်း ကောင်း၊ ပုရေဇာတပစ္စယေန-ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။ သဒ္ဒါယတနံ-ပစ္စုပ္ပန်သဒ္ဒါရုံသည်၊ သောတဝိညာဏဓာတုယာစ-သောတဝိညာဏဓာတ်အားလည်းကောင်း၊ တံသမ္ပယုတ္တကာနံ-ထိုသောတဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ-သဗ္ဗစိတ္တသာဓာရဏခုနှစ်ခုတို့အား လည်းကောင်း၊ ပုရေဇာတပစ္စယေန-ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။

ဂန္ဓာယတနံ–ပစ္စုပ္ပန်ဂန္ဓာရုံသည်၊ ဃာနဝိညာဏဓာတုယာစ–ဃာနဝိညာဏဓာတ်အားလည်းကောင်း၊ တံသမ္ပယုတ္တကာနံ–ထိုဃာနဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သဗ္ဗစိတ္တသာဓာရဏခုနှစ်ခုတို့အား လည်းကောင်း၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ရသာယတနံ–ပစ္စုပ္ပန်ရသာရုံသည်၊ ဇိဝှါဝိညာဏဓာတုယာစ–ဇိဝှါဝိညာဏဓာတ်အားလည်းကောင်း၊ တံသမ္ပယုတ္တကာနံ–ထိုဇိဝှါဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သဗ္ဗစိတ္တသာဓာရဏ ခုနှစ်ခုတို့အားလည်းကောင်း၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ဖောဋ္ဌဗ္ဗာယတနံ–ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံသည်၊ ကာယဝိညာဏဓာတုယာစ–ကာယဝိညာဏ ဓာတ်အားလည်းကောင်း၊ တံသမ္ပယုတ္တကာနံ–ထိုကာယဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–သဗ္ဗစိတ္တသာဓာရဏ ခုနှစ်ခုတို့အားလည်းကောင်း၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြု တတ်သည်၊ ဟောတိ–ဖြစ်၏။

ရူပါတနံ–ပစ္စုပ္ပန်ရူပါရုံသည်လည်းကောင်း၊ သဒ္ဒါယတနံ–ပစ္စုပ္ပန်သဒ္ဒါရုံသည်ကောင်း၊ ဂန္ဓာယတနံ–ပစ္စုပ္ပန်ဂန္ဓာရုံသည်လည်းကောင်း၊ ရသာယတနံ–ပစ္စုပ္ပန်ရသာရုံသည်လည်းကောင်း၊ ဖောဋ္ဌဗ္ဗာယတနံ–ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံသည်လည်းကောင်း၊ မနောဓာတုယာစ–မနောဓာတ်သုံးခုအားလည်းကောင်း၊ တံသမ္ပယုတ္တကာနံ–ထိုမနောဓာတ်သုံးခုနှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–ဆန္ဒပီတိဝီရိယကြဉ်သော အညသမာန်းစေတသိက် တဆယ်တို့အားလည်းကောင်း၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ပစ္စုပ္ပန်ပဉ္စာရုံ

ဘ ဘ တိ န ဒ ပ ပဉ္စဝိညာဏ် သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ ဘ ဘ

(“ရူပါယတနံ စက္ခုဝိညာဏဓာတုယာ” အရှိသော ပါဠိတို့ဖြင့် ပဉ္စဒွါရ၌ အာရမ္မဏပုရေဇာတကို ပြတော်မူသည်။ မနောဒွါရ၌ ပြတော်မမူ။ ထိုသို့ မပြသော်လည်း မနောဒွါရ၌ “စက္ခုံ အနိစ္စတော”အစရှိသည်ကို ဟောတော်မူသောကြောင့် ရသင့်၏။ ရသင့်လျက် အဘယ့်ကြောင့် ပြတော်မမူသနည်းဟူမူကား, ဤအရာ၌ သာဝသေသ[၁]အားဖြင့် ဒေသနာကို ဟောတော်မူသည်ဟုမှတ်)

(ပဌာန်းအရကောက် ၃၈)

---

၁ (သဟ+အဝသေသ) သာဝသေသ=အကြွင်းအကျန်ရှိသော၊ အကြွင်းအကျန်နှင့် တကွဖြစ်သော

## ပဥ္စာဝါရပါဠိ

## (အာရမ္မဏ)ပုရေဇာတပစ္စယော

### အဗျာကတော အဗျာကတဿ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။

အာရမ္မဏပုရေဇာတံ – အရဟာ စက္ခုံ[၁] အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ။ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ။ ရူပါယတနံ စက္ခုဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဿ။ ပ ။ ဂန္ဓာယတနံ ဃာနဝိညာဏဿ။ ရသာယတနံ ဇိဝှါဝိညာဏဿ။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ (ပဋ္ဌာန ပါဠိ ပတွဲ –၁၅၂)

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ပုရေဇာတံ–ပုရေဇာတသည်၊ အာရမ္မဏပုရေဇာတံ–အာရမ္မဏပုရေဇာတလည်းကောင်း၊ ဝတ္ထုပုရေဇာတံ–ဝတ္ထုပုရေဇာတလည်းကောင်း၊ ဣတိ–ဤသို့၊ ဒုဝိဓံ–နှစ်ပါးအပြားရှိ၏။ တေသု–ထိုနှစ်ပါးတို့တွင်၊ အာရမ္မဏပုရေဇာတံ–အာရမ္မဏပုရေဇာတကို၊ ဇဝံ–ဤသို့၊ ဒဋ္ဌဗ္ဗံ–မှတ်အပ်၏။

အရဟာ–ရဟန္တာပုဂ္ဂိုလ်သည်၊ စက္ခုံ–စက္ခုပသာဒကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿတိ–ဝိပဿနာရှု၏။ သောတံ–သောတပသာဒကို၊ ဃာနံ–ဃာနပသာဒကို၊ ဇိဝှံ–ဇိဝှါပသာဒကို၊ ကာယံ–ကာယပသာဒကို၊ ရူပေ–ရူပါရုံတို့ကို၊ သဒ္ဒေ–သဒ္ဒါရုံတို့ကို၊ ဂန္ဓေ–ဂန္ဓာရုံတို့ကို၊ ရသေ–ရသာရုံတို့ကို၊ ဖောဋ္ဌဗ္ဗေ–ဖောဋ္ဌဗ္ဗာရုံတို့ကို၊ ဝတ္ထုံ–ဟဒယဝတ္ထုကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿတိ–ဝိပဿနာရှု၏။ ဒိဗ္ဗေနစက္ခုနာ–ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်၊ ရူပံ–ရူပါရုံကို၊ ပဿတိ–မြင်၏၊ ဒိဗ္ဗာယသောတဓာတုယာ–ဒိဗ္ဗသောတအဘိညာဉ်ဖြင့်၊ သဒ္ဒံ–သဒ္ဒါရုံကို၊ သုဏာတိ–ကြား၏၊

---

၁။ ရုန့်ရင်းသော ဩဠာရိကရုပ်အစွမ်းဖြင့် သိလွယ်စေခြင်းငှါ ဟောတော်မူသည်။ အာပေါစသည့် သုခုမရုပ်လည်း ပုရေဇာတပစ္စည်းတတ်သည်။ (ပဋ္ဌာန်းအရကောက် ၄၂၆)

ရူပါယတနံ–ပစ္စုပ္ပန်ရူပါရုံသည်၊ စက္ခုဝိညာဏဿ–စက္ခုဝိညာဏ်ဒွေးအား၊ (ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏) သဒ္ဒါယတနံ–ပစ္စုပ္ပန်သဒ္ဒါရုံသည်၊ သောတဝိညာဏဿ–သောတဝိညာဏ်ဒွေးအား (ပ) ဂန္ဓာယတနံ–ပစ္စုပ္ပန်ဂန္ဓာရုံသည်၊ ဃာနဝိညာဏဿ–ဃာနဝိညာဏ်ဒွေးအား (ပ) ရသာယတနံ–ပစ္စုပ္ပန်ရသာရုံသည်၊ ဇိဝှါဝိညာဏဿ–ဇိဝှါဝိညာဏ်ဒွေးအား (ပ) ဖောဋ္ဌဗ္ဗာယတနံ–ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံသည်၊ ကာယဝိညာဏဿ–ကာယဝိညာဏ်ဒွေးအား (ပ) ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိပနိသျ ၄၂၂–၄၂၃)

စက္ခု–ကာယ၊ ဝတ္ထု၊ ရူပ–ဖောဋ္ဌဗ္ဗ၊

ဘ ဘ ဘ န ဒ “မ ဓ ဓ ဓ ဓ ဓ ဓ ဓ တ တ ” ဘ ဘ ဘ

မဟာကြိယာ ၈ ဟသိတုပ္ပါဒ်–၁

(၁)ပစ္စုပ္ပန်ရူပါရုံ

(၂)ပစ္စုပ္ပန်သဒ္ဒါရုံ

ဘ ဘ န ဒ မ ပ ဥ နု ဂေါ ဘိ ဘ ဘ ဘ

(၁)ဒိဗ္ဗစက္ခု ကြိ–အဘိညာဉ်

(၂)ဒိဗ္ဗသောတ ကြိ–အဘိညာဉ်

ပစ္စုပ္ပန်ပဥ္စာရုံ

ဘ ဘ တိ န ဒ ပ ပဥ္စဝိညာဏ် သံ တိ ဝု ဓ ဓ ဓ ဓ ဓ ဓ ဓ တ တ ဘ ဘ

အဗျာကတော အဗျာကတဿဥ္စ ကတ္တားကား စက္ခုဝိညာဏ်ဒွေးအားတပ်သော ပစ္စုပ္ပန်ရူပါရုံ။ပ။ ကာယဝိညာဉ်ဒွေးအား တပ်သော ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ၊ မနောဓာတ်သုံးခုအားတပ်သော ပစ္စုပ္ပန်ပဥ္စာရုံ၊ မနောဒွါရာဝဇ္ဇန်း, ကာမကြိယာဇောကိုးခု, တဒါရုံဧကာဒသအားတပ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒိဗ္ဗစက္ခု ကြိယာအဘိညာဉ်အားတပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်ရူပါရုံ၊ ဒိဗ္ဗသောတ ကြိယာအဘိညာဉ်အားတပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်သဒ္ဒါရုံ၊ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား ကာမဝိပါက်တေဝီသ, ကာမကြိယာ ဧကာဒသ, ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ကြိယာအဘိညာဉ်, ဝိရတိအပ္ပမညာကြဉ်သော စေတသိက်တေတ္တိံသ၊ ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား တပြိုင်နက် ယထာရဟာတတ်ကောင်းသော အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် ပုရေဇာတသတ္တိ ဝိသေသရ၏။

## အဗျာကတော ကုသလဿ

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။

အာရမ္မဏပုရေဇာတံ – သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿန္တိ။ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏန္တိ။
(ပဋ္ဌာန ပါဠိ ပတွဲ –၁၅၂)

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ ကုသလဿ–ကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ပုရေဇာတံ–ပုရေဇာတသည်၊ အာရမ္မဏပုရေဇာတံ–အာရမ္မဏပုရေဇာတလည်းကောင်း၊ ဝတ္ထုပုရေဇာတံ–ဝတ္ထုပုရေဇာတလည်းကောင်း၊ ဣတိ–ဤသို့၊ ဒုဝိဓံ–နှစ်ပါးအပြားရှိ၏။ တေသု–ထိုနှစ်ပါးတို့တွင်၊ အာရမ္မဏပုရေဇာတံ–အာရမ္မဏပုရေဇာတကို၊ ဧဝံ–ဤသို့၊ ဒဋ္ဌဗ္ဗံ–မှတ်အပ်၏။

သေက္ခာဝါ–သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇ္ဇနာဝါ–ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ စက္ခုံ–စက္ခုပသာဒကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿန္တိ–ဝိပဿနာရှုကုန်၏။ သောတံ–သောတပသာဒကို၊ ဃာနံ–ဃာနပသာဒကို၊ ဇိဝှံ–ဇိဝှါပသာဒကို၊ ကာယံ–ကာယပသာဒကို၊ ရူပေ–ရူပါရုံတို့ကို၊ သဒ္ဒေ–သဒ္ဒါရုံတို့ကို၊ ဂန္ဓေ–ဂန္ဓာရုံတို့ကို၊ ရသေ–ရသာရုံတို့ကို၊ ဖောဋ္ဌဗ္ဗေ–ဖောဋ္ဌဗ္ဗာရုံတို့ကို၊ ဝတ္ထုံ–ဟဒယဝတ္ထုကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿန္တိ–ဝိပဿနာရှုကုန်၏။ ဒိဗ္ဗေနစက္ခုနာ–ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်၊ ရူပံ–ရူပါရုံကို၊ ပဿန္တိ–မြင်ကုန်၏၊ ဒိဗ္ဗာယသောတဓာတုယာ–ဒိဗ္ဗသောတအဘိညာဉ်ဖြင့်၊ သဒ္ဒံ–သဒ္ဒါရုံကို၊ သုဏန္တိ–ကြားကုန်၏။

စက္ခု–ကာယ၊ ဝတ္ထု၊ ရူပ–ဖောဋ္ဌဗ္ဗ၊

ဘ ဘ ဘ န ဒ “မ ဧ ဧ ဧ ဧ ဧ ဧ ဧ တ တ ”ဘ ဘ ဘ

မဟာကု ၈

(၁)ပစ္စုပ္ပန်ရူပါရုံ

(၂)ပစ္စုပ္ပန်သဒ္ဒါရုံ

ဘ ဘ န ဒ မ ပ ဉ နု ဂေါ ဘိ ဘ ဘ ဘ

(၁)ဒိဗ္ဗစက္ခု ကု–အဘိညာဉ်

(၂)ဒိဗ္ဗသောတ ကု–အဘိညာဉ်

အဗျာကတော ကုသလဿ၌ ကတ္တားကား မဟာကုသိုလ်ရှစ်ခုအားတပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဇ္ဈာရှသ၊ ဒိဗ္ဗစက္ခု ကုသိုလ်အဘိညာဉ်အားတပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်ရူပါရုံ၊ ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ်အားတပ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ပစ္စုပ္ပန်သဒ္ဒါရုံ၊ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား မဟာကုသိုလ်ရှစ်ခု, ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ်, အပ္ပမညာကြဉ်သော စေတသိက်ဆတ္တိံသ၊ ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟတတ်ကောင်းသော အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် ပုရေဇာတသတ္တိ ဝိသေသရ၏။

## အဗျာကတော အကုသလဿ

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။

အာရမ္မဏပုရေဇာတံ – စက္ခုံ အသ္သာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ အသ္သာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

(ပဋ္ဌာန ပါဠိ ပတွဲ ၁၅၃)

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ အကုသလဿ–အကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ ပုရေဇာတပစ္စယေန–ပုရေဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ စက္ခုံ–စက္ခုပသာဒကို၊ အသ္သာဒေတိ–သာယာ၏၊ အဘိနန္ဒတိ–နှစ်သက်၏၊ တံ–ထိုစက္ခုပသာဒကို၊ အာရဗ္ဘ–အကြောင်းပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒေါမနဿံ–ဒေါမနဿသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ သောတံ–သောတပသာဒကို၊ ဃာနံ–ဃာနပသာဒကို၊ ဇိဝှံ–ဇိဝှါပသာဒကို၊ ကာယံ–ကာယပသာဒကို၊ ရူပေ–ရူပါရုံတို့ကို၊ သဒ္ဒေ–သဒ္ဒါရုံတို့ကို၊ ဂန္ဓေ–ဂန္ဓာရုံတို့ကို၊ ရသေ–ရသာရုံတို့ကို၊ ဖောဋ္ဌဗ္ဗေ–ဖောဋ္ဌဗ္ဗာရုံတို့ကို၊ ဝတ္ထုံ–ဟဒယဝတ္ထုကို၊ အသ္သာဒေတိ–သာယာ၏၊ အဘိနန္ဒတိ–နှစ်သက်၏၊ တံ–ထိုဟဒယဝတ္ထုကို၊ အာရဗ္ဘ–အကြောင်းပြု၍၊ ရာဂေါ–ရာဂသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဒေါမနဿံ–ဒေါမနဿသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊

စက္ခု-ကာယ၊ ရူပ-ဖောဋ္ဌဗ္ဗ၊ ဝတ္ထု၊

ဘ ဘ ဘ န ဒ "မ ဇ ဇ ဇ ဇ ဇ ဇ ဇ တ တ" ဘ ဘ ဘ

(၁) လောဘမူ သော-၄ သာယာသောအခါ (အဿာဒေတိ)

(၂) လောဘမူ ပီတိသဟဂုတ်-၄ နှစ်သက်သောအခါ (အဘိနန္ဒတိ)

(၃) လောမူ-၈ တပ်သောအခါ (ရာဂေါ ဥပ္ပဇ္ဇတိ)

(၄) လောဘမူ ဒိသံ-၄ အမြင်မှားသောအခါ (ဒိဋ္ဌိ ဥပ္ပဇ္ဇတိ)

(၅) ဝိစိကိစ္ဆာသံ-၁ မဆုံးဖြတ်နိုင်သောအခါ (ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ)

(၆) ဥဒ္ဓစ္စသံ-၁ ပျံ့လွင့်သောအခါ (ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ)

(၇) ဒေါသမူ-၂ နှလုံးမသာသောအခါ (ဒေါမနဿံ ဥပ္ပဇ္ဇတိ)

အဗျာကတော အကုသလဿ၌ ကတ္တားကား မဟာကုသိုလ်ရှစ်ခုအားတပ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းကား တပြိုင်နက် ယထာရဟ တတ်ကောင်းသော အာရမ္မဏ အဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဤရှစ်ပစ္စယသတ္တိတို့တွင် ပုရေဇာတသတ္တိ ဝိသေသရ၏။

## (အာရမ္မဏ)ပုဇောတပစ္စယော(ပစ္စယနိဒ္ဒေသ)

| | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|
| အပေါင်း | ပစ္စုပ္ပန်နိပ္ဖရုပ် ၁၈ | ကာမစိတ် ၅၄၊ အဘိညာဉ် ၂၊ အပ္ပမညာကြဉ် စေ ၅၀ | | | | |
| | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိဏ်း | ပေါင်း |
| | ပစ္စုပ္ပန်ရူပါရုံ | စက္ခုဝိညာဏ်ဒွေး စေ ၇ | တ | | ပု အာ တ္တိ အဝိ | ၄ |
| | ပစ္စုပ္ပန်သဒ္ဒါရုံ | သောတဝိညာဏ်ဒွေး စေ ၇ | တ | | ပု အာ တ္တိ အဝိ | ၄ |
| | ပစ္စုပ္ပန်ဂန္ဓာရုံ | ဃာနဝိညာဏ်ဒွေး စေ ၇ | တ | | ပု အာ တ္တိ အဝိ | ၄ |
| | ပစ္စုပ္ပန်ရသာရုံ | ဇိဝှါဝိညာဏ်ဒွေး စေ ၇ | တ | | ပု အာ တ္တိ အဝိ | ၄ |
| | ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ | ကာယဝိညာဏ်ဒွေး စေ ၇ | တ | | ပု အာ တ္တိ အဝိ | ၄ |
| | ပစ္စုပ္ပန်ပဥ္စာရုံ | မနောဓာတ် ၃ စေ ၁၁ | တ | | ပု အာ တ္တိ အဝိ | ၄ |

## (အာရမ္မဏ)ပုရေဇာတပစ္စယော(ပဉှာဝါရ)

| | | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
|---|---|---|---|---|---|---|---|---|
| အပေါင်း | | | ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈ | ကာမစိတ်–၅၄၊ အဘိညဉ် ၂၊ အပ္ပမညာကြဉ် စေ ၅၀ | | | | |
| သချာ | ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိဏ်း | ပေါင်း |
| ၁ | ဗျာ | ဗျာ | ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈ ရူပါရုံ သဒ္ဒါရုံ | ကာမဝိပါက် ၂၃၊ ကြိယာ ၁၁၊ ကြိယာအဘိညာဉ် စေ ၃၃၊ | တ | ယ | ပု အာ နိ ဝိပ် အတ္တိ အဝိ | ၆ |
| ၂ | ဗျာ | ကု | ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈ ရူပါရုံ သဒ္ဒါရုံ | မဟာကုသိုလ် ၈၊ ကုသိုလ်အဘိညာဉ် စေ ၃၆၊ | တ | ယ | ပု အာ နိ ဝိပ် အတ္တိ အဝိ | ၆ |
| ၃ | ဗျာ | အကု | ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈ | အကု ၁၂၊ စေ ၂၇၊ | တ | ယ | ပု အာ ဓိ နိ ဥပ ဝိပ် အတ္တိ အဝိ | ၈ |

# အာရမ္မဏာမျိုး ၈ ပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| အာရမ္မဏ | စိတ် ၈၉ စေ၅၂ ရုပ်၂၈ နိဗ္ဗာန် | ကာမစိတ်၅၄ ဝိညာ၃ နေဝသညာ၃ ဘိ ၂၊ လောကုတ္တရာ ၈ | အာရမ္မဏ |
| အာရမ္မဏာဓိပတိ<br>အာရမ္မဏူပနိဿယ | ဣဋ္ဌနိပ္ဖန္နရုပ်၁၈၊ ဒေါ၂ မော၂ ဒု၁ ကြဉ် စိတ်၈၄၊ စေ၄၇၊ နိဗ် | လောဘမူ ၈၊ မဟာကု ၈၊ မဟာကြိညသံ၄၊ လောကုတ္တရာ ၈ | အာ ဓိ ဥ |
| အာရမ္မဏပုရေဇာတ | ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈၊ | ကာမစိတ် ၅၄၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဘိ | အာ ပု တ္ထိ အဝိ |
| ဝတ္ထာရမ္မဏ | စုတိမှပြန် ၁၇ဖြစ် ဟဒယဝတ္ထု | မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ၅ တဒါရုံ | အာ နိ ပု ဝိပ် တ္ထိ အဝိ |
| အာရမ္မဏပုရေဇာတာဓိပတိ | ဣဋ္ဌ ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈၊ | လောဘမူစိတ် ၈ | အာ ဓိ ဥပ ပု တ္ထိ အဝိ |
| ဝတ္ထာရမ္မဏာဓိပတိ | စုတိမှပြန် ၁၇ဖြစ် ဟဒယဝတ္ထု | လောဘမူ မရဏာသန္နဇော ၅ | အာ,ဓိ,နိဥပ ပု,ဝိပ်,တ္ထိ,အဝိ |

အာရမ္မဏ = ကု ကု၊ ကု အကု၊ ကု ဗျာ၊ အကု အကု၊ အကု ကု၊ အကု ဗျာ၊
ဗျာ ဗျာ၊ ဗျာ ကု၊ ဗျာ အကု

အာရမ္မဏာဓိပတိ,
အာရမ္မဏူပနိဿယ = ကု ကု၊ ကု အကု၊ ကုဗျာ၊ အကု အကု၊
ဗျာ ဗျာ၊ ဗျာ ကု၊ ဗျာ အကု၊

အာရမ္မဏပုရေဇာတ = ဗျာ ဗျာ၊ ဗျာ ကု၊ ဗျာ အကု၊
ဝတ္ထာရမ္မဏ၌ = ဗျာ ဗျာ၊ ဗျာ ကု၊ ဗျာ အကု၊
အာရမ္မဏပုရေဇာတာဓိပတိ = ဗျာ အကု၊
ဝတ္ထာရမ္မဏာဓိပတိ = ဗျာ အကု၊

## ဥပနိဿယပစ္စယော

ဥပနိဿယ။ ဥပ–အားကြီးသော၊ နိဿယ–မှီရာအကြောင်း၊ သာမာန်မဟုတ်ဘဲ နိဿယသတ္တိထက်ပင် လွန်ကဲစွာဖြစ်သော မှီရာသတ္တိကိုသာ ဥပနိဿယဟု ခေါ်သည်။

**နိဿယနှင့်ဥပနိဿယအထူး**။ ။ အရင်းအမြစ် အခြေခံဖြစ်သော မှီရာသတ္တိသည် ဥပနိဿယ, အကျိုးတရား ပေါ်ချိန်ကျမှ မကင်းရာမကင်းကြောင်းဖြစ်သော မှီရာသတ္တိသည် နိဿယတည်း။ ဥပမာ–သလေးထမင်းဖြစ်ဘို့အရေး၌ သလေးမျိုးစေ့ သလေးခင်း မိုဃ်းရေတို့သည် အရင်းအမြစ် အခြေခံမှီရာဖြစ်၍ ထမင်းအိုးထင်းမီးစသည်တို့မှာ သလေးထမင်းဖြစ်ချိန်ကျမှ မကင်းရာ မကင်းကြောင်း မှီရာဖြစ်သကဲ့သို့ ထို့အတူ စက္ခုဝိညာဏ် ဝိပါက်စိတ်ဖြစ်ဘို့အရေး၌ ကံသည် အခြေအမြစ် အားကြီးသော မှီရာအကြောင်း ဥပနိဿယ ဖြစ်၍ စက္ခုဝတ္ထုမှာ စက္ခုဝိညာဉ်ပေါ်ချိန်မှ မကင်းရာမကင်းကြောင်း မှီရာနိဿယသာ ဖြစ်သည်။

### ဥပနိဿယ ၃–မျိုး

၁။ အာရမ္မဏူပနိဿယ ၂။ အနန္တရူပနိဿယ ၃။ ပကတူပနိဿယ

**အာရမ္မဏူပနိဿယ**။ ။ သာမာန်အာရုံမျိုးမဟုတ်ဘဲ တန်းတန်းစွဲ ငန်းငန်းတက် စွဲမက်လောက်သော လောဘနေယျအာရုံ, ပီတိပဿဒ္ဓိဖြစ်စရာ လွန်စွာကြည်နူးဘွယ်ကောင်းသော အာရုံများသည် အာရမ္မဏိက စိတ်ဖြစ်ဘို့ရာ လွန်စွာကြီးကျယ်သော အကြောင်းရင်းဖြစ်ရကား အာရမ္မဏူပနိဿယ အမည်ရပြန်လေသည်။ တရားကိုယ်မှာ အာရမ္မဏာဓိပတိနှင့် ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက် အားလုံးတူ၏။ သတ္တိချင်းထူးပုံကား မိမိနှင့်စပ်သော အာရမ္မဏိကစိတ္တုပ္ပါဒ်တို့ကို အာရုံမပြုလျှင် မနေနိုင်လောက်အောင် ဆွဲဆောင်အုပ်စိုး လွှမ်းမိုးနိုင်သော သတ္တိသည် အာရမ္မဏာဓိပတိ သတ္တိမည်၏။ အာရမ္မဏိကစိတ္တုပ္ပါဒ်တို့ဖြစ်ဘို့ရာ လွန်ကဲသော မှီရာ၏အဖြစ်သည် အာရမ္မဏူပနိဿယသတ္တိမည်၏။

**အနန္တရူပနိဿယ**။ ။အနန္တရပစ္စည်း တရားစုပင်လျှင် နောက်နောက်စိတ်တို့ဖြစ်ဘို့ရာ လွန်စွာအရေးကြီးသော မှီရာအကြောင်းဖြစ်၍ အနန္တရူပနိဿယအမည်ရပြန်လေသည်။ သတ္တိချင်းကွာခြားပုံကား–မိမိ၏အခြားမဲ့၌ ထိုက်သင့်သော စိတ္တုပ္ပါဒ်ကိုဖြစ်စေနိုင်သော သတ္တိသည် အနန္တရသတ္တိမည်၏။ နောက်နောက်စိတ်ဖြစ်ဘို့ရာ လွန်စွာကြီးမားသော မှီရာအကြောင်း၏ အဖြစ်သည် ဥပနိဿယသတ္တိမည်၏။ ဤသို့လျှင် တရားကိုယ်အရ မထူးသော်လည်း သတ္တိအမျိုးမျိုးရှိသောကြောင့် သတ္တိအားလျော်စွာ အမည်အမျိုးမျိုး တပ်၍ ဟောတော်မူအပ်ပြန်လေသည်။

**ပကတူပနိဿယ**။ ။ ကေန်မုချ အကျိုးတရားကို ဖြစ်စေနိုင်လောက်အောင် ပြုအပ်ပြီးသော အားကြီးသော မှီရာအကြောင်းသည် ပကတူပနိဿယမည်၏။ အာရမ္မဏသတ္တိ အနန္တရသတ္တိနှင့် မရောနှောဘဲ ပင်ကိုသဘော အားဖြင့်ပင် အားကြီးသောအကြောင်းသည် ပကတူပနိဿယမည်၏။ ဥပမာ–ရှေးဦးစွာ သဒ္ဓါတရားဖြစ်ပြီး နောက် ထိုသဒ္ဓါတရားကို အစွဲပြု၍ နောက်နောက်ကုသိုလ်ပွားရာ၌ ရှေးသဒ္ဓါတရားသည် အာရမ္မဏ အနန္တရ သတ္တိမရှိ၊ ပကတိနဂိုရ်အတိုင်းပင် နောက်နောက်ကုသိုလ်တရား ပွားများဘို့ရာ လွန်စွာကြီးမားသော အကြောင်း တစ်မျိုးဖြစ်လေသည်။ ဤ၌ အနန္တရ အာရမ္မဏသဘောနှင့် လုံးလုံးမရောရဟု မမှတ်နှင့်, အာရမ္မဏ အနန္တရသဘောနှင့် ရောနှောခြင်းမရှိ–ပကတိနဂိုရ်အားဖြင့်ပင် အာကြီးသောအကြောင်း ဖြစ်နိုင်ပြီ၊ အာရမ္မဏ အနန္တရသဘောနှင့် ရောပါမူ ဘာပြောဘွယ်ရာရှိတော့အံ့နည်းဟု မှတ်ပါ။

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| ဗလဝဖြစ်သော ရှေးရှေးသော စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ အချို့ပညတ် | နောက်နောက်သော စိတ် ၈၉၊ စေ ၅၂၊ | ရုပ်အားလုံး |

မိမိကိုယ်အစွဲပြု၍ နောက်အခါ၌ စိတ်စေတသိက် ဖြစ်နိုင်လောက်ရုံမျှကို (ဗလဝ)အားရှိသည်ဟုမဆိုရ။ အတော့်ကို ထက်ထက်မြက်မြက် အားကောင်းမှသာ ဗလဝဟုဆိုရမည်။ ဥပမာ–ကံသည် ကံတစ်ပါး မနှောက်ယှက်လောက်အောင် အားကောင်းသောကံ, ကံတစ်ပါးက နှောက်ယှက်လျှင် ပျက်ပြယ်မည့်ကံဟု နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် ဗလဝကံသာ ပကတူပနိဿယနှင့်ဆိုင်သည်။ ဒုဗ္ဗလကံ (အားမရှိသောကံ) ကား ဤ ပကတူပနိဿယနှင့်မဆိုင်။ အသုဘပညတ် ကသိဏ်းပညတ် ကောဋ္ဌာသစသည့် ပညတ်တို့သည် ပကတူပနိဿယပစ္စည်းမဖြစ်, ပုဂ္ဂိုလ် ကျောင်းစသော ပညတ်သည်သာ ပကတူပနိဿပစ္စည်းဖြစ်သည်။ ထို့ကြောင့် "ပစ္စည်းထိုက်သော အချို့သောပညတ်"ဟုဆိုသည်။

## သဂြိုဟ်ကျမ်းအရ ပကတူပနိဿယ၏ အကြောင်းအကျိုး

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ ပတ္ထနာ<br>သဒ္ဓါ သီလ သုတ စာဂ ပညာ<br>ကာယိကသုခ ကာယိကဒုက္ခ<br>ကလျာဏမိတ္တစသောပုဂ္ဂိုလ်<br>စားစရာဘောဇဉ်<br>အချမ်းအပူ ဥတု<br>အိပ်ယာနေရာ ကျောင်း | ကုသိုလ်စိတ်+စေတသိက်<br>အကုသိုလ်စိတ်+စေတသိက်<br>ဝိပါက်စိတ်+စေတသိက်<br>ကြိယာစိတ်+စေတသိက် |
| ကုသိုလ်စိတ်+စေတသိက်ရိုကံ<br>အကုသိုလ်စိတ်+စေတသိက်ရိုကံ | ဝိပါက်စိတ်+စေတသိက် |

**ရာဂစသည်ကြောင့် ကုသိုလ်စသည်ဖြစ်ပုံ**။ ။ ရှေးဦးစွာ ကာမဂုဏ်၌ တက်မက်မှုရာဂဖြစ်၏, ထိုရာဂကြောင့် ကာမဂုဏ်ခံစားဘို့ရန် လှူပြည်နတ်ပြည်ရောက်ကြောင်းကောင်းမှုကိုပြု၏, ထိုရာဂ ငြိမ်းဘို့ရန်ဖြစ်စေ ထိုရာဂကို အကြွင်းမဲ့ သတ်ဖြတ်ဘို့ရန်ဖြစ်စေ ဒါနသီလကိုပြု၏, သမထဝိပဿနာကို အားထုတ်၏, အားထုတ်၍ ဈာန်အဘိညာဉ်မဂ်ကိုရ၏။ ထိုကဲ့သို့ဖြစ်ရာ၌ ရာဂသည် ပကတူပနိဿယပစ္စည်း, ပြခဲ့သော ကာမ မဟဂ္ဂုတ် လောကုတ္တရာကုသိုလ်များသည် ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်။

ရှေးဦးစွာရာဂဖြစ်၍ ထိုရာဂကြောင့် နောက်နောက်ရာဂတိုးပွားရာ ထိုရာဂကို အကြောင်းပြု၍ မိမိ အလိုမပါသူတို့ကို သတ်ဖြတ်မှု ဖျက်ဆီးမှု လုယက်မှုစသည်တို့ကို ပြုရာ၌ ရှေးရှေးရာဂသည် ပကတူပနိဿယပစ္စည်း, နောက်နောက်အကုသိုလ်များသည် ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်။ ထိုထိုရာဂကို အကြောင်းပြု၍ ကုသိုလ်အကုသိုလ်၏ အကျိုးဝိပါက်ကို ခံစားရာအခါ ရာဂကို အကြွင်းမဲ့သတ်ဘို့ မဂ်ကိုအားထုတ်၍ ဖိုလ်စိတ်ကြိယာစိတ်များ ဖြစ်ရာအခါတို့၌ ရာဂသည် ပစ္စည်း, ဝိပါက် ကြိယာ အဗျာကတသည် ပစ္စယုပ္ပန်၊ မိမိသန္တာန်၌ဖြစ်သောရာဂကို တပါးသူတို့က ရှုံမုန်းစက်ဆုပ်၍ ကုသိုလ်ပြုရာ, သို့မဟုတ် တယောက်၏ ရာဂကိုသိ၍ တယောက်၌ ရာဂစိတ်ဖြစ်ပြန်ရာ, သို့မဟုတ် ထိုရာဂကို အကြောင်းပြု၍ ကောင်းမကောင်းသော အကျိုးဝိပါက်ကြိယာတို့ကိုဖြစ်စေရာ၌ မိမိရာဂသည် ဗဟိဒ္ဓသူတပါး၌ဖြစ်သော ကုသိုလ်အကုသိုလ်အဗျာကတအား ကျေးဇူးပြုပြန်လေသည်။ ဤသို့လျှင် ရာဂသည် မိမိသန္တာန်၌လည်းကောင်း သူတပါးသန္တာန်၌လည်းကောင်း ကုသိုလ် အကုသိုလ် အဗျာကတအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်။ ဒေါသစသည်တို့က ကျေးဇူးပြုပုံကိုလည်း ချဲ့ထွင်၍ ကြည့်ပါ။

**သဒ္ဓါစသည်ကြောင့် ကုသိုလ်စသည်ဖြစ်ပုံ**။ ။ ရှေးဦးစွာ သဒ္ဓါဖြစ်၏။ ထိုသဒ္ဓါတရားကြောင့် ဒါနသီလ အစ မဂ်တိုင်အောင် ကုသိုလ်များကို ပြုလုပ်အားထုတ်၏။ သဒ္ဓါသည် ပကတူပနိဿယပစ္စည်း, ဒါနစသော ကုသိုလ်ကား ပကတူပနိဿယပစ္စည်း ပစ္စယုပ္ပန်။ ထိုသဒ္ဓါတရားကို အကြောင်းပြု၍ ဒါနစသည်ပြုလေရာ (ဥပမာ–ကျောင်းဆောက်ပြီးလှူရာ၌ မတရားသောဘုန်းကြီးကို ကိုးကွယ်မိသဖြင့် "ဇးစေဘို့ တရားနာ, ပူဇာစ အကျိုး" ဆိုတာမျိုးကဲ့သို့) အကုသိုလ် တိုးပွားရလျင် သဒ္ဓါသည် ပစ္စည်း, အကုသိုလ်သည် ပစ္စယုပ္ပန်။ ထိုသဒ္ဓါကြောင့် ကုသိုလ်အကုသိုလ်ဖြစ်ပြီးနောက် ဆိုင်ရာဝိပါက်ကြိယာကို ရရာ၌ သဒ္ဓါသည်ပစ္စည်း, အဗျာကတ တရားစုသည် ပစ္စယုန်။ မိမိသဒ္ဓါတရားကို အကြောင်းပြု၍ သူတပါးအား ဟောပြောသဖြင့် သူတပါး၌ သဒ္ဓါတိုးပွားရာ, ဟောပြောသည်ကို မနာခံလိုသဖြင့် အကုသိုလ်တိုးပွားရာ, ကောင်းကျိုးမကောင်းကျိုးကို ရရာတို့၌ မိမိသဒ္ဓါက သူတပါး၏ ကုသိုလ် အကုသိုလ် အဗျာကတအား ပကတူပနိဿယပစ္စသတ္တိဖြင့် ကျေးဇူးပြုသည်။ ဤသို့လျင် သဒ္ဓါသည် မိမိသန္တာန်၌လည်းကောင်း သူတပါးသန္တာန်၌လည်းကောင်း ကုသိုလ် အကုသိုလ် အဗျာကတအား ကျေးဇူးပြုသည်။ သီလ, သုတစသည်တို့က ကျေးဇူးပြုပုံကိုလည်း ချဲ့ထွင်ကြည့်လေ။

**သုခစသည်ကြောင့် ကုသိုလ်စသည်ဖြစ်ပုံ**။ ခန္ဓာကိုယ် ချမ်းသာသုခရသည့်အခါ ထိုသုခကိုအကြောင်းပြု၍ အချို့က အဆက်ဆက်သုခပွားရန် ဒါနသီလစသော ကောင်းမှုကိုပြု၏။ အချို့ကား စည်းစိမ်ကိုခံစားလျက် အကုသိုလ်တိုးပွားစေ၏။ ထိုကောင်းမှုမကောင်းမှုအတွက် ပစ္စက္ခမှာဖြစ်စေ တမလွန်မှာဖြစ်စေ ကောင်းမှု မကောင်းမှုကို ခံစားရ၏။ ထို့ကြောင့် မိမိသုခသည် မိမိ၏ ကုသိုလ် အကုသိုလ် အဗျာကတအားကျေးဇူး ပြု၏။ လူတစ်ယောက် သုခခံစားရပုံကို မြင်ရကြားရ၍ အခြားသူတို့က ထိုသုခမျိုးရလိုသဖြင့် ကုသိုလ်စသည် ပြုရာ၌ အခြားသူတို့ ကုသိုလ်စသည်တို့အားလည်း ကျေးဇူးပြု၏။ ဒုက္ခခံစားနေရသည့်အခါ ထိုဒုက္ခမျိုးမှ ကင်းလွတ်ဖို့ရာ ဒါနစသည်ပြုရာ၌ ဒုက္ခ,က ကုသိုလ်အားကျေးဇူးပြု၍, ဒုက္ခမှ သက်သာစေတော့အနေဖြင့် အကုသိုလ်ပြုရာ၌ အကုသိုလ်အားလည်းကောင်း, အကျိုးပေးသည့်အခါ အဗျာကတအားလည်းကောင်း ကျေးဇူးပြုသည်။ လူတစ်ယောက် ဒုက္ခကို မြင်ရကြားရ၍ ကုသိုလ်စသည်ပြုရာ၌ ထိုသူ့ဒုက္ခ,က သူတပါး၏ ကုသိုလ် စသည်အား ကျေးဇူးပြုသည်။

**ကလျာဏမိတ္တ စသည်ကြောင့် ကုသိုလ်စသည်ဖြစ်ပုံ**။ ။ ကလျာဏမိတ္တပုဂ္ဂိုလ်ကို မှီခို၍ ကုသိုလ်ဖြစ်ရာ, ရဟန္တာဖြစ်အောင် အားထုတ်၍ အရဋ္ဌဖိုလ်ကြိယာစျာန်များကို ရရာ, ဘုရားသာသနာကိုမှီ၍ မတရားကြံသူ များကဲ့သို့ ကလျာဏမိတ္တကြောင့် အကုသိုလ်ဖြစ်ရာတို့၌ ကလျာဏမိတ္တပုဂ္ဂိုလ်က သူတပါး၏ ကုသိုလ် အဗျာကတ အကုသိုလ်အား ကျေးဇူးပြု၏။ အကလျာဏမိတ္တကြောင့် အကုသိုလ်ဖြစ်ပုံ, "စိုင်ကော်၍ ချုံပေါ်ကျ ဆိုသလို" မသူတော်အတွက် သံဝေဂရ၍ ကုသိုလ်ဖြစ်ပုံ ဝိပါက်ကြိယာအဗျာကတဖြစ်ပုံကိုလည်း ကောင်း, လျောက်ပတ်သော ဥတု, လျောက်ပတ်သော အစာ အိပ်ရာ နေရာ ကျောင်းကို ရ၍

တရားအားထုတ်ကာ ကုသိုလ်အဗျာကတတိုးပွားပုံကိုလည်းကောင်း, "သူတောင်းစား ထမင်းဝသလို" အကောင်းအမွန်ကို တွေ့ကာမှ စိတ်နေစိတ်ထား ဟန်မကျ၍ အကုသိုလ်တိုးပွားရပုံကိုလည်းကောင်း ချဲ့ထွင်ကြည့်ပါ။

**ဥပနိဿယပစ္စည်း၌အထူးမှတ်ဖွယ်**။ ။ ပစ္စည်းတရားဘက်၌ စိတ် စေတသိက် ရုပ် ပညတ် အားလုံးပါ၍ ပစ္စယုပ္ပန်ဘက်၌ စိတ် စေတသိက်သာ ပါ၏။ ရုပ်တရားများမပါ။ ဆိုလိုရင်းကား–ဤပစ္စည်းအရ နာမ်ရုပ်က နာမ်ကိုသာ ကျေးဇူးပြုသည်, ရုပ်ကို ကျေးဇူးမပြု။ အကြောင်းကား–ဥပနိဿယဟူသည် မှီဝဲဆည်းကပ်မှု ဖြစ်စေမှုတည်း။ မှီဝဲဆည်းကပ်မှု ဖြစ်စေမှုဟူသည် မှီဝဲတတ်ဖြစ်စေတတ်သော နာမ်တရားနှင့်သာ ဆိုင်၏။ မမှီဝဲတတ် မဖြစ်စေတတ်သော နာမ်တရားနှင့်မဆိုင်။ သို့ဖြစ်၍ "ကိုယ်လုပ်မှ ကိုယ်ရ" ဆိုတာလို ရာဂ, သဒ္ဓါစသည်ကို ဖြစ်စေခဲ့သော ပုဂ္ဂလစသည်ကိုမှီဝဲခဲ့သော နာမ်တရားအစဉ်သာလျှင် ရာဂ ပုဂ္ဂလစသည်၏ အကျိုးကို ခံစားခွင့်ရှိသည်။ သို့သော် " အကျိုးတရားမှန်သမျှသည် အကြောင်းကြောင့်ဖြစ်၏။ အကြောင်း မရှိလျှင် အကျိုးမဖြစ် "ဟူသော သုတ္တန်တရားတော်လာ ပကတူပနိဿယသတ္တိအားဖြင့်ကား ရုပ်တရားများလည်း ကျေးဇူးပြုခံရသည်သာ။ ထို့ကြောင့် စိတ်, စေတသိက်, ရုပ်, ပညတ်တို့က စိတ်စေတသိက်အား ကျေးဇူး ပြုရာ၌ အဘိဓမ္မာနည်း သုတ္တန်နည်း နှစ်မျိုးရ၍, ရုပ်အားကျေးဇူးပြုရာ၌ သုတ္တန်နည်းသာရသည်။

သုံးချက်စုဘာဋီ ၁၈၆–၁၉၄

## ပုဂ္ဂိုလ်ကျောင်းက ကုသိုလ်စသည်ဖြစ်စေရာ၌ မှတ်ဖွယ်

ပုဂ္ဂလသေနာသနတို့က ကုသိုလ် အကုသိုလ် အဗျာကတအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု သည်ဟု ဆိုသော်လည်း ပုဂ္ဂလသေနာသနဟူသော နာမည်ပညတ်က ကျေးဇူးပြုသည်မဟုတ် ပုဂ္ဂလဟူသော နာမည်ပညတ်၏စွဲမှီရာ ရုပ်နာမ်တရားတို့ကလည်းကောင်း, သေနာသနဟူသော နာမည်ပညတ်၏စွဲမှီရာ ရုပ်တရားတို့ကလည်းကောင်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ထို့ကြောင့် ပုဂ္ဂလသေနာသနတို့က ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုသောစကားသည် ပရိယာယ်စကားဟု မှတ်ပါ။

(ပဋ္ဌာန်းဘာဋီ ၉၀)

## သဒ္ဓါစသည်ကြောင့် သဒ္ဓါစသည်ဖြစ်ပုံ

မြေအောက်၌ ရေရှိသည်ဟု ယုံကြည်သူသည် ရေတွင်းတူးသလို ကံ, ကံအကျိုး, နောင်ဘဝ ယုံကြည်မှု **သဒ္ဓါ**ရှိသူသည် **အလှူဒါန**ကို ပြု၏။ ထိုသို့ဖြစ်ရာ၌ သဒ္ဓါသည် ဒါနအား ပကတူပနိဿယဖြင့် ကျေးဇူးပြုသည်။ **သီလ**ရှိသူသည် သီလ၏အကျိုးကိုသိ၍ သီလရှိသူအား **ပေးလှူ**၏။ အထက်အထက် **သီလ**ကို ဆောက်တည်၏။ သီလပြည့်စုံခြင်းမှီ၍ **ဈာန်**ကို ဖြစ်စေ၏။ ဗဟု**သုတ**ရှိသူသည် ကုသိုလ်သည် ကောင်းကျိုးပေး၏ဟု သိပြီး **အလှူပေး**၏။ ဒါန(**စာဂ**)၌ ပျော်မွေ့သူသည် **ဒါန**ကို ပြု၏။ သီလဆောက်တည်ပြီးလျှင် ပို၍ အကျိုးကြီးကြောင်းသိ၍ သီလဆောက်တည်ပြီး လှူ၏။ ဥပုသ်စောင့်၏။ ထိုသို့ ပြု၍ စိတ်စင်ကြယ်ပြီး ဈာန်ရ၏။

**ပညာ**ရှိသူသည် ပစ္စုပ္ပန် တမလွန် ချမ်းသာဖို့, လောကမှ လွန်မြောက်ဖို့ ဒါနပြုဖို့သင့်သည်ဟု ဆင်ခြင်ပြီး **အလှူပေး**၏။

ထို့ပြင် ရှေ့သဒ္ဓါ, သီလ အစရှိသည်တို့သည် နောက်သဒ္ဓါ သီလ အစရှိသည်တို့အား ပကတူပ နိဿယစသည်တို့အား ကျေးဇူးပြုသည်။ ဤသည်ကိုပင် ဗုဒ္ဓက " သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ"ဟု ဟောသည်။

(ပဋ္ဌာန်းဘာဋီ ၂၄၉)

## ဒိဗ္ဗစက္ခုက ဒိဗ္ဗသောတစသည်အား ကျေးဇူးပြုပုံ

အဝေးက ရူပါရုံကို မြင်၍ ထိုရူပါရုံပိုင်ရှင်၏ အသံကို ကြားလိုသဖြင့် ဒိဗ္ဗသောတအဘိညာဉ် ဖြစ်စေရာ၌ ဒိဗ္ဗစက္ခုက ဒိဗ္ဗသောတအား ပကတူပဖြင့်ကျေးဇူးပြုသည်။ ရူပါရုံပိုင်ရှင်တို့၏ နေရာကို သွားလို၍ ဣဒ္ဓိဝိဓအဘိညာဉ် ဖြစ်စေရာ၌ ဒိဗ္ဗစက္ခုက ဣဒ္ဓိဝိဓအဘိညာဉ်အား ကျေးဇူးပြုသည်။

(ပဋ္ဌာန်းဘာဋီ ၂၄၉)

## မဂ်ကြောင့် သမာပတ်, ဝိပဿနာနှင့် ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ

မဂ်နှင့်ကိလေသာကို လျော့ချပြီး ပယ်သတ်ပြီး၍သာ ဖလသမာပတ်စသည်ကို ဝင်စားနိုင်ကုန်၏။ ထိုဖြစ်စဉ်တွင် မဂ်သည် သမာပတ်အား ပကတူပနိဿယဖြင့် ကျေးဇူးပြုသည်။ အထက်မဂ်ရဖို့ ဝိပဿနာရှုလျှင် ဝိပဿနာကုသိုလ်ကို ကျေးဇူးပြုသည်။ မဂ်ရပြီးမှသာ ပစ္စဝေက္ခဏာဉာဏ်ဖြစ်နိုင်သဖြင့် မဂ်သည် ပစ္စဝေက္ခဏာဉာဏ်အား ကျေးဇူးပြုသည်ဟု ဆိုသည်။

## လောကုတ္တရာက အကုသိုလ်အား ကျေးဇူးပြုပုံ

ငါတို့၏ ဆရာသည် ရဟန္တာဟု ချစ်မြတ်နိုးလျှင် ဆရာသန္တာန်ရှိ လောကုတ္တရာ,က တပည့်သန္တာန်ရှိ အကုသိုလ်တရားအား ပကတူပနိဿယဖြင့် ကျေးဇူးပြုသည်။

ပဋ္ဌာန်းဘာဋီ ၉၁

အရှင်သုဒိန်သည် မယားဟောင်းနှင့် သားဖြစ်သူ ဗီဇကတို့ သာသနာတော်ဘောင်၌ ရဟန်းပြုကြသောအခါ အရဟတ္တဖိုလ် မျက်မှောက်ပြုသွားကြသည်ကို အကြောင်းပြု၍ ကုက္ကုစ္စ ဝိပ္ပဋိသာရ တရားများ ဖြစ်ပွားရလေရာ ထိုမယားဟောင်းနှင့်သားဗီဇကတို့ သန္တာန်၌ဖြစ်သော အရဟတ္တဖိုလ်သည် အရှင်သုဒိန် သန္တာန်၌ဖြစ်သော ကုက္ကုစ္စ ဝိပ္ပဋိသာရ အကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

ပဋ္ဌာနသာရဝိဘာဝနီ ဒု–၂၈၁

## အကုသိုလ်က ကုသိုလ် ဝိပါက် ကြိယာအား ကျေးဇူးပြုပုံ

အကုသိုလ်ကို ပယ်ခြင်းငှါ ကုသိုလ်ကို ပြုရာ၌ ကုသိုလ်အား ကျေးဇူးပြု၏။ ကုသိုလ်က ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးအပြုခံရလျှင် ထိုကုသိုလ်၏ ဝိပါက်သည်လည်း ကျေးဇူးအပြုခံရသည်။ အနာဂါမိ ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ရှိနေသော အကုသိုလ်ကို ပယ်ဖို့အားထုတ်ရာ၌ အရဟတ္တမဂ် အရဟတ္တဖိုလ် အားလည်း ကျေးဇူးပြု၏။ ရဟန္တာဖြစ်ပြီးမှ ရှေးအတိတ်ဘဝများကို မြင်ရန် ဈာန်အဘိညာဉ်ရဖို့ အားထုတ်လျှင် ကြိယာအားလည်း ကျေးဇူးပြု၏။

ပဋ္ဌာန်းဘာဋီ ၉၂

## သဒ္ဓါစသည့်ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်ပုံ

ငါသာလျှင် သဒ္ဓါတရားနှင့် ပြည့်စုံသူဟု ထောင်လွှားသူအား သဒ္ဓါတရားကြောင့် မာနဖြစ်၏။ သီလစသည်၌လည်း နည်းတူသိပါ။ သဒ္ဓါဆိုသည့် ယုံကြည်မှု သက်သက်က ပညာမပါရင် မှားနိုင်သည်။ ဒါနသာ နိဗ္ဗာန်ရောက်နိုင်သည်။ တခြားတရားမရောက်နိုင်ဟု လွဲမှားစွာယူလျှင် ဒိဋ္ဌိဖြစ်သည်။ သီလစောင့်တဲ့ပုဂ္ဂိုလ်က ဒါနတို့ ဝိပဿနာတို့က အပိုပဲ၊ သီလစောင့်ဖို့ကအရေးကြီးသည်ဟု ယူဆရင် ဒိဋ္ဌိဖြစ်သည်။ ဗဟုသုတများလာရင် ဟိုတွေးဒီတွေးနဲ့ အယူမှားပြီး ဒိဋ္ဌိဖြစ်နိုင်တယ်။ ပညာလွန်ရင်လည်း ဒိဋ္ဌိဖြစ်နိုင်သည်။ ငါသည် သဒ္ဓါ သီလ သုတ စာဂ ပညာ ဤတရားနှင့် ပြည့်စုံသူပေတည်းဟု ကိုယ့်ကိုကို ချီးမြှောက်သောအခါ(အတ္တုက္ကံသန) ရာဂဖြစ်သည်။ သူများကို သဒ္ဓါ သီလ သုတ စာဂ ပညာတရားတို့နှင့် မပြည့်စုံဟု နှိမ်သောအခါ(ပရဝမ္ဘန) ဒေါသဖြစ်သည်။ ရာဂဒေါသဖြစ်ရင် မောဟပါပြီးသားဖြစ်၍ မောဟအား ကျေးဇူးပြုသည်ဟု ဆိုသည်။ သဒ္ဓါ သီလ သုတ စာဂ ပညာတရားကို အကြောင်းပြု၍ ဆုတောင်းသည့်အခါ ပတ္ထနာ(လောဘ)အား ကျေးဇူးပြုသည်။

မဇ္ဈိုသက–၁၄၀၊ ပဋ္ဌာန်း၌–၄၄၅

## ကုသိုလ်ကြောင့် အဗျာကတဖြစ်ပုံ

ဒါန သီလစသည်က ကုသိုလ်, ဝိပါက်စိတ် ကြိယာစိတ်တွေက အဗျာကတဖြစ်သည်။ သဒ္ဓါတရားကြောင့် ဆွမ်းကျွေးချင်၍ လှူဘွယ်ရှာရသည့်အခါ သဒ္ဓါ,က အလှူဝတ္ထုရှာစဉ် ကာယိကဒုက္ခအား ကျေးဇူးပြုသည်။ အလှူလုပ်စဉ် စိတ်ချမ်းသာ၍ ကာယိကသုခ ဖြစ်သည့်အခါ ကာယိကသုခအား ကျေးဇူးပြုသည်။ ဆွမ်းလှူသည့် ကုသိုလ်စိတ်က လူ့ဘဝကို အကျိုးပေးသည့်အခါ ပဋိသန္ဓေစိတ် ဘဝင်စိတ်အား ကျေးဇူးပြုသည်။ ကုသိုလ်ကံကြောင့် ကောင်းတာ မြင်ရသည့်အခါ ကုသိုလ်က မြင်သိစိတ်(အဗျာကတ)အား ကျေးဇူးပြုသည်။ သဒ္ဓါတရားနှင့် ပြည့်စုံသူသည်  အချမ်းအပူကို ဂရုမစိုက်ပဲ ကုသိုလ်ပြုရာတွင် သဒ္ဓါကြောင့် ကိုယ်ဆင်းရဲ၏။ သီလနှင့်ပြည့်စုံစေရန် လွင်တီးခေါင်း၌ နေရာ၌ သီလ,က ကိုယ်ဆင်းရဲခြင်းကို ကျေးဇူးပြုသည်။ ပိဋကပါတ် ခုတင်ဆောင် ရဟန်းအား ကုသိုလ်က ကိုယ်ဆင်းရဲခြင်းကို ဖြစ်စေသည်။ အကြားအမြင်များသူသည် အကြားအမြင်အရ ကုသိုလ်ပြုရာတွင် ကုသိုလ်က ဆင်းရဲကို ဖြစ်စေသည်။ သူများစားရဖို့ ကိုယ့်စားစရာကို ခြိုးခြံချွေတာပြီး ဝေပေးရာ၌ စာဂ,က ဒုက္ခကို ဖြစ်စေသည်။ မိစ္ဆာဇီဝမှ ရှောင်ကြည်၍  သမ္မာအာဇီဝဖြင့် အသက်မွေးရာတွင် ကုသိုလ်က ရှာမှီခြင်းဒုက္ခကို ဖြစ်စေသည်။ သဒ္ဓါစသည်ဖြင့် ပြည့်စုံ၍ နှလုံးကြည်ရွှင်ခြင်း ပီတိပါမောဇ္ဇ ဖြစ်ပြီး ကိုယ်ချမ်းသာသောအခါ ကုသိုလ်က ကိုယ်ချမ်းသာမှုကို ဖြစ်စေသည်။

## ရာဂဒေါသစသည့် အကုသိုလ်ကြောင့် အကုသိုလ်ဖြစ်ပုံ

ကြက်သားစားချင်၍ ကြက်သတ်သည့်အခါ လောဘ,က ဒေါသကို ကျေးဇူးပြုသည်။ လူတစ်ယောက်ကို မကျေနပ်၍ သတ်သည့်အခါ မကျေနပ်သည့်ဒေါသ,က သတ်သည့်ဒေါသအား ကျေးဇူးပြုသည်။ လောဘ, ဒေါသ, မာန, ဒိဋ္ဌိ အမှီပြုပြီး သတ်ခြင်း ခိုးခြင်း သူပုန်ထခြင်း ဓားပြတိုက်ခြင်း ပြုရာ၌ အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုသည်။

မဥ္ဇူသက–၁၄၅

လိုချင်စရာတစ်ခုကို လုယူကြရာတွင် ပြိုင်လုသူအား သတ်မိရာ၌ ရာဂအကုသိုလ်ကြောင့် ဒေါသအကုသိုလ် ဖြစ်ရသည်။ ဤသူသည် ငါ့ကို ဒုက္ခပေးသူဟု စဉ်းစားသည့်ဒေါသကို အကြောင်းပြု၍ သတ်မိရာ၌ ဒေါသ အကုသိုလ်က ဒေါသအကုသိုလ်ကို ဖြစ်စေသည်။ ငါ ဘာကြောင့် မသတ်နိုင်ရမှာလဲဟု စဉ်းစား၍ သတ်ရာတွင် မာနကြောင့် သတ်မှုဒေါသ ဖြစ်၏။ သူများက ကိုယ့်ကိုယ်မထီမဲ့မြင် နှိမ်ချပြောဆိုခံရ၍ မကျေမနပ်ဖြစ်ကာ ပြောသူကို သတ်မိရာတွင် သူများသန္တာန်ရှိမာနက ကိုယ့်သန္တာန်ရှိ ဒေါသအား ကျေးဇူးပြုသည်။ ဘုရားကြိုက်အောင် နတ်ကြိုက်အောင် ကြက်သတ်ပြီးပူဇော်ရမည်ဟု ယုံကြည်သူသည် ကြက်သတ်ပြီးပူဇော်ရာတွင် ဒိဋ္ဌိကြောင့် သတ်မှုဒေါသဖြစ်သည်။ စီးပွားတက်အောင် မ,စ ရင် အရှင်နတ်မင်းအား ဝက်တစ်ကောင်ဖြင့် ပူဇော်ပါမည်ဟု ပြောပြီး ဝက်သတ်ပြီး ပူဇော်ရာ၌ ဆုတောင်းမှု(ပတ္ထနာ)က သတ်မှုဒေါသကို ဖြစ်စေသည်။

သူတပါး အမေသတ်သည်ကိုမြင်၍ မိမိ အမေကိုသတ်ခြင်း၊ တခုသောဘဝ၌ အမေသတ်ကိုသတ်၍ နောက်ဘဝတခုမှာလည်း အမေကိုသတ်ခြင်း၊ ဘဝတခုမှာပင် အမေကိုသတ်ဖို့ အခြားသူအား အဖန်တလဲလဲခိုင်းခြင်း၊ အမေကို နှစ်ချက်ရိုက်၍ သတ်ခြင်းကို " မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယောဟု ဟောတော်မူသည်။

ပဋ္ဌာနသာရဝိဘာဝနီ တတိယတွဲ–နှာ၄၂၃

## အကုသိုလ်ကြောင့်ကုသိုလ်ဖြစ်ပုံ

"ငါသည် စတုမဟာရာဇ်စသည့် နတ်ဘုံ၌ ဖြစ်ရပါမူ အော် ကောင်းလေစွ"ဟု စဉ်းစား၍ ဒါနပြုရာ၌ ရာဂအကုသိုလ်ကြောင့် ဒါနကုသိုလ်ဖြစ်သည်။ ရာဂကို ပယ်ခြင်းငှါ ဈာန်ကို ပွားရာ၌၄င်း, ရာဂကို ပယ်ခြင်းငှါ ဝိပဿနာကို ပွားရာ၌၄င်း, ရာဂကို အမြစ်ပြတ်ပယ်ခြင်းငှါ မဂ်ကို ဖြစ်စေရာ၌၄င်း ရာဂအကုသိုလ်ကြောင့် ဈာန်, ဝိပဿနာ, မဂ်, ကုသိုလ်များဖြစ်ကြသည်။

ပဋ္ဌာနသာရဝိဘာဝနီ တတိယတွဲ–နှာ၄၂၉

## (ပါဏာတိပါတ)အကုသိုလ်ကြောင့် (အဒိန္နာဒါနစသည့်)အကုသိုလ်ဖြစ်ပုံ

ဥစ္စာရှင်ကိုလည်းကောင်း, ဥစ္စာစောင့်ရှောက်သူကိုလည်းကောင်း သတ်၍ ဥစ္စာကို ယူဆောင်ရာ၌လည်းကောင်း၊ လင်ကိုသတ်၍ မယားကို ကျူးလွန်းရာ၌လည်းကောင်း၊ ငါသည် မသတ်ပါဟု မုသားပြောရာ၌လည်းကောင်း၊ လူသတ်မှုကို ဖုံးကွယ်ဖို့, လူသတ်မှု ပြုဖို့ ကုန်းတိုက်စကား, ကြမ်းတမ်းသောစကား, ပိန်ဖျင်းသော စကားကို ပြောရာ၌လည်းကောင်း၊ သူတပါးကို သတ်၍ အသတ်ခံရသူတန်ဖိုးထားသော ပစ္စည်းကို ယူဖို့ကြံစည်ရာ၌လည်းကောင်း၊ အသတ်ခံရသူ၏ ဆွေမျိုးများ ဒုက္ခရောက်စေလိုရာ၌လည်းကောင်း၊ ဤသို့ ဤပုံ သတ်လျှင် ငါ၏ ပါဏာတိပါတသည် အကျိုးပေးလိမ့်မည်မဟုတ်ဟု မိစ္ဆာအယူကို ယူရာ၌လည်းကောင်း အကုသိုလ်ကြောင့် အကုသိုလ် ဖြစ်သည်။

## ကာယိကသုခ ကာယိကဒုက္ခ(အဗျာကတ)ကြောင့် ကုသိုလ်ဖြစ်ပုံ

စည်းစိမ်ချမ်းသာရှိသည်ဖြစ်၍ ကာယိကသုခနှင့် ပြည့်စုံသောသူသည် ဤစည်းစိမ်ချမ်းသာတို့သည် မယုတ်စေသတည်းဟူ၍၄င်း, နောင်အခါ ဤသို့သဘောရှိသော စည်းစိမ်ချမ်းသာသို့ ရောက်စေသတည်းဟူ၍လည်းကောင်း အလှူပေး၏။ သီလဆောက်တည်၏။ စည်းစိမ်ချမ်းသာမရှိသည်ဖြစ်၍ ကာယိကဒုက္ခနှင့် ပြည့်စုံသောသူသည် ဆင်းရဲခြင်းတို့သည် မဖြစ်စေသတည်းဟူ၍လည်းကောင်း နောင်အခါ ဤသို့သဘောရှိသော ဆင်းရဲတို့သည် မရောက်စေသတည်းဟူ၍လည်းကောင်း အလှူပေး၏။ သီလဆောက်တည်၏။

(ပဋ္ဌာန်းအရကောက်–၄၂၄)

## ဥပနိဿယပစ္စယော ပစ္စယနိဒ္ဒေသ ပဥာဝါရ ကု ကု ပါဠိတော် နိဿယ

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။
(ပစ္စယနိဒ္ဒေသ ပဋ္ဌာနပါဠိ ပ ၅)

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။

အာရမ္မဏူပနိဿယော – အာရမ္မဏာဓိပတိ ကု ကု စာပိုဒ်နှင့် တူသည်။ (စာမျက်နှာ ၃၉၀ ကြည့်)

အနန္တရူပနိဿယော – အနန္တရပစ္စည်း ကု ကု စာပိုဒ်နှင့် တူသည်။ (စာမျက်နှာ ၂၄၅ ကြည့်)

ပကတူပနိဿယော – သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ သီလံ။ပ။ သုတံ။ပ။ စာဂံ။ပ။ ပညံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ သဒ္ဓါ။ သီလံ။ သုတံ။ စာဂေါ။ ပညာ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။

ပဌမဿ ဈာနဿ ပရိကမ္မံ ပဌမဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒုတိယဿ ဈာနဿ ပရိကမ္မံ ဒုတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ တတိယဿ ဈာနဿ ပရိကမ္မံ တတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ စတုတ္ထဿ ဈာနဿ ပရိကမ္မံ စတုတ္ထဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာကာသာနဉ္စာယတနဿ ပရိကမ္မံ အာကာသာနဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဝိညာဏဉ္စာယတနဿ ပရိကမ္မံ ဝိညာဏဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနဿ ပရိကမ္မံ အာကိဉ္စညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ နေဝသညာနာသညာယတနဿ ပရိကမ္မံ နေဝသညာနာသညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။

ပဌမံ ဈာနံ ဒုတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒုတိယံ ဈာနံ တတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ တတိယံ ဈာနံ စတုတ္ထဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ စတုတ္ထံ ဈာနံ အာကာသာနဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာကာသာနဉ္စာယတနံ ဝိညာဏဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဝိညာဏဉ္စာယတနံ အာကိဉ္စညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။အာကိဉ္စညာယတနံ နေဝသညာနာသညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒိဗ္ဗဿ စက္ခုဿ ပရိကမ္မံ ဒိဗ္ဗဿ စက္ခုဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒိဗ္ဗာယ သောတဓာတုယာ ပရိကမ္မံ ဒိဗ္ဗာယ သောတဓာတုယာ ဥပနိဿယပစ္စယေန ပစ္စယော။ ဣဒ္ဓိဝိဓဉာဏဿ ပရိကမ္မံ ဣဒ္ဓိဝိဓဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ စေတောပရိယဉာဏဿ ပရိကမ္မံ စေတောပရိယ ဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ပရိကမ္မံ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ

ဥပနိဿယပစ္စယေန ပစ္စယော။ ယထာကမ္မူပဂဉာဏဿ ပရိကမ္မံ ယထာကမ္မူပဂဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ အနာဂတံသဉာဏဿ ပရိကမ္မံ အနာဂတံသဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒိဗ္ဗစက္ခု ဒိဗ္ဗာယ သောတဓာတုယာ ဥပနိဿယပစ္စယေန ပစ္စယော။ ဒိဗ္ဗသောတဓာတု ဣဒ္ဓိဝိဓဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဣဒ္ဓိဝိဓဉာဏံ စေတောပရိယဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ စေတောပရိယဉာဏံ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ ယထာကမ္မူပဂဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ယထာကမ္မူပဂဉာဏံ အနာဂတံသဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။

ပဌမဿ မဂ္ဂဿ ပရိကမ္မံ ပဌမဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒုတိယဿ မဂ္ဂဿ ပရိကမ္မံ ဒုတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ တတိယဿ မဂ္ဂဿ ပရိကမ္မံ တတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ စတုတ္ထဿ မဂ္ဂဿ ပရိကမ္မံ စတုတ္ထဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပဌမော မဂ္ဂေါ ဒုတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒုတိယော မဂ္ဂေါ တတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ တတိယော မဂ္ဂေါ စတုတ္ထဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ သေက္ခာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ၊ ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ မဂ္ဂေါ သေက္ခာနံ အတ္ထပ္ပဋိသမ္ဘိဒါယ, ဓမ္မပ္ပဋိသမ္ဘိဒါယ, နိရုတ္တိပ္ပဋိသမ္ဘိဒါယ, ပဋိဘာနပ္ပဋိသမ္ဘိဒါယ, ဌာနာဌာနကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော။

(ပဋ္ဌာနပါဠိ ပဌာနပါဠိ ပ ၁၄၅-၁၄၆)

ပုရိမာပုရိမာ-ရှေးရှေး၌ဖြစ်ကုန်သော၊ ကုသလာ-ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ-အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသနာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ-နောက်နောက်၌ဖြစ်ကုန်သော၊ ကုသလာနံ-ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ-ကုသိုလ်ဧကဝီသနာမက္ခန္ဓာတို့အား၊ ဥပနိဿယပစ္စယေန-အာရမ္မဏူပ အနန္တရူပ ပကတူပ နိဿယ သတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။ (မိုးထိ ပ နိသျ ၁၇)

ကုသလော-ကုသိုလ်ဖြစ်သော၊ ဓမ္မော-တရားသည်၊ ကုသလဿ-ကုသိုလ်ဖြစ်သော၊ ဓမ္မဿ-တရားအား၊ ဥပနိဿယပစ္စယေန-ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။ အာရမ္မဏူပနိဿယော-အာရမ္မဏူပနိဿယပစ္စည်းလည်းကောင်း၊ အနန္တရူပနိဿယော-အနန္တရူပနိဿယပစ္စည်းလည်းကောင်း၊ ပကတူပနိဿယော-ပကတူပနိဿယပစ္စည်းလည်းကောင်း၊ ဣတိ-ဤသို့၊ တိဝိဓော-သုံးပါးအပြားရှိ၏။

တေသု-ထိုသုံးပါးတို့တွင်၊ ပကတူပနိဿယော-ပကတူပနိဿယပစ္စည်းကို၊ ဧဝံ-ဤသို့၊ ဒဋ္ဌဗ္ဗော-မှတ်အပ်၏။ သဒ္ဓံ-သဒ္ဓါခြင်းကို၊ ဥပနိဿာယ = ဥပနိဿယံ ကတွာ-အမှီပြု၍၊ ဒါနံ-အလှူကို၊ ဒေတိ-ပေးလှူ၏။ သီလံ-သီလကို၊ သမာဒိယတိ-ကောင်းစွာဆောက်တည်၏။ ဥပေါသထကမ္မံ-အဋ္ဌင်္ဂဥပုသ်ကံကို၊ ကရောတိ-ဆောက်တည်၏။ ဈာနံ-ဈာန်ကို၊ ဥပ္ပါဒေတိ-ဖြစ်စေ၏။ ဝိပဿနံ-ဝိပဿနာကို၊ ဥပ္ပါဒေတိ-

ဖြစ်စေ၏။ မဂ္ဂံ–မဂ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ အဘိညံ–အဘိညာဉ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ သမာပတ္တိံ –သမာပတ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ သီလံ–သီလကို၊ သုတံ–အကြားအမြင်ကို၊ စာဂံ–စွန့်ကြဲခြင်းကို၊ ပညံ–ပညာကို၊ ဥပနိဿာယ–အမှီပြု၍၊ ဒါနံ–အလှူကို၊ ဒေတိ–ပေးလှူ၏။ သီလံ–သီလကို၊ သမာဒိယတိ–ကောင်းစွာဆောက်တည်၏။ ဥပေါသထကမ္မံ–အဋ္ဌင်္ဂဉပုသ်ကံကို၊ ကရောတိ–ဆောက်တည်၏။ ဈာနံ–ဈာန်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ ဝိပဿနံ–ဝိပဿနာကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ မဂ္ဂံ–မဂ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ အဘိညံ–အဘိညာဉ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ သမာပတ္တိံ –သမာပတ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။

သဒ္ဓါ–သဒ္ဓါခြင်းသည်၊ သီလံ–သီလသည်၊ သုတံ–အကြားအမြင်သည်၊ စာဂေါ–စွန့်ကြဲခြင်းသည်၊ ပညာ–ပညာသည်၊ သဒ္ဓါယ–သဒ္ဓါခြင်းအား၊ သီလဿ–သီလအား၊ သုတဿ–အကြားအမြင်အား၊ စာဂဿ–စွန့်ကြဲခြင်းအား၊ ပညာယ–ပညာအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ပဌမဿဈာနဿ–ပဌမဈာန်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ ပဌမဿဈာနဿ–ပဌမဈာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ဒုတိယဿဈာနဿ–ဒုတိယဈာန်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ ဒုတိယဿဈာနဿ–ဒုတိယဈာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ တတိယဿဈာနဿ–တတိယဈာန်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ တတိယဿဈာနဿ–တတိယဈာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ စတုတ္ထဿဈာနဿ–စတုတ္ထဈာန်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ စတုတ္ထဿဈာနဿ–စတုတ္ထဈာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ အာကာသာနဉ္စာယတနဿ–အာကာသာနဉ္စာယတနဈာန်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ အာကာသာနဉ္စာယတနဿ–အာကာသာနဉ္စာယတနဈာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ဝိညာနဉ္စာယတနဿ–ဝိညာနဉ္စာယတနဈာန်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ ဝိညာနဉ္စာယတနဿ–ဝိညာနဉ္စာယတနဈာန်အား၊ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ အာကိဉ္စညာယတနဿ–အာကိဉ္စညာယတနဈာန်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ အာကိဉ္စညာယတနဿ–အာကိဉ္စညာယတနဈာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ နေဝသညာနာသညာယတနဿ–နေဝသညာနာသညာယတနဈာန်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ နေဝသညာနာသညာယတနဿ–နေဝသညာနာသညာယတနဈာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

ပဌမံဈာနံ–ပဌမဈာန်သည်၊ ဒုတိယဿဈာနဿ–ဒုတိယဈာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ဒုတိယံဈာနံ–ဒုတိယဈာန်သည်၊ တတိယဿဈာနဿ–တတိယဈာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ တတိယံဈာနံ–တတိယဈာန်သည်၊ စတုတ္ထဿဈာနဿ–စတုတ္ထဈာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ စတုတ္ထံဈာနံ–စတုတ္ထဈာန်သည်၊ အာကာသာနဉ္စာယတနဿ–အာကာသာနဉ္စာယတနဈာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ အာကာသာနဉ္စာယတနံ–အာကာသာနဉ္စာယတနဈာန်သည်၊ ဝိညာနဉ္စာယတန

သ–ဝိညာဏဉ္စာယတနစျာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ဝိညာနဉ္စာယတနံ–ဝိညာနဉ္စာယတနစျာန်သည်၊ အာကိဉ္စညာယတနဿ–အာကိဉ္စညာယတနစျာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ အာကိဉ္စညာယတနံ–အာကိဉ္စညာယတနစျာန်သည်၊ နေဝသညာနာသညာယတနဿ–နေဝသညာနာသညာယတနစျာန်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ဒိဗ္ဗဿစက္ခုဿ–ဒိဗ္ဗစက္ခုအဘိညာဉ်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ ဒိဗ္ဗဿစက္ခုဿ–ဒိဗ္ဗစက္ခုအဘိညာဉ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ဒိဗ္ဗာယသောတဓာတုယာ–ဒိဗ္ဗသောတအဘိညာဉ်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ ဒိဗ္ဗာယသောတဓာတုယာ–ဒိဗ္ဗသောတအဘိညာဉ်အား၊ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ဣဒ္ဓိဝိဓဉာဏဿ–ဣဒ္ဓိဝိဓဉာဏ်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ ဣဒ္ဓိဝိဓဉာဏဿ–ဣဒ္ဓိဝိဓဉာဏ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ စေတောပရိယဉာဏဿ–စေတောပရိယဉာဏ်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ စေတောပရိယဉာဏဿ–စေတောပရိယဉာဏ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ–ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂ ပရိကမ်သည်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ–ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ယထာကမ္မူပဂဉာဏဿ–ယထာကမ္မူပဂဉာဏ်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂ ပရိကမ်သည်၊ ယထာကမ္မူပဂဉာဏဿ–ယထာကမ္မူပဂဉာဏ်အား၊ ပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ အနာဂတံသဉာဏဿ– အနာဂတံသဉာဏ်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ အနာဂတံသဉာဏဿ–အနာဂတံသဉာဏ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ဒိဗ္ဗစက္ခု–ဒိဗ္ဗစက္ခုအဘိညာဉ်သည်၊ ဒိဗ္ဗာယသောတဓာတုယာ–ဒိဗ္ဗသောတအဘိညာဉ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ဒိဗ္ဗသောတဓာတု–ဒိဗ္ဗသောတအဘိညာဉ်သည်၊ ဣဒ္ဓိဝိဓဉာဏဿ–ဣဒ္ဓိဝိဓဉာဏ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ဣဒ္ဓိဝိဓဉာဏံ–ဣဒ္ဓိဝိဓဉာဏ်သည်၊ စေတောပရိယဉာဏဿ–စေတောပရိယဉာဏ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ စေတောပရိယဉာဏံ–စေတောပရိယဉာဏ်သည်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ–ပုဗ္ဗေနိဝါသာနုဿိဉာဏ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ–ပုဗ္ဗေနိဝါသာနုဿိဉာဏ်သည်၊ ယထာကမ္မူပဂဉာဏဿ–ယထာကမ္မူပဂဉာဏ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ယထာကမ္မူပဂဉာဏံ–ယထာကမ္မူပဂဉာဏ်သည်၊ အနာဂတံသဉာဏဿ–အနာဂတံသဉာဏ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

ပဌမဿမဂ္ဂဿ–ပဌမမဂ်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ ပဌမဿမဂ္ဂဿ–ပဌမမဂ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ဒုတိယဿမဂ္ဂဿ–ဒုတိယမဂ်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ ဒုတိယဿမဂ္ဂဿ–ဒုတိယမဂ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ တတိယဿမဂ္ဂဿ–တတိယမဂ်၏၊ ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ တတိယဿမဂ္ဂဿ–တတိယမဂ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ စတုတ္ထဿမဂ္ဂဿ–စတုတ္ထမဂ်၏၊

ပရိကမ္မံ–ပုဗ္ဗဘာဂပရိကမ်သည်၊ စတုတ္ထဿမဂ္ဂဿ–စတုတ္ထမဂ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

ပဌမောမဂ္ဂေါ–ပဌမမဂ်သည်၊ ဒုတိယဿမဂ္ဂဿ–ဒုတိယမဂ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ ဒုတိယောမဂ္ဂေါ–ဒုတိယမဂ်သည်၊ တတိယဿမဂ္ဂဿ–တတိယမဂ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ တတိယောမဂ္ဂေါ–တတိယမဂ်သည်၊ စတုတ္ထဿ မဂ္ဂဿ–စတုတ္ထမဂ်အား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

သေက္ခာ–သေက္ခဟုဆိုအပ်သော သောတာပန်,သကဒါဂါမ်,အနာဂါမ်တို့သည်၊ မဂ္ဂံ–မိမိရအပ်သော မဂ်ကို၊ ဥပနိဿာယ–အမှီပြု၍၊ အနုပ္ပန္နံ–မဖြစ်သေးသော၊ သမာပတ္တိံ–သမာပတ်ကို၊ ဥပ္ပါဒေန္တိ–ဖြစ်စေကုန်၏၊ ဥပ္ပန္နံ–ဖြစ်ပြီးသောသမာပတ်ကို၊ သမာပဇ္ဇန္တိ–ဝင်စားကုန်၏၊ သင်္ခါရေ–သင်္ခါရတရားတို့ကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿန္တိ–ဝိပဿနာရှုကုန်၏။ မဂ္ဂေါ–အောက်မဂ်သုံးခုသည်၊ သေက္ခာနံ–သေက္ခပုဂ္ဂိုလ်တို့အား၊ အတ္ထပ္ပဋိသမ္ဘိဒါယ–ပါဠိတော်၏အနက်ကိုသိသော အတ္ထပဋိသမ္ဘိဒါအား၊ ဓမ္မပ္ပဋိသမ္ဘိဒါယ–မဂဓ ဘာသာ ပါဠိတော်ဟူသော သဒ္ဒါကိုသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်အား၊ နိရုတ္တိပ္ပဋိသမ္ဘိဒါယ–အရပ်သူတို့၏ ဘာသာဟူသော သဒ္ဒါကိုသိသော နိရုတ္တိပ္ပဋိသမ္ဘိဒါဉာဏ်အား၊ ပဋိဘာနပ္ပဋိသမ္ဘိဒါယ–အနက်သဒ္ဒါ ဘာသာသုံးပါးကိုသိသော ပဋိဘာနပဋိသမ္ဘိဒါအား၊ ဌာနာဌာနကောသလ္လဿ–အရာဟုတ်သည်, မဟုတ်သည်၌ ကျွမ်းကျင်သော ဌာနာဌာနကောသလ္လအား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

(မိုးထိ ပ နိသျ ၄၀၃–၄၀၈)

ပကတူပနိဿယဖြစ်အံ့ – ကတ္တားကား ဇလဝဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝီသ, စေတသိက် အဋ္ဌတ္တိံသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား ကုသိုလ်ဇကဝီသ စေတသိက် အဋ္ဌတ္တိံသ ပစ္စယုပ္ပန်တရားရ၏။ ကရိယာကား ပကတူပနိဿယသတ္တိရ၏။

## ၄၄ ပကတူပနိဿယ ပစ္စည်း၌ အရဟတ္တမဂ်ကြဉ်သင့် မကြဉ်သင့် ဝိနိစ္ဆယ

ပဌာန်းအရကောက်ဆရာတော်ကား ၄၄၌ ပစ္စည်းတရားတွင် အရဟတ္တမဂ်ကို ကြဉ်လေသည်။ အာရမ္မဏူပ အနန္တရူပနိဿယ ကြဉ်သင့်သော်လည်း ပကတူပနိဿယ၌မူ မကြဉ်သင့်ပေ။

အကြောင်းကား ကုသိုလ်နာမက္ခန္ဓာသည် အရဟတ္တမဂ်ကို အာရုံမပြုနိုင်သော်လည်း အရဟတ္တမဂ်ကို အကြောင်းပြု၍ ကုသိုလ်တရား ဖြစ်ပွားရာ၌ အရဟတ္တမဂ်သည် ကုသိုလ်နာမက္ခန္ဓာအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သောကြောင့်တည်း။ (ပဌာန်းအဋ္ဌကထာ ၃၁၄–၈)

“ပညံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ (ပ) သမာပတ္တိံ ဥပ္ပါဒေတိ”ဟူသော ပါဠိတော် ထောက်ထား၍ ပညာအရ လောကီပညာ လောကုတ္တရာပညာ အားလုံးကို ယူနိုင်ရကား အရဟတ္တမဂ်ပညာသည်လည်း ဒါနအစရှိသော လောကီလောကုတ္တရာကုသိုလ်တရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်။

ဥပမာ – အရဟတ္တမဂ်ကို ရသောကြောင့် ရဟန္တာဖြစ်သည်။ ထိုရဟန္တာဖြစ်သည်ကို အကြောင်းပြု၍ ကြည်ညိုသဒ္ဓါဖြစ်ပွားကာ ဒါနစသောကုသိုလ်ကောင်းမှုပြုကြကုန်သော သတ္တဝါတို့၏ ဒါနစသောကုသိုလ်အား အရဟတ္တမဂ်သည် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ (ပဌာနသာရဝိဘာဝိနီ ၃ ၂၇၃–၄)

အနုဝါဒ၌ သဒ္ဓံ၏ အရကို ကံ,ကံ၏ အကျိုး ပစ္စုပ္ပန်ဘဝ တမလွန်ဘဝ အစရှိသည်တို့၌ ယုံကြည်သော သဒ္ဓါပြဋ္ဌာန်းသော မဟာကုသိုလ်ရှစ်ခု စိတ္တုပ္ပါဒ်ယူ၍၊ ဒါနံ၏အရကို အန္နပါနဃရဝတ္ထ အစရှိသော ဒါနဝတ္ထု ဒါနစေတနာယူ၍ ဥပနိဿာယ ဒါနံ ဒေတိအရကို ဒါနစေတနာပြဋ္ဌာန်းသော နောက်နောက်သော မဟာကုသိုလ်စိတ္တုပ္ပါဒ် ယူ၍၊ သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဒါနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

ပစ္စည်းတပ်ပုံကား ရေကိုအလိုရှိသော ယောကျ်ားသည် “ဤမြေထဲ၌ ရေသည် စင်စစ်လျှင်ရှိ၏”ဟု ယုံကြည်သည်ဖြစ်၍ မြေကိုတူးသကဲ့သို့ ဣဋ္ဌာရုံကို ခံစားခြင်းကို အလိုရှိသောသူသည် ဣဋ္ဌာရုံသည်ကား အလှူပေးခြင်း စေတနာ၏ အကျိုးလျှင်တည်းဟု အကျိုးရင်းအကျိုးဆက်ကို ယုံကြည်သည်ဖြစ်၍ အလှူပေးလိုလသော် ဘဝ်စလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အန္န ပါန ဃရ ဝတ္ထ အစရှိသော ဒါနဝတ္ထုကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ထို့နောင် မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် ဇောခုနစ်ကြိမ်၊ ထို့နောင် ဝိဘူတာရုံဝီထိဖြစ်အံ့ တဒါရုံနှစ်ကြိမ်။ ထို့နောင် ကာမဘဝင်။ အဝိဘူတာရုံဖြစ်အံ့ ပဉ္စဝေါကာရဘဝင်။ (ဃဋ္ဋိကာရဗြဟ္မာ သဟမ္ပတိဗြဟ္မာတို့ကို ထောက်၍ ရူပါဝစရရသင့်၍ ပဉ္စဝေါကာရဘဝင်ချသည်) ထို့နောင်

ပစ္စဝေက္ခဏာချမြဲ။ ထိုသို့ဖြစ်သောအခါ ဆိုမြဲ)

သဒ္ဓံ ဥပနိဿာယ သီလံ သမာဒိယတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ သဒ္ဓံ၏အရကို ကံ,ကံ၏ အကျိုး ပစ္စုပ္ပန်ဘဝ တမလွန်ဘဝ အစရှိသည်တို့၌ ယုံကြဉ်သော သဒ္ဓါပြဋ္ဌာန်းသော မဟာကုသိုလ်ရှစ်ခု စိတ္တုပ္ပါဒ်ယူ၍၊ "ဥပနိဿာယ သီလံ သမာဒိယတိ"၏အရ ကို ပဉ္စင်္ဂသီလ ဒသင်္ဂသီလ ပြဋ္ဌာန်းသော ကာမကုသိုလ်ကို ယူ၍၊ "ဥပေါသထကမ္မံ ကရောတိ"၏အရကို အဋ္ဌင်္ဂ ဥပေါသထ စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍၊ "ဈာနံ ဥပ္ပါဒေတိ"၏အရကို မဟဂ္ဂုတ်ကုသိုလ် ဈာန်ကိုးခုယူ၍၊ "ဝိပဿနံ ဥပ္ပါဒေတိ"၏အရကို ဝိပဿနာပြုသော ကာမကုသိုလ်ယူ၍၊ "မဂ္ဂံ ဥပ္ပါဒေတိ"၏အရကို မဂ်လေးခုစိတ္တုပ္ပါဒ်ယူ၍ "အဘိညံ ဥပ္ပါဒေတိ"အရကို ကုသိုလ်အဘိညာဉ် ငါးပါးယူ၍၊ "သမာပတ္တိံ ဥပ္ပါဒေတိ"၏အရကို ကုသိုလ်သမာပတ်ရှစ်ပါးယူ၍ သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်သည် သီလ အဋ္ဌင်္ဂဥပေါသထ ဈာန် ဝိပဿနာ မဂ် အဘိညာဉ်သမာပတ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

သီလံ ဥပနိဿာယ ဒါနံ ဒေတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ သီလံ၏အရကို ပဉ္စင်္ဂသီလ ဒသင်္ဂသီလ စေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၊ "ဒါနံ ဒေတိ"၏အရကို ဒါနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၊ "သီလံ သမာဒိယတိ"အစရှိသည်တို့၌ ရှေးကအတိုင်းယူ၊ သုတံအရ သုတမယဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ်ယူ၊ စာဂံ၏အရကို လောဘပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၊ ပညံ၏အရကို ပညာပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ယူပါ။

ပဌမဿဈာနဿ ပရိကမ္မံ အရ ပဌမဈာန်ကို ရစိမ့်သောငှါ ပထဝီပထဝီအစရှိသည်ဖြင့် စီးဖြန်းသော ပရိကမ်ဇော ကိစ္စတပ်သော ကာမကုသိုလ်ယူ၍ ပဌမဿဈာနဿအရ ပဌမဈာန်ယူ၍ ပထဝီပထဝီအစရှိသည်ဖြင့် စီးဖြန်းသော ပရိကမ်ဇော ကိစ္စတပ်သော ကာမကုသိုလ်သည် ပဌမဈာန်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

"ပဌမော မဂ္ဂေါ"၏အရကို သောတာပတ္တိမဂ်ယူ၍၊ "ဒုတိယဿ မဂ္ဂဿ"၏အရကို သကဒါဂါမိမဂ် စသည်ကို ယူပါ။

"သေက္ခာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ၊ ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"၌ မဂ္ဂံ၏အရကို အောက်မဂ်သုံးခုယူ၍ သေက္ခာ၏အရကို အောက်ဖလဋ္ဌာန် သုံးယောက်ယူ၍ "ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ"၏ အရကို အနုပ္ပန္နသမာပတ် ရှစ်ပါးယူ၍ "ဥပ္ပန္နံ သမာပဇ္ဇန္တိ"၏အရကို ဥပ္ပန္နသမာပတ်ရှစ်ပါးယူ၍ အောက်မဂ်သုံးခုသည် သမာပတ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

"သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာပြုသော ကာမကုသိုလ်ယူ။

"မဂ္ဂေါ သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိ၌ မဂ္ဂေါ၏ အရကို အောက်မဂ်သုံးခုယူ၍ "သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ"၏အရကို အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့အား ပါဠိတော်၏အနက်ကိုသိသော အတ္ထပဋိသမ္ဘိဒါဉာဏ်ယူ၍၊ "ဓမ္မပဋိဒါယ"၏အရကို မဂဓဘာသာ ပါဠိဟူသော သဒ္ဒါကိုသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်ယူ၍၊ "နိရုတ္တိပဋိသမ္ဘိဒါယ"၏အရကို အရပ်သူတို့၏ ဘာသာဟူသော သဒ္ဒါကိုသိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ယူ၍၊ 'ပဋိဘာနပဋိသမ္ဘိဒါယ"၏အရကို အနက် သဒ္ဒါဘာသာသုံးပါးကို သိသော ပဋိဘာနပဋိသမ္ဘဒါဉာဏ်ယူ၍၊ "ဌာနာဋ္ဌာနကောသလ္လသ"၏အရကို အရာဟုတ်သည် မဟုတ်သည်၌ လိမ္မာသော ဌာနာဋ္ဌာနကောသလ္လဉာဏ်ယူ၍ အောက်မဂ်သုံးခုသည် ပဋိသမ္ဘိဒါဉာဏ်လေးပါး, ဌာနာဋ္ဌာနကောသလ္လဉာဏ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ (ပဋိသမ္ဘိဒါဉာဏ်၏အရကား မဂ်ဉာဏ် ကာမာဝစရကုသိုလ်ဉာဏ်တည်း)

(ထန်းတပင် ပါဠိတော်နိဿယ ဒ ၂၃၀-၂၃၂)

## သီလံ ဥပနိဿာယ စသည်၌ မှတ်ဘွယ်

သီလ၏အာနုဘော် သီလ၏အကျိုးအာနိသံသတို့၌ လိမ္မာသော သီလနှင့်ပြည့်စုံသောသူသည် သီလကို အမှီပြု၍ သီလဝန္တပုဂ္ဂိုလ်တို့အား အလှူပေးခြင်း အထက်အထက် သီလကို မကျိုးမပေါက်ရအောင် ဆောက်တည်ခြင်း စာတုဒ္ဒသီအစရှိသော ဥပုသ်နေ့တို့၌ အင်္ဂါသီလဆောက်တည်ခြင်း သီလနှင့်ပြည့်စုံခြင်းကို အမှီပြု၍ ဈာန်စသည်ကို ဖြစ်စေခြင်း စသည်တို့သည် သီလကိုမှီ၍ ဒါနစသောကုသိုလ်ကောင်းမှု ပြုခြင်းဖြစ်ပါသည်။

ဒါနစသော ပုညကြိယာဝတ္ထုနှင့်စပ်သော အလုံးစုံသော လောကီလောကုတ္တရာ စီးပွားချမ်းသာ ပြည့်စုံခြင်း ဒါနစသည်တို့၏ ညစ်ညူးခြင်း ဖြူစင်ခြင်း စသည်အထူးကိုလည်းကောင်း သုတမယပညာဖြင့် ထိုးထွင်းသိရှိ၍တည်သော အကြားအမြင်များသောပုဂ္ဂိုလ်သည် အကြားအမြင် ဗဟုသုတကို အမှီပြု၍ ဒါနစသည်ကို ဖြစ်စေပါသည်။

စွန့်ကြဲပေးကမ်းခြင်းရှိသောသူသည် စွန့်ကြဲပေးကမ်းခြင်း၌ ညွတ်သော စိတ်ရှိသည်ဖြစ်၍ မိမိ၏ စာဂ နှင့် ပြည့်စုံခြင်းကိုအမှီပြု၍ အလှူပေးခြင်း၊ သီလဝန္တပုဂ္ဂိုလ်ဖြစ်၍ ပေးလှူအပ်သောဒါနသည် များသော အကျိုးရှိ၏ဟု နှလုံးသွင်း၍ သီလကိုဆောက်တည်ခြင်း အင်္ဂါဥပုသ်ဆောက်တည်ခြင်း၊ ထိုဒါနစသော အကျင့်ဖြင့် စင်ကြယ်သော စိတ်ရှိသည်ဖြစ်၍ ဈာန်စသည်ကို ဖြစ်စေပါသည်။

ပညာရှိသောပုဂ္ဂိုလ်သည် ပစ္စုပ္ပန်လောက တမလွန်လောက အကျိုးကိုလည်းကောင်း လောက သုံးပါးကို လွန်မြောက်ခြင်း၏ အကြောင်းကိုလည်းကောင်း ပညာဖြင့် စူးစမ်းဆင်ခြင်သည်ရှိသော် မိမိ၏ ဒါနသီလအစရှိသော အကျင့်ဖြင့် ပစ္စုပ္ပန်လောက တမလွန်လောက အကျိုးကိုလည်းကောင်း လောက သုံးပါးကို လွန်မြောက်ခြင်း၏ အကြောင်းကိုလည်းကောင်း ပြီးစေခြင်းငှါ စွမ်းနိုင်၏ဟု နှလုံးသွင်း၍ ပညာကို အမှီပြုကာ ဒါနအစရှိသည်တို့ကို ဖြစ်စေပါသည်။ (ပဋ္ဌာနသာရဝိဘာဝိနီ တ ၃၉၇-၄၀၀)

## ဥပနိဿယပစ္စယော ပစ္စယနိဒ္ဒေသ ပဋ္ဌာဝါရ ကု အကု ပါဠိတော် နိဿယ

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ[၁] ဥပနိဿယပစ္စယေန ပစ္စယော။ (ပစ္စယနိဒ္ဒေသ ပဋ္ဌာနပါဠိ ပ ၆)

ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ–လောကီကုသိုလ် သတ္တရသနာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ အကုသလာနံ–အကုသိုလ်ဖြစ် ကုန်သော၊ ဓမ္မာနံ–အကုသိုလ်ဒွါဒသနာမက္ခန္ဓာတို့အား၊ ကေသဉ္စိဥပနိဿယပစ္စယေန–အချို့သော အာရမ္မဏူပ ပကတူပနိဿယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ (မိုးထိ ပ နိသျ ၁၇)

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ ပကတူပနိဿယော။

("အာရမ္မဏူပနိဿယော"သည် အာရမ္မဏာဓိပတိ ကု အကု စာပိုဒ်နှင့် တူသည်)

ပကတူပနိဿယော – သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ။ သီလံ။ပ။ သုတံ။ပ။ စာဂံ။ပ။ ပညံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ။ သဒ္ဓါ။ သီလံ။ သုတံ။ စာဂေါ။ ပညာ ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။

ကုသလော–ကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ အကုသလဿ–အကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ ဥပနိဿပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အာရမ္မဏူပနိဿယော–အာရမ္မဏူပနိဿယပစ္စည်းလည်းကောင်း၊ ပကတူပနိဿယော–ပကတူပ နိဿယပစ္စည်းလည်းကောင်း၊ ဣတိ–ဤသို့၊ ဒုဝိဓော–နှစ်ပါးအပြားရှိ၏။

တေသု–ထိုနှစ်ပါးတို့တွင်၊ ပကတူပနိဿယော–ပကတူပနိဿပစ္စည်းကို၊ ဇဝံ–ဤသို့၊ ဒဋ္ဌဗ္ဗော– မှတ်အပ်၏။ သဒ္ဓံ–သဒ္ဓါခြင်းကို၊ ဥပနိဿာယ–အမှီပြု၍၊ မာနံ–မာနကို၊ ဇပ္ပေတိ–ဖြစ်စေ၏၊ ဒိဋ္ဌိံ– မှားသောအယူကို၊ ဂဏှာတိ–ယူ၏၊ သီလံ–သီလကို၊ သုတံ–အကြားအမြင်ကို၊ စာဂံ–စွန့်ကြဲခြင်းကို၊ ပညံ–ပညာကို၊ ဥပနိဿာယ–အမှီပြု၍၊ မာနံ–မာနကို၊ ဇပ္ပေတိ–ဖြစ်စေ၏၊ ဒိဋ္ဌိံ–မှားသောအယူကို၊ ဂဏှာတိ– ယူ၏။ သဒ္ဓါ–သဒ္ဓါခြင်းသည်၊ သီလံ–သီလသည်၊ သုတံ–အကြားအမြင်သည်၊ စာဂေါ–စွန့်ကြဲခြင်းသည်၊ ပညာ–ပညာသည်၊ ရာဂဿ–ရာဂအား၊ ဒေါသဿ–ဒေါသအား၊ မောဟဿ–မောဟအား၊ မာနဿ– မာနအား၊ ဒိဋ္ဌိယာ–ဒိဋ္ဌိအား၊ ပတ္ထနာယ–ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တသော လောဘအား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။ (မိုးထိ ပ နိသျ ၄၀၈–၄၀၉)

---

၁ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုရာ၌ ဥပနိဿယသုံးမျိုးတွင် အနန္တရူပနိဿယဖြင့် ကျေးဇူးမပြုနိုင်ကြောင်း ပြလို၍ ကေသဉ္စိ ထည့်သည်။

အဓိပ္ပါယ်ကား ကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ အဘယ်သို့ ပြုသနည်းဟူမူကား – သဒ္ဓါခြင်းကို အမှီပြု၍ 'ငါသာလျှင် သဒ္ဓါတရားနှင့် ပြည့်စုံသောသူတည်း' ဟု မိမိကိုယ်ကို ထောင်လွှားသောသူအား မာနဖြစ်၏။ ထိုထိုသို့သော စကားတို့၌ ယုံကြည်သော အားဖြင့် အနက်အဓိပ္ပါယ်ကို မစူးစမ်းမဆင်ခြင်မူ၍ မှားသောအယူရှိသောသူအား ဒိဋ္ဌိ[1] ဖြစ်၏။ သီလ သုတ စာဂ ပညာတရားကို အမှီပြု၍ 'ငါသာလျှင် သီလ သုတ စာဂ ပညာတရားနှင့် ပြည့်စုံသောသူတည်း'ဟု မိမိကိုယ်ကို ထောင်လွှားသောသူအား မာနဖြစ်၏။ မှားသောအယူရှိသောသူအား ဒိဋ္ဌိဖြစ်၏။ သဒ္ဓါ သီလ သုတ စာဂ ပညာ ဤတရားငါးပါးတို့သည် ငါ၌ ပြည့်စုံပေသည်ဟူ၍ မိမိကိုယ်ကို ချီးမြှောက်သောအခါ၌ ရာဂအား၊ သူတပါးကို နှိက်စက်သောအခါ၌ ဒေါသအား၊ ရာဂဒေါသနှင့် ယှဉ်သောအခါ၌ မောဟအား၊ သဒ္ဓါအစရှိသည်တို့နှင့် ပြည့်စုံခြင်းကိုအမှီ၍ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တသောအခါ၌ ပတ္ထနာအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ကတ္တားပုဒ်၏အရကား ဗလဝဖြစ်သော လောကီကုသိုလ် သတ္တရသ[2] ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။ ကရိယာကား ပကတူပနိဿယ သတ္တိရ၏။

သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ အစရှိသည်၌ 'သဒ္ဓံ'အရ သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်ကို ယူ၍ 'မာနံ ဇပ္ပေတိ'အရကို 'ငါသာလျှင် သဒ္ဓါတရားနှင့် ပြည့်စုံသောသူတည်း'ဟု မိမိကိုယ်ကို ထောင်လွှားသော အခါ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု စိတ္တုပ္ပါဒ်ယူ၍၊ 'ဒိဋ္ဌိံ ဂဏှာတိ'အရကို ထိုထိုသို့သော စကားတို့၌ ယုံကြည်သော အားဖြင့် အနက်အဓိပ္ပါယ်ကို မစူးစမ်းမဆင်ခြင်မူ၍ မှားသောအယူရှိသောအခါ ဒိဋ္ဌိဂတသမ္ပယုတ်လေးခု စိတ္တုပ္ပါဒ်ယူ၍၊ သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်သည် လောဘမူအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (သီလ သုတ စာဂ ပညာ အရ ယူမြဲ၊ 'မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ' ယူမြဲ)

သဒ္ဓါ သီလ သုတ စာဂ ပညာ ရာဂဿ အစရှိသည်၌ 'သဒ္ဓါ သီလ သုတ စာဂ ပညာ'အရကို သဒ္ဓါ သီလ သုတ စာဂ ပညာ ပြဋ္ဌာန်းသော လောကီကုသိုလ်ကိုယူ၍ 'ရာဂဿ'အရ ဤတရားငါးပါးနှင့် ပြည့်စုံသည်ဟု မိမိကိုယ်ကို ချီးမြှောက်သောအခါ ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါယ်ယူ၍၊ 'ဒေါသဿ' အရ သူတပါးတို့ကို နှိက်စက်သောအခါ ဒေါသမူစိတ္တုပ္ပါဒ်ယူ၍၊ 'မောဟဿ' အရ အတ္တုက္ကံသန ပရဝမ္ဘန မိမိကိုယ်ကို ချီးမြှောက်ခြင်း သူတပါးကို နှိက်စက်ခြင်း နှစ်ပါးဖြစ်သောအခါ မောဟပြဋ္ဌာန်းသော အကုသိုလ် ဒွါဒသစိတ္တုပ္ပါဒ်ယူ၍ လောကီကုသိုလ်သည် အကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

---

၁ သဒ္ဓါနှင့် ပြည်စုံသော ယောကျာ်း မိန်းမစသည့် ပုဂ္ဂိုလ်သည်ရှိ၏ စွဲယူသူအား သဒ္ဓါအမှီပြု၍ ဒိဋ္ဌိ ဖြစ်သည်။
(ပဋ္ဌာနသာရဝိဘာဝိနီ တ–၄၀၇)

၂ လောကုတ္တရာတရားသည် အကုသိုလ်ကို ဖျက်ဆီးတတ်သည်, အကုသိုလ်ကို မဖြစ်စေတတ်၍ လောကုတ္တရာကုသိုလ် (မဂ်–၄ပါး)ကို မယူရ။ ဤ၌လောကီကုသိုလ် ၁၇–ပါးကိုသာ ယူရမည်။ (ပဋ္ဌာန်းအရကောက် ၄၁၆)

## ဥပနိဿယပစ္စယော ပစ္စယနိဒ္ဒေသ ပဥှာဝါရ ကု ဗျာ ပါဋ္ဌိတော် နိဿယ

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ (ပစ္စယနိဒ္ဒေသ ပဋ္ဌာနပါဠိ ပ ၆)

ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ ကုသလာ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ–ကုသိုလ်ဇောဝီထိ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ အဗျာကတာနံ–အဗျာကတဖြစ်ကုန်သော၊ ဓမ္မာနံ–ဝိပါက်ဆတ္တိံသကြိယာဝီထိနာမက္ခန္ဓာတို့အား၊ ဥပနိဿယပစ္စယေန–အာရမ္မဏူပ အနန္တရူပ ပကတူပ နိဿယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ (မိုးထိ ပ နိသျ ၁၇)

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။

ပကတူပနိဿယော – သဒ္ဓံ ဥပနိဿာယ အတ္တာနံ အာတာပေတိ၊ ပရိတာပေတိ။ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ သီလံ။ပ။ သုတံ။ပ။ စာဂံ။ပ။ ပညံ ဥပနိဿာယ အတ္တာနံ အာတာပေတိ၊ ပရိတာပေတိ။ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ သဒ္ဓါ။ သီလံ။ သုတံ။ စာဂေါ။ ပညာ ကာယိကဿ သုခဿ။ ကာယိကဿ ဒုက္ခဿ။ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော။ အရဟာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ ကြိယသမာပတ္တိံ ဥပ္ပါဒေတိ။ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ မဂ္ဂေါ အရဟတော အတ္ထပ္ပဋိသမ္ဘိဒါယ, ဓမ္မပ္ပဋိသမ္ဘိဒါယ, နိရုတ္တိပ္ပဋိသမ္ဘိဒါယ, ပဋိဘာနပ္ပဋိသမ္ဘိဒါယ, ဌာနာဋ္ဌာနကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော။ မဂ္ဂေါ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ (ပဋ္ဌာနပါဠိ ပ ၁၄၇)

သဒ္ဓံ–သဒ္ဓါခြင်းကို၊ ဥပနိဿာယ–အမှီပြု၍၊ အတ္တာနံ–မိမိကိုယ်ကို၊ အာတာပေတိ–ပူပန်စေ၏၊ ပရိတာပေတိ–ထက်ဝန်းကျင်မှ ပူပန်စေ၏၊ ပရိယိဋ္ဌိမူလကံ–ရှာမှီခြင်းလျှင်အရင်းရှိသော၊ ဒုက္ခံ–ဆင်းရဲကို၊ ပစ္စနုဘောတိ–ခံစား၏။ သီလံ–သီလကို၊ သုတံ–အကြားအမြင်ကို၊ စာဂံ–စွန့်ကြဲခြင်းကို၊ ပညံ–ပညာကို၊ ဥပနိဿာယ–အမှီပြု၍၊ အတ္တာနံ–မိမိကိုယ်ကို၊ အာတာပေတိ–ပူပန်စေ၏၊ ပရိတာပေတိ–ထက်ဝန်းကျင်မှ ပူပန်စေ၏၊ ပရိယိဋ္ဌိမူလကံ–ရှာမှီခြင်းလျှင်အရင်းရှိသော၊ ဒုက္ခံ–ဆင်းရဲကို၊ ပစ္စနုဘောတိ–ခံစား၏။ သဒ္ဓါ–သဒ္ဓါခြင်းသည်၊ သီလံ–သီလသည်၊ သုတံ–အကြားအမြင်သည်၊ စာဂေါ–စွန့်ကြဲခြင်းသည်၊ ပညာ–ပညာသည်၊ ကာယိကဿ–ကိုယ်၌မှီသော၊ သုခဿ–သုခဝေဒနာအား၊ ကာယိကဿ–ကိုယ်၌မှီသော၊ ဒုက္ခဿ–ဒုက္ခဝေဒနာအား၊ ဖလသမာပတ္တိယာ–ဖလသမာပတ်အား၊ ဥပနိဿယပစ္စယေန–ဥပနိဿယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ကုသလံ–ကုသိုလ်ဖြစ်သော၊ ကမ္မံ–ကံသည်၊ ဝိပါကဿ–

ကုသလဝိပါကံကေ့နတိံသ[၁]အား၊ ဥပနိဿယပစ္စယေန–ဥပနိဿယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အရဟာ–ရဟန္တာပုဂ္ဂိုလ်သည်၊ မဂ္ဂံ–အရဟတ္တမဂ်ကို၊ ဥပနိဿာယ–အမှီပြု၍၊ အနုပ္ပန္နံ–မဖြစ်သေးသော၊ ကြိယသမာပတ္တိံ–ကြိယသမာပတ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ ဥပ္ပန္နံ–ဖြစ်ပြီးသောသမာပတ်ကို၊ သမာပဇ္ဇတိ–ဝင်စား၏။ သင်္ခါရေ–သင်္ခါရတရားတို့ကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿတိ–ဝိပဿနာရှု၏။ မဂ္ဂေါ–အရဟတ္တမဂ်သည်၊ အရဟတော–ရဟန္တာပုဂ္ဂိုလ်၏၊ အတ္ထပ္ပဋိသမ္ဘိဒါယ–ပါဠိတော်၏အနက်ကိုသိသော အတ္ထပဋိသမ္ဘိဒါအား၊ ဓမ္မပ္ပဋိသမ္ဘိဒါယ–မဂဓဘာသာပါဠိတော်ဟူသော သဒ္ဒါကိုသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်အား၊ နိရုတ္တိပ္ပဋိသမ္ဘိဒါယ–အရပ်သူတို့၏ဘာသာဟူသော သဒ္ဒါကိုသိသော နိရုတ္တိပ္ပဋိသမ္ဘိဒါဉာဏ်အား၊ ပဋိဘာနပ္ပဋိသမ္ဘိဒါယ–အနက်သဒ္ဒါဘာသာသုံးပါးကိုသိသော ပဋိဘာနပဋိသမ္ဘိဒါအား၊ ဌာနာဌာနကောသလ္လဿ–အရာဟုတ်သည်, မဟုတ်သည်၌ ကျွမ်းကျင်သော ဌာနာဌာနကောသလ္လအား၊ ဥပနိဿယပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏။

(မိုးထိ ပ နိသျ ၄၀၉–၄၁၀)

အဓိပ္ပါယ်ကား ကုသိုလ်ဓမ္မသည် အဗျာကတဓမ္မအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ အဘယ်သို့ ပြုသနည်းဟူမူကား – သဒ္ဓါတရားနှင့် ပြည့်စုံသောသူသည် သဒ္ဓါခြင်းကို အမှီပြု၍ အလွန်ချမ်းသည် အလွန်ပူသည်ဟု မဆုတ်မူ၍ အထူးထူးအပြားပြားသော အမှုသစ် အမှုကြီးငယ် အစရှိသည်တို့ကို ပြုသည်ရှိသော် မိမိကိုယ်ကို ပူပန်စေသည်ဖြစ်၏။ ဥစ္စာစည်းစိမ်တို့ကို ဖြစ်စေ၍ အလှူကောင်းမှုတို့ကို ပြုအံ့ဟု ဥစ္စာစည်းစိမ်တို့ကို ရှာမှီးခြင်းအရင်းရှိသော ဆင်းရဲကို ခံစား၏။

သီလနှင့် ပြည့်စုံသော သူသည်လည်း သီလကို စောင့်ရှောက်အံ့သောငှါ လွင်တီးခေါင်၌နေခြင်း အစရှိသောအစွမ်းဖြင့် မိမိကိုယ်ကို ပူပန်စေ၏။ ပိဏ္ဍပါတ်ဆောက်တည်သောအားဖြင့် ဆွမ်းကို ရှာမှီးခြင်း အရင်းရှိသော ဆင်းရဲကို ခံစား၏။ အကြားအမြင်နှင့် ပြည့်စုံသောသူသည်လည်း အကြားအမြင်များသည်နှင့် လျော်စွာ ကျင့်အံ့ဟူ၍ အလွန်ချမ်းသည် အလွန်ပူသည် ဟူ၍ မဆုတ်မူ၍ အထူးထူးအပြားပြားသော အမှုသစ်အမှုကြီးငယ်စသည်တို့ကို ပြုသည်ရှိသော် မိမိကိုယ်ကို ပူပန်စေ၏။ ပိဏ္ဍပါတ်ဆောက်တည်သောအားဖြင့် ဆွမ်းကိုရှာမှီးခြင်းအရင်းရှိသော ဆင်းရဲကို ခံစား၏။

စွန့်ကြဲခြင်းနှင့် ပြည်စုံသောသူသည်လည်း လွတ်လွတ်စွန့်ခြင်းရှိသည်၏ အဖြစ်ကြောင့် မိမိမျှလောက်ရုံသော ဝတ္ထုတို့ကို မခြွင်းစေမူ၍ စွန့်သော်လည်းကောင်း ခြေလက်စသော အင်္ဂါကြီးငယ်ကို စွန့်သော်လည်းကောင်း မိမိကိုယ်ကို ပူပန်စေ၏။ စွန့်ကြဲအပ်သောဝတ္ထုကို ဖြစ်စိမ့်သောငှါ ပစ္စည်းဝတ္ထုကို ရှာမှီခြင်းလျှင် အရင်းရှိသော ဆင်းရဲကို ခံစား၏။

---

၁ အဟိတ်ကုသလဝိပါက် ၈၊ မဟာဝိပါက် ၈၊ ရူပဝိပါက် ၅၊ အရူပဝိပါက် ၄၊ ဖိုလ် ၄၊ ပေါင်း ၂၉

ပညာနှင့်ပြည့်စုံသော သူသည်လည်း အဆင့်ဆင့်ပညာကို ပွားစေအံ့ဟု ပညာရှိသောအဖြစ်ကို အမှီပြု၍ အချမ်းအပူအစရှိသည်တို့ကို မရေတွက်မူ၍ သရဇ္ဈာယ်ခြင်း နှလုံးသွင်းခြင်းတို့၌ လုံ့လပြုသည်ရှိသော် မိမိကိုယ်ကို ပူပန်စေ၏။ မိစ္ဆာဇီဝ၌ အပြစ် သမ္မာဇီဝ၌ အကျိုးကို မြင်၍ မိစ္ဆာဇီဝကိုပယ်၍ စင်ကြယ်သော သမ္မာအာဇီဝဖြင့် အသက်မွေးခြင်းကို ရှာမှီးသည်ရှိသော် ရှာမှီးခြင်းအရင်းရှိသော ဆင်းရဲကိုခံစား၏။

သဒ္ဓါ အစရှိသော တရားနှင့် ပြည့်စုံခြင်းကို အမှီပြု၍ နှလုံးသာယာခြင်းလျှင် အရင်းရှိသော ပီတိ ပါမောဇ္ဇကြောင့် ဖြစ်သော ရုပ်ဖြင့်တွေ့သော ကိုယ်ရှိသောသူအား ကာယိကသုခအား၊ ဆိုခဲ့သောနည်းဖြင့် ဆင်းရဲသောအခါ ကာယယိကဒုက္ခအား၊ ဖိုလ်ဝင်စားသောအခါ ဖလသမာပတ်အား၊ ဗလဝဖြစ်သော ကုသိုလ် ဇောစေတနာသည် ကုသလဝိပါက် ဇောနတိ'သအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ကတ္တားကား ဗလဝဖြစ်သော ကုသိုလ်ဇောဝီသ စေတသိက် အဋ္ဌတိံသ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ဝိပါက်စိတ်ဆတ္တိံသ ကြိယာဝီသ စေတသိက် အဋ္ဌတိံသ ပစ္စယုပ္ပန်တရားရ၏။ ကရိဏ်းကား ပကတူပနိဿယသတ္တိ ရ၏။

သဒ္ဓံ ဥပနိဿာယယ အစရှိသည်ဖြင့် ဟောတော်မူအပ်သော အနုဝါဒပါဠိတော်၌ “သဒ္ဓံ”၏ အရကို သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ “အတ္တာနံ အာတာပေတိ၊ ပရိတာပေတိ။ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ”အရကို ဒုက္ခသဟဂုတ်ကာယဝိညာဏ်ယူ၍ သဒ္ဓါပြဋ္ဌာန်းသော ကာမကုသိုလ်သည် ဒုက္ခသဟဂုတ် ကာယဝိညာဏ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(သီလံ သုတံ စာဂံ ပညံ အရ ယူမြဲ)

“ကာယိကဿ သုခဿ”၏ အရကို သုခသဟဂုတ် ကာယဝိညာဏ်ယူ၍၊ “ကာယိကဿ ဒုက္ခဿ”၏အရကို ဒုက္ခသဟဂုတ် ကာယဝိညာဏ်ယူ၍၊ “ဖလသမာပတ္တိယာ”၏အရကို ဖလသမာပတ်ယူ၍၊ ”ကုသလံကမ္မံ”၏ အရကို ဗလဝဖြစ်သော ကုသိုလ် ဇောဝီသ စေတနာယူ၍ “ဝိပါကဿ”၏အရကို ကုသလဝိပါက် ဇောနတိ'သယူ၍။ လ။ ၏။

“အရဟာမဂ္ဂံ”၌ အရဟတ္တမဂ်ယူ၊ မဂ္ဂေါ အရဟတော၌ “မဂ္ဂေါ” အရ အရဟတ္တမဂ်ယူ၊
“ဖလသမာပတ္တိယာ”၏အရ ဖိုလ်လေးခုယူ။

(ပဋ္ဌာန်းပါဠိတော်နိဿယ ၂၃၅-၂၃၇)

# ပဋိသမ္ဘိဒါဉာဏ်

ထိုးထွင်း၍ မှန်ကန်စွာ ခွဲခြမ်းစိတ်ဖြာ သိနိုင်သော ဉာဏ်ကို "ပဋိသမ္ဘိဒါဉာဏ်"ဟု ခေါ်သည်။ ထိုဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ် ဓမ္မပဋိသမ္ဘိဒါဉာဏ် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်–ဟု လေးမျိုးရှိ၏။

(၁) အကြောင်းကြောင့် ဖြစ်သမျှသော အကျိုး၊ (၂) နိဗ္ဗာန် (၃) ဟောတော်မူအပ်သော ပါဠိတော်၏ အနက် (၄) ဝိပါက် (၅) ကြိယာ ဤငါးမျိုးတို့ကို "အတ္ထ=အကျိုး" ဟု ခေါ်၏။ ထိုအကျိုး ငါးမျိုးကို ထိုးထွင်းလျက် မှန်ကန်စွာ ဝေဖန်ခွဲခြားတတ်သော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏။

ယင်းအကျိုး ငါးမျိုးတို့တွင် နိဗ္ဗာန်သည် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသူမြတ်တို့ ရောက်အပ်ရအပ်သော ကြောင့် (ပတ္တဗ္ဗ) အကျိုးမည်၏။ ဟောတော်မူအပ်သော ပါဠိတော်၏အနက်သည် သိစေအပ်သောကြောင့် (ဉာပေတဗ္ဗ) အကျိုးမည်၏။ အကြောင်းကြောင့် ဖြစ်သမျှသော အကျိုး, ဝိပါက်, ကြိယာသည် ဖြစ်စေအပ်သော ကြောင့် (နိဗ္ဗတ္တေတဗ္ဗ) အကျိုးမည်၏။ ဤသို့ ခွဲဝေလျှင် အကျိုးသုံးမျိုးသာ ရှိ၏။ (ဤ၌ ကြိယာကို ကံ၏ အကျိုးနှင့်စပ်သည်ဖြစ်၍ အကျိုးဟု ဆိုသည်)

(၁) အကျိုးကို ဖြစ်စေသမျှသော အကြောင်း၊ (၂) အရိယာမဂ် (၃) ဟောတော်မူအပ်သော ပါဠိတော် (၄) ကုသိုလ် (၅) အကုသိုလ် ဤငါးမျိုးတို့ကို "ဓမ္မ=အကြောင်း"ဟု ခေါ်၏။ (ဤ၌ ကုသိုလ်အကုသိုလ်ကို ဝိပါက်၏ ပဓာနအကြောင်းဖြစ်၍ "ဓမ္မ=အကြောင်း"ဟု ဆိုသည်။)

ယင်းအကျိုး ငါးမျိုးတို့တွင် အရိယာမဂ်သည် နိဗ္ဗာန်သို့ ရောက်စေတတ်သောကြောင့် (သမ္ပာပက) အကြောင်းမည်၏။ ဟောတော်မူအပ်သော ပါဠိတော်သည် အနက်အကျိုးကို သိစေတတ်သောကြောင့် (ဉာပက) အကြောင်းမည်၏။ အကျိုးကို ဖြစ်စေသမျှသော အကြောင်းနှင့် ကုသိုလ်, အကုသိုလ်တို့သည် အကျိုးကို ဖြစ်စေတတ်သောကြောင့် (နိဗ္ဗတ္တက) အကြောင်းမည်၏။ ဤသို့ ခွဲဝေလျှင် အကြောင်းသုံးမျိုးသာ ရှိ၏။

အားလုံးသတ္တဝါတို့ ပြောဆိုသမျှ ဘာသာစကားတို့၌ တတ်သိနားလည် ကျွမ်းကျင်ခြင်း၊ မဂဓတိုင်း သားတို့ ပြောဆိုသည့် မူလဘာသာစကားတို့၏ အနက်အဓိပ္ပါယ်ကို တတ်သိနားလည် ကျွမ်းကျင်ခြင်း၊ သည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် မည်၏။ (နိ=ထုတ်၍၊ ဥတ္တိ=ရွတ်ဆိုခြင်း, ပြောဆိုခြင်း)

[အဋ္ဌကထာတို့ အလိုအားဖြင့်ကား–မဂဓတိုင်းသားတို့ ပြောဆိုသည့် မူလဘာသာဖြစ်သော, အတ္ထ, ဓမ္မ နှစ်ပါးကို ပြတတ်၍ ပျက်စီးခြင်းမရှိ, ကိန်းသေအနက်မှန်ကို ဟောသော ထုတ်၍ဆိုအပ် ပြောဆိုအပ်သော ပစ္စုပ္ပန်စကားသံ သဒ္ဒါရုံ ပရမတ္ထသဒ္ဒါသည် နိရုတ္တိမည်၏။ (ကေစိဆရာတို့က နာမပညတ္တိသဒ္ဒါကို နိရုတ္တိဟုဆိုကြသည်။) ဤနိရုတ္တိကို "ဖဿော ဝေဒနာ–ဟု ဆိုသံကြားလျှင် သဘာဝနိရုတ္တိ ဟုတ်သည်, သဘောမှန်သည်၊ ဖဿာ ဝေဒနော–ဟု ဆိုသံ ကြားလျှင် သဘာဝနိရုတ္တိမဟုတ်, သဘောမမှန်ဟု မနောဖြင့် ဆုံးဖြတ်နိုင်ခြင်း"စသည်ဖြင့် ဖောက်ထွင်းလျက် မဖောက်မပြန် ဝေဖန်ခွဲခြားတတ်သော သောတဒွါရဝီထိ၌ ဖြစ်သောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။ ယင်းနိရုတ္တိပဋိသမ္ဘိဒါဉာဏ်သည် ပစ္စုပ္ပန်သဒ္ဒါရုံကိုသာ

အာရုံပြုသည်။]

မာဂဓတိုင်းသားတို့ ပြောဆိုသော မူလဘာသာစကား(မာဂဓိကမူလဘာသာ)ဟူသည်ကား –

(၁) ဘုရားဟောဖော် ပါဠိတော်

(၂) ဗြဟ္မာတို့ ပြောသောစကား

(၃) ကမ္ဘာဦးသူတို့ ပြောသောစကား

(၄) မည်သည့်ဘာသာစကားကိုမျှ မကြားဘူးသော သူတို့ ပြောသော စကားဖြစ်သည်။

ယင်းမာဂဓိကမူလဘာသာသည် မည့်သည့်အခါမျှ ဖောက်ပြန်ပျက်စီးခြင်းမရှိ၊ အမြဲတည်တံ့ ခိုင်မြဲသည်၊ တခြားသော ဘာသာစကားသည် ကာလကြာမြင့်သောအခါ ဖောက်ပြန်ပျက်စီး ပြောင်းလဲကြပေသည်။

အတ္ထ ဓမ္မ နိရုတ္တိဉာဏ်သုံးပါးကို "ဤဉာဏ်သည် ဤမည်သောအာရုံကို အာရုံပြု၍ ဤမည်သော ကိစ္စဖြင့် ဖြစ်၏။ ဤသို့သော လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ရှိ၏ဟု အာရုံ ကိစ္စ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် စသည်တို့နှင့် တကွ ထိုးထွင်းလျက် မဖောက်မပြန် ဝေဖန်ခွဲခြား သိတတ်သောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏။ (လက္ခဏ=ပရမတ္ထတရားတခု၏ အမှတ်အသား၊ ရသ=ပြုဘွယ်ကိစ္စ(ကိစ္စရသ)အကြောင်းစုံညီ၍ ဖြစ်ပုံ(သမ္ပတ္တိရသ)။ ပစ္စုပဋ္ဌာန်=အကျိုးတရား၊ တရားထိုင်သူ၏ ဉာဏ်၌ ထင်လာပုံအခြင်းအရာ။ ပဒဋ္ဌာန်=ပရမတ္ထတရားဖြစ်ပေါ်လာခြင်း၏ အနီးဆုံး အကြောင်းတရား)

## ပဋိသမ္ဘိဒါဉာဏ်ရခြင်း အကြောင်း ၅–ပါး

၁။ မြတ်စွာဘုရား စကားတော်ကို သင်ခြင်း

၂။ ပါဠိ အဋ္ဌကထာစသည်၌ ဂဏ္ဌိပဒ(အနက်အသိခက်သောပုဒ်) အတ္ထပဒ(အဓိပ္ပါယ်အသိခက်သောပုဒ်) တို့၏ ဝိနိစ္ဆယကထာ(အဆုံးအဖြတ်)တို့ကို မေးမြန်းခြင်း

၃။ သူတော်ကောင်းတရားတော်ကို ရိုသေလေးမြတ်စွာ နာယူခြင်း

၄။ မဂ်စိတ်ဖြစ်ပေါ်ခြင်း

၅။ ရှေးဘုရားရှင်တို့ သာသနာ၌ ဂတပစ္စာဂတိက[၁] အဖြစ်ဖြင့် အနုလောမ ဂေါတြဘူအနီးတိုင်အောင် ဝိပဿနာကို အားထုတ်ခြင်း

(အဘိဓမ္မာဝတာရ အဋ္ဌကထာ နိဿယ ၅၆၅–၅၆၈)

---

၁ ဂတ=သွားခြင်း၊ ပစ္စာဂတ=တဖန်ပြန်လာခြင်း၊ ဣက=ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်း၊ ဂတပစ္စာဂတိက=ဆွမ်းခံသွားစဉ်, ဆွမ်းခံရာမှ ပြန်လာစဉ်အခါတို့၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းသောကျင့်ဝတ်။ အဓိဋ္ဌာန်ဖြင့် ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ လမ်းသွားစဉ် ကမ္မဋ္ဌာန်းပျက်ခဲ့သော် ယင်းကမ္မဋ္ဌာန်းပျက်ရာ ဌာနသို့ ပြန်သွားပြီး တဖန် ကမ္မဋ္ဌာန်းကို နှလုံးသွင်းပြန်သော ကျင့်ဝတ်။

## အပရေ(တပါးသော)ဆရာတို့အလို ပဋိသမ္ဘိဒါဉာဏ်ရခြင်း အကြောင်း ၈–ပါး

၁။ ရှေးဘုရားရှင်တို့ သာသနာ၌ အနုလောမ ဂေါတြဘူအနီးတိုင်အောင် ဝိပဿနာကို အားထုတ်ခြင်း
၂။ ထိုထိုကျမ်းဂန်တို့၌လည်းကောင်း ထိုထိုအတတ်ပညာတို့၌လည်းကောင်း အကြားအမြင်များခြင်း
၃။ ထိုထိုအရပ်ဒေသသုံး ဘာသာစကားကို တတ်ကျွမ်းခြင်း (အထူးအားဖြင့် မာဂဓဘာသာဝေါဟာရ၌ တတ်ကျွမ်းခြင်း
၄။ အောက်ထစ်ဆုံးအားဖြင့် ဩပမ္မဝဂ်[၁]မျှသော်လည်း ဘုရားစကားတော်ကို အာဂုံနှုတ်တက်ဆောင်ခြင်း
၅။ တခုသော ဂါထာလောက်ကိုမျှ အနက်အဆုံးအဖြတ်ကို မေးမြန်းခြင်း
၆။ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ တခုခု ဖြစ်ခြင်း
၇။ အကြားအမြင်များသော ဆရာတို့ထံနေခြင်း
၈။ အကြားအမြင်များသော မိဆွေကောင်းများ ရှိခြင်း

(မဟာစည် ဝိသုဒ္ဓိ ပြန် တ ၁၉၄–၁၉၅)

---

၁ 'ဓမ္မပဒ'မှ 'ယမကဝဂ်'ကို 'ဩပမ္မဝဂ်'ဟု ဆိုသည်။

## ဥပနိဿယပစ္စယော ပစ္စယနိဒ္ဒေသ ပဉ္စာဝါရ အကု အကု ပါဠိတော် နိဿယ

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ (ပဋ္ဌာနပါဠိ-၆)

ပုရိမာပုရိမာ-ရှေးရှေး၌ဖြစ်ကုန်သော၊ အကုသလာ-အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ-အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ-နောက်နောက်ဖြစ်ကုန်သော၊ အကုသလာနံ-အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ-အကုသိုလ်ဒွါဒသနာမက္ခန္ဓာတို့အား၊ ဥပနိဿယပစ္စယေန-အာရမ္မဏူပ အနန္တရူပ ပကတူပ နိဿယ သတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။ (မိုးထိ ပ နိသျ ၁၈)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။

ပကတူပနိဿယော - ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။ ဒေါသံ ဥပနိဿာယ။ ပ ။ မောဟံ ဥပနိဿာယ။ ပ ။ မာနံ ဥပနိဿာယ။ ပ ။ ဒိဋ္ဌိံ ဥပနိဿာယ။ ပ ။ ပတ္ထနံ ဥပနိဿာယ ပါဏံ ဟနတိ။ ပ ။ သံဃံ ဘိန္ဒတိ။ ရာဂေါ ဒေါသော မောဟော မာနော ဒိဋ္ဌိ ပတ္ထနာ ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။

ပါဏာတိပါတော ပါဏာတိပါတဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပါဏာတိပါတော အဒိန္နာဒါနဿ။ ပ ။ ကာမေသုမိစ္ဆာစာရဿ။ ပ ။ မုသာဝါဒဿ။ ပ ။ ပိသုဏာယ ဝါစာယ။ ပ ။ ဖရုသာယ ဝါစာယ။ ပ ။ သမ္ဖပ္ပလာပဿ။ ပ ။ အဘိဇ္ဈာယ။ ပ ။ ဗျာပါဒဿ။ ပ ။ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။

အဒိန္နာဒါနံ အဒိန္နာဒါနဿ၊ ကာမေသုမိစ္ဆာစာရဿ၊ မုသာဝါဒဿ (သံခိတ္တံ) မိစ္ဆာဒိဋ္ဌိယာ၊ ပါဏာတိပါတဿ ဥပနိဿယပစ္စယေန ပစ္စယော။ (စက္ကံ ဗန္ဓိတဗ္ဗံ)

ကာမေသုမိစ္ဆာစာရော။ ပ ။ မုသာဝါဒေါ။ ပ ။ ပိသုဏဝါစာ။ ပ ။ ဖရုသဝါစာ။ ပ ။ သမ္ဖပ္ပလာပေါ။ ပ ။ အဘိဇ္ဈာ။ ပ ။ ဗျာပါဒေါ။ မိစ္ဆာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။ မိစ္ဆာဒိဋ္ဌိ ပါဏာတိပါတဿ။ အဒိန္နာဒါနဿ။ ကာမေသုမိစ္ဆာစာရဿ။ မုသာဝါဒဿ။ ပိသုဏာယ ဝါစာယ။ ဖရုသာယ ဝါစာယ။ သမ္ဖပ္ပလာပဿ။ အဘိဇ္ဈာယ။ ဗျာပါဒဿ ဥပနိဿယပစ္စယေန ပစ္စယော။

မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ မာတုဃာတိကမ္မံ ပိတုဃာတိကမ္မဿ။ အရဟန္တဃာတိကမ္မဿ။ ရုဟိရုပ္ပါဒကမ္မဿ။ သံဃဘေဒကကမ္မဿ။ နိယတမိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ပိတုဃာတိကမ္မံ ပိတုဃာတိကမ္မဿ။ အရဟန္တဃာတိကမ္မဿ။ ရုဟိရုပ္ပါဒကမ္မဿ။ သံဃဘေဒကကမ္မဿ။ နိယတမိစ္ဆာဒိဋ္ဌိယာ။ မာတုဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အရဟန္တဃာတိကမ္မံ အရဟန္တဃာတိကမ္မဿ။ ရုဟိရုပ္ပါဒကမ္မဿ။ ပ ။ ရုဟိရုပ္ပါဒကမ္မံ ရုဟိရုပ္ပါဒကမ္မဿ။ ပ ။ သံဃဘေဒကကမ္မံ သံဃဘေဒကကမ္မဿ။ နိယတမိစ္ဆာဒိဋ္ဌိ နိယတမိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။ နိယတမိစ္ဆာဒိဋ္ဌိ မာတုဃာတိကမ္မဿ။ ပ ။ အရဟန္တဃာတိကမ္မဿ။ ရုဟိရုပ္ပါဒကမ္မဿ။ သံဃဘေဒကကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (စက္ကံ ကာတဗ္ဗံ)

(ပဋ္ဌာနပါဠိ ပ ၁၄၈-၉)

အကုသလော–အကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ အကုသလဿ–အကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ပကတူပနိဿယော–ပကတူပနိဿယပစ္စည်းကို၊ ဧဝံ–ဤသို့၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏။ ရာဂံ–ရာဂကို၊ ဥပနိဿာယ–အမှီပြု၍၊ ပါဏံ–သူ၏အသက်ကို၊ ဟနတိ–သတ်၏၊ အဒိန္နံ–အရှင်မပေးသောသူ၏ ဥစ္စာကို၊ အာဒိယတိ–ခိုးယူ၏၊ မုသာ–ချွတ်ယွင်းသော စကားကို၊ ဘဏတိ–ဆို၏၊ ပိသုဏံ–ချောပစ်သောစကားကို၊ ဘဏတိ–ဆို၏၊ ဖရုသံ–ကြမ်းကြုတ်သောစကားကို၊ ဘဏတိ–ဆို၏၊ သမ္ဖံ–အကျိုးမရှိ ပိန်ဖျင်းသောစကားကို၊ ပလပတိ–ပြောဟော၏၊ သန္ဓိံ–အိမ်ခြံစပ်ကို၊ ဆိန္ဒတိ–ဖြတ်၏၊ နိလ္လောပံ–ပုန်း၍၊ ဟရတိ–ဆောင်၏၊ ဧကာဂါရိကံ–တအိမ်တည်းခြံရံသည်ကို၊ ကရောတိ–ပြု၏၊ ပရိပန္ထေ–ခရီးဆုံ၌၊ တိဋ္ဌတိ–ရပ်၏၊ ပရဒါရံ–သူ၏ မယားကို၊ ဂစ္ဆတိ–သွား၏၊ ဂါမဃာတံ–ရွာဖျက်ခြင်းကို၊ ကရောတိ–ပြု၏၊ နိဂမဃာတံ–နိဂုံးဖျက်ခြင်းကို၊ ကရောတိ–ပြု၏၊ မာတရံ–အမိကို၊ ဇီဝိတာ–အသက်မှ၊ ဝေါရောပေတိ–ချ၏၊ ပိတရံ–အဖကို၊ ဇီဝိတာ–အသက်မှ၊ ဝေါရောပေတိ–ချ၏၊ အရဟန္တံ–ရဟန္တာကို၊ ဇီဝိတာ–အသက်မှ၊ ဝေါရောပေတိ–ချ၏၊ ဒုဋ္ဌေန–ပစ်မှားလိုသော၊ စိတ္တေန–စိတ်ဖြင့်၊ တထာဂတဿ–မြတ်စွာဘုရား၏၊ လောဟိတံ–သွေးကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏၊ သံဃံ–သံဃာကို၊ ဘိန္ဒတိ–သင်းခွဲ၏၊ ဒေါသံ–ဒေါသကို၊ ဥပနိဿာယ–အမှီပြု၍။ မောဟံ–မောဟကို၊ ဥပနိဿာယ–အမှီပြု၍။ မာနံ–မာနကို၊ ဥပနိဿာယ–အမှီပြု၍။ ဒိဋ္ဌိံ–ဒိဋ္ဌိကို၊ ဥပနိဿာယ–အမှီပြု၍။ ပတ္ထနံ–ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တသော လောဘကို၊ ဥပနိဿာယ–အမှီပြု၍၊ ပါဏံ–သူ၏အသက်ကို၊ ဟနတိ–သတ်၏။ ပ ။ သံဃံ–သံဃာကို၊ ဘိန္ဒတိ–သင်းခွဲ၏၊ ရာဂေါ–ရာဂသည်၊ ဒေါသော–ဒေါသသည်၊ မောဟော–မောဟသည်၊ မာနော–မာနသည်၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ပတ္ထနာ–ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တသော လောဘသည်၊ ရာဂဿ–ရာဂအား၊ ဒေါသဿ–ဒေါသအား၊ မောဟဿ–မောဟအား၊ မာနဿ–မာနအား၊ ဒိဋ္ဌိယာ–ဒိဋ္ဌိအား၊ ပတ္ထနာယ–ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တသော လောဘအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ပါဏာတိပါတော–ပါဏာတိပါတသည်၊ပါဏာတိပါတဿ–ပါဏာတိပါတအား၊ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ပါဏာတိပါတော–ပါဏာတိပါတသည်၊ အဒိန္နာဒါနဿ–အဒိန္နာဒါနအား။ ကာမေသုမိစ္ဆာစာရဿ–ကာမေသုမိစ္ဆာစာရအား။ မုသာဝါဒဿ–မုသာဝါဒအား။ ပိသုဏာယဝါစာယ–ပိသုဏဝါစာအား။ ဖရုသာယဝါစာယ–ဖရုသာယဝါစာ အား။ သမ္ဖပ္ပလာပဿ–သမ္ဖပ္ပလာပအား။ အဘိဇ္ဈာယ–အဘိဇ္ဈာအား။ ဗျာပါဒဿ–ဗျာပါဒအား။ မိစ္ဆာဒိဋ္ဌိယာ–မိစ္ဆာဒိဋ္ဌိအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

အဒိန္နာဒါနံ–အဒိန္နာဒါနသည်၊ အဒိန္နာဒါနဿ–အဒိန္နာဒါနအား၊ ကာမေသုမိစ္ဆာစာရဿ– ကာမေသုမိစ္ဆာစာရအား၊ မုသာဝါဒဿ–မုသာဝါဒအား၊ (သံခိတ္တံ–ချုံးအပ်ပြီ) မိစ္ဆာဒိဋ္ဌိယာ–မိစ္ဆာဒိဋ္ဌိအား၊ ပါဏာတိပါတဿ–ပါဏာတိပါတအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူး ပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ (စက္ကံ–စက်ကို၊ ဗန္ဓိတဗ္ဗံ–ဘွဲ့အပ်၏)

ကာမေသုမိစ္ဆာစာရော–ကာမေသုမိစ္ဆာစာရသည်။ မုသာဝါဒေါ–မုသာဝါဒသည်။ ပိသုဏာဝါစာ– ပိသုဏာဝါစာသည်။ ဖရုသဝါစာ–ဖရုသဝါစာသည်။ သမ္ဖပ္ပလာပေါ–သမ္ဖပ္ပလာပသည်။ အဘိဇ္ဈာ–အဘိဇ္ဈာသည်။ ဗျာပါဒေါ–ဗျာပါဒသည်။ မိစ္ဆာဒိဋ္ဌိ–မိစ္ဆာဒိဋ္ဌိသည်၊ မိစ္ဆာဒိဋ္ဌိယာ–မိစ္ဆာဒိဋ္ဌိအား၊ ဥပနိဿယပစ္စယေန– ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

မိစ္ဆာဒိဋ္ဌိ–မိစ္ဆာဒိဋ္ဌိသည်၊ ပါဏာတိပါတဿ–ပါဏာတိပါတအား။ အဒိန္နာဒါနဿ–အဒိန္နာဒါနအား။ ကာမေသုမိစ္ဆာစာရဿ–ကာမေသုမိစ္ဆာစာရအား။ မုသာဝါဒဿ–မုသာဝါဒအား။ ပိသုဏာယဝါစာယ– ပိသုဏာဝါစာအား။ ဖရုသဝါစာယ–ဖရုသဝါစာအား။ သမ္ဖပ္ပလာပဿ–သမ္ဖပ္ပလာပအား။ အဘိဇ္ဈာယ– အဘိဇ္ဈာအား။ ဗျာပါဒဿ–ဗျာပါဒအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော– ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

မာတုဃာတိကမ္မံ–မာတုဃာတိကံသည်၊ မာတုဃာတိကမ္မဿ–မာတုဃာတိကံအား၊ ဥပနိဿယ ပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူး ပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ မာတုဃာတိကမ္မံ– မာတုဃာတိကံသည်၊ ပိတုဃာတိကမ္မဿ–ပိတုဃာတိကံအား။ အရဟန္တဃာတိကမ္မဿ–အရဟန္တ ဃာတိကံအား။ ရုဟိရုပ္ပါဒကမ္မဿ–ရုဟိရုပ္ပါဒကံအား။ သံဃဘေဒကကမ္မဿ–သံဃဘေဒကကံအား။ နိယတမိစ္ဆာဒိဋ္ဌိယာ–နိယတမိစ္ဆာဒိဋ္ဌိအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူး ပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ပိတုဃာတိကမ္မံ–ပိတုဃာတိကံသည်၊ ပိတုဃာတိကမ္မဿ–ပိတုဃာတိကံအား။ အရဟန္တဃာတိကမ္မ ဿ–အရဟန္တဃာတိကံအား။ ရုဟိရုပ္ပါဒကမ္မဿ–ရုဟိရုပ္ပါဒကံအား။ သံဃဘေဒကကမ္မဿ–သံဃဘေဒက ကံအား။ နိယတမိစ္ဆာဒိဋ္ဌိယာ–နိယတမိစ္ဆာဒိဋ္ဌိအား။ မာတုဃာတိကမ္မဿ–မာတုဃာတိကံအား၊ ဥပနိဿယ ပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

အရဟန္တဃာတိကမ္မံ–အရဟန္တဃာတိကံသည်၊ အရဟန္တဃာတိကမ္မဿ–အရဟန္တဃာတိကံအား။ ရုဟိရုပ္ပါဒကမ္မဿ–ရုဟိရုပ္ပါဒကံအား။ ပ ။ ရုဟိရုပ္ပါဒကမ္မံ–ရုဟိရုပ္ပါဒကံသည်၊ ရုဟိရုပ္ပါဒကမ္မဿ–ရုဟိရုပ္ပါဒကံအား။ ပ ။ သံဃဘေဒကကမ္မံ–သံဃဘေဒကကံသည်၊ သံဃဘေဒကကမ္မဿ–သံဃဘေဒကကံအား။

နိယတမိစ္ဆာဒိဋ္ဌိ–နိယတမိစ္ဆာဒိဋ္ဌိသည်၊ နိယတမိစ္ဆာဒိဋ္ဌိယာ–နိယတမိစ္ဆာဒိဋ္ဌိအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ နိယတမိစ္ဆာဒိဋ္ဌိ–နိယတမိစ္ဆာဒိဋ္ဌိသည်၊ မာတုဃာတိကမ္မဿ–မာတုဃာတိကံအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အရဟန္တဃာတိကမ္မဿ–အရဟန္တဃာတိကံအား။ ရုဟိရုပ္ပါဒကမ္မဿ–ရုဟိရုပ္ပါဒကံအား။ သံဃဘေဒကကမ္မဿ–သံဃဘေဒကကံအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(စက္က–စက်ကို၊ ကာတဗ္ဗံ–ပြုအပ်၏)

(မိုးထိ ပ နိသျ ၄၁၁–၄၁၄)

အဓိပ္ပါယ်ကား–အကုသိုလ်ဓမ္မသည် အကုသိုလ်ဓမ္မအား ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အဘယ်သို့ ပြသနည်းဟူမူကား – ရာဂနှင့်ပြည့်စုံသော သူသည် ရာဂကိုအမှီပြု၍ သူ့အသက်ကို သတ်၏။ ဒေါသနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ငါ၏အကျိုးမဲ့ကို ကျင့်လေပြီ အစရှိသည်ဖြင့် ဖြစ်သော ဒေါသကို အမှီပြု၍ သူ၏အသက်ကို သတ်၏။ မောဟနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ပါဏာတိပါတအစရှိသည်၌ အပြစ်ကို ဖုံးလွှမ်းတတ်သော မောဟကို အမှီပြု၍ သူ့အသက်ကို သတ်၏။ မာနနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် "ငါသည် သတ်အံ့သောငှါ မတတ်နိုင်သတတ်, ယူအံ့သောငှါ မတတ်နိုင်သတတ်"ဟု ယုတ်မာသော မာန်ကို အမှီပြု၍ သူ၏အသက်ကို သတ်၏။ မိစ္ဆာဒိဋ္ဌိနှင့်ပြည့်စုံသော သူသည် ယဇ်ပူဇော်ခြင်း အစရှိသည်တို့၌ ပုဏ္ဏားအစရှိသော သူတို့ကဲ့သို့ မိစ္ဆာဒိဋ္ဌိကို အမှီပြု၍ သူ့အသက်ကို သတ်လေ၏။ တောင့်တခြင်းနှင့် ပြည့်စုံသောသူသည် "ငါ့အား ဤမည်သော အကျိုးသည် ပြည့်စုံလတ့်, ထိုသို့ပြည့်စုံသည်ရှိသော် ဤမည်သော ပူဇော်သကာ ဗလိကမ္မကို ပြုအံ့"ဟူ၍ နတ်တို့အား တောင်းပန်ခြင်း အစရှိသည်ဟုဆိုအပ်သော ပတ္ထနာကို အမှီပြု၍ သူ၏အသက်ကို သတ်၏။

ကတ္တားကား ဗလဝဒုဗ္ဗလဖြစ်သော အကုသိုလ်ဒွါဒသ, စေတသိက် သတ္တဝီသ ပစ္စည်းတရား ရ၏။ သမ္ပဒါန် လည်းကောင်းတည်း။ ကရိဏ်းကား ပကတူပနိဿယသတ္တိ ရ၏။

ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ အစရှိသည်၌ "ရာဂ"၏အရကို ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ယူ၍ "ပါဏံ ဟနတိ" ၏အရကို ပါဏာတိပါတဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်ယူ၍၊ "အဒိန္နံ အာဒိယတိ"အရကို အဒိန္နာဒါနဖြစ်သော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်ယူ၍၊ "မုသာ ဘဏတိ"၏အရကို မုသာဝါဒဖြစ်သော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်ယူ၍၊ "ပိသုဏံ ဘဏတိ"အရကို ပိသုဏဝါစာဖြစ်သော အကုသိုလ်ဒွါဒသစိတ္တုပါဒ်ယူ၍၊ "ဖရုသံ ဘဏတိ"အရကို ဖရုသဝါစာဖြစ်သော ဒေါသမူမောဟမူစိတ္တုပ္ပါဒ်ယူ၍၊ "သမ္ဖံ ပလပတိ"အရကို သမ္ဖပ္ပလာပဖြစ်သော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်ယူ၍၊ "သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ"အရကို အဒိန္နာဒါနဖြစ်သော အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်ယူ၍၊ "ပရဒါရံ ဂစ္ဆတိ"အရကို ကာမေသုမိစ္ဆာစာရဖြစ်သော လောဘမူမောဟမူ စိတ္တုပ္ပါဒ်ယူ၍၊ "မာတရံ ဇီဝိတာ ဝေါရောပေတိ"အရကို မာတုဃာတကဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်ယူ၍၊ "ပိတရံ ဇီဝိတာ ဝေါရောပေတိ"အရကို ပိတုဃာတကဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်ယူ၍၊ "အရဟန္တံ ဇီဝိတာ ဝေါရောပေတိ"အရကို အရဟန္တဃာတကဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်ယူ၍၊ "ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ"အရကို လောဟိတုပ္ပါဒကဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်ယူ၍၊ "သံဃံ ဘိန္ဒတိ"အရကို သံဃဘေဒကဖြစ်သော ဒေါသမူစိတ္တုပ္ပါဒ်ယူ၍၊ ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပါဒ်သည် အကုသိုလ် ဒွါဒသအား ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

'ဒေါသံ'၏အရကို ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ယူ၍၊ 'မောဟံ'၏အရကို မောဟပြဋ္ဌာန်းသော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍၊ 'မာနံ'၏အရကို မာနပြဋ္ဌာန်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်ယူ၍၊ 'ဒိဋ္ဌိံ'၏ အရကို ဒိဋ္ဌိပြဋ္ဌာန်းသော ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ယူ၍၊ 'ပတ္ထနံ'၏အရကို ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တသော လောဘမူစိတ္တုပ္ပါဒ်ယူ၍၊ ('ပါဏံ ဟနတိ'စသည်တို့၏အရကို ယူမြဲ) (ရာဂေါ ဒေါသော အစရှိသည်တို့၏ အရကိုလည်း ယူမြဲ)

"ပါဏာတိပါတော"အရကို ပါဏာတိပါတဖြစ်သော ဒေါသမူမောဟမူစိတ္တုပ္ပါဒ်ယူ၍၊ "ပါဏာတိပါတဿ"၏ အရကို ပါဏာတိပါတဖြစ်သော ဒေါသမူမောဟမူစိတ္တုပ္ပါဒ်ယူ၍၊ 'အဒိန္နာဒါနဿ'အရကို အဒိန္နာဒါနဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍၊ 'ကာမေသု မိစ္ဆာစာရဿ'၏အရကို ကာမေသု မိစ္ဆာစာရဖြစ်သော လောဘမူမောဟမူစိတ္တုပ္ပါဒ်ယူ၍၊ 'မုသာဝါဒဿ"၏အရကို မုသာဝါဒဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍၊ 'ပိသုဏာယဝါစာယ'၏အရကို ပိသုဏဝါစာဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍၊ 'ဖရုသာယ ဝါစာယ'၏အရကို ဖရုသာဝါစာဖြစ်သော ဒေါသမူမောဟမူစိတ္တုပ္ပါဒ်ယူ၍၊ 'သမ္ဖပ္ပလာပဿ'၏အရကို သမ္ဖပ္ပလာပဖြစ်သော အကုသိုလ်ဒွါဒသ စိတ္တုပ္ပါဒ်ယူ၍၊ 'အဘိဇ္ဈာ'၏အရကို အဘိဇ္ဈာဖြစ်သော လောဘမူ စိတ္တုပ္ပါဒ်ယူ၍၊ 'ဗျာပါဒဿ'၏အရကို ဗျာပါဒဒေါသမူစိတ္တုပ္ပါဒ်ယူ၍၊ 'မိစ္ဆာဒိဋ္ဌိယာ'၏အရကို မိစ္ဆာဒိဋ္ဌိဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ယူ၍၊ ဒေါသမူမောဟမူစိတ္တုပ္ပါဒ်သည် အကုသိုလ်ဒွါဒသစိတ္တုပ္ပါဒ်အား ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

'မာတုဃာတိကမ္မ'၏အရကို ဒြပ်ပြားသန္တာန်ပြားသော မာတုဃာကကံ, ရှေးဘဝက သတ်ခဲ့ဘူးသော မာတုဃာတက ကံ၏ ဤဘဝတွင် အဖန်တလဲလဲ စေ၍ သတ်သော မာတုဃာတကကံ, နှစ်ကြိမ်ရိုက်ခတ်၍ သတ်သော မာတုဃာတကကံယူ၍၊ 'မာတုဃာတိကမ္မသ'အရကို ဖြစ်ဆဲသော မာတုဃာတကကံယူ၍၊ ပိတုဃာတိကမ္မ၏ အရကို ပိတုဃာတကဖြစ်သော ဒေါသမူဒွေး သတ္တမဇောစိတ္တုပ္ပါဒ်ယူ၍(သံဃဘေဒက တိုင်အောင် နည်းတူ) နိယတမိစ္ဆာဒိဋ္ဌိယာအရကို နိယတမိစ္ဆာဒိဋ္ဌိဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်လေးခု သတ္တမဇော စိတ္တုပါဒ်ယူ၍။

ပဋ္ဌာန်းပါဠိတော်နိဿယ (၂၃၇-၂၄၀)

## ပါဏာတိပါတ,က ပါဏာတိပါတစသည်ကို ကျေးဇူးပြုခြင်း

သူတပါးအသက်သတ်ခြင်းခြင်း အလေ့အကျင့်ရသူသည် နောက်ထပ် သတ်ခြင်းကို ကျူးလွန်ရာ၌ လည်းကောင်း, အသတ်ခံရသူ၏ ဆွေမျိုးများက သတ်သူကို ရန်ပြုရာ၌ သတ်သူက အသတ်ခံရသူ၏ ဆွေးမျိုးများအနက် တယောက်ယောက်ကို သတ်ရာ၌လည်းကောင်း ပါဏာတိပါတ,က ပါဏာတိပါတကို ကျေးဇူးပြုသည်ဟု ဆိုသည်။ ဥစ္စာရှင်ကိုလည်းကောင်း ဥစ္စာစောင့်ရှောက်သူကိုလည်းကောင်း သတ်၍ ပစ္စည်းကိုယူရာ၌ ပါဏာတိပါတ,က အဒိန္နာဒါနကို၊ လင်ကိုသတ်၍ မယားကို ကျူးလွန်ရာ၌ ပါဏာတိပါတ,က ကာမေသုမိစ္ဆာစာရကို၊ သတ်ပြီးပါလျက် မသတ်ပါဟု လိမ်ပြောရာ၌ ပါဏာတိပါတ,က မုသာဝါဒကို၊ သတ်ပြီးသည်ကို ဖုံးကွယ်ဖို့ရန်, တစုံးတယောက်ကို သတ်ရန် ကုန်းတိုက်သောစကားကို ပြောရာ, ကြမ်းတမ်းသောစကား ဆိုသောအခါ, ပိန်ဖျင်းသော စကားဆိုသောအခါတို့၌ ပါဏာတိပါတ,က ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပကို၊ သူတပါးကို သတ်၍ ပိုင်ဆိုင်ပစ္စည်းများကို မတရားလိုချင်ရာ၌ ပါဏာတိပါတ,က အဘိဇ္ဈာကို၊ သူတပါးသတ်ပြီး၍ အသတ်ခံရသူ၏ ဆွေမျိုးများ ပျက်စီးစေလိုရာ၌ ပါဏာတိပါတ,က ဗျာပါဒကို၊ သူတပါးအသက်သတ်ပြီး "ဤသို့ အယူအဆ ရှိလျှင် ဤပါဏာတိပါတကံ သည် အကျိုးပေးမည်မဟုတ်"ယူ၍ မိစ္ဆာဒိဋ္ဌိယူလျှင် ပါဏာတိပါတ,က မိစ္ဆာဒိဋ္ဌိကို ပကတူပနိဿယပစ္စသတ္တိ ဖြင့် ကျေးဇူးပြုသည်။

သူတပါး အမေသတ်သည်ကို မြင်၍ ဤသို့ပြုကောင်းသည်ဟု မှတ်ယူပြီး အမေသတ်ရာအခါ, ရှေးဘဝ၌ အမေသတ်ခဲ့ဘူး၍ လက်ရှိဘဝ၌ အမေသတ်မိရာအခါ, တဘဝတည်းမှာပင် အမေကို သတ်ဖို့ အကြိမ်ကြိမ် ခိုင်းစေရာအခါ, အမေကိုသတ်စဉ် နှစ်ကြိမ်ရိုက်၍ သတ်ရာအခါ, စသည်တို့ကို "မာတုဃာတိကမ္မ မာတုဃာတိကမ္မသ"ဟု ဆိုသည်။

(ပဋ္ဌာန်းဘာဋီ ၂၅၈-၂၅၉)

## ဥပနိဿယပစ္စယော ပစ္စယနိဒ္ဒေသ ပဥှာဝါရ အကု ကု ပါဠိတော် နိဿယ

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။ (ပစ္စယနိဒ္ဒေသ ပဋ္ဌာနပါဠိ ၁ ၆)

ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ–အကုသိုလ်ဒွါဒသနာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ ကုသလာနံ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–ကုသိုလ်ဧကဝီသနာမက္ခန္ဓာတို့အား၊ ကေသဉ္စိ ဥပနိဿယပစ္စယေန–အချို့သော ပကတူပနိဿယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ (မိုးထိ ပ နိသျ ၁၈)

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။

ပကတူပနိဿယော–ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊ ဒေါသံ။ ပ ။ မောဟံ ။ ပ ။ မာနံ ။ ပ ။ ဒိဋ္ဌိံ ။ ပ ။ ပတ္ထနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ရာဂေါ ဒေါသော မောဟော မာနော ဒိဋ္ဌိ ပတ္ထနာ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။

ပါဏံ ဟန္တွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ အဒိန္နံ အာဒိယိတွာ ။ပ။ မုသာ ဘဏိတွာ ။ပ။ ပိသုဏံ ဘဏိတွာ ။ပ။ ဖရုသံ ဘဏိတွာ ။ပ။ သမ္ဖံ ပလပိတွာ ။ပ။ သန္ဓိံ ဆိန္ဒိတွာ ။ပ။ နိလ္လောပံ ဟရိတွာ ။ပ။ ဧကာဂါရိကံ ကရိတွာ ။ပ။ ပရိပန္ထေ ဌတွာ ။ပ။ ပရဒါရံ ဂန္တွာ၊ ဂါမဃာတံ ကရိတွာ ။ပ။ နိဂမဃာတံ ကရိတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ မာတရံ[၁] ဇီဝိတာ ဝေါရောပေတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။ ပိတရံ ဇီဝိတာ ဝေါရောပေတွာ ။ပ။ အရဟန္တံ ဇီဝိတာ ဝေါရောပေတွာ ။ပ။ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတွာ ။ပ။ သံဃံ ဘိန္ဒိတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။ (ပဋ္ဌာနပါဠိ ၁ ၁၄၉)

---

၁ ပဉ္စာနန္တရိယကံကို ကျူးလွန်ပြီးသူအား ၄င်းဘဝ၌ ဈာန် မဂ်ဖိုလ်တို့ကို မရနိုင်သောကြောင့် "ဈာနံ ဥပ္ပါဒေတိ" စသည်ဖြင့် ဟောတော်မမူ။

အကုသလော–အကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ ကုသလဿ–ကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ပကတူပနိဿယော–ပကတူပနိဿယပစ္စည်းကို၊ ဇဝံ–ဤသို့၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏။ ရာဂံ–ရာဂကို၊ ဥပနိဿာယ–အမှီပြု၍၊ ဒါနံ–အလှူကို၊ ဒေတိ–ပေးလှူ၏။ သီလံ–သီလကို၊ သမာဒိယတိ–ကောင်းစွာဆောက်တည်၏။ ဥပေါသထကမ္မံ–အဋ္ဌင်္ဂဥပုသ်ကံကို၊ ကရောတိ–ဆောက်တည်၏။ ဈာနံ–ဈာန်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ ဝိပဿနံ–ဝိပဿနာကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ မဂ္ဂံ–မဂ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ အဘိညံ–အဘိညာဉ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ သမာပတ္တိံ–သမာပတ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ ဒေါသံ–ဒေါသကို၊ မောဟံ–မောဟကို၊ မာနံ–မာနကို၊ ဒိဋ္ဌိံ–ဒိဋ္ဌိကို၊ ပတ္ထနံ–ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တသော လောဘကို၊ ဥပနိဿာယ–အမှီပြု၍၊ ဒါနံ–အလှူကို၊ ဒေတိ–ပေးလှူ၏။ သီလံ–သီလကို၊ သမာဒိယတိ–ကောင်းစွာဆောက်တည်၏။ ဥပေါသထကမ္မံ–အဋ္ဌင်္ဂဥပုသ်ကံကို၊ ကရောတိ–ဆောက်တည်၏။ ဈာနံ–ဈာန်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ ဝိပဿနံ–ဝိပဿနာကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ မဂ္ဂံ–မဂ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ အဘိညံ–အဘိညာဉ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ သမာပတ္တိံ –သမာပတ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ ရာဂေါ–ရာဂသည်၊ ဒေါသော–ဒေါသသည်၊ မောဟော–မောဟသည်၊ မာနော–မာနသည်၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ပတ္ထနာ–ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တသော လောဘသည်၊ သဒ္ဓါယ–သဒ္ဓါခြင်းအား၊ သီလဿ–သီလအား၊ သုတဿ–အကြားအမြင်အား၊ စာဂဿ–စွန့်ကြဲခြင်းအား၊ ပညာယ–ပညာအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူး ပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ပါဏံ–အသက်ကို၊ ဟန္တွာ–သတ်၍၊ တဿ–ထိုပါဏာတိပါတစေတနာ၏၊ ဗလဿ–အစွမ်းကိုလည်းကောင်း၊ ဝိပါကဿ–အကျိုးကိုလည်းကောင်း၊ ပဋိဃာတတ္ထာယ–ဖျောက်ခြင်းငှါ၊ ဒါနံ–အလှူကို၊ ဒေတိ–ပေးလှူ၏။ သီလံ–သီလကို၊ သမာဒိယတိ–ကောင်းစွာဆောက်တည်၏။ ဥပေါသထကမ္မံ–အဋ္ဌင်္ဂဥပုသ်ကံကို၊ ကရောတိ–ဆောက်တည်၏။ ဈာနံ–ဈာန်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ ဝိပဿနံ–ဝိပဿနာကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ မဂ္ဂံ–မဂ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ အဘိညံ–အဘိညာဉ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ သမာပတ္တိံ –သမာပတ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။

အဒိန္နံ–အရှင်မပေးသောသူ၏ ဥစ္စာကို၊ အာဒိယိတွာ–ခိုးယူ၍၊ မုသာ–ချွတ်ယွင်းသော စကားကို၊ ဘဏိတွာ–ဆို၍၊ ပိသုဏံ–ချောပစ်သောစကားကို၊ ဘဏိတွာ–ဆို၍၊ ဖရုသံ–ကြမ်းကြုတ်သောစကားကို၊ ဘဏိတွာ–ဆို၍၊ သမ္ဖံ–အကျိုးမရှိ ပိန်ဖျင်းသောစကားကို၊ ပလပိတွာ–ပြော၍၊ သန္ဓိံ–အိမ်ခြံစပ်ကို၊ ဆိန္ဒိတွာ–ဖြတ်၍၊ နိလ္လောပံ–ပုန်း၍၊ ဟရိတွာ–ဆောင်၍၊ ဧကာဂါရိကံ–တအိမ်တည်းခြံရံသည်ကို၊ ကရိတွာ–ပြု၍၊ ပရိပန္ထေ–ခရီးဆုံ၌၊ ဌတွာ–ရပ်၍၊ ပရဒါရံ–သူ၏မယားကို၊ ဂန္တွာ–သွား၍၊ ဂါမဃာတံ–ရွာဖျက်ခြင်းကို၊ ကရိတွာ–ပြု၍၊ နိဂမဃာတံ–နိဂုမ်းဖျက်ခြင်းကို၊ ကရိတွာ–ပြု၍၊ တဿ–ထိုနိဂမဃာတစေတနာ၏၊ ဗလဿ–အစွမ်းကိုလည်းကောင်း၊ ဝိပါကဿ–အကျိုးကိုလည်းကောင်း၊ ပဋိဃာတတ္ထာယ–ဖျောက်ခြင်းငှါ၊ ဒါနံ–အလှူကို၊ ဒေတိ–ပေးလှူ၏။ သီလံ–သီလကို၊ သမာဒိယတိ–ကောင်းစွာဆောက်တည်၏၊ ဥပေါသထကမ္မံ–

အဌ္ဌင်္ဂဥပုသ်ကံကို၊ ကရောတိ–ဆောက်တည်၏။ ဈာနံ–ဈာန်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ ဝိပဿနံ–ဝိပဿနာကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ မဂ္ဂံ–မဂ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ အဘိညံ–အဘိညာဉ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ သမာပတ္တိံ–သမာပတ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။

မာတရံ–အမိကို၊ ဇီဝိတာ–အသက်မှ၊ ဝေါရောပေတွာ–ချ၍၊ တဿ–ထိုမာတုဃာတကစေတနာ၏၊ ဗလဿ–အစွမ်းကိုလည်းကောင်း၊ ဝိပါကဿ–အကျိုးကိုလည်းကောင်း၊ ပဋိဃာတတ္ထာယ–ဖျောက်ခြင်းငှါ၊ ဒါနံ–အလှူကို၊ ဒေတိ–ပေးလှူ၏။ သီလံ–သီလကို၊ သမာဒိယတိ–ကောင်းစွာဆောက်တည်၏၊ ဥပေါသထကမ္မံ–အဌ္ဌင်္ဂဥပုသ်ကံကို၊ ကရောတိ–ဆောက်တည်၏။

ပိတရံ–အဖကို၊ ဇီဝိတာ–အသက်မှ၊ ဝေါရောပေတွာ–ချ၍၊ အရဟန္တံ–ရဟန္တာကို၊ ဇီဝိတာ–အသက်မှ၊ ဝေါရောပေတွာ–ချ၍၊ ဒုဋ္ဌေန–ပစ်မှားလိုသော၊ စိတ္တေန–စိတ်ဖြင့်၊ တထာဂတဿ–မြတ်စွာဘုရား၏၊ လောဟိတံ–သွေးကို၊ ဥပ္ပါဒေတွာ–ဖြစ်စေ၍၊ သံဃံ–သံဃာကို၊ ဘိန္ဒိတွာ–သင်းခွဲ၍၊ တဿ–ထိုသံဃဘေဒကစေတနာ၏၊ ဗလဿ–အစွမ်းကိုလည်းကောင်း၊ ဝိပါကဿ–အကျိုးကိုလည်းကောင်း၊ ပဋိဃာတတ္ထာယ–ဖျောက်ခြင်းငှါ၊ ဒါနံ–အလှူကို၊ ဒေတိ–ပေးလှူ၏။ သီလံ–သီလကို၊ သမာဒိယတိ–ကောင်းစွာဆောက်တည်၏၊ ဥပေါသထကမ္မံ–အဌ္ဌင်္ဂဥပုသ်ကံကို၊ ကရောတိ–ဆောက်တည်၏။

မိုးထိ ပဋ္ဌာန်းပါဠိတော်နိဿယ ပ (၄၁၄–၄၁၅)

အခိပ္ပါယ်ကား အကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ကျေးဇူးပြုပုံကား သုဂတိဘဝစည်းစိမ်ချမ်းသာ၌ တပ်သောသူသည် တပ်ခြင်းရာဂကို အမှီပြု၍ အလှူပေး၏။ သီလသီတင်း ဆောက်တည်၏။ (ပါဌ်လျှောက်ဆို)

ကတ္တားကား အကုသိုလ်ဒွါဒသ စေတသိက်သတ္တဝီသ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား ကုသိုလ် ဧကဝီသ စေတသိက် အဌ္ဌတ္တိံသ ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းကား ပကတူပနိဿယသတ္တိရ၏။

ရာဂံ ဥပနိဿာယ အစရှိသည်ဖြင့် ဟောတော်မူအပ်သောပါဌ်၌ 'ရာဂံ'၏အရကို ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ယူ၍ "ဥပနိဿာယ ဒါနံ ဒေတိ"အရကို ဒါနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ (အကြွင်းယူမြဲ) "ပါဏံ ဟန္တွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ" အစရှိသောပါဌ်၌ "ပါဏံ ဟန္တွာ တဿ" ၏ အရကို ပါဏာတိပါတစေတနာပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်ယူ၍ "ပဋိဃာတတ္ထာယ ဒါနံ ဒေတိ"၏အရကို ဒါနစေတနာပြဋ္ဌာန်းသော ကာမကုသိုလ်ယူ၍ (အကြွင်းယူမြဲ။ အဒိန္နံ အာဒိယိတွာ အစရှိသည်ကိုလည်း အကုသလော အကုသလဿ မှီ၍ ယူလေ)

## ဥပနိဿယပစ္စယော ပစ္စယနိဒ္ဒေသ ပဥ္စာဝါရ အကု ဗျာ ပါဠိတော် နိဿယ

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။ (ပစ္စယနိဒ္ဒေသ ပဋ္ဌာနပါဠိ ပ ၆)

ပုရိမာပုရိမာ-ရှေးရှေး၌ဖြစ်ကုန်သော၊ အကုသလာ-အကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ-အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ-နောက်နောက်၌ဖြစ်ကုန်သော၊ အဗျာကတာနံ-အဗျာကတဖြစ်ကုန်သော၊ ခန္ဓာနံ-ဝိပါက်ဆတ္တိံသ ကြိယာဝီသ နာမက္ခန္ဓာတို့အား၊ ဥပနိဿယပစ္စယေန-အနန္တရူပ ပကတူပနိဿယ ပစ္စယသတ္တိဖြင့်၊ ပစ္စယော-ကျေးဇူးပြုတတ်သည်၊ ဟောတိ-ဖြစ်၏။

(မိုးထိ ပ နိသျ ၁၈)

"ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ"ဟူသော ကတ္တားပါဌ်ဖြင့် ဗလဝဖြစ်သော အကုသိုလ်ဒွါဒသ ပစ္စည်းတရား ရ၏။ "ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ"ဟူသော သမ္ပဒါန်ပါဌ်ဖြင့် နောက်နောက်သော ဝိပါက်ဆတ္တိံသ ကြိယာဝီသ ပစ္စယုပ္ပန်တရား ရ၏။ "ဥပနိဿယ ပစ္စယေန"ဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဥပနိဿယ ကမ္မ နှစ်ပစ္စယသတ္တိ ရ၏။

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အနန္တရူပနိဿယော၊ ပကတူပနိဿယော။

ပကတူပနိဿယော-ရာဂံ ဥပနိဿာယ အတ္တာနံ အာတာပေတိ၊ ပရိတာပေတိ။ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ ဒေါသံ။ ပ ။ မောဟံ ။ ပ ။ မာနံ ။ ပ ။ ဒိဋ္ဌိံ ။ ပ ။ ပတ္ထနံ ဥပနိဿာယ အတ္တာနံ အာတာပေတိ၊ ပရိတာပေတိ။ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ ရာဂေါ ဒေါသော မောဟော မာနော ဒိဋ္ဌိ ပတ္ထနာ ကာယိကဿ သုခဿ ကာယိကဿ ဒုက္ခဿ။ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော။ (ပဋ္ဌာနပါဠိ ပ ၁၄၉-၁၅၀)

ရာဂံ-ရာဂကို၊ ဥပနိဿာယ-အမှီပြု၍၊ အတ္တာနံ-မိမိကိုယ်ကို၊ အာတာပေတိ-ပူပန်စေ၏၊ ပရိတာပေတိ-ထက်ဝန်းကျင်မှ ပူပန်စေ၏၊ ပရိယိဋ္ဌိမူလကံ-ရှာမှီခြင်းလျှင်အရင်းရှိသော၊ ဒုက္ခံ-ဆင်းရဲကို၊ ပစ္စနုဘောတိ-ခံစား၏။ ဒေါသံ-ဒေါသကို၊ မောဟံ-မောဟကို၊ မာနံ-မာနကို၊ ဒိဋ္ဌိံ-ဒိဋ္ဌိကို၊ ပတ္ထနံ-တောင့်တခြင်းကို၊ ဥပနိဿာယ-အမှီပြု၍၊ အတ္တာနံ-မိမိကိုယ်ကို၊ အာတာပေတိ-ပူပန်စေ၏၊ ပရိတာပေတိ-ထက်ဝန်းကျင်မှ ပူပန်စေ၏၊ ပရိယိဋ္ဌိမူလကံ-ရှာမှီခြင်းလျှင်အရင်းရှိသော၊ ဒုက္ခံ-ဆင်းရဲကို၊ ပစ္စနုဘောတိ-ခံစား၏။ ရာဂေါ-ရာဂသည်၊ ဒေါသော-ဒေါသသည်၊ မောဟော-မောဟသည်၊ မာနော-မာနသည်၊

ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ပတ္ထနာ–တောင့်တခြင်းသည်၊ ကာယိကဿ–ကိုယ်၌မှီသော၊ သုခဿ–သုခဝေဒနာအား၊ ကာယိကဿ–ကိုယ်၌မှီသော၊ ဒုက္ခဿ–ဒုက္ခဝေဒနာအား၊ ဖလသမာပတ္တိယာ–ဖလသမာပတ်အား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အကုသလံ–အကုသိုလ်ဖြစ်သော၊ ကမ္မံ–ကံသည်၊ ဝိပါကဿ–အကုသလဝိပါက်ခုနှစ်အား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိ ပ နိဿ ၄၁၅–၄၁၆)

ကတ္တားကား အကုသိုလ်ဒွါဒသ စေတသိက် သတ္တဝီသ ပစ္စည်းတရားရ၏။ သမ္ပဒါန်ကား ဝိပါက်စိတ် ဆတ္တိံသ ကြိယာဝီသ စေတသိက် အဋ္ဌတ္တိံသ ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းကား ပကတူပနိဿယသတ္တိရ၏။

ရာဂံ ဥပနိဿာယ အတ္တာနံ အာတာပေတိ အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပါဠ်၌ ရာဂ၏ အရကို ရာဂပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ယူ၍ "အတ္တာနံ အာတာပေတိ။ ပ ။ ပစ္စနုဘောတိ"၏အရကို ဒုက္ခသဟဂုတ် ကာယဝိညာဏ်ယူ၍ (အကြွင်းယူမြဲ)။ ။ "အကုသလံ ကမ္မံ"၏အရကို ဗလဝဖြစ်သော အကုသိုလ်ဒွါဒသစေတနာယူ၍ "ဝိပါကဿ"၏အရကို အကုသလဝိပါက် ခုနှစ်ခုယူ၍။

(ပဋ္ဌာန်းအရကောက် ၄၂၃)

## ဥပနိဿယပစ္စယော ပစ္စယနိဒ္ဒေသ ပဉ္စဝါရ ဗျာ ဗျာ ပါဠိတော် နိဿယ

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။ (ပစ္စယနိဒ္ဒေသ ပဋ္ဌာနပါဠိ ပ ၆)

ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ အဗျာကတာ–အဗျာကတဖြစ်ကုန်သော၊ ခန္ဓာ–ဝိပါက် ဆတ္တိံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ အဗျာကတာနံ–အဗျာကတဖြစ်ကုန်သော၊ ခန္ဓာနံ–ဝိပါက်ဆတ္တိံသ ကြိယာဝီသ နာမက္ခန္ဓာတို့အား၊ ဥပနိဿယပစ္စယေန–အာရမ္မဏူပ အနန္တရူပ ပကတူပနိဿယ ပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိ ပ နိဿ ၁၈)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော အနန္တရူပနိဿယော ပကတူပနိဿယော။

ပကတူပနိဿယော – ကာယိကံ သုခံ ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ကာယိကံ ဒုက္ခံ ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ဥတု ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ဘောဇနံ ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ သေနာသနံ ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ကာယိကံ သုခံ, ကာယိကံ ဒုက္ခံ, ဥတု, ဘောဇနံ, သေနာသနံ ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ဖလသမာပတ္တိ ကာယိကဿ သုခဿ ဥပနိဿယပစ္စယေန ပစ္စယော။

အရဟာ ကာယိကံ သုခံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ကာယိကံ ဒုက္ခံ, ဥတု, ဘောဇနံ, သေနာသနံ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။(ပဋ္ဌာနပါဠိ ၁ ၁၅၀–၁၅၁)

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ပကတူပနိဿယော–ပကတူပနိဿယပစ္စည်းကို၊ ဧဝံ–ဤသို့၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏။ ကာယိကံ–ကိုယ်၌မှီသော၊ သုခံ–သုခဝေဒနာသည်၊ ကာယိကဿ–ကိုယ်၌မှီသော၊ သုခဿ–သုခဝေဒနာအားလည်းကောင်း၊ ကာယိကဿ–ကိုယ်၌မှီသော၊ ဒုက္ခဿ–ဒုက္ခဝေဒနာအားလည်းကောင်း၊ ဖလသမာပတ္တိယာ–ဖလသမာပတ်အားလည်းကောင်း၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ကာယိကံ–ကိုယ်၌မှီသော၊ ဒုက္ခံ–ဒုက္ခဝေဒနာသည်၊ ကာယိကဿ–ကိုယ်၌မှီသော၊ သုခဿ–သုခဝေဒနာအားလည်းကောင်း၊ ကာယိကဿ–ကိုယ်၌မှီသော၊ ဒုက္ခဿ–ဒုက္ခဝေဒနာအားလည်းကောင်း၊ ဖလသမာပတ္တိယာ–ဖလသမာပတ်အားလည်းကောင်း၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ဥတု–လျော်ကပ်သောဥတုသည်၊ ကာယိကဿ–ကိုယ်၌မှီသော၊ သုခဿ–သုခဝေဒနာအားလည်းကောင်း၊ ကာယိကဿ–ကိုယ်၌မှီသော၊ ဒုက္ခဿ–ဒုက္ခဝေဒနာအားလည်းကောင်း၊ ဖလသမာပတ္တိယာ–ဖလသမာပတ်အားလည်းကောင်း၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ဘောဇနံ–လျော်ကပ်သောဘောဇဉ်သည်၊ ကာယိကဿ–ကိုယ်၌မှီသော၊ သုခဿ–သုခဝေဒနာအားလည်းကောင်း၊ ကာယိကဿ–ကိုယ်၌မှီသော၊ ဒုက္ခဿ–ဒုက္ခဝေဒနာအားလည်းကောင်း၊ ဖလသမာပတ္တိယာ–ဖလသမာပတ်အားလည်းကောင်း၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

သေနာသနံ–လျော်ကပ်သောကျောင်းအိပ်ယာနေရာသည်၊ ကာယိကဿ–ကိုယ်၌မှီသော၊ သုခဿ–သုခဝေဒနာအားလည်းကောင်း၊ ကာယိကဿ–ကိုယ်၌မှီသော၊ ဒုက္ခဿ–ဒုက္ခဝေဒနာအားလည်းကောင်း၊ ဖလသမာပတ္တိယာ–ဖလသမာပတ်အားလည်းကောင်း၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

ကာယိကံ–ကိုယ်၌မှီသော၊ သုခံ–သုခဝေဒနာသည်၊ ကာယိကံ–ကိုယ်၌မှီသော၊ ဒုက္ခံ–ဒုက္ခဝေဒနာသည်၊ ဥတု–လျော်ကပ်သောဥတုသည်၊ ဘောဇနံ–လျော်ကပ်သောဘောဇဉ်သည်၊ သေနာသနံ–လျော်ကပ်သောကျောင်းအိပ်ယာနေရာသည်၊ ကာယိကဿ–ကိုယ်၌မှီသော၊ သုခဿ–သုခဝေဒနာအားလည်းကောင်း၊ ကာယိကဿ–ကိုယ်၌မှီသော၊ ဒုက္ခဿ–ဒုက္ခဝေဒနာအားလည်းကောင်း၊ ဖလသမာပတ္တိယာ–ဖလသမာပတ်အားလည်းကောင်း၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ဖလသမာပတ္တိ–ဖလသမာပတ်သည်၊ ကာယိကဿ–ကိုယ်၌မှီသော၊ သုခဿ–သုခဝေဒနာအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

အရဟာ–ရဟန္တာပုဂ္ဂိုလ်သည်၊ ကာယိကံ–ကိုယ်၌မှီသော၊ သုခံ–သုခဝေဒနာကို၊ ဥပနိဿာယ–အမှီပြု၍၊ အနုပ္ပန္နံ–မဖြစ်သေးသော၊ ကြိယသမာပတ္တိံ–ကြိယသမာပတ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏၊ ဥပ္ပန္နံ–ဖြစ်ပြီးသော သမာပတ်ကို၊ သမာပဇ္ဇတိ–ဝင်စား၏၊ သင်္ခါရေ–သင်္ခါရတရားတို့ကို၊ အနိစ္စတော–အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿတိ–ဝိပဿနာရှု၏။ ကာယိကံ–ကိုယ်၌မှီသော၊ ဒုက္ခံ–ဒုက္ခဝေဒနာကို၊ ဥတုံ–လျော်ကပ်သောဥတုကို၊ ဘောဇနံ–လျော်ကပ်သောဘောဇဉ်ကို၊ သေနာသနံ–လျော်ကပ်သောကျောင်းအိပ်ယာနေရာကို၊ ဥပနိဿာယ–အမှီပြု၍၊ အနုပ္ပန္နံ–မဖြစ်သေးသော၊ ကြိယသမာပတ္တိံ–ကြိယသမာပတ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏၊ ဥပ္ပန္နံ–ဖြစ်ပြီးသော သမာပတ်ကို၊ သမာပဇ္ဇတိ–ဝင်စား၏၊ သင်္ခါရေ–သင်္ခါရတရားတို့ကို၊ အနိစ္စတော–အနိစ္စဟူ၍ လည်းကောင်း၊ ဒုက္ခတော–ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တတော–အနတ္တဟူ၍လည်းကောင်း၊ ဝိပဿတိ–ဝိပဿနာရှု၏။ (မိုးထိ ပ နိသျ ၄၁၈–၄၁၉)

## အကု ဗျာ အဓိပ္ပါယ်

ကိုယ်လိုချင်သည့် စားစရာ ဝတ်စရာ သုံးဆောင်စရာ သက်ရှိသက်မဲ့ ပစ္စည်းတို့ကို ရအောင်ပြုလုပ်စဉ် ပင်ပန်းဆင်းရဲ ခံစားရရာ၌ ရာဂ,က ကာယိကဒုက္ခကိုဖြစ်စေခြင်းကို ရာဂံ ဥပနိဿာယ အတ္တာနံ အာတာပေတိ စသည်ဖြင့် ဟောတော်မူသည်။ ရာဂ(လောဘ)ကို ပယ်ဖျောက်ဖို့ ပုတီးစိတ်ခြင်း တရားထိုင်ခြင်း တံမြက်လှည်းခြင်းစသည့် ကုသိုလ်ပြုလုပ်၍ ကုသိုလ်က ကောင်းကျိုးပေးရာအခါ၌ ကိုယ်ချမ်းသာမှုခံစားရသည်ကို ရာဂစသည်က ကာယိကသုခအား ကျေးဇူးပြုသည်ဟုဆိုသည်။

ရာဂ၏အပြစ်မသိ၍ ကာမဂုဏ်အာရုံ ခံစားရာတွင် ရာဂစသည်က ကာယိကသုခကို ကျေးဇူးပြုသည်။

လိုချင်မှု သာယာမှု ရာဂကို အကြောင်းပြု၍ အသတ်ခံရခြင်း အချုပ်အနှောင် ခံရခြင်း စသည့် ဒုက္ခတွေ့ရာ၌ ရာဂ,က ကာယိကဒုက္ခကိုဖြစ်စေခြင်းကို ရာဂံ ဥပနိဿာယ ကာယိကဿ ဒုက္ခဿ ဟူ၍ ဟောတော်မူသည်။ ရာဂကို ပယ်ဖျောက်၍ ဖလသမာပတ်ကို ဖြစ်စေခြင်း, ရာဂနိုက်စက်သည်ကို ပယ်ဖျောက်ရန် ဖလသမာပတ်ဖြစ်စေရာ၌ ရာဂ,က ဖလသမာပတ်အား ကျေးဇူးပြုသည်ဟုဆိုသည်။

## ဗျာ ဗျာ အဓိပ္ပါယ်

ကိုယ်ချမ်းသာမှု (ကာယိကသုခ) ကို ကြိုက်နှစ်သက်၍ ထိုကိုယ်ချမ်းသာမှုမျိုး နောက်ထပ်ဖြစ်ရန် ပြုလုပ်၍ ကိုယ်ချမ်းသာမှု ထပ်ဖြစ်သည့်အခါ ရှေးကိုယ်ချမ်းသာမှုသည် နောက်ကိုယ်ချမ်းသာမှုအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

အေး၍ မီးလှုံရာ၌ ပထမ နွေးထွေးခြင်း ကာယိကဖြစ်ပြီး, ဆက်တိုက်လှုံလိုက်သောအခါ ပူလောင်သည့် ကာယိကဒုက္ခကို ခံစားရရာတွင် ကာယိကသုခ,က ကာယိကဒုက္ခကို ကျေးဇူးပြုသည်။ ကာမဂုဏ်ဖောဋ္ဌဗ္ဗာရုံကို သာယာ၍ ကာမေသုမိစ္ဆာစာရစသည့် အကုသိုလ်ကို ပြုမိလျှင် ငရဲကျ၍ ငရဲမီးပူ ခံစားရရာတွင် ဖောဋ္ဌဗ္ဗာရုံ ကာယိကသုခ,က ငရဲမီးပူခံရခြင်း ကာယိကဒုက္ခကို ကျေးဇူးပြုသည်။

အနာရောဂါကင်း၍ ကျန်းမာပြီး သက်တောင့်သက်သာနေရခြင်း ကာယိကသုခ ဖြစ်၍ ဖလသမာပတ် ဝင်စားရာတွင် ကာယိကသုခ,က ဖလသမာပတ်ကို ကျေးဇူးပြုသည်။ ပူအိုက်သည့် ကာယိကဒုက္ခကို ပယ်ရှားခြင်းငှါ အေးမြသည့် ကာယိကသုခ ဖြစ်ရန် ပန်ကာဖွင့်ရာတွင် ကာယိကဒုက္ခ,က ကာယိကသုခကို၊ ရောဂါဝေဒနာ ပယ်ဖျောက်ရန် ဖလသမာပတ်ဝင်စားရာတွင် ကာယိက ဒုက္ခ,က ဖလသမာပတ်ကို ကျေးဇူးပြုသည်။ အပူအအေး မမျှတမှု (ဥတု)က ကာယိကဒုက္ခကို, အပူအအေး မမျှတမှုကို ပယ်ဖျောက်ပြီး ကိုယ်ချမ်းသာမှုဖြစ်စေရန် ဖလသမာပတ် ဝင်းစားရာ၌ အပူအအေး မမျှတမှုက ဖလသမာပတ်ကို ကျေးဇူးပြုသည်။ ဖလသမာပတ်ဝင်စားရာ၌ ဖိုလ်စိတ်ကထုတ်ပေးသော ရုပ်များကြောင့် သက်တောင့်သက်သာ ကာယိကသုခဖြစ်ရာ၌ ဖလသမာပတ်က ကာယိကသုခ[၁]ကို ကျေးဇူးပြုသည်။ (ပဋ္ဌာန်းဘာဋီ ၂၆၁-၂၆၃)

---

၁ သမာပတ်မှ ထသည့်အခါ ကာယိကသုခကို ခံစားသည်။ (ပဋ္ဌာန်း၌ ဘာဋီ ၂၆၄)

## ဥပနိဿယပစ္စယော ပစ္စယနိဒ္ဒေသ ပဥှာဝါရ ဗျာ ကု ပါဠိတော် နိဿယ

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။ (ပစ္စယနိဒ္ဒေသ ပဋ္ဌာနပါဠိ ပ ၆)

ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ အဗျာကတာ–အဗျာကတဖြစ်ကုန်သော၊ ခန္ဓာ–အရဟတ္တဖိုလ် ကြဉ်သော ဝိပါက် ပဉ္စတိံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသ နိဗ္ဗာန်တို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက် ၌ဖြစ်ကုန်သော၊ ကုသလာနံ–ကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာနံ–ကုသိုလ်ဧကဝီသ နာမက္ခန္ဓာတို့အား၊ ဥပနိဿယ ပစ္စယေန–အာရမ္မဏူပ အနန္တရူပ ပကတူပနိဿယ ပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ (မိုးထိ ပ နိသျ ၁၈)

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော အနန္တရူပနိဿယော ပကတူပနိဿယော။

ပကတူပနိဿယော – ကာယိကံ သုခံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ကာယိကံ ဒုက္ခံ, ဥတုံ, ဘောဇနံ, သေနာသနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ကာယိကံ သုခံ, ကာယိကံ ဒုက္ခံ, ဥတု, ဘောဇနံ, သေနာသနံ ဥပနိဿာယ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။ (ပဋ္ဌာနပါဠိ ပ ၁၅၁)

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ ကုသလဿ–ကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ပကတူပနိဿယော–ပကတူပနိဿယပစ္စည်းကို၊ ဇဝံ–ဤသို့၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏။ ကာယိကံ–ကိုယ်၌မှီသော၊ သုခံ–သုခဝေဒနာကို၊ ဥပနိဿာယ–အမှီပြု၍၊ ဒါနံ–အလှူကို၊ ဒေတိ–ပေးလှူ၏။ သီလံ–သီလကို၊ သမာဒိယတိ–ကောင်းစွာဆောက်တည်၏။ ဥပေါသထကမ္မံ–အဋ္ဌင်္ဂဥပုသ်ကံကို၊ ကရောတိ–ဆောက်တည်၏။ ဈာနံ–ဈာန်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ ဝိပဿနံ–ဝိပဿနာကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။

မဂ္ဂံ–မဂ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ အဘိညံ–အဘိညာဉ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ သမာပတ္တိံ–သမာပတ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။

ကာယိကံ–ကိုယ်၌မှီသော၊ ဒုက္ခံ–ဒုက္ခဝေဒနာကို၊ ဥတုံ–လျောက်ပတ်သောဥတုကို၊ ဘောဇနံ–လျောက်ပတ်သောဘောဇဉ်ကို၊ သေနာသနံ–လျောက်ပတ်သောကျောင်းအိပ်ယာနေရာကို၊ ဥပနိဿာယ–အမှီပြု၍၊ ဒါနံ–အလှူကို၊ ဒေတိ–ပေးလှူ၏။ သီလံ–သီလကို၊ သမာဒိယတိ–ကောင်းစွာဆောက်တည်၏။ ဥပေါသထကမ္မံ–အင်္ဂါဥပုသ်ကံကို၊ ကရောတိ–ဆောက်တည်၏။ ဈာနံ–ဈာန်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ ဝိပဿနံ–ဝိပဿနာကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ မဂ္ဂံ–မဂ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ အဘိညံ–အဘိညာဉ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။ သမာပတ္တိံ–သမာပတ်ကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏။

ကာယိကံ–ကိုယ်၌မှီသော၊ သုခံ–သုခဝေဒနာသည်၊ ကာယိကံ–ကိုယ်၌မှီသော၊ ဒုက္ခံ–ဒုက္ခဝေဒနာသည်၊ ဥတု–လျောက်ပတ်သောဥတုသည်၊ ဘောဇနံ–လျောက်ပတ်သောဘောဇဉ်သည်၊ သေနာသနံ–လျောက်ပတ်သောကျောင်းအိပ်ယာနေရာသည်၊ သဒ္ဓါယ–သဒ္ဓါခြင်းအား၊ သီလဿ–သီလအား၊ သုတဿ–အကြားအမြင်အား၊ စာဂဿ–စွန့်ကြဲခြင်းအား၊ ပညာယ–ပညာအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ (မိုးထိ ပ နိသျ ၄၂၀)

## ဗျာ ကု အဓိပ္ပါယ်

ကာယိကသုခ ခံစားနေရသူသည် "ဤသုခသည် မယုတ်လျော့ပါစေနဲ့"ဟု ဒါနစသည်ကို ပြုလုပ်ရာ၌လည်းကောင်း၊ နောင်အခါ ကာယိကသုခ ဖြစ်ဖို့ ကုသိုလ်ပြုရာ၌လည်းကောင်း၊ ကာယိကဒုက္ခ ခံစားနေရသူသည် ကာယိကဒုက္ခလျော့ပါးစေရန် ကုသိုလ်ပြုရာ၌လည်းကောင်း၊ ကာယိကသုခ ကာယိကဒုက္ခ,က ကုသိုလ်ကို ကျေးဇူးပြုသည်။

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သဖြင့် သေပြီးနောက် နတ်ပြည်ရောက်သူတို့သည် "မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ရခြင်းသည် ကောင်းပါပေစွ"ဟု မြတ်စွာဘုရား၌ ကြည်ညိုခြင်း သဒ္ဓါဖြစ်သူအား ကာယိကသုခ,က သဒ္ဓါကို၊ ကာယိကဒုက္ခကို ခံစားနေရသူသည် "မြတ်စွာဘုရားသည် သတ္တဝါများအား ဒုက္ခသစ္စာ သဘောကို ဟောပြတော်မူသည်၊ မြတ်စွာဘုရားသည် တရားတော်ကို မဖောက်မပြန် မှန်မှန်ကန်ကန် သိတော်မူပါပေစွ"ဟု မြတ်စွာဘုရား၌ ကြည်ညိုခြင်း သဒ္ဓါဖြစ်သူအား ကာယိကဒုက္ခ,က သဒ္ဓါကို ကျေးဇူးပြုသည်။

ကာယိကသုခ ဖြစ်ဖို့, ကာယိကဒုက္ခ မဖြစ်ဖို့ သီလစသည်ဆောက်တည်ရာ၌ ကာယိကသုခ, ကာယိကဒုက္ခ, က သီလစသည်အား ကျေးဇူးပြုသည်။ (ပဋ္ဌာန်းဘာဋီ ၂၆၄–၂၆၅)

## ဥပနိဿယပစ္စယော ပစ္စယနိဒ္ဒေသ ပဋ္ဌာဝါရ ဗျာ အကု ပါဠိတော် နိဿယ

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ (ပစ္စယနိဒ္ဒေသ ပဋ္ဌာနပါဠိ ပ ၆)

ပုရိမာပုရိမာ–ရှေးရှေး၌ဖြစ်ကုန်သော၊ အဗျာကတာ–အဗျာကတဖြစ်ကုန်သော၊ ဓမ္မာ–လောကီ ဝိပါက် ဗာတ္တိံသ, ကြိယာဝီသ, ရုပ်အဋ္ဌဝီသတို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်နောက်၌ဖြစ်ကုန်သော၊ အကုသလာနံ–အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–အကုသိုလ်ဒွါဒသ နာမက္ခန္ဓာတို့အား၊ ဥပနိဿယပစ္စယေန–အာရမ္မဏူပ အနန္တရူပ ပကတူပနိဿယ ပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ (မိုးထိ ပ နိသျ ၁၈)

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော အနန္တရူပနိဿယော ပကတူပနိဿယော။

ပကတူပနိဿယော – ကာယိကံ သုခံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။ ကာယိကံ ဒုက္ခံ။ပ။ ဥတုံ။ပ။ ဘောဇနံ။ပ။ သေနာသနံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။ ကာယိကံ သုခံ, ကာယိကံ ဒုက္ခံ, ဥတု, ဘောဇနံ, သေနာသနံ ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။

(ပဋ္ဌာနပါဠိ ပ ၁၅၁)

အဗျာကတော–အဗျာကတဖြစ်သော၊ ဓမ္မော–တရားသည်၊ အကုသလဿ–အကုသိုလ်ဖြစ်သော၊ ဓမ္မဿ–တရားအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ပကတူပနိဿယော–ပကတူပနိဿယပစ္စည်းကို၊ ဇဝံ–ဤသို့၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏။ ကာယိကံ–ကိုယ်၌မှီသော၊ သုခံ–သုခဝေဒနာကို၊ ဥပနိဿာယ–အမှီပြု၍၊ ပါဏံ–သူ၏အသက်ကို၊ ဟနတိ–သတ်၏၊ အဒိန္နံ–အရှင်မပေးသောသူ၏ ဥစ္စာကို၊ အာဒိယတိ–ခိုးယူ၏၊ မုသာ–ချွတ်ယွင်းသော စကားကို၊ ဘဏတိ–ဆို၏၊ ပိသုဏံ–ချောပစ်သောစကားကို၊ ဘဏတိ–ဆို၏၊ ဖရုသံ–ကြမ်းကြုတ်သောစကားကို၊ ဘဏတိ–ဆို၏၊ သမ္ဖံ–အကျိုးမရှိ ပိန်ဖျင်းသောစကားကို၊ ပလပတိ–ပြောဟော၏၊ သန္ဓိံ–အိမ်ခြံစပ်ကို၊ ဆိန္ဒတိ–ဖြတ်၏၊ နိလ္လောပံ–ပုန်း၍၊ ဟရတိ–ဆောင်၏၊ ဧကာဂါရိကံ–တအိမ်တည်းခြံရံသည်ကို၊ ကရောတိ–ပြု၏၊ ပရိပန္ထေ–ခရီးဆုံ၌၊ တိဋ္ဌတိ–ရပ်၏၊ ပရဒါရံ–သူ၏မယားကို၊ ဂစ္ဆတိ–သွား၏၊ ဂါမဃာတံ–ရွာဖျက်ခြင်းကို၊ ကရောတိ–ပြု၏၊ နိဂမဃာတံ–နိဂုံးဖျက်ခြင်းကို၊ ကရောတိ–ပြု၏၊ မာတရံ–အမိကို၊ ဇီဝိတာ–အသက်မှ၊ ဝေါရောပေတိ–ချ၏၊ ပိတရံ–အဖကို၊ ဇီဝိတာ–အသက်မှ၊ ဝေါရောပေတိ–ချ၏၊ အရဟန္တံ–ရဟန္တာကို၊ ဇီဝိတာ–အသက်မှ၊ ဝေါရောပေတိ–ချ၏၊ ဒုဋ္ဌေန–ပစ်မှားလိုသော၊ စိတ္တေန–စိတ်ဖြင့်၊ တထာဂတဿ–မြတ်စွာဘုရား၏၊ လောဟိတံ–သွေးကို၊ ဥပ္ပါဒေတိ–ဖြစ်စေ၏၊ သံဃံ–သံဃာကို၊ ဘိန္ဒတိ–သင်းခွဲ၏။

ကာယိကံ–ကိုယ်၌မှီသော၊ ဒုက္ခံ–ဒုက္ခဝေဒနာကို၊ ဥတုံ–လျောက်ပတ်သောဥတုကို၊ ဘောဇနံ–လျောက်ပတ်သောဘောဇဉ်ကို၊ သေနာသနံ–လျောက်ပတ်သောကျောင်းအိပ်ယာနေရာကို၊ ဥပနိဿာယ–အမှီပြု၍၊ ပါဏံ–သူ၏အသက်ကို၊ ဟနတိ–သတ်၏။ ပ ။ သံဃံ–သံဃာကို၊ ဘိန္ဒတိ–သင်းခွဲ၏။

ကာယိကံ–ကိုယ်၌မှီသော၊ သုခံ–သုခဝေဒနာသည်၊ ကာယိကံ–ကိုယ်၌မှီသော၊ ဒုက္ခံ–ဒုက္ခဝေဒနာသည်၊ ဥတု–လျောက်ပတ်သောဥတုသည်၊ ဘောဇနံ–လျောက်ပတ်သောဘောဇဉ်သည်၊ သေနာသနံ–လျောက်ပတ်သောကျောင်းအိပ်ယာနေရာသည်၊ ရာဂဿ–ရာဂအား၊ ဒေါသဿ–ဒေါသအား၊ မောဟဿ–မောဟအား၊ မာနဿ–မာနအား၊ ဒိဋ္ဌိယာ–ဒိဋ္ဌိအား၊ ပတ္ထနာယ–ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တသော လောဘအား၊ ဥပနိဿယပစ္စယေန–ဥပနိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ (မိုးထိ ပ နိသျ ၄၂၁–၄၂၂)

အဗျာကတော အကုသလဿ၌ ကတ္တားကား လောကီဝိပါက်ဇာတ္တိံသ ကြိယာဝီသ ရုပ်အဋ္ဌဝီသ ပစ္စည်းတရား ရ၏။ သမ္ပဒါန်ကား အကုသိုလ်ဒွါဒသ စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်တရား ရ၏။ ကရိဏ်းကား ပကတူပနိဿယသတ္တိ ရ၏။ (ပဋ္ဌာန်းအရကောက် ၄၂၅)

## ဥပနိဿယပစ္စယော ပစ္စယနိဒ္ဒေသ ပါဠိတော် နိဿယ

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။ သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။ (ပစ္စယနိဒ္ဒေသ ပဋ္ဌာနပါဠိ ပ ၆)

ဥတုဘောဇနမ္ပိ–လျောက်ပတ်သည်စသော အချမ်းအပူဟူသော ဥတု, လျောက်ပတ်သည်စသော ဘောဇဉ်သည်လည်း၊ ဥပနိဿယပစ္စယေန–ပကတူပနိဿယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ ပုဂ္ဂလောပိ–ကလျာဏမိတ္တစသော ပုဂ္ဂိုလ်သည်လည်း၊ ဥပနိဿယပစ္စယေန–ပကတူပနိဿယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ သေနာသနမ္ပိ–လျောက်ပတ်သည်စသော ကျောင်းအစရှိသော အိပ်ယာနေရာသည်လည်း၊ ဥပနိဿယပစ္စယေန–ပကတူပနိဿယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ (မိုးထိ ပ နိသျ ၁၉)

## အဓိပ္ပါယ်

"ချမ်းအေးတဲ့ရာသီမှာ မရှိဆင်းရဲသူတို့ကို စောင် အနွေးထည် စသည်တို့ကို လှူဒါန်းသည့်အခါ ဥတုကြောင့် ကုသိုလ်ဖြစ်ရသည်။ အအေးဒဏ်ခံနိုင်ရန် အရက်သောက်သည့်အခါ ဥတုကြောင့် အကုသိုလ်ဖြစ်ရသည်"ကို ဥတု,က ကုသိုလ် အကုသိုလ်ကို ကျေးဇူးပြုသည်ဟု ဟောတော်မူသည်။

"ကောင်းတာချက်စားလို့ ဆရာမိဘတို့ကို ကျွေးသည့်အခါ, ရဟန်းသံဃာတို့အား လှူသည့်အခါ ဘောဇဉ်ကြောင့် ကုသိုလ်ဖြစ်ရပြီး, ကောင်းတာချက်စားလို့ "ငါတို့က ကောင်းတာမှ စားတယ်၊ သူများတွေ တနေ့လာ ကန်စွန်းရွက်, တနေ့လာ ဘူးရွက်နဲ့"ဟု မာနဖြစ်သူ၌ အကုသိုလ်ဖြစ်ရသည်"ကို ဘောဇန,က ကုသိုလ် အကုသိုလ်ကို ကျေးဇူးပြုသည်ဟု ဟောတော်မူသည်။

"ကလျာဏမိတ္တနှင့် တွဲမိရင် ကျောင်းကန်ဘုရား ရောက်ပြီး ကုသိုလ်ဖြစ်ရသည်။ ပါပမိတ္တနှင့် တွဲမိရင် အရက်ဝိုင်း လောင်းကစားဝိုင်း ရောက်ပြီး အကုသိုလ်ဖြစ်ရသည်"ကို ပုဂ္ဂိုလ်က ကုသိုလ်အကုသိုလ်ကို ကျေးဇူးပြုသည်ဟု ဟောတော်မူသည်။

"အိမ်အသစ်ဆောက်ပြီးရင် အန္တရာယ်ကင်း ပရိတ်နာလျှင် ကုသိုလ်ဖြစ်ပြီး, အပေါင်းအသင်းများနှင့် အရက်ဝိုင်းဖွဲ့သောက်လျှင် အကုသိုလ်ဖြစ်ရသည်" သေနာသန,က ကုသိုလ် အကုသိုလ်ကို ကျေးဇူးပြုသည်ဟု ဟောတော်မူသည်။

(ဥတု ဘောဇန သေနာသနတို့ကိုကား ပရမတ်။ ပုဂ္ဂလကိုကား ပညတ်ဟု သိအပ်၏။ ပုဂ္ဂလောပိ သေနာသနမ္ပိ၌ ပိ,သဒ္ဒါဖြင့်ကား သင်္ကန်း တောင် သစ်ပင် တောချုံ အစရှိသော ပကတူပ တတ်ကောင်းသမျှကို သင်္ဂြိုဟ်တော်မူ၏။ ပုဂ္ဂလ၊ သေနာသန ဤနှစ်ပါးကို အဘယ်ကြောင့် ဟောတော်မူလေသနည်း။ အရည ပဗ္ဗတ အစရှိသည်တို့ကို ဟောကောင်းပါ၏တကား ဟူမူကား။ ပုဂ္ဂလ၊ သေနာသန ဤနှစ်ပါးသည် ကုသိုလ် အကုသိုလ်တို့၏ဖြစ်ခြင်း၌ အားကြီးသော အကြောင်း ဖြစ်သောကြောင့် ဦးတည်၍ ဟောတော်မူသည်။)

(ပဋ္ဌာန်းအရကောက် ၃၃)

## ဥပနိဿယပစ္စယော (ပကတူ)   ပစ္စယနိဒ္ဒေသ ပဥှာဝါရ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
| အ ပေါင်း | | စိတ် ၈၉၊ စေ-၅၂၊ ရုပ် ၂၈၊ | စိတ် ၈၉၊ စေ-၅၂၊ | | | | |
| ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိုဏ်း | ပေါင်း |
| ကု | ကု | (ဗလဝ) အမဂ်ကြဉ် ကု ၂၀ စေ ၃၈ | ကု ၂၁ စေ ၃၈ | | | ပကတူပနိဿယ | ၁ |
| ကု | အကု | (ဗလဝ) လောကီကု ၁၇ စေ ၃၈ | အကု ၁၂ စေ ၂၇ | | | ပကတူပနိဿယ | ၁ |
| ကု | ဗျာ | (ဗလဝ) ကု ၂၁ စေ ၃၈ | ဝိ ၃၆ ကြိယာ ၂၀ စေ ၃၈ | တ | ယ | ဥပ အနံ သနံ ကံ နတ္ထိ ဝိဂတ | ၁,၆ |
| အကု | အကု | (ဗလဝဒုဗ္ဗလ) အကု ၁၂၊ စေ ၂၇ | အကု ၁၂ စေ ၂၇ | | | ပကတူပနိဿယ | ၁ |
| အကု | ကု | (ဗလဝဒုဗ္ဗလ) အကု ၁၂၊ စေ ၂၇ | ကု ၂၁ စေ ၃၈ | | | ပကတူပနိဿယ | ၁ |
| အကု | ဗျာ | (ဗလဝဒုဗ္ဗလ) အကု ၁၂၊ စေ ၂၇ | ဝိ ၃၆ ကြိယာ ၂၀ စေ ၃၈ | တ | ယ | ဥပ ကံ | ၁,၂ |
| ဗျာ | ဗျာ | (ဗလဝ) ဝိ ၃၆ ကြိယာ ၂၀ စေ ၃၈ ရုပ် ၂၈၊ | ဝိ ၃၆ ကြိယာ ၂၀ စေ ၃၈ | | | ပကတူပနိဿယ | ၁ |
| ဗျာ | ကု | (ဗလဝ) အဖိုလ်ကြဉ် ဝိ ၃၅ ကြိယာ ၂၀ စေ ၃၈ ရုပ် ၂၈၊ | ကု ၂၁ စေ ၃၈ | | | ပကတူပနိဿယ | ၁ |
| ဗျာ | အကု | (ဗလဝ) လောကီ ဝိ ၃၂ ကြိယာ ၂၀ စေ ၃၈ ရုပ် ၂၈၊ | အကု ၁၂ စေ ၂၇ | | | ပကတူပနိဿယ | ၁ |

♠ နိဗ္ဗာန်သည် သဒ္ဓါ,သီလစသည်တို့ကဲ့သို့ (မိမိသန္တာန်၌ ဖြစ်စေအပ်သော) နိပ္ဖါဒိတအကြောင်းလည်း မဟုတ်၊ ဥတုဘောဇဉ် စသည်တို့ကဲ့သို့ (မှီဝဲအပ်သော)ဥပသေဝိတအကြောင်းလည်း မဟုတ်သောကြောင့် ပကတူပနိဿယပစ္စည်း၌ နိဗ္ဗာန်ကို ထည့်သွင်း ကောက်ယူခြင်း မရှိ။

♠ ပညတ်ကို ပစ္စည်းတရားအဖြစ် ပစ္စယနိဒ္ဒေသ၌သာ ထုတ်ဖော်ဟောကြားတော်မူပြီး ပဥှာဝါရပါဠိတော်၌ ထုတ်ဖော်ဟောကြားတော်မမူပေ။ ပဥှာဝါရ၌ ပရမတ်သက်သက်ကိုသာ ဟောတော်မူသည်။ ပစ္စယနိဒ္ဒေသ၌ ပညတ်က ကုသိုလ် အကုသိုလ် အဗျာကတအား ကျေးဇူးပြုပုံကို ဟောတော်မူသည်။

(ပဋ္ဌာနသာရဝိဘာဝနီ ပ ၁၅၁)

♠ ကုကု၌ ပစ္စည်းတရားတွင် အာရမ္မဏ အနန္တရူကို ရည်၍ အရဟတ္တမဂ်ကို ကြဉ်သင့်သည်။ ပကတူပ အတွက်မူ မကြဉ်သင့်။ ဗျာကု၌လည်း ပစ္စည်းတရားတွင် မိမိသန္တာန်၌ ဖြစ်သောတရားကိုယူသော် ကြဉ်သင့်သည်။ သူတပါးသန္တာန်၌ ဖြစ်သောတရားကို ယူသော် မကြဉ်သင့်။ "ရဟန္တာ"ဟု သိ၍ ဒါနကောင်းမှု ပြုရာ၌ ရဟန္တာ၌ဖြစ်သော အရဟတ္တမဂ်/ဖိုလ်,က အလှူရှင်၌ဖြစ်သော ကုသိုလ်အား ကျေးဇူးပြုသည်။

(ပဋ္ဌာနသာရဝိဘာဝနီ ဒု ၂၇၃-၂၇၅)

## ပကတူပနိဿယမျိုး ၂ ပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ပကတူပနိဿယ | ဗလဝဖြစ်သော စိတ်၈၉ စေ၅၂ ရုပ်၂၈ | စိတ် ၈၉၊ စေ ၅၂ | ပကတူပနိဿယ |
| ဗလဝ နာနာက္ခဏိကကမ္မ | ဗလဝဖြစ်သော ကုသိုလ်အကုသိုလ်စေတနာ | ဝိပါက် ၃၆၊ စေ ၃၈ | ပကတူပနိဿယ ကမ္မ |

ပကတူပနိဿယ = ကု ကု၊ ကု အကု၊ ကု ဗျာ၊ အကု အကု၊ အကု ကု၊ အကု ဗျာ၊
ဗျာ ဗျာ၊ ဗျာ ကု၊ ဗျာ အကု

ဗလဝနာနာက္ခဏိက ကမ္မ = ကု ဗျာ၊ အကု ဗျာ၊

♠ စေတနာတရားဟာ ဗလဝဖြစ်မှသာလျှင် ပကတူပနိဿယ ပစ္စည်းမျိုးထဲမှာ ဝင်ပါတယ်။ ဗလဝမဖြစ်ရင် ပကတူပနိဿယ ပစ္စည်းမျိုးထဲမှာ မဝင်ပါဘူး။ ဗလဝဖြစ်တဲ့ ကံဖြစ်ရင် ဘာမှ တားမြစ်လို့ မရပါဘူး။ ဧကန် အကျိုးပေးတော့တာပါပဲ။ အဌကထာက ဒီနေရာမှာ ဝတ္ထုကလေးတစ်ခု ထုတ်ပြပါတယ်။ မိန်းမတယောက် ကြိုးဆွဲချဖို့ရာအတွက် ကြိုးကလေးတချောင်းနဲ့ သစ်ပင်ချိတ်ပြီး ပြင်ဆင်ပါတယ်။ ပြင်ဆင်ပြီးတော့ ပြုဘွယ် ကိစ္စရှိတာနဲ့ အခန်းထဲဝင်သွားတယ်။ ဒီအခါကာလမှ သူခိုးတယောက်က လာတယ်။ သူခိုးက ဒီကြိုးကို မြင်တော့ ဟန်ကျပြီ၊ ငါခိုးလို့ရတဲ့ ပစ္စည်းတွေကို ထုတ်ပြီး ဒီကြိုးနဲ့ ချီလေမှပဲလို့ ကြိုးဖြုတ်ဖို့ရာအတွက် ကြိုးနား ချဉ်းကပ်တယ်။ ကြိုးနားချဉ်းကပ်တော့ ကြိုးက မြွေဖြစ်ပြီး ရှူးဆိုတဲ့အသံနဲ့ သူခိုးကို လိုက်တယ်။ သူခိုးကိုလိုက်တော့ သူခိုးကလဲ တကယ့်မြွေကြီးထင်မှတ်ပြီး ထွက်ပြေးရှာတယ်။ ဒီလို ထွက်ပြေးတော့ မိန်းမကလဲ အခန်းထဲက ပြုဖွယ်ကိစ္စပြီးလို့ အပြင်ဘက်ထွက်အလာ မိမိပြင်ဆင်ထားတဲ့ ကြိုးကွင်းထဲမှာ လည်ပင်းလျှိုပြီး ကြိုးဆွဲချသေလိုက်တယ်။ အဲဒါဘာလဲ၊ ဗလဝဖြစ်တဲ့ အကုသိုလ်စေတနာ ရှိပါတယ်။ အဲဒီ ဗလဝ အကုသိုလ်ကံ စေတနာက သူသေဖို့ရာအတွက် ဧကန်အကျိုးပေးမှာ ဖြစ်ခြင်းကြောင့် တစုံတယောက် သောပုဂ္ဂိုလ်က တားမြစ်လို့ မရနိုင်ပါဘူး။ ဒီသဘောကို ဗလဝနာနာက္ခဏိကရယ်လို့ ခေါ်ပါတယ်။

(မူလပဋ္ဌာန်းဆရာတော် ပဥ္စဝါရသင်္ချာ ပဋ္ဌာန်းပို့ချစဉ် ၄၃)

♠ ဗလဝနာနာက္ခဏိက ကမ္မပစ္စည်းသည် ပကတူပနိဿယပစ္စည်း၏ အစိတ်အပိုင်းဖြစ်သည်။ ပါဠိတော်၌ "ကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော၊ အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော"ဟု ဟောတော်မူသည်။

## ကမ္မပစ္စယော

၁။သဟဇာတကမ္မ

၂။နာနာက္ခဏိကကမ္မ

**သဟဇာတကမ္မပစ္စယော**။ ။ ကိုယ်၏အမှုအရာအထူးသည် ကာယဝိညတ်ဖြစ်၍ နှုတ်၏အမှုအရာ အထူးသည် ဝစီဝိညတ်ဖြစ်သကဲ့သို့ ထို့အတူ စိတ်၏အမှုအရာအထူးကို "ပယောဂဗျာပါရ"ဟုခေါ်၏၊ တရားကိုယ် အားဖြင့် စေတနာပင်တည်း။ ထို့ကြောင့် စေတနာကို လုံ့လကြောင့်ကြဗျာပါရ အားကြီးသော တပည့်ကြီး စသည်နှင့်တူ၏–ဟု ဥပမာပြသည်။ ထိုစေတနာ၏ ထူးခြားသော အမှုအရာ ဗျာပါရသတ္တိသည် ကမ္မပစ္စည်း မည်၏။ ကမ္မနှစ်မျိုးတွင် တကွဖြစ်ဘက်တရားစုအား ကျေးဇူးပြုသော စေတနာသည် သဟဇာတကမ္မပစ္စည်း ဖြစ်ရကား သူသည် ပစ္စယုပ္ပန်မဖြစ်နိုင်တော့သဖြင့် ပစ္စနိက်မှာ ပါဝင်ရပြန်သည်။

(သဟဇာတကမ္မ ပါဠိတော် အဓိပ္ပါယ်ကို သဟဇာတမျိုး ကမ္မပစ္စယော၌ ကြည့်ပါ)

## နာနာက္ခဏိကကမ္မ

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စနိက် |
|---|---|---|
| အတိတ် ကုသိုလ် အကုသိုလ် စေတနာ ၃၃ | ဝိပါက် ၃၆ စေ ၃၈ ပဋိသန္ဓေကမ္မဇရုပ်အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မရုပ် | ကု ၂၁၊ အကု ၁၂၊ ကြိယာ ၂၀၊ စေ ၅၂၊ စိတ္တဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် |

**နာနာက္ခဏိကကမ္မ**။ ။ သီးခြားဖြစ်သောခဏ၌ ဖြစ်သောကံသည် နာနက္ခဏိကကံမည်၏။ သဟဇာတကမ္မသည် အကျိုးပစ္စယုပ္ပန်နှင့် တပြိုင်နက်သော ခဏ၌ ဖြစ်သကဲ့သို့ ဤနာနာက္ခဏိကကမ္မကား တပြိုင်နက်သော ခဏ၌ ဖြစ်သည်မဟုတ်။ အကျိုးပစ္စယုပ္ပန်ဖြစ်ရာခဏသည် နောက်, ကံ(စေတနာ)ဖြစ်ရာခဏသည် ရှေ့တည်း။ ဤသို့ ပစ္စယုပ္ပန်မှ တသီးတခြားကွဲပြားသော ခဏ၌ဖြစ်သော စေတနာသည် နာနာက္ခဏိကကမ္မ မည်၏။ မျိုးစေ့သည် မြေရေစသော အကြောင်းအထောက်အပန့်ကိုရလျှင် ကြီးကျယ်သော သစ်ပင်ကို ဖြစ်စေနိုင်သကဲ့သို့ ဤနာနာက္ခဏိကစေတနာလည်း ဂတိ ကာလ ဥပဓိ ပယောဂ ဟူသော အကြောင်းအထောက်အပံ့ကို ရလျှင် ကြီးကျယ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်များကို ဖြစ်စေလျက် (ခန္ဓာအစဉ် ဘဝတည်းဟူသော သစ်ပင်ပေါက်အောင်) ဖြစ်ပေါ်စေနိုင်သည်။ ဆက်ဦးအံ့–ဆီမီးတန်ဆောင်သည် တကြိမ်မျှ ထွန်းပြောင်လျှင် အမှောင်ကိုလည်းခွင်း အလင်းကိုလည်းပြ ဤကိစ္စကို တပြိုင်နက် ပြီးစေနိုင်သကဲ့သို့ ကုသိုလ်အကုသိုလ်စေတနာ တို့လည်း တကွဖြစ်ဘက်တရားတို့အား သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုခြင်းကိစ္စ နောင်အကျိုးဝိပါက် တို့အား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုခြင်းကိစ္စကို တပြိုင်နက် ပြီးစေနိုင်ပေသည်။

**မရှိဘဲနှင့်အကျိုးပေးပုံ**။ ။"ကုသိုလ် အကုသိုလ်စေတနာသည် ချုပ်ပြီးနောက်မှ ခဏချင်းကွာခြား၍လည်းကောင်း ဘဝများစွာကွာခြား၍လည်းကောင်း အကျိုးဝိပါက်ကို ဖြစ်စေ၏"ဟူရာ၌ သာမန်စဉ်းစားလျှင် ယုံကြည်နိုင်ဘွယ်မရှိ။ သို့သော် လောက၌ ထင်ရှားမရှိခါမှ အကျိုးပေးနေသောတရားတွေ အတော်များစွာရှိ၏။ အမြော်အမြင်ရှိသော မိဘသည် မိမိတို့သားသမီးကို နုနုနယ်နယ် ငယ်ရွယ်စဉ်ကပင် ကျန်းမာစေကြောင်း အစာကောင်း ဆေးကောင်းကို ကျွေးမွေး၏။ ထိုဆေး ထိုအစာနှင့် ထိုဆေးထိုအစာတို့ကြောင့် ဖြစ်သော ရုပ်တို့သည် အတော်အတန်ကြီးသည့်အခါ စွဲမြဲတည်ရှိကြတော့သည် မဟုတ်။ သို့ရာတွင် ထိုသူငယ်တို့ ကြီးရင့်သည့်အခါ သူတကာထက် ကျန်းမာသန့်ရှင်းသော ရုပ်အဆင်းများကို ရရှိနိုင်ကြလေသည်။ ထို့ပြင် ငယ်ရွယ်စဉ်က သင်ကြားထားအပ်သော နှုတ်မှု လက်မှု စိတ်မှု အတတ်တို့သည် ခန္ဓာကိုယ်တွင်း၌ စွဲမြဲတည်ရှိကြတော့သည်မဟုတ်။ တချို့အတတ်များကို မှတ်ပင်မမှတ်မိတော့ပေ။ သို့သော် ငယ်ရွယ်စဉ်က သင်ကြားမှုကြောင့် (အောက်အောက်အတန်း၌ သင်ကြားမှုကြောင့်) ကြီးရင့်သည့်အခါ (အထက်အထက် အတန်းမှာ)ကျေးဇူးပြုလျက် အသိဉာဏ် တိုးတက်ကြပေသည်။ ထိုကဲ့သို့မရှိဘဲ ချုပ်ကွယ်ပြီးနောက်မှ ကျေးဇူးခံစားရသော်လည်း အခြားသူ ခံစားရသည်မဟုတ်, ထိုသူပင်ခံစားရသည်။ ဤသို့လျှင် ချုပ်ကွယ်ပြီးမှ ကျေးဇူးခံစားရသော အရာတွေ လောကမျက်မြင် အထင်အရှား ရှိလေရကား ဤ ကုသိုလ် အကုသိုလ် စေတနာတို့ ချုပ်ကွယ်ပြီးမှ အကျိုးပေးမှု၌ ယုံမှားဘွယ် မရှိထိုက်တော့ပြီ။

**သတ္တိထင်ရှားရှိပုံ**။ ။ "ကုသိုလ်အကုသိုလ် စေတနာတို့သည် ချုပ်ကွယ်သွားပြီ"ဟု ဆိုသော်လည်း ပြီးပြီး ပျောက်ပျောက်ဆိုသလို ဘာမှ အစအန မကျန်အောင် ချုပ်ကွယ်ကြသည်မဟုတ်၊ ဥပါဒ် ဌီ ဘင် စေ့၍ ပရမတ္ထအထည်ကိုယ်သဘော ပျောက်ကွယ်သွားသော်လည်း ကုသိုလ်အကုသိုလ်စေတနာ၏ သတ္တိမှာ ကျန်ရစ်လေသည်။ ဤအရာဝယ် ကုသိုလ်အကုသိုလ်စိတ်ဖြစ်ပုံနှင့် ဝိပါက်စိတ်ဖြစ်ပုံကို လေးလေးနက်နက် စဉ်းစားရာ၏။ ထိုထိုအမှုကိစ္စကို ပြုလုပ်နေသောအခါ ဇောစိတ်တွေနှင့် ရောနှောနေမှုကြောင့် ဝိပါက်စိတ်များဖြစ်ပုံကို မသိသော်လည်း ဝိပါက်ချည်းသက်သက်ဖြစ်နေရာ အိပ်ပျော်နေတဲ့အခါ၌ လွန်စွာသိသာ၏။ ဝိပါက်စိတ်အစဉ် ဖြစ်နေပုံသည် အလွန်ညင်သာ၏။ ထိုဝိပါက်နှင့်ယှဉ်သော စေတနာတို့လည်း ဗျာပါရမများလှချေ။ ထို့ကြောင့်ပင် ခန္ဓာကိုယ်ကြီးသည် အိမ်ပျော်နေခိုက်မှာ မလှုပ်မယှက် ငြိမ်သက်နေလေသည်။ သာမန် ကုသိုလ် အကုသိုလ်စိတ် ဖြစ်ပုံမှာ မသိသာသော်လည်း တကယ်ထက်သန်သော စေတနာနှင့်ပြုသော ကုသိုလ်အကုသိုလ်တို့ဖြစ်ပုံမှာ အလွန်သိသာ၏။ ချစ်ဘွယ်အာရုံတစ်ခု၌ လောဘစိတ်ဖြစ်ပုံ, မုန်းဘွယ်အာရုံ၌ ဒေါသစိတ်ဖြစ်ပုံ ဘုရားစသည်ကို လေးနက်စွာ အာရုံပြုရာ၌ အလှူအတန်းရွှင်လန်းစွာ ပေးကမ်းရာ၌ မဟာကုသိုလ်စိတ်ဖြစ်ပုံကို ကိုယ်တွေ့ကြုံသမျှ စဉ်းစားပါ။ ထိုအခါ၌ စိတ်စေတနာတို့ဖြစ်ပုံသည် တက်တက်ကြွကြွ ထက်ထက်သန်သန် ရှိလှ၏။ ထို့ကြောင့် ထိုစေတနာတွေ ဥပါဒ် ဌီ ဘင် စေ့၍ ချုပ်ကွယ်သွားသော်လည်း စေတနာ၏သတ္တိမှာ ခန္ဓာအစဉ်၌ အဖတ်တင်ရစ်၏။ အနန္တရသတ္တိဖြင့် စိတ်တစ်ခုက စိတ်တစ်ခုအား ကျေးဇူးပြုလျက် ဆက်သွယ်နေရာ၌ ထို**စိတ်အစဉ်ဝယ် စေတနာပေါင်းများစွာ၏ သတ္တိပေါင်းများစွာသည် ကေန်ပါဝင်**လျက် ရှိလေတော့၏။

ထို့ကြောင့် ကာလ ဂတိ ဥပဓိ ပယောဂ ညံ့ဖျင်းသောအခါ အကုသိုလ်စေတနာ၏သတ္တိကြောင့် မကောင်းကျိုးများ ထွက်ပေါ်လာ၍ ကာလစသည်တို့က ကောင်းမွန်သည့်အခါ ကုသိုလ်စေတနာ၏ သတ္တိကြောင့် ကောင်းကျိုးထွက်ပေါ်လာ၏။ မျိုးစေ့တစ်ခုလျှင် ဆိုင်ရာသစ်ပင်ကို တစ်ကြိမ်ပေါက်စေပြီးနောက် ထိုမျိုးစေ့ အသုံးမကျတော့သကဲ့သို့ ဆိုင်ရာအကျိုးပေးပြီးသည့်အခါ ထိုသတ္တိအရှိန် ကုန်ခန်းလေတော့၏။ ထို့ကြောင့် **"စေတနာကွယ်ပျောက်ရာ၌ တရားကိုယ်သာ ကွယ်ပျောက်၍ သူ၏ နာနာက္ခဏိကကမ္မသတ္တိမှာ မပျောက်မပျက် ဆက်လက်တည်ရှိ၏။ အကျိုးပေးပြီးသည့်အခါနှင့် အကျိုးပေးခွင့်မရ၍ အဟောသိကံ ဖြစ်သည့်အခါကျမှ စေတနာတို့၏ သတ္တိများ လုံးဝကင်းရှင်းသည်"**ဟု မှတ်ပါ။

**ပစ္စည်းပစ္စယုပ္ပန်ဖြစ်ပုံ။** (ပစ္စည်းတရား၌"အတိတ်ဖြစ်သော"ဟူသည်ကား ပစ္စယုပ္ပန်တရားတို့ဖြစ်သည့်အခါ ထိုနာနာက္ခဏိကကမ္မစေတနာကချုပ်ပြီးဖြစ်၍ "အတိတ်"ဟုဆိုသည်။) အတိတ်လောဘမူပဥ္စမစိတ်၌ ယှဉ်သောစေတနာသည် နာနာက္ခဏိကကမ္မပစ္စည်း, ထိုစေတနာကြောင့် အပါယ်ဘုံ၌ ပဋိသန္ဓေ ဝိပါက် နာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ်သည်လည်းကောင်း ပဝတ္တိအခါ အကုသလဝိပါက်စက္ခုဝိညာဏ်စသော နာမက္ခန္ဓာသည်လည်းကောင်း ပဝတ္တိအခါ ဖြစ်ဖြစ်သမျှသော အနိဋ္ဌကမ္မဇရုပ်သည်လည်းကောင်း နာနာက္ခဏိကကမ္မပစ္စည်း၏ ပစ္စယုပ္ပန်၊ ဤသို့စသည်ဖြင့် အကုသိုလ်နာနာက္ခဏိက ကမ္မပစ္စည်း တပ်ပုံကိုသိလေ။

အတိတ်မဟာကုသိုလ် ပဌမစိတ်ရှိသော စေတနာသည် နာနာက္ခဏိကကမ္မပစ္စည်း, ထိုစေတနာကြောင့် ကာမသုဂတိဘုံ၌ ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ်သည်လည်းကောင်း ပဝတ္တိအခါ ကုသလဝိပါက် စက္ခုဝိညာဏ်စသော ဝိပါက်နာမက္ခန္ဓာသည်လည်းကောင်း ပဝတ္တိအခါ ဖြစ်ဖြစ်သမျှ ဣဋ္ဌကမ္မဇရုပ်သည် လည်းကောင်း နာနာက္ခဏိကကမ္မပစ္စည်း၏ ပစ္စယုပ္ပန်, ရူပကုသိုလ်စေတနာသည် ပစ္စည်း, ရူပဘုံ၌ ပဋိသန္ဓေ နာမက္ခန္ဓာကမ္မဇရုပ်နှင့် ပဝတ္တိနာမက္ခန္ဓာကမ္မဇရုပ်သည် ပစ္စယုပ္ပန်, သညာဝိရာဂဘာဝနာဖြစ်သော အတိတ်ရူပ ပဥ္စမဈာန်၌ရှိသော စေတနာသည် ပစ္စည်း, အသညသတ်ကမ္မဇရုပ်သည် ပစ္စယုပ္ပန်၊ မဂ်ဇော၌ရှိသော စေတနာ သည်ပစ္စည်း, ဖိုလ်ဇောနာမက္ခန္ဓာသည် ပစ္စယုပ္ပန်၊ စသည်ဖြင့်သိပါ။

(သုံးချက်စုဘာဋီ ၂၁၈-၂၂၁)

## ပစ္စယနိဒ္ဒေသပါဠိ နိဿယ အရကောက်

ကမ္မပစ္စယောတိ ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ (ပဋ္ဌာနပါဠိ ပ ၇)

ကမ္မပစ္စယောတိ–ကမ္မပစ္စယောဟူသည်ကား၊ ကုသလာကုသလံ–ကုသိုလ်အကုသိုလ်ဖြစ်ကုန်သော၊ ကမ္မံ–နာနာက္ခဏိကစေတနာသည်၊ ဝိပါကာနံ–အကျိုးဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–ဝိပါက်ဆတ္တိံသ စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာတို့အားလည်းကောင်း၊ ကဋတ္တာရူပါနဉ္စ–ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် အသညသတ် ကမ္မဇရုပ်တို့အားလည်းကောင်း၊ ကမ္မပစ္စယေန–နာနာက္ခဏိကကမ္မသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ (မိုးထိ နိသျ ပ ၂၂)

'ကုသလာကုသလံ ကမ္မံ' ဟူသော ကတ္တားပါဠ်ဖြင့် အကုသိုလ်ဒွါဒသ ကုသိုလ်ဇေကဝီသဥ္စရှိသော နာနာက္ခဏိကစေတနာ ပစ္စည်းတရားကို ပြတော်မူ၏။

တနည်းကား –

အကုသလဝိပါက်ခုနစ်ခု နာမက္ခန္ဓာ, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်အား တပ်သော အကုသိုလ် ဒွါဒသ စေတနာ။ အဟိတ်ကုသလဝိပါက်ရှစ်ခု၊ မဟာဝိပါက်ရှစ်ခု နာမက္ခန္ဓာ, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိ ကမ္မဇရုပ်အား တပ်သော တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ။ အဟိတ်ကုသလဝိပါက်ရှစ်ခု၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ်လေးခု နာမက္ခန္ဓာ, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်အား တပ်သော တိဟိတ်ဩမက ဒွိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ။ အဟိတ်ကုသလဝိပါက်ရှစ်ခု နာမက္ခန္ဓာ, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိ ကမ္မဇရုပ်အား တပ်သော ဒွိဟိတ်ဩမက မဟာကုသိုလ်စေတနာ။ ရူပါဝစရပဌမဈာန် ဝိပါက်နာမက္ခန္ဓာ, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်အားတပ်သော ရူပါဝစရ ပဌမဈာန် ကုသိုလ် စေတနာ။ ပ ။ ရူပါဝစရ ပဉ္စမဈာန်ဝိပါက် နာမက္ခန္ဓာ, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်အား တပ်သော ရူပါဝစရ ပဉ္စမဈာန်ကုသိုလ်စေတနာ။ အသညသတ်ကမ္မဇရုပ်အား တပ်သော ရူပါဝစရ ပဉ္စမဈာန်ကုသိုလ်စေတနာ။ အာကာသာနဉ္စာယတနဝိပါက် နာမက္ခန္ဓာအားတပ်သော အာကာသာနဉ္စာယတနကုသိုလ်စေတနာ။ ပ ။ နေဝသညာနာသညာယတနဝိပါက် နာမက္ခန္ဓာအားတပ်သော နေဝသညာနာသညာယတနကုသိုလ်စေတနာ။ သောတာပတ္တိဖိုလ်အားတပ်သော သောတာပတ္တိမဂ်စေတနာ။ အရဟတ္တဖိုလ်အားတပ်သော အရဟတ္တမဂ်စေတနာ ပစ္စည်းတရားရ၏။

'ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ'ဟူသော သမ္ပဒါန်ပါဠ်ဖြင့် ဝိပါက်ဆတ္တိ'သနာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် အသညသတ်ကမ္မဇရုပ် ပစ္စယုပ္ပန်တရားရ၏။

'ကမ္မပစ္စယေန'ဟူသော ကရိုဏ်းပါဠ်ဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ကမ္မ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ခြောက်ပစ္စယသတ္တိတို့တွင် ကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုပုံကို ပြတော်မူ၏။

## ပဉှာဝါရပါဠိ

## (နာနာက္ခဏိက)ကမ္မပစ္စယော

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ သဟဇာတာ နာနာက္ခဏိကာ။ နာနာက္ခဏိကာ ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ သဟဇာတာ နာနာက္ခဏိကာ။ နာနာက္ခဏိကာ အကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

(ပဋ္ဌာနပါဠိ ပ ၁၅၄)

ကုသလော–ကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ သဟဇာတာ–သဟဇာတကမ္မလည်းကောင်း၊ နာနာက္ခဏိကာ–နာနာက္ခဏိကကမ္မလည်းကောင်း၊ ဣတိ–ဤသို့၊ ဒွိဝိဓာ–နှစ်ပါးအပြားရှိ၏။ တာသု–ထိုနှစ်ပါးတို့တွင်၊ နာနာက္ခဏိကာ–နာနာက္ခဏိကကမ္မကို၊ ဇဝံ–ဤသို့၊ ဒဋ္ဌဗ္ဗာ–မှတ်အပ်၏။ ကုသလာ–ကုသိုလ်ဖြစ်သော၊ စေတနာ–စေတနာသည်၊ ဝိပါကာနံ–ဝိပါက်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–နာမက္ခန္ဓာတို့အားလည်းကောင်း၊ ကဋတ္တာရူပါနဉ္စ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

အကုသလော–အကုသိုလ်ဖြစ်သော၊ ဓမ္မော–တရားသည်၊ အဗျာကတဿ–အဗျာကတဖြစ်သော၊ ဓမ္မဿ–တရားအား၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။ အကုသလာ–ကုသိုလ်ဖြစ်သော၊ စေတနာ–စေတနာသည်၊ ဝိပါကာနံ–ဝိပါက်ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ–နာမက္ခန္ဓာတို့အားလည်းကောင်း၊ ကဋတ္တာရူပါနဉ္စ–ကဋတ္တာရုပ်တို့အားလည်းကောင်း၊ ကမ္မပစ္စယေန–ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏။

(မိုးထိ ပ နိသျ ၄၂၇–၄၂၈)

'ကုသလော အဗျာကတဿ' ၌ ကတ္တားပုဒ်အရကား ကုသလဝိပါက် ဧကူနတိံသ နာမက္ခန္ဓာ, ကဋတ္တာရုပ်အားတပ်သော အတိတ်ဖြစ်သော ကုသိုလ် ဧကဝီသဉ္စရှိသော စေတနာပစ္စည်းတရား ရ၏။ သမ္ပဒါန်ပါ၌အရကား ကုသလဝိပါက် ဧကူနတိံသ နာမက္ခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ 'ကမ္မပစ္စယေန'ဟူသော ကရိဏ်းပါ၌အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ကမ္မ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ခြောက်ပစ္စယသတ္တိတို့တွင် ကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

'အကုသလော အဗျာကတဿ' ၌ ကတ္တားပုဒ်အရကား အကုသလဝိပါက် ခုနစ်ခု နာမက္ခန္ဓာ, ကဋတ္တာရုပ်အားတပ်သော အတိတ်ဖြစ်သော အကုသိုလ် ဒွါဒသဉ္စရှိသော စေတနာပစ္စည်းတရား ရ၏။ သမ္ပဒါန်ပါ၌အရကား အကုသလဝိပါက် ခုနစ်ခု နာမက္ခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။ 'ကမ္မပစ္စယေန'ဟူသော ကရိဏ်းပါ၌အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ကမ္မ ဥပနိဿယ နှစ်ပစ္စယသတ္တိတို့တွင် ကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

(ပဋ္ဌာန်းသိပ္ပံနည်းပြ ၂၆)

## ကမ္မပစ္စယော(နာနာက္ခဏိက)

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ပစ္စည်း | ပစ္စယုပ္ပန် | | | | |
| အပေါင်း | | အတိတ် ကုသိုလ် အကုသိုလ် စေတနာ ၃၃ | ဝိပါက် ၃၆ စေ ၃၈ ကဋတ္တာရုပ် | | | | |
| ပဒ | ပဒါန | ပစ္စည်း | ပစ္စယုပ္ပန် | တ | ယ | ကရိဏ်း | ပေါင်း |
| ကု | ဗျာ | အတိတ် ကုသိုလ် စေတနာ | ကုဝိ ၂၉ စေ ၃၈ ကဋတ္တာရုပ် | တ | ယ | အနံ သနံ ဥပ ကံ နတ္ထိ ဝိဂတ | ၆ |
| အကု | ဗျာ | အတိတ် အကုသိုလ် စေတနာ | အကုဝိ ၇၊ စေ ၁၀ ကဋတ္တာရုပ် | တ | ယ | ဥပ ကံ | ၂ |

## ဇလ၀ဒုဗ္ဗလ နာနာက္ခဏိကကမ္မမျိုး ကမ္မ (၁) ပစ္စည်း

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ကာမကုသိုလ် အကုသိုလ် စေတနာ (ဒုဗ္ဗလနာနာက္ခဏိကကမ္မ) | ကာမဝိပါက်တေဝီသ နာမက္ခန္ဓာ |
| ပဥ္စဝေါကာရ ကုသိုလ် အကုသိုလ်စေတနာ(ဇလ၀ဒုဗ္ဗလနာနာက္ခဏိကကမ္မ) | ကဋတ္တာရုပ် |

သင်္ချာ = ကု ဗျာ၊ အကု ဗျာ၊

ပစ္စည်း = ကမ္မပစ္စည်းသာ

♠ ကမ္မ (၄) မျိုး ရှိပါတယ်။ သဟဇာတကမ္မ၊ အနန္တရကမ္မ၊ ဇလ၀နာနာက္ခဏိကကမ္မ၊ ဇလ၀ဒုဗ္ဗလနာနာက္ခဏိကကမ္မ လို့ လေးမျိုး။ သဟဇာတကမ္မသည် သဟဇာတမျိုးထဲ၀င်ပါတယ်။ အနန္တရကမ္မသည် အနန္တရရူပနိဿယမျိုးထဲ ဝင်ပါတယ်။ ဇလ၀နာနာက္ခဏိကကမ္မသည် ပကတူပနိဿယမျိုးထဲဝင်ပါတယ်။ ဇလ၀ဒုဗ္ဗလနာနာက္ခဏိကကမ္မကျတော့ ဘယ်မျိုးထဲမှာမှ မဝင်ပဲနဲ့ သီးသန့်ဖြစ်တဲ့မျိုး ဖြစ်ပါတယ်။

ကာမဝိပါက်တေဝီသ နာမက္ခန္ဓာလို့ ဆိုတဲ့နေရာမှာ ဒုဗ္ဗလနာနာက္ခဏိကကမ္မကို ယူရတယ်။ ဒီထဲမှာ မဟဂ္ဂုတ်တွေ လောကုတ္တရာတွေ မပါပါဘူး။ မဟဂ္ဂုတ် လောကုတ္တရာဝိပါက် ဖြစ်ခဲ့လို့ရှိရင် ဇကန် ဇလ၀နာနာက္ခဏိကကမ္မ ဖြစ်ရပါတယ်။ အဲဒီ ဇလ၀နာနာက္ခဏိကကမ္မသည် ပကတူပနိဿယမျိုးထဲ ဝင်ပါတယ်။ ဒီတော့ ကာမကုသိုလ် အကုသိုလ်တွေသည်သာလျှင် ဇလ၀လဲဖြစ်နိုင်တယ်။ ဒုဗ္ဗလလဲ ဖြစ်နိုင်တယ်။ ဇလ၀ဖြစ်တဲ့အခါ ပကတူပနိဿယမျိုးထဲ ဝင်ပါတယ်။ ဒုဗ္ဗလဖြစ်တဲ့အခါမှာ သီးသန့်မျိုးအနေနဲ့လာပြီး ဖြစ်ပါတယ်။

ဒုတိယအချက်က ကဋတ္တာရုပ်အားတတ်သော ပဥ္စဝေါကာရ ကုသိုလ် အကုသိုလ် စေတနာဟုဆိုအပ်သော ဇလ၀ဒုဗ္ဗလနာနာက္ခဏိကကမ္မ။ ရုပ်အားကျေးဇူးပြုတဲ့အခါမှာ ဇလ၀နာနာက္ခဏိကကမ္မ၏ ပစ္စယုပ္ပန်မှာ ရုပ်မရှိခဲ့သဖြင့် ဒီနေရာမှာ ဇလ၀ဖြစ်တဲ့ ကုသိုလ် အကုသိုလ် စေတနာဖြစ်ဖြစ်, ဒုဗ္ဗလဖြစ်တဲ့ ကုသိုလ် အကုသိုလ် စေတနာဖြစ်ဖြစ် နှစ်မျိုးလုံးက ကျေးဇူးပြုနိုင်ပါတယ်။ ပစ္စယုပ္ပန်သည် ကဋတ္တာရုပ် ဆိုတဲ့ တရားဖြစ်ခြင်းကြောင့် ပဥ္စဝေါကာရဘုံနဲ့သာလျှင် ဆိုင်ပါတယ်။ ဒါကြောင့် ပဥ္စဝေါကာရဆိုတဲ့ ဝိသေသနကို ထည့်ပြီးပေးပါတယ်။

(မူလပဋ္ဌာန်းဆရာတော် ပဥ္စဝါရသင်္ချာ ပဋ္ဌာန်းပို့ချစဉ် ၄၈-၄၉)

♠ ကမ္မပစ္စယော၌ သဟဇာတကမ္မ နာနာက္ခဏိကကမ္မဟု နှစ်မျိုးရှိသည်။ နာနာက္ခဏိကကမ္မ၌လည်း အနန္တရကမ္မ၊ ဗလဝနာနာက္ခဏိကကမ္မ၊ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ လို့ သုံးမျိုး ထပ်ကွဲပြန်သည်။ မဂ်လေးခုက ဖိုလ်လေးခုကို ကျေးဇူးပြုရာ၌ အနန္တရကမ္မဖြစ်သည်။ ၎င်းသည် အရကောက်ဇယား၌ ဗလဝနာနာက္ခဏိကထဲက ဖြစ်သည်။ ဗလဝဆိုလျှင် အနန္တရကမ္မလည်းပါတယ်လို့ သိပါ။ ကာမ ကုသိုလ် အကုသိုလ် စေတနာသည် ကာမဝိပါက်တေဝီသ နာမက္ခန္ဓာအား ကျေးဇူးပြုရာ၌ ဗလဝဒုဗ္ဗလ နာနာက္ခဏိကကမ္မ ဖြစ်သည်။ ပဥ္စဝေါကာရ ကုသိုလ် အကုသိုလ်စေတနာသည် ကဋတ္တာရုပ်အား ကျေးဇူးပြုရာ၌ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ ဖြစ်သည်။

(ပဋ္ဌာန်းသိပ္ပံကျမ်း ပ ၁၆၀–၁၆၂)
(ပဋ္ဌာန်းသိပ္ပံကျမ်း ပ ၄၅၅)

# သဟဇာတမျိုး ၁၅ ပစ္စည်း
# ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂပစ္စည်း |
|---|---|---|---|
| ဟေ | ဟိတ် ၆-ပါး | သမ္ပယုတ္တက္ခန္ဓာ,<br>သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ဓိ,ကြံ့,မဂ် (၁၂) |
| ဓိ | အဓိပတိ ၃-၄ ပါး | သမ္ပယုတ္တက္ခန္ဓာ, သာဓိပတိစိတ္တဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ဟေ,ဟာ,ကြံ့,မဂ် (၁၃) |
| ကံ | စေတနာ | သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ဟာ (၁၀) |
| ဟာ | ဖဿ,စေတနာ,စိတ် | သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ဓိ,ကံ,ကြံ့ (၁၂) |
| ကြံ့ | နာမ်ဣန္ဒြေ-၈ | သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ဟေ,ဓိ,ဟာ,ဈာ,မဂ် (၁၄) |
| ဈာ | ဈာနင်-၅ | သမ္ပယုတ္တက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ကြံ့,မဂ် (၁၁) |
| မဂ် | မဂ္ဂင်-၉ | သမ္ပယုတ္တက္ခန္ဓာ,<br>သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ယထာရဟ လတ်ကြီး စနှင့်<br>ဟေ,ဓိ,ကြံ့,ဈာ (၁၃) |
| ည | စိတ် ၈၉ စေ ၅၂<br>ဘုတ်၄၊ ဟဒယဝတ္ထု | စိတ် ၈၉ စေ ၅၂<br>ဘုတ်၄၊ ဟဒယဝတ္ထု | ကြီး ၄ (၅) |
| ဝိ | ဝိပါက်စိတ်၃၆၊ စေ ၃၈ | ဝိပါက်စိတ်၃၆၊ စေ ၃၈၊ စိတ္တဇရုပ်,<br>ပဋိသန္ဓေကမ္မဇရုပ်၊ | ကြီး ၄ (၅) |
| သံ | စိတ် ၈၉ စေ ၅၂ | စိတ် ၈၉ စေ ၅၂ | ည, ကြီး ၄ (၆) |
| ဝိပ် | စိတ် ၇၅ စေ ၅၂<br>ဟဒယဝတ္ထု | စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်<br>ပဉ္စ ပဋိသန္ဓေစိတ် ၁၅၊ စေ ၃၅ | ကြီး ၄ (၅) |
| ကြီး ၄ | စိတ် ၈၉ စေ ၅၂<br><br>မဟာဘုတ်<br>ပဉ္စပဋိစိတ်၁၅၊စေ၃၅<br>ဟဒယဝတ္ထု | စိတ် ၈၉ စေ ၅၂<br>စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်<br>ဥပါဒါရုပ်<br>ဟဒယဝတ္ထု<br>ပဉ္စပဋိစိတ်၁၅၊စေ၃၅ | ကြီး ၄ |

## အနန္တတရမျိုး ၇-ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂပစ္စည်း |
|---|---|---|---|
| အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ | ရဟန္တာစုတိကြဉ် စိတ်-၈၉၊ စေ-၅၂ | ရဟန္တာစုတိနှင့်တကွ စိတ်-၈၉၊ စေ-၅၂ | အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ |
| အာသေဝန | ရှေးရှေး လောကီဇော ၄၇ | ပဇော, ဖိုလ်ဇောကြဉ် နောက်နောက်ဇော ၅၁ | အနန္တရ သမနန္တရ ဥပနိဿယ အာသေဝန နတ္ထိ ဝိဂတ |
| အနန္တရကမ္မ | မဂ်လေးခု စေတနာ | ဖိုလ်လေးခု | အနန္တရ သမနန္တရ ဥပနိဿယ ကမ္မ နတ္ထိ ဝိဂတ |

## ဝတ္ထုပုရေဇာတမျိုး ၆-ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ဝတ္ထုပုရေဇာတ | ဆဝတ္ထု | ပဥ္စဝေါ- အရူပဝိကြဉ် သတ္တဝိညာဓာတ် | ပု နိ ဝိ တ္ထိ အဝိ |
| ပုရေဇာတိန္ဒြိယ | ပဥ္စဝတ္ထု | ဒွေပဥ္စဝိညာဏ် ၁၀ | ပု နိ ဣံ ဝိ တ္ထိ အဝိ |

## ပစ္ဆာဇာတတမျိုး ၄-ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ပစ္ဆာဇာတ | ပဥ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက် ၄-ခုကြဉ် ပဌမဘဝင်အစရှိသော နောက်နောက်သော နာမက္ခန္ဓာ(စိတ်-၈၅ စေ-၅၂)ပါး | ပဋိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်၍ ရပ်၍ ဌီသို့ ရောက်သော ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယ | ပစ် ဝိ တ္ထိ အဝိ |

## ရုပ်အာဟာရမျိုး ၃-ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ရုပ်အာဟာရ | စတုသမုဋ္ဌာနိက ဩဇာ | ကလာပ်တူ ကလာပ်ပြား စတုသမုဋ္ဌာနိကရုပ် | အာ<br>တ္ထိ အဝိ |

## ရူပဇီဝိတိန္ဒြိယမျိုး ၃-ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ရူပဇီဝိတိန္ဒြိယ | ရုပ်ဇီဝိတိန္ဒြေ | ရုပ်ဇီဝိတိန္ဒြေ ကလာပ်တူ ကမ္မဇရုပ် | ဣံ<br>တ္ထိ အဝိ |

## သဟပုရေဇာတမိဿကမျိုး ၃-ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| သဟပုရေ | အကု ၁၂ စေ ၂၇<br>ကု ၂၁ စေ ၅၂<br>ဟဒယဝတ္ထု | အကု ၁၂ စေ ၂၇<br>ကု ၂၁ စေ ၅၂ | နိဿယ<br>တ္ထိ အဝိ |

## ပစ္ဆာဇာတာဟာရမိဿကမျိုး ၂-ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ပစ္ဆာဇာတာဟာရ | (ပဋိဝေါ)အကု ၁၂ စေ ၂၇<br>ကု ၂၁ စေ ၅၂<br>ဝဋ္ဋော, မနောဒွါရာဝဇ္ဇန်း စသည့်<br>ရှေးစိတ်နှင့်အတူဥပါဒ်သည့်<br>ရုပ်၏ဌီသို့ရောက်သော ဩဇာ | ဝဋ္ဋောမနောဒွါရာဝဇ္ဇန်း စသည့်<br>ရှေးစိတ်နှင့်အတူဥပါဒ်သည့်<br>ရုပ်၏ဌီသို့ရောက်သော<br>တိဇကာယ စတုဇကာယ | တ္ထိ အဝိ |

## ပစ္စာဇာတိန္ဒြိယမိဿကမျိုး ၂–ပစ္စည်း
## ပစ္စည်း ပစ္စယုပ္ပန် သဘာဂပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ပစ္ဆာဇာတိန္ဒြိယ | (ပဥ္စဝေါ)အကု ၁၂ စေ ၂၇ ကု ၂၁ စေ ၅၂ ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း စသည့် ရေးစိတ်နှင့်အတူဉပါဒ်သည့် ရုပ်၏ဌီသို့ရောက်သော ရုပ်ဇီဝိတိန္ဒြေ | ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း စသည့် ရေးစိတ်နှင့်အတူဉပါဒ်သည့် ရုပ်၏ဌီသို့ရောက်သော ကမ္မဇကာယ | ထွိ အဝိ |

## အာရမ္မဏမျိုး ၈ ပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| အာရမ္မဏ | စိတ် ၈၉ စေ၅၂ ရုပ်၂၈ နိဗ္ဗာန် | ကာမစိတ်၅၄ ဝိညာ၃ နေဝသညာ၃ ဘိ ၂၊ လောကုတ္တရာ ၈ | အာရမ္မဏ |
| အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ | ဣဋ္ဌနိပ္ဖန္နရုပ်၁၈၊ ဒေါ၂ မော၂ ဒု၁ ကြဉ် စိတ်၈၄၊ စေ၄၇၊ နိဗ် | လောဘမူ ၈၊ မဟာကု ၈၊ မဟာကြိညသံ၄၊ လောကုတ္တရာ ၈ | အာ ဓိ ဉ |
| အာရမ္မဏပုရေဇာတ | ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈၊ | ကာမစိတ် ၅၄၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဘိ | အာ ပု ထွိ အဝိ |
| ဝတ္ထာရမ္မဏ | စုတိမှပြန် ၁၇ဖြစ် ဟဒယဝတ္ထု | မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ၅ တဒါရုံ | အာ နိ ပု ဝိပ် ထွိ အဝိ |
| အာရမ္မဏပုရေဇာတာဓိပတိ | ဣဋ္ဌ ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈၊ | လောဘမူစိတ် ၈ | အာ ဓိ ဉပ ပု ထွိ အဝိ |
| ဝတ္ထာရမ္မဏာဓိပတိ | စုတိမှပြန် ၁၇ဖြစ် ဟဒယဝတ္ထု | လောဘမူ မရဏာသန္နဇော ၅ | အာ,ဓိ,နိဉပ ပု,ဝိပ်,ထွိ,အဝိ |

## ပကတူပနိဿယမျိုး ၂ ပစ္စည်း

| | ပစ္စည်း | ပစ္စယုပ္ပန် | သဘာဂ |
|---|---|---|---|
| ပကတူပနိဿယ | ဗလဝဖြစ်သော စိတ်၈၉ စေ၅၂ ရုပ်၂၈ | စိတ် ၈၉၊ စေ ၅၂ | ပကတူပနိဿယ |
| ဗလဝ<br>နာနာက္ခဏိကကမ္မ | ဗလဝဖြစ်သော<br>ကုသိုလ်အကုသိုလ်စေတနာ | ဝိပါက် ၃၆၊ စေ ၃၈ | ပကတူပနိဿယ ကမ္မ |

## ဗလဝဒုဗ္ဗလ နာနာက္ခဏိကကမ္မမျိုး ကမ္မ (၁) ပစ္စည်း

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ကာမကုသိုလ် အကုသိုလ် စေတနာ (ဒုဗ္ဗလနာနာက္ခဏိကကမ္မ) | ကာမဝိပါက်တေဝီသ နာမက္ခန္ဓာ |
| ပဉ္စဝေါကာရ ကုသိုလ် အကုသိုလ်စေတနာ(ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ) | ကဋတ္တာရုပ် |

## ဆုတောင်း အမျှဝေ

ဤသည့်ပုည ကုသလကြောင့်၊ လောဘ ဒေါသ မောဟ ကင်းကွာ၊ သံသရာဝယ် ကျင်ပါရဘိ၊ ပညာရှိနှင့် ယှဉ်မိပေါင်းသင်း၊ ဉာဏ်မဲ့ကင်း၍၊ ပြည့်လျှင်း လူ့ဘွယ်၊ လူ့စဉ်ဝယ်လည်း သုံးသွယ်စေတနာ ဖြောင့်ညီညာသည်၊ ခေမာအထွဋ် တိုင်လိုသော်။

ဤသို့ပြုရ ပုညကုသိုလ် အဖို့ကိုလျှင်၊ မွေးမိခင်နှင့် ဖခင်ဆရာ ဉာတကာက၊ သတ္တဝါအများ နတ်တို့အားလည်း၊ ရငြားပါစေ ပေးမျှဝေသည်၊ ကောင်းထွေသာဓု ခေါ်စေသော်။

ဝသုန္ဓရေ ဤမြေပံ့သု ၊ သိလာထုလည်း၊ သက်သေအမှု တည်စေသော်။